အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# ဓမ္မစကြာတရားတော်

နှင့်

# အနတ္တလက္ခဏသုတ်တရားတော်



ပဥ္စမအကြိမ်

သာသနာ–၂၅၅၀ ကောဇာ–၁၃၆၈ ခရစ်–၂၀၀၆

အမရပူရမြို့
ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ

၏

# ဓမ္မစကြာတရားတော်

နှင့်

# အနတ္တလက္ခဏာသုတ်တရားတော်




ပဌမအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀[illegible]

စာမူခွင့်ပြုချက်အမှတ် ❁ ၃၂၀၄၆၄၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❁ ၃၂၀၄၂၉၀၆၀၇

ပုံနှိပ်မှတ်တမ်း ❁ ပဌမအကြိမ်

ကြီးကြပ်စီစဉ်သူ ❁ မောင်တင်မြင့်

မဟာဂန္ဓာရုံ၊ ကပ္ပိယကာရက

ထုတ်ဝေသူ ❁ ဦးမောင်မောင် (၀၃၂ရ၁)

မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ❁ ဦးတင်အောင်ကျော် (၀ရ၀၅၃)

စွယ်တော်ပုံနှိပ်တိုက်

အမှတ်–၈၇၊ ၅၆–လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

စောင်ရေ ❁ ၁၀၀၀၀

တန်ဖိုး ❁ [redacted]

ဖြန့်ချိရေး

မဟာဂန္ဓာရုံကျောင်းတိုက်၊ ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။
၁၂၈/၄၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်း။

# စဉ်ဆက်သာသာနာ တည်စေသော်

အကယ်၍သာ–

မြတ်ဗုဒ္ဓါသည်, လူ့ရွာ ထင်ရှား, မပွင့်ငြားက, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ, များလှအပြစ်တွေ။

ယခုသော်ကား–

ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖော် ညွှန်ကြား, မြတ်တရားကြောင့်, ဤကား ကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, သိကြရ, များလှ ကျေးဇူးပေ။

ဂန္ဓာရုံရှင်, တို့သခင်သည်–

ထွတ်တင်ဗုဒ္ဓ, ဟောညွှန်ပြသည့်, ဓမ္မဒေသနာ, အဖြာဖြာကို, များစွာဗိုလ်လူ, သိစိမ့်ဟူ၍, ဆူဆူကျမ်းစာ, ကိုယ့်ဘာသာဖြင့်, ဖွင့်ရာပြရာ, များငြိကာဟု, စာဝါမျိုးမျိုး, ကမ္ဘည်းထိုးခဲ့၊ နောင်ကျိုးကိုမျှော်, ဆရာတော်၏, ဉာဏ်တော်စေစား, နှလုံးသားမှ, ကိုးစားလောက်ဖွယ်, ကျမ်းသွယ်သွယ်ကို, မကွယ်မပျောက်, စဉ်ထွန်းတောက်ဖို့, မြားမြောက်ကျေးဇူး, အထူးထူးကို, ညွတ်နူးရည်လျက်, တို့ဆောင်ရွက်သည်......

စဉ်ဆက်သာသနာ တည်စေသော်။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

++++++++++++

## အရှင်ဇနကာဘိဝံသ ၏
## တစ်ဘဝသံသရာ ဖြစ်စဉ်အကျဉ်းချုပ်

၁။ **အရှင်ဇနကာဘိဝံသ** ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ **ဦးဇောတိ–ဒေါ်အုန်းလှိုင်**တို့မှ **၁၂၆၁**–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (**၁၄**)ရက် (**၁၉၀၀**–ပြည့်၊ ဖေဖော်ဝါရီလ (**၂၇**) ရက်) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

၂။ **၁၂၆၆**–ခုနှစ်၌ (ပထမအကြိမ်) ရှင်သာမဏေ ပြုတော်မူသည်။

၃။ **၁၂၇၅**–ခုနှစ်၌ (ဒုတိယအကြိမ်) ရှင်သာမဏေ ပြုတော်မူသည်။

၄။ **၁၂၇၉**–ခုနှစ် သက်တော်**၁၈**–နှစ်အရွယ်တွင် ပထမကြီးတန်းစာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ **၁၂၈၀**–ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ်, **၁၂၈၁**–ခုနှစ် နယုန်လပြည့်နေ့၌ (ဒုတိယအကြိမ်), **၁၂၈၁**–ခုနှစ် တပေါင်းလပြည့်နေ့၌ (တတိယအကြိမ်) ရဟန်းအဖြစ်ကို ခံယူတော်မူသည်။

၆။ **၁၂၈၃**–ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့၌ ပခုက္ကူဆရာတော်ကြီးများ၏ **"ပခုက္ကူစာချ"**အဖြစ် တင်မြှောက်မှုကို ခံယူတော်မူရသည်။

၇။ **၁၂၈၇ (၁၉၂၆)** ခုနှစ်၌ **"ပဉ္စမကျော်"** အောင်မြင်တော်မူသည်။

၈။ **၁၂၈၉**–ခုနှစ်၌ သကျသီဟခေါ် **"ပရိယတ္တိသာသနဟိတဓမ္မာစရိယ"**ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ **၁၃၀၃**–ခုနှစ်၊ ဝါဆိုဦး (**၁၉၄၁–၄၂**) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်၊ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍

ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံး လျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရှိပြီးနောက်) **၁၃၁၂**-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ)**"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့ တံဆိပ် ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် **မူလတန်း ဗုဒ္ဓဘာသာလက်စွဲ**ခေါ် သင်ခန်းစာများကို ရေးသား တော်မူခဲ့သည်။

၁၂။ **၁၃၁၅**-ခုနှစ်၌ **(က)** ဆဋ္ဌသံဂီတိ ဩဝါဒါစရိယသံဃနာယက,
**( ခ )** ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက,
**( ဂ )** ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက,
**(ဃ)** ဆဋ္ဌသံဂီတိဩဿာနသောဓေယျပတ္တပါဠက အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၃။ **၁၃၃၃**-ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် အစည်းဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ **၁၂၉၁**-ခုနှစ်၊ သက်တော်(**၃၀**)မှစ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ **၁၃၃၉**-ခုနှစ်၊ နတ်တော်လဆန်း (**၁၃**)ရက် (**၂၁-၁၂-၇၇**) သောကြာနေ့ ပျံလွန်တော်မမူမီ (**၅**)ရက်အထိ ကျမ်းစာပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့ပါသည်။

၁၅။ **၁၃၃၉**-ခုနှစ်၊ သက်တော် (**၇၈**)နှစ်အရောက် နတ်တော် လပြည့်ကျော်( ၂ )ရက် [**၂၇-၁၂-၇၇**]အင်္ဂါနေ့ ညနေ (**၄း၃၀**) နာရီတွင် တစ်ဘဝအတွက် ငြိမ်းတော်မူသည်။

## ဆရာတော်၏
# သာသနာရေး ဆောင်ရွက်မှုများ

တောင်မြို့ မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**သည် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ ပြန့်ပွားစေလိုသူတိုင်းနှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း ကျေးဇူးအမြဲသိနေရမည့် ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်ပါသည်၊ ဆရာတော်သည် သာသနာတော်အကျိုးကို အစွမ်းထက် သလောက် ဆောင်ရွက်နိုင်သော ရဟန်းဘဝကို အလွန်မြတ်နိုးတော်မူပါသည်၊ အကျော်အစော ဘုန်းကံကြီးမားမှုနှင့် စပ်လျဉ်းသော ကိစ္စများကို ဦးစားပေးလေ့ မရှိဘဲ သာသနာတော် ဂုဏ်ရောင်တောက်ပြောင်စေမည့် ကိစ္စများ အပြုအမူများကိုသာ ရှေ့ဆောင်လမ်းပြ ညွှန်ပြတော်မူပါသည်။

နှောင်းခေတ် သာသနာတော်နှင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များအတွက် မပင်မပန်းချမ်းသာလွယ်ကူစွာ ပိဋကတ်တော်ကို ပေါက်မြောက်ကျွမ်းကျင်ကြစေရန်အတွက် သဒ္ဒါ, ဝိနည်း, အဘိဓမ္မာ, သုတ္တန်ကျမ်း များကို သင်ရိုးကုန်အောင် ပြုစုတော်မူခဲ့ပါသည်၊ လူရောရှင်ပါ တိုင်းပြည်နှင့် သာသနာကို စည်ပင်ပြန့်ပွားအောင် တာဝန် ထမ်းဆောင်နိုင်ရေး အသိဉာဏ် ကိုယ်ကျင့်တရား ပြည့်စုံ ဖွံ့ဖြိုးရေးအတွက်လည်း ရတနာ့ဂုဏ်ရည်, ကိုယ်ကျင့်အဘိဓမ္မာ, အနာဂတ်သာသနာရေး, ဗုဒ္ဓဘာသာသင်္ခန်းစာ, ဘာသာသွေး, ဗုဒ္ဓါနုဿတိဘာဝနာအစရှိသောကျမ်းစာများကို ရေးသား၍နည်းလမ်း ညွှန်ပြထားတော်မူခဲ့ပါသည်၊ တပည့် ရဟန်း, ဒကာ, ဒကာမများအား ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးတော်တို့ကို အမြဲညွှန်ပြ ဟောကြား၍ ပရိယတ်နှင့် ပဋိပတ်သာသနာတော်ကို ကြိုးစားကျင့်ဆောင်ရေး,

ကိုယ်ကျင့်သီလတရားကို မထိန်းသိမ်းဘဲ သာသနာတော်တွင် ပေါ့ပေါ့ဆဆ နေထိုင်လျှင် ဆင်းရဲဒုက္ခ တွေ့ရမည့်အရေးကို အမြဲသတိပေးတော်မူလေ့ရှိပါသည်၊ ဒါနသည် ပြုလုပ်သင့်သော ကိစ္စဖြစ်သော်လည်း ကိုယ်ကျင့်သီလ ဝိနည်းသည်သာ သုဂတိဘဝအတွက် စိတ်ချရသော အလုပ်ဖြစ်ကြောင်း,ဝိပဿနာဘာဝနာများကိုလည်း တတ်စွမ်းသမျှ ကြိုးစားရန်လိုကြောင်း အမြဲညွှန်ပြ ဆုံးမတော်မူပါသည်၊ အောက်ပါ ကောက်နုတ်ချက်များကို လေ့လာခြင်းဖြင့် ဆရာတော်၏ စိတ်သဘောထားကို နားလည်နိုင်ပါလိမ့်မည်။

## စိတ်ကောင်းရှိဖို့ ပထမ

ဤကျောင်းတိုက်မှာ နေလိုရင် အကြီးက အငယ်ကိုနှိမ်, အငယ်က အကြီးကို မရိုသေတဲ့စိတ်မျိုး, ကိုယ့်ထက်သာသူကို မနာလိုတဲ့ ဣဿာစိတ်, ဉာဏ်ဝီရိယ ကောင်းတဲ့သူကို တိုးတက်မှာစိုးတဲ့ မစ္ဆရိယစိတ်, အလွန်ထင်ရှား သိသာတဲ့ တဏှာ ရာဂစိတ်, ဂုဏ်နဲ့လာဘ်ကို အလွန်လိုလားတဲ့ လောဘစိတ်, ပြင်းထန်တဲ့ ဒေါသစိတ်, မာန်မာနစိတ်စတဲ့ စိတ်မျိုးတွေ မဖြစ်စေဘဲ, ဆရာပီပီ တပည့်ပီပီ ရိုသေလေးစားတဲ့ မေတ္တာစိတ်, မကျန်းမာသူကို သနားတဲ့ ကရုဏာစိတ်, သူတစ်ပါး ပညာတတ်သည်ကို လာဘ်ပေါ်သည်ကို ဝမ်းမြောက်တဲ့ မုဒိတာစိတ်, ဘုရားဝေယျာဝစ္စကို စိတ်ပါလက်ပါ ပြုလိုစိတ်, သဒ္ဓါတရားကောင်းတဲ့ စိတ်, ပျော့ပျောင်း နူးညံ့တဲ့စိတ်, အပါယ်လေးပါးကြောက်တဲ့စိတ်, မဂ်ဖိုလ်နိဗ္ဗာန် လိုလားတဲ့စိတ်စတဲ့ စိတ်မျိုးတွေရှိရမည်။

(တစ်ဘဝသံသရာ စာမျက်နှာ–**၃၆၅**)

## သီလဝိနည်း လုံခြုံစေ

ဘဝကောင်းဖို့အတွက် လူ့ဝတ်ကြောင်များက ငါးပါးသီလ,အာဇီဝဋ္ဌမကသီလ မပါပဲ ဒါနချည်း စိတ်မချရပုံ,ရဟန်းသံဃာများအတွက်

ဝိနည်းကို ဂရုမစိုက်ရင် စာပေပရိယတ်က မိုးထိအောင် တတ်သော်လည်း နောက်ဘဝကောင်းဖို့ စိတ်မချရပုံ, မိမိတို့က သီလမစင်ကြယ်ရင် ဒကာ–ဒကာမတို့ရဲ့ အလှူဒါနလဲ လယ်ယာမြေကောင်းမှာ မစိုက်ရသလို ဖြစ်သောကြောင့် အကျိုးမများပုံ အတော် စုံစုံလင်လင် တွေးနေမိတယ်။

(တစ်ဘဝသံသရာ စာမျက်နှာ–**၃၆၅,၄၅၈,၄၆၄,၄၆၉**)

## ဝိပဿနာ ပွားကြလေ

ပဋိပတ်ဘက်က အလုပ်လုပ်တဲ့ အချိန်များမှ တော်မည်၊ ပရိယတ်ချည်း ကြိုးစားလာကြတာ စိတ်အနေ ဘာမှ ထူးထူးခြားခြား ကောင်း မလာဘူး၊ သီလအကျင့် မပါတဲ့ ပရိယတ် စာသင်နည်းကိုတော့ ဒီကျောင်းတိုက်မှာ ဘယ်နည်းနဲ့မှ လက်မခံထိုက်ဘူးလို့ မကြာမကြာ သတိပေးထားပါတယ်။

(တစ်ဘဝသံသရာ စာမျက်နှာ–**၄၅၈**)

နေ့ပိုင်းမှာ စာသင် စာချဆိုတဲ့ ဂန္ထဓုရတာဝန်ကို ဆောင်ကြဖို့နဲ့ ညဥ့် ဘုရားဝတ်တက်ပြီးချိန်က စ၍ အိပ်ဖို့ တုံးခေါက်ချိန်အထိ ဝိပဿနာဓုရ တာဝန်ကို ဆောင်ကြဖို့ရန် စီစဥ်ရပါတယ်။

(တစ်ဘဝသံသရာ စာမျက်နှာ–**၃၃၄,၃၅၆,၄၆၀,၄၆၄**)

ကျောင်းတိုက်တွင် လိုက်နာရမည့် လမ်းညွှန်သြဝါဒ ဆယ်ချက်တွင် စိတ်ကောင်း ထားရှိရမည့် အရေးကို အထူးအလိုအပ်ဆုံးဟု ပညတ်တော်မူခဲ့ပါသည်၊ ဆရာတော်ကြီး၏ ဆုံးမသြဝါဒကို အဆီအနှစ်ထုတ်၍ တိုတိုကျဥ်းကျဥ်း ဖော်ပြရပါလျှင်–

**စိတ်ကောင်းရှိဖို့ ပထမ** (စာမျက်နှာ–**၃၆၅**)
**သီလ ဝိနည်း လုံခြုံစေ** (စာမျက်နှာ-**၃၆၅,၄၅၈,၄၆၄**)
**ဝိပဿနာပွားကြလေ** (စာမျက်နှာ-**၃၃၄,၄၆၀,၄၆၄**) ဟူ၍

တွေ့ကြရပါမည်၊ ဆရာတော် ကိုယ်တိုင်ရေး ထေရုပ္ပတ္တိတွင် ဤအချက်များကို အကြိမ်ကြိမ် အလေးပေး ဖော်ပြသတိပေးထားသည်ကို တွေ့ရပါမည်၊ တပည့် ဒကာ–ဒကာမများကို တွေ့တိုင်းလည်း မိမိ ရရှိထားသော ဘဝကောင်းကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်စေရန် မမေ့မလျော့ဖို့ ဤသုံးချက်ကို ဟောပြော တိုက်တွန်းတော်မူလေ့ရှိပါသည်။

## ပြောသလို လုပ်၍ လုပ်သလို ပြောလေ့ရှိခြင်း

ဆရာတော်ကြီးသည် ပထမကျော်, သကျသီဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း ကျမ်းစာများတွင် ထည့်သွင်း ဖော်ပြလေ့မရှိပါ၊ **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို လွတ်လပ်ရေး ရလျှင်ရချင်း ဆက်ကပ်ခံခဲ့ရသော်လည်း ထိုဘွဲ့ကို အသုံးပြုလေ့မရှိပါ။

စာမေးပွဲအောင်မြင်မှု ဂုဏ်ထူးများသည် သာသနာရေး ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ဒေသ အထောက်အပံ့ဖြစ်စေသည်၊ အလုပ်လွယ်ကူ အောင်မြင်စေမည် (တစ်ဘဝသံသရာ စာမျက်နှာ–၃၁၇)ဟု သဘောပေါက် ယုံကြည်သော်လည်း သီလစင်ကြယ်၍ သာသနာတော်၏ အကျိုးကို တကယ်လိုလားစွာ ဆောင်ရွက်မှသာ သာသနာတော်တိုးတက်မည်ဟု ဩဝါဒပေးတိုင်း ပြောဟော ဆုံးမလေ့ရှိပါသည်။

ကျောင်းတိုက်အတွင်း စာမေးပွဲအောင်မြင်မှုပူဇော်ပွဲ, မွေးနေ့ပူဇော်ပွဲ ပြုလုပ်ခြင်းကို အားပေးခြင်း မပြု, ခွင့်ပြုတော်မမူပါ၊ ဆူညံသော လူစုလူဝေး အလှူပွဲ ကျင်းပခြင်း, တီးမှုတ်ဧည့်ခံခြင်းများကိုလည်း လုံးဝ ခွင့်ပြုတော်မမူပါ။

မည်သူမဆို မိမိ၏ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ကောင်းသထက် ကောင်းအောင် အစဉ် ပြုပြင်နေသင့်သည်၊ သေသည်အထိ အမြဲ

ပြုပြင်နေရမည်ဟု ဆရာတော် ဆုံးမတော်မူလေ့ရှိပါသည်။

ဆရာတော်သည် အနာဂတ်သာသနာရေးကျမ်းတွင် မိမိရေးသား ညွှန်ပြခဲ့သည့်အတိုင်း တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်ပုံကို တောင်မြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်တွင် ပရိယတ္တိရော ပဋိပတ္တိ ဘက်ကပါ သာသနာ့ကျက်သရေဆောင်အဖြစ် လက်တွေ့ စံနမူနာ ပြခဲ့ပါသည်၊ မျက်မှောက်သာသနာတော်ခေတ်တွင် သံဃာတော် ခုနစ်ရာ့ ခြောက်ဆယ်ကျော်မျှသည် တိုင်းပြည်၏ ကောင်းမှုဖြင့် မငြိုမငြင် မပင်ပန်း မဆင်းရဲရဘဲ အတူနေ အတူစား အတူပညာသင်လျက် စည်းလုံးညီညွတ်စွာ ရှိနေကြသည်မှာ မြန်မာပြည်တွင်သာမက ကမ္ဘာတွင် ဤတစ်နေရာသာ ရှိပါသည်ဟုဆိုလျှင် စကားမလွန်တန်ဟု ထင်ပါသည်၊ ဤပြယုဂ်တစ်ခုနှင့်ပင် သာသနာ့ကျက်သရေသာမက မြန်မာ့ ဂုဏ်ကျက်သရေပါ ထင်ရှား ပေါ်လွင်လှပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို လေ့လာလိုသူ မြန်မာပြည်သူ ပြည်သားနှင့် နိုင်ငံခြား သုတေသီတို့သည် တောင်မြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ကို အရောက် လာလေ့ ရှိကြပါသည်၊ ရောက်လာသူ တိုင်းပင် နှစ်သက်ကြည်နူး သဒ္ဓါတရားပွားများကြပါသည်၊ သန့်ရှင်းမှု, ငြိမ်သက်မှု, စည်းကမ်းကျနမှု, အဆောက် အအုံများ စည်ပင်မှုတို့ကို မြင်ပြီး ကျေနပ်နှစ်သက်မှု ရကြလေသည်၊ ဤအခြေအနေသို့ ရောက်အောင် ဆရာတော် လုံ့ဝီရိယဖြင့် မနားမနေ ကြိုးပမ်းသည်ကို ချီးကျူး အံ့သြကြပါသည်၊ ကျောင်းတိုက် ပြုပြင်မှု, သံဃာ့ပရိသတ် ထိန်းသိမ်းမှု, စာပေပို့ချမှု, များပြားလှသော မပြတ်မလတ်တာဝန် များ ကြားမှပင် ဘာသာဋီကာအမျိုးမျိုး စသော ကျမ်းကြီးကျမ်း ငယ် အသွယ်သွယ်တို့ကို တစ်ကျမ်းပြီး တစ်ကျမ်း ပြုစုတော်မူခဲ့ သည်၊ ဆရာတော်၏ အာသီသကို အောက်ပါ ကြိုးစားချက်က ဖော်ပြနေပေသည်။

**ကိုယ်တည်းတစ်ယောက်, ချမ်းသာရောက်ဖို့, ခုလောက်ကြီးကုတ်, အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရှေးခါဘိုးဘ, လက်ထက်ကလျှင်, ရသည့်တန်ခိုး, ထပ်မညှိုးဖို့, အားကြိုးမာန်တက်, ငါဆောင်ရွက်သည်......ဆက်လက် တည်တံ့ရုံသာတည်း။**

(တစ်ဘဝသံသရာ စာမျက်နှာ–**၃၈၉**)

ယခု (**၁၃၄၁**–ခုနှစ်)အခါ ဆရာတော် မရှိသည့်နောက် ဆရာတော် **ဦးစန္ဒောဘာသ**, ဆရာတော်**ဦးမဟိန္ဒ**, ဆရာတော် **ဦးကုန္ဒောဘာသာဘိဝံသ**, ဆရာတော်**ဦးအဂ္ဂဝံသ**, ဆရာတော်**ဦးကုဏ္ဍလာဘိဝံသ** အမှူးပြုသော နာယက(**၅**)ပါး အဖွဲ့က စီမံအုပ်ချုပ်လျက် သံဃာ **၇၆၀**–ကျော်မျှကို လက်ခံလျက် တာဝန်ယူ ကျွေးမွေး စောင့်ရှောက် သင်ကြား ကျင့်ဆောင် နေကြရာ ဆရာတော်ကြီး၏ မွန်မြတ်သော သာသနာတော်တည်တံ့ရေး ရည်ရွယ်ချက်သည် ဝေဝေဆာဆာ သီးပွင့်နေလေပြီဟု ယူဆနိုင်ပါပြီ၊ လက်တွေ့သင်ကြား ပို့ချပေးခြင်း, ကျမ်းစာများဖြင့် တစ်နိုင်ငံလုံး ဖြန့်ခြင်းတို့သည် အရှိန်အဟုန် မြင့်မားလာခဲ့ပေပြီ၊ ဤကိစ္စများကို ပြုစုပျိုးထောင်စဉ်က လောကသဘာဝအတိုင်း အပြစ်တင်ခံရမှု, အထင်လွဲခံရမှုများရှိခဲ့ရာ ဆရာတော်သည် ထိုအဆိုအပြောများကို ဥပေက္ခာပြုကာ မမိုတ်မသုံ ခဲယဉ်းစွာ ချီတက်ခဲ့ရပေသည်၊ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိဖြစ်သော **"တစ်ဘဝသံသရာ"** စာမျက်နှာ–**၂၂၁**တွင် ပထမကျမ်းစာဖြစ်သော **ရတနာ့ဂုဏ်ရည်**ကို ရိုက်နှိပ်စဉ်က ချို့တဲ့စွာ စီမံခဲ့ရပုံကို အောက်ပါအတိုင်း တွေ့ရပေသည်။

**"ရတနာ့ဂုဏ်ရည်ဆိုတဲ့ စာအုပ်ကလေး ရိုက်မယ်"**လို့ စပ်မိစပ်ရာ ပြောတော့ ဟိုက ဒီက **၅**–ကျပ်စီ, **၁၀**–စီ ထည့်ကြလို့ **၂၅၀**–လောက် ရပါတယ်၊ စာအုပ်က **၁၀၀၀** ရိုက်ပါတယ်၊ အားလုံး **၃၅၀** ကျပါတယ်၊ တပည့်တော်မှာ ငွေမရှိပါဘူး၊ ညီထံက စာဘီရိုကို

ယူပြီးတော့ ငွေဖြစ်အောင် စီမံတော့မှ လိုတဲ့ငွေ**၃၅ဝ** ပြည့်ပါတယ်။

ငွေရေးကြေးရေးနှင့် ပတ်သက်၍ မည်မျှသတိပြုပုံ, ကျမ်းစာအုပ်များသည် စီးပွားရေးအတွက်မဟုတ်, သာသနာအကျိုးသာ အဓိကဖြစ်ပုံတို့ကို အောက်ပါ ဆရာတော်ကြီးကိုယ်တိုင် ဖော်ပြချက်က ထင်ရှားစေပါသည်။

**"တပည့်တော်က ကျမ်းစာအုပ်နဲ့ စပ်ပြီး တပည့်တော်အတွက်သာ သတိထားတာ မဟုတ်ပါဘူး၊ တပည့်တော်နဲ့ စပ်ရာအတွက်လဲ သတိထားပါတယ်၊ တပည့်တော်ရဲ့ ကျမ်းစာအုပ်တွေ ထွက်ခါစကစပြီး လူထွက်လိမ့်မယ်လို့ ထင်ကြတုန်းပဲ၊ တပည့်တော် စဉ်းစားခဲ့ဖူးပါတယ်၊ သူတို့ပြောသလို ငါက လူထွက်ပါပြီ ဆိုကြစို့, လူထွက်ရင် ဒီစာအုပ်တွေမှ ရတဲ့ငွေဖြင့် ငါရယ်,ငါနဲ့ ရေစက်ဆုံတဲ့သူရယ် သုံးစွဲနေရင် ဘဝသံသရာမှာ နစ်နာလိမ့်မယ်၊ ငါရော,ငါနဲ့ ရေစက်ဆုံတဲ့ သူရော ထိုကဲ့သို့ အနစ်နာ မခံနိုင်ပါဘူးလို့ စဉ်းစားမိပါသေးတယ်။**

ယခုလဲ ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး စက်တင်ရိုက်နှိပ်ဖြန့်ဝေနေတဲ့ **မောင်ကျော်**နဲ့ တူဖြစ်သူ **မောင်အောင်ခန့်**တို့ကို အမြဲသတိပေးထားပါတယ်၊ ကျမ်းစာအုပ်မှ ထွက်တဲ့ ငွေကို သာသနာအကျိုးများဖို့ သဘောထားရမယ်၊ သင်တို့ရဲ့ စီးပွားရေး မဖြစ်စေကြနဲ့, ငွေမလည်လို့ ခေတ္တသုံးလဲ ပြန်ပြီး ရှင်းနိုင်မှ ကောင်းတယ်၊ ခေတ်အားလျော်စွာ သင်တို့ရဲ့ တာဝန်ထမ်းဆောင်ခကိုတော့ တရားသဖြင့် သုံးကောင်းတာပေါ့။

ဆွေမျိုးရင်းထဲက အထက်တန်းပညာ သင်ကြားဖို့ လိုနေရင်လဲ ကူညီထိုက်ပါတယ်၊ စီပွားရေးဖြစ်အောင်တော့ ဘယ်သူမှ မသုံးကောင်းပါဘူး၊ နောက်နောက် မတွင်ကျယ်နိုင်သော အထက်တန်း ဘာသာ ဋီကာတွေ ရိုက်နိုင်အောင်သာ ကြိုးစားကြပါ။

ငါဟာ သာသနာရေး အတွက် စာရေးတယ်၊ တိုက်က စာချ ဘုန်းကြီးများလဲ ကူညီကြတယ်၊ ဒီတော့ ဘယ်နည်းနဲ့မှ စီးပွားရေး မဖြစ်ကောင်းပါဘူး၊ စီးပွားရေးသုံးရင် သားစဉ်မြေးဆက် အညွန့်တုံးကြလိမ့်မယ်။

ငါ မရှိတောင် ဂန္ထာရုံသာသနာအတွက်၊ ဂန္ထာရုံ ဆိတ်သုဉ်းသွားရင် အခြား ဘာသာရေးအတွက်သာ ဖြစ်စေလိုတယ်လို့ ပြောထားပါတယ်။　　　(တစ်ဘ၀သံသရာ စာမျက်နှာ–၃၁၆၊ ၃၁၇)

သာသနာတော် ကြီးပွားမည်ဆိုလျှင်၊ အများချမ်းသာမည်ဆိုလျှင် မိမိ တစ်ယောက် ဆင်းရဲခံရမည်ကို အနည်းငယ်မျှ မရွံ့ဘဲ ရဲစိတ်ရဲမာန် အပြည့်ဖြင့် ဆောင်ရွက်တော်မူလေ့ရှိပါသည်။

**ကိုယ်တည်းတစ်ယောက်၊ ဆင်းရဲရောက်လို့၊ ကိုယ့်နောက် အများ၊ ချမ်းသာပွားမူ၊ တစ်ပါးဖြစ်ထွေ၊ ဆင်းရဲစေတော့၊ စိတ်နေခုလို၊ ဝမ်းဝယ် သို၍၊ ထိုထိုအလုပ်၊ လွန်ကြိုးကုတ်သော်၊ မဟုတ်သတင်း၊ လုပ်ဇာတ် ခင်းလျက်၊ ချင်းချင်းရွဲ့သံ၊ ကဲ့ရဲ့သံတို့၊ နာခံမညီး၊ ပြည်လုံးဟီးမျှ၊ ဝေးနီးအနှံ့၊ ပြန့်အောင်ဖြန့်လည်း၊ မခံ့တရံ့၊ ခံ့တရံ့နဲ့၊ ကြံ့ကြံ့ပုံသေ၊ ခံခဲ့ပေ၏။**

(တစ်ဘ၀သံသရာ စာမျက်နှာ–၃၉၄)

သာသနာတော်ကို တည်တံ့ ပြန့်ပွားစေလိုသော ကြီးမားသော သမ္မာဆန္ဒတော် ဖြင့် ကျမ်းစာများကို အဆက်မပြတ် ထုတ်ဝေရာတွင် စာအုပ်ကုန်သည်ဟူ၍လည်းကောင်း၊ ငွေစုပြီး လူထွက်လိမ့်မည်ဟူ၍ လည်းကောင်း ကဲ့ရဲ့ပြောဆိုခြင်းများကိုလည်း ဆရာတော်သည် သည်းခံခဲ့ရပေသည်၊ ဤ လောကဓံတရားများနှင့် ပတ်သက်၍ ဆရာတော်၏ သံဝေဂယူပုံမှာ–**"လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူတွင် တွေ့ရိုး၊ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊**

**အမှန်တွေ့မြဲ, စိတ်ဝယ်စွဲ၍, ဝမ်းနဲ့ဝမ်းသာ, မများပါ။"**

(တစ်ဘဝသံသရာ စာမျက်နှာ–**၁၀၅**)

**လူ့ဘုံ ထုံးစံ, ကဲ့ရဲ့ဒဏ်ဖြင့်, ရန်မာရ် ပိတ်သဲ, ခရီးခဲ၌, စိတ်ဓွဲ သန်သန်, နောက်မပြန်ဘဲ, ရဲမာန် ရဲဆေး, ရဲစိတ် မွေးလျက်, ရဲသွေး နီနီ, စီရရီ။** (တစ်ဘဝသံသရာ စာမျက်နှာ–**၂၈၉**)

ဤသို့သော ရဲစိတ် ရဲမာန် စိတ်ထားဖြင့် ဆောင်ရွက်ခဲ့သည့်အတိုင်း အောင်မြင်မှုကို ယခု မျက်မြင် တွေ့ကြရပေပြီ၊ ဆရာတော်၏ ပင်ကိုဆန္ဒတော်ကို ကိုယ်တိုင်ရေး ထေရုပ္ပတ္တိ တစ်နေရာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

တပည့်တော်ရဲ့ကျောင်းတိုက် တစ်တိုက်သာ ကောင်းဖို့လောက် ဆိုရင် ဒါလောက် မကြိုးစားပါဘူး၊ နောင်အနာဂတ်အတွက် နိုင်ငံရေး,သာသနာရေး ကောင်းဖို့ကို ရည်ရွယ်တာ ဖြစ်ပါတယ်၊[တပည့်တော် စိတ်မှာ **"တိုက်တစ်တိုက် ဂိုဏ်းတစ်ဂိုဏ်း သာသနာတစ်ရပ် ကောင်းစားရေး"**ဆိုတဲ့ စိတ်ထားမရှိပါဘူး၊] အများ ကောင်းစားစေလိုတဲ့ စိတ်ချည်း ပါပဲ။ (တစ်ဘဝသံသရာစာမျက်နှာ–**၃၅၆**)

**"တပည့်တော်က သာသနာရေးစိတ်နဲ့ချည်း ကြိုးစားတာ မဟုတ်ပါဘူး, နိုင်ငံရေးစိတ်နဲ့လဲ ကြိုးစားတာပါ၊"** (စာမျက်နှာ–**၃၄၄**)

**"(ဗုဒ္ဓမြတ်စွာရဲ့) အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကို လည်းကောင်း, သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒကာ–ဒကာမတို့နေရာ နိုင်ငံတော်ကိုလည်းကောင်း အင်မတန် သာယာစေလိုတဲ့ ဆန္ဒ တပည့်တော်မှာ ပြင်းပြနေပါတယ်ဘုရား၊ ပြီးတော့လဲ သာသနာတော်ကို အကြောင်းပြုပြီး နိုင်ငံပါ အေးချမ်းသာယာတယ် ဆိုတဲ့ ဂုဏ်ကို အလွန် လိုချင်ပါတယ်။"** (စာမျက်နှာ–**၃၅၇**)

ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသည် လောကတွင် အမှန်ဆုံး,အမြတ်ဆုံး,ပစ္စုပ္ပန်,သံသရာ နှစ်ဖြာကောင်းကျိုး ပြုနိုင်ရုံမက ကမ္ဘာတစ်ခုလုံးက စံပြအဖြစ် လေးစားလာကြရမည် ဖြစ်ကြောင်း ယုံကြည် အားထားခဲ့ပုံကို အောက်ပါခံယူချက်ဖြင့် သိသာနိုင်ပါသည်။

**"သဘောထားကြီးကြီး တစ်ဦးနဲ့တစ်ဦး အနွံအတာခံပြီး သည်းခံမှုဖြင့် စိတ်ရှည်ရှည်ထား ဆောင်ရွက်ကြရင် တပည့်တော်တို့ရဲ့ သာသနာဟာ နေလို,လလိုမက ကမ္ဘာကစံပြုပြီး အကြည့်ခံကြရမှာပါဘုရား၊ ဒါလောက်သာမကသေးပါဘူး၊ လူတိုင်း၏ လေးစားမှု ခံယူကြရပြီး ကျင့်သုံးသူ,ကိုးကွယ်သူများဟာ ယခုဘဝမှာပင် ရင်အေးပြီး သာသနာရေးပါ မျှော်တွေး၍ အေးချမ်းမှုလဲ ဖြစ်နိုင်ကြရပါမည်။"**

(စာမျက်နှာ–၂၈၈)

ဤသို့သော ခံယူချက်သဘောထားကို တပည့်သံဃာများကိုလည်း ဟောပြော, ဒကာ–ဒကာမများကိုလည်း သွန်သင်, သာသနာစိတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ပြုစု ပျိုးထောင်တော်မူခဲ့ရာ မျှော်မှန်းသော ရည်ရွယ်ချက်များ အောင်မြင်သင့်သလောက် အောင်မြင်၍ မြန်မာ့စံပြ,ကမ္ဘာ့ စံပြအဖြစ် ရဲရဲဝံ့ဝံ့ အကြည့်ခံနိုင်သော အခြေသို့ ရောက်ခဲ့သည်ကို ယနေ့ မျက်မြင် တွေ့နေကြရလေပြီ၊ ဆရာတော်ကြီး၏ သီလ,သမာဓိ,ပညာ တန်ခိုးအရှိန်အဝါကြောင့် စေတနာသဒ္ဓါတရား ထက်သန်သူ ဒကာ–ဒကာမများ တဖြည်းဖြည်း တဖွဲဖွဲ ချဉ်းကပ် ရောက်လာကြလေသည်၊ ဤသို့ဖြင့် စေတနာရှင် ဒကာ–ဒကာမများ၏ သဒ္ဓါတရားကိုလည်း လိုက်လျောရခြင်း, တိုးပွားလာသော တပည့်တပန်းများအတွက်လည်း နေရာထိုင်ခင်း ဖြည့်စွမ်းရခြင်းတို့ကြောင့် မဟာဂန္ဓာရုံကျောင်းတိုက် အကျယ်အဝန်းသည် ၂၃–ဧက ဖြစ်လာရပြီး ပျံလွန်တော်မူချိန်ဝယ် (အငယ်,အလတ်,အကြီး)

အဆောက်အအုံများလည်း စုစုပေါင်း ၉၆–ခုအထိ တိုးတက်လာခဲ့ပေသည်။

ဆရာတော်ကြီးသည်ကား မူလကျောင်းတိုက် တည်ထောင်စက နေခဲ့သော တစ်ထပ် သစ်သားကျောင်းလေးတွင်သာ နောက်ဆုံးရက်အထိ သီတင်းသုံး နေထိုင်တော်မူခဲ့လေသည်၊ ဤနေရာတွင် အဆောက်အအုံနှင့် ပတ်သက်၍ ဆရာတော်ကြီး၏ သဘောထားးကို တင်ပြလိုပေသည်။

## သာသနာသည် အဆောက်အအုံမဟုတ်

**"သာသနာတည်မြဲအောင်, ပြန့်ပွားအောင်, သန့်ရှင်းအောင် လုပ်ဖို့ဆိုတာ အဆောက်အအုံကြီးတွေက တတ်နိုင်တာမဟုတ်ဘူး၊ ပရိယတ္တိသာသနာနှင့် ပရိယတ္တိကို အခြေခံသော လမ်းမှန်သည့် ပဋိပတ္တိသာသနာကသာ သာသနာကို အရှည်တည်မြဲအောင် လုပ်ရမှာ ဖြစ်တယ်။**

**ဥပမာ ဒုတိယသံဂါယနာတင်တဲ့ အချိန်တုန်းက ဘုရားရှင်နှင့် တကွ ရဟန္တာကြီးများ သီတင်းသုံး နေထိုင်သွားတဲ့ သာဝတ္ထိက ဇေတဝန်ကျောင်းတိုက်တော်ကြီး, ပုဗ္ဗာရုံကျောင်းတိုက်တော်ကြီးများ နှင့် ရာဇဂြိုဟ်က ဝေဠုဝန်ကျောင်းတိုက်တော်ကြီးများက ထင်ရှားစွာ ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ကြီးများပါတာ မတွေ့ရဘူး၊ အကျင့်သီလနှင့် နေတဲ့ အခြားသော သာသနာ့ဝန်ဆောင် ရဟန်းတွေသာ ဦးဆောင်ပြီး သာသနာကို စောင့်ရှောက်တော်မူခဲ့ကြတာ တွေ့ရတယ်။**

**ယခုခေတ် ကြည့်ရင်လဲ အင်ဒိုနီးရှားတို့, အာဖဂန်နစ္စတန်တို့**



မဟာဂန္ဓာရုံဆရာတော်ဘုရား ပျံလွန်တော်မူသည်အထိ
သီတင်းသုံး နေထိုင်တော်မူသော ကျောင်းကလေး။

အစရှိတဲ့ ပြည်များမှာ ကျောက်စာသုတေသနဌာန အသီးသီးက ရှာဖွေတူးဖော်ကြရာ တစ်ပြည်လုံးအနှံ့ ဗုဒ္ဓနှင့်ဆိုင်ရာ ရုပ်တုတော်များ, ပစ္စည်းများ, အဆောက်အအုံကြီးများ, စေတီကြီးများကို တွေ့ရသော်လည်း ပြည်သူအများမှာ ဗုဒ္ဓဘာသာဟူ၍ တစ်ယောက်မျှပင် မတွေ့ရလောက်အောင် ရှိနေပြီ မဟုတ်ပါလား။

အဲဒီတော့ သာသနာ တည်ဖို့ဆိုတာ အဆောက်အအုံတွေ တိုးအောင်, ခန့်ငြားအောင်, လှပအောင် ပြုနေခြင်းသည် အဓိကမဟုတ်၊

**အများနားလည်နိုင်သော ပရိယတ္တိစာပေများ ပြန့်ပွားခြင်း, မှန်ကန်သော တရားတော်များကို လေ့လာနိုင်ခွင့်ရခြင်း, ကျင့်သုံးနေကြခြင်း သည်သာ ပဓာနဖြစ်တယ်။"**

ဤသို့လျှင် ပရိယတ္တိ, ပဋိပတ္တိသာသနာသည်သာလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော် အစွန့်ရှည်စွာ ပြန့်ပွားစေမည့် အဓိကအကြောင်းဖြစ်သည်ကို ရှင်းလင်းစွာ မြင်သိတော်မူသည်အားလျော်စွာ ပိဋကသင်ရိုးကျမ်းပေါင်းစုံကို အချိန်ရှိသမျှ ရေးသားထားခဲ့ပါသည်၊ ဆရာတော်သည် ညအချိန် မီးထွန်း၍ စာရေးသားလေ့ မရှိပါ၊ သို့သော် လွန်ခဲ့သော ငါးနှစ်ခန့်ကစပြီး (သေဖို့အချိန် နီးနေပြီ၊ အလုပ်တွေ ကျန်နေမှာစိုးရတယ်)ဆိုခါ တစ်ခါတစ်ရံ ညအခါ မီးထွန်း၍ စာရေးသားတော်မူခဲ့ပါသည်၊ စာဝါပို့ချခြင်းကိုလည်း ပျံလွန်တော်မူမည့် ညနေအထိ မပျက်မကွက်ဘဲ ဆောင်ရွက်တော်မူခဲ့လေသည်၊ **"ဒီနေ့တော့ အချိန်စေ့ပြီ၊ မသေသေးရင် မနက်ဖြန် ဆက်ပြီးပို့ချမယ်"**ဟူ၍ အမိန့်ရှိတော်မူခဲ့သေးကြောင်းကို ကြေကွဲဖွယ်ရာ ကြားရောင်နေကြရပေသည်။

(တစ်ဘဝသံသရာ စာမျက်နှာ–၅၃၂)

ဆရာတော်သည် အများကောင်းကျိုးအတွက် ကြိုးစားမှု,ကြောင့်ကြမှုများကြောင့် လုပ်ရ–ကိုင်ရ–ကြံစည်ရသော ခန္ဓာကိုယ် ပင်ပန်းမှု, စိတ်ပင်ပန်းမှုများကို လုံးဝ ပင်ပန်းသည် မထင်ပေ၊ သတ္တဝါတို့ကောင်းကျိုးအတွက် ဗုဒ္ဓမြတ်စွာ၏ အလောင်းအလျာ ဘဝများစွာပင် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ အမျိုးမျိုးခံကာ ပါရမီဖြည့်ခဲ့ပုံများကိုလည်း အလွန် အားကျတော်မူပါသည်၊ အကြွင်းမဲ့ ကြည်ညိုလေးစားအားရတော်မူသည်၊ ဘုရားအလောင်းတော်၏ ပါရမီတော်ကျင့်စဉ်ကို

အားကျကာ သာသနာအတွက်ဆိုလျှင် အသက်ပင်သေသေ မနေမနား ကြိုးစားမည်ဟု စိတ်ထားခဲ့ပေသည်။

**"ဘုရားဖြစ်မှ သာဝကဖြစ်မှ တပည့်တော်က ကြည်ညိုတာ မဟုတ်ပါဘူး၊ အလောင်းတော် ဘဝကိုပါ ကြည်ညိုတာပါ။"**

(တစ်ဘဝသံသရာ စာမျက်နှာ–**၃၅၇**)

ဤခံယူချက် ယုံကြည်မှုအတိုင်း အစဉ်တစိုက် ပြုလုပ် ကျင့်ဆောင်ခဲ့ပုံကို ဆရာတော်ကြီး၏ ကိုယ်တော်တိုင်ရေး ထေရုပ္ပတ္တိတွင်(၅)ကြိမ် တိုင်တိုင် ဥဒါန်းကျူးရင့်ခဲ့ပုံဖြင့် ဤစာတမ်းကို နိဂုံးချုပ်လိုက်ပါသည်။

**ဗုဒ္ဓမြတ်စွာ လျှောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊**
**လူနတ်များစွာ ချမ်းသာရေးမို့, အသက်ပေးလို့, ဖြည့်ခဲ့သည်။**
**ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့, ငါပါအသက်ဆုံးစေမည်၊**
**နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်။**

(တစ်ဘဝသံသရာ စာမျက်နှာ–**၁၀,၃၇၂,၄၆၇,၄၉၅,၅၀၀**)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထေရုပ္ပတ္တိ အကျဉ်းချုပ် | [က] |
| ၂။ | အဖွင့်နိဒါန်း | [ဂ] |
| ၃။ | ကျမ်းဦးအမှာ | [နှ] |
| ၄။ | ဆရာတော်**အရှင်ဝါသေဋ္ဌာဘိဝံသ**၏ ဥယျောဇဉ် | [အာ] |

**၅။ ဓမ္မစကြာတရားတော် (ပထမနေ့)** ၁–မှ–၇၁

တရားတော်အချီ၊ မဟာကရုဏာတော်၊ သတ္တဝါများကို ဘုရားရှင် ကယ်တင်တော်မူပုံ၊ အတုမဲ့ပါရမီ၊ ဘုရားရှင်ရဲ့ တာဝန်ကို ထမ်းဆောင်ရတာ ဝမ်းသာစရာ၊ ပြဿမ္မကုသိုလ်များ အလကားမဖြစ်၊ အရာရာမှာ ဘုရားက သာ၊ ဗေဒင်ဟောကိန်း၊ မူးမိုက် လဲသည်အထိ အားထုတ်ခဲ့ပုံ၊ မြတ်စွာဘုရား တရား ဟောတော်မူခြင်း၊ အဝိဇ္ဇာနှင့်တဏှာ သတ္တဝါတို့ရဲ့ အုတ်မြစ်၊ အရှက်အကြောက် ရှိတဲ့သူဟာ ပွဲမကြည့်ဘူး၊ အနှုမ်းကင်တာ ထူးခြားတဲ့ အသိဉာဏ်၊ ကံမတူလို့ လူအမျိုးမျိုး ခြားနားပုံ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရား။

**၆။ ဓမ္မစကြာတရားတော် (ဒုတိယနေ့)** ၇၂–မှ–၁၁၈

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ဟောကြားခြင်း၊ တောသံပေး ဂါထာ၊ ငရဲသားလေးများလိုပဲ၊ မရဏဘေးကာကွယ်ပေး၊ ဇလားပုံးနဲ့တူတဲ့ ခန္ဓာကိုယ်၊ ဖြစ်ဖြစ်သမျှ ဒုက္ခချည်းသာ၊ သေရင် ပြီးတာပဲဆိုတဲ့အယူ၊ တဏှာက အဆိုးဆုံး၊ တဏှာလိုက်စားတော့ အိုလွယ်တယ်၊ တွေ့ကရာစားပြန်, အအိုမြန်၊ မြေးသေလို့ငိုတဲ့ **ဝိသာခါ**၊ ခမ်းခမ်းနားနား လုပ်ချင်တာက၊ တဏှာ၊

## မာတိကာ

**အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ**

ချမ်းသာချင်လျှင် သာယာမှုပယ်၊ တဏှာလိုက်စားလေ, ဒုက္ခများလေ၊

**၇။ ဓမ္မစကြာတရားတော် (တတိယနေ့)** ၁၁၉-မှ-၁၆၄

နိရောဓသစ္စာ ဟောကြားခြင်း၊ သစ်ပင်တွေက မမြဲကြောင်း ပြောနေတယ်၊ ခြသေ့်ပမာ တို့မြတ်စွာ၊ တဏှာသုံးမျိုး၊ မအိမ်မသေရာကို ရိုးရိုးသွားလို့မရောက်၊ ခတ်လေးပါးချုပ်ရာ၊ ဗြဟ္မာမင်း ကြွားဝါပြော၊ နိဗ္ဗာန်ကို ဉာဏ်မျက်စိနဲ့သာ မြင်ရတယ်၊ နိဗ္ဗာန်နှင့် ထိုက်တန်အောင်ကျင့်မှ နိဗ္ဗာန်မြင်၊ သိသူနှင့်မသိသူ ဆန့်ကျင်၊ **နန္ဒ**မင်းသား ဘုရားအမြင်၊ လူတွေအမြင်နှင့် ဘုရားလမ်းစဉ်၊ နိဗ္ဗာန်အရသာ၊ သုခနှစ်မျိုး၊ နိဗ္ဗာန် အေးမြ, ရည်မှန်းဆ။

**၈။ ဓမ္မစကြာတရားတော် (စတုတ္ထနေ့)** ၁၆၅-မှ-၂၀၂

မဂ္ဂသစ္စာ ဟောကြားခြင်း၊ သစ္စာလေးပါး ဟောပုံ အစဉ်၊ တဏှာကုန်တော့ အာရုံမခင်၊ နိဗ္ဗာန်မြင်ချင် ရင် သူတော်ကောင်းတွေ ဆည်းကပ်၊ အတိတ်အရေး တွေးမနေနဲ့၊ ဝီရိယလေးမျိုး၊ သစ်သားရုပ်နဲ့တူတဲ့ ခန္ဓာကိုယ်၊ ဘဝမှန်သမျှမကောင်း၊ သံသရာက ထွက် စေတဲ့ ပျော်နည်း၊ ကြိုးစားရင် ရဟန္တာဖြစ်နိုင်တယ်။

**၉။ ဓမ္မစကြာတရားတော် (ပဉ္စမနေ့)** ၂၀၃-မှ-၂၆၀

ဉာဏ်တော်ခန်းနှင့် တရားတော်နိဂုံး၊ တဏှာကိုသာ ပယ်ဖြတ်ပါ၊ အမြင့်မြတ်ဆုံး ဉာဏ်တော်၊ အကုန်သိ ဆိုသည်ကို မယုံကြည်ကြခြင်း၊ တဏှာလောဘတွေ ဘုရားရှင်မှာ လုံးဝမရှိ၊ ဘုရားဟောတာ မည်သူမျှ

မငြင်းနိုင်၊ ရုပ်တုတော် ကိုးကွယ်နည်း၊ တရား,သံဃာ
ပူဇော်နည်း၊ ဆရာ,ဒကာ ကိုင်းကျွန်းမှီ–ကျွန်းကိုင်းမှီ၊
**ဝိသာခါ**လျှောက်တဲ့စကား၊ဆရာဒကာ ညီညာကြိုးပမ်း။
၁၀။ **ဓမ္မစကြာတရားတော်နှင့် ဗုဒ္ဓါနုဿတိဘာဝနာ** ၂၆၁–မှ–၂၇၀
အလောင်းတော်ဘဝ ဆန္ဒတော်၊ **အရှင်သာရိပုတ္တရာနှင့်**
ဘုရားရှင်၊ ဗုဒ္ဓဂုဏ်တော် ၆–ဂါထာ၊ အတုမရှိသော
လုံ့လတော်၊ မိမိသိသလို အများကို သိစေတော်မူခြင်း၊
ပြောသလိုလုပ်, လုပ်သလိုပြောသောဂုဏ်၊ အတုမရှိ
သော ဩဝါဒနှင့် ပြည့်စုံတော်မူသော ဂုဏ်။

++++++++++++

## အနတ္တလက္ခဏသုတ် တရားတော်

၁၁။ ပန်ကြားချက် ၂၇၂
၁၂။ ကျမ်းဦးအမှာ ၂၇၃
၁၃။ အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဥယျောဇဉ် ၂၇၅
၁၄။ အနတ္တလက္ခဏသုတ် တရားတော်(ပထမနေ့) ၂၇၉–မှ–၃၀၇
အနတ္တလက္ခဏသုတ် အချိန်နှင့် ပါဠိတော်
၁၅။ အနတ္တလက္ခဏသုတ် တရားတော်(ဒုတိယနေ့) ၃၀၈–မှ–၃၃၄
အနတ္တတရားကို လွယ်တယ် မထင်ကြနဲ့
၁၆။ အနတ္တလက္ခဏသုတ် တရားတော်(တတိယနေ့) ၃၃၅–မှ–၃၀၇
အနတ္တလက္ခဏသုတ် ရှင်းလင်းချက်
၁၇။ အနတ္တလက္ခဏသုတ် တရားတော်(စတုတ္ထနေ့) ၃၆၄–မှ–၃၆၉
ဉာဏ်မမီတော့ မှန်လျက်သားနဲ့ အသိခက်

 မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**၏

# ဓမ္မစကြာတရားတော်

## ကျမ်းဦးအမှာ

ဤဓမ္မစကြာတရားတော်ကို အမရပူရ မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**သည် သာသနာတော်နှစ်–**၂၄၉၃**၊ ကောဇာ **၁၃၁၁**–ခု၊ (**၁၉၅၀–၅၁**) နှစ်ပေါင်း **၂၉**–နှစ်ကျော်လောက်က တရားအစတွင် ဟောတော်မူသည့်အတိုင်း ပရိတ်တော်များကို အသံသွင်းပြီးစဉ်က ဟောကြားတော်မူသော တရားတော်ဖြစ်ပါသည်၊ တရားတော်ကို ဖတ်ရှုလေ့လာကြသော ပုဂ္ဂိုလ်များသည် ဆရာတော်၏ တရားတော်ကို ဖတ်ရှုသောအခါ အသက်ထင်ရှားရှိစဉ်က အသံတော်ဖြင့် တရားတော်ကို ဟောကြားနေစဉ် နာယူနေရပုံကို အာရုံပြု၍ ဖတ်ရှုစေလိုပါသည်၊ သို့မှ ပို၍ အရသာပေါ်ပါမည်။

ဆရာတော်သည် ဟောတရားများကို ကျမ်းစာအဖြစ် ပြန်လည်ရိုက်နှိပ်ခြင်းကို နှစ်သက်တော်မမူပါ၊ သို့သော် ဆရာတော် ပျံလွန်တော်မူသောအခါ ဆရာတော်၏ အဆုံးအမဩဝါဒများ ပျောက်မသွားစေဘဲ ဆရာတော်၏ ဆုံးမဩဝါဒကို လေးစားကြည်ညိုလိုက်နာကျင့်သုံးလိုကြသော အများပြည်သူများ သိကြစေရန်ကိုလည်းကောင်း, ဆရာတော်အား စွမ်းနိုင်သမျှ ပူဇော်ခြင်းဖြင့် သာသနာတော်ကြီးနှင့် ပြည်သူအများ အကျိုးရှိရန်ကိုလည်းကောင်း ရည်စူးကြိုးစားခြင်း ဖြစ်ပါသည်၊ တရားစာများကို ဖတ်ရှုရာ၌ အဆင်မပြေမှုများနှင့် ကြုံခဲ့ရသော် ကျွန်တော်တို့ ကြိုးစားအားထုတ်မှု လို၍သာဟု ခွင့်လွှတ်တော်မူကြစေလိုပါသည်။

ဤတရားတော်ကို အသံဖမ်းကြိုးခွေမှ ကူးယူပြီးနောက် ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန အဘိဓာန်အဖွဲ့ **ဦးပညိဿရ**

(သာသနဓဇသိရိပဝရဓမ္မာစရိယ,သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ,အဘိဓမ္မာပါဠိပါရဂူ)က ကျမ်းစာရိုက်နိုင်လောက်အောင် ပြုပြင်ပေးတော်မူခဲ့ပါသည်။

မြန်မာပြည် ဗုဒ္ဓသာသနာတွင် ဓမ္မစကြာတရားတော်ကို လူသိအများဆုံးဟု ဆိုနိုင်ပါသည်၊ ရှေးအခါမှစ၍ ယနေ့တိုင်အောင် **ဓမ္မစကြာစာမေးပွဲ, ဓမ္မစကြာဝတ်အသင်းများ** တည်ထောင်၍ အမျိုးသား-အမျိုးသမီးများ ကျက်မှတ်ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပါပြီ။

ဓမ္မစကြာ အမေးအဖြေကဲ့သို့ စာအုပ်ငယ်, ကျမ်းငယ်များနှင့် ကျက်မှတ်ရန် စာအုပ်ရိုက်၍ လှူကြသူများ အများအပြားရှိခဲ့ပါသည်။

ဓမ္မစကြာတရားတော်ကို ကျမ်းစာ တစ်စောင်တစ်ဖွဲ့ အနေဖြင့်လည်း ကျယ်ကျယ်ဝန်းဝန်း ရေးသားသည်ကား မန္တလေးမြို့ ပတ္တမြားဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဓမ္မစကြာ မြန်မာဋီကာကျမ်း, မြဝတီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ရှိုင်ဆိုက်နှင့် စာမျက်နှာ-**၉၃၉၊** ကိုးရာကျော်ရှိ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး, ဆရာတော် **ဦးတိက္ခိန္ဒြိယ** ရေးသားသော ဓမ္မစကြာအမေး-အဖြေ, **၁၃၃၇**-ခုနှစ်လောက်မှ မဟာစည်ဆရာတော် ဟောကြားတော်မူသော ဓမ္မစကြာတရားတော် အစရှိသော ကျမ်းစာများ ထုတ်ဝေဖြန့်ချီခဲ့ဖူးရုံသာမက ဓမ္မစကြာအမည်နှင့် တရားဌာနများ,ပင် ဖွင့်လှစ်၍ သင်တန်းပို့ချမှုများ ရှိခဲ့ပါသည်။

## ရှေးအစဉ်အလာ

ရှေးသူတော်ကောင်းပညာရှိ ဆရာတော်ဘုရားကြီးများသည် အစဉ်အလာအားဖြင့် ကျမ်းတစ်စောင်နှင့် တစ်စောင် ထူးခြားမှု မရှိပါက နောက်ထပ်တစ်ဖန် သီးခြားရေးသား ထုတ်ဝေမှု ပြုခဲ့ကြရိုး မရှိသည်ကို တွေ့ရပါသည်၊ ဥပမာ-တောင်ဖီလာဆရာတော်ဘုရားကြီးသည်

ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဝိနည်းနိဿယရှိသည်ကို တွေ့ရသဖြင့် ၎င်း၏ ဝိနည်းနိဿယကို မီးရှို့၍ ဘုရားပူဇော်ခဲ့ပါသည်၊ ဒွါရဂုဏ်းကြီး၏ အကြီးအမှူး ဖြစ်တော်မူသော အုတ်ဖိုဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်နိဿယကို ဆရာတော်**ဦးဖုမ်**ရေးပြီးရှိ၍ ရေးရန်မလိုဟု မရေးဘဲ ထားခဲ့ပြီးလျှင် အုတ်ကျောင်းဆရာတော်**ဦးဖုမ်**မှ ရှိပြီးဖြစ်ကြောင်းကို ညွှန်တော်မူပါသည်၊ ယခုဓမ္မစကြာတရားတော်မှာလည်း ပါဠိနိဿယတို့ကို ဆရာတော်**ဦးဖုမ်**ပင် ရေးက စီစဉ်ရေးသားပြီးရှိသဖြင့် ထိုမှုကိုပင် အလေးထား အသုံးပြုလျက် ရှိကြပါသည်။

## တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၏ ဓမ္မစကြာ

ယခုထုတ်ဝေသော ဓမ္မစကြာတရားတော်မှာ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**၏ နှစ်ပေါင်း ၂၀–ကျော် ၃၀–ပတ်ဝန်းကျင် ၁၃၁၁–ခုနှစ်လောက်က ၅–ရက်တိုင်တိုင် ဟောကြားတော်မူသော ဓမ္မစကြာတရားတော် ဖြစ်ပါသည်။

ဆရာတော် ဓမ္မစကြာ ဟောလိုသော ဆန္ဒဖြစ်ပုံနှင့် ဟောပုံဟောနည်းမှာလည်း မည်သူနှင့်မျှ ဆန္ဒခြင်း မတူ, ဟောနည်းလည်း မတူ, ရည်ရွယ်မှုလည်း မတူသည်ကို စာဖတ်နာယူသူများ ထူးခြားစွာ တွေ့ရပါလိမ့်မည်၊ ဆရာတော်သည် မြန်မာပြည် ဗုဒ္ဓသာသနာတော်ကို အခြေခံအားဖြင့် ခိုင်မာလိုသော ဆန္ဒတော် ရှိပါသည်၊ ကျောင်းတိုက်အတွင်းမှာလည်း အခြေခံကောင်းအောင် လုပ်ကြရန် အနေအထိုင် အစားအသောက် အသွားအလာမှစ၍ စာသင်ကြားရာ၌ အခြေခံကောင်းဖို့ကိုသာ အလေးပြု လေ့ကျင့်သင်ကြားပေးတော်မူပါသည်။

အခြေခံ ကိုယ်ကျင့်တရား မပြည့်စုံဘဲနှင့် မူလအစက အသိဉာဏ်အကျင့်စနစ်တကျ မရှိဘဲနှင့် သာသနာတော်ကို ကျက်သရေရှိဖို့လည်း မဖြစ်နိုင်၊ မိမိတို့လည်း သာသနာတော်မှ ရသင့်ရထိုက်သော

အကျိုးထူးကို ရကြလိမ့်မည်ဟု ဆရာတော် ယုံကြည်တော်မမူပါ။

ထို့ကြောင့် ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ တရားတော်ကို ရိုရိုသေသေ ရွတ်စေချင်သည်၊ ရွတ်သောအခါ အဓိပ္ပာယ်ကို မိမိတို့ စွမ်းနိုင်သမျှ သိတန်သမျှသိ၍ အာရုံ ရစေချင်သည်၊ ဓမ္မစကြာတရားတော်ကို နာယူရင်း တရားရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကို အလေးထား ကြည်ညိုရုံသာမက ဘုရား–တရား–သံဃာကို အခြေကျကျ နားလည်ပြီးလျှင် သာသနာတော်ကို စောင့်ရှောက်နိုင်သူတစ်ယောက် ဖြစ်စေလိုပါသည်။

## နိဗ္ဗာန်ကို လိုချင်ဖို့က အရေးကြီးသည်

ဆရာတော်သည် အပြောနှင့်အလုပ် မညီညွတ်သူများကို နှစ်သက်မှု မရှိတတ်ပါ၊ တရားအားထုတ်သည်, ဝိပဿနာအားထုတ်နေသည်ဆိုသူ အချို့၏ စိန်ရွှေတွေဝတ်, သနပ်ခါး တစ်ဖုံဖုံ, အဝတ်အစားက တစ်ပြောင်ပြောင်နှင့် အစား မဆင်ခြင်, လူစုလူဝေးနှင့် တပျော်တပါး ထင်ရှားအောင် ကြွားဝါလုပ်နေကြသူများကို ထိုအပြုအမူများသည် ဘယ်နည်းမှ သာသနာတော်၌ လိုအပ်သော အပြုအမူများ မဟုတ်ဟု ယူဆပါသည်။

မဟာဂန္ဓာရုံကျောင်းတိုက်သည် ပရိယတ္တိစာသင်တိုက် ဖြစ်စေကာမူ တိတ်ဆိတ်မှုကိုသာ ဦးစားပေးတော်မူပါသည်၊ အလှူပွဲများ၌ပင်လျှင် စကားအပြောအဆို အနေအထိုင် နူးညံ့သိမ်မွေ့မှုကို ဦးစားပေး၍ ဆူညံမှုကို တားမြစ်တော်မူပါသည်။

ကျောင်းတိုက်သို့ ဆရာတော်ထံ လာကြသော ဒကာ-ဒကာမများ, ကျောင်းဒကာ-ကျောင်းအမများ, အလှူရှင်များကိုလည်း ကုသိုလ်အပြည့်အဝ ရနိုင်အောင် အဆုံးအမ ဩဝါဒပေး၍ ဆောင်ရွက်ပေးသည်မှအပ အခြား ဆကားများကို ပြောမနေဘဲ ပြီးလျှင် ပြန်ကြရန်သာ တိုက်တွန်းတော်မူပါသည်။

သာသနာတော်အတွက် အကျိုးပြုနိုင်သူ အကျိုးရှိမည့် လူကြီး လူငယ်များကိုမှ ဆရာတော်သည် အပင်ပန်းခံ၍ အလေးပြု အချိန်ပေး ပြီး ဆွေးနွေးလျှောက်ထားခြင်းကို လက်ခံတော်မူပါသည်၊ သာသနာကို လူများ အထူးသဖြင့် ခေတ်လူများ စနစ်တကျ တကယ့်အခြေအမြစ် နားလည်ရန် ဆရာတော် အထူး ဆန္ဒပြုတော်မူပါသည်။

လူအများကို နိဗ္ဗာန်အကြောင်း ပြောဖို့ထက် နိဗ္ဗာန်နဲ့ဆိုင်တဲ့ သာသနာတော်ကြီးကို အထင်ကြီးအောင် မိမိအတွက် အများအတွက် ဗုဒ္ဓသာသနာက အကျိုးပြုနိုင်သည်ဟု သိလာအောင်, ကိုယ်ကျင့်တရား မပြည့်စုံဘဲနှင့် ဒီသာသနာကို သာသနာ၏ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်နည်းမှ ရဖို့ ရောက်ဖို့ ကြီးပွားတိုးတက်ဖို့ မဖြစ်နိုင် ကြောင်းကို သိအောင် ဆုံးမတော်မူပါသည်၊ ဤနေရာတွင် အလျဉ်း သင့်သဖြင့် ကျောင်းတိုက်အတွင်း နေလို သော သံဃာတော်များ လိုက်နာရန် စည်းကမ်းကို ဖော်ပြလိုပါသည်။

**မဟာဂန္ဓာရုံ၏ လမ်းစဉ် (၁၀)ချက်**

**ဤကျောင်းတိုက်၌**

| | | |
|---|---|---|
| ၁။ စိတ်ကောင်းရှိဖို့က | ............ | ပထမ၊ |
| ၂။ ဝိနည်းလေးစားဖို့က | ............ | ဒုတိယ၊ |
| ၃။ ကျန်းမာဖို့က | ............ | တတိယ၊ |
| ၄။ သန့်ရှင်းဖို့က | ............ | စတုတ္ထ၊ |
| ၅။ အဝတ်အစားတတ်ဖို့က | ............ | ပဥ္စမ၊ |
| ၆။ အနေအထိုင်တတ်ဖို့က | ............ | ဆဋ္ဌမ၊ |
| ၇။ အပြောအဆိုတတ်ဖို့က | ............ | သတ္တမ၊ |
| ၈။ အသွားအလာတတ်ဖို့က | ............ | အဋ္ဌမ၊ |
| ၉။ စည်းကမ်းလိုက်နာဖို့က | ............ | နဝမ၊ |
| ၁၀။ စာတတ်ဖို့က | ............ | ဒသမ၊ |

၁။ **"စိတ်ကောင်းရှိ"**ဟူရာ၌ ထင်ရှားသော လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ အစွန်းအစ မပေါ်အောင် စိတ်ကို အမြဲ စောင့်ရှောက်စေလိုခြင်း, ဗုဒ္ဓါနုဿတိစသော ဘာဝနာတစ်မျိုးမျိုး ဖြင့် ငယ်ရွယ်စဉ်မှစ၍ တဖြည်းဖြည်း ရင့်လာအောင် စိတ်ကို ပြုပြင်စေလိုခြင်း ဖြစ်သည်။

၂။ ထိုသို့ စိတ်ကောင်းရှိဖို့ရန် အခြေခံမှာ ဗုဒ္ဓမြတ်စွာ၏ ဝိနည်း ပညတ်တော်ကို လေးလေးစားစား လိုက်နာလိုသော သဒ္ဓါသာ ဖြစ်၏၊ ဝိနည်း မလေးစားလျှင် စိတ်ကောင်းရှိသော သူတော်ကောင်း မဖြစ်နိုင်ပါ။

၃။ ထိုသို့ စိတ်ကောင်းရှိ၍ **ဝိနည်းလေးစား**သော သူတော်စင်သည် မကျန်းမမာ ဖြစ်နေလျှင် သူ့အတွက် ကြာရှည်အကျိုးရမည် မဟုတ်ပါ၊ ထို့ကြောင့် စာသင်ချိန်မှစ၍ ရောဂါမရအောင် သတိ ထားရမည့်အပြင် အမြဲ ကျန်းမာနေသူဖြစ်ဖို့ အရေးကြီးသည်။

၄။ ထိုကဲ့သို့ **ကျန်းမာသူ** ဖြစ်ဖို့ရန် မိမိနေရာ ပတ်ဝန်းကျင် ကျောင်း, ကျောင်းတိုက်တစ်ရပ်လုံးနှင့် မိမိ၏ ကိုယ်တွင်းကိုယ်ပတို့၌ သန့်ရှင်းမှု အရေးကြီး၏၊ [ညှောင်းကိုက်နေခြင်း, ဓာတ်ချုပ် ဆီးချုပ်နေခြင်း,လေနာစသောရောဂါရှိခြင်း,ကိုယ်၏အနံ့အသက် မကောင်းခြင်းကို **"ကိုယ်တွင်း မသန့်ရှင်း"**ဟုလည်းကောင်း, အဝတ်အသုံးအဆောင်များ ညစ်ပေနေခြင်း, မသပ်ရပ်ခြင်းကို **"အပြင် မသန့်ရှင်း"**ဟုလည်းကောင်း ဆိုလိုပါသည်။]

၅။ မိဘ ဆရာတို့က မသင်ပြလျှင် ဝတ်ပုံလည်း အချိုးမကျ, စားပုံသောက်ပုံလည်း ဣန္ဒြေ မရပါ၊ ထို့ကြောင့် ရဟန်း, သာမဏေများအတွက် သေခိယ သိက္ခာပုဒ်များနှင့် အညီ

အဝတ်အစား, အသွား အလာ, အပြောအဆို တတ်အောင် သင်ပြစေလိုပါသည်၊ [သေခိယဌ် ဝတ်ပုံစားပုံ သွားလာနေထိုင်ပုံ အပြည့်အစုံပါသည်။]

၆။ ဆရာသမားကောင်းတို့၏ တပည့်များသည် မလွှဲသာသော ခရီးသွားချိန်မှတစ်ပါး အများနှင့်ရောရှ၍ မနေကြ, လူအောက်၌ လည်း မထိုင်ကြပါ၊ အမြင့်မတော်သော နေရာ၌လည်း မနေထိုင်ကြပါ။

၇။ အချင်းချင်းဖြစ်စေ, လူဝတ်ကြောင်များနှင့်ဖြစ်စေ စကားပြော ရာ၌ လူချင်းပြောသလို **"ခင်ဗျား, ကျုပ်, မင်း, ငါ, ကွာ"** စသော အသုံးအနှုန်းများကို မသုံးစွဲရပါ၊ ခေါ်သောအခါ **"ဒကာ (အေး), ဒကာမ(အေး)"** စသော အသုံးအနှုန်းများကို ပြု၍ မိမိကိုယ်ကို **"ဦးပဉ္စင်းက, ကိုရင်က"** စသည်ဖြင့် သုံးနှုန်းရပါ သည်၊ [ကျေးရွာ၌ အချို့လူများ စကားပြောသကဲ့သို့ အသံ ကျယ်ကျယ်ဖြင့် ပြောသူကိုကား ဘုရားရှင်လက်ထက်တော်၌ နှင်ထုတ်ခဲ့ဖူးပါသည်။]

၈။ အသွားအလာလည်း မနှေးလွန်း မမြန်လွန်း သွားတတ်အောင် လည်းကောင်း, ဟိုကြည့် သည်ကြည့် မကြည့်ဘဲ ငြိမ်ငြိမ်သက် သက် သွားတတ်အောင်လည်းကောင်း မိဘဆရာတို့က သင်ပြ ကြရပါသည်။

၉။ ဝိနည်းစည်းကမ်း အပြင် ပြဆပ်ခဲ့သော ကျောင်းတိုက်စည်းကမ်း များကိုလည်း လိုက်နာမှသာ ထိုပုဂ္ဂိုလ်အတွက် ဤဘဝ၌ ရသင့်သော အကျိုးများကို ရနိုင်ပါလိမ့်မည်။

၁၀။ ယခုခေတ်၌ စာတတ်ဖို့ကို နံပါတ်(၁) ထား၍ ကြိုးစားနေကြ၏၊ တချို့မှာ ကျန်းမာရေး ပျက်လောက်အောင် ကြိုးစားကြ၏၊

အထိုက်အလျောက် စာတတ်ပါလျက် အကျိုးမခံစားရသူတွေ သည် ပြအပ်ခဲ့သော အရည်အချင်း မစုံမှုကြောင့်သာ ဖြစ်ရ၏၊ ပြအပ်ခဲ့သော အရည်အချင်း ပြည့်စုံပါလျှင် လောက, ဓမ္မ နှစ်ဌာန၌ ရထိုက်သောအကျိုးကို ဧကန်ရနိုင်ပါသည်၊ ထို့ကြောင့် စာတတ်ရေးကို နောက်ဆုံးအရေးဟု ယူဆပါသည်။

**သတိ**။ ။ ငရဲရှိတယ်, တိရစ္ဆာန်ရှိတယ်, ပြိတ္တာရှိတယ်၊
လူနှံလူမွဲ လူဆင်းရဲတွေ ရှိတယ်၊
မိမိလဲ သေရဦးမယ်, သတိထား၊
အလင်းက အမှောင်သွားသူ မဖြစ်ပါစေနှင့်။

**တောင်မြို့ ဘုန်းကြီး**၊

## အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ နေလိုသောပုဂ္ဂိုလ်တို့ ပြည့်စုံရမည့်အင်္ဂါများ

၁။ စာမေးပွဲအောင်မှုကို ပဓာနမပြုဘဲ ပရိယတ် ပဋိပတ် ကျွမ်းကျင်မှု ကိုသာ ပဓာနပြုရခြင်း။

၂။ အင်္ဂါကြီးငယ် ချို့ယွင်းချက် မရှိခြင်း။

၃။ ရှင်ဖြစ်လျှင်– (က) ရတနာ့ဂုဏ်ရည်လာ ရတနာသုံးပါး ဂုဏ်တော်များကိုလည်းကောင်း,
(ခ) ရုပ်ပုံရှင်ကျင့်ဝတ်လာ ကျက်စရာများကို လည်းကောင်း ရပြီးဖြစ်ခြင်း။

၄။ ရဟန်းဖြစ်လျှင်–ပါတိမောက်ဘာသာဋီကာနိဿယဖြင့် ဘိက္ခု ပါတိမောက်ပါဠိအနက်ကို ရပြီးဖြစ်ခြင်း။

**ခွင်းချက်။** ။ကျောင်းတိုက်၌ နေလိုသောဆန္ဒ၏ ထက်သန်ကြောင်း ထင်ရှားအောင် **၃** နှင့် **၄** အချက်ကို ပြထားပါသည်၊ ကျောင်းတိုက်၌ နေဆဲလည်းဖြစ်၊ စောင့်ရှောက်မည့် ပုဂ္ဂိုလ်လည်းဖြစ်သူနှင့် အတူလာလျှင် ကျောင်းတိုက်သို့ ရောက်ပြီးမှလည်း ကျက်နိုင်ပါသည်။

၅။ သင်္ကန်းများကို ပိန္နဲရောင် အရင့် ဆိုးခဲ့ရခြင်း။

၆။ သပိတ်နှင့်(ဆွမ်းခံဖြစ်လောက်သော) သပိတ်အိတ်, ဝတ်ခွက် ငါးလုံးခန့် ပါရခြင်း။

၇။ သင်္ကန်းအရောင်နှင့်တူသော နေရာထိုင် ပါရှိရခြင်း၊ [အရွယ်မှာ ရှင်ငယ်ဖြစ်လျှင် အလျားတစ်တောင့်ထွာ, အနံ တစ်တောင်နှင့် လက် ငါးသစ်ခန့်၊ ရှင်ကြီးနှင့်ရဟန်းဖြစ်လျှင် အလျား နှစ်တောင်, အနံ တစ်တောင့်ထွာခန့် ရှိရပါသည်၊ သင်္ကန်းဟောင်းကို ချုပ်လျှင်လည်း ဖြစ်နိုင်ပါ၏။]

၈။ ရေချိုးခွက်, ဆပ်ပြာခွက်, လက်သုတ်ပဝါ, ဇွန်း, လက်ဖက်ရည် စသည် သောက်ရန်) ဂိုင်းခွက်ပါရခြင်း၊ [ပမာဏမှာ **"မတ်ခွက်"** ဟု ခေါ်သော ခွက်တည်း။]

၉။ သင်္ကန်း, စာအုပ်, ခဲတံ စသော ပစ္စည်းအားလုံးပင် ဝိနည်းတော်နှင့် အပ်စပ်စေရခြင်း၊ [**"ကိုယ်တိုင် ဝယ်အပ်သောပစ္စည်း မဟုတ်ဘဲ မိဘဆွေမျိုး ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများက လှူအပ်သော ပစ္စည်းများသာ ဖြစ်စေရခြင်း"**ဟု ဆိုလိုပါသည်။]

၁၀။ ဆရာ မိဘစသော အုပ်ထိန်းသူဖြစ်စေ, ထိုသူတို့၏ ကိုယ်စားဖြစ်စေ လိုက်ပါအပ်နှံရခြင်း၊ [ရဟန်းတော်များ လိုက်ပို့လျှင် ကပ္ပိယကာရက ပါစေရပါသည်။]

**၁၁။** ထိုကပ္ပိယကာရကက ပါလာသော ငွေကို ဖိုးသူတော်စသော ကပ္ပိယထံ အပ်နှံ လွှဲထားရခြင်း၊ [အပ်နှံခံရသူက ဝိနည်းတော်နှင့် လျော်ညီအောင် လျှောက်ပါလိမ့်မည်။]

**၁၂။** နေမည့် ရဟန်း သာမဏေသည် ဆိုက္ကား, မြင်းလှည်း, နွားလှည်းတို့ကို မစီးခဲ့ရခြင်း။

**၁၃။** ကျောင်း၌နေစဉ် အရာရာ စောင့်ရှောက်မည့် (မိမိထက်ကြီးသော) တာဝန်ခံပုဂ္ဂိုလ် ရှိစေရခြင်း။

**သတိ**။ ။ဝိနည်းတော်နှင့် အညီနေ၍ ဘာဝနာတစ်မျိုးမျိုးကို အချန်မှန်မှန် ကြိုးစားပြီးလျှင်–

**က။** မူလဆရာသမား၏ ကျောင်းတိုက်၌ စာချနေလိုသောပုဂ္ဂိုလ်၊

**ခ။** ကျေးရွာကျောင်း၌နေ၍ လူကြီးလူငယ်များ၏ **စာရိတ္တနှင့်** ပညာရေးကို အားပေးလိုသော ပုဂ္ဂိုလ်။

**ဂ။** တောရကျောင်းမျိုး၌ မိမိအတွက်သာ တရားကျင့်၍ ဆိတ်ငြိမ်စွာ နေလိုသော ပုဂ္ဂိုလ်၊ ဤသာသနာ့ဝန်ဆောင် သုံးမျိုးတွင် ပါဝင်၍ သာသနာအကျိုး ဆောင်လိုသူကိုသာ လက်ခံလိုကြပါသည်။

**၁၃၃၉–ခုနှစ် ကဆုန်လ** **စာချဘုန်းကြီးများနှင့် ဝန်ဆောင်ပုဂ္ဂိုလ်များ၊ မဟာဂန္ဓာရုံကျောင်းတိုက်။**

ယခု ဓမ္မစကြာတရားတော်ကို ဟောကြားရာတွင်လည်း အထက်ပါ ရည်ရွယ်တော်မူချက်ကို အလေးထား၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် တရားနာယူသူ(ဖတ်ရှုလေ့လာသူ)သည် မိမိကိုယ်တိုင် သာသနာတော်တည်းဟူသော မှတ်ကျောက်ဖြင့် အထပ်ထပ် တင်ကြည့်ပြီး မိမိအတွက် အကျိုးသက်ရောက်အောင် နှလုံးသွင်း စဉ်းစားတော်မူစေလိုပါသည်။

## ဤတရားတော် ရိုက်နှိပ်ရခြင်း၏အကြောင်း

ဆရာတော်ဘုရား၏ ဓမ္မစကြာတရားတော်ကို စာအုပ်ဖြစ်မြောက်အောင် ရိုက်နှိပ်ရသည်မှာ—

၁။ ဆရာတော် သက်တော်ထင်ရှား မရှိသည့်နောက် ဆရာတော်၏ သာသနာ့ဩဝါဒများ မပျောက်ပျက်စေရန်။

၂။ သာသနာတော်၌ စိတ်သဘောထား တူမျှကြသူ လူ,ရှင်,ရဟန်းများ ဆရာတော်၏ အဆုံးအမကို အလွယ်တကူ မပျောက်မပျက် ရရှိနိုင်ကြရန်။

၃။ ဗုဒ္ဓဘာသာကို သက်ဝင်ကြည်ညိုသူများ, ဗုဒ္ဓသာသနာတော်ကို ခြေခြေမြစ်မြစ် သိကြရန်။

၄။ မိမိတို့ သိလာသော ဗုဒ္ဓသာသနာကို မိမိတို့၏ ဖြောင့်မတ်သော ကိုယ်ကျင့်တရား ရှိမှသာ မိမိအကျိုး, အများအကျိုးဖြစ်နိုင်မည်ကို အတိအကျ သိလာနိုင်ရန်။

၅။ တရားသိလာသူ ဖြစ်လာပါက လှည့်ပတ်ခြင်း, ဟန်ဆောင်ခြင်း, မနာလိုဝန်တိုခြင်း, အဂတိလိုက်စားခြင်း, လာဘသက္ကာရ အကျော်အစောနောက်သို့ မပါအောင် ကြိုးစား ကျင့်ကြံနိုင်ကြစေခြင်းငှာ ရည်ရွယ်တော်မူပါသည်။

ဤကဲ့သို့ မိမိကိုယ်ကို သူတော်ကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်ပြီးသူသည် ဝိပဿနာတရားကို နှလုံးသွင်းအားထုတ်၍ နိဗ္ဗာန်ကို ရည်မှန်းရန် မခဲယဉ်းတော့ပါ။

## ဆရာတော်၏ မျှော်မှန်းချက်

ဆရာတော်သည် မျက်မှောက်ခေတ်, တစ်ဘဝ, တစ်သက်တာကိုသာ မကြည့်, ရှေးအဆက်ဆက်က သာသနာတော်အား အရှည်တည်တံ့ ခိုင်မြဲအောင် ဝန်ဆောင်သွားကြသော **အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ယသ, အရှင်မဟာမောဂ္ဂလိပုတ္တတိဿ**မထေရ် အစရှိသော ပုဂ္ဂိုလ်များနှင့် မြန်မာပြည်သာသနာကို စတင်ထွန်းကားစေခဲ့သော **အရှင်အရဟံ**ကဲ့သို့ နောင်လာမည့် သာသနာတော်ကိုပါ ကြိုတင် စီမံသွားကြသော ပုဂ္ဂိုလ်မြတ်ကြီးများကို အလွန် အလေးထားတော်မူပါသည်။

ယခု ဆရာတော် ထမ်းဆောင်ကြိုးစားသွားသော သာသနာ့လုပ်ငန်းများကိုကြည့်လျှင် ဆရာတော်သည် ဘုန်းကြီးမှုကို မငဲ့, ဒကာ-ဒကာမမျက်နှာကိုလည်း မထောက်ထားဘဲ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အလေးထား ရည်ရွယ်တော်မူသည့် အတိုင်းသာလျှင် ယနေ့မှစ၍ နောက်လာမည့် သာသနာအတွက် ရည်မှန်းတော်မူလျက် ပိဋကတ်တော်များကို အလွယ်တကူ သင်ယူနိုင်ရန် သဒ္ဒါ, ဝိနည်း, အဘိဓမ္မာ, သုတ္တန် သင်ရိုးကျမ်းကြီးများကို ကုန်အောင် ပြုစုတော်မူခဲ့ပါသည်၊ တစ်ကြိမ်တစ်ခါမျှ အား၍ နားနေသည်ဟု မရှိခဲ့ပါ။

လူအများအတွက် ထိုက်သင့်သလောက် ကျမ်းစာများ ရေးသားခဲ့သော်လည်း ဝိပဿနာ ခေတ်စားနေသည်ဆိုပြီး ဝိပဿနာကျမ်းဟူ၍ သီးသန့် တစ်စောင်တစ်ဖွဲ့ မရေးခဲ့ပါ၊ ဝိပဿနာကို လုပ်ရန် ဘယ်လိုကိုယ်ကျင့်တရားနှင့် ပြည့်စုံ၍ မည်ကဲ့သို့ သဘောထား ကျင့်သင့်သည်ကိုသာ အဆုံးအမ ပေးလေ့ရှိပါသည်။

## သာသနာ့ ဝန်တမ်းများအပေါ် မျှော်လင့်ပုံ

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် **ဩပမ္မသံယုတ်** **ကလင်္ဂရသုတ်**တွင် **လိစ္ဆဝီ**မင်းတို့ကို ဥပမာပေးတော်မူ၍ ရဟန်းတို့အား ကာမဂုဏ် ခံစားသောသူများကဲ့သို့ နူးနူးညံ့ညံ့ မနေကြဘဲ သစ်သားတုံးကို ခေါင်းအုံးပြု၍ နိုးကြားထကြွ သတိ မမေ့မလျော့ဘဲ သာသနာတော်၌ ကြိုးစားအားထုတ်ကြရန် နှိုးဆော်တော်မူခဲ့သည်ကို ပုံစံထား၍ ဆရာတော်သည်လည်း မိမိကိုယ်တိုင်က အစားအသောက် အသုံးအဆောင် အနေအထိုင်တို့တွင် နောက်ပါ မိမိတပည့်များ အလေးထား နာယူနိုင်လောက်အောင် စံအဖြစ် သီတင်းသုံးနေထိုင်၍ သာသနာတော်အတွက်ကို ကြိုးစားတော်မူခဲ့ပါသည်။

တစ်ချိန်က ရန်ကုန်မြို့မှ နိုင်ငံခြားနှင့် အဆက်အသွယ်ရှိသူ ဒကာမကြီးများက ဆရာတော်ထံသို့ ဆိုဖာ အသုံးအဆောင်များ တင်ပို့လှူဒါန်းလိုက်ရာ ကျောင်းသို့ ရောက်သောအခါ အားလုံး မှီအုံးကြီးများအား မိမိရှေ့တွင် ဓားနှင့်ခွဲစေ၍ လဲများကို နှုတ်ခိုင်းပြီးလျှင် သင်္ကန်းစုပ်, အဝတ်စုတ်များ ထည့်ပြီးမှ သံဃာကြီးများထံ ပို့ပေးလိုက်စေပါသည်။

ဂျပန်အရာရှိတစ်ယောက်က ရေဒီယိုပါသော ကက်ဆက်တစ်လုံး လှူသည်ကို ရေဒီယိုမပါသော ကက်ဆက်နှင့် လဲစေရပါသည်၊ **“ဘုန်းကြီးတွေဆိုတာ အခွင့်အရေး မရတာ ပိုကောင်းတယ်၊ အခွင့်အရေးရလျှင် အသုံးပြုတတ်၍ ပျက်စီးမှုကို ဖြစ်စေတတ်သည်”** ဟု သတိပြုတော်မူခဲ့ပါသည်။

ယခု ဓမ္မစကြာ တရားတော်မှာလည်း နာယူသူ အပေါင်းအား သာသနာတော်နှင့် မိမိတိုင်းပြည်အပေါ်တွင် အလိမ္မာတိုး၍ ကိုယ်ကျင့်တရား မြင့်မားလာပြီးလျှင် ဘုရား,တရား,သံဃာနှင့် သာသနာတော်ကို နှစ်နှစ်ကာကာ လေးလေးစားစား ကြည်ညိုတတ်လာရန်ကို အထူး ရည်ရွယ်တော်မူပါသည်။

သာသနာတော်ကို အကြွင်းမဲ့ ကြည်ညိုသူများသည်လည်း နိဗ္ဗာန်သို့ ရောက်ရမည်မှာ ကောင်းကင်သို့ ပစ်သောခဲသည် မြေသို့ ပြန်ကျရမည်မှာ ကိန်းသေသကဲ့သို့သာ ဖြစ်ပါသည်။

ထို့ကြောင့် ဤဓမ္မစကြာ တရားတော်ကို ဖတ်ရှုနာယူကြသူများအား ဆရာတော်၏ ရည်ရွယ်တော်မူရင်းအတိုင်း ဗုဒ္ဓဘာသာဝင်လူကောင်းတစ်ယောက်ဖြစ်၍ သာသနာတော်ကို အကြွင်းမဲ့ ယုံကြည်အားကိုးသူ တစ်ယောက် ဖြစ်အောင် ကျင့်သုံး ဆောက်တည်၍ ဆရာတော်နှင့် သာသနာတော်အား ပူဇော်နိုင်အောင် ကြိုးစားတော်မူကြစေလိုပါသည်။

**ကြိုးစားနိုင်ကြပါစေ**

**၁၃၄၁–ခုနှစ်၊ တော်သလင်းလဆန်း ၄–ရက်**

**စနေနေ့ (၂၅–၈–၇၉)**

### အရှင်ဇနကာဘိဝံသ၏

# ဓမ္မစကြာတရားတော်

### အရှင်ဝါသေဋ္ဌာဘိဝံသ၏အမြင် ဥယျောဇဉ်

✶✶✶✶✶✶✶✶

**၁။ ဂမ္ဘီရာနိပိ သစ္စာနိ, သုဗောဓာနိ ကတာနိ တေ၊**
**စိတ္တာ တေ ပဋိဘာ ဘန္တေ, ကိံ ဘဝဥ္စေမှိ တာဒိသီ။**

ဘန္တေ–**အရှင်ဇနကာဘိဝံသ,** ဘွဲ့နာမဖြင့်, မြန်မာ့ဗွေခွင်, အသရေလွှင်, ပေါ်ထင်ကျော်ကြား, ဆရာတော်အရှင်မြတ်ဘုရား၊

တေ–တစ်ခေတ်တစ်ခါ, ဖြစ်ခဲစွာလျှင်, ပေါ်လာထူးခြား, ဆရာတော် အရှင်မြတ်ဘုရားသည်၊ ဂမ္ဘီရာနိ–သိဖို့ခက်အင်, မြင်ဖို့မလွယ်, ပြောဟောဖွယ်တွက်, ပို၍ခက်ဟု, ဆိုမြွက်အကဲပြ, နက်နဲလှကုန်သော၊ သစ္စာနိပိ–သိ-ပယ်-ဆိုက်-ပွား, ကိစ္စအားဖြင့်, ထင်ရှားသိကာ, အရိယာဟု, ဖြစ်စရာဖန်ထား, သစ္စာအမှန်တရားတို့ကိုသော်လည်း၊

သုဗောဓာနိ–ကြားသူရှင်ပျ, ဉာဏ်မြင်လှဖို့, ဆင်သချယ်လှယ်, နည်းသွယ်သွယ်ဖြင့်, အလွယ်နှင့်ပိုင်, သိရှိနိုင်သည်တို့ကို၊ ကတာနိ–ယုတ္တိသဘာဝ, သာဓကေဖြင့်, ဉာဏစွမ်းထုတ်, သရုပ်ဖော်လတ်, ပြုစီမံတော်မူအပ်ပါကုန်ပြီ၊

တေ–အယူအဆ, တစ်မူလှလျက်, သူနှစ်သက်ဖို့, ချက်အလက်ပြင်, အကွက်ဆင်၍, အယဉ်အလှ, အစဉ်ကျအောင်, တင်ပြဖော်ကြား, ဆရာတော်အရှင်မြတ်ဘုရား၏၊ ပဋိဘာ–ပါရမီထူး, ဇာနည်ဖူးမို့, ကွန့်မြူးမြင်ကာ, ထင်လာအသိ, ဉာဏ်ပညာပဋိဘာန်သည်၊ စိတ္တာ–ခေတ်မီဉာဏ်ပျိုး, ဟာန်မရိုး၍, ပန်းမျိုးစုံခြယ်, တန်းသွယ်တမျှ, ဆန်းကြယ်လှပါပေ၏၊

တာဒိသီ–အဟောစကား, ရေးအသား၌, အများသိလွယ်, ထင်မြင်လွယ်ဖို့, ခြယ်လှယ်ဆင်ဘိ, အသိဉာဏ်ပျိုး, ထိုသို့သောပဋိဘာန်မျိုးသည်၊ အညမှိ–ဆရာရှင်ထား, အလားမတူ, တစ်ပါးသူ၌၊ ကိံ ဘဝေ–လိုက်မီဖွယ်ရာ, မလွယ်ပါမို့, အဘယ်မှာ ဖြစ်နိုင်ရာပါအံ့နည်း၊

န ဘဝေဝ–အရှင့်ပဋိဘာန်, မူလဟန်မို့, တူရန်တုလား, မဖြစ်နိုင်တော့သည်သာ ဘုရား။

## ၂။ ဓာတာ တဝ ပသာဒေန, ဓမ္မစက္ကတ္ထဒေသနာ၊ အဿာဒံ တာယ ဝိန္ဒန္တိ, ဇနာလိနောဝ ဝါရိဇေ။

ဘန္တေ–သာသနာအတွက်, ကိုယ်အသက်ကို, ငဲ့ကွက်မထား, နိုးကြားအစဉ်, ကြိုးစားခဲ့သော အရှင်ဘုရား၊

တဝ–အများတွက်တာ, တစ်ဖက်သာဟု, သက်ညှာကြိုးစား, ဆရာတော် အရှင်ဘုရား၏၊ ပသာဒေန–ရှင်လူအများ, တရားအရာ, သိလိမ္မာဖို့, စေတနာထား, ကြိုးစားအားတင်း, ချီးမြှောက်ခြင်းကြောင့်၊ ဓမ္မစက္ကတ္ထဒေသနာ–ဓမ္မစကြာ, ဒေသနာ၏, ဝေဆာတင့်တယ်, နက်မိပ္ပာယ်ကို, သိလွယ်အောင်ဆင်, ထင်လွယ်အောင်သ, ဟောပြကြားဖော်, တရားတော်သည်၊ ဓာတာ–ထေရ်ရှင့်ကရုဏာ, မေတ္တာတော်လွှမ်း, ဉာဏ်စွမ်းပြကာ, ဖြစ်ပေါ်လာခဲ့ရပါပေပြီ၊

အလိနော–ပန်းရှိရာဆီ, ရပ်ထိုဤသို့, လှည့်လည်မြန်းလျက်, ပန်းရက်စားသုံး, ပျားပိတုန်းတို့သည်၊ ဝါရိဇေ–အထပ်ထပ်သာ, ချပ်အလွှာဖြင့်, ဝေဆာဆန်းတင့်, ကြာပန်းပွင့်၌၊ အဿာဒံ–ဝတ်ရည်မှဖြစ်, အနှစ်သြဇာ, ရသာတစ်သွယ်, သာယာဖွယ်ကို၊ ဝိန္ဒန္တေဝ–သိမှီးဖို့ဂျာ, သုံးဖို့ရာဟု, ကောင်းစွာလှလှ, ရကြကုန်သကဲ့သို့၊

တထော–ထိုနည်းထားယူ, အလားတူပင်၊ ဇနော–ဆရာတော်မြတ်, ခိုမှီကပ်လျက်, အမြတ်လိုလား, ရှင်လူအများတို့သည်၊

တာယ–သိစရာ အရပ်ရပ်, မှတ်စရာ အသီးသီး, နည်းအဖြာဖြာ, တန်ဆာဆင်သ, ဉာဏ်အမြင်လှမို့, တင်ပြထုတ်ဖော်, ထိုသုတ်တော်ဓမ္မစက်ဖြင့်၊ အဿာဒံ–တရားကြောင့်ရ, သုခပီတိ, စိတ်၏အရသာ, အာသာမပြယ်, သာယာဖွယ်ကို၊ ဝိန္ဒန္တိ–တရားသက်ဝင်, စိတ်အစဉ်ဖြင့်, ရွှင်တပျပျ, ရရှိကြပါကုန်တော့သည် ဘုရား။

**၃။ ဥဿာဝတာ. မရာ ဒါနိ, ဝိနာ တံ ဒုဗ္ဗဂါ မယံ၊**
**အဿာသံ ပန ဝိန္ဒာမ, ဂန္တွာ တေ ဒိဿရေ ယတော။**

ဒါနိ(ဣဒါနိ)–လူ့ကျိုးတွက်တာ, ရပ်စဲကာဖြင့်, နတ်ရွာမြန်မှူ, စခန်းပြုရာ, ယခုအခါ၌၊ အမရာ–တရားလိုလား, ထေရ်ဘုရားကို, ခစားညွတ်လာ, ဒေသနာဓမ္မ, နာကြရ၍, ဓမ္မအရသာ, သာယာခံစား, နတ်အများတို့သည်၊ ဥဿာဝတ–ပီတိဓာတ်ဖြင့်, မပြတ်ကြည်နူး, ဖန်ဖန်မြူးရ, ကံထူးကြပါပေစွတကား။

မယံ–ထေရ်ရှင့်ထံမှ, ကျမ်းဂန်များစွာ, ဒေသနာဓမ္မ, ဩဝါဒကို, ရခဲ့အကြောင်း, ရှေးဖြစ်ဟောင်းကို, ပြန်ပြောင်းကြည့်မျှော်, တပည့်တော်တို့သည်၊

တံ–သူမတူတန်, စွမ်းအားသန်သည့်, ရှင့်ဉာဏ်လုံ့လ, ကံအရဖြင့်, မြန်မာ့ကျေးဇူးရှင်, ဂုဏ်အင်ကြီးမား, အရှင်ဆရာတော် မြတ်ဘုရားကို၊ ဝိနာ–မလွဲသာ၍, ခွဲခွာခဲ့ကြ, ကင်းကွာရ၍၊ ဒုဗ္ဗဂါဝတ–ရှေ့ဆက်လက်ကာ, ရတနာမျိုးမှန်, အဖိုးတန်သည့်, ကျမ်းဂန်ဓမ္မ, မရနိုင်ဟု, မယူနိုင်ရ, ကံဆိုးလှပါပေကုန်စွတကား၊

## အရှင်ဝါသေဋ္ဌာဘိဝံသ၏အမြင် ဥယျာဇဉ် [၃]

ပန–ထိုသို့ပင် အသစ်ဆက်ကာ, နှစ်သက်စရာဟု, နည်းနာအဝဝ, ဓမ္မအဖြာဖြာ, မရပါကုန်သော်လည်း၊ ယတော–စိတ်ဖြေဖွယ်ကောင်း, အကြင်အကြောင်းကြောင့်၊ တေ–သာသနာနှင့်, မြန်မာအကျိုး, တိုးဖို့တွက်တာ, နည်းနာညွှန်ပြ, အသုံးချဖို့, လုံးဝကြိုးစား, ဆရာတော်အရှင်ဘုရား၏၊

ဂန္ထာ–စာချစာသင်, များလူရှင်တို့, ခံမင်နှစ်သက်, ခေတ်ဆက်ဆက်လျှင်, မပျက်စွဲကိုင်, မရိုးနိုင်ဘဲ, တိုးခိုင်မြဲမြံ, လမ်းမှန်ဖော်ကြား, ကျမ်းဂန်တော် အများတို့သည်၊

ဒိဿရေ–ဆရာ့လက်ထပ်, နည်းစုံအပ်သို့, သိဓာတ်စွမ်းအင်, အမြင်ပွားမို့, ထင်ရှား ရှိနေကြပါပေကုန်၏၊

(တတော)–ကျမ်းဂန်များစွာ, ရှင့်လက်ရာဟု, မကွာအစဉ်, ဆရာရှင် ရှိနေသောကြောင့်ပင်၊ (မယံ)–ဆရာတော့်ကျေးဇူး, ဂုဏ်အထူးကို, ကြည်နူးဧကန်, အခြေခံဖြင့်, ဝေဖန်ကြည့်မျှော်, တပည့်တော်တို့သည်၊

အဿာသံ–ဆရာတော်ဘုရား, ခွဲခွာသွားလည်း, အားထားဖွယ်ကား, ရှိနေသားဟု, စိတ်အားတက်ကာ, သက်သာရာကို, ဝိန္ဒာမ–ကျမ်းတွေမြင်ရ, ဘဝင်လှလျက်, ရွှင်ပျဖုံဖုံ, ရရှိကြပါပေကုန်သည် ဘုရား။

**အရှင်ဝါသေဋ္ဌာဘိဝံသ**

(B)

# ဓမ္မစကြာတရားတော်

## ပထမနေ့

[သာသနာတော်–၂၄၉၃၊ ကောဇာ ၁၃၁၁–ခုနှစ်က ဟောကြားတော်မူသည်]

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဓမ္မစကြာတရားတော် အချီနိဒါန်း

ဘုန်းကြီး အကြံအစည်ဖြစ်တာ ဘယ်တုန်းကလဲဆိုတော့ အရင် တစ်နှစ်တုန်းက ပရိတ်တရားတော်ကို အသံသွင်းပြီးတဲ့နောက် နောက်ဆုံးနေ့မှာ ဘုန်းကြီး ပြန်သွားတယ်၊ လမ်းမှာ ဓမ္မစကြာ ရွတ်နေသံ ကြားတော့ အဖြတ်အတောက်လဲ မမှန်ဘူး၊ အသံ အနေ အထားကလဲ သဘာဝမကျဘူး၊ အဲဒီလိုဖြစ်နေတာ ကြားရတော့ ဓမ္မစကြာကိုလဲ အသံသွင်းပေးဦးမှပဲလို့ အဲဒီလို စိတ်ဖြစ်ခဲ့တယ်။

စိတ်ဖြစ်ခဲ့တော့ကာ ဓမ္မစကြာပါဠိတော်ကို အသံသွင်းတဲ့အခါမှာ ပါဠိတော်ချည်း သက်သက်သွင်းလိုက်ရင် လူတွေက ဒါ မြတ်စွာ ဘုရားဟောတော်မူတဲ့ တရားဦးပဲလို့ ဆိုပြီး စိတ်ထဲမှာတော့ ကြည်နူးမှာပဲ၊ အဲသလို ကြည်နူးမှုမျိုးကိုတော့ **ပသာဒသဒ္ဓါ**လို့ ဆို ရတယ်၊ ဒီတော့ ကြည်နူးတဲ့အပြင် တရားတော်ရဲ့ အရသာကို သိပြီးတော့ ကြည်နူးရ ကြည်ညိုရလျှင် သာပြီးတော့ လေးနက်သွား တယ်၊ ဉာဏ်က ဒီထဲမှာ စိတ်စိုက်ပြီးတော့ လာတယ်၊ အဲဒီအခါမှာ (အတွင်းသက်ဝင်ပြီးတော့ ယုံကြည်တဲ့) **ဩကပ္ပနသဒ္ဓါ** ဖြစ်ပေါ်လာ တယ်၊ ဒါကြောင့် ဘုန်းကြီးက ပါဠိတော်သက်သက်ချည်း မဟောဘဲနဲ့ ပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်ကိုပါ အဲသလို ဟောပေးမယ်လို့ စိတ်ကူးရတယ်။

ဒီတော့ကာ ဒီတရားတော် တစ်ရပ်ရပ်, ပါဠိတော်တစ်ရပ်ရပ်ကို ကြားနာရတဲ့အခါမှာ ရှေးတုန်းက မြတ်စွာဘုရားရဲ့ အကြောင်းအရာတွေကို သိထားရင် သာပြီးတော့ လေးနက်တယ်၊ နာရတဲ့အခါ မြန်မာများက **"ပုဂ္ဂိုလ် ခင်မှ တရားကို မင်တယ်"**လို့ ပြောလေ့ရှိတယ်၊ ဒီတော့ မြတ်စွာဘုရားရဲ့ အကြောင်းအရာကိုလဲ အားလုံး သိပြီးပေမယ်လို့ ဒီတရားရဲ့ ရှေ့အဖို့ အခြေခံအဖြစ်နဲ့ လိုရင်းလောက်တော့ ပြောပြရမယ်လို့ ဘုန်းကြီးက ယူဆတယ်၊ ဒီတော့ ကနေ့ညမှာ ဘယ်လောက်များ တစ်နာရီအတွင်း ပြီးစရာရှိမလဲလို့ဆိုတော့ မြတ်စွာဘုရားရဲ့ အကြောင်းအရာ အထိုက်အလျောက် ပါစရာရှိတယ်၊ ပြီးတော့ ဓမ္မစကြာပါဠိတော် ပါဠိသက်သက် ပြီးဆုံးစရာရှိတယ်၊ အနက်အဓိပ္ပာယ်နဲ့ တွဲတဲ့အခါကျတော့ကာ ဓမ္မစကြာကို ပိုင်းပိုင်းပြီးတော့ ပထမပိုင်း, ဒုတိယပိုင်း, တတိယပိုင်း အဲသလို သုံးပိုင်းလောက် ပိုင်းလိုက်မှ အနက်အဓိပ္ပာယ် ကောင်းကောင်းနားလည်မယ်၊ ဒါကြောင့် ဒီအနက်အဓိပ္ပာယ် အချိန်ရောက်အောင် သုံးရက်လောက် သွင်းယူရလိမ့်မယ်လို့ ဘုန်းကြီး ခန့်မှန်းချက်ရတယ်၊ ဒါကြောင့် ကနေ့တော့ ကနေ့ဆိုင်ရာကို သွင်းပေးရမယ်နော်။

## မြတ်စွာဘုရား၏ မဟာကရုဏာတော်

**သဗ္ဗောဒိတော ကာရုညေန, ပရံ ပရတ္ထမာဝဟော၊**
**ကရောပယာတနိဗ္ဗာနံ, ဩသဋ္ဌ ဒုက္ကရံ ကရံ။**

နာထော–ငါ၏ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ်မခြား, လူနတ်များ၏, ကိုးစားရာသခင်, ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ကာရုညေန–သတ္တဝါခပင်း, ဆင်းရဲခြင်းကို, လွန်မင်းပြင်းပြ, သနားတော်မူလှသော မဟာကရုဏာတော်သည်၊ သဗ္ဗောဒိတော–မရှောင်သာအောင်, ခါခါထပ်ထပ်, နှိုးဆော်အပ်သည်ဖြစ်၍၊ ကရောပယာတနိဗ္ဗာနံ–လက်လှမ်းမီလောက်, အနီးရောက်လျက်, မျက်မှောက်ပြုရန်,

မြတ်နိဗ္ဗာန်ကို၊ ဩသဒ္ဓ–အလွယ်တကူ, လှမ်းမယူဘဲ, ဗိုလ်လူတွက်တာ, ပယ်စွန့်ခွာ၍၊ ဒုက္ကရံ–သာမာန်လူများ, မကြံအားအောင်, ထူးခြားလွန်ကဲ, ပြုနိုင်ခဲသော ပါရမီဖြည့်မှုကို၊ ကရံ(ကရောန္တော)–လေးသင်္ချေကိန်း, ကပ်တစ်သိန်းမျှ, ထိန်းသိမ်းဆင့်ဆင့်, ပြုကျင့်တော်မူလျက်၊ ပရံ–လွန်လွန်ကဲကဲ, စိတ်ဖွဲ့သန်သန်, နောက်ပြန်မဆုတ်, ကြိုးစားအားထုတ်လျက်သာလျှင်၊ ပရတ္ထံ–သူတစ်ပါးတို့၏အကျိုးစီးပွားကို၊ အာဝဟော–ကိုယ်ဆင်းရဲမှု, လျစ်လျူရှု၍, အမှုပါအောင်, ဆောင်ရွက်တော်မူခဲ့ပါသတည်း။

**ကြည်ညိုဖို့ရာ ကြောင်းကျိုးရှာ။** ။ပုဂ္ဂိုလ်တစ်ပါးပါးကို လေးလေးစားစား ကြည်ညိုတော့မယ်လို့ဆိုတော့ရင် ဘုန်းကြီး ဝါသနာက အကြောင်းရင်း ဘယ်လောက်ကောင်းလာတဲ့ ပုဂ္ဂိုလ်ပါလဲ၊ ပြီးတော့ အဲဒီ အကြောင်းရင်း ဘယ်လောက်အထိ ကောင်းတယ်ဆိုတာ မှန်းဆကြည့်ဖို့အတွက် အဲဒီအကြောင်းကြောင့် ယခု ရရှိထားတဲ့ လက်တွေ့မျက်မြင် အကျိုးကိုကြည့်တဲ့အခါ အကျိုးဘယ်လောက် အဆင့်အတန်းမြင့်မြင့်ရတဲ့ပုဂ္ဂိုလ်ပါလဲလို့၊ ပြီးတော့ အကျိုးရပြန်တော့လဲ အဲဒီ အကျိုးနဲ့စည်းစိမ်နဲ့ နေရုံသက်သက်ဆိုရင် သတ္တဝါတွေမှာ ကျေးဇူးမများသေးပါဘူး၊ အားရပါးရ မကြည်ညိုထိုက်သေးပါဘူး၊ အဲဒီ အကျိုးရပြီးတဲ့အခါမှာ အကျိုးနဲ့ချည်း စံစားမနေဘဲ သတ္တဝါတို့အတွက် ဆင်းရဲခံပြီးတော့ ဘယ်လောက် ကြိုးစားလို့ သတ္တဝါတွေမှာ ဘယ်လောက်အကျိုးများခဲ့သလဲလို့၊

အဲဒီ သုံးချက် ကြည့်ပြီးတော့မှ ဘုန်းကြီးက ကြည်ညိုချင်တယ်၊ အဲသလို အားရမှ ကြည်ညိုစရာကောင်းတယ်လို့ ယူဆတယ်၊ ဘုန်းကြီးတို့ ဘုရားရှင် ကိုယ်တော်မြတ်ကို အဲဒီ သုံးချက်နဲ့ စဉ်းစားပြီး ကြည့်တော့ အကြောင်းဘယ်လောက် ကောင်းခဲ့သလဲလို့၊

အဲဒါလေးကိုလေ, မမှားနိုင်တဲ့ အားလုံး ဝန်ခံနေရတဲ့ အကြောင်းကို ဘုန်းကြီးတို့ စဉ်စားရမယ်နော်။

**ဘုန်းကြီးကို ဘုရားရှင်ကယ်ပုံ။** ။ ယော နာထော–ငါ၏ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ်မခြား, လူနတ်များ၏, ကိုးစားရာသခင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊ သူတစ်ပါးကို ထားလိုက်ပါဦး၊ ဘုရားက ဘုန်းကြီးကို ဘယ်လောက် ကယ်သွားသလဲလို့၊ ဘုန်းကြီးက ကိုယ်ရေးကိုယ်တာအတွက် ဘုရားကို အားရပါးရ အားကိုးလောက်အောင် စဉ်စားတယ်၊ အကယ်၍များ ဆိုပါတော့ ဘုရားရှင် ကိုယ်တော်မြတ်သာ ပွင့်တော်မမူခဲ့လို့ရှိရင် ဘုန်းကြီးရဲ့ ယခုဉာဏ်, ယခု ဝီရိယတွေ ဘယ်လိုနေရာမှာ အသုံးချမလဲ၊ ဟို–လောကီကိစ္စတွေမှာချည်း အသုံးချပြီးတော့ သံသရာထဲမှာ လည်ချင်တိုင်းလည်တဲ့ နည်းတွေကိုချည်း သုံးနေမှာပဲ၊ ယခုတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတွေကို သင်ရလို့, လေ့လာရလို့ **"သြော်–ယခုလိုဘဝမှာ လောကီနယ်မှာပဲ ပျော်ပျော်ပါးပါး နေထိုက်တဲ့ ဘဝမျိုး မဟုတ်ဘူး၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ပါရမီဖြည့်တော်မူပုံတွေကို စဉ်းစားပြီးတော့ မိမိတို့လဲပဲ စွမ်းအားရှိသလောက် ပါရမီဖြည့်မှ တာဝန်ကျေမယ်"**လို့ အဲသလို သဘောရတော့ **"သြော်–သံသရာထဲ အပါယ်လေးပါးအထိ နစ်ရမယ့် ကိစ္စတွေကို မနစ်ရအောင် ဘုရားရှင်ကိုယ်တော်မြတ်က တစ်ခါတည်း သေသေချာချာ ကယ်တော်မူတာပဲ။**

**သတ္တဝါအများကို ဘုရားရှင်ကယ်ပုံ။** ။ **"ယော နာထော– ငါ၏ ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ်မခြား, လူနတ်များ၏, ကိုးစားရာသခင်, ဘုရားရှင်ကိုယ်တော်မြတ်သည်၊"** ဒါဖြင့် ဘုန်းကြီးကိုသာ ကယ်သလားလို့ဆိုတော့ ဘယ်ဟုတ်မလဲ, မြတ်စွာဘုရား သာသနာတော်ကို ဝန်ထမ်းနေတဲ့

ရဟန်း သံဃာတော်ကိုလဲ ကယ်တော်မူတာပဲ၊ သာသနာ့တာဝန်ကို ကူညီပြီးတော့ အပြင်ကနေပြီး သာသနာပြုနေကြတဲ့ ဒကာ,ဒကာမ တွေကိုလဲ ကယ်တော်မူတာပဲ၊ **"ယော နာထော– ငါ၏ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ်မခြား, လူနတ်များ၏, ကိုးစားရာသခင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊"** ကယ်နိုင်လောက်အောင် ဘုရားရှင် ကိုယ်တော်မြတ်က ဘယ်လို အခြေအနေနဲ့ အစီအစဉ်နဲ့များ ကြွလာ ခဲ့ပါသတုန်းလို့ဆိုတော့ **"ကာရုဉ္စေန–သတ္တဝါခပင်း, ဆင်းရဲခြင်း ကြောင့်, လွန်မင်းပြင်းပြ, သနားကရုဏာတော် ကြီးမားလှသည်ဖြစ်၍၊ ကာရုဉ္စေန–သတ္တဝါခပင်း, ဆင်းရဲခြင်းကို, လွန်မင်းပြင်းပြ, သနား တော်မူလှသော မဟာကရုဏာတော်သည်၊ သဉ္စောဒိတော–မရှောင် သာအောင်, ခါခါထပ်ထပ်, တိုက်တွန်း နှိုးဆော်အပ်သည်ဖြစ်၍၊ ကရောပယာတနိဗ္ဗာနံ–လက်လှမ်းမှီလောက်, အနီးရောက်လျက်, မျက်မှောက်ပြုရန်, မြတ်နိဗ္ဗာန်ကို၊ ဩသဇ္ဇ–အလွယ်တကူ, လှမ်း မယူဘဲ, ဗိုလ်လူတွက်တာ, ပယ်စွန့်ခွာ၍၊"**

**လက်လှမ်းမှီလောက် အနီးရောက်ပေမယ့်**။ ။ဘုန်းကြီးတို့ မြတ်စွာ ဘုရားမှာ **ဒီပင်္ကရာ** ဘုရားရှင်လက်ထက် **သုမေဓာ**ရှင်ရသေ့ ဘဝတုန်းကတည်းကပဲ အကယ်၍သာ ရိုးရိုးကလေး သူများနည်းတူ သာဝကအဖြစ်နဲ့ ပရိနိဗ္ဗာန် စံချင်ရင်တော့ အဲဒီတုန်းက နောက်တော်ပါ ရဟန္တာ တစ်ပါးအဖြစ်နဲ့ လိုက်သွားနိုင်တယ်၊ သည်လောက် နိဗ္ဗာန်နဲ့ နီးနေ တယ်၊ အရဟတ္တဖိုလ်နိဗ္ဗာန်ကို အဲဒီလောက်ထိ လက်နဲ့ လှမ်းယူရင် ရမလောက် နီးနေတယ်၊ **"ကရောပယာတနိဗ္ဗာနံ–လက်လှမ်းမှီလောက်, အနီးရောက်လျက်,မျက်မှောက်ပြုရန်,မြတ်နိဗ္ဗာန်ကို၊ ဩသဇ္ဇ–အလွယ် တကူ, လှမ်းမယူဘဲ, ဗိုလ်လူတွက်တာ, ပယ်စွန့်ခွာ၍၊"** ဘာပြုလို့ အလွယ်တကူ လှမ်းပြီးတော့ ယူနိုင်လောက်တဲ့ အခြေအနေ

ရှိသလဲဆိုတော့ အကုန်လုံး ဂုဏ်အင်္ဂါတွေ ပြည့်စုံနေတယ်၊ ဘုရားဖြစ်လောက်တဲ့ ပါရမီသာ မရင့်သေးဘဲ ရိုးရိုးသာဝက ဖြစ်လောက်တဲ့ ပါရမီကတော့ဖြင့် ပိုပြီးတော့နေပြီ၊ အကယ်၍များ ပရိနိဗ္ဗာန်စံပြီးတော့ သွားချင်ရင်တော့ အဲဒီအခါတုန်းက ပရိနိဗ္ဗာန် စံနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီ ပရိနိဗ္ဗာန်ကို အလွယ်တကူ လှမ်းမယူသေးဘူး၊ **"ဩသဇ္ဇ–အလွယ်တကူ, လှမ်းမယူဘဲ, ဗိုလ်လူတွက်တာ, ပယ်စွန့်ခွာ၍၊ ပရံ–လွန်လွန်ကဲကဲ, စိတ်ဖွဲ့သန်သန်, နောက်ပြန်မဆုတ်ဘဲသာလျှင်၊ ပရတ္ထံ–သတ္တဝါအပေါင်း၏ ငြိမ်းချမ်းအေးမြမည့် အကျိုးစီးပွားကို၊ အာဝဟော–ကိုယ်ဆင်းရဲမှု, လျစ်လျူရှု၍, အမှုပါအောင်, ရွက်ဆောင်တော်မူခဲ့ပါသည်တကား။"**

**အတုမဲ့ ဒါနပါရမီ။** ။အဲသလို ဆောင်ရွက်လာတဲ့အခါတုန်းက ကြားထဲမှာ ဘယ်လိုများ ဖြစ်ခဲ့သတုန်းဆိုတော့ **" ဒုက္ကရံ–သာမန်လူများ, မကြံအားအောင်, ဖန်ထားလေဟန်, ကေန်ခက်ခဲတဲ့ ပါရမီဖြည့်မှုကြီးကို၊ ကရံ(ကရောန္တော)–လေးသချေင်္ကိန်း, ကပ်တစ်သိန်းမျှ, တိန်းသိမ်းဆင့်ဆင့်, ပြုကျင့်တော်မူလျက်၊"** သတ္တဝါတွေ အင်မတန် အကျိုးများစေချင်လွန်းလို့ ပါရမီဖြည့်တော်မူခဲ့တယ်၊ ဒါပေမယ့် ကိုယ်တော်မြတ်ဟာ လွယ်လွယ်ကူကူကလေး ပါရမီဖြည့်လာခဲ့ရတာ မဟုတ်ဘူး၊ သာမန်လူများ ကြံတောင်မကြံဖူးဘူး၊ ဥပမာဆိုပါတော့၊ ဒါနပါရမီအခန်း တစ်ခုပဲ စဉ်းစားကြည့်စမ်း၊ ဘုန်းကြီးတို့တတွေ, အားလုံး ကျောင်းဒကာ–ကျောင်းအမ, ဒကာ–ဒကာမအားလုံး အဲဒီလို ပါရမီမျိုးကို, အဲသလို ဒါနမျိုးကို ကြံဖူးရဲ့လားလို့၊ ဘုရားရှင်ကိုယ်တော်မြတ် အလောင်းတော်ဟာ ဘဝပေါင်းများစွာ ပါရမီတွေ ပြုလာခဲ့ရာမှာ ဟို–**သိဝိမင်းကြီး** ဘဝတုန်းက မျက်လုံးကို လှူချင်တယ်လို့ အကြံတော်ဖြစ်တယ်၊

အကြံကို အောင်မြင်စေဖို့ သိကြားမင်းက မျက်မမြင်ပုဏ္ဏားယောင် ဆောင်ပြီးတော့ လာပြီး အလှူခံတယ်၊ အဲဒီအခါတုန်းက မျက်လုံးကို ထုတ်ပြီးတော့ တကယ်ကို လှူခဲ့တာပဲ။

**မိုးကြယ်မက မျက်လုံးဒါန။** ။ ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်၊ ဘုန်းကြီးတို့က ကြံဖူးရဲ့လား၊ မကြံဖူးဘူး၊ ဒါဖြင့် လှူချင်သလားဆိုတော့ အဲသလိုလဲ မလှူချင်ပါဘူး၊ တိုက်တိုက်တွန်းတွန်းနဲ့ အလှူခံတဲ့လူ လာရင်တောင် လှူဖြစ်မယ် မဟုတ်ပါဘူး၊ ဒီတော့ သာမန်ပုဂ္ဂိုလ်တွေ မဆိုထားဘိ တော်တော်ကို ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေတောင် မပြုရဲ မကြံရဲလောက်အောင် အင်မတန် ခက်ခဲတဲ့အမှုတွေကို ပြုတော်မူခဲ့တယ်၊ ဒီတော့ ဒီလို မျက်လုံးတော်ကို ထုတ်ထုတ်ပြီးတော့ လှူခဲ့တဲ့ ဘဝပေါင်းက ဘယ်လောက်များ များသလဲဆိုရင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထဲမှာ မျက်လုံး ထုတ်ထုတ်ပြီးတော့ လှူခဲ့တဲ့ အလှူတွေဟာ ဟို–မိုးပေါ်က ကြယ် တွေကပဲ နည်းပါသေးတယ်၊ ဘုရားအလောင်းတော် မျက်လုံးထုတ် ပြီး လှူခဲ့တဲ့ အလှူတော်တွေက(အလှူတော်တွေမှာ ပါဝင်ခဲ့တဲ့ မျက်လုံးတော်တွေက)ပဲ များပါသေးတယ်၊ ဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ဟုတ်တယ်, ကမ္ဘာတွေက အများကြီးပဲ၊ မျက်လုံး ပေါင်း များစွာကို ထုတ်ပြီးတော့ လှူလာခဲ့တာပဲ၊ အဲသလိုဆိုရင် ဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညိုလွန်းလို့ ဘုရားတရားကို လိုက်နာပြီးတော့ မြတ်စွာဘုရားရဲ့ အလိုတော်ကျ အားထုတ်လို့ နိဗ္ဗာန်ရသွားတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ ထုတ်ထုတ်ပြီးတော့ လှူခဲ့တဲ့ မျက်လုံးလောက်မှ များပါလေရဲ့လားလို့ ဘုန်းကြီးက စဉ်းစားမိတယ်၊ ပရိနိဗ္ဗာန်စံတဲ့ ပုဂ္ဂိုလ်တွေ သင်္ချေများစွာ နောက်က လိုက်ပြီးတော့ ပရိနိဗ္ဗာန်စံတယ်ဆိုပေမယ့် ဘုရားရှင် ကိုယ်တော်မြတ် ဘဝပေါင်းများစွာက ထုတ်၍ လှူလာခဲ့တဲ့ မျက်လုံးလောက်မှ အရေအတွက် များပါလေရဲ့လားလို့ ဘုန်းကြီးက စဉ်းစားမိတယ်။

**သမုဒ္ဒရာရေမက သွေးအလှူဒါန။** ။ ဒီတော့ ခုခေတ်မှာ နိုင်ငံရေး သမားများက ပြောလေ့ရှိ တယ်၊ အသက်သွေးနဲ့ စည်းစိမ်နဲ့ ယူလာခဲ့ရတဲ့ ဒီလွတ်လပ်ရေး ကြီးကို ထိန်းမယ်, သိမ်းမယ်၊ ထိန်းမှ သိမ်းမှ တာဝန်ကျေမယ်လို့ ပြောလေ့ရှိတယ်၊ ဒါဟုတ်တာပဲ၊ လောကီအလိုက် ဟုတ်တာပဲ၊ ဒီတော့ ဘုန်းကြီးတို့ကလဲပဲ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီး ဟာ မြတ်စွာဘုရား တည်ထောင်လာတဲ့ အခြေအနေကို ကြည့်လိုက် တော့ မျက်လုံးပေါင်းများစွာကို ထုတ်ပြီး, မျက်လုံးပေါင်းများစွာ လမ်းခင်းပြီးတော့ ထူထောင်လာခဲ့ရတဲ့ သာသနာတော်ကြီးပဲ၊ တစ်ခါ ဘုရားရှင်ကိုယ်တော်မြတ် သွေးတွေကို ထုတ်ပြီးတော့ လှူလိုက်တဲ့ ဘဝတွေကို စဉ်းစားကြည့်မယ် ဆိုလို့ရှိရင် သမုဒ္ဒရာရေကပဲ နည်းပါ လိမ့်ဦးမယ်တဲ့၊ ဒီတော့ မြတ်စွာဘုရား တည်ထောင်တော်မူလာခဲ့တဲ့ ဒီသာသနာတော်တွင်းမှာ ကျွတ်တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သမုဒ္ဒရာရေထဲမှာ သွားလာနေတဲ့ သတ္တဝါတွေလောက် များပါရဲ့လား လို့ဆိုတော့ အဲသလောက် များမယ်မဟုတ်ပေဘူး၊ ဒီတော့ ဘုန်းကြီးက ဆက်ပြီး စဉ်းစားကြည့်တယ်၊ သြော်–လောကမှာ ပုဂ္ဂိုလ်တစ်ပါး တစ်ပါး အဆင်းရဲခံလိုက်ရတဲ့ အဆင်းရဲဟာ မနည်းပေဘူးနော်၊ အဲဒီ ပုဂ္ဂိုလ်ကို မှီပြီးတော့ သက်တောင့်သက်သာနဲ့ ချမ်းသာသုခရတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပုဂ္ဂိုလ်တစ်ပါး ဆင်းရဲသလောက် အရာမရောက် ပါပဲလားလို့ ဘုန်းကြီးက သူတစ်ပါးအကျိုးဆောင်တဲ့ အလောင်း တော်ကြီးတွေ အဆက်ဆက်ကို ကျေးဇူးတင်ပြီးတော့ တစ်ခါတစ်ခါ အင်မတန် ငဲ့ညှာလိုက်မိတယ်။

**သဗ္ဗောဒိတော ကာရုညေန, ပရံ ပရတ္ထမာဝဟော၊**
**ကရောပယာတနိဗ္ဗာနံ, ဩသဓ္မ ဒုက္ကရံ ကရံ။**

နာထော–ငါ၏ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ်မခြား, 

လူနတ်များ၏, ကိုးစားရာသခင်, ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ကာရုဉေန–သတ္တဝါခပင်း, ဆင်းရဲခြင်းကို, လွန်မင်းပြင်းပြ, သနားတော်မူလှသော မဟာကရုဏာတော်သည်၊ သဠော္ဗဒိတော–မရှောင်သာအောင်, ခါခါထပ်ထပ်, နှိုးဆော်အပ်သည်ဖြစ်၍၊ ကရောပယာတနိဗ္ဗာနံ–လက်လှမ်းမှီလောက်, အနီးရောက်လျက်, မျက်မှောက်ပြုရန်, မြတ်နိဗ္ဗာန်ကို၊ ဩသဇ္ဇ–အလွယ်တကူ, လှမ်းမယူဘဲ, ဗိုလ်လူတွက်တာ, ပယ်စွန့်ခွာ၍၊ ဒုက္ကရံ–သာမန်လူများ, မကြံအားအောင်, ထူးခြားလွန်ကဲ, ပြုနိုင်ခဲသော ပါရမီဖြည့်မှုကို၊ ကရံ(ကရောန္တော)–လေးသင်္ချေကိန်း, ကပ်တစ်သိန်းမျှ, ထိန်းသိမ်းဆင့်ဆင့်, ပြုကျင့်တော်မူလျက်၊ ပရံ–လွန်လွန်ကဲကဲ, စိတ်ဖွဲ့သန်သန်, နောက်ပြန်မဆုတ်, ကြိုးစားအားထုတ်လျက်သာလျှင်၊ ပရတ္ထံ–သူတစ်ပါးတို့၏ အကျိုးစီးပွားကို၊ အာဝဟော–ကိုယ်ဆင်းရဲမှု, လျစ်လျူရှုလျက်, အမှုပါအောင်, ရွက်ဆောင်တော်မူခဲ့ပါသတည်း။

**နောက်ဆုံးဘဝ ပါရမီအကျိုးရပုံ။** ။ အဲသလောက် ပါရမီတော်အကြောင်းတရားတွေ ကြီးကြီးကျယ်ကျယ် ဖြည့်ကျင့် ထမ်းဆောင်ပြီးတော့ လာခဲ့တဲ့ ဘုရားအလောင်းတော်မြတ်ဟာ နောက်ဆုံး ဘုရားဖြစ်မည့် ဘဝကျတော့ ဟို–ကုသိုလ်ကံတွေက သူမရ ငါမရ နောက်ဆုံးအကျိုးပေးရမည့် ဘဝပဲဆိုတဲ့ အနေမျိုးနဲ့ မယ်တော်ဝမ်းထဲ ပဋိသန္ဓေနေတော်မူ ကတည်းကိုက အသီးသီးကံတွေ အကျိုးပေးလိုက်ကြတာ၊ ဟို–လက်တော်ခြေတော်နဲ့ဆိုင်ရာ အကျိုးပေးရမည့်ကံက လက်တော်, ခြေတော်ကလေး တကတည်း လှလှပပဖြစ်အောင်, မျက်နှာတော်ထဲက မျက်လုံး အကျိုးပေးရမည့် ကံကလဲ မျက်လုံးတော်ကလေး ကြည်ကြည် လင်လင်ဖြစ်အောင်, နှုတ်ခမ်းတော် အကျိုးပေးရမည့်ကံက နှုတ်ခမ်းတော်ကလေး တကတည်း ဟသ်ပဒါးလို နီပြီးတော့နေအောင်,

အသားအရေ အကျိုးပေးရမည့်ကံက အသားအရေ ဝါဝင်းပြီးတော့ ရွှေအဆင်းဖြစ်အောင်, တစ်ကိုယ်လုံး အကျိုးပေးရမည့်ကံတွေကလဲ တကတည်း တစ်ကိုယ်လုံး သူ့နေရာနဲ့သူ အကျိုးပေးလိုက်ကြတာ၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် အလောင်းတော်ကလေး ဖွားမြင်ပြီးတော့ လာတယ်ဆိုရင်ပဲ ကျက်သရေ အမျိုးမျိုးစုံလို့, အင်မတန်သပ္ပာယ်တဲ့ ရုပ်ရေအဆင်းကလေးနဲ့ ဖွားမြင်ပြီးလာခဲ့တယ်။

**ပစ္ဆိမံ ဖလဒါနေန, ဗဟုံ ပစိတပါရမီ၊**
**ယဿ ဝေသံ သုမာပေန္တိ, ကေနာပိ အသမံ သမံ။**

ဗဟုံ–ဤရွှေ့ဤမျှ, ဂဏန်းချ၍, မရနိုင်သို့, အတိုင်းမရှိလေအောင်၊ ပစိတပါရမီ–လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်း စုဆောင်း, ပါရမီတော်အပေါင်းတို့သည်၊ ပစ္ဆိမံဖလဒါနေန–ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန် အကျိုးပေးသောအားဖြင့်၊ ယဿ ဘဂဝတော–အကြင် ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဝေသံ–ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ–လူမင်း-နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ–လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနိုင်းသာသည်ဖြစ်၍၊ သမံ–တစ်ကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, ဇမ္ဗူရာဇ်သိင်္ဂီ, နာရဏီမျှ, သာကီဝင်သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊ သုမာပေန္တိ–တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, ဆန်းအဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်းလိုက်ကြသည်တကား။

**ခန္ဓာကိုယ်ရေး အဆုံးစွန်အကျိုးပေးကြခြင်း။ ။"ပစ္ဆိမံ ဖလဒါနေန–ဖြစ် ပျက် ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန် အကျိုးပေးသောအားဖြင့်၊"**

သည့်နောက်မှာ ခန္ဓာကိုယ်နှင့် စပ်ပြီးတော့ အကျိုးပေးပေးစရာ ဘာဘဝမှ မရှိတော့ဘူး၊ ဘဝပေါင်းများစွာက ပြုလာခဲ့တဲ့ ကံတွေကလဲ တစ်ဘဝ တစ်ဘဝမှာဆိုရင် အကျိုးပေးလို့ မကုန်နိုင်ဘူး၊ ဥပမာ– ဒီလိုဘဝက ပြုထားတဲ့ကုသိုလ်ကံတွေဟာ နောက်ဒုတိယဘဝလောက် ကျတော့ အကျိုးပေးလို့ မကုန်ဘူး၊ တစ်ခါ ဒုတိယဘဝ ထပ်ပြီးတော့ ပြုတဲ့ကံတွေက တတိယဘဝ အကျိုးပေးလို့ မကုန်ပြန်ဘူး၊ အများကြီး ကျန်ကျန်နေတယ်၊ အဲသလို လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာ ကံတွေ ကသာ များပြီးတော့ အကျိုးပေးရတဲ့ ဘဝက နည်းနေတယ်၊ အဲဒါ နောက်ဆုံးဘဝကျတော့ လက္ခဏသုတ် ပါဠိတော်မှာ လာသည့်အတိုင်း ဒီလူ့ဘဝရောက်အောင် အကျိုးပေးတဲ့ ကံအဖြစ်နဲ့ ရှေးက အခြံအရံ ကံတွေက အကုန်လုံး စုံပြီးတော့ သူ့နေရာနှင့်သူ လိုလေသေးမရှိ အကျိုးပေးကြတယ်၊ **“ပစ္ဆိမံဖလဒါနေန–ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန်အကျိုးပေးသောအားဖြင့်၊ ယသ္သ ဘဂဝတော– အကြင် ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဝေသံ– ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ–လူမင်း-နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ–လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနှိုင်းသာသည်ဖြစ်၍၊ သမံ–တစ်ကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, ဇမ္ဗူရာဇ်သိင်္ဂီ, နာရဏီမျှ, သာကီစင်သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊ သုမာပေန္တိ– တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, ဆန်းအဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်းလိုက်ကြပေသည်တကား။”**

**ဘုရားရဲ့တာဝန်ကို ထမ်းဆောင်ရတာ ဝမ်းသာစရာ** ဘုန်းကြီးကတော့ ဘုန်းကြီးတို့ မြတ်စွာဘုရားအတွက် ဂုဏ် သိပ်ယူတာပဲ၊ ဘုန်းကြီးတို့

မြတ်စွာဘုရားရဲ့ သာဝကတစ်ပါးအနေနဲ့ သာသနာ့တာဝန် ဆောင် နေရတာ သိပ်ဂုဏ်ယူတာပဲ၊ တို့ဘုရားဟာ သာမန်ဘုရား မဟုတ်ဘူး၊ အကြောင်း ကြည့်လိုက်တော့လဲ အကြောင်းတွေစုံလို့၊ လောကမှာ စွန့်ကြဲတဲ့ ဒါနဘက်က ကြည့်မလား၊ စောင့်ထိန်းတဲ့ အကျင့်စာရိတ္တ သီလဘက်က ကြည့်မလား၊ စည်းစိမ်ကြီးတွေ စွန့်ပြီးတော့ တော ထွက်ပြီး မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်တဲ့အပြင် ခန္တီဘက်က ကြည့်မလား၊ အဲသလောက် အထက်တန်း ရောက်နေပေမယ်လို့ ပေါ့ပေါ့ဆဆ အေးအေးဆေးဆေးကြီး မဟုတ်ဘဲနဲ့ လုံ့လဝီရိယ ထက်သန်ပြီးတော့နေတဲ့ဘက်က ကြည့်မလား၊ အကုန်လုံး အကြောင်း တွေ ကြည့်လို့ရှိရင် တို့ဘုရား မြတ်စွာဘုရားလို့ သာမည မခေါ် ချင်ဘူး၊ တို့ဘုရား ငါတို့ သာသနာပြု ရဟန်းသံဃာ ဒကာ,ဒကာမ တို့ရဲ့ဘုရားလို့, အဲသလို အားရပါးရ ခေါ်လိုက်ချင်တယ်၊ ဘုန်းကြီးက သိပ်ပြီးတော့ ဂုဏ်ယူတာပဲ၊ တို့ဘုရားရဲ့ တာဝန်တွေကို ဆောင်ရတဲ့ ဥစ္စာ သိပ်ပြီးတော့ ဝမ်းမြောက်စရာ ကောင်းတာပဲလို့, အဲသလို စိတ်ထဲက နှစ်နှစ်ကာကာကြီး သဘောထားတယ်။

**မြင့်မြတ်တဲ့ သာကီဝင်မင်းမျိုး။** ။အကြောင်း ကောင်းရုံတင်မက ဘူး၊ အကျိုးပေး ကောင်းလိုက်ပုံ က ဒီအကြောင်း ကောင်းလို့လဲ အကျိုးပေးကောင်းတာ၊ ကြည့်စမ်း အားလုံးကြားဖူးတဲ့ ရာဇဝင်ကလဲ သက်သေခံနေတဲ့ အမျိုးဟာဘာလဲ သာကီဝင်မင်းမျိုး၊ ဘယ်မင်းမျိုးဖြစ်ဖြစ် ဟိုတစ်ချိန်တုန်းက ဟိုအမျိုး ဒီအမျိုးနဲ့ ရောရောပြီးမှ မင်းဖြစ်ကြတယ်၊ ဘုန်းကြီးတို့ ဘုရားအမျိုး က အစဉ်အဆက်က လာပြီးတော့ မင်း–မိဖုရား, မင်း–မိဖုရား၊ အကယ်၍များ ကြားဖောက်ပြီးတော့ ခတ္တိယမင်းမျိုးက ဗြာဟ္မဏ မျိုးနဲ့ အကြောင်းပါလျှင် သွား တခြားကို၊ တို့အမျိုးထဲတော့ ခတ္တိယ ချည်း ရှိရမယ်၊ တခြားသူတွေနဲ့ အကြောင်းမပါရဘူးတော့ မဟုတ်ဘူး၊

ပါရပါတယ်၊ အကြောင်းပါပေမယ့် ပါသရွေ့ဟာ အမျိုးထဲက ထွက်သွား၊ တို့အမျိုးထဲမှာသာ ဆက်ပြီးသွားတဲ့ သူတွေကတော့ ခတ္တိယမျိုးချည်းပဲ၊ ထီးနန်းမရတဲ့ သူတွေကလဲ ခတ္တိယမျိုးချည်းပဲ၊ အမျိုးသမီး အမျိုးသား အားလုံး အဲသလို ခတ္တိယမျိုးအနေနဲ့ လာခဲ့တာချည်းပဲ၊ အဲသလောက် သန့်ပြန့်တဲ့ အမျိုးမှာ သီလသိက္ခာ အကျင့်စာရိတ္တကောင်းပေ့ဆိုတဲ့ **မယ်တော်မာယာ**ရဲ့ ဝမ်းတိုက်မှာ ထူးထူးခြားခြား ဝင်စားပြီးတော့ ချမ်းချမ်းသာသာ ဖွားမြင်တော်မူလာတယ်တဲ့၊ ကျက်သရေ ရှိလိုက်တာ အလောင်းတော်ကလေး ဘဝတုန်းက။

**ပြုသမျှကုသိုလ်များ အလကားမဖြစ်။** ။**" ဗဟုံ–ဤရွေ့ ဤမျှ၊ ဂဏန်းချ၍၊ မရနိုင်းညှိ၊ အတိုင်းမရှိလေအောင်၊ ပစိတပါရမီ–လေးသင်္ချေကိန်း၊ ကပ်တစ်သိန်းက၊ ထိန်းသိမ်းစုဆောင်း၊ ပါရမီတော်အပေါင်းတို့သည်၊"** ဒီအချက်ကလေးတွေကို လေးလေးနက်နက် ရပ်ပြီးစဉ်းစားလျှင် ဘုန်းကြီးတို့ပြုနေတဲ့ ကုသိုလ်တွေဟာ အလကား အချည်းအနှီး မဖြစ်ဘူး၊ တစ်ချိန်တစ်ချိန် သူ့အကျိုးနဲ့ ဆက်ဆက်သွားမယ်၊**"ဗဟုံ–ဤ၍ဤမျှ၊ ဂဏန်းချ၍၊ မရနိုင်းညှိ၊ အတိုင်းမရှိလေအောင်၊ ပစိတပါရမီ–လေးသင်္ချေကိန်း၊ ကပ်တစ်သိန်းက၊ ထိန်းသိမ်းစုဆောင်း၊ ပါရမီတော်အပေါင်းတို့သည်၊"** ဘုန်းကြီးတို့လဲ စုထားခဲ့တဲ့ ပါရမီတွေ ဒီလိုနေမှာပေါ့၊ ယခု သာသနာပြု ဒကာ-ဒကာမတွေ စုနေတဲ့ ပါရမီတွေဟာလဲ ဒီလို ပြည့်နေမှာပေါ့၊ ဒီဟာ ကြည့်လေလေ၊ မိမိတို့ရဲ့လမ်းဟာ အင်မတန်မှန်တဲ့ အလုပ်ပဲဆိုတာ ထင်ရှားတယ်၊ **"ပစိတပါရမီ–လေးသင်္ချေကိန်း၊ ကပ်တစ်သိန်းက၊ ထိန်းသိမ်းစုဆောင်း၊ ပါရမီတော် အပေါင်းတို့သည်၊ ပစ္ဆိမ်ဖလဒါနေန–ဖြစ်ပျက်ဖန်ခါ၊ သံသရာဝယ်၊ ခန္ဓာကိုယ်ရေး၊ အဆုံးစွန် အကျိုးပေးသောအား ဖြင့်၊ ယသဿ ဘဂဝတော–အကြင် ရွှေဘုန်းတော်သခင်၊ ရှင်တော် မြတ်ဘုရား၏၊**

**ဝေသံ–ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ် တော်သဏ္ဍာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊"** ဒီလောကကြီးမှာ တစ်မျိုး ရှိတယ်နော်၊ မျက်နှာက လှတယ်ဆိုပေမယ့် ကျက်သရေ ရှိချင်မှ ရှိမှာ၊ မျက်နှာက လှတယ်ဆိုပေမယ့်လို့ မျက်လုံးတို့ မျက်ခုံးတို့ နှုတ်ခမ်းတို့ နှာခေါင်းတို့ တစ်ခုစီ တစ်ခုစီ အစိတ်အပိုင်းတွေ စဉ်းစားကြည့်တဲ့အခါမှာ စုံချင်မှ စုံတယ်၊ ဘုန်းကြီးတို့ ဘုရားလောင်း ကျတော့လေ သူ့အကန့်နဲ့ သူ့အကန့်နဲ့ ကံတွေက သူမရ ငါမရ အကျိုးပေးနေကြတယ်။

**နတ်ဗြဟ္မာထက် သာလွန်တင့်တယ်။ ။"ဝေသံ–ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ် တော် သဏ္ဍာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ– လူမင်း-နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတစ်ယောက်နှင့်မျှ၊"** ဟို–လှတဲ့လူတွေ လှပါတယ်၊ လှပေမယ်လို့ ကျက်သရေချင်း မတူ တတ်ဘူး၊ နတ်တွေဆိုတာ သိပ်လှတာပေါ့၊ ဗြဟ္မာတွေဆိုတာ မပြောနဲ့တော့ သိပ်လှတာပေါ့၊ သို့ပေမယ်လို့ ဘုန်းကြီးက ယှဉ် ကြည့်တယ်၊ လှပေ့ဆိုတဲ့ နတ်တွေ ဗြဟ္မာတွေ အလယ်မှာ မြတ်စွာ ဘုရားက တရားဟောတော်မူတယ်၊ တရားဟောတော်မူတဲ့အခါမှာ စာက ချီးမွမ်းထားလိုက်တာ ဘယ်နတ်ကမှ ဘုရားကို သာမသွားဘူး၊ ဘယ်ဗြဟ္မာကမှ ဘုရားကို သာမသွားဘူး၊ မြတ်စွာဘုရားကသာ အဲဒီ နတ်တွေ ဗြဟ္မာတွေကို သာလွန်ပြီးတော့ တင့်တယ်ပါတယ်တဲ့၊ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ဟုတ်တယ် ဒီနတ်ဖြစ်ဖြစ်, ဗြဟ္မာ ဖြစ်ဖြစ် မျက်လုံး မျက်ခုံး နှာခေါင်း ဒါတွေ အစိတ်အပိုင်း အကုန် လုံး လှတာကို လှတယ်လို့ ဆိုတယ်၊ ဘုန်းကြီးတို့ ဘုရားရှင်ကလဲ ဒါတွေ အပြည့်အစုံ ကောင်းတယ်။

**အရာရာမှာ ဘုရားကသာ။** ။အပြည့်အစုံကောင်းတဲ့အပြင် ဘာက သာနေသလဲလို့ဆိုတော့ နတ်တွေ ဗြဟ္မာတွေကို တရားဟောတဲ့ အချိန်တုန်းက ပတ်ဝန်းကျင်က နတ်တွေ ဗြဟ္မာတွေရဲ့ ဝမ်းထဲမှာ အဝိဇ္ဇာနဲ့ တဏှာနဲ့ လောဘနဲ့ ဒေါသနဲ့ မောဟနဲ့၊ မြတ်စွာဘုရားမှာတော့ အဝိဇ္ဇာ မရှိ၊ တဏှာ မရှိ၊ လောဘ မရှိ၊ ဒေါသမရှိ၊ မောဟမရှိ၊ အတွင်းစိတ်က ပိုပြီးတော့ ကြည်လင်နေတဲ့အတွက် ကျက်သရေက ပိုပြီးတော့ သာပြန်ရော၊ ကောင်းပြီ၊ အဲဒီ ဗြဟ္မာတွေထဲမှာ အနာဂါမ်တွေ ရဟန္တာတွေ လောဘ ဒေါသ ကုန်တာတွေ မရှိဘူးလား၊ ရှိပါရဲ့၊ ဘာက သာနေပြန်သလဲဆိုတော့ မေတ္တာ ကရုဏာ မြတ်စွာဘုရားက သာနေပြန်ရော၊ သဗ္ဗညုတဉာဏ်တော်မှာ မြတ်စွာဘုရားက သာနေပြန်ရော၊ အဲဒီ ဉာဏ်တော် စိတ်တော်ဓာတ်ကြောင့် အပြင်ဘက်မှာ ထွက်နေတဲ့ ရုပ်ရဲ့ အဆင်းတော်တွေဟာ ပိုပြီးတော့ ကျက်သရေ ရှိတယ်၊ ဘုန်းကြီး ဒီတော့ ကောက်ချက်ချကြည့်တယ်၊ ဟုတ်တယ် ဘုရားက နတ်ပြည်မှာ တရားဟောလဲ နတ်တွေ ဗြဟ္မာတွေထက် သာတယ် ဆိုတာ သာကို သာထိုက်လို့ သာတာပါပဲလားလို့ ဘုန်းကြီးက ဒီလို နည်းအားဖြင့်လဲ ဘုရားရှင်ကို သိပ်အားရတာပဲ၊ **"ဝေသံ–ရွှေမျက်နှာတော်၊ လက်ခြေတော်နှင့်၊ ကိုယ်တော်သဏ္ဌာန်၊ ပုံဟန်ထင်ပေါ်၊ အသွင်အပြင်တော်ကို၊ ကေနာပိ–လူမင်း–နတ်မင်း၊ ဗြဟ္မာမင်းဝယ်၊ ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ–လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ ဘယ်ဝယ်တိုင်းကာ၊ မနှိုင်းသာသည်ဖြစ်၍၊ သမံ–တစ်ကိုယ်တော်လုံး၊ ရွှေတုံးရွှေနှစ်၊ ဇမ္ဗူရာဇ်သိင်္ဂီ၊ နာရဏီမျှ၊ သာကီဝင်သွေး၊ အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊"** ကံတွေက ဝိုင်းပြီးတော့ ဖန်ဆင်းလိုက်တာ၊ ဒါနဲ့ ဘုရားရှင်ကိုယ်တော်မြတ်

အလောင်းတော်ကလေး ဖွားမြင်ပြီးလို့ မကြာခင်ဘဲ ယခုလူများရဲ့ အသုံးအစွဲအားဖြင့် ကင်ပွန်းတပ်တဲ့အချန် ဆိုကြစို့၊ ပခက်တင် မင်္ဂလာပြုတဲ့အချိန် ဆိုကြပါစို့။

**ကောဏ္ဍည ဟောကိန်း**။ ။အဲဒီ **ကပိလဝတ်**နေပြည်မှာ ဝေဒကျမ်းမှာ အတတ်ဆုံးဖြစ်တဲ့ ပုဏ္ဏားတစ်ရာနဲ့ ရှစ်ယောက် ရွေးချယ်ပြီးတော့ ဖိတ်မန်တယ်၊ ပုဏ္ဏားတစ်ရာနဲ့ရှစ်ယောက်ရဲ့ ပညာအခြေအနေဟာ ယခုအပြောနဲ့ ပြောလို့ရှိရင် သူတို့ပညာဘက်မှာ ပါမောက္ခတွေချည်းပဲ စုလာတယ်၊ ဒီတော့ **သုဒ္ဓေါဒန** မင်းက သားတော်ရဲ့ ရုပ်လက္ခဏာကို ကြည့်ရအောင် နိမိတ်ဖတ်ရအောင်, ဟောရအောင် ပညာရှိ ဗြာဟ္မဏကြီး(ပုဏ္ဏားကြီး)များ လာပါလို့ ဖိတ်မန်ပြီးတော့ ကောင်းမွန်စွာ ကျွေးပြီး သားတော်ကလေးကို ပြတယ်ကိုး၊ အဲဒီလို ပြတဲ့အခါမှာ တစ်ရာ့ရှစ်ယောက်ထဲက အတတ်ဆုံး အတော်ဆုံး အထင်ရှားဆုံးဖြစ်တဲ့ ရှစ်ယောက်ကို ရွေးချယ်ပြီးတော့ အဲဒီရှစ်ယောက်က လက္ခဏာကို ကြည့်ကြတယ်၊ လက္ခဏာဆိုတာ လက်ထဲမှာရှိတဲ့ အစင်းကြောင်းကို ကြည့်တာမဟုတ်ဘူး၊ ဦးခေါင်း တော်မှစပြီး ခြေဖဝါးတော်အထိ တစ်ကိုယ်လုံးကြည့်တယ်၊ အဲဒီလို ကြည့်ပြီးတော့ ပုဏ္ဏားရှစ်ယောက်ထဲက အကြီးဆုံးဖြစ်တဲ့ ပုဏ္ဏား ခုနစ်ယောက်က ဘယ်လို ဟောသလဲဆိုတော့ ဒီရုပ်လက္ခဏာနဲ့ ပြည့်စုံတဲ့ သတို့သားဟာ လူ့ဘောင်မှာ နေလို့ရှိရင် စကြာမင်းဖြစ်လောက်တဲ့ ကံဇာတာ ပါပါတယ်၊ လူ့ဘောင်မှာ မပျော်မွေ့လို့ တောထွက်လို့ရှိရင် **သမ္မာသမ္ဗုဒ္ဓ**=တရားအလုံးစုံကို သိတော်မူတဲ့ ဘုရားရှင် ဖြစ်လိမ့်မယ်လို့ အဟောထွက်ကြတယ်။

အငယ်ဆုံးဖြစ်တဲ့ **ကောဏ္ဍည**ဆိုတဲ့ ပုဏ္ဏားလေးကတော့ ငယ်ပေမယ်လို့ ပညာက လျှမ်းလျှမ်းတောက်မို့လို့ သူ့ကိုလဲ ဆရာကြီး

သမားကြီးထဲမှာ ရွေးကောက်ထားတယ်၊ သူက ဘယ်လို ဟောသလဲ ဆိုတော့ ကေန်မုချ **ဗုဒ္ဓ**ဖြစ်မယ်တဲ့၊ ထိုပုဂ္ဂိုလ်တွေ ပြောတာလဲ မလွဲဘူး၊ ဒီရုပ်လက္ခဏာဟာ ဒီနှစ်လမ်း ရှိတယ်လို့ သူတို့က ဝေဒ ကျမ်းစာအတိုင်းသာ ဟောကြတယ်၊ အဲဒီ အငယ်ဆုံးဖြစ်တဲ့ ထက်ပေ့ဆိုတဲ့ **ကောဏ္ဍည** ဗြာဟ္မဏလေးကတော့ ဒါကျမ်းဂန်က ဒီလိုတော့ ပါတယ်၊ ကျမ်းဂန် ဒီလိုပါပေမယ့် သူ့ရဲ့စိတ်ထဲမှာ အထူးမြင်တဲ့ အချက်ကလေးတွေက ရှိတယ်၊ ဘယ်နည်းနဲ့မှ ဗုဒ္ဓ မဖြစ်ဘဲ မနေဘူး၊ ဗုဒ္ဓ ဖြစ်မှာပဲ၊ အဲဒီလို အဟောထွက်သွားတယ်၊ ထိုဆရာကြီးတို့ကလဲ မငြင်းပါဘူး၊ နောက်တော့ သူတို့ဟောတဲ့ ကိစ္စတွေ ပြီးတော့ သူတို့ရတဲ့ လာဘ်လာဘတွေ ဆိုင်ရာပို့ပြီး ဗြာဟ္မဏကြီးတွေက ပြောတယ်၊ **"ဒီမင်းသား ဗုဒ္ဓဖြစ်တဲ့ ဘုရားဖြစ်တဲ့ အချိန်မှာ ငါတို့ တွေ့ကောင်းမှ တွေ့ရတော့မယ်၊ တို့ မတွေ့ရလို့ ရှိရင်ဖြင့်တို့သားတွေကို ရဟန်းပြုခိုင်းပြီးကော့ ဗုဒ္ဓဆီမှာ တရား ယူကြပါစေ"**လို့ အဲဒီလို ပြောပြီးတော့ **ကောဏ္ဍည** ပါမောက္ခ ကလေးကို အပ်နှင်းခဲ့ကြတယ်၊ နောက်တော့ အဲဒီ ဗြာဟ္မဏကြီးတွေ ရဲ့ သားတွေကို သွေးစည်းညှိနှိုင်းတဲ့ အခါကျတော့ ခုနစ်ယောက်က အကုန်လုံး လိုက်မယ်လို့ မပြောဘဲနဲ့ လေးယောက်လောက်ကသာ လိုက်မယ်လို့ဆိုပြီး **ကောဏ္ဍည** ဗြာဟ္မဏရဲ့နောက် လိုက်ပြီးတော့ တောထွက်သွားကြတယ်၊ နောက်ကို **ပဉ္စဝဂ္ဂီငါးဦး** သူတို့ ဖြစ်ကြတယ်။

**အတတ်ဟော ကောဏ္ဍည တရားဦးရ။** ။ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်၊ လောက မှာ အကြောင်းနဲ့ အကျိုးနဲ့ စဉ်းစားကြည့်လို့ရှိရင် အဆက်အသွယ် အများကြီးရှိတယ်၊ ဒီ**ကောဏ္ဍည** ဗြာဟ္မဏလေးပဲ နောက် တရားဦး ရတယ်၊ ဒါ သူ ပထမဆုံးရတယ်၊ သူပဲ ဟောတုန်းက ထူးထူးခြားခြား ဟောခဲ့တယ်၊ မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေနေတုန်းက

အိပ်မက်တွေ ဘာတွေမက်တော့ နိမိတ်ဖတ်တုန်းကလဲပဲ သူပါတယ်၊ ဒီတော့ တယ်တော်တဲ့ ပုဂ္ဂိုလ်လေး၊ ရှေးပါရမီက ရှိပြီးသားဖြစ်တော့ ဟောပုံကလဲ သူများထက် ထူးလာတယ်၊ တောထွက်ပြီးတော့ စောင့်ပြီးနေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်လက္ခဏာကို ဖတ်ပြီးတော့ ဧကန်မုချ ဗုဒ္ဓဖြစ်လိမ့်မယ်လို့ အဟောထွက်ပေမယ့် ခမည်းတော် **သုဒ္ဓေါဒန**မင်းနှင့်တကွ အားလုံးသော ဆွေတော်မျိုးတော်တွေကလေ တောထွက်သွားမှာကို မလိုလာကြဘူး၊ ထီးနန်းစံပြီးတော့ စကြာမင်းစည်းစိမ်နဲ့ ကမ္ဘာပေါ်မှာ ထင်ထင်ပေါ်ပေါ် နေစေချင်တယ်၊ ဒါကြောင့် တောမထွက်နိုင်အောင် အမျိုးမျိုး ကြံစည်ပြီးတော့ လာခဲ့ကြတယ်၊ နောက်ဆုံးကျတော့ ဉာဏ်တော်က မရင့်ခင် ပါရမီတော်က အချိန်မစေ့ခင် အားလုံး ဆွေတော်မျိုးတော် ခမည်းတော်ကြီးများရဲ့ စိမံတဲ့အတိုင်းပဲ (၁၆)နှစ်သားလောက်မှာ ထီးနန်းကို ဆက်ခံရတယ်။

(၂၉)နှစ် အရွယ်ရောက်တော့ အားလုံးကြားဖူးတဲ့ သူအိုကြီး မြင်လို့, ဒါကလဲ တမင်ကို ဆောင်ပြလို့ မြင်ရတာ၊ နဂိုကတော့ သူအိုတို့, သူနာတို့, သူသေတို့ မမြင်အောင်ကို ဘေးက စောင့်ကြပ်ထားတယ်၊ ဥယျာဉ်သွားတဲ့ အချိန်မှာ ဗြဟ္မာမင်းကြီးတွေက ဖန်ဆင်းပြီးတော့ ပြလို့ သူအို မြင်ရတယ်,သူနာ မြင်ရတယ်,သူသေ မြင်ရတယ်၊ ဒီတော့ စိတ်ထဲမှာ သံဝေဂဖြစ်ပြီးတော့ ဒီလို အိုရမယ်, နာရမယ်,သေရမယ်၊ ငါ ယခု မောင်းမမိဿံ အခြွေအရံတွေနဲ့ စည်းစိမ်တွေနဲ့ နေပေမယ့် အိုရမယ်, ငါအိုရမယ်၊ မယ်တော်, ခမည်းတော်တွေ အိုရမယ်၊ ငါ့ရဲ့ မိဖုရားများ အိုရမယ်၊ ငါနာရမယ်, ငါသေရမယ်၊ ငါရဲ့ မယ်တော်, ခမည်းတော်, မောင်းမမိဿံတွေ နာရမယ်, သေရမယ်၊ ဒီလိုဆိုလို့ရှိရင် အိုမည့်အလောင်း, နာမည့် အလောင်း, သေမည့် အလောင်းတွေက စည်းစိမ်ခံစားထိုက်သေးသတဲ့လားလို့၊

ဒီလို စိတ်ထဲမှာ သံဝေဂ ဖြစ်နေတုန်း ဖန်ဆင်းပြတဲ့ ရဟန်းတော် တစ်ပါး သစ်ပင်တစ်ပင်အောက်မှာ တရားထိုင်ပြီးနေတာ မြင်ရတော့ ကြည်ညိုလိုက်တာတဲ့လေ၊ ဘဝသံသရာက ခတ်ပါလာလို့, ခတ်ကိုက ဒီသက်န်းနဲ့ ဒီခတ်နဲ့ ဒီဘုရားဖြစ်မယ့် ပုဂ္ဂိုလ်မို့ပို့ ရဟန်းကို ကြည်ညိုလိုက်တာ တကတည်းကို အိုတာထက် အဲဒီ အဖြစ်က ကောင်းတယ်၊ သေရမယ့် အတူတူ, နာရမယ့် အတူတူ မအိုခင် မနာခင် ဒီအနေမျိုး နေရတာ အင်မတန်ကောင်းတယ်လို့ ဆုံးဖြတ်ပြီး တော့ ဥယျာဉ်ထဲသွား၊ ဥယျာဉ်ထဲမှာ ဒီစိတ်ပဲ ဖြစ်နေတာကြောင့် နေဝင်ချိန်ကျတော့မှ နန်းတော် ပြန်ရောက်တဲ့အခါမှာ ဒီစိတ်က မပျောက်ဘဲနဲ့ သန်းခေါင်ကျတော့ အားလုံး ကြားဖူးတဲ့အတိုင်း တောထွက်တော်မူလာတာပဲ။

**ဒုက္ကရစရိယာ ကျင့်တော်မူခြင်း။** ။ ဒီတော့ဘုန်းကြီးက ဘုန်းကြီးတို့ ဘုရားအလောင်း အကြောင်းကို အာရုံပြုပြီး အလွန်ကို ကြည်ညိုတယ်၊ မျက်လုံးတော်တွေ အများကြီး ဘဝပေါင်းများစွာက ထုတ်ပြီးတော့ လှူခဲ့တယ်၊ အသွေးတော်တွေကို သူတစ်ပါး စားဖို့သောက်ဖို့ လှူခဲ့တယ်၊ ထီးနန်းစွန့်တယ် ဆိုတာကတော့ ဘာမှ မဆန်းတော့ဘူး၊ အဲဒီလောက် အသွေးတွေ, အသားတွေ, နှလုံးတွေကို အခြေတည်ပြီး ဒီသာသနာကြီး ရောက်လာပါတကား၊ ဒီတော့ အဲသလို တောထွက်ပြီးတော့ အားလုံး ကြားဖူးတဲ့အတိုင်း ဘုန်းကြီး **ဘာသာသွေး**မှာ ရေးထားတဲ့အတိုင်း ဒုက္ကရစရိယာဆိုတဲ့ အင်မတန်ခဲယဉ်းတဲ့ အကျင့်ကို ကျင့်ပါရော၊ အဲဒီ အင်မတန် ခဲယဉ်းတဲ့အကျင့်ကို ကျင့်တုန်းမှာ ဘယ်သူလာနေ တုန်းဆိုတော့ ခုတင်က ပဉ္စဝဂ္ဂီဆိုတဲ့ **ကောဏ္ဍည**အမှူးရှိတဲ့ ရသေ့ ငါးဦးက လာပြီးတော့ ရေပူရေချမ်းများ ကမ်းလှမ်းကြတယ်၊ ကမ္မဋ္ဌာန်းကျောင်းထဲ တံမြက်လှည်းကြတယ်၊ သူတို့ရဲ့ တွက်ကိန်းက

တို့ဘုရားအလောင်းတော် တရားရတဲ့အခါ ဘုရားဖြစ်တဲ့အခါ တို့က တရားနာမယ်လို့ ဒါပဲ စောင့်နေတယ်၊ တို့ ကြိုးကြိုးစားစား တရား အားထုတ်ဖို့ တာဝန်ကို မရှိဘူးလို့ ယူဆနေဟန်တူတယ်၊ ဘုရား အလောင်းတော် အားထုတ်လိုက်တာ ဝါကတည်း တပင်တပန်း ခန္ဓာကိုယ်တော်ကို အပင်ပန်းခံပြီးတော့ အားထုတ်လိုက်တာ အဲဒီ အချိန်မှာ အပင်ပန်းခံ အားထုတ်နိုင်ပါပေ့ဆိုတဲ့ ပုဂ္ဂိုလ်တွေ လိုက်မမီအောင် အားထုတ်တယ်။

**မှုးမိုက်လဲသည်အထိအားထုတ်ခဲ့ပုံ။** ။တစ်ခါများ အားထုတ်ရင်း အားထုတ်ရင်း တကတည်း အစားအသောက်တွေ ရှောင်လို့ ပဲပြုတ်ရည်လေး တစ်လက်ခုတ် လောက် သောက်လို့၊ တစ်ခါတလေ တစ်နေ့လုံးမှ ဆီးသီးလေး တစ်လုံးလောက် စားလို့၊ တစ်နေ့တော့ မှုးမိုက်လဲသွားတယ်၊ ဒီတော့ လောကကြီးထဲမှာ ခန္ဓာကိုယ် အပင်ပန်းခံပြီးတော့ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာတော့ မြတ်စွာဘုရားအလောင်းတော်ထက် ပိုပြီး ဘယ်သူမှ မခံနိုင်ဘူး၊ သေလုမြောပါး အားထုတ်တယ်၊ အဲသလို အားထုတ်နေတာကို ပဉ္စဝဂ္ဂီတို့က သိပ်ကျေနပ်ကြတယ်၊ တို့ကိုယ်တော် လေး တရားထူး ရမယ်, သေသေချာချာ ရမယ်၊ သည်လောက် ပင်ပင်ပန်းပန်း အားထုတ်တာ တရားထူးကတော့ တွေ့တော့မှာပဲလို့ ပဉ္စဝဂ္ဂီတို့က ယုံကြည်တယ်၊ ခေတ်ကိုက ပင်ပင်ပန်းပန်း အားထုတ်မှ ရတယ်လို့ အယူရှိတဲ့ခေတ် ဖြစ်နေတော့ သူတို့ကလဲ သိပ်အားရ ကြတာ၊ ဘုရားအလောင်းကလဲ သည်အချိန်အထိ မလျှော့ဘူး။

**မာရ်နတ်လာ၍ ဖျက်ဆီးခြင်း။** ။နောက်တော့မှ အသား အရေ တွေ ခြောက်လို့, အရိုးလောက် ကျန်လို့, သည်အခြေအနေကျတော့ မာရ်နတ်က လာပြီးတော့ သနား တဲ့ ဟန်နဲ့ ပြောတယ်၊ အသင် **သိဒ္ဓတ္ထ**–နောက်ဆုတ်ပါတော့လား၊

အသင် ခုအနေဆိုလို့ရှိရင် အပုံတစ်ထောင်ပုံလျှင် အသက်ရှင်ရေးက တစ်ပုံလောက် ရှိတော့တယ်၊ ကျန်တဲ့ ကိုးရာကိုးဆယ့်ကိုးပုံကဖြင့် သေဘက် ရောက်နေပြီ၊ နောက်ပြန်ဆုတ်ပါ၊ နောက်ပြန်ဆုတ်ပြီး ကုသိုလ်တွေ ပြုလို့ရှိရင် အများကြီး ရနိုင်ပါသေးတယ်၊ အကျိုးမဲ့ ဆုံးရှုံးအောင် မလုပ်ပါနဲ့လို့ သနားဟန်နဲ့ လာပြီးတော့ ပြောတယ်၊ ဒီတော့ ဘုရားလောင်း ပြန်ပြောတဲ့စကားကို ဘုန်းကြီးက မှတ်မိတယ်, မှတ်သားတယ်၊ **"အသင် မာရ်နတ်–ကုသိုလ်လိုချင်တဲ့သူတွေကို သွားပြီးတော့ သင်ပြောချေ၊ ငါက ကုသိုလ်လိုချင်တာ မဟုတ်ဘူး၊ ငါလိုချင်တာက ကုသိုလ်မဟုတ်ဘူး"** အဲဒါတွေ ဘုန်းကြီး အားရလိုက်တာလေ၊ ခုလူတွေကတော့ ကုသိုလ်လိုချင်နေကြတယ်၊ ဘုရားလောင်းက ကုသိုလ် မလိုချင်ပါဘူး၊ ငါက သဗ္ဗညုတဉာဏ်ကို လိုချင်တာလို့၊ အဲဒီ စကားလေး ဘုန်းကြီးက သဘောကျလွန်းလို့၊ ဒီတော့ ဘုရားအလောင်းက အဲဒီလို ပြန်ပြောပြီးတော့ နောက်ထပ် ဘာပြောတုန်းဆိုတော့ ဘာဖြစ်သလဲတဲ့, ဒီအသားအရေတွေ ဒီအသွေး အသားတွေ ခြောက်သွားတော့ စိတ်တောင် ပိုကြည်လင်သေးတယ်တဲ့၊ ငါ့လာပြီးတော့ နောက်ဆုတ်ဖို့ မပြောပါနဲ့လို့၊ အဲဒီလို တင်းတင်း မာမာ ပြန်ပြောတဲ့ စကားကို ဘုန်းကြီးက သဘောကျလွန်းလို့။

**အတ္တကိလမထအကျင့်ဟာ နည်းမှန်မဟုတ်**။ ။နောက် အဲသလို ကြိုးစားနေသော်လဲ တရားထူး မရတော့ ပြန်စဉ်းစားတယ်၊ အင်း–ဒီလမ်းဟာ တရားထူးရမယ့်လမ်းဆိုရင် ရလောက်နေပြီ၊ ယခုခေတ်မှာ အပင်ပန်း ခံပြီးတော့ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ငါ့ထက်ပိုပြီး အား မထုတ်နိုင်ဘူး၊ ဟိုတုန်းက အပင်ပန်းခံပြီး အားထုတ်တယ်ဆိုတဲ့ လူတွေလဲ ငါ့ထက်ပိုပြီး အားထုတ်နိုင်မယ် မဟုတ်ဘူး၊ နောက်လာမယ့် အခါမှာ အပင်ပန်းခံပြီး အားထုတ်ကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ

ဒီထက် ပိုပြီးတော့ အားမထုတ်နိုင်ပါဘူး၊ ဒီတော့ ယခုအားထုတ်တဲ့ အပင်ပန်းခံတဲ့ အတ္တကိလမထဆိုတဲ့ ဒီလမ်းဟာ ငါလိုချင်တဲ့ သဗ္ဗညုတဉာဏ် ရဖို့ရာလမ်းတော့ မဟုတ်ဘူး၊ ဒီတော့ ဟိုတစ်ချိန်တုန်းက ခမည်းတော် လယ်ထွန်မင်္ဂလာ ပြုတုန်းမှာ ဇမ္ဗုသပြေပင်အောက် ငါ အေးအေးဆေးဆေးနဲ့ ရခဲ့တဲ့ တရားတစ်ခုရှိတယ်၊ အဲဒီတရားဟာ ပထမစျာန်ပဲ၊ ဒီ ပထမစျာန်တရားလေးက အင်မတန်အေးမြတာပဲ၊ ငယ်ငယ်တုန်းက ရပြီးနောက် ပြန်မေ့ပျောက်သွားတဲ့ တရားလေးပဲ၊ အဲဒီ တရားဟာ အင်မတန်ကောင်းတယ်၊ ဒီတော့ ငါလဲ ဒီလမ်းကို လိုက်မှပဲ၊ အဲဒီလမ်းကို ဖြတ်လို့ မဖြစ်ဘူး၊ အဲဒီစျာန်လမ်းကို လိုက်နိုင်ဖို့အတွက် အားအင်များရှိအောင် ပြန်ပြီးတော့ အစားအသောက်များ စားလို့, ဆွမ်းပါခံလို့၊ ဒီကျတော့ ပဉ္စဝဂ္ဂီတို့က တစ်မျိုး ထင်ကြတယ်၊ မဟုတ်တော့ပါဘူး, တို့ မျှော်လင့်သလို မဟုတ်တော့ပါဘူး၊ ယခု အစားအသောက်တွေ စားပြီး ဆွမ်းတွေဘာတွေခံနေပြီ၊ လူတွေဆီမှာ ဝင်ထွက်ပြီးတော့ ဆွမ်းခံနေပြီ၊ ဘုန်းကြီးအောင် ခုလုပ်နေပြီ၊ သူ တရား ရတော့မှာ မဟုတ်တော့ပါဘူး ဆိုပြီးတော့ စိတ်ပျက်ပြီး ခုတင်က ပဉ္စဝဂ္ဂီငါးဦးက တစ်ခါတည်း ဘုရားလောင်း တရားအားထုတ်တဲ့ **ဥရုဝေဠ**တောက ရှောင်ပြီးတော့ ဟို–အကြောင်းအားလျော်စွာ **ဗာရာဏသီ**ပြည်မှာ **မိဂဒါဝုန်**တော သွားပြီးတော့ နေနှင့်ကြတယ်၊ နောက်တော့ အားလုံးကြားဖူးတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်လို့ ငါဘယ်သူ့များ တရားဟောရပါ့မလဲလို့ ကြည့်တဲ့အခါမှာ **အာဠာရ**တို့ **ဥဒက**တို့ ဗြဟ္မာ့ပြည် ရောက်နေကြလို့, နားမရှိတဲ့ **အရူပ**ဘုံမှာ ရောက်နေကြတော့ တရားဟောလို့ မဖြစ်တာနဲ့ သူတို့ကို တရားမဟောရလို့ရှိရင် ဘယ်သူ့များ တရားဟောထိုက်သလဲလို့ ကြည့်တော်မူတဲ့အခါမှာ ပဉ္စဝဂ္ဂီငါးဦးကို ပထမဆုံး မြင်တော်မူတယ်။

**၁၈-ယူဇနာဝေးတဲ့ မိဂဒါဝုန်ကိုကြွတော်မူခြင်း။** ။ ဒီတော့ ပဉ္စဝဂ္ဂီတို့ နေထိုင်ရာ **ဗာရာဏသီ**ပြည် **မိဂဒါဝုန်**တောကို ရောက်အောင် တစ်ဆယ့်နဲ့ရှစ်ယူဇနာဝေးတဲ့ ခရီးကို ဘုရားရှင် ကိုယ်တော်မြတ် ပင်ပင်ပန်းပန်းနဲ့ ခြေလျင်(ခြေကျင်)ကြွတော်မူခဲ့တယ်၊ လောကကြီးဆိုတဲ့ ဥစ္စာဟာ အမှန်ဖြစ်ထိုက်တာက တစ်မျိုး, ဖြစ်နေတာကတစ်မျိုး ဒီလို ထုံးစံဖြစ်နေတယ်၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်ပြီးလို့ **မိဂဒါဝုန်**တော ပဉ္စဝဂ္ဂီတို့ထံ ကြွလာတယ်ဆိုရင်ပဲ ပဉ္စဝဂ္ဂီတို့က အင်တင်တင် ဖြစ်နေတယ်၊ ရဟန်းသမဏ **ဂေါတမ** ယခု ပစ္စည်းလာဘ်လာဘတွေ ပေါများအောင် လျှောက်ပြီးတော့ လှည့်နေပြီ၊ ဒီကမ္မဋ္ဌာန်းက ထွက်ပြီး ကမ္မဋ္ဌာန်းလူထွက် ဖြစ်နေပြီ၊ ဒီတော့ တို့ဟိုတုန်းကလို ရေပူရေချမ်း ကမ်းလှမ်းလို့ ဝတ်ကြီးဝတ်ငယ်ပြုလို့ မနေနိုင်တော့လို့၊ ဒါပေမယ်လို့ အမျိုးမြတ်တဲ့ ပုဂ္ဂိုလ်တစ်ပါး ဖြစ်နေလို့ နေရာလေးကိုတော့ ထားကြဦးစို့ရဲ့၊ ဘုရားလာတာ မြင်ရင် အဲဒီလို သူတို့ ကတိကဝတ်(စည်းကမ်း)တွေကို ပြုလို့ နေရာသာပေးမယ် ဘာမှ ဝတ်ကြီးဝတ်ငယ် မပြုနဲ့၊ အဲဒီလို အနေမျိုးနဲ့ ကတိကဝတ်ကို ပြုပြီး ခပ်စောစောက ဣန္ဒြေရရ သူတို့ဟာသူတို့ နေကြတယ်။

**ငါ့ကို"ငါ့ရှင်"လို့ မခေါ်ကြနဲ့။** ။ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ် ကြွလာလို့ အနားလဲ ရောက်ရော၊ မြတ်စွာဘုရား တန်ခိုးက သူတို့ကို လွှမ်းမိုးရော၊ တစ်ပါးက ထတဲ့ပြီးတော့ သပိတ်များ လှမ်းယူတယ်၊ တစ်ပါးက ဟိုနားသွားပြီး ခြေဆေးဖို့ရန် ရေသွားခပ်လို့၊ တစ်ပါးက ခြေဆေးအင်းပျဉ်လေးများ ယူလာလို့၊ အကုန်လုံး သူတို့သတ်မှတ်ပြုလုပ်ထားတဲ့ စည်းကမ်းကတိကဝတ်တွေကို ဖျက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို

အရှိအသေပြုကြ၊ အဲဒီ အရှိအသေပြုပြီးလို့ မြတ်စွာဘုရား ထိုင်ပြီးတဲ့ အခါမှာ စကားများပြောတော့ **"ငါ့ရှင် ဂေါတမ"**တဲ့, အဲဒီလို မရိုမသေ ခေါ်ကြပြောကြတယ်၊ သူတို့က ဘုရားဖြစ်တယ်လို့ မယူဆဘူး၊ ငါ့ရှင် **ဂေါတမ**–ကျွန်ုပ်တို့လေ ဟိုတုန်းက ငါ့ရှင် တရားအားထုတ်နေတုန်း က ရေပူရေချမ်း ကမ်းလှမ်းပြီးတော့ ပြုစုခဲ့ကြတယ်နော်၊ ကျွန်ုပ်တို့ ခွဲလာခဲ့တဲ့ အချိန်ကျတော့ ဘယ်သူကများ ရေပူရေချမ်း ကမ်းလှမ်း နေသေးတုန်း, ကမ္မဋ္ဌာန်းကျောင်းကို ဘယ်သူများ တံမြက်လှည်းပေး နေသေးတုန်း၊ အဲဒီလို လောကပြောရိုးအတိုင်း သူပြောလူပြော စကားများ ပြောကြတော့ မြတ်စွာဘုရားက ငါ့ကို **အာဝုသော–** ငါ့ရှင်လို့ မခေါ်ကြနဲ့၊ ငါ ယခု **ဗုဒ္ဓ**ဖြစ်လာပြီလို့ မိန့်တော်မူတယ်၊ ဒီတော့ ပဥ္စဝဂ္ဂီတို့က **"ဟင်–ဟိုတုန်းက ပဲပြုတ်ရေလေးများ သောက်လို့, ဆီးသီးလေးများ စားလို့ တပင်တပန်း အားထုတ်နေ တုန်းကမှ ဗုဒ္ဓမဖြစ်တဲ့ဥစ္စာ, ယခုလို ဆွမ်းတွေ ဘာတွေ စားလို့ လည်ပတ်ပြီးတော့ ဘုန်းကြီးအောင် အားထုတ်နေတဲ့အခါ အဘယ်မှာ ဗုဒ္ဓဖြစ်နိုင်မတုန်း၊" "မဟုတ်ပါဘူး, ငါ ခု ဗုဒ္ဓမြတ် ဖြစ်လာပြီ၊ သင်တို့လေ ဟိုတုန်းက မျှော်ကြီးမျှော်ပြီးတော့ ငါ့နားနေတုန်းက အသင်တို့ စိတ်ချမ်းသာပါစေတော့လို့ ငါက ဗုဒ္ဓဖြစ်ပြီလို့ ပြောဖူး သလား"**လို့ မေးတော့မှ လွှတ်ကနဲ စိတ်ထဲက ဟုတ်သားပဲ ဟိုတုန်းက တစ်ခါမှ ဒီလို မပြောခဲ့ဘူး၊ ခု ဒီလို ပြောတဲ့ဥစ္စာ ထောက်တော့ ကေန်မုချ ဗုဒ္ဓဖြစ်ပြီ ဆိုပြီးတော့ ရှိသေတဲ့ အမူအရာ တွေ ပြောင်းပြီးတော့မှ မြတ်စွာဘုရားကို တကယ့်ဘုရားအစစ်လို့ သူတို့က ယုံကြည်လာကြတယ်။

**မြတ်စွာဘုရား တရားဟောတော်မူခြင်း။** ။အဲဒီတော့မှ မြတ်စွာ ဘုရားက တရားဟော တော်မူတယ်၊ ဒီနေရာမှာ ကျမ်းစာ နှစ်မျိုးရှိတယ်၊ တချို့ကျမ်းစာက

ခပ်စောစောလေး ဟောတယ်လို့ ဆိုတယ်၊ တချို့ ကျမ်းစာက နေဝင်တော့မည့်ဆဲဆဲ ဝါဆိုလပြည့်နေ့ လကထွက်လာ၊ အဲဒီအချိန်မှာ တရားဟောတယ်လို့ ဆိုတယ်၊ ဒီတော့ ဘုန်းကြီးတို့က နေမဝင်ခင်ဘဲ ဟောတော်မူသည်ဖြစ်စေ, နေဝင်မှပဲ ဟောတော်မူသည်ဖြစ်စေ မြတ်စွာဘုရား တရားဟောတော်မူတဲ့ **ဗာရာဏသီ**ပြည် **မိဂဒါဝုန်** တောကိုတော့ ဘုန်းကြီးက မှန်းပြီးတော့ ကြည့်တယ်၊ ခမ်းခမ်းနားနား ကြီးတော့ မဟုတ်ဘူး၊ တောထဲမှာ သာသာယာယာရှိလို့, ကြည်နူး စရာကောင်းလို့၊ အဲဒီနေရာမှာ ထိုင်တော့လဲ ဒီလိုပဲ ဘုရာ ရှင် ကိုယ်တော်မြတ်က ရိုးရိုးကလေး ထိုင်လို့, ပဉ္စဝဂ္ဂီငါးဦး ကလဲ ဘေးက ရိုးရိုးကလေး ထိုင်လို့၊ အဲဒီလို နေကြတဲ့အချိန်မှာ မြတ်စွာ ဘုရားရဲ့ တရားဦးကို နာယူမည်လို့ ကြိုးစားလာကြတဲ့ နတ်တွေ ဗြဟ္မာတွေ အသီးသီး ရှိကြရာမှာ တရားမဟောခင်က ကြိုတင်ပြီး တော့ ရောက်တဲ့ နတ်တွေ ဗြဟ္မာတွေလဲ ရောက်ပေလိမ့်မယ်၊ ဘုရားရှင်ကိုယ်တော်မြတ် တရားစတော့မှ အသံတော်ကြားလို့မို့ ခပ်မြန်မြန်ရောက်လာတဲ့ နတ်တွေ ဗြဟ္မာတွေလဲ ရှိလိမ့်မယ်၊ အဲဒီ နတ်ဗြဟ္မာတွေဟာ ပတ်ဝန်းကျင်မှာရော နောက်မှာရော ဘေးမှာရော အကုန်လုံး ပြည့်ပြီးတော့ နေကြလိမ့်မယ်လို့ စိတ်ကူးကြည့်ကြနော်။

**နတ်ဗြဟ္မာတွေ ၁၈-ကုဋေ။** ။ တရားနာ လာကြတဲ့ နတ်ဗြဟ္မာတွေ ဟာ အလွန်များတယ်၊ တစ်ဆယ့် ရှစ်ကုဋေလောက်ရှိတယ်လို့ အဆိုရှိတယ်၊ အဲဒီ နတ်ဗြဟ္မာတွေရဲ့ အလယ်မှာ လူသားထဲက ပဉ္စဝဂ္ဂီငါးဦးကို အမှူးထားပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မစကြာတရားကို စပြီးတော့ ဟောတော်မူခဲ့တယ်၊ အဲဒီ ဟောတော်မူတဲ့ ဓမ္မစကြာတရားကို ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ထင်ပေါ်ကျော်ကြားတဲ့ ဆရာတော် **ဦးဗုဓ်**က ဓမ္မစကြာတရားတော်ရဲ့ အမွှန်းတင်အဖြစ်နဲ့ ရေးဦးစွာ

ဂါထာကို ရေးပြီးတော့ လာခဲ့လို့ အဲဒီ ဂါထာကို စပြီးသကာလ ရွတ်ဆိုကြတယ်။

**ဓမ္မစကြာအမွှန်း**

**ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ, ဣသိပတန နာမကေ၊**
**မိဂဒါယေ ဓမ္မဝရံ, ယံ တံ နိဗ္ဗာနပါပကံ။**

**သဟမ္ပတိနာမကေန, မဟာဗြဟ္မေန ယာစိတော၊**
**စတုသစ္စံ ပကာသေန္တော, လောကနာထော အဒေသယိ။**

**နန္ဒိတံ သဗ္ဗဒေဝေဟိ, သဗ္ဗသမ္ပတ္တိ သာဓကံ၊**
**သဗ္ဗလောကဟိတတ္ထာယ, ဓမ္မစက္ကံ ဘဏာမ ဟေ။**

ဣသိပတနနာမကေ–ဣသိပတနအမည်ရှိသော၊ မိဂဒါယေ–သားကောင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌၊ လောကနာထော–သတ္တလောက၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ပဉ္စဝဂ္ဂီနံ–ထိုစဉ်အခါတုန်းက ငါးပါးအစု ဖြစ်ကြကုန်သော၊ ဘိက္ခူနံ–ရဟန်းအဖြစ်သို့ မရောက်ကြသေးသော ရသေ့အရှင်မြတ်တို့အား၊ နိဗ္ဗာနပါပကံ–နိဗ္ဗာန်သို့ ရောက်စေနိုင်သော၊ ယံ ဓမ္မဝရံ–အကြင် မွန်မြတ်လှသော တရားဦးကို၊ သဟမ္ပတိ နာမကေန–**သဟမ္ပတိ** အမည်ရှိသော၊ မဟာဗြဟ္မေန–ဗြဟ္မာမင်းကြီးသည်၊ ယာစိတော–တောင်းပန်အပ်သည်ဖြစ်၍၊ စတုသစ္စံ–သစ္စာလေးပါး မြတ်တရားကို၊ ပကာသေန္တော–ထင်ရှားပြတော်မူလျက်၊ အဒေသယိ–ဟောပြတော်မူခဲ့လေပြီ။

**အခုမှ ဗြဟ္မာမင်းကတောင်းပန်ခြင်းမဟုတ်**။ ။ဒီ ဓမ္မစကြာ အမွှန်း တင်တဲ့ ဂါထာတော်

အလို ထောက်ရင်တော့ ဓမ္မစကြာတရား ဟောခါနီးမှ **သဟမ္ပတိ** ဗြဟ္မာမင်းက တောင်းပန်တယ်လို့ ထင်စရာရှိတယ်၊ အမှန်ကတော့

ဓမ္မစကြာတရား ဟောခါနီးမှ **သဟမ္ပတိ** ဗြဟ္မာမင်းက တောင်းပန်သည် မဟုတ်ဘူး၊ **သဟမ္ပတိ**ဗြဟ္မာမင်း တောင်းပန်တဲ့ **အချိန်ကတော့** ဟို (၇)သတ္တာဟ လွန်ပြီးတဲ့နောက် **အဇပါလ** ညောင်ပင်အောက်မှာ သီတင်းသုံးတော်မူတဲ့အချိန် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တရား မဟောတော့ဘူးလို့ အကြံတော်ဖြစ်တဲ့အချိန်မှာ **သဟမ္ပတိ** ဗြဟ္မာမင်းကြီးက လာပြီးတော့ တောင်းပန်တာဖြစ်တယ်၊ အဲဒီတုန်းက တောင်းပန်မှုက ဓမ္မစကြာတရားနဲ့လဲ ဆိုင်တယ်၊ နောက်နောင်မှာ ပိဋကတ်သုံးပုံ အလုံးစုံနဲ့လဲ ဆိုင်တယ်၊ ဒါကြောင့် ဆရာတော် **ဦးဖုမ်**က **သဟမ္ပတိ** ဗြဟ္မာမင်း တောင်းပန်တဲ့ အကြောင်းလဲပဲ မူရင်းက ပေါ်လာအောင်လို့ ထည့်သွင်းထားဟန် တူတယ်၊ ယခု တောင်းပန်တာတော့ မဟုတ်ဘူးနော်။

သဟမ္ပတိနာမကေန–**သဟမ္ပတိ**အမည်ရှိသော၊ မဟာဗြဟ္မုနာ–ဗြဟ္မာမင်းကြီးသည်၊ ယာစိတော–တောင်းပန်အပ်သည် ဖြစ်၍၊ စတုသစ္စံ–သစ္စာလေးပါး မြတ်တရားကို၊ ပကာသေန္တော–ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်၊ ယံ ဓမ္မဝရံ–အကြင် ဓမ္မစကြာမည်သော တရားတော်ကို၊ အဒေသယိ–တရားဦးအဖြစ်ဖြင့် ဟောပြတော်မူခဲ့လေပြီ၊ သဗ္ဗဒေဝေဟိ–ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည်၊ နန္ဒိတံ–နှစ်သက်ဝမ်းမြောက်အပ်သော၊ သဗ္ဗသမ္ပတ္တိသာဓကံ–လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတဲ့ သမ္ပတ္တိကို ပြီးစေနိုင်သော၊ တံ ဓမ္မစက္ကံ–ထို ဓမ္မစကြာ မည်တော်မူသော တရားတော်မြတ်ကို၊ သဗ္ဗလောကဟိတတ္ထာယ–အလုံးစုံကြားနာရတဲ့ သတ္တဝါအပေါင်း၏ စီးပွားအလို့ငှာ၊ ဟေ–အို… သူတော်ကောင်းတို့၊ မယံ–ငါတို့သည်၊ ဘဏာမ–ရွတ်ကြကုန်တော့အံ့။

ဒါ ဓမ္မစကြာတရားတော်ရဲ့ အမွှန်းတင်အနေနဲ့ ဆရာတော် **ဦးဗုဓ်**ရေးထားတဲ့ ဂါထာဖြစ်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဓမ္မစကြာထဲမှာ ဒီ ဂါထာတွေ မပါပါဘူး။

## ဓမ္မစကြာနိဒါန်း

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။**

အဲဒီထိအောင် မြတ်စွာဘုရားရဲ့ တရားစကားတော် မဟုတ်သေးဘူး၊ သံဂါယနာတင်တုန်းက **အရှင်အာနန္ဒာ**က **အရှင်မဟာကဿပ**ကို လျှောက်တဲ့စကားသာ ဖြစ်သေးတယ်၊ အဲဒီ စကားရဲ့ ဆိုလိုရင်းက တပည့်တော်များ မြတ်စွာဘုရားအထံက ဓမ္မစကြာတရားတော်ကို ယခုလျှောက်မယ့် နည်းအတိုင်း နာယူခဲ့ပါသည်ဘုရား၊ အခါတစ်ပါးတုန်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် တရားဦး ဟောတော်မူတဲ့ အချိန်တုန်းက **ဗာရာဏသီ**ပြည် **မိဂဒါဝုန်**တောမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူပါတယ်၊ အဲဒီ ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူတဲ့အချိန်မှာ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးကို မိန့်မြွက်ဟောကြားတော်မူပါတယ်လို့ **အရှင်အာနန္ဒာ**က **အရှင်မဟာကဿပ**ကို လျှောက်နေတာ၊ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် အစဖြစ်တဲ့ အဲဒီ ဓမ္မစကြာတရားတော်ကို ဘယ်အချိန်မှာ ဟောတော်မူသလဲဆိုတာ ပြန်ပြီးတော့ သတိထားရမယ်၊ နေဝင်ခါနီး နေဝင်တော့မယ့်ဆဲဆဲအချိန် လပြည့်နေ့ဆိုတော့ လကလဲ အစောကြီးထွက်လာပြီ၊ အဲဒီအချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်က ဒီ ဓမ္မစကြာတရားကို ဟောတော်မူခဲ့တယ်။

## အယုတ်တရားနှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊

ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တ ကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## အလယ်အလတ် အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

## သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။

## နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## ဒုက္ခသစ္စာ၌ သစ္စဉာဏ်

**“ဣဒံ ဒုက္ခံ အရိယသစ္စ”**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

**“တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ”**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ သစ္စဉာဏ်

**"ဣဒံ ဒုက္ခသမုဒယော အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကိစ္စဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယော အရိယသစ္စံ ပဟာတဗ္ဗ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယော အရိယသစ္စံ ပဟီန"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ သစ္စဉာဏ်

**"ဣဒံ ဒုက္ခနိရောဓော အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကိစ္စဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကာတဗ္ဗ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကတ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ သစ္စဉာဏ်

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ **"အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**တိ ပစ္စညာသိံ။ ၈၀

## ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ **"အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**တိ ပစ္စညာသိံ။

## ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

## ပဉ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"**န္တိ။

## နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **"ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"**န္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **“ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”**န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

## တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

## အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

## မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ **“အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော”**တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ **“အညာသိကောဏ္ဍညော”** တွေဝ နာမံ အဟောသိ။

## အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ **"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"**န္တိ။

## ဧဟိဘိက္ခုရဟန်းဖြစ်ပုံ

**"ဧဟိ ဘိက္ခူ"** တိ ဘဂဝါ အဝေါစ၊ **"သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာ"**တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

**ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။**

## ချမ်းမြေ့ရဂုံ တောရပ်လှုံ၍

တရားတော်ကို အဓိပ္ပာယ်ပြောပြီးတော့ နားလည်အောင် ဟော ပေးမယ်၊ ဒီတော့ နာတဲ့ ပုဂ္ဂိုလ်များက စိတ်ကို မြင့်မြင့်ထားပြီးတော့ နာဖို့ကောင်းတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီတရားတော်ရဲ့အဆုံးမှာ နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေလောက် တရားထူး ရကြတယ်၊ ဒီကြားထဲက **အရှင်ကောဏ္ဍည**လဲပဲ တရားထူးရတယ်၊ ဒီတော့ မိမိတို့လဲ ဒီတရားကို နာရင်း နာရင်း စိတ်ကောင်းတွေ ဖြစ်လို့, ဒီတရားကို နာရင်း မကောင်းတဲ့စိတ်တွေ နည်းနည်းသွားအောင် အဲဒီစိတ်ကို ခပ်မြင့်မြင့်ထားဖို့ ကောင်းတယ်နော်၊ ဒီ ဓမ္မစကြာတရားဟောတော်မူရာ ဌာနက **ဣသိပတန မိဂဒါဝုန်**တော၊ အဲဒီတောရဲ့ အခြေအနေ ကြည့်လိုက်တော့ ရှေးတုန်းက **ဂန္ဓမာဒန**တောင်က

ကြွလာကြတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များလည်း ဒီ တောမှာ တစ်ထောက်နား အပန်းဖြေတော်မူကြတယ်၊ ဒီတောမှာ သမာပတ်ဝင်စားချင်လဲ ဝင်စားကြပေလိမ့်မယ်၊ အဲဒါကြောင့် ဒီတောကိုက သူတော်ကောင်းတွေ အင်မတန် မြတ်နိုးတဲ့ မြတ်နိုးအပ်တဲ့ တောနဲ့ တူပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင်ကလဲ တောကို အင်မတန်မှ အထုံတော် ပါခဲ့ပါတယ်၊ ကြည့်စမ်း ဘုရားရှင် ကိုယ်တော်မြတ် ဖွားမြင်တော်မူတော့ **လုမ္ဗိနီ**ဥယျာဉ် အင်ကြင်းပင်တောမှာ ဖွားမြင်တော်မူတယ်၊ ဒါလဲ တောပဲနော်၊ တစ်ဖန် တောထွက်တော်မူလာတဲ့အခါကျတော့လဲ **ဥရုဝေဠ**တောထဲမှာပဲ သီတင်းသုံးပြီး တရားကျင့်တော်မူတယ်၊ တစ်ဖန် ဒီဘုရားဖြစ်တော်မူတဲ့ နေရာကြည့်ပြန်တော့လဲ လူသူမရှိတဲ့ တောထဲ ဗောဓိညောင်ပင်အောက်မှာ ဘုရားဖြစ်တော်မူတယ်၊ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ အင်မတန်မှ တောကို မွေ့လျော်တော်မူပါတယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့တစ်တွေလဲ တောထဲမှာ ပျော်ပျော်ကြီး နေချင်စိတ်ရှိဖို့ အင်မတန်လိုပါတယ်နော်။

**ပါယေန ပေါရာဏာ သန္တာ၊**
**နေက္ခမ္မာဘိရတာ သဒါ၊**
**တသ္မာ နေက္ခမ္မနိန္နောမှိ၊**
**သုဒိဋ္ဌာ-ဒိနဝေါ ဃရေ။**

ပေါရာဏာ–ရှေးအထက်က, ဆက်ဆက်များလှ, ဖြစ်ပေါ်ကြကုန်သော၊ သန္တာ–ပါရမီနှင့်, စာဂီတင့်၍, အရင့်အမာ, ကလျာဏဂိုဏ်းဝင်, သူတော်စင်တို့သည်၊ ပါယေန–တွေ့ကြဆုံကြ, ဘုံဘဝဝယ်, ကြုံရလေငြား, များသောအားဖြင့်၊ သဒါ–ဖြစ်ရဖန်ခါ, သံသရာဟု, ခန္ဓာဖြင့်ပိုင်း, ဘဝတိုင်း၌၊ နေက္ခမ္မာဘိရတာ–ရှက်ဟောင်းကျကြွေ,

ရွက်သစ်ဝေသည့်, အောင်မြေရဂုံ, ရိပ်မြုံခြင်တန်း, ကျောင်းသခ်မ်းဌ်, ရှင်လန်းမွေ့လျော်, စံပျော်တော်မူကြလေကုန်ပြီ၊ တသွာ–ရှေးသောခါတွင်, သူတော်စင်တို့, တောဝင်အောင်းခို, ဗြဟ္မစိုရ်ဖြင့်, အလိုပြည့်ဝ, ဖြည့်တော်မူကြလေသောကြောင့်၊ အဟံ–ငါသည်၊ ဃရေ–စားသောက်နေရေး, ဖွေရှာရေးနှင့်, မင်းဘေးစိုးတာ, လွန်စွာမြားမြောင်, လူတို့ဘောင်၌၊ သုဒ္ဓိဋ္ဌာဒီနဝေါ–ပစ္စည်းဥစ္စာ, အရာရာဝယ်, မရှာမကောင်း, ရှာမကောင်းနှင့်, မစုဆောင်းခက်, စုဆောင်းခက်သည့်, သက်သက်ဖြစ်ချေ, အပြစ်တွေကို, စစ်လေရိပ်မိ, တွေးတိုင်းသိသည်ဖြစ်၍၊ နေက္ခမ္မနိဿော–အခွင့်အခါ, မသင့်ပါလည်း, ချင့်စာရော်ရမ်း, တောကိုမှန်းသည်၊ အမို–စင်စစ်မကွာ, ဖြစ်ရပါလို၏။

**တောမှာဖွား တောမှာတရားကျင့်**
**တောမှာ ဘုရားဖြစ်**

တကယ်တောကြီးထဲ မနေနိုင်ပေမယ့် စိတ်ဟာ တောစိတ်တော့ ရှိနေဖို့ ကောင်းတယ်၊ ကြည့်စမ်း ဘုရားရှင် ကိုယ်တော်မြတ်ဟာ တောထဲမှာပဲ ဓမ္မစကြာတရားကို ဟောတော်မူတယ်၊ တောထဲမှာပဲ ဖွားမြင်တော်မူတယ်၊ တောထဲမှာပဲ တရားကျင့်တော်မူတယ်၊ တောထဲမှာပဲ ဘုရားဖြစ်တော်မူတယ်၊ တော်ထဲမှာပဲ ပရိနိဗ္ဗာန် စံတော်မူတယ်၊ ဒီတော့ ဒါလောက်မြတ်စွာဘုရားဟာ တောကို အထုံပါနေတဲ့ဥစ္စာ၊ ရှေးရှေးတုန်းကတည်းက ရှင်ဘုရင်ဖြစ်လဲ နောက်ဆုံး တောထွက်ပြီး မေတ္တာဘာဝနာပွားများလို့ တရားအားထုတ်ပြီးတော့ တစ်ဘဝကို အဆုံးသတ်တော်မူခဲ့တယ်။

ဒါကြောင့် တို့လဲ ဘယ်အခါများ တောထဲ နေပြီးတော့ သူတော်သူမြတ်လုပ်ပြီး တရားကျင့်ရမတုန်းလို့ အဲဒီ စိတ်မျိုးနဲ့ တမြင့်ထဲမြင့်နေဖို့ တယ်ကောင်းတယ်၊ ဒီ ဓမ္မစကြာတရားကို ကြားနာတဲ့ပုဂ္ဂိုလ်များ ကိုယ်တိုင်ကလဲ တောထဲမှာ ရောက်နေတယ်လို့ စိတ်ကအေက်မေ့ပြီးတော့ ကိုယ့်ကိုယ်ကို ဝတ်ဖြူစင်ကြယ်များ ဝတ်လို့၊

အင်း–နဂိုက ဝတ်ပြီးသား ပုဂ္ဂိုလ်ဆိုလို့ရှိရင်လဲပဲ စိတ်ကို ပိုပြီးတော့ မြင့်လို့ ဒီတရားထူး ရတန်သရွေ့ ရသွားအောင် တောစိတ်ကို မွေးမြူထားပြီး ကြားနာဖို့ ကောင်းတယ်နော်။

ဘုန်းကြီးတို့ရဲ့ ဒီဓမ္မစကြာ တရားကို မဟောခင် ဓမ္မစကြာတရားကို မနာခင် ဓမ္မကြာပါဠိတော်ရဲ့ အဓိပ္ပာယ်မရောက်ခင် ဒီသတ္တဝါတွေဟာ ဘာစိတ်တွေ ဖြစ်နေသလဲ ဘာစေတသိက်တွေ ပါနေသလဲလို့ အဲဒါတွေ ကိုယ်စီ ကိုယ်စီ စဉ်းစားရမယ်၊ ဥပမာ ဘုန်းကြီးတို့ စဉ်းစားရမယ်၊ ခုတရားနာနေတဲ့ ဒကာ, ဒကာမတွေ စဉ်းစားရမယ်၊ မြတ်စွာဘုရားက–

**“ဘိက္ခဝေ–ရဟန်းတို့၊ အဝိဇ္ဇာနီဝရဏာနံ–အဝိဇ္ဇာနီဝရဏ ပိတ်ဆို့၍ လာခဲ့ကြကုန်သော၊ တဏှာသံယောဇနာနံ–တဏှာတည်း ဟူသော ကြိုးဖြင့် ဖွဲ့ချည်ခံခဲ့ကြရကုန်သော၊ တဏှာသံယောဇနာနံ–တဏှာတည်းဟူသော ကြိုးပါ၍ လာကြကုန်သော၊ သန္ဓာဝတံ–တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကြကုန်သော၊ သံသရတံ–တပြောင်းပြန်ပြန် ကျင်လည်ကြကုန်သော၊ သတ္တာနံ–သတ္တဝါတို့၏၊ ပုဗ္ဗကောဋိ–ရှေးကဖြစ်ခဲ့တဲ့ အပိုင်းအခြားကို၊ န နာယတိ–မသိအပ် မသိနိုင်ချေ”**တဲ့။

**အဝိဇ္ဇာနဲ့တဏှာကို အခြေခံခဲ့တယ်။** ။ ဒီ သတ္တဝါတွေ ဘာကို အခြေခံလာတုန်းဆိုတော့ အဝိဇ္ဇာနဲ့တဏှာကို အခြေခံလာခဲ့တယ်၊ ဒီနေရာမှာ စဉ်းစားကြည့်စမ်း၊ ဘုန်းကြီး ဘယ်လောက်ကြာခဲ့သလဲ၊ ဘုန်းကြီး ဘယ်လောက်ကြာတယ်လို့ကို အစရှာလို့မရအောင် အင်မတန် ကြာခဲ့ပြီ၊ ဘာကြောင့် ဒီလောက်ကြာခဲ့သလဲ၊ အဝိဇ္ဇာနဲ့တဏှာ အရင်းခံပြီးတော့ ကျင်လည်လာခဲ့လို့ပဲ၊ **“အဝိဇ္ဇာနီဝရဏာနံ–အဝိဇ္ဇာပိတ်ဖုံးအပ်ကုန်သည် ဖြစ်၍၊**

**တဏှာသံယောဇနာနံ–တဏှာတည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်ခံခဲ့ကြရကုန်သော၊ တဏှာသံယောဇနာနံ–တဏှာ တည်းဟူသော ကြိုးပါ၍လာကြကုန်သော၊ သန္ဓာဝတံ–တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကြကုန်သော၊ သံသရတံ–တပြောင်းပြန်ပြန် ကျင်လည်ကြကုန်သော၊ သတ္တာနံ–သတ္တဝါတို့၏၊ ပုဗ္ဗကောဋိ–ရှေးကဖြစ်ခဲ့တဲ့ အပိုင်းအခြားကို၊ န နာယတိ–မသိအပ် မသိနိုင်အောင် ရှည်လျားလှလေ၏"** ဒီတော့ ဘာဖြစ်လို့ ဒါလောက်ကြာ သတုန်းလို့ဆိုတော့ အဝိဇ္ဇာရဲ့ဓာတ်ကိုက အမှောင်သဘောရှိတယ်နော်။

ဒီတော့ ဘုန်းကြီးတို့ လက်တွေ့ အခုမှောင်နေတဲ့ အမှောင်ကြီးဟာ ဘယ်လောက်ကြာသလဲလို့ အဲဒီ အမှောင်ကိုပဲ စစ်တမ်းထုတ်ကြည့်စမ်း၊ ဘယ်လောက်ကြာသလဲလို့ကို မဆိုနိုင်ဘူး၊ ဒီအစကို ရှာလို့မရအောင် ကြာတယ်၊ ဒီအမှောင်ဟာ အကယ်၍များ နေရောင်လရောင် မီးရောင် မရှိရင် ကမ္ဘာလောကကြီး ဘယ့်နှယ်နေနမလဲ၊ အမြဲ မှောင်နေမယ်၊ အရောင်ကလေး တစ်ခုမှ မရှိဘူးဆိုရင် သဘာဝအတိုင်း အမြဲ မှောင်နေမယ်၊ အဲဒါလိုပဲ သတ္တဝါတိုင်းဟာ ဉာဏ်လေးမပေါ်ဘဲနဲ့ သဘာဝအတိုင်း ဆိုလို့ရှိရင် အဝိဇ္ဇာမှောင်နေတယ်၊ ဘာဆို ဘာမှ မသိဘူး၊ သိစရာဟူသမျှ ဘာမှ မသိဘူး။

ဟို–ကမ္ဘာလောက သြဘာသလောကဆိုတဲ့ အပြင်ဘက် လောကကြီးဟာ ဘယ်အရောင်မှ မရှိလို့ အမြဲမှောင်နေတဲ့ဥစ္စာဟာ သူ့သဘာဝအတိုင်း မှောင်နေတာပဲ၊ ဒီအမှောင်ဖြစ်အောင် ဘယ်သူမှ လာလုပ်လို့မဟုတ်ဘူး၊ သဘာဝအတိုင်းကိုက ဒီကမ္ဘာလောကကြီးဟာ အရောင်မရှိရင် မှောင်တာပဲ၊ အဲဒီလိုပဲ သတ္တဝါတွေမှာလဲပဲ အသိဉာဏ်မရှိလို့ရှိရင် အဝိဇ္ဇာဆိုတဲ့ အမှောင်ဟာ အမြဲရှိတယ်။

အဲဒီတော့ ဒီအဝိဇ္ဇာအမှောင်ဟာ ဘယ်လောက် ကြာသလဲလို့ ပြောလို့ကို မဖြစ်ဘူး၊ ဘုန်းကြီးရဲ့ အဝိဇ္ဇာ, ဘုန်းကြီးရဲ့ တဏှာဟာ

ဘယ်လောက်ကြာပြီလဲလို့ ပြောလို့ကို မဖြစ်ဘူး၊ အခု အားလုံး တရားနာနေကြတဲ့ လူများရဲ့ အဝိဇ္ဇာအမှောင်ဟာ ဘယ်လောက်ကြာပြီလို့ ပြောလို့ကို မဖြစ်ဘူး၊ အင်မတန် ကြာတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ဓာတ်သဘောပဲ၊ အဲဒီ ဓာတ်သဘောကမှ စုပေါင်းပြီးတော့ ခုလို ရုပ်တွေ နာမ်တွေ သတ္တဝါတွေ ဖြစ်နေရတယ်။

ဒီတော့ ဒီဓာတ်သဘောက ဘယ်လောက်ကြာပြီလဲလို့ ဘယ် ပြောနိုင်မလဲ၊ အသိဉာဏ်မရှိဘူးဆိုပေမယ့် သတ္တဝါတွေဟာ လိုချင်မှု ရှိအောင် လိုချင်လာအောင် ဘယ်သူမှ သင်မပေးရဘူး၊ သဘာဝ အတိုင်းကိုက လိုချင်မှုပါလာတယ်၊ လိုချင်စရာသာတွေ့ရင် လိုချင်မှု တဏှာဟာ သဘာဝအတိုင်း ရောက်လာတာပဲ၊ ဒီခုလောကကြီးမှာ တင်ပဲ လိုချင်ရုံသာမကဘူး၊ မတော်လို့ သေခါနီးကျလို့ရှိရင်လဲပဲ လူ့ဘဝ လိုချင်နေတာပဲ၊ အို–သေခါနီး မပြောနဲ့, ခုကိုပဲ ကောင်းရာ မြတ်ရာ ရောက်ရပါလို၏တွေ ဘာတွေနဲ့ လိုချင်နေတာပဲ၊ တဏှာ ဆိုတဲ့ သဘောကလဲ ဘယ်သူမှ ပြင်မပေးရဘူး လိုချင်တတ်တာပဲ၊ **"ဘိက္ခဝေ–ရဟန်းတို့၊ အဝိဇ္ဇာနီဝရဏာနံ–အဝိဇ္ဇာတည်းဟူသော အမှောင်သည် ပိတ်ဖုံး၍ထားအပ်ကုန်သော၊ တဏှာသံယောဇနာနံ–တဏှာတည်းဟူသော ကြိုးက ဟိုဖွဲ့ ဒီဖွဲ့ ဟိုဆက်ဒီဆက် ဆက်သွယ်၍ နေကြကုန်သော၊ သတ္တာနံ–သတ္တဝါဟူသမျှတို့၏၊ သန္ဓာဝတံ–တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွား၍နေကြရကုန်သော၊ သံသရတံ–တပြောင်းပြန်ပြန် ကျင်လည်ကြရကုန်သော၊ သတ္တာနံ–သတ္တဝါတို့၏၊ ပုဗ္ဗကောဋိ–ရှေးကဖြစ်ခဲ့တဲ့ အစွန်းအစ အပိုင်းအခြားကို၊ န နာယတိ–မသိအပ် မသိနိုင်ချေ"**။

**အဝိဇ္ဇာနှင့် တဏှာကုန်ရင် ရဟန္တာဖြစ်။** ။အမှန်အတိုင်း ဆိုလို့ ရှိရင် အစကိုလဲ မသိ ဘူး၊ ဒီခုနက အမှောင်ဓာတ်ကို ကြည့်ပါလေ၊ အမှောင်ဓာတ်ဟာ

ဘယ်တုန်းက စလာသလဲ၊ ဘယ်သူက လုပ်သလဲ, ဘယ်သူမှ မလုပ်ရဘူး၊ သဘာဝအတိုင်း ရှိနေတယ်၊ အဲဒီ အဝိဇ္ဇာလဲ ဘယ်သူမှ မလုပ်ရဘူး၊ သဘာဝအတိုင်း ရှိနေတယ်၊ ဒါကြောင့် ဒီသတ္တဝါတိုင်း သတ္တဝါတိုင်းဟာ အဝိဇ္ဇာနဲ့တဏှာ အခြေခံနေတယ်၊ အဲဒီဟာတော့ နှစ်နှစ်ကာကာကြီး နားလည်ထားဖို့ လိုတယ်နော်၊ ဘာပြုလို့တုန်းဆို တော့ အဝိဇ္ဇာကုန်ရင်, အဝိဇ္ဇာကုန်ခန်း ရဟန္တာဖြစ်ရင် နောက်ဘဝသစ် မရှိတော့ဘူး၊ တဏှာကုန်ရင် တဏှာကုန်ခန်း ရဟန္တာဖြစ်ရင် နောက်ဘဝသစ် မရှိတော့ဘူး၊ ဒီတော့ အခြေတည်လာတာကိုက အဝိဇ္ဇာနဲ့တဏှာ အခြေတည်လာတယ်၊ အဆုံးသတ်မှာကလဲ အဝိဇ္ဇာနဲ့ တဏှာ အဆုံးသတ်ရမှာပဲ၊ ဒီတော့ ဘုန်းကြီးက ဓမ္မစကြာတရားရဲ့ အဓိပ္ပာယ်ကို ပြောခါနီး လူတိုင်းလူတိုင်း သြော်—ငါ့မှာ အဝိဇ္ဇာနဲ့ တဏှာက တော်တော် ခြေခြေမြစ်မြစ်ကြီး ဖြစ်နေပါကလား၊ အဲဒီလို နားလည် ထားစေချင်တယ်။

**အဝိဇ္ဇာနဲ့တဏှာ သတ္တဝါတို့ရဲ့အုတ်မြစ်။** ။သာပြီးတော့ သတိရဖို့ ရန် တစ်ခု ဘုန်းကြီး ပြောဦးမယ်၊ ဘုန်းကြီး စဉ်းစားတယ်, ဒီကလေးကလေး မွေးဖွား လာတယ်၊ ဘာဆို ဘာမှ မသိဘူး၊ မွေးဖွားလာခါစလေးမှာ ဘာမှ မသိတော့၊ မသိရုံသက်သက်ပဲ နေရသလားဆိုတော့ အချိန်တန်ရင် ဆာလာပြီ၊ ဆာလာတဲ့ဥစ္စာ တဏှာက နှိုးဆော်တာ၊ ဥပမာ–ရေ ဆာလာပြီ, အမေ့နို့ရည် ဆာလာပြီဆိုတဲ့ဥစ္စာ ကလေးသဘာဝအတိုင်း သူ့ဓာတ်ပေါ်လာတာပဲ၊ အဲဒီ တဏှာကြောင့် တော်တော်လေး အချိန်ကြာတယ်ဆိုရင်ပဲ နို့ဆာလို့ ငိုလာတယ်၊ တစ်စုံတစ်ခု ဆာလို့ ငိုလာတယ်၊ အဲဒီ ဆာတဲ့ဥစ္စာကိုက တဏှာပဲ၊ ဒီ အရင်းခံ တဏှာ ကြောင့် ဆာတာ၊ ဒီတော့ ကလေးဟာ ဒီတဏှာဖြစ်အောင်, ဆာ အောင် ဘယ်သူက သင်ပေးသလဲ၊ ဘယ် အမေကမှ သင်မပေးဘူး၊

ဘယ်အဖေကမှ သင်မပေးဘူး၊ အဲဒီအချိန်မှာ ကလေးဟာ ဘာများ သိသလဲလို့ စဉ်းစားကြည့်လိုက်စမ်း၊ ဘာဆိုဘာမှ မသိဘူး၊ သြော်-အဝိဇ္ဇာနဲ့တဏှာဟာ သတ္တဝါတိုင်းမှာ ဓာတ်ခံအဖြစ်နဲ့ကို ပါနေတာပဲ၊ အဝိဇ္ဇာနဲ့တဏှာဟာ သတ္တဝါတိုင်းရဲ့ အခြေခံအုတ်မြစ်ပဲ၊ သူတို့နှစ်ခုပြတ်လို့ရှိရင် ဒီသတ္တဝါတွေဟာ နောက်ထပ် ဖြစ်ချင်ပါတယ်ဆိုပေမယ့် မဖြစ်တော့ပါဘူး၊ ဖြစ်လဲ မဖြစ်ချင်တော့ပါဘူး၊ အဲဒါလေးကို သဘောပေါက်ထားကြစမ်းပါ၊ မြတ်စွာဘုရားက ဒီအဝိဇ္ဇာနဲ့ တဏှာကို သတ်ဖို့ရန်အတွက် ဒီဓမ္မစကြာတရားတော်နဲ့ ဉာဏ်တော်ကြီးကို ဖွင့်ပြီးပေးလိမ့်မယ်နော်၊ မြတ်စွာဘုရား ဉာဏ်တော်ကြီးနဲ့ သတ္တဝါတွေမှာ ဉာဏ်ရအောင် ဖွင့်ပေးမယ်။

**"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"**

ဘိက္ခဝေ–ပဉ္စဝဂ္ဂီအမှူးထားတဲ့ ကျွတ်တမ်းဝင်ကြမည့် ပရိသတ်များတို့၊ ပဗ္ဗဇိတေန–အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွာပြီး၍ ရသေ့ ရဟန်းအဖြစ်သို့ ရောက်လာတဲ့ ပုဂ္ဂိုလ်မှန်လျှင်၊ ဒွေ–နှစ်ပါးကုန်သော၊ ဣမေ အန္တာ–ဤအစွန်းနှစ်ဖက် ထွက်နေတဲ့ အရာတို့ကို၊ န သေဝိတဗ္ဗာ–မမှီဝဲထိုက်ကုန်။

**"ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။"**

**ကာမဂုဏ် ခံစားတဲ့အကျင့်။** ။ နှစ်ပါးဆိုတာ ဘယ်တရားများလဲလို့ ဆိုတော့ **"ကာမေသု-လောကီအာရုံ၊ ကာမဂုဏ်တို့၌၊ ယော ကာမသုခလ္လိကာနုယောဂေါ–အကြင် ကိလေသာ ကာမချမ်းသာကို အဖန်ဖန်ခံစား အားထုတ်ခြင်းသည်၊**

**ဟီနော–ယုတ်ညံ့လှချေ၏၊"** ကာမဂုဏ်ခံစားတဲ့အကျင့်ကို **"ကာမသုခလ္လိကာနုယောဂ"**လို့ ခေါ်တယ်၊ အဲဒီအကျင့်ဟာ **"ဟီနော–ယုတ်ညံ့လှချေ၏၊"** ကာမဂုဏ်ခံစားတယ်ဆိုတာ ဘယ်သူတုန်းဆိုရင် တဏှာပဲ၊ ကာမဂုဏ်ခံစားချင်တဲ့ တဏှာဟာ အင်မတန် ယုတ်ညံ့တယ်၊ **"ဟီနော–ယုတ်ညံ့လှချေ၏ ဂမ္မော–ရွာသူရွာသား လူအများတို့၏ အကျင့်ဖြစ်၏"** ပဗ္ဗဇိတဆိုတဲ့ ရသေ့ ရဟန်းများရဲ့ အကျင့်မဟုတ်ဘူး၊ ရသေ့ ရဟန်း သူတော်စင်တို့ရဲ့ အကျင့် မဟုတ်ဘူး၊ ရွာသူ ရွာသားများရဲ့အကျင့်၊ **"ပေါထုဇ္ဇနိကော–ပုထုဇဉ်တို့ရဲ့ အလေ့အကျင့်ဖြစ်၏၊ အနရိယော–အရိယာပုဂ္ဂိုလ်များတို့ရဲ့ အလေ့ အကျင့်မဟုတ်၊ ပုထုဇဉ်များရဲ့ အလေ့အကျင့်ဖြစ်တယ်"** အရိယာပုဂ္ဂိုလ်တို့ရဲ့ အလေ့အကျင့် မဟုတ်ဘူး၊ **အနတ္ထသံဟိတော–ကောင်းသော အစီးအပွားနှင့် စပ်ယှဉ်သောတရား မဟုတ်ချေ၊"** ဒီပထမဆုံး ကာမဂုဏ်ခံစားတဲ့အကျင့်, အဲဒီအကျင့်ဟာ မကောင်းဘူး၊ ဒါဟာ ရသေ့ရဟန်းများ မမှီဝဲရဘူး၊ ပဥ္စဝဂ္ဂီတို့က ရသေ့ ရဟန်းတွေပဲ၊ အဲဒီပဥ္စဝဂ္ဂီတွေကို အမှူးပြုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ဟောနေတယ်နော်၊ အဲသလို ရသေ့ ရဟန်းတွေဟာ ကာမဂုဏ်ချမ်းသာကို ခံစားတဲ့ အကျင့်မျိုးကို ရှောင်ရပါမယ်လို့ ဟောတော်မူတယ်၊ ဘာဖြစ်လို့လဲ,**"ဟီနော–ယုတ်ညံ့၏"** ဒီအကျင့်ဟာ မွန်မြတ်တဲ့အကျင့်မဟုတ်ဘူး၊ ယုတ်ညံ့လို့မို့ ဒီအကျင့်မျိုး လိုချင်တယ်ဆိုရင်ပဲ လူသူလေးပါး ရှက်ရှက်ကြောက်ကြောက်နဲ့ ဖြစ်ရတယ်။

**အာရုံငါးပါး ကာမဂုဏ်တရား။** ။ ဒါ မကောင်းဘူး၊ ဒီနေရာမှာ ပြောစရာရှိတယ်၊ ကာမဂုဏ်လို့ဆိုတော့ကာ လူတွေက ယောကျ်ား,မိန်းမ နှစ်ဦးပေါင်းသင်းတဲ့ ကာမဂုဏ်မျိုးကိုသာ ထင်နေကြတယ်၊ သို့ပေမယ့် အဲဒါလောက်သာ မဟုတ်သေးဘူး၊ ကာမဂုဏ် ဆိုတဲ့ဥစ္စာ ရူပါရုံ လှလှပပ, သဒ္ဒါရုံ

သာသာယာယာ နာပျော်ဖွယ် သီချင်းသံတွေ စကားပြောသံတွေ, ဂန္ဓာရုံ မွှေးမွှေးကြိုင်ကြိုင်တွေ, ရသာရုံ အစားကောင်း အသောက်ကောင်းဆိုတဲ့ အရသာတွေ, ဖောဋ္ဌဗ္ဗာရုံ ဖဲမွေ့ရာ ကမ္ဗလာ ကော်ဇော က စပြီးတော့ ကောင်းမွန်တဲ့ အထိအတွေ့တွေ၊ အဲဒါတွေဟာ အကုန်လုံး ကာမဂုဏ် ခေါ်တယ်၊ အဲဒီ ကာမဂုဏ်ငါးမျိုးစလုံးဟာ အရိယာ သူတော်ကောင်းများ မြတ်နိုးတဲ့ အရာမျိုး မဟုတ်ဘူး၊ ဒါပေမယ့် ဘုန်းကြီးတို့ရဲ့ သတ္တဝါတိုင်းမှာ တဏှာဆိုတဲ့ ဓာတ်က ပါနေတယ် မဟုတ်လား၊ ဘယ်တရားနဲ့မှ မပြုပြင်လို့ ရှိရင်ဖြင့် အဝိဇ္ဇာက ဘာမှ အပြစ်မရှိဘူးဆိုတဲ့ အနေမျိုးနဲ့ ဖုံးထားတော့ တဏှာက ခံစားချင်တယ်၊ ကာမသုခလ္လိကာနုယောဂဆိုတာ တဏှာအားပေးနေတာပဲ။

**အရှက်အကြောက် ရှိတဲ့သူဟာ ပွဲ မကြည့်ဘူး**

မူရင်းကလဲ အဝိဇ္ဇာနဲ့တဏှာကို အခြေတပ်ထားတဲ့ သတ္တဝါတွေ ဖြစ်တဲ့အပြင် ကာမသုခလ္လိကာနုယောဂဆိုတဲ့ အကျင့်ကလဲ တဏှာအားပေးတဲ့ အကျင့်ဆိုတော့ ဒီအကျင့်ဟာ ရသေ့ရဟန်းများနဲ့ လားလားမှ မသင့်တဲ့ အကျင့်ပဲလို့ ပထမဆုံး ပယ်တော်မူတယ်၊ ဒါ လျှောက်ပြီးတော့ သေသေချာချာ စဉ်းစားကြည့်၊ **"ဟီနော–ယုတ်ညံ့တယ်"**ဆိုတာလဲ သေသေချာချာပဲ၊ ဒါကြောင့်မို့ ပွဲကြည့်ချင်တယ်ဆိုပေမယ့် တော်တော်ကလေး အရှက်အကြောက်များတဲ့ ပုဂ္ဂိုလ်ဆိုရင်ပဲ မကြည့်ဝံ့ကြဘူး၊ ဘာဖြစ်လို့တုံး၊ ဒီပွဲကြည့်တဲ့ အကျင့်ကိုက ကောင်းတဲ့အကျင့်မဟုတ်ဘူးလို့ အများက သမုတ်ပြီးသား, အများက ယူဆပြီးသားဖြစ်နေလို့ တော်တော်လေး အသက်ကြီးတယ်ဆိုရင် **"အို----ငါတို့ အရွယ်နဲ့ မတော်ပါဘူး"**လို့ ရှောင်ကြတယ်၊ တော်တော်ကလေး စိတ်သဘောထား မြင့်မြတ်တဲ့ အမျိုးကောင်းသား ဖြစ်နေရင်လဲ **"အို----တို့ ပွဲလမ်းသဘင်တွေ**

**သိပ်သွားလို့မတော်ပါဘူး"**ဆိုပြီး ရှောင်ကြတယ်၊ တော်တော်ကလေး ရှက်တတ်ပြုတတ်တဲ့ အမျိုးသမီးများလဲပဲ **"အို—တို့ ပွဲလမ်းသဘင်တွေ သွားလို့မတော်ပါဘူး"** ဆိုပြီး ရှောင်ကြတယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအကျင့်ဟာ မကောင်းဘူးဆိုတာ သူသူငါငါ သိပြီးသား, အသိအမှတ်ပြုပြီးသား ဖြစ်နေလို့ပဲ၊ အဲဒါကြောင့် အကယ်၍ မနေနိုင်လို့ တဏှာလှုံ့ဆော်လို့ သွားပေမယ့် စိတ်ကတော့ ရှံ့နေကြတယ်၊ သဘာဝအတိုင်းကိုက ယုတ်ညံ့လို့, သဘာဝအတိုင်းကိုက အောက်တန်းကျလို့ ဒီလိုဖြစ်နေတာ၊ နောက်ဆုံးတော့ **"အနတ္ထသံဟိတော—အကျိုးစီးပွားနဲ့ မစပ်ယှဉ်သော အကျင့်ဖြစ်တယ်၊ လောကကောင်းကျိုး မရတဲ့အကျင့်ဖြစ်တယ်"** ဟိုသံသရာဆိုတာတော့ မပြောနဲ့တော့၊ သံသရာမှာလဲ တဏှာတိုးလေ မကောင်းလေ၊ ဒီ ရူပါရုံ လှလှပပတွေ ကြည့်ပြီးတော့နေလို့ တဏှာဖြစ်လေ သံသရာ အတွက် မကောင်းလေဘဲ၊ သံသရာထဲ ကြာဖို့ရာအကြောင်း ဖြစ်နေတာပဲ၊ သဒ္ဒါရုံ ကောင်းကောင်းကလေးတွေ, သီချင်း သီဆိုသံ တွေ, တစ်ယောက် တစ်ယောက် စကားပြောသံတွေ နားထောင်ချင်လေ တဏှာတိုးလာလေ၊ နဂိုထဲက တဏှာအခြေခံလာတာဆိုတော့ တဏှာတိုးလာလို့ရှိရင် သံသရာထဲမှာ သာပြီးတော့ ကြာမှာပဲ၊ ဒါကြောင့် **"အနတ္ထသံဟိတော—အကျိုးစီးပွားနဲ့ မစပ်ယှဉ်သော တရားဖြစ်တယ်"**လို့ ဟောတော်မူတယ်။

**မျက်စိက ရူပါရုံမှာ ပျော်မွေ့တယ်။** ။ပြီးတော့ တစ်နေရာမှာ ဘုရားရှင် ကိုယ်တော်မြတ်က ဒီကာမဂုဏ်ရဲ့အကြောင်းကို ဘယ်လိုဟောပါသလဲဆိုတော့ ဟို—မာဂဏ္ဍိယသုတ်မှာ **မာဂဏ္ဍိယ**ဆိုတဲ့ ပုဏ္ဏားကို မြတ်စွာဘုရားက ဒီလို ဟောတော်မူတယ်၊ **"မာဂဏ္ဍိယ…စက္ခုပသာဒဆိုတဲ့ မျက်စိက၊ ရူပါရာမံ—ရူပါရုံဟူသော မွေ့လျော်ဖွယ်ရာရှိ၏"**မျက်စိက ရူပါရုံချည်း

ကြည့်နေချင်တာပဲ၊ **"ရူပရတဲ-ရူပါရုံ၌ မွေ့လျော်၏"** ရူပါရုံမြင်ရမှ ရူပါရုံကို ကြည့်နေရမှ မွေ့လျော်နေတယ်တဲ့၊ နားကလဲ အသံကြားရမှ သူ့စိတ်က ကျေနပ်တယ်၊ အသံကို တယ်နားထောင်ချင်တယ်၊ ဒီ နှာခေါင်းကလဲပဲ အနံ့ကလေးရမှ ကျေနပ်တယ်၊ ဒီရူပါရုံစတဲ့ ကာမဂုဏ် အာရုံတွေကို စက္ခုသောတစတဲ့ ဒီတရားတွေက အမြဲ မွေ့လျော်နေတာဖြစ်တော့ တဏှာက လှုံ့ဆော်ပြီးတော့ ကြည့်ချင်နေ တာပဲ၊ ကြားချင်နေတာပဲ၊ မွှေးကြိုင်ချင်နေတာပဲ၊ အရသာ ကောင်း ကောင်းတွေ စားချင်နေတာပဲ၊ အတွေ့အထိ ကောင်းကောင်းတွေ တွေ့ထိချင်နေတာပဲ၊ ဒါ လက်တွေ့နော်၊ သတ္တဝါတိုင်းရဲ့ လက်တွေ့ နော်၊ အင်း...ပြန်ပြီးစဉ်းစားလိုက်စမ်း၊ သတ္တဝါတွေဟာ အဝိဇ္ဇာနဲ့ တဏှာ ခာတ်ခံရှိတယ်၊ ဒီ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ ဆိုတဲ့ တရားတွေကလဲ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ ကာမဂုဏ်ကို အင်မတန် မွေ့လျော်တယ်။

**အန္ဓ မီးကင်တာနဲ့ တူတယ်။** ။ ဒီတော့ မြတ်စွာဘုရားက ဆက်ပြီး တော့ ဟောတော်မူပြန်တယ်၊ ဒီ သတ္တဝါတွေရဲ့ တဏှာက အာရုံငါးပါး မွေ့လျော်ပုံဟာ ဘာနဲ့တူတုန်း လို့ဆိုတော့ အန္ဓ မီးကင်တာနဲ့ တူတယ်၊ အန္ဓဟာ သူ့ ကံမကောင်း အကြောင်းမသင့်လို့ဖြစ်ဖြစ်, သူ့ကိုယ်သူ မထိန်းသိမ်းလို့ဖြစ်ဖြစ် အန္ဓဘဝရောက်နေတယ်၊ အန္ဓဘဝရောက်နေတော့ တော်တော်ကလေး အန္ဓက ကြီးလာတယ်ဆိုရင်ပဲ ယားတယ်၊ ဘာဖြစ်လို့ ယားသတုန်း ဆိုတော့ အထဲက ပိုးတွေက ကြွတယ်၊ အထဲက ပိုးတွေက ကြွလို့ လှုပ်လှုပ်ရှားရှားဖြစ်တော့ အန္ဓက ယားတယ်၊ ယားတော့ ဘာလုပ် သတုန်း, ကုတ်တယ်၊ ကုတ်လို့ အားမရတော့ ဘာလုပ်သလဲဆိုတော့ မီးကျီးကောင်းကောင်းနဲ့ သွားပြီးတော့ မီးကင်တယ်၊ မီးကင်လိုက်တော့ ထို အပူခာတ်ကြောင့် ပိုးတွေက နောက်ဆုတ်ပြီး ငြိမ်သွားတယ်၊

ကလေး ကြည့်လိုက်လို့, သဒ္ဒါရုံ ကောင်းကောင်းကလေး နားထောင်လိုက်လို့ ဒီအာသာ ပြေသွားတယ်၊ ဒီအယားဟာ တကယ်ပျောက်သွားသလား၊ ဘယ်ဟုတ်မလဲ၊ အနူပျောက်သလား, တဏှာ ပျောက်သလား၊ ဘယ်ဟုတ်မလဲ၊ ပိုပြီးတော့ အနူရောဂါ ထတာပဲ၊ ကုတ်လိုက်, မီးကင်လိုက်၊ ခဏသက်သာလိုက်, ရောဂါပိုး ထလိုက်၊ တဏှာဓာတ်ခံရှိနေလို့ ပုထုဇဉ် သတ္တဝါတွေဟာ ရူပ, သဒ္ဒ, ဂန္ဓ, ရသ ကာမဂုဏ်တွေ လိုက်စားလိုက်တော့ ခဏကလေး အနူအယားပျောက်သလို ခဏကလေး သက်သာသွားတယ်။

**တဏှာတိုးအောင်လုပ်နေတာ။** ။ဒါပေမယ့် နောက်ကျတော့ ခုတင်က အနူရောဂါ ထသလို ထပြီး ယားပြန်တာပဲ၊ ရူပ,သဒ္ဒ,ဂန္ဓ,ရသ အာရုံတွေ လိုက်စားပြန်တာပဲ၊ ဒီနည်းနဲ့ သံသရာတစ်လျှောက် လျှောက်လာခဲ့တာ ဘယ်တော့မှ သံသရာက ကျွတ်မှာမဟုတ်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ အဝိဇ္ဇာနဲ့ တဏှာက အခြေခံလာတာ ဘယ်နည်းနဲ့မှ ကျွတ်မှာ မဟုတ်ဘူး၊ သံသရာက ကျွတ်ရပါလိုရဲ့လို့ ဆုတောင်းပေမယ့် ဘယ်နည်းနဲ့မှ မကျွတ်ဘူး၊ ဘာပြုလို့တုန်း၊ အလုပ်ကိုက အနူပျောက်အောင် လုပ်တာ မဟုတ်ဘူး၊ အနူတိုးအောင် လုပ်နေတာ၊ အလုပ်ကိုက တဏှာ ပျောက်အောင် လုပ်တာမဟုတ်ဘူး၊ တဏှာတိုးအောင် လုပ်နေတာ၊ ဘယ်လောက် ဆုတောင်း ဆုတောင်း မရပါဘူး၊ နိဗ္ဗာန် မရပါဘူး၊ အဲဒီတော့ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လောကီအာရုံ ကာမဂုဏ်တွေကို လိုက်စားပျော်ပါးတဲ့ အကျင့်ဟာ ယခု ပြောခဲ့တဲ့အတိုင်း (မာဂဏ္ဍိယသုတ်မှာ ဟောတော်မူတဲ့အတိုင်း) နူနာကို မီးကင်နေတာနဲ့ အတူတူပါပဲ၊ အဲဒါကြောင့် မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတို့ကို **"ဘိက္ခဝေ– ဘိက္ခုတို့၊ ပဗ္ဗဇိတေန–အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွာရှောင်၍ ရသေ့ရဟန်းဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်သည်၊ ဒွေ–နှစ်မျိုးကုန်သော၊ ဣမေ အန္တာ–**

ဤ ယုတ်လည်း ယုတ်ညံ့ နှစ်ဖို့နှစ်စုလဲ ကွဲပြားနေတဲ့ တရားတို့ကို၊ န သေဝိတဗ္ဗာ–မမှီဝဲထိုက်ကုန်၊ ကတမေ ဒွေ–နှစ်မျိုးဟူသည် အဘယ်နည်း၊ ကာမေသု–လောကီအာရုံ ကာမဂုဏ် ငါးပါးတို့၌၊ ယော ကာမသုခလ္လိကာနုယောဂေါ–အကြင်ကိလေသာ ကာမချမ်းသာကို အဖန်ဖန်လိုက်စား ပျော်ပါးခြင်းဆိုတဲ့ ကာမသုခလ္လိကာနုယောဂ အကျင့်သည်၊ ဟီနော–ယုတ်ညံ့လှ၏၊ အထက်တန်းပုဂ္ဂိုလ်များရဲ့ အလုပ်မဟုတ်ဘူး၊ ဂမ္မော–ရွာသူရွာသား လူအများတို့၏အလုပ်ဖြစ်၏၊ ပေါထုဇ္ဇနိကော–အရိယာတို့အတွင်းမှာ မပါဝင်တဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏အလုပ် အလေ့အကျင့်ဖြစ်၏၊ အနရိယော–အရိယာသူတော်ကောင်းတို့၏အကျင့်မဟုတ်၊ အနတ္ထသံဟိတော–သည် အကျင့်ကို ကျင့်သည့်အတွက်ကြောင့် မည်သည့် ကောင်းကျိုး တစ်စုံတစ်ရာမျှ မရှိ"။

**အရသာခံပြီး မစားနဲ့**။ ။အဲဒါကြောင့် ရသေ့ ရဟန်းဖြစ်လျှင် ဒီ အကျင့်မျိုးကိုရှောင်၊ ဒီတော့ ဘုန်းကြီးက လျှောက်ပြီးတော့ စဉ်းစားတယ်၊ အလွန်ကောင်းတဲ့ ဆွမ်း, ဆွမ်းဟင်းတွေကို ဘုန်းကြီးတွေ ရဟန်းသာမဏေတွေ ဘုဉ်းပေးကြတယ်၊ အဲဒါတွေ ဘုဉ်းပေးကြတာလဲ ကာမဂုဏ်ခံစားနေတာပဲ မဟုတ်လားလို့ စဉ်းစားစရာ ဖြစ်နေတယ်၊ အဲဒါကိုတော့ မြတ်စွာဘုရားက ဘယ်လို ပညတ်တော်မူသလဲဆိုတော့ **"ကောင်းလှချည်ရဲ့, အရသာရှိလှချည်ရဲ့ဆိုပြီး တဏှာ ပွားအောင် အရသာခံ, ဇိမ်ခံပြီးတော့ မစားနဲ့"** အဲဒါတွေ စားတဲ့အခါ တဏှာဖြစ်မှာစိုးလို့ မြတ်စွာဘုရားက ပစ္စဝေက္ခဏာ ဆင်ခြင်စားပါတဲ့၊ ဘယ်လို ပစ္စဝေက္ခဏာဆင်ခြင်ရမည်လဲဆိုတော့ **"ငါဟာ ဒီအစာ စားပြီးတော့ သာသနာ့ဝန်တွေကို ထမ်းဆောင်နိုင်အောင်, စာပေပရိယတ် ကျမ်းဂန်တွေကို သင်အံ ပို့ချနိုင်အောင် စားပါ၏၊ တဏှာလောဘ ကင်းဝေးကြောင်း**

**အကျင့်ကောင်း အကျင့်မြတ် တွေ, မင်္ဂ ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေ ကျင့်နိုင်အောင်သာ စားပါ၏**"လို့ အဲဒီလို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး စားဖို့ရန် မြတ်စွာဘုရား ပညတ်တော်မူတယ်၊ အဲဒီလို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး မစားလို့ရှိရင် ကြွေးတင်တယ်လို့ ဟောတော်မူတယ်၊ ဆွမ်းရော, ကျောင်းရော, ဆေးရော အကုန်လုံး ဒီလို ဆင်ခြင်ပြီး သုံးဆောင်ရမှာပဲ၊ အဲဒါ ဘာပြုလို့လဲဆိုတော့ ခံစားတဲ့သဘော ရောက်သွားမှာ စိုးလို့ပဲ၊ ဘုရားရှင် ကိုယ်တော်မြတ်က တချို့ပစ္စည်းတွေဆိုရင် လုံးလုံးကို ပယ်ထားတယ်၊ တချို့ ပယ်လို့မရတဲ့ ပစ္စည်းတွေကိုတော့ ဆင်ခြင် သုံးပါလို့ မိန့်တော်မူတယ်၊ ပညတ်တော်မူတယ်။

**ကျောင်းကိုတွယ်တာတဲ့ တဏှာ မဖြစ်စေချင်**

အဲဒါကြောင့် မြတ်စွာဘုရားက ကာမဂုဏ်နှင့် စပ်တယ်လို့ဆိုရင် ရူပါရုံလှလှတွေ, မသုံးသင့် မသုံးကောင်းတဲ့ပစ္စည်းဝတ္ထု လှလှလေးတွေ၊ အဲဒါတွေကို ရသေ့ရဟန်းဆိုရင် မသုံးပါနဲ့၊ အကယ်၍ သုံးသင့်သုံးကောင်းတဲ့ ပစ္စည်းဝတ္ထုဆိုရင်လဲ ဆင်ခြင်ပြီးတော့ သုံးပါ၊ အဲဒီလို သဒ္ဒါရုံတွေ ဘာတွေ သီချင်းသံတွေ နားမထောင်ပါနဲ့၊ နားထောင်လို့ရှိရင် အပြစ်ကို ရှိပါတယ်၊ ပွဲလမ်းသဘင်တွေ မကြည့်ပါနဲ့၊ ကြည့်လို့ရှိရင် အပြစ်ကို ရှိတယ်၊ ဝိနည်းတော်အရကို အပြစ်ရှိတယ်၊ အဲဒီလို ကာမဂုဏ်အာရုံတွေကို လိုက်စားပျော်ပါးတဲ့ ကာမသုခလ္လိက အကျင့်မျိုးဘက် ပါသွားမှာစိုးလို့ နေရာတိုင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်က တားမြစ်တော်မူတယ်၊ အရသာခံ ဇိမ်ခံတဲ့အနေနဲ့ သာသာယာယာကလေး သုံးစွဲနေမှာကို ဘုရားရှင်ကိုယ်တော်မြတ် လိုလားတော်မမူဘူးနော်၊ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူသော ဂန္ဓကုဋိကျောင်း တိုက်တို့ ဘာတို့လို ကျောင်းဒကာတွေရဲ့ သဒ္ဓါတရားအလျောက်

ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ရှိသလောက် ရှိပါတယ်၊ ဒါပေမယ့် တောထဲ ဆိတ်ငြိမ်တဲ့ သစ်ပင်အောက်မှာ မကြာမကြာ သီတင်းသုံးပြီး သမာပတ်ဝင်စားနေတော်မူပါတယ်၊ တပည့် ရဟန်းသံဃာတွေကိုလဲ ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတွေကို တွယ်တာတဲ့ တဏှာ ဖြစ်မနေစေချင်ဘူး၊ အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းသံဃာတော်တွေ ရဟန်းဖြစ်ခါစ ဘာများအမိန့်ပေးတော်မူသလဲ ဆိုတော့**"အသင်တို့ ဆွမ်းခံပြီးတော့ စား၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ နေ၊ အဝတ်သင်္ကန်းများကိုလဲ ပံ့သုကူကောက်ပြီးတော့ ဝတ်ကြ"** အဲသလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မိမိလိုပဲ ခြိုးခြိုးခြံခြံ ကျင့်ဖို့ရန် ပထမဆုံး မိန့်တော်မူခဲ့တယ်၊ ဒီထိအောင် ဘုန်းကြီး ပြောခဲ့တာဟာ တဏှာလောဘ ဖြစ်တတ်တဲ့ အကျင့်မျိုး, ကာမသုခလ္လိကာနုယောဂ (ကာမဂုဏ်ချမ်းသာ ခံစားတဲ့)အကျင့်မျိုးကို မြတ်စွာဘုရား တားမြစ်တော်မူတယ် ဆိုတာကို တော်တော်များများ ဘုန်းကြီး ပြောပြီးပြီ၊ ပြီးတော့ ဘယ်လို အကျင့်မျိုးကိုလဲ မြတ်စွာဘုရား တားမြစ်တော်မူပါသေးသလဲဆိုတော့။

**အလွန်အမင်း အပင်ပန်းခံ ကျင့်ရင် အတ္တကိလမထ**

**"ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တကိလမထာနုယောဂေါ–တပင်တပန်းဖြစ်အောင် အားထုတ်တဲ့ အကျင့်မျိုးသည်လည်း၊ ဒုက္ခော–ဆင်းရဲကြောင်းဖြစ်၏၊ အနရိယော–အရိယာပုဂ္ဂိုလ်တို့ကျင့်ရတဲ့ အကျင့်မျိုးမဟုတ်၊ အနတ္ထသံဟိတော–အကျိုးစီးပွားနှင့် မစပ်ယှဉ်သောအကျင့်ပင်ဖြစ်၏"** ကာမသုခလ္လိကာနုယောဂအကျင့်ကို မကျင့်ရဘူး,ကာမဂုဏ်တွေ မလိုက်စားရဘူး,တဏှာလောဘ မဖြစ်စေရဘူးလို့ တားမြစ်တာကတော့ ဟုတ်ပါပြီ၊ ဒီလိုဆိုရင် နင်လားငါလား အပင်ပန်းခံပြီးတော့ ကျင့်ရတော့မလားလို့ဆိုတော့

ဒါလဲ အလွန်အမင်း အပင်ပန်းခံတာကတော့ ဘုရားရှင်ကိုယ်တော်မြတ်က နှစ်သက်တော်မမူဘူး၊ အလွန်အမင်း အပင်ပန်းခံကျင့်ရင် အတ္တကိလမထာနုယောဂအကျင့် ဖြစ်သွားတယ်။

**အတ္တကိလမထ အကျင့်များ။** ။အဲဒီ အကျင့်က ဘယ်လို အကျင့်မျိုးတုံးဆိုတော့ ဟိုခေတ်တုန်းက ဘုရားရှင်ကိုယ်တော်မြတ်ဟာ ကိုယ်တော်တိုင် တပင်တပန်းကျင့်တော်မူခဲ့တယ်လေ၊ ဒီ အာနာပါန ကျင့်တဲ့အခါတုန်းက နှာခေါင်းက လေမထွက်အောင် ပိတ်လို့, ပါးစပ်ကလဲ ပိတ်လို့၊ အတင်းကြိုးစားလိုက်တာ နားတွေက လေတွေထွက်ပြီးတော့လာတယ်၊ အဲဒီတော့ နားက လေမထွက်အောင် ကြိုးစားလိုက်တာ တကတည်း ဗိုက်ထဲမှာ နွားသတ်သမားက နွားကို အတင်းလှီးဖြတ်နေသလို တပင်တပန်းကြီး ဖြစ်သွားတယ်၊ ပြီးတော့ အစာတွေ လျှော့လိုက်တာ တစ်နေ့လုံး နေလို့မှ ပဲပြုတ်ရည်လေး လက်တစ်ခုတ်လောက် ဘုဉ်းပေးတော်မူတယ်၊ ပြီးတော့ ထပ်လျှော့လိုက်တာ၊ တစ်နေ့လုံး နေလို့မှ ဆီးသီးကလေး တစ်လုံးလောက် ဘုဉ်းပေးတော်မူတယ်၊ အဲဒီလိုကျင့်တော့ မြတ်စွာဘုရားရဲ့ ဒီဝါဝင်းတဲ့ ပြည့်ဖြိုးတဲ့ အသားအရေတော်တွေဟာ ဘယ်လို ဖြစ်သွားသလဲဆိုတော့ ခြောက်ကပ်ပြီးတော့ အရိုးနဲ့အရေလောက်သာ ကျန်တော့တယ်၊ အဲဒီလို ကျင့်လိုက်တုန်းက တရားထူးရသလားဆိုတော့ မရပါဘူး၊ အဲဒီတော့ မြတ်စွာဘုရားက ခန္ဓာကိုယ်ကို သိပ်ပင်ပန်းအောင်ကျင့်တဲ့ အတ္တကိလမထာနုယောဂအကျင့်မျိုးဟာလဲ ကောင်းတဲ့အကျင့် မဟုတ်ဘူး၊ ဆင်းရဲတာပဲ အဖတ်တင်တယ်၊ ဘာအကျိုးမှ မရဘူး၊ ကာမသုခလ္လိကာနုယောဂအကျင့်နဲ့ အတ္တကိလမထာနုယောဂအကျင့် နှစ်မျိုးလုံးကို ဘုရားရှင်ကိုယ်တော်မြတ်က ကိုယ်တော်တိုင် ကျင့်ဖူးတာချည်းပဲ၊ ကြည့်စမ်း...ကာမသုခလ္လိကာနုယောဂအကျင့်ကို ဘယ်တုန်းက ကျင့်ခဲ့သလဲဆိုတော့ ထီးနန်း

စည်းစိမ်နဲ့နေတုန်းက ကျင့်ခဲ့တယ်၊ ထီးတော် နန်းတော်နဲ့ နေတုန်းက ဘုရားရှင် ကိုယ်တော်မြတ် ချမ်းသာလိုက်တာ၊ ကာမဂုဏ်ကိုသာ ခံစားပြီးတော့ စည်းစိမ်နဲ့ နေလိုက်တာ ဘာတရားထူးမှ မရဘူး၊ ဘာအကျိုးမှမရှိခဲ့ဘူး၊ အကျိုးမရှိရုံသာမကဘူး၊ နောက်ဆုံး စဉ်းစားလိုက်တဲ့အခါကျတော့ အို...ဒီထီးနန်းစည်းစိမ်နဲ့ နေလို့ရှိရင် သေကြရမယ်, အိုကြရမယ်, နာကြရမယ်၊ မသေခင် အိုရ, နာရပြီးတော့ သေပြီးတဲ့နောက် သေကွဲ ကွဲကြရမယ်၊ ဘာအသုံးကျသလဲလို့ အပြစ်မြင်ပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ် တောထွက်တော်မူခဲ့တယ်။

**အကျင့်နှစ်မျိုးကို မကျင့်ဖို့။**

။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် ထီးနန်းစည်းစိမ်နဲ့ နေတုန်းက စည်းစိမ်ခံစားတဲ့ အကျင့်မျိုးဟာ ကာမသုခလ္လိကာနုယောဂအကျင့်ပဲ၊ သိပ်ချမ်းသာအောင် နေခဲ့တာပဲ၊ ဘေးကလဲ သိပ်ယုယကြတာပဲ၊ အဲဒါလောက် ချမ်းသာတုန်းကလဲ ဘုရားရှင်ကိုယ်တော်မြတ် အပြစ်မြင်တော်မူခဲ့တယ်၊ တစ်ခါ တောထွက်ပြီးတော့ ကျင့်တော့လဲပဲ အတ္တကိလမထအကျင့်ကို ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ကျင့်တယ်၊ သိပ်ပင်ပန်းအောင် ကျင့်တယ်၊ အဲဒီလောက် ကျင့်တော့လဲ တရားထူး မရခဲ့ပါဘူး၊ ဒါကြောင့် **"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော"**လို့ အဲဒီအကျင့်နှစ်မျိုးကို မကျင့်ဖို့ရန် ဟောတော်မူတယ်။

**အလယ်အလတ် ကျင့်မှုထူးခြားတဲ့ ဉာဏ် ပေါ်လာ**

အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ခွာလာလို့ တရားထူး ရအောင်ကြိုးစားတဲ့ ပုဂ္ဂိုလ်မှန်ရင်

ဒီအကျင့်နှစ်ပါးကို မရောက်စေရဘူး**“ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ”**ဥဘော–နှစ်ပါးကုန်သော၊ ဧတေ အန္တေ–ဤတရား အဖို့အစုတို့ကို၊ အနုပဂမ္မ–မကပ်ရောက်မူ၍၊ တထာဂတေန–မြတ်စွာဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ–ထိုးထွင်း၍ သိအပ်သော၊ မဇ္ဈိမာ–ထိုအကျင့်နှစ်ရပ်တို့၏ အလယ်၌ဖြစ်သော၊ ပဋိပဒါ-အကျင့်သည်ကား၊ ကာမဂုဏ်ခံစားဘက်လဲ မယိမ်းဘူး၊ ခန္ဓာကိုယ် တပင်တပန်းကြီး တကတည်း ချုံးသွားအောင် ဒီလိုလဲ မဟုတ်ဘူး၊ အဲဒီ နှစ်မျိုးကို မကျင့်ဘဲနဲ့ ငါဘုရားဟာ အလယ်အလတ် အကျင့်ကို လိုက်ခဲ့တာ အလွန် ကောင်းတယ်၊ တထာဂတေန–ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ–ထိုးထွင်း၍သိမြင်အပ်သော၊ မဇ္ဈိမာပဋိပဒါ-ထိုအကျင့်နှစ်ရပ်တို့၏ အလယ်၌ဖြစ်တဲ့ အကျင့်သည်၊ စက္ခုကရဏီ–ဉာဏ်စက္ခုကိုလည်း ပြုတတ်ပေ၏၊ အဲဒီ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်အလတ် အကျင့်ကိုကျင့်မှ တော်တော်ထူးခြားတဲ့ ဉာဏ်တွေ ပေါ်လာတယ်၊ ဉာဏကရဏီ–သစ္စာလေးပါးတရား သိမြင်နိုင်လောက်တဲ့ ဉာဏ်ကိုလည်း ပြုနိုင်ပေ၏၊ ဥပသမာယ–ကိလေသာခပ်သိမ်းတို့၏ အေးငြိမ်းခြင်းအကျိုးငှာ၊ အဘိညာယ–သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိမြင်ခြင်းအကျိုးငှာ၊ သမ္ဗောဓာယ–သစ္စာလေးပါးတရားကို အမှားအယွင်းမရှိ သိမြင်ခြင်းအကျိုးငှာ၊ နိဗ္ဗာနာယ–ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တတိ–စင်စစ်ကေန် အမှန်ပင် ဖြစ်နိုင်ပါပေသတည်း။

## သာဓု ... သာဓု ... သာဓု။

အင်မတန်ကောင်းတဲ့ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်အလတ်အကျင့်ကို ကျင့်လိုက်တာ၊ ငါဘုရားဉာဏ်တွေ တိုးလာတယ်၊ ကိလေသာတွေ အပူတွေ ငြိမ်းသွားတယ်၊ သစ္စာလေးပါးကို သိလာတယ်၊ နိဗ္ဗာန်ကို မြင်လာတယ်၊ ငါဘုရားဟာ ဟို... အကျင့်နှစ်မျိုးကို

ကျင့်တုန်းက ဘယ်အကျိုးမှ မရခဲ့ဘူး၊ ယခု ဒီအလယ်အလတ် အကျင့်ကို ကျင့်လိုက်တော့မှ တကယ့်ကို အင်မတန် အဖိုးတန်တဲ့ အကျိုးတွေ ရလာတယ်။

## မဂ္ဂင်ရှစ်ဖြာ မဇ္ဈိမပဋိပဒါ

အဲဒီ အလယ်အလတ်အကျင့်ဆိုတာ ဘယ်အကျင့်လဲလို့ဆိုတော့–

**"ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။"** အဲဒီ အလွန်ကောင်းတဲ့ အလယ်အလတ်ကျင့်စဉ်ဆိုတာ တခြား မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဂ္ဂင်တရားပဲ။

**"သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။"**

မဂ္ဂင်ရှစ်ပါးဆိုတဲ့ မဇ္ဈိမပဋိပဒါ အကျင့်မြတ်က ဘယ်လောက်များ သတ္တိရှိပါသလဲလို့ ဆိုတာကို ဘုန်းကြီးတို့ တရားသဘောတော်အတိုင်း စဉ်းစားကြည့်စို့။

**သမ္မာဒိဋ္ဌိ။** ။ သမ္မာဒိဋ္ဌိဆိုတာက မှန်ကန်သောအမြင်, မှန်ကန်သော အသိဉာဏ်၊ ဘယ်လိုနေရာမှာ မှန်ကန်ရမလဲ၊ သမ္မာဒိဋ္ဌိ ဆိုတဲ့ အသိဉာဏ်က ပထမအချက်က ကံ-ကံ၏အကျိုးကို သိနေတဲ့ ကမ္မဿကတာဉာဏ်, ဒုတိယအချက်က ဒီထက်ပိုပြီးတော့ သိနေတဲ့ ဝိပဿနာဉာဏ်, တတိယအချက်က ဒီ့ထက်ပိုပြီးတော့ ထိုးထွင်း၍ သိတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အဲဒီ ဉာဏ်တွေဟာ အဆင့်ဆင့် သမ္မာဒိဋ္ဌိချည်းပဲ၊ အဲဒါကြောင့် မြတ်စွာဘုရားက ဒီပြင်ပါဠိတော် တစ်နေရာမှာ–

**"သမ္မာဒိဋ္ဌိ ခေါ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသနာ၊ ဒေါသဝိနယပရိယောသာနာ၊ မောဟဝိနယ ပရိယောသာနာ။"** ရဟန်းတို့ သမ္မာဒိဋ္ဌိကို မိမိစိတ်မှာဖြစ်အောင်, မိမိသန္တာန်မှာဖြစ်အောင် ကြိုးစားလို့ရှိရင် တစ်ကြိမ် မဟုတ်ဘူး၊ အထပ်ထပ်ကြိုးစားလို့ရှိလျှင် နောက်ဆုံးကျတော့ ရာဂကုန်သွားတယ်, ဒေါသကုန်သွား တယ်,မောဟကုန်သွားတယ်၊ ဒီမှာ **"ဥပသမာယ– ကိလေသာတို့၏ ငြိမ်းအေးဖို့ရန်၊ သံဝတ္တတိ–ဖြစ်၏"** လို့ ဒီနေရာမှာ ဓမ္မစကြာတရား တော်နဲ့ တစ်ထပ်တည်း ကျသွားတယ်။ သမ္မာဒိဋ္ဌိက ဘာကြောင့် ဒီလောက် စွမ်းရသတုန်းဆိုတော့ ဘုန်းကြီးတို့ တရားနာတဲ့ပုဂ္ဂိုလ် အားလုံးပဲ စဉ်းစားကြည့်စမ်း၊ မိမိတို့ အဝိဇ္ဇာနဲ့ တဏှာအရင်းခံပြီးတော့ ကံတွေပြုခဲ့တယ်၊ ကောင်းတဲ့ကံလဲ ပြုခဲ့တယ်၊ မကောင်းတဲ့ ကံလဲ ပြုခဲ့တယ်၊ ပြုတာကိုက အဝိဇ္ဇာနဲ့တဏှာ အရင်းခံပြီး ပြုတယ်၊ ကောင်းတဲ့ကံ ပြုတုန်းမှာ အဝိဇ္ဇာနဲ့တဏှာ မရှိပါဘူး၊ ဒါပေမယ့် ဓာတ်ခံကတော့ ရှိနေတယ်၊ ဓာတ်ခံကရှိနေတော့ ဒီအဝိဇ္ဇာနဲ့တဏှာ အရင်းခံနဲ့ ပြုတာချည်းဖြစ်နေတယ်၊ ဆရာသမားတွေ ဟောပြောထား တဲ့အပြင် မိမိကိုယ်တိုင်လဲ အထပ်ထပ် စဉ်းစားတဲ့အတွက် ဘယ် လောကီစည်းစိမ်ကိုမှ မတောင့်တဘူး၊ မလိုချင်ဘူး၊ နိဗ္ဗာန်ကို သာလိုချင်တောင့်တပြီး ကုသိုလ်ပြုပါတယ်ဆိုတာတောင် ဓာတ်ခံက အဝိဇ္ဇာ တဏှာဟာ ဝမ်းထဲမှာ ရှိနေတယ်။

**ကံမတူလို့ လူအမျိုးမျိုးခြားနားပုံ။** ။ ဒီတော့ အဝိဇ္ဇာတဏှာ အခြေခံပြီး လာတဲ့ ဘုန်းကြီးတို့ရဲ့ ကံတွေဟာ ဒီသံသရာထဲမှာ အကျိုးပေးရော, အကျိုးပေးတော့ ကဲ...ဘာအကျိုးပေးမလဲ ဆိုကြစို့၊ ယခုတရားနာ ပရိသတ်တွေနဲ့ ဘုန်းကြီးတို့တစ်တွေမှာ ကုသိုလ်ကံ အကျိုးပေးနေတယ်၊ ကုသိုလ်ကံ

အကျိုးပေးနေတဲ့ ဒီရုပ် ဒီနာမ် ဒီခန္ဓာကို စဉ်းစားကြည့်စမ်းပါ၊ ကုသိုလ်ကံ အကျိုးပေးလို့ ယခုဘဝမှာ လူဖြစ်လာရတာ၊ လူဖြစ်ရာမှာလဲ အတော်အတန် ဉာဏ်ရှိနေတဲ့ လူဖြစ်နေတယ်၊ သဒ္ဓါတရားရှိတယ်, ဉာဏ်ရှိတယ်၊ အဲသလို လူဖြစ်နေတော့ အဲဒီ ကံကြောင့်ဖြစ်နေရတဲ့ လူလို့ဆိုတဲ့ ဒီရုပ်ကို စဉ်းစားကြည့်ပါ၊ ကံကို စဉ်းစားကြည့်ပါ၊ တစ်ယောက်က ရုပ်တစ်မျိုး, ဟိုတစ်ယောက်က ရုပ်တစ်မျိုးဆိုတော့ ရုပ်ချင်း မတူပါဘဲလား၊ တစ်မေတည်း တစ်ဖေတည်းမွေးထားတဲ့ သားသမီးတောင်မှ ရုပ်ချင်း မတူပါဘဲလား၊ တစ်မေတည်းတစ်ဖေတည်း မွေးထားတဲ့ အမွှာပူး ညီအစ်ကို နှစ်ယောက်မှာတော့ရုပ်ချင်း အတော်တူတယ်၊ အတော်တူတယ်ဆိုပေမယ့် မသိမသာကလေး အသားချင်း ကွာနေတတ်တယ်၊ ရုပ်ချင်း ကွာနေတတ်တယ်၊ လက်ခြေအင်္ဂါချင်း ကွာနေတတ်တယ်၊ ဒီအဖေ အမေက ဆုံးမနေပြီးဒီအိမ်မှာ ကြီးလာတဲ့ သားသမီးများတောင် တစ်ယောက်က စိတ်ကောင်းရှိတယ်, တစ်ယောက်က စိတ်ကောင်းမရှိဘူး၊ တစ်ယောက်ကဉာဏ်ရှိတယ်, တစ်ယောက်က ဉာဏ်မရှိဘူး၊ နောက် အရွယ်ရောက်လို့ပညာသင်တော့ တစ်ယောက်က ပညာတတ်တယ်, တစ်ယောက်ကပညာမတတ်ဘူး၊ နောက် ပညာတတ်ပြီးလို့ အိမ်နဲ့ယာနဲ့ နေကြတော့တစ်ယောက်က ကြီးပွားတယ်, ချမ်းသာတယ်၊ တစ်ယောက်ကမကြီးပွားဘူး, မချမ်းသာဘူး၊ တစ်ယောက်မှာ ရောဂါများတယ်, တစ်ယောက်မှာ ရောဂါမရှိဘူး၊ တစ်ယောက်က အချိန်စောသေတယ်, တစ်ယောက်က အချိန်နှောင်းမှသေတယ်၊ ဘယ့်နှယ်လဲ တစ်မေတစ်ဖေတည်း,တစ်သွေးတစ်သားတည်း,အမွှာပူးမွေးတဲ့ လူနှစ်ယောက်က ကွာနေလှချည်လားလို့၊ ဒီတော့ရှေးကံပဲ၊ အမေ အဖေရဲ့ သွေးသားသာတူတာ၊ ဒီအမေ အဖေရဲ့ သွေးသားနဲ့ အခြေခံပြီးတော့ တည်ရပေမယ်လို့ မျိုးစေ့နဲ့တူတဲ့ ရှေးကံကတော့ တစ်ယောက်နဲ့တစ်ယောက်

မတူကြဘူး၊ အဲဒါကြောင့် ဒီမှာလာပြီးတော့ အကျိုး ပေးချင်း မတူတာဘဲ၊ ကံသာ ကိုယ်ပိုင်ဥစ္စာပဲ၊ ကံသာ ငါပိုင်ဥစ္စာပဲ၊ ကောင်းလဲ ငါ့ကံပဲ, မကောင်းလဲ ငါ့ကံပဲ၊ ငါပြုခဲ့တဲ့ကံတွေဟာ ကောင်းလဲ ငါစံရမယ်, မကောင်းလဲ ငါခံရမယ်၊ အဲသလို ပီပီသသ လျှောက်ပြီး စဉ်းစားလိုက်တဲ့အခါကျတော့ ကမ္မဿကတာဉာဏ်ဆိုတဲ့ သမ္မာဒိဋ္ဌိဟာ တော်တော်အဆင့်အတန်း မြင့်နေပြီဆိုတာ သိနိုင်တယ်။

**သမ္မာဒိဋ္ဌိအခြေခံ ကျန်မဂ္ဂင်များဖြစ်။** ။ဒီလောက်ဆိုရင်ပဲ လူကောင်း ဖြစ်နေပြီ၊ ဟုတ်တယ်၊ ငါ မကောင်းလို့ ငါ့ရုပ်ဟာ ဘယ်လိုဖြစ်တယ်၊ ငါမကောင်းလို့ အင်း... ဘယ်လို အဖေ အမေတွေမှာ ဝင်စားရတယ်, ဖြစ်ရတယ်၊ ငါ မကောင်းလို့ ခု အလုပ်လုပ်တော့ အကျိုးမပေးဘူး၊ ငါမကောင်းလို့ ငါ့မှာ ဉာဏ်ထိုင်းနေတယ်၊ အဲဒီလိုပဲ ကောင်းတဲ့လူကလဲ ငါ ရှေးကကံကောင်းလို့ ဘယ်မိဘ ဘယ်အမျိုးနဲ့ ငါလာပြီးတော့ တွေ့ရတယ်၊ ငါရှေးက ကံကောင်းလို့ ဉာဏ်ကလေး တော်တော် ကောင်းတယ်၊ ငါရှေးက ကံကောင်းလို့ ရုပ်အဆင်းတွေ တော်တော် ကောင်းတယ်၊ ငါရှေးကကံကောင်းလို့မို့ ပစ္စည်းဥစ္စာ ရှာလို့ရတယ်၊ အဲသလို စသည်အားဖြင့် သိတော့ ဩော်...ကံတွေဟာ တယ်အရေး ကြီးပါလားဆိုတာ သဘောပေါက်လာတယ်၊ အဲဒီလို ကံအကြောင်း သဘောပေါက် နားလည်တဲ့ ကမ္မဿကတာဉာဏ်ဆိုတဲ့ သမ္မာဒိဋ္ဌိ ရှိရင်ပဲ တော်တော် ကောင်းနေပြီ၊ တော်တော် လူကောင်းကလေး ဖြစ်နေပြီ၊ သိပ် အရေးကြီးတာပဲ၊ ဒီတော့ ဒီဉာဏ် အခြေခံပြီး သမ္မာသင်္ကပ္ပ (ကောင်းစွာ ကြံစည်ခြင်း)ဆိုတာ ဖြစ်လာတယ်၊ ငါ မကောင်းတာကတော့ မကြံဘူးလေ၊ မကောင်းတာကြံရင် ငါ့မှာ မကောင်းကျိုးတွေ ဖြစ်နေရော့မယ်၊ မကောင်းတာကြံတာက ဘာတုန်း၊ ကာမဂုဏ်လိုက်စားဖို့မှာ ကြံတယ်၊ သူတစ်ပါးတွေ သေဖို့, ကြေဖို့,

ဖျက်ဆီးဖို့ ကြံတယ်၊ သူတစ်ပါးနှိပ်စက်ဖို့ ကြံတယ်၊ အဲသလို ငါမကြံမိစေရဘူး၊ လူများဆင်းရဲအောင် ငါမကြံမိစေရဘူး၊ အို...ကာမဂုဏ်တွေ မလွှဲသာလို့ တကတည်း ငါ့မှာ ယခုလို လောကီ အာရုံတွေနဲ့ အိမ်နဲ့ယာနဲ့ နေရတယ်၊ လွှဲသာလို့ရှိရင် အိမ်နဲ့ယာနဲ့တောင် ငါ မနေချင်ဘူး၊ ယခုမလွှဲသာလို့ နေရတယ်၊ ဒါတော့ ထားပါတော့, ထားပါတော့၊ ငါဟာ ကာမဂုဏ်တွေ လိုက်စားလို့ ဘယ်တော်မလဲ၊ အို–ပွဲလမ်းသဘင် လိုက်စားလို့ ဘယ်တော်မလဲ၊ ဒါတွေကို ငါမကြံဘူး, ငါမကြံဘူး၊ အဲဒီလိုနဲ့ လောကီအာရုံ ကာမဂုဏ်တွေ လိုက်စားဖို့ မကြံစည်တော့ဘဲ လောကီအာရုံ ကာမဂုဏ်တွေနဲ့ ကင်းရှင်းဖို့ ရာသာ ကြံစည်တယ်။

**အောက်တန်းစားမဂ္ဂင်များ။** ။ သမ္မာသင်္ကပ္ပတရားနဲ့ ကောင်းမွန်စွာ ကြံစည်သလို သမ္မာဝါစာ–ဆိုတဲ့ တရားနဲ့ ကောင်းမွန်စွာ ပြောတယ်၊ စကားပြောတဲ့အခါမှာ သူများနဲ့ မှားမှားယွင်းယွင်း ဖြစ်ဖြစ်သွားအောင် မပြောဘူး,မလိမ်ဘူး၊ မှန်မှန်ကန်ကန် ပြောတယ်၊ သမ္မာကမ္မန္တ–အလုပ်လုပ်တော့လဲ မှန်မှန်ကန်ကန်နဲ့ လုပ်တယ်၊ သမ္မာအာဇီဝ ရောင်းတဲ့ဝယ်တဲ့အခါလဲ အသက်မွေးဝမ်းကျောင်းနဲ့ စပ်ပြီး စီးပွားရှာကြပေမယ့် တရားသဖြင့် ရှာတယ်၊ သမ္မာဝါယာမ–လုံ့လဝီရိယထုတ်တော့လဲ အများကောင်းအောင် လုံ့လ ကြိုးစားတယ်၊ တရားသဖြင့် စီးပွားရအောင် ကြိုးစားတယ်၊ သမ္မာသတိ–ကုသိုလ်ကောင်းမှုပြုဖို့ သတိရနေတယ်၊ ဒီအချိန် ဘုရားအာရုံပြုဦးမှ, ဒီအချိန် ဘုရားစာတွေ ရွတ်ဦးမှ, ဒီအချိန် မေတ္တာပို့ဦးမှ, အဲဒီလို သမ္မာသတိဖြစ်လို့၊ ပြီးတော့ သမ္မာသမာဓိ–ဆိုတဲ့ တည်တည်ကြည်ကြည်ရှိတဲ့ နေရာမှာလဲ အင်း...လူငယ် လူငယ်အလိုက်, လူကြီး လူကြီးအလိုက် စိတ်နေစိတ်ထားများလဲတည်လို့၊ သမ္မာသမာဓိဖြစ်လို့၊ ယခုပြောခဲ့တဲ့ မဂ္ဂင်တွေဟာ မဂ္ဂင်အမျိုးအစားထဲမှာ အောက်တန်းအကျဆုံး မဂ္ဂင်ပဲ ရှိသေးတယ်၊ ဒီဟာကိုပဲ

ကောင်းလှပြီ၊ လူကောင်းကလေးကိုဖြစ်လို့, အမျိုးသားကောင်းကလေးကို ဖြစ်လို့, အမျိုးသမီးကောင်းကလေးကိုဖြစ်လို့, ရဟန်းကောင်းကလေး ဖြစ်လို့, ကိုရင်ကောင်းကလေးဖြစ်လို့၊ ကံ-ကံ၏အကျိုးကို နားလည်တာ တစ်ခုနဲ့ပဲ တန်ဖိုးရှိလှပြီနော်၊ ဒါပေမယ့် ပဋ္ဌဝဂ္ဂီများကို ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတာက ဒါလောက်မကဘူး၊ အထက် ဝိပဿနာသမ္မာဒိဋ္ဌိတို့,မဂ်ဉာဏ်,ဖိုလ်ဉာဏ်သမ္မာဒိဋ္ဌိတို့ အထိ ဟောတော်မူတာ၊ အဲဒီမှာ ဝိပဿနာသမ္မာဒိဋ္ဌိအကြောင်း စဉ်းစား ကြည့်ရမယ်။

**ဝိပဿနာသမ္မာဒိဋ္ဌိ**။ ။ဘယ့်နှယ်လဲ တို့တစ်တွေဟာ ရှေးကံကြောင့် လူဖြစ်လာတယ်ဆိုပေမယ့် လူလို့သာ နာမည်တပ်ထားတာ၊ အမှန်တော့ ဒီရုပ်နဲ့ ဒီနာမ်ပဲ၊ ဒီရုပ်တရားကလဲ ကံကြောင့်ဖြစ်တဲ့ရုပ်၊ အဲဒီရုပ်က ကံအရှိန်ကုန်လို့ရှိရင် ပျက်တယ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်က ခုစိတ်ကြောင့် ခုရုပ်ဖြစ်တယ်၊ ခုစိတ်လဲ ချုပ်သွားရော, ခုရုပ်ကလဲ ချုပ်သွားရော၊ စိတ်ချမ်းသာတဲ့အခါ ရုပ်ကလေးတွေ ကြည်လင်လို့၊ စိတ်ဆင်းရဲတဲ့အခါ ရုပ်တွေ ညှိုးနွမ်းလို့၊ ဘယ့်နှယ်လဲ, အဖြစ်အပျက်တွေနော်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကလဲ ဖြစ်ပျက်နေတာပဲ၊ အအေး,အပူ ဥတုမျှလာတဲ့အခါ ရုပ်ကလေးများ ကြည်လင်လို့၊ အအေးက မိသွားတဲ့အခါ ရုပ်ကလေး ဖောက်ပြန်လို့ နှာစေးတယ်တဲ့, အင်း...ဘာဖြစ်တယ်တဲ့၊ အအေးမိလို့ နေမကောင်းဖြစ်နေသတဲ့၊ အင်း...လျှာတွေကွဲလို့တဲ့, လည်ချောင်းတွေ ဘာတွေ ကပ်လို့တဲ့၊ အဲဒီလို စသည်ဖြင့် ဒီရုပ်ဟာ ကံကြောင့်ရော စိတ်ကြောင့်ရော ဥတုကြောင့်ရော အမျိုးမျိုး ပြောင်းလဲနေတယ်၊ ပြီးတော့ အစာကလေး မတည့်လို့ ဘယ်သူဟာ နေမကောင်းဘူးလို့, ဘယ်သူကတော့ ဓာတ်စာတွေ စားနေလို့ အတော်လေးနေသာထိုင်သာ ရှိသတဲ့၊ အင်း...အစာအာဟာရကလဲ ဒီရုပ်ကို ခြယ်လှယ်နေတာပဲ၊

ဘယ့်နှယ်လဲ, ဒီရုပ်ဟာ ဘာမှ သူ မာမာထက်ထက် ခိုင်ခိုင်မာမာ မရှိပါပဲလား၊ ကံကပြုပြင်ထားလို့ ဒီရုပ် ဒီနာမ် ဒီခန္ဓာနဲ့ ဒီလူ့ဘဝကို ရနေတဲ့အခါမှာပဲ ကံကအမြဲလိုက်ပြီးတော့ ပြုပြင်နေသေးတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ရှိရင် စောင့်ရှောက်ပါလျက်ကယ်နှင့် မကောင်းတာတွေ ဖြစ်တယ်၊ ကံကောင်းနေတော့လဲ တော်ရုံတန်ရုံ နဲ့လဲ ကောင်းတာတွေ တွေ့တယ်၊ ဩော်...ဒီခန္ဓာကိုယ်ကြီးဟာ ကံကြောင့်လဲ ဖြစ်နေတယ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်ဟာ ကံအရှိန်ကုန်လို့ ရှိရင် ပျက်မှာပဲ၊ စိတ်ဟာ ခဏခဏ ပြောင်းနေသလို စိတ်ကြောင့် ဖြစ်တဲ့ ရုပ်ကလဲ ခဏခဏပြောင်းမှာပဲ၊ ဥတု ရေမြေတွေ ဖောက်လွဲ ဖောက်ပြန်ဖြစ်နေသလို အဲဒီ ဥတု ရေမြေအတွေ့ကြောင့်ဖြစ်တဲ့ ဒီရုပ် ဒီခန္ဓာကိုယ်ကြီးလဲပဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေတာပဲ။

**သုခခံစားတာလဲ မကောင်း။** ။ ဒီလိုဆိုရင် ဒီရုပ်ခန္ဓာကိုယ်ကြီးဟာ မမြဲတဲ့ ပျက်နေတဲ့ အနိစ္စတရားကြီးပဲ၊ မမြဲတဲ့ ပျက်နေတဲ့ အနိစ္စတရား ဖြစ်နေတဲ့အတွက်ကြောင့် ဒီရုပ်ကြီးဟာ ဘယ်နည်းနဲ့မှ သုခမဟုတ်တော့ဘူး၊ ဒုက္ခသာ ဧကန် ဖြစ်တော့တယ်၊ ဒုက္ခဆိုရင် အားလုံးကတော့ နာတာကျင်တာနဲ့ စိတ်ဆင်းရဲနေတာကိုသာ ဒုက္ခလို့ ထင်နေတယ်၊ ဒီလို မဟုတ်သေးဘူး၊ နာတဲ့ ကျင်တဲ့ဒုက္ခနဲ့ စိတ်ဆင်းရဲတဲ့ဒုက္ခမျိုးလောက်ကိုသာ ဒုက္ခလို့ခေါ်တာ မဟုတ်သေးဘူး၊ အဲဒီဒုက္ခမျိုး မဟုတ်ဘဲနဲ့ ဖြစ်ပြီး ပျက်ပျက်နေတဲ့ဟာကို ကောင်းသလား မကောင်းသလားဆိုလို့ရှိရင် ဖြစ်ပြီး ပျက်တာဟာ ဘယ်ကောင်းမလဲ၊ အချိန်ရှိသရွေ့ ဖြစ်ပြီး ပျက်နေတာဟာ မကောင်းဘူး၊ သုခခံစားပြီးတော့ နေတယ်ဆိုပါတော့၊ ကောင်းသလား, မကောင်းဘူးလား၊ ကဲ...သုခခံစားတာဟာ မြဲနေသလား, မမြဲပါဘူး၊ အဲ...ပျက်မှာပဲ၊ ပျက်ရင် သုခခံစားတာလဲ မကောင်းဘူး၊ ဒါဖြင့် ဒီရုပ်ခန္ဓာကြီးက မမြဲတဲ့ အနိစ္စခန္ဓာကြီးပါလား၊ ဒီရုပ်ခန္ဓာကြီးဟာ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်,

စိတ်ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခအပြင် ပျက်ပျက် ပျက်ပျက်နေတဲ့ မကောင်းဒုက္ခကြီးပါလား၊ မကောင်း သင်္ခါရကြီးပါလား။

**အနိစ္စရုပ်ခန္ဓာ။** ။အဲဒီလို ပျက်ပျက်နေတယ်ဆိုလို့ရှိရင် ခိုင်မြဲတဲ့ သတ္တိ, အတ္တဆိုတာ ဘာမျှမရှိပါပဲလား၊ အနတ္တ ချည်းပါလားလို့ ဟောသလို အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံကို စဉ်းစား လိုက်တဲ့အခါကျတော့ ခုတင်က အဲဒီ မဂ္ဂင်ရှစ်ပါးထဲက တစ်ပါး အပါအဝင်ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်လာတယ်။

**"သမ္မာဒိဋ္ဌိ ခေါ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသနာ၊ ဒေါသဝိနယပရိယောသာနာ၊ မောဟဝိနယ ပရိယောသာနာ။"**

အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိကို စိတ်ထဲမှာ ထပ်ကာထပ်ကာဖြစ်အောင် စိတ်ထဲမှာ ထင်ရှားလာအောင် စွဲမြဲနေအောင် လုပ်ရမယ်၊ **"ဘာဝိတာ-မိမိသန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်"** ဒီရုပ်ခန္ဓာကိုယ်ကြီးကို ရှုစိုက်ပြီးတော့ ဝိပဿနာရှုမယ်၊ အဲဒီရုပ်က ကံ,စိတ်,ဥတု,အာဟာရ ကြောင့် ဖြစ်ပြီး ပျက်တယ်၊ ဒီတော့ ဒီရုပ်က မမြဲပါပဲလား၊ မမြဲလို့ ပျက်နေတော့ အချိန်ရှိသရွေ့ ပျက်နေတာပေါ့၊ အချိန်ရှိသရွေ့ ပျက်နေတာကို ထောက်လို့ရှိရင် အနှစ်သာရ အခိုင်အမာ ဘာမျှမရှိဘူး၊ အဲဒါကြောင့် အနတ္တချည်းပဲ၊ အနိစ္စရုပ်ခန္ဓာကြီး၊ အဲဒီလို ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်အောင် ထပ်ကာထပ်ကာ စဉ်းစားကြည့်။

**အနိစ္စနာမ်ခန္ဓာ။** ။ရုပ်သာပြောနေတယ်၊ နာမ်ခေါ်တဲ့ စိတ်စေတသိက် တရားကကော မြဲသလား၊ အို...စိတ်မမြဲတာက တော့ အသိသာကြီးပဲ၊ ခုစိတ်တစ်မျိုး, ခုစိတ်တစ်မျိုး၊ စိတ်က မမြဲ တာကတော့ အသေအချာပဲ၊ ဒီတော့ မမြဲ ရင် သူကလဲ ပျက်ရတယ်

မဟုတ်လား၊ ပျက်တာပေါ့, စိတ်လဲ ပျက်တာပေါ့၊ တကတည်း ဖြုန်းဖြုန်းဖြင်းဖြင်း ပျက်နေတာမကြားရပေမယ့် စိတ်ပျက်နေတာကတော့ အမှန်ပါပဲ၊ အထင်ရှားဆုံး ပြောရရင် တစ်ခါတလေမှာ ခန္ဓာကိုယ်က ကျန်းမာချမ်းသာပါရဲ့၊ ဒါပေမယ့် စိတ်ကမချမ်းသာဘူး၊ အဲဒီစိတ် မချမ်းမသာဖြစ်တဲ့ဥစ္စာ ဘယ်လောက်များ နစ်နာသလဲဆိုတဲ့ ဥစ္စာ ဒါကို စဉ်းစားပြီးကြည့်၊ အတော်မကောင်းတဲ့ နာမ်တရားတွေပဲ၊ ကောင်းတယ်ဆိုတဲ့ စိတ်ချမ်းသာကလေးကျတော့လဲ ပျက်သွားတာပဲ၊ မကောင်းတဲ့ စိတ်ကလဲ ပျက်တာပဲ၊ ဒီလိုဆိုရင် စိတ်ကလဲ အနိစ္စ, စိတ်ကလဲ ဒုက္ခ, စိတ်ကလဲ အနှစ်သာရမရှိ မခိုင်မြဲတဲ့ အနတ္တပဲ။

**သမ္မာဒိဋ္ဌိ အဖန်ဖန်ပွား။** ။ အဲဒီလို သမ္မာဒိဋ္ဌိကို ထပ်ပြန်တလဲလဲ ပွား၊ ဘယ်လောက်ထိအောင် ပွားရမလဲ၊ ရာဂကုန်သွားအောင်ပွားရမယ်၊ တရားမရဘဲ နေမလား၊ ရာဂကုန်သည်အထိပွား၊ ဒီခန္ဓာကိုယ်ကို မတပ်မက် မတွယ်တာအောင် ထပ်ကာထပ်ကာပွား၊ ဒေါသ တစ်ခါတစ်ခါ ဖြစ်လာလို့ရှိရင်လဲ ဟယ်... ဒေါသ ရှိနေပါသေးလား၊ ငါက အကြာကြီး ဒေါသနဲ့ဝေးနေလို့ ဒေါသ မဖြစ်တော့ဘူးလား အောက်မေ့တယ်၊ ဒေါသဖြစ်နေသေးတယ်၊ ဒီတော့ ဒေါသမဖြစ်အောင် သမ္မာဒိဋ္ဌိကို ထပ်ကာထပ်ကာပွား၊ အနိစ္စ,ဒုက္ခ, အနတ္တ ထပ်ကာထပ်ကာပွား၊ အဲဒီသမ္မာဒိဋ္ဌိကို ထပ်ပြန်တလဲလဲ ပွားလို့ရှိရင် **"ရာဂဝိနယပရိယောသာနာ–ရာဂကို ပယ်ဖျောက်ခြင်း ဟူသော အပြီးသတ်ကိစ္စ ရှိသည်၊ ဒေါသဝိနယပရိယောသာနာ–ဒေါသကို ပယ်ဖျောက်ခြင်းဟူသော အပြီးသတ်ကိစ္စ ရှိသည်၊ မောဟဝိနယပရိယောသာနာ–မောဟကို ပယ်ဖျောက်ခြင်း ဟူသော အပြီးသတ်ကိစ္စ ရှိသည်၊ ဟောတိ–ဖြစ်၏"** လို့ အဲသလို သမ္မာဒိဋ္ဌိကို ပွားလိုက်ရင် ရာဂ,ဒေါသ,မောဟတွေ အပြီးသတ် ကုန်ခန်းသွားအောင် ပယ်လိုက်နိုင်တယ်။

**သမ္မာသင်္ကပ္ပ**။ ။သမ္မာသင်္ကပ္ပ ဆိုတဲ့ မဂ္ဂင် တရားက ကောင်း ကောင်းမွန်မွန် မှန်မှန်ကန်ကန် ကြံတယ်၊ စဉ်းစား တယ်၊ ဒီရုပ်ဟာ ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်ဆိုတော့ မမြဲတဲ့ အနိစ္စ တရားပဲ၊ ပြီးတော့လဲ တဖြည်းဖြည်းနဲ့ အိုမင်းရင့်ရော်လာတယ်၊ အကယ်၍သာ ဒီရုပ်ဟာ မြဲတဲ့တရား ဟုတ်ခဲ့ရင် ဒီလို အိုမှာ မဟုတ်ဘူး၊ ယခုတော့ အိုလာတယ်၊ မမြဲဘူး၊ ပြီးတော့ အမြဲတမ်း ပျက်ပျက်နေတဲ့အတွက် ဒီရုပ်ဟာ ဧကန် ဒုက္ခပဲ၊ ဘာမျှ အနှစ်သာရ မရှိ ခိုင်ခိုင်မာမာ မရှိတဲ့အတွက် အနတ္တပဲလို့ သမ္မာသင်္ကပ္ပတရားက ကြံစည်တယ် စဉ်းစားတယ်။

**သမ္မာဝါစာ**။ ။သမ္မာဝါစာဆိုတဲ့တရား ဖြစ်ပေါ်လာရင် ဘယ်တော့ မှ မကောင်းတဲ့စကား မပြောဘူး၊ စကားကို မပြောချင်ရင်သာ မပြောဘဲ နေမယ်၊ မကောင်းတဲ့စကားကို မပြော ဘူး၊ အနိစ္စအကြောင်း ပြောမယ်, ဒုက္ခအကြောင်း ပြောမယ်, သီလ သမာဓိအကြောင်း ပြောမယ်, ပညာအကြောင်း ပြောမယ်။

**သမ္မာကမ္မန္တ**။ ။သမ္မာကမ္မန္တက မကောင်းတာများတော့ လုပ်ကို မလုပ်ဘူး၊ ရှောင်နေမယ်၊ သမ္မာကမ္မန္တက အလုပ် လုပ်ရလို့ရှိရင် တရားဟောတဲ့ အလုပ်ကို လုပ်မယ်၊ တရားထိုင်တဲ့ အလုပ်ကို လုပ်မယ်၊ တရားကျင့်တဲ့ အလုပ်ကို လုပ်မယ်၊ တရား ဆင်ခြင်တဲ့အလုပ်ကို လုပ်မယ်။

**သမ္မာအာဇီဝ**။ ။သမ္မာအာဇီဝကလဲ မတရားအသက်မမွေးဘူး၊ တို့ ရဟန်းသံဃာဆိုတဲ့ဥစ္စာ ဆွမ်းခံပြီးတော့ စားရတယ်၊ တရားသဖြင့် ဆွမ်းခံစားမယ်၊ သူများ လှူချင်တန်းချင်အောင် ဟန်လုပ်ပြီးတော့ ဆွမ်းခံမစားဘူး၊ သူများ လှူချင်တန်းချင်အောင် ပရိယာယ်တွေ ပြောပြီးတော့ ဆွမ်းခံမစားဘူး၊ အင်း-လူဖြစ်ပြန်တော့လဲ ဝိပဿနာရောက်လာတဲ့ လူတွေကျတော့ အို-မတရားစီးပွားမရှာဘူး၊

ဘာပြုလို့လဲ ဖြစ်သမျှ ပျက်တာချည်းပဲ၊ ဒီမတရားစီးပွားရှာပြီးတော့ ဒီခန္ဓာကိုယ်ကြီး မွေးနေတော့ကော ဒီခန္ဓာကိုယ်ကြီးက ထာဝရ တည်မြဲနေမှာတဲ့လား၊ ဒီလိုဆိုတော့ မတရားစီးပွား ရှာပြီးတော့ မတရား သေပြီးတော့ မတရားဘဝ ရောက်သွားတော့ တွေ့ရကြုံရမယ့် ဒုက္ခတွေကို ဘယ်သူခံစားမှာလဲ၊ ဒီရုပ် ဒီနာမ် ဒီခန္ဓာတွေ ဆက်ခံကြ ရမှာပဲ၊ မတရား အသက်မမွေးပါဘူး။

**သမ္မာဝါယာမ**။ ။သမ္မာဝါယာမက ကြိုးစားမယ်၊ **"ဘာဝိတော-မိမိ သန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်"** ဆိုတဲ့ဥစ္စာ ကြိုးစားတာပဲ၊ **"ဗဟုလီကတော-ကြိမ်ဖန်များစွာ အလေ့အလာပြုအပ် သည်ရှိသော်"** ဆိုတဲ့ဥစ္စာကြိုးစားတာပဲ၊ထပ်ကာထပ်ကာကြိုးစားတယ်၊ ဘာထပ်ကာထပ်ကာ ကြိုးစားတုန်း၊ ရုပ်တရား နာမ်တရားတွေ အပေါ် မှာ အနိစ္စ,ဒုက္ခ,အနတ္တထင်မြင်အောင် ထပ်ကာထပ်ကာကြိုးစားတာပဲ။

**သမ္မာသတိ**။ ။သမ္မာသတိကတော့ ဒါ သတိရနေတယ်၊ အနိစ္စ တွေ, ဒုက္ခတွေ, အနတ္တတွေကို သတိရနေတယ်၊ ဒီ အနိစ္စ,ဒုက္ခ,အနတ္တ အကြောင်းကို အနမတဂ္ဂသံသရာ ဘဝပေါင်း များစွာက အဝိဇ္ဇာဟာ မသိတဲ့ တရားပဲ၊ ကြောင်တောင်ကန်းကြီးပဲ၊ ဒီရုပ်တရား နာမ်တရားတွေ ပျက်နေတာကို အပျက်လို့ သူမမြင်ဘူး၊ အပျက်ကို သူက အကောင်းထင်ပြီးတော့ လိုက်လာခဲ့တယ်၊ အဝိဇ္ဇာ ဖုံးလွှမ်းထားသလောက် တဏှာကလဲ မက်မောလာခဲ့တယ်၊ အဝိဇ္ဇာနဲ့ တဏှာဟာ တို့ကို နှိပ်စက်လွန်းတယ်၊ ဒီခန္ဓာကိုယ် ရုပ်နာမ်ကြီးကို ဖန်ဆင်းပြီးတော့ နှိပ်စက်လွန်းတယ်၊ ဒီရုပ်နာမ်ကြီးကို ကံနဲ့ ဖြစ်အောင် တည်ထောင်ပြီးတော့ နှိပ်စက်လွန်းတယ်၊ အပါယ်လေးပါး သွားရတာလဲ ဒီအဝိဇ္ဇာ တဏှာကြောင့်ပဲ၊ နှိပ်စက်လွန်းတယ်လို့ အကုန်လုံး သတိရပြီးတော့ ငါ့ရဲ့ခန္ဓာကိုယ်သည် မမြဲသော အနိစ္စ ကြီးပါတကား၊ ငါ့ရဲ့ ခန္ဓာကိုယ်သည် ကိုယ်ဆင်းရဲတဲ့ ဒုက္ခတရား,

စိတ်ဆင်းရဲတဲ့ ဒုက္ခတရား၊ ကိုယ်တွေ စိတ်တွေ မဆင်းရဲပါဘူး, ချမ်းသာနေပါတယ်ဆိုပေမယ်လို့ တစ်ပျက်တည်း ပျက်ပြီးတော့နေတဲ့ မကောင်းဒုက္ခတရားကြီးပါတကား၊ ငါ၏ခန္ဓာကိုယ်မှာ အတွင်းအပြင် အကုန်လုံး ဆင်ခြင်စဉ်းစားကြည့်တဲ့အခါ ဘာမျှ အနှစ်သာရရှာမရတဲ့ အနတ္တတရားကြီးပါလားလို့ အဲဒီလို သမ္မာသတိတရားက သတိရနေတယ်။

**သမ္မာသမာဓိ**။ ။သမ္မာသမာဓိက တည်ကြည်တယ်၊ ရုပ်နာမ်တရား အားလုံး အနိစ္စ, ဒုက္ခ, အနတ္တချည်းပါလားလို့ တည့်တည့် ကြည့်ရှုနေတယ်၊ တည်တည်တံ့တံ့ ခိုင်ခိုင်မြဲမြဲ ရှုနေတယ်၊ အဲဒီလို ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိနှင့်တကွ မဂ္ဂင်ရှစ်ပါးနဲ့ ထပ်ကာထပ်ကာ အနိစ္စ,ဒုက္ခ,အနတ္တလို့ ရှုပြီး အနိစ္စ,ဒုက္ခ,အနတ္တ ထင်မြင်လာအောင် ထပ်ကာထပ်ကာပွားလိုက်တော့ ရာဂက လျော့လျော့သွား, ဒေါသက လျော့လျော့သွား, မောဟက လျော့လျော့သွား၊ ထပ်ပွားလေ ဟိုကလျော့လေ၊ အနမတဂ္ဂသံသရာက ဒုနဲ့ဒေးနဲ့ လာခဲ့တဲ့ ရာဂတွေဟာ ယခု ဝိပဿနာဉာဏ်နဲ့ ကစ်ခါတည်း ဖိဖိစီးစီး နင်လား ငါလား ကြိုးစားလိုက်တဲ့အခါကျတော့ လျော့လျော့သွား, ပါးပါးသွား၊ အဝိဇ္ဇာကလဲ ပါးပါးသွား, တဏှာကလဲ လျော့လျော့သွား၊ အဲဒီလိုနဲ့ ကြိုးစားလိုက်တာ နောက်ဆုံးကျတော့ ရာဂတွေကုန်သွား, ဒေါသတွေကုန်သွား, မောဟတွေ ကုန်သွားပြီးတော့ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာ ဖြစ်သွားနိုင်တယ်။

ဒီတော့ မဇ္ဈိမပဋိပဒါ အကျင့်ဟာ ဉာဏ်စက္ခုကိုလဲ ပြုနိုင်တယ်လို့ ဟောတော်မူတယ်၊ **"မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ"** တထာဂတေန-ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ-ထိုးထွင်း၍သိအပ်သော၊ မဇ္ဈိမာ-ကာမသုခလ္လိကာနုယောဂ,အတ္တကိလမထာနုယောဂ နှစ်မျိုးတို့၏ အလယ်အလတ်ဖြစ်သော၊ ပဋိပဒါ-နိဗ္ဗာန်သို့ရောက်ကြောင်း

အကောင်းဆုံးဖြစ်တဲ့အကျင့်သည်၊ စက္ခုကရဏီ–ဉာဏ်စက္ခုကိုလည်း ပြုနိုင်သည်၊ ဉာဏကရဏီ–ဝိပဿနာဉာဏ်မှ တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း ပြုနိုင်သည်၊ ဟုတွာ–ဖြစ်၍၊ ဥပသမာယ– ကိလေသာခပ်သိမ်းတို့၏ အေးငြိမ်းခြင်းအကျိုး ငှာ၊ အဘိညာယ– သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိခြင်း အကျိုးငှာ၊ သမ္ဗောဓာယ–သစ္စာလေးပါးတရားကို မမှားစေကန် အမှန် အတိုင်း သိခြင်းအကျိုးငှာ၊ နိဗ္ဗာနာယ–ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန် အကျိုးငှာ၊ သံဝတ္တတိ–စင်စစ်စေကန် အမှန်ပင် ဖြစ်နိုင်ပါပေသတည်း။

**သာဓု...သာဓု...သာဓု။**

**ခန္ဓာကိုယ်မှာဖြစ်တာချည်းပဲ။** ။ ဒီတော့ ပြန်ပြီးတော့ စဉ်းစားကြည့် ရမယ်၊ ကာမသုခလ္လိကာနုယောဂ (ကာမဂုဏ်ချမ်းသာ ခံစားတယ်ဆိုတဲ့)အကျင့်လဲ ခန္ဓာကိုယ်မှာ ဖြစ်တယ်၊ အတ္တကိလမထာနုယောဂ (မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်တယ်ဆိုတဲ့)အကျင့်လဲ ဒီခန္ဓာကိုယ်မှာ ဖြစ်တယ်၊ အဲဒီအကျင့် နှစ်ပါးကို စွန့်ခွာပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ထိုးထွင်း၍ သိအပ်တဲ့ အကောင်းမြတ်ဆုံး မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်အလတ် အကျင့်လဲပဲ ဒီခန္ဓာကိုယ်မှာဖြစ်တယ်၊ အဲဒီတော့ ဒီခန္ဓာကိုယ်မှာ မကောင်းတဲ့အကျင့်တွေ မဖြစ်နိုင်အောင် ခုတင်က ပြောတဲ့အတိုင်း တရားရပြီး သူတော်ကောင်းဖြစ်အောင် ကိုယ့်ကိုယ်ကို နှလုံးသွင်း ရမယ်၊ ကျင့်ရမယ်၊ ကျင့်လို့ရှိရင် ခန္ဓာကိုယ်ထဲမှာ သမ္မာဒိဋ္ဌိရပြီ မဟုတ်လား၊ ဝိပဿနာသမ္မာဒိဋ္ဌိရော၊ တဖြည်းဖြည်း ဝိပဿနာ သမ္မာဒိဋ္ဌိဟာ ရင့်ရင့်လာတယ်၊ ပြီးတော့ သမ္မာသင်္ကပ္ပဆိုတဲ့ ကောင်းတဲ့ အကြံတွေ ဖြစ်လာတယ်၊ မကောင်းတဲ့ အကြံတွေဟာ တစ်ခုမှမပါ တော့ဘူး၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝဆိုတဲ့ စကားတွေက လဲ အကောင်းချည်းပြော၊ အလုပ်တွေကလဲ အကောင်းချည်းလုပ်လို့၊

အသက်မွေးဝမ်းကျောင်းလဲ သန့်ရှင်း စင်ကြယ်လို့, သမာဓိကလဲ တည်ကြည်လို့၊ အဲဒီ တရားအားလုံး ခန္ဓာကိုယ်ထဲမှာ ဖြစ်တာ မဟုတ်လား။

## မဇ္ဈိမပဋိပဒါဟာ အကောင်းဆုံးယာဉ်

**ဧတဒဂ္ဂနိသမ္ဗုတံ, ဗြဟ္မယာနမနုတ္တရံ၊**
**နိယျန္တိ ဓီရာ လောကမှာ, အညဒတ္ထု ဇယံ ဇယံ။**

အဲဒီလို မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးတရားကို ဒီမဇ္ဈိမပဋိပဒါ အကျင့်မြတ်ကြီးကို ဗြဟ္မယာန (အမြတ်ဆုံးယာဉ် အကောင်းဆုံး ယာဉ်)လို့ ဟောတော်မူတယ်၊ အဲဒီ ယာဉ်နဲ့ပဲ ရှေးရှေးက ဘုရားရှင် ကိုယ်တော်မြတ်တွေလဲပဲ ဒီလောကကြီးက ထွက်မြောက်ပြီး နိဗ္ဗာန် ရောက်အောင် သွားကြတယ်၊ ဒီယာဉ်နဲ့ပဲ ရှေးရှေးက ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်တွေလဲပဲ နိဗ္ဗာန်ရောက်သွားကြတယ်၊ ဒီယာဉ်နဲ့ပဲ ရဟန္တာတွေလဲ နိဗ္ဗာန်အရောက် သွားကြတယ်၊ အဲဒီ ယာဉ်ဟာ အမြတ်ဆုံးယာဉ်ပဲ, အကောင်းဆုံးယာဉ်ပဲ၊ ယခုကာလမှာ မော်တော် ယာဉ်တွေ, မော်တော်ကားတွေ အင်မတန် ကောင်းသတဲ့၊ ဒါပေမယ့် အဲဒီယာဉ်တွေဟာ ခဏကလေး သွားလို့ရတယ်၊ အဲဒီယာဉ်နဲ့ ဘယ်အထက်ကိုမှ တက်လို့မရဘူး၊ ဒီယာဉ်နဲ့ ကောင်းတဲ့ လူ့ဘဝ တစ်ခု ရောက်အောင် သွားလို့မရဘူး၊ ယခု မော်တော်ကားဆိုတဲ့ ယာဉ်တွေနဲ့ လေယာဉ်ပျံတွေနဲ့ သုဂတိဘဝတစ်ခု ရောက်အောင် သွားလို့မရဘူး၊ နတ်ပြည်,ဗြဟ္မာ့ပြည်ရောက်အောင် သွားလို့မရဘူး၊ နိဗ္ဗာန်ဆိုတာ ဝေးရော၊ ဟောဒီ လောကမှာရှိတဲ့ ဒီယာဉ်တွေရအောင် ကြိုးစားလိုက်ရတာ ရှာဖွေလိုက်ရတာ မောလို့၊ အဲဒီလောက် မော အောင် ရှာလို့ရှိရင် ဘုန်းကြီးတို့ရဲ့ ဗြဟ္မယာဉ်ဆိုတဲ့ အမြတ်ဆုံး ယာဉ်ဟာ ရနိုင်ပါတယ်၊ အဲဒီ အမြတ်ဆုံးယာဉ်ကတော့ ဟိုအထက် နိဗ္ဗာန်မရခင် သုဂတိဘဝသို့ သွားလို့ရတယ်၊ နတ်ပြည်, ဗြဟ္မာ့ပြည်ကို

သွားလို့ရတယ်၊ လူ့ချမ်းသာ,နတ်ချမ်းသာဆိုတဲ့ နေရာကိုလဲ သွားလို့ရတယ်၊ အဲဒီက တစ်ဆင့်တက်ပြီးတော့ ဒီယာဉ်ကြီးဟာ အင်မတန်မွန်မြတ်ပြီးတော့ တစ်ခါတည်း ကောင်းလာပြီဆိုတဲ့အခါကျတော့ နိဗ္ဗာန်ထိအောင် သွားလို့ရတယ်၊ ဒီယာဉ်နဲ့ပဲ ဟိုရှေးက ပုဂ္ဂိုလ်ပေါင်းများစွာဟာ လောကကြီးက ထွက်မြောက်ပြီးတော့ နိဗ္ဗာန်ကို သွားကြတယ်၊ ဒါကြောင့် မိမိတို့ကိုယ်တိုင် ဟောဒီယာဉ် ရအောင်ဟာ မော်တော်ကားယာဉ် စီးတိုင်းစီးတိုင်း ဒီယာဉ်မျိုးရအောင် ကြိုးစားလို့ ဒီ မဇ္ဈိမပဋိပဒါအကျင့်မြတ်ကြီးကို ကျင့်လို့များ နေနိုင်ကြမယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့မှာ အနမတဂ္ဂသံသရာက စ၍ပါလာတဲ့ အဝိဇ္ဇာနဲ့ တဏှာတွေ ပြုတ်ပြီးတော့ ဘုန်းကြီးတို့ မနေချင်တဲ့ ဒီလောကကြီးထဲက ထွက်ပြီးသကာလ နိဗ္ဗာန်ကို သွားနိုင်ကြမယ်တဲ့။

**တေဒတ္တနိသမ္ဗုတံ, ဗြဟ္မယာနမနုတ္တရံ၊**
**နိယျန္တိ ဓီရာ လောကမှာ, အညဒတ္ထု ဇယံ ဇယံ။**

အတ္တနိသမ္ဗုတံ–ကိုယ်တိုင်ကြိုးကုတ်, အားကုန်ထုတ်သဖြင့်, သရုပ်မှန်စွာ, ကိုယ့်သန္တာန်၌လည်း ဖြစ်ပေါ်လာနိုင်ပေထသော၊ တေ ဗြဟ္မယာနံ–နောက်လိုက်နောက်ပါ, များဗိုလ်ပါတို့, ဆောင်ကာယူတတ်, ဖြစ်ရပ်အကျော်, ဤမဂ္ဂင်တည်းဟူသောယာဉ်ပျံတော်ကြီးသည်၊ အနုတ္တရံ–လောက၌ရှိသော ယာဉ်တို့တွင် အမြတ်ဆုံးဖြစ်သော ယာဉ်ပျံတော်ကြီးပါပေတည်း၊ (လောကမှာရှိတဲ့ လေယာဉ်တွေနဲ့တုလို့ကို မရဘူး၊) အနုတ္တရံ–လောကီယာဉ်သာ, မယှဉ်သာအောင်, ကဲသာမြတ်မွန်,တုဖက်လွန်တဲ့ ယာဉ်ကောင်းယာဉ်မြတ်ပါပေတည်း၊ တေန ယာနေန–ဤမဂ္ဂင်ရှစ်ဖော်, ယာဉ်ပျံတော်ကြီးဖြင့်၊ ဓီရာ–ဘုရားအစ, များလှသောင်းသောင်း, ပညာရှိသူတော်ကောင်းတို့သည်၊ အညဒတ္ထု–စင်စစ်ဧကန်, အမှန်မယုတ်, နောက်မဆုတ်ဘဲသာလျှင်၊ ဇယံ–အောင်သင့်အောင်ရာ, ကိလေသာဟု, လွန်စွာပြင်းထန်, အတွင်းရန်ကို၊

ဇယံ ဇယန္တာ–မင်္ဂလေးအောက်ထက်, အမြောက်စက်ဖြင့်, ဖျောက်ဖျက်သတ်ညှင်း, အောင်တပ်ခင်းကြကုန်လျက်၊ လောကမှာ–ဖြစ်ကပျက်တုံ, ခလေ့ဘုံတွင်, တွေ့ကြုံကြရိုး, ဤ‌ေလာကဆိုးကြီးထဲမှ၊ နိယျန္တိ–မိဋ္ဌာန်သလောက်, စိတ်ကြံပေါက်၍, လွတ်မြောက်တော်မူကြလေ ကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

ကာမသုခလ္လိကာနုယောဂအကျင့်, အတ္တကိလမထာနုယောဂအကျင့်, မဇ္ဈိမပဋိပဒါအကျင့် အဲဒီ အကျင့်သုံးမျိုးကို ဘုန်းကြီးပြောပြီးပြီ၊ အဲဒီအကျင့်သုံးပါး သဘောပေါက် နားလည်ပြီးတော့မှ ငါတို့သည် ဒီလောကီအာရုံ ကာမဂုဏ်နှင့် မကင်းစကောင်းလို့ နေကြသော်လဲ အင်မတန် လဝန်လွန်ကဲကဲခံစားတဲ့ အဖြစ်မျိုးဖြင့် တို့တစ်တွေဟာ ကာမဂုဏ်ကို မခံစားတော့ဘူးလို့ ရိုးရိုးသားသား မကင်းရာမကင်းကြောင်း အနေမျိုးဖြင့် နေပြီးတော့ ငါတို့ဟာ ဒီ ကာမသုခလ္လိကာနုယောဂအကျင့်က လွန်တက်ပြီးတော့ မဇ္ဈိမပဋိပဒါ ဆိုတဲ့ အကျင့်ရောက်အောင် ပထမဆုံး ကမ္မဿကတာဉာဏ် ကြိုးစားမယ်၊ ကမ္မဿကတာဉာဏ် အမြင်သန်တဲ့အခါ ဝိပဿနာဉာဏ်ရအောင် ကြိုးစားမယ်၊ အဲဒီ ဝိပဿနာဉာဏ်ရအောင် ကြိုးစားပြီးတော့မှ ဒီမဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်စေမယ် ဆိုတဲ့ အလွန် ထက်သန်တဲ့ ဖွဲလုံ့လဖြင့် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

**ပထမပိုင်းပြီး၏။**

# ဓမ္မစကြာတရားတော်

## ဒုတိယနေ့

[သာသနာတော်–၂၄၉၃၊ ကောဇာ ၁၃၁၁–ခုနှစ်က ဟောကြားတော်မူသည်]

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ဟောကြားခြင်း

ယနေ့ည ဓမ္မစကြာတရားတော် အဆက်က သစ္စာလေးပါး ရောက်လာတယ်၊ ပထမပိုင်းက အကျင့်သုံးပါး, ဒုတိယပိုင်းက သစ္စာလေးပါး၊ အဲဒီ သစ္စာလေးပါးကို ဘုန်းကြီး တစ်နာရီတည်းနဲ့ ပြီးအောင်ဟောမယ်လို့ နဂိုကတော့ စိတ်ကူးတယ်၊ နဂိုက စိတ်ကူးပြီး တော့ ထပ်စဉ်းစားတဲ့အခါမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို လည်လည်ပတ်ပတ် နားမထောင်ရလို့ရှိရင် ဒုက္ခအကြောင်း, သမုဒယ အကြောင်း ကောင်းကောင်း မသိကြလို့ရှိရင် ယနေ့ညအတွက် ဘုန်းကြီးတို့ ရသင့်တဲ့အကျိုး ပြည့်ပြည့်စုံစုံ မရပေဘူး၊ ဒါကြောင့် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို တစ်ညသက်သက် တစ်နာရီလောက် ထိုင်ပြီးတော့ ဟောမယ်လို့ စိတ်ကူးရပြန်တယ်၊ တရားတော်က နည်းနည်း နက်တယ်နော်၊ တရားတော်ဟာ နားထောင်သွားရုံနဲ့ ပြီးတဲ့ တရားမျိုး မဟုတ်ဘူး၊ စဉ်းစားစဉ်းစားပြီးတော့ ကြည့်မှ အင်း…ဒီအဓိပ္ပာယ်ဟာ ဟုတ်ပါတယ်၊ မြတ်စွာဘုရား ဟောတော်မူ တဲ့အတိုင်း မှန်ပါတယ်လို့ ဝန်ခံရမယ်၊ ဒီတော့ ဘုန်းကြီးက လေးနက်တဲ့ တရားတိုင်း တရားတိုင်းဟာ ရပ်ထဲရွာထဲ ဆူဆူညံညံ နေတာမျိုးနဲ့ မသင့်တော်ဘူး၊ တိတ်တိတ်ဆိတ်ဆိတ် တောထဲ တောင်ထဲမှာ နေပြီးတော့ စဉ်းစားမှ တရားအရသာ ပေါ်မယ်လို့

ဒီလို အယူအဆ ရှိတယ်၊ ဒါကြောင့် စိတ်ထဲက တောမဟုတ်ပေမယ့် တောထဲရောက်နေတယ်လို့ ထင်လာအောင် တောသံ တောင်သံ ကလေး နည်းနည်း ပေးကြစို့ရဲ့။

**လျှိုမြောင်ချောက်ဘေး တောသံပေး ဂါထာ**

**ကဒါဟံ ကန္ဒရေ ရမ္မေ၊ ဝိညူနုမဘိသေဝိတေ၊**

**ဒန္တော သန္တော သမာစာရေ၊ စရေယျံ ဥတ္တမုတ္တမေ။**

အဟံ–အများမဆန်၊ တရားမှန်ကို၊ အားသန်ရော်ရည်၊ ငါမထေရ်သည်၊ ကဒါ–အခါခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ညွှန်ပြ၊ ဘယ်ကာလ၌၊ ရမ္မေ–ရွှင်ပျအေးကြည်၊ ဘေးမသီဘဲ၊ နေ့လည်ညဉ့်ပါ၊ ဘယ်ခါမပြောင်း၊ မွေ့လျော်ဖွယ်ရာကောင်းသော၊ ဝိညူနံ–ဆန်းဉာဏ်မများ၊ လမ်းမှန်သွားမည့်၊ တရားသိမြင်၊ ပညာရှင်တို့သည်၊ အဘိသေဝိတေ–ခင်ခင်မင်မင်၊ တရွှင်ရွှင်နှင့်၊ အစဉ်မပြတ်၊ မှီဝဲအပ်သော၊ ကန္ဒရေ–ကျောက်တောင်ကျောက်တန်း၊ကျောက်ခါးပန်း၌၊ကျောက်ပန်းခက်ဝေ၊ ကျောက်စက်ရေနှင့်၊ ကျောက်ငွေဘော်ဖြူ၊ ကျောက်အင္ဂုဝယ်၊ ကျောက်ဂူ ထွင်းဖောက်၊ ကျောက်တောင်ချောက်၌၊ ဒန္တော–ပင်ကိုယ်စွဲသန်၊ ယဉ်ကျေးဟန်ထက်၊ သဏ္ဌာန်ထူးထွေ၊ ယဉ်ကျေးစေလျက်၊ သန္တော–အာရုံအများ၊ မလှုပ်ရှားဘဲ၊ တရားရှာဖွေ၊ ငြိမ်သက်စေလျက်၊ ဥတ္တမုတ္တမေ–မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သဖြင့်၊ ကောန်ကျင့်အပ်၊ အလွန်ကောင်းမြတ်ကုန်သော၊ သမာစာရေ–ခုတင်တစ်ခန်း၊ ကမ္မဋ္ဌာန်းလေးဆယ်၊ များကျယ်ဘိတောင်း၊ အကျင့်ကောင်းတို့ကို၊ စရေယျံ–လုံ့လရင့်သန်၊ အသင့်မှန်အောင်၊ ကျင့်ကြံကြိုးကုတ်၊ အားထုတ်နိုင်ပါမည်နည်း။

**ချမ်းမြေ့မွေ့လျော် တောရပ်ပျော်၍။** ။ဘုရားရှင်ကိုယ်တော်မြတ်ရော၊ ရှေးရှေးက သူတော်ကောင်း တွေရော တောကျောင်းမှာ အင်မတန် မွေ့လျော်တော်မူကြတယ်လို့

ဘုန်းကြီးပြောခဲ့တယ်၊ ဘုန်းကြီးကလဲ တွေးကြည့်တယ်၊ လေးလေးနက်နက် တရားတွေ, လေးလေးနက်နက်စာတွေ တောထဲမှာ စဉ်းစားလို့ သိပ်ကောင်းမှာပဲ၊ ကျောင်းထဲကန်ထဲမှာလဲ တိတ်တိတ်ဆိတ်ဆိတ် နေတဲ့အခါမှာ စဉ်းစားလိုတယ်၊ ဒီတော့ ယခု ဓမ္မစကြာတရားတော်လို လေးနက်တဲ့တရားများကို စဉ်းစားမယ်ဆိုရင်, နာရမယ်ဆိုရင် စိတ်ရောကိုယ်ပါ တောထဲရောက်နေတာ တယ်ကောင်း၊ **“ကဒါ–အခါခုနစ်, သက္ကရာဇ်ကို, တွက်စစ်ညွှန်ပြ, ဘယ်ကာလ၌၊ ရမ္မေ–ရွှင်ပျအေးကြည်, ဘေးမသိဘဲ, နေ့လည်ညဥ့်ပါ, ဘယ်ခါမပြောင်း, မွေ့လျော်ဖွယ်ရာကောင်းသော”** တောဟာ ပျင်းစရာလို့ထင်ရတယ်၊ ဒါပေမယ့် **“ရမ္မေ–မွေ့လျော်ဖွယ်ရာကောင်းသော”** သစ်ပင်ရိပ်မှာ ငှက်ကလေးများနဲ့,တစ်ခါတည်း လေကောင်း လေသန့်ကလေးများနဲ့ နေ့လည်ကျတော့လဲ ပျော်စရာကောင်းရဲ့၊ ညနေကျတော့လဲ ပျော်စရာကောင်းရဲ့၊ ခုလို ညပိုင်းကျပြန်တော့လဲ သာပြီးတရားနှလုံးသွင်းလို့ ကောင်းတယ်။

**“ရမ္မေ–ရွှင်ပျအေးကြည်, ဘေးမသိဘဲ, နေ့လည်ညဥ့်ပါ, ဘယ်ခါမပြောင်း, မွေ့လျော်ဖွယ်ရာကောင်းသော၊ ဝိညူနုံ–ဆန်းဉာဏ်မများ, လမ်းမှန်သွားမည့်, တရားသိမြင်, ပညာရှင်တို့သည်၊ အဘိသေဝိတော–ခင်ခင်မင်မင်, တရှင်ရှင်နှင့်, အစဉ်မပြတ်, မှီဝဲအပ်သော”**တကယ့်သူတော်ကောင်းတွေက အင်မတန် ကျေနပ်ကြ, **အရှင်မဟာကဿပ**ကြီးဆိုရင် တစ်ခါတစ်ခါ **“ဒီလို တောင်တွေက ငါ့ကို အင်မတန်မွေ့လျော်စေနိုင်ကြတယ်၊ ဒီလို တောတွေက ငါ့ကို အင်မတန်မွေ့လျော်စေနိုင်ကြတယ်”**နဲ့ ဒီလို မကြာခဏ တွေးတော်မူခဲ့တယ်။

**အာရုံအများ မလှုပ်ရှားဘဲ။ ။“အဘိသေဝိတော–ခင်ခင်မင်မင်, တရှင်ရှင်နှင့်, အစဉ်မပြတ်, မှီဝဲအပ်သော၊**

**ကန္ဒရေ–ကျောက်တောင် ကျောက်တန်း, ကျောက်ခါးပန်း၌,**

**ကျောက်ပန်းခက်ဝေ, ကျောက်စက်ရေနှင့်, ကျောက်ငွေဘော်ဖြူ, ကျောက်အင္ဂုဝယ်, ကျောက်ဂူထွင်းဖောက်, ကျောက်တောင်ချောက်၌"** ဂူကလေးများထွင်းလို့, ပတ်ဝန်းကျင်က သစ်ပင်ကလေးတွေနဲ့, တယ်ကြည်နူးစရာကောင်းတယ်၊ **"သန္တော–အာရုံအများ, မလှုပ်ရှားဘဲ, တရားရှာဖွေ, ငြိမ်သက်စေလျက်"** စိတ်က တောထဲတွယ်နေကတည်းကိုက တစ်ခါတည်း ယဉ်ကျေးပြီးသား,တောညွတ်နေတဲ့ သူတော်ကောင်း အမျိုးသား အမျိုးသမီးကိုယ်တိုင်က နဂိုက စိတ်က ယဉ်ကျေးပြီးသား၊ တောထဲကျတော့ ပိုပြီးတော့ ယဉ်ကျေးလာတယ်၊ ဘာကြောင့်လဲဆိုတော့ မျက်စိအာရုံတွေ တွေ့ကရာ မလိုက်စားရတော့ဘူး၊ ပိုယဉ်ကျေးလာတယ်၊ နားအာရုံတွေ တွေ့ကရာ မကြားရတော့ဘူး၊ ပိုယဉ်ကျေးလာတယ်၊ **"ဒန္တော–ပင်ကိုယ်စွဲသန်, ယဉ်ကျေးဟန်ထက်, သဏ္ဍာန်ထူးထွေ, ယဉ်ကျေးစေလျက်၊ သန္တော–အာရုံအများ, မလှုပ်ရှားဘဲ, တရားရှာဖွေ, ငြိမ်သက်စေလျက်"** ဘာအာရုံမှ လှုပ်လှုပ်ရှားရှားဖြစ်စရာ မရှိဘူး၊ တောထဲမှာ ထူးထူးဆန်းဆန်း သီချင်းဆိုသံတွေ ဘာတွေ မကြားရတော့ လှုပ်ရှားစရာ မရှိဘူး၊ အမွှေးအကြိုင်တွေ ပန်းတွေ ဘာတွေ မွှေးတယ် ကြိုင်တယ်ဆိုစေကာမူ လောကီအာရုံ အားမပေးဘူး၊ ဒါကြောင့် **"ဒန္တော–ပင်ကိုယ်စွဲသန်, ယဉ်ကျေးဟန်ထက်, သဏ္ဍာန်ထူးထွေ, ယဉ်ကျေးစေလျက်၊ သန္တော–အာရုံအများ, မလှုပ်ရှားဘဲ, တရားရှာဖွေ, ငြိမ်သက်စေလျက်၊ ဥတ္တမုတ္တမေ–မဂ်ဖိုလ်နိဗ္ဗာန်, ရောက်ကြောင်းမှန်သဖြင့်, ကေန်ကျင့်အပ်, အလွန်ကောင်းမြတ်ကုန်သော၊ သမာစာရေ–ဓုတင်တစ်ခန်း, ကမ္မဋ္ဌာန်းလေးဆယ်, များကျယ်ဘိတောင်း, အကျင့်ကောင်းတို့ကို"** တောထဲ ဓုတင်များ ဆောက်တည်လို့, ဘုန်းကြီးဖြစ်ရင်လဲ သင်္ကန်းသုံးထည်လောက်လေးနဲ့ နေလို့, သူတော်စင် ဖြစ်ရင်လဲပဲ ဝတ်ဖြူစင်ကြယ်ကလေးနဲ့နေလို့, ဘာမှ ထူးထူးထွေထွေ ပြင်ခြင်း ဆင်ခြင်း မရှိဘဲနဲ့ တရား နှလုံးသွင်းလို့ **"ဥတ္တမုတ္တမေ–မဂ် ဖိုလ် နိဗ္ဗာန်,**

**ရောက်ကြောင်းမှန်သဖြင့်, ကေန်ကျင့်အပ်, အလွန်ကောင်းမြတ်ကုန်သော၊ သမာစာရေ–ဝတ်တစ်ခန်း, ကမ္မဋ္ဌာန်းလေးဆယ်, များကျယ်ဘိတောင်း, အကျင့်ကောင်းတို့ကို၊ စရေယျ–လုံ့လရင့်သန်, အသင့်မှန်အောင်, ကျင့်ကြံကြိုးကုတ်, အားထုတ်နိုင်ပါမည်နည်း။**

**သာဓု ... သာဓု ... သာဓု။**

ဘုန်းကြီးတို့ ဆရာဒကာတစ်စု ဆရာတပည့် တစ်စုဟာ အခုတို့တစ်တွေ တောထဲမှာ ရောက်နေတယ်လို့ စိတ်က ထားကြနော်၊ တောထဲ ရောက်နေကြတယ်၊ ဟို ညအချိန်အထိ ခုနစ်နာရီလောက် တောထဲမှာ နေရင်းထိုင်ရင်း မြတ်စွာဘုရားရဲ့ သစ္စာလေးပါးတရားကို စဉ်းစားကြမလို့၊ ဘုန်းကြီးက တရားစကားကို ပြောပေးလို့, ဘုန်းကြီးရဲ့ ဆိုင်ရာဒကာ ဒကာမတွေက တပည့်တပန်းတွေက စဉ်းစားလို့, ဘုန်းကြီး ပြောတဲ့တရားနောက် လိုက်လို့, ဒီလို တောထဲ အနေထားပြီး စဉ်းစားကြရအောင်။

**ဒုက္ခသစ္စာ။** ။ မြတ်စွာဘုရားက အကျင့်သုံးပါးကို ဟောပြီးတဲ့နောက် ပဉ္စဝဂ္ဂီငါးဦး အမျူးထားတဲ့ နတ်ဗြဟ္မာများအား ယခုလို တောထဲမှာ သစ္စာလေးပါးတရားကို ဆက်ပြီးတော့ ဟောတော်မူတယ်၊ **"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"** ဘိက္ခဝေ–ဘိက္ခုတို့၊ ဣဒံ ခေါ ပန–ဤဟောတော်မူအပ်လတ္တံ့တဲ့ အကြောင်းအရာသည်ကား၊ ဒုက္ခံ–ဒုက္ခဖြစ်တဲ့၊ အရိယသစ္စံ–အရိယာအဖြစ်သို့ရောက်အောင် ရွက်ဆောင်နိုင်တဲ့ သစ္စာတရားပေတည်း၊ ဒီတရားကို စဉ်းစားလိုက်တော့ ဟုတ်သားပဲ, ဒုက္ခလို့ သဘောပေါက်လာလို့ရှိရင် ဘုန်းကြီးဟို...ပထမတုန်းက ပြောခဲ့တဲ့ တဏှာက နောက်ဆုတ် နောက်ဆုတ်သွားတယ်၊ အဲဒါ ဒုက္ခပဲလို့ ဆိုလို့ရှိရင် တဏှာ နောက်ဆုတ်သွား၊ ဒီဟာက ဒုက္ခပဲလို့ ဆိုလို့ရှိရင် တဏှာ နောက်ဆုတ်သွားတယ်၊ ဒီတော့ တဏှာက နောက်ဆုတ်ရပါ များတော့ အာရုံပြုစရာ,

ကျက်စားရာတရားက ရှာမရလို့, သာယာစရာကို ရှာမရလို့ တဏှာကုန်ခန်းပြီးတော့ ရဟန္တာဖြစ်သွားတယ်၊ အရိယာဖြစ်သွားတယ်၊ ဒါကြောင့် **"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"** ဣဒံ ခေါ ပန–ဤဆိုအပ်လတ္တံ့သော အကြောင်းအရာသည်ကား၊ ဒုက္ခံ–ဒုက္ခဖြစ်တဲ့၊ အရိယသစ္စံ–အရိယာဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ အရိယသစ္စာတရားပေတည်း၊ ဘာတရားများပါလဲဆိုတော့–

**"ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"**။

**"ဇာတိပိ–ဘဝဖန်ခါ သံသရာ၌ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း၊ ဒုက္ခာ–ဆင်းရဲကြောင်း စင်စစ်ကေန် အမှန်ပင် ဖြစ်တော့သတည်း"** ဘဝတိုင်း ပဋိသန္ဓေ တည်နေရ၊ ဟို…နတ်ဘဝ, ဗြဟ္မာ့ဘဝ ပဋိသန္ဓေ တည်နေရတာက ဖြုတ်ကနဲဆို ခဏကလေး ပြီးသွားတယ်၊ အဲဒါကြောင့် ဥပပတ် ပဋိသန္ဓေလို့ ခေါ်တယ်၊ ဘုန်းကြီးတို့ လူ့ဘဝ ပဋိသန္ဓေ တည်နေရတာက ပဋိသန္ဓေဆိုတဲ့ ပထမ စိတ်,စေတသိက်, ရုပ်တရား ဖြစ်ပြီးတဲ့နောက် အမိဝမ်းထဲမှာ ကိန်းအောင်းပြီးတော့ နေထိုင်ရတာ ကိုးလ ဆယ်လကြာတယ်၊ ဒီတော့ ပဋိသန္ဓေနေရတာဟာ ဆင်းရဲခြင်းရဲ့ အကြောင်းပဲ၊ **"ဇာတိပိ–ပဋိသန္ဓေနေရခြင်းသည်လည်း၊ "ဇာတိပိ–ဘဝဖန်ခါ သံသရာ၌ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း၊ ဒုက္ခာ–ဆင်းရဲကြောင်း အမှန်ကေန် ဖြစ်လေတော့၏"**။

**အတွင်းမှာရှိသမျှ အပြင်ဘက်မှာ ရှိနေလျှင်**

ဘာများ ဆင်းရဲသလဲ၊ ဒီဟာက သိပေမယ့် အမှတ်တမဲ့ သိကြတော့ ရုပ်သိ ရှာသိ ပေါ့ပေါ့ဆဆ သိဆိုတော့ ဒုက္ခလို့ မမြင်ကြဘူး၊ တရားတော်နဲ့ စဉ်းစားကြည့်တဲ့ အသိကျတော့ သြော်… ဒုက္ခပါလား၊ ဟုတ်တယ်,

သိပ်ဆင်းရဲပါကလား၊ အမှတ်တမဲ့နဲ့ တို့တစ်သံသရာလုံး ပဋိသန္ဓေနေနေလာတာ ဒီဒုက္ခတွေ မေ့မေ့သွားလို့ မကြောက်တာ၊ တကယ်ဆိုတော့ ဒုက္ခအစစ်ပါပဲလား၊ **"စာသစ်စာကျက်, အောက်ထက်ဝန်းရံ, ပုပ်နံ့ညှီလှောင်း, ကျဉ်းမြောင်းမည်းမိုက်, မိဝမ်းတိုက်ဝယ်"** ဘုန်းကြီးတို့ ဒီလူတွေ, တိရစ္ဆာန်တွေ ပဋိသန္ဓေနေရတဲ့ နေရာဟာ အမိဝမ်းထဲမှာ၊ ဒါလဲ လူတိုင်းသိတာပဲ၊ အဲဒီ အမိဝမ်းရဲ့ အခြေအနေလေး စဉ်းစားကြည့်လိုက်စမ်း၊ ဒီဝမ်းထဲမှာ ဘာတွေ ဘာတွေ ရှိတယ်ဆိုတာ အနုစိတ်ပြီးတော့ ဒါတွေ ဘုန်းကြီးမပြောဘူး၊ စဉ်းစားကြည့်လိုက်စမ်း၊ ကျမ်းစာက ဘယ်လိုများ သတိပေးသလဲဆိုတော့ အကယ်၍ အတွင်းက ရှိတဲ့ အူတို့,အသည်းတို့,အဆုတ်တို့,အစာသစ်အိမ်တို့, အစာ ဟောင်းအိမ်တို့၊ အဲဒီ အတွင်းက ရှိသမျှတွေ အပြင်ဘက်မှာသာ ရှိနေလို့ရှိရင်တော့ တုတ်ကိုင်ပြီး ခွေးတွေ, ကျီးတွေ ခြောက်နေရမှာပဲ၊ အတွင်းမှာ ဘာမှ အကောင်းမရှိဘူး၊ ဘုန်းကြီးတို့ဟာ ဒီထဲ နေခဲ့ရတယ်၊ ဒီထဲ နေခဲ့ရတာ ဘယ်လောက်ကြာသလဲ၊ ဆယ်လလောက်ကြာတယ်၊ ခုနစ်လတို့ ဘာတို့ဆိုတာက နည်းပါတယ်၊ ဆယ်လလောက် ကြာတာက များတယ်၊**"စာသစ်စာကျက်, အောက်ထက်ဝန်းရံ, ပုပ်နံ့ညှီလှောင်း, ကျဉ်းမြောင်းမည်းမိုက်, မိဝမ်းတိုက်ဝယ်"** အပေါ်က အစာသစ်အိမ်,ဒီသားအိမ်ရဲ့ အပေါ်မှာအစာသစ်တွေ, သားအိမ်ရဲ့အောက်မှာ အစာဟောင်းတွေ၊ အစာသစ် စဉ်းစားကြည့်လဲ မကောင်းဘူး၊ အစာဟောင်း စဉ်းစားကြည်လဲ မကောင်းဘူး။

**ကျောကိုဝမ်းပြု, ဒူးနှစ်ခုကြား, ဦးခေါင်းထားလျက်**
**ပုပ်နံ့ ညှီလှောင်း, ကျဉ်းမြောင်း မည်းမိုက်, မိဝမ်းတိုက်ဝယ်"** သက်သာသာကလေး ချောင်ချောင်လည်လည်နဲ့ မနေရတာ**"ဒူးနှစ်ခုကြား, ဦးခေါင်းထားလျက်"** ဟို...ဒူးကလေးနဲ့ ကုပ်ပြီးတော့ တချို့ ခေါင်းအောက်စိုက် နေတယ်၊

တချို့က ခေါင်းအထက်က နေတယ်၊ **"မေးကြားလက်ဆုပ်, သစ်ခွတို မှာ, မျောက်အိုကုပ်သည့်နှယ်"** မိုးက ရွာထား, သစ်ခွထဲမှာ မျောက်အို ကလေး ကုပ်ပြီးတော့ နေတယ်၊ ချမ်းလွန်းလို့ ကုတ်ပြီးတော့ နေတယ်၊ အဲဒါလိုပဲ ဟို...မြင်ရတဲ့ သတ္တဝါကလေး, သတ္တဝါလေး ဆိုလို့ သူများ မထင်နဲ့ ဘုန်းကြီးတို့ အခုအားလုံး တပည့်တပန်း ဒကာ ဒကာမတွေ ဒီလိုနေခဲ့ကြရတယ်၊ **"ကျောက်ကိုဝမ်းပြု, ဒူးနှစ်ခု ကြား, ဦးခေါင်းထားလျက်, မေးကြားလက်ဆုတ်, သစ်ခွတိုမှာ, မျောက်အိုကုပ်သည့်နှယ်, မလှုပ်မလှက်, သေသောက်လက်ဝယ်, ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ, မြွေငယ်ချိုသို့"** ဒီအရက်သမားရဲ့ လက်ထဲ သတ်စားကြမည့် ဆိတ်ကလေး ကြောက်ပြီးတော့ ရှုံ့တွန့် ပြီးတော့ ကုပ်နေသလို၊ အလမ္ပာယ် ဖမ်းထားလို့ မိနေတဲ့ မြွေဟာ အလမ္ပာယ်က နှိပ်စက်လို့ ချိနေသလို အဲဒီလို အမိဝမ်းထဲမှာ မသက်သာဘူး၊ စာကလဲ ဒီလိုဆိုတယ်၊ အင်း...စဉ်းစားကြည့်တော့လဲ သက်သာနိုင်စရာ မရှိဘူး။

**အမိစပ်ခါး, ပူအေးစားလည်း။ ။ "အမိစပ်ခါး, ပူအေးစားလည်း, ကိုယ်သားဆတ်ဆတ်"** အမေက အပူတို့, အစပ်တို့ စားလိုက်၊ ဒီက အရွယ်ကလေးကလဲ အကောင် အထည်လေးပေါ်လာတဲ့အချိန်, အမေက စားတဲ့အစာဟာ ချက်ကြိုးက ဆက်ပြီးတော့ ကလေးရဲ့ဝမ်းထဲရောက်၊ အမေက အပူတွေစားတော့လဲ သူ့ခမြာ ပူရှာတယ်၊ အမေက အအေးတွေ စားလိုက်ပြန်တော့လဲ သူ့ခမြာ အေးရှာတယ်၊ ဒီကလေး နုနုကလေး မွေးဖွားလာတဲ့အချိန် မြင်လိုက်ရတဲ့ ကလေးလေးထက် အဆပေါင်းများစွာ နုနယ်တဲ့ ရုပ်ကလေးမှာ အမေစားတဲ့ အစာကလေးပဲ မှျတပြီးတော့ နေရတယ်၊ **"ကိုယ်သားဆတ်ဆတ်, သက်ပြတ်တစေ, ဆယ်လနေ၍"** ဆယ်လ လောက် အဲဒီမှာ တပင်တပန်း နေခဲ့ရတယ်၊ ဘုန်းကြီး နေခဲ့ရတယ်၊

အားလုံး နေခဲ့ရတယ်၊ မေ့လို့ မေ့လို့, မသိလို့ ဟိုတုန်းကတော့ ဆင်းရဲတာအမှန်ပဲ၊ နောက်တော့ မေ့သွားတယ်၊ အဲဒါ အမှတ်မရဘဲ ဖြစ်သွားလို့ နောက်တစ်ဘဝ ပဋိသန္ဓေနေရမှာကို မရွံ့မကြောက်ကြဘူး၊ **"သက်ပြတ်တစေ, ဆယ်လနေ၍, လေကမ္မဇ, ဦးဆောက်ချသား"** ဒီအမိဝမ်းထဲက လေက အပြင်ဘက်ကို တွန်းထုတ်ပေးတယ်၊ အဲဒီ အမိဝမ်းထဲက အားသန်လို့ရှိရင်, အားကောင်းလို့ရှိရင်, ကလေးမြန်မြန် ဖွားတယ်၊ အမေက အားနည်းနေလို့ လေကညံ့လို့ရှိရင် ကလေးမြန်မြန် မဖွားဘူး၊ ပင်ပင်ပန်းပန်းနဲ့ နေရတယ်၊ ကမ္မဇလေရော, အမိဝမ်းထဲက ကံအားလေရော အဲဒီက နှင်ပြီးတော့ အပြင် ထွက်တယ်။

**ငရဲသားလေးများလိုပဲ။** ။ **"လေကမ္မဇ, ဦးဆောက်ချသား, မဂ်ဝသို့ ရောက်, သံကောက်ပေါက်က, ဆွဲမြှောက် ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေရယ်ဒီက၊ ပြင်သို့ကျလည်း"** အဲဒီက ကြပ်ကြပ်တည်းတည်း ခဲခဲယဉ်းယဉ်း ဖွားတယ်၊ အမှတ်တမဲ့ နေကြလို့သာ၊ ဒီ သေသေချာချာ စဉ်းစားပြီးတော့ ကြည့်လျှင် ဝမ်းနည်း စရာရယ်, စိတ်အားငယ်စရာရယ်၊ ကြောက်စရာရယ်၊ မွေးဖွားတဲ့ အချိန်မှာဆိုလို့ရှိရင် ပတ်ဝန်းကျင်က ဘယ်လိုစဉ်းစားသလဲ၊ အမေ ချမ်းသာပြီးရော၊ ခက်ခက်ကဲခဲများ ကြုံနေလျှင် အမေချမ်းသာပြီးရော၊ ကမ္မဿကာ, ကလေး ကမ္မဿကာ၊ အမေချမ်းသာပြီးရော၊ အဲဒီလို ကို စီမံပြီးတော့ အဲဒီလိုပဲ ဖွားကြ တယ်၊ ဒါကြောင့် ကလေးသေချင်လဲ သေသွားတာပဲ၊**"ပုံနေရယ်ဒီက,ပြင်သို့ကျလည်း"**ငရဲသားလေးများလိုပဲ။

**ဇာတိဒုက္ခ။** ။ **"အပ်ဆွသည့်ဟန်, ကြီးပြန်ဒုက္ခ, ပြစ်များလှသည်, လက်စဇာတိ ဖြစ်ရင်းတည်း"**တဲ့၊ ဒီဇာတိလို့ ခေါ်တဲ့ ပဋိသန္ဓေနေရလို့ ဒီဒုက္ခတွေ ဘုန်းကြီးတို့ ဘယ့်ကလောက် အပြင်း အထန်ခံရတယ်၊ ဖွားတဲ့ အချိန်မှာ သေလုမြောပါး ခံရတယ်၊ အဲဒါ ကြောင့် **"ဇာတိပိ–ပဋိသန္ဓေ တည်နေရခြင်းသည်လည်း၊ ဒုက္ခာ–**

**အမျိုးမျိုးသော ဆင်းရဲတို့၏ ဖြစ်ဖို့ရန် ကေန်ဖြစ်ခဲ့သတည်း”** ကြောက်စရာ ကြောက်စရာ၊ နောက် ဒီဒုက္ခ ဘာ့ကြောင့် ဖြစ်သလဲ၊ ဒီဇာတိဒုက္ခ ဘာ့ကြောင့် ဖြစ်သလဲ၊ ဒါ စဉ်းစားရမယ်။

**ဇရာဒုက္ခ**။ ။ဖွားပြီးတော့ ဒီဒုက္ခတွေက လွတ်လာတော့ ပြီးရော လားလို့ဆိုတော့ လူ့ဘဝတစ်လျှောက်လုံး စဉ်းစားရမယ်၊ **“ဇရာပိ–ရွတ်တွယိုယွင်း, အိုမင်းရခြင်းသည်လည်း၊ ဒုက္ခာ–ဆင်းရဲကြောင်းအစစ်ဖြစ်ပြန်တော့သတည်း”** အိုရပြန်တယ်၊ သေလုမြောပါး ပဋိသန္ဓေနေပြီးတဲ့ နောက် အိုရပြန်တယ်၊ ဒီလောကကြီးအတွက် ပြောနေတာ၊ ဟို ဒီ့ပြင် ဒီ့ပြင်ဆိုတဲ့ ငရဲတို့, တိရစ္ဆာန်တို့, ပြိတ္တာတို့ဆိုတဲ့ ဥစ္စာတွေ အသာထားဦး၊ အိုရတော့ ဘာဖြစ်လာသလဲ၊ ဒီလက်ခြေအင်္ဂါတွေ လျော့လာတယ်၊ တော်တော်အိုလာတဲ့ အခါကျတော့ အရိုးနဲ့ အသားဟာ နည်းနည်းကွာလာတယ်၊ ဒါကြောင့် ပိန်လဲပဲ ပိန်တဲ့သူဟာ အသားတွေ တွဲကျနေတယ်၊ ဝလဲ ဝတဲ့သူများ အသားတွေ တွဲကျတယ်၊ ဘာပြုလို့လဲဆိုတော့ အရိုးနဲ့ အသားတွေကပ်ပြီး သပ်သပ်ယပ်ယပ် မနေဘူး၊ လျော့ပြီးတော့ အသားက အရိုးမှ ကွာလာတယ်၊ အိုတဲ့သူတွေဟာ အစားအသောက် ပိုစားနိုင်တယ်ထားဦး၊ အစားကောင်း အသောက်ကောင်း စားဦး, ရွတ်တွလာတာပါပဲ။

**မျက်စိကမှိုင်း နားကထိုင်းလျက်**။ ။အိုတော့ မျက်စိတွေ ဘယ်လို ဖြစ်လာသလဲ, အင်မတန်ကောင်းလှပါတယ်ဆိုတဲ့သူတွေ တစ်ဦးတလေ ကံထူးတဲ့ ပုဂ္ဂိုလ်တွေအတွက် မျက်စိ သက်သာချင်သက်သာမယ်၊ များစွာသော လူတွေဟာ တဖြည်းဖြည်း မှုန်လာတယ်၊ ကြည့်လို့မကောင်း ဖြစ်ရတယ်၊ ကြည့်လို့ အားမရဘူး ဖြစ်ရတယ်၊ များစွာသော လူတွေဟာ နားကောင်းကောင်း အားမရဘူး၊ နည်းနည်းလဲ လေးလာတယ်၊တော်တော်အိုလို့ရှိရင် နားလေးလာတယ်၊ တစ်ခါ သွားကကော ရှေးတုန်းကလို

မဟုတ်လို့ စားလို့မကောင်းဘူး၊ အကြောတွေ ဘာတွေကလဲ လျော့ပြီး တော့ လာတာဖြစ်တော့ မျက်စိနှင့်နားသာမကဘူး၊ နှာခေါင်းကရော အနံ့ကောင်းကောင်း မရဘူး၊ လျှာကလဲ စားလို့မကောင်းဘူး၊ အဲသလို ဖြစ်ပြီးတော့ ကာယန္ဓြေဆိုတဲ့ စက္ခုန္ဓြေစသည်ဆိုတာ အကုန်လုံး ညံ့ပြီးတော့ လာတယ်၊ အရွယ်တွေ ဘာတွေ ကြည့်လိုက်တော့ မူလ နဂိုအရွယ် ကလေးဟာ ပျောက်ပြီးတော့ တစ်ခါတည်း တစ်သက်မှာ နောက်ထပ် အစားပြန်မရဘဲ ငယ်ငယ်အရွယ်တွေ ပျောက်ပြီးတော့ အအိုကြီး ဖြစ်ရတယ်၊ အအိုကြီး ဖြစ်ရတယ်၊ တစ်ခါတလေ ထမယ်လို့ ဆိုလျှင် လဲ လဲသွားတယ်၊ အားမရှိလို့ ဟိုနား,ဒီနား သွားမယ်ဆိုရင် လူတွဲမှ သွားနိုင်တယ်၊ အားမရှိတော့ဘဲကိုး၊ အိုတာ ဘယ်လောက် ဒုက္ခရောက် သလဲလို့၊ တစ်ခါ အဲသလောက် အားတွေ ဘာတွေ ကုန်းခန်းနေတဲ့ အပြင် သတိက တစ်ခါတစ်ခါ လစ်သွားလို့ သူငယ်ပြန်ချင်တယ်၊ တော်တော် အိုလာတဲ့အခါကျတော့ သူငယ်ပြန်ချင်လာတယ်၊ ဒီ အသက်ရှည်ရှည် နေရရင် ဒီဒုက္ခတွေ စုံစုံတွေ့ရမယ်။

ဒီခန္ဓာကိုယ်ကြီးက တော်တော်ခက်တယ်၊ ဘာမှလဲ အသက်မရှည် ဘူး၊ ပြီးတော့ အသက်ရှည်ရှည် ရာကျော်နေရပါလို၏လို့ ဆုတောင်း လိုက်တော့လဲ ဒီဒုက္ခတွေ ခံရပါစေဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်၊ ဟာ...ဒုက္ခတွေ သိပ်များများ မတွေ့ဘဲနဲ့ ချမ်းချမ်းသာသာ နေရပါစေ ဆိုလို့ရှိရင်လဲ စောစော သေပါရစေဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်၊ ဒီဒုက္ခကိုယ်ကြီးဆိုတော့ ဘယ်လိုဆုတောင်း လို့မှ မကောင်းဘူး၊ အသက်ရှည်ပါစေဆိုတော့လဲ ဒုက္ခတွေ ခံရပါစေ၊ ဟာ...ဒီဒုက္ခတွေ သက်သာပါစေဆိုတော့လဲ စောစော သေပါရစေ၊ ဒါက ကိုယ်ဒုက္ခ။

**ကိုယ်ဒုက္ခ စိတ်ဒုက္ခ။** ။ဒုက္ခနဲ့ စပ်လို့ရှိရင် ကိုယ်ဒုက္ခ, စိတ်ဒုက္ခ နှစ်မျိုးမှတ်ထားကြ၊ ခန္ဓာကိုယ် တိုက်ရိုက် ဆင်းရဲတာက ကိုယ်ဒုက္ခ၊ ခန္ဓာကိုယ် မဆင်းရဲဘဲနဲ့ စိတ်ဆင်းရဲတာက စိတ်ဒုက္ခ၊ အဲဒီ ဒုက္ခတွေ ကြပ်ကြပ်ကြီး သိလေလေ၊ အခုပြောထားတဲ့

တဏှာက နောက်ဆုတ်သွားလေလေ၊ တော်ပြီ, တော်ပြီ၊ ဒီဘဝတွေ ငါမလိုချင်တော့ဘူးဆိုပြီး မလိုချင်တဲ့စိတ်တွေ ဖြစ်လာပြီ၊ လူထဲမှာ အိုမင်းမစွမ်း ဖြစ်နေလို့ ကိုယ်ဆင်းရဲရတဲ့အပေါ်, ကိုယ်ဆင်းရဲလို့မို့ စိတ် မချမ်းသာရတဲ့အပေါ် သားတွေ, သမီးတွေ, မယားတွေ, ဆွေတွေ, မျိုးတွေက တကယ် အရေးမစိုက်ချင်ကြဘူး၊ ခေါ်တာကိုက အဘိုးကြီးတွေ, အဘွားကြီးတွေတဲ့၊ နေရာကို မသွင်းချင်ဘူး၊ မသွင်းလဲ မသွင်းထိုက်တော့ပါဘူး၊ တို့ အဘိုးကြီးနဲ့ မနေချင်ဘူးတဲ့၊ သား သမီးတွေကလဲ မနေချင်ဘူးတဲ့၊ မြေးတွေဆိုတာကတော့ သာတောင် ဝေးသေး၊ မနေချင်ဘူးတဲ့၊ အကယ်၍ အဘိုးကြီး မကျန်းမာနေရင် တချို့ အဘွားကြီးက ရှောင်တောင်တောင်၊ တစ်ခါ အဘွားကြီး အိုနေပြန်တော့လဲ အဘိုးကြီးက တကယ်အရေးမစိုက်ဘူး၊ သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေကလဲ ဂရုမစိုက်ချင်ဘူး၊ ပြီးတော့ အသက်ကြီးနေပြန်တော့လဲ သူတို့က မထီလေးစားပြုတော့ စိတ်က မခံချင်ဘဲကိုး၊ **"ငါ့အောက်က ငါမွေးလို့ တကတည်း လူဖြစ်လာတဲ့ အကောင်ကလေးတွေက ယခု ငါ့ကို ဂရုမစိုက်ကြဘူး"**ဆိုပြီးတော့ စိတ်က အင်မတန် မခံချင်စိတ်ဖြစ်တယ်၊ ဒီတော့ ကိုယ်မချမ်းသာလို့ စိတ်က မချမ်းသာတဲ့အပြင် သူများက ဂရုမစိုက်ကြဘူး၊ ကိုယ်ပြုလို့ နေနေတဲ့ သား,သမီးတွေက ဂရုမစိုက်ကြ၊ ကိုယ်အရေးပါပြီးတော့ တကတည်း ပွေ့ချီလာတဲ့ မြေးကလေး, မြစ်ကလေးတွေက ဂရုမစိုက် ကြတော့ သိပ်ဆင်းရဲတာပဲတဲ့၊ အဲဒီ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတာ ဘယ်သူ့ကြောင့် ဖြစ်ရသလဲဆိုရင် ဇရာကြောင့် ဖြစ်ရတယ်၊ **"ဇရာပိ–ရွတ်တွယိုယွင်း, အိုမင်းရခြင်းသည်လည်း၊ ဒုက္ခာ–ဆင်းရဲ အမျိုးမျိုး၏ အကြောင်းပင် ဖြစ်လေတော့သတည်း။"**

**ဗျာဓိဒုက္ခ။** ။တစ်ခါ မကျန်းမမာ ဖျားနာတာကတော့ အားလုံး လက်တွေ့ မျက်မြင် ဖြစ်တဲ့အတိုင်း မကျန်းမမာ

ဖျားတယ်,နာတယ်, အနာပေါက်တယ်, ခေါင်းကိုက်တယ်, အကုန်လုံး ဒုက္ခတွေချည်းပဲ၊ တစ်ခုမျှ မသက်သာဘူး၊ တချို့က ခေါင်းကိုက်နေတော့ **"အင်း-ခေါင်းကိုက်တာလောက် ဆိုးတဲ့ဒုက္ခ ရှိမယ်မထင်ပါဘူး"** လို့ တစ်ယောက်က ညည်းတယ်၊ ဟို မျက်စိကိုက်နေတဲ့လူက **"ခင်ဗျား ခေါင်းကိုက်တဲ့ဥစ္စာ မျက်စိကိုက်တာလောက် ဆိုးမယ် မထင်ပါဘူး"**တဲ့၊ သူကလဲ ညည်းတယ်၊ မျက်စိကိုက်နေတဲ့လူက ဒီလို ညည်းတော့ ဟို...နားကိုက်တဲ့ လူကလဲ **"မဟုတ်ပါဘူး, ခင်ဗျားတို့ နားမကိုက်ဖူးလို့ပါ၊ နားကိုက်တဲ့လူက ပိုပြီး ဒုက္ခကြီးပါတယ်"**လို့ ပြောပြန်တယ်၊ အားလုံးဒုက္ခတွေကို ကြည့်လိုက်လို့ရှိရင် ဗျာဓိဒုက္ခ–မကျန်းမမာ ဖျားနာတဲ့ဒုက္ခ, ဘယ်သူမှ မသက်သာဘူး၊ အားလုံး ဒုက္ခချည်းပဲ၊**"ဗျာဓိပိ–မကျန်းမမာ, ဖျားနာရခြင်းသည်လည်း၊ ဒုက္ခော–ဆင်းရဲကြောင်းပေတည်း"**။

**မရဏဒုက္ခ**။ ။ကြည့်နော်, ပထမ ဇာတိဒုက္ခ ဘယ်သူမှ မကောင်းဘူး၊ ဒုတိယ အိုလာတဲ့ ဇရာဒုက္ခ, အိုသည့်တိုင်အောင် နေရလို့ရှိရင် ဘယ်သူမှ မကောင်းဘူး၊ စောစော သေပြန်တော့လဲ ကံမကောင်းဘူး၊ တစ်ခါ ဒီကြားထဲ ကလေးမှာလဲ ဗျာဓိဒုက္ခဖြစ်တယ်၊ လူကြီးမှာလဲ ဗျာဓိဒုက္ခဖြစ်တယ်၊ ဒီ မကျန်းမမာ ဖျားနာမှုဆိုတာ လူကြီးရော, လူငယ်ရော အကုန်းလုံးဖြစ်၊ အဲဒီနောက် မရဏဒုက္ခဆိုတဲ့ သေခြင်းဆင်းရဲကိုကြည့်၊ သေတာ ဖျတ်ကနဲသေတဲ့ အသေမျိုးက သိပ်မထင်ရှားဘူး၊ သေတော့မယ်ဆိုတော့ ခုတင်က အပြင်းအထန် မမာနေလို့, ဗျာဓိဖြစ်နေလို့, သေတော့မယ်တဲ့လို့ ဆိုတော့ ဒီသေရမယ့်လူက သူတော်ကောင်း၊ လူကောင်း သူကောင်း ဆိုလို့ရှိရင် ငါတော့ လူကောင်းပဲ၊ ကောင်းရာသုဂတိ ရောက်မှာပဲလို့ အဲဒီလို စိတ်မတင်းနိုင်ဘူး၊ **"အင်း...သားတွေ, သမီးတွေနဲ့ ခွဲရတော့မယ်၊ ငါ့သား,ငါ့သမီး,ငါ့မြေးတွေနဲ့ ခွဲရတော့မယ်"**လို့ တွေးတောပြီး

စိတ်ထဲက ဝမ်းနည်းနေတယ်၊ ပစ္စည်းဥစ္စာရှိတဲ့ လူတွေကလဲပဲ**"ငါ တစ်သက်လုံး ရှာထားတဲ့ ပစ္စည်းတွေ, ငါ့အမွေတွေကို ကောင်းကောင်း သုံးရစ်ကြပါ့မလား၊ ဖျက်ဆီးများ ပစ်ကုန်မလား၊ ငါတစ်သက်လုံး တပင်တပန်း ရှာထားတာ၊ ဒီပစ္စည်းတွေနဲ့ ခွဲရတော့မယ်"**လို့ တွေးပြီး ဝမ်းနည်းနေရသေးတယ်၊ ဒါ သူတော်ကောင်း, သူတော်ကောင်း၊ သူတော်ကောင်းပေမယ်လို့ ပစ္စည်းတွေ ခွဲရမှာ သူစိုးတယ်၊ သားတွေ, သမီးတွေ ခွဲရမှာ သူဝမ်းနည်းတယ်၊ သူတော်ကောင်းက, သူတော်ကောင်းက။

**သျှစ်သွျားသိမ်းမှျ စားရတဲ့ ဓမ္မာသောကမင်း**

ဘုန်းကြီးတို့ရဲ့ အင်မတန် ထင်ရှားတဲ့ သာသနာပြု **ဓမ္မာသောက**မင်းကြီးကိုပဲ ကြည့်ပါ၊ သူ့ရဲ့ သားတော်က **မဟာမဟိန္ဒ**, သာသနာပြု ရဟန္တာ၊ ပြီးတော့ သမီးတော်**သင်္ဃမိတ္တာ,** သာသနာပြု ဘိက္ခုနီမ, ရဟန္တာမ၊ ဒီသားတော်, သမီးတော်တွေက သာသနာပြုပြီးတော့ နေတယ်၊ သူကိုယ်တိုင်ကလဲ ဇမ္ဗူဒိပ်လို့ခေါ်တဲ့ အိန္ဒိယတိုင်းတစ်တိုင်းလုံးကို အုပ်စိုးပြီးတော့ အာဏာလွှမ်းနေတဲ့ ဘုရင်၊ အဲဒါတောင်မှ သေခါနီးကျတော့ ဆေးဆရာက **"ဟောဒီ သျှစ်သွျားသီးပိုင်းကလေး စားနေပါ, ပါးစပ်ထဲ မြုံ့နေပါ"**လို့၊ အဲဒီလို ပြောတော့ ဝမ်းနည်းလိုက်တာတဲ့။

**သကလံ မေဒနိံ ဘုတွာ, ဒတွာ ကောဋိသတံ သုခီ၊**
**အဒ္ဓါမလကမတ္တဿ, အန္တေ ဣဿရတံ ဂတော။**

သကလံ မေဒနိံ–အိန္ဒိယတစ်ကျွန်း, မြေပြင်အဝန်းကို၊ ဘုတွာ–စည်းစိမ်အဖြစ်ဖြင့် ခံစားစံစားပြီး၍၊ ကောဋိသတံ–ကုဋေတစ်ရာကုန် အောင်၊ ဒတွာ–စွန့်ကြဲပေးကမ်း, လှူဒါန်းပြီး၍၊ သုခီ–အချမ်းသာကြီး ချမ်းသာသူ ဖြစ်ပါလျက်၊ အန္တေ–သေခါနီးရာ နောက်ဆုံးအချိန်အခါ၌၊

အဒ္ဒါမလကမတ္တသ–ဆရာပေးထားတဲ့ သျှစ်သျှားသီးပိုင်းကလေး မျှကိုသာလျှင်၊ ဣသရတံ–စိုးပိုင်သူ၏ အဖြစ်သို့၊ ဂတော–ရောက်ရှာလေတော့သတည်းတဲ့–

ဝမ်းနည်းလို့ သူ့ခမြာ တစ်မြေပြင်လုံး အုပ်ချုပ်လာတဲ့မင်း, ကုဋေပေါင်းများစွာ စွန့်ကြဲပေးကမ်း လှူဒါန်းနိုင်တဲ့မင်း, ဒါလောက် ချမ်းသာတဲ့ ငါဘုရင်မင်းမြတ်ဟာ နောက်ဆုံးအချိန်ကျတော့ သျှစ်သျှားသီးပိုင်းကလေးတစ်ဝက်သာ ငါအုပ်စိုးရပါတော့ကလားလို့ စိတ်မချမ်းမသာဖြစ်ရတယ်၊ ခု သျှစ်သျှားသီးတစ်ပိုင်း ပိုင်နေသေးတာ၊ သေသည်ဆိုသည်နှင့် တစ်ပြိုင်နက် အဲဒီ သျှစ်သျှားသီး တစ်ပိုင်းတောင် သူပိုင် ဟုတ်တော့မှာ မဟုတ်တော့ဘူး။

**မရဏဘေး ကာကွယ်ပေးလော့** ကဲ...မရဏဒုက္ခဟာ ဘယ်လောက် ကြောက်စရာကောင်းးသလဲ၊ စောစောက တင်ကြိုပြီး ကာကွယ်ရေးတွေ လုပ်ထားရတယ်၊ ဘုန်းကြီးဟာ ဒီမရဏဒုက္ခ ကာကွယ်ရေးကို မလုပ်လို့ရှိရင် ဒုက္ခတွေ တွေ့ရမယ်၊ အားလုံး ကျောင်းဒကာ ကျောင်းအမတွေလဲ ကာကွယ်ရေးလုပ်မထားလို့ရှိရင် ဒီဒုက္ခတွေ တွေ့ရမယ်၊ အားလုံး ရဟန်းသံဃာတွေဟာ ကာကွယ်ရေး လုပ်မထားလို့ရှိရင် ဒီဒုက္ခတွေ တွေ့ရမယ်၊ ဒါလူကောင်း သူကောင်း, ပုဂ္ဂိုလ်ကောင်း, သူတော်ကောင်းတွေ၊ အဲဒီ ပုဂ္ဂိုလ်တွေတောင်မှ ကာကွယ်ရေးလုပ်မထားရင် အဲဒီ ဒုက္ခတွေ တွေ့ရမယ်၊ နဂိုတုန်းက ဆိုးသွမ်းပြီးတော့ လာခဲ့တဲ့ လူမိုက်ဆိုရင်တော့ သေခါနီးထင်လာတဲ့ နိမိတ်တွေကိုက မကောင်းလိုက်တာ၊ တချို့များ တကတည်း မကောင်းတဲ့ နိမိတ်တွေ ထင်လာလို့ သေခါနီးကျမှ အော်ဟစ်ပြီးတော့ ညည်းညည်းညူညူနဲ့ သေပြီးတော့ သွားရတယ်၊ ဒါကြောင့် **"မရဏမှိ–တစ်ဘဝကို စွန့်ခွာ၍ သေရခြင်းသည်လည်း၊ ဒုက္ခံ–ဆင်းရဲကြောင်းပေတည်း။**

**အပ္ပိယသမ္ပယောဂဒုက္ခ**။ ။ ဒီတော့ ဇာတိဒုက္ခ,ဇရာဒုက္ခ,ဗျာဓိဒုက္ခ, မရဏဒုက္ခတွေဟာ ဘယ်သူမှ မကင်းနိုင်တဲ့ ဒုက္ခတွေပဲ၊ ပြီးတော့ လာချေသေးတယ်၊ **"အပ္ပိယေဟိ-မချစ်မနှစ်သက်အပ်တဲ့ သတ္တဝါသင်္ခါရတို့နှင့်၊ သမ္ပယောဂေါ-အတူတကွ ပေါင်းသင်းနေထိုင်ရ, အတူတကွ တွေ့ကြုံရှုံနေရခြင်းသည်၊ ဒုက္ခော-ဆင်းရဲကြောင်းပေတည်း"** မချစ်ဘူး, မချစ်ဘူးဆိုတဲ့ စကားနဲ့ စပ်ပြီးတော့ နှစ်မျိုးရှိတယ်၊ သက်ရှိသက်မဲ့ မနှစ်သက်မှု နှစ်မျိုးလုံးကို **"အပ္ပိယေဟိ-မချစ်အပ် မနှစ်သက်အပ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ပစ္စည်းဥစ္စာတို့နှင့်၊ သမ္ပယောဂေါ-အတူတကွ နေရခြင်း, တွေ့ကြုံနေရခြင်းသည်၊ ဒုက္ခော-ဆင်းရဲကြောင်းပေတည်း"**ဒါက လက်တွေ့, အားလုံး လောကကြီးထဲမှာလဲ လက်တွေ့၊ ဒီလူလူချင်း မချစ်တဲ့လူနဲ့ ပေါင်းပြီးတော့ နေရတယ်ဆိုလို့ရှိရင် စိတ်မချမ်းသာဘူး၊ အဲဒီ လူလူချင်း မချစ်တဲ့လူနဲ့ ပေါင်းသင်း တွေ့ကြုံနေရတဲ့အခါ စိတ်မချမ်းသာတဲ့အပြင် ကိုယ်မကြိုက်တဲ့ ပစ္စည်းလေး ဘာလေး တစ်ခု ကိုယ့်အိမ်ရောက်နေတယ်၊ ကိုယ့်ကျောင်းမှာ ရောက်နေတယ် ဆိုရင်လဲ အဲဒီပစ္စည်း လွှတ်ပစ်လိုက်စမ်းပါ၊ ဒီပစ္စည်းလေး မကြည့်ချင်လွန်းလို့၊ ဆိုပါတော့ ကိုယ်က ပစ္စည်းဥစ္စာ မတတ်နိုင်လို့ မကောင်းတဲ့ ပစ္စည်းတွေကို သုံးတယ်၊ မတတ်သာလို့သာ သုံးနေရတယ် မကြိုက်လိုက်တာ၊ ဒီပစ္စည်းတွေ အဲဒီလို ကိုယ်မကျေနပ်တဲ့ ပစ္စည်းတွေ တွေ့ရတာလဲ စိတ်မကောင်းဘူး စိတ်ဆင်းရဲတယ်၊ ဒါ ဒုက္ခပဲ။

ကိုယ်မချစ်တဲ့သူတွေနဲ့ မုန်းတဲ့သူတွေနဲ့ တွေ့နေရတာလဲ ဆိုပါတော့ သားဆိုးကလေးတွေ တွေ့နေရတယ်၊ ငယ်ငယ်တုန်းက အတော်ချစ်တဲ့သား၊ နောက်တော့ ဒီသားဟာ ဆိုးလိုက်တာ၊ အမိ အဘကို အနှောက်အယှက်ပေး၊ တော်တော်ကြာတော့ ဒီသားအသံ ကြားလိုက်လျှင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်၊ လာပြန်ပြီဒီကောင် ဒုက္ခပဲ၊

အဲဒါ စိတ်မှာ ဒုက္ခဖြစ်တာ၊ အင်မတန်ချစ်တဲ့ သားတောင်မှ ချစ်စရာ မကောင်းတဲ့အခါကျလို့ရှိရင် အဖေမှာ ဒုက္ခဖြစ်၊ အဲဒါကြောင့် **"အပ္ပိယေဟိ–မချစ်မနှစ်သက်အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ, နှစ်သက်စရာ မကောင်းတဲ့ ပစ္စည်းဥစ္စာတို့နှင့်၊ သမ္ပယောဂေါ–ပေါင်းသင်း၍ နေရခြင်း, တွေ့ကြုံနေရခြင်းသည်လည်း၊ ဒုက္ခော–ဆင်းရဲကြောင်း ပေတည်း"** ဒါအားလုံး လက်တွေ့တွေ, ဟိုအိမ် ဒီအိမ် လက်တွေ့တွေ၊ ဒါ သိပ်ပြောဖို့ မလိုဘူး။

**ပိယဝိပ္ပယောဂဒုက္ခ။** ။ **"ပိယေဟိ–ချစ်ခင်စုံမက်, နှစ်သက်မြတ်နိုး အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ, ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်တဲ့ ပစ္စည်းဥစ္စာတို့နှင့်၊ ဝိပ္ပယောဂေါ–ခွဲခွာ၍ နေရခြင်း, ကွေကွင်း၍ နေရခြင်းသည်လည်း၊ ဒုက္ခော–ဆင်းရဲကြောင်း ပေတည်း"** ချစ်တဲ့သူနဲ့ ကွဲပြီးတော့ နေရရင် အချို့ သေတောင်သေတာ ပဲ၊ ဘယ်လောက် ဆင်းရဲတယ် မပြောနဲ့ ချစ်သူနဲ့ ကွဲသွားရော၊ သူလဲပဲ ဒီမှာ ရင်ကွဲနာကျတဲ့ အနေမျိုးနဲ့ စိတ်ထိခိုက်ပြီးတော့ သေတာ ပဲ၊ ကိုယ်နှစ်သက်တဲ့ ပစ္စည်းကလေး သူများပေးလိုက်ရမှာ စိတ်ထဲ အင်မတန် မချမ်းမသာ ဖြစ်ကြတယ်၊ ခုတင်က သေခါနီး ဒုက္ခဖြစ် တယ်ဆိုတာလဲပဲ **"ပိယေဟိ–ချစ်ခင်စုံမက်, နှစ်သက်မြတ်နိုးအပ်တဲ့ ဆွေမျိုးဉာတိ ပုဂ္ဂိုလ်သတ္တဝါ, ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်တဲ့ ပစ္စည်းဥစ္စာတို့နှင့်၊ ဝိပ္ပယောဂေါ–ခွဲခွာ၍နေရခြင်း, ကွေကွင်းခွဲခွာ၍ သွားရမှာဖြစ်ခြင်းသည်လည်း၊ ဒုက္ခော–ဆင်းရဲကြောင်းပေတည်း"** အဲ–သေခါနီးလဲ ဒီဒုက္ခတွေ ပုံနေတာပဲ၊ ဒါကြောင့် လောကကြီးဟာ ဒီလို တွေးကြည့်တော့ တစ်နေ့တုန်းက ဘုန်းကြီးပြောခဲ့တဲ့ တဏှာက နောက်ဆုတ်တယ်၊ ဒါတွေ မရှိတာ ကောင်းတယ်၊ မဖြစ်တာ ကောင်းတယ်၊ အဲဒီလိုဆိုတော့ တဏှာ နောက်ဆုတ်တယ်, တဏှာ နောက်ဆုတ်တယ်။

**ဒုက္ခမျိုးစုံ**။ ။ဒါဟာ တွေးကြည့်စမ်း, ပထမဆုံး ဇာတိဒုက္ခ အမိဝမ်းထဲ နေခဲ့ရတာက စပြီးတော့ ဖွားသည့်တိုင်အောင် စဉ်းစားကြည့်၊ ဖွားပြီးတော့ လူမမယ် ကလေးဘဝတုန်းက မိဘတွေက ပစ္စည်းဥစ္စာ တတ်နိုင်လို့ ယုယမယ့်သူတွေ ရှိရင် တော်သေးရဲ့၊ ဒီလိုမဟုတ်တဲ့ ကလေးတွေများလေ သနားစရာ၊ တချို့မှာ အမေရဲ့ နမော်နမဲ့ကြောင့် အဲဒီကလေးဟာ လူ့ဘဝမှာ မသေတန်ဘဲနဲ့ သေသွားရတယ်၊ အဲဒီဟာတွေ လျှောက်ပြီးတော့ကြည့်ရင် ပဋိသန္ဓေနေရတဲ့ ဇာတိဒုက္ခ, အိုရတဲ့ ဇရာဒုက္ခ, သေရတဲ့ မရဏဒုက္ခ၊ အဲဒီဒုက္ခတွေ လွတ်လပ်နေတဲ့အချိန်မှာ မကျန်းမမာ ဖြစ်ရတဲ့ ဗျာဓိဒုက္ခ, မချစ်တဲ့သူနဲ့ မကျေနပ်တဲ့ သူတွေနဲ့ အတူတူနေရတဲ့ ဒုက္ခ, ချစ်တဲ့သူတွေနဲ့ ကိုယ်နှစ်သက်တဲ့ ပစ္စည်းဥစ္စာတွေနဲ့ ကွဲပြီးတော့ တကွဲတပြားဖြစ်ရတဲ့ဒုက္ခ၊ အဲဒီ ဒုက္ခတွေ ပြည့်ပြီးတော့ နေတဲ့အပြင် **"ယံ ပိစ္ဆံ န လဘတိ"** ယံ–အကြင်အရာဝတ္ထုကို၊ ဣစ္ဆံ(ဣစ္ဆန္တော)–အလိုရှိပါလျက်၊ န လဘတိ–မရ၊ တမ္ပိ–ထို အလိုရှိအပ်သော ဝတ္ထုကို မရခြင်းသည်လည်း၊ ဒုက္ခံ–ဆင်းရဲကြောင်းပေတည်း။

**ခန္ဓာကိုယ်ကြောင့် ဒုက္ခဖြစ်ရ**။ ။လိုချင်လိုက်တာ ကလေးဘဝတုန်းက နို့ဆာတယ်၊ ဒါလိုချင်တယ်၊ နို့ဆာတော့ အမေက နို့မတိုက်အားဘူး, နို့မတိုက်ဘူး, ငိုတာပဲ၊ ဒုက္ခဖြစ်တယ်၊ တော်တော်လေးကြီးတော့ ဟိုအရုပ်, ဒီအရုပ် လိုချင်တယ်၊ အမေ အဖေက ဝယ်မပေးနိုင်လို့ ဝယ်မပေးဘူး၊ ကလေးလေးက ငိုတာပဲ၊ ဒုက္ခဖြစ်တာပဲ၊ တော်တော်ကြီးတော့ အဝတ်ကလေး လှဲချင်တယ်, အစားကလေး လိုချင်တယ်, သရေစာ စားချင်တယ်, မရဘူး၊ မရတော့ ဒုက္ခဖြစ်တာပဲ၊ ဒီထက် တော်တော်ကြီးလာတော့ အရွယ်ရောက်လာတော့အိမ်ရာထောင်ဖို့ လိုချင်လာပြန်တယ်၊ အဲဒီမှာနှစ်သက်တာ မရဘူး၊ မနှစ်သက်တာ ရတယ်၊ အဲဒါ ဒုက္ခတွေ ဖြစ်ပြန်တယ်၊

တော်တော်ကြီးလာတော့ စီးပွားဥစ္စာတွေ ရှာပြန်တယ်၊ စီးပွားဥစ္စာ ရှာပြန်တော့လဲ မရတော့ ဒုက္ခဖြစ်တယ်၊ ရှာလို့ မရရုံသာ မကဘူး, အရင်းပါ ပြုတ်ပြီးသကာလ ဒုက္ခဖြစ်တယ်၊ တော်တော်ကြာတော့ မကျန်းမမာ ဖြစ်ပြန်တယ်၊ ကိုယ်က မအိုချင်ဘူး၊ မအိုရအောင်ကို ကြိုးစားလိုက်တာ၊ ခန္ဓာကိုယ်က အိုလာတယ်၊ အိုရတော့ ဒုက္ခ ဖြစ်တယ်၊ မနာချင်ဘဲနဲ့ နာရတာလဲ ဒုက္ခဖြစ်တယ်၊ သေရမယ့် အချိန်ကျတော့လဲ ကိုယ်က သေရမှာ အင်မတန် တွန့်ပြီးတော့ မသေချင်ဘူး၊ တောင့်တတယ် မသေပါရစေနဲ့, မသေရပါလိုရဲ့, မအိုရပါလိုရဲ့, မနာရပါလိုရဲ့၊ အမလေး တောင့်တလိုက်တာ၊ ရုပ်ပြစ်ရှစ်ပါးနဲ့ ကင်းရပါလိုရဲ့, ရန်သူမျိုးငါးပါးနဲ့ ကင်းရပါလိုရဲ့, ဝိပတ္တိတရားနဲ့ ကင်းရပါလိုရဲ့လို့ တောင့်တတယ်၊ ဘာမှ တောင့်တလို့ မရဘူး, ဒုက္ခဖြစ်တယ်၊ **"ယံ–အကြင်အရာဝတ္ထုကို၊ ဣစ္ဆံ(ဣစ္ဆန္တော)–အလိုရှိပါလျက်၊ န လဘတိ–မရ၊ တမ္ပိ–ထို လိုတာကို မရခြင်းသည် လည်း၊ ဒုက္ခံ–ဆင်းရဲကြောင်းပေတည်း"** ဒီ ဒုက္ခအားလုံး အတိုချုံး ပြီး ပြောရရင် ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာ မှန်သမျှဟာ ဒုက္ခတွေချည်းပါပဲတဲ့၊ အဲဒါကြောင့်**"သံခိတ္တေန–အကျဉ်းချုပ်အားဖြင့်၊ ပဉ္စ–ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ–ဥပါဒါန် စွဲလမ်း၍နေရာဖြစ်တဲ့ ရုပ် နာမ်ခန္ဓာ မှန်သမျှတို့သည်၊ ဒုက္ခာ–ဆင်းရဲကြောင်းတို့ပေတည်း"** ဤဥပါဒါန် စွဲလမ်းရာဖြစ်တဲ့ ရုပ်နာမ် ခန္ဓာကိုယ်ကြီးကို ဥပါဒါနက္ခန္ဓာ လို့ ခေါ်တယ်၊ ဘာဖြစ်လို့ ဥပါဒါနက္ခန္ဓာ ခေါ်သလဲလို့ဆိုတော့ ဥပါဒါန်ခေါ်တဲ့ တဏှာနဲ့ စွဲလမ်းနေလို့ ဥပါဒါန်လို့ ခေါ်တယ်၊ ဒိဋ္ဌိနဲ့ ငါလို့ ယူဆနေတာ ဤခန္ဓာကိုယ်ကြီးပါပဲ၊ အရင်စစ်လိုက်တော့ အမြစ်မြေက ဆိုတာလို ဒီ ဒုက္ခတွေဟာ ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ဟောဒီ ခန္ဓာကိုယ်ကြောင့်ဖြစ်တယ်။

**ဇလားပုံးနဲ့တူတဲ့ ခန္ဓာကိုယ်။** ။ ဒီခန္ဓာကိုယ်ကြီးဟာ ဘာနဲ့တူတုန်း ဆိုတော့ ဘုန်းကြီးတို့ လမ်းမှာ အမှိုက်ထည့်ရအောင်ထားတဲ့ ဇလားပုံးကြီးနဲ့ တူပါတယ်၊ ဇလားပုံးကြီးထဲ ဟိုအမှိုက် ထည့်လိုက်, ဒီအမှိုက် ထည့်လိုက်သလိုပဲ၊ အဲဒီ ခန္ဓာကိုယ် ဇလားပုံးကြီးထဲလဲ ဟိုဇာတိဒုက္ခ ထည့်လိုက်, ဒီဇရာဒုက္ခ ထည့်လိုက်, ဗျာဓိဒုက္ခ ထည့်လိုက်, မရဏဒုက္ခ ထည့်လိုက်, အပ္ပိယေဟိ သမ္ပယောဂဒုက္ခ ထည့်လိုက်, ပိယေဟိ ဝိပ္ပယောဂဒုက္ခ ထည့်လိုက်, ဒီခန္ဓာကိုယ်ထဲ ထည့်တာပဲ။

**ပစ်မှတ်တိုင်နဲ့တူတဲ့ ခန္ဓာကိုယ်။** ။ ဒီခန္ဓာကိုယ်ကြီးဟာ လက်တည့်စမ်းဖို့ မှတ်တိုင်စက်ခွက်နဲ့လဲ တူတယ်၊ သေနတ်နဲ့ လက်တည့်စမ်းတဲ့သူက ဟိုအဝေးမှာ မှတ်တိုင်ကြီးတစ်ခု ထားတယ်၊ ဟိုလူက လာပြီးတော့ ပစ်လိုက်, ဒီလူက လာပြီးတော့ ပစ်လိုက်၊ ဟိုလူက ပစ်လိုက်လဲ ဒီမှတ်တိုင် ခံဦး, ဒီလူက ပစ်လိုက်လဲ ဒီ မှတ်တိုင် ခံဦး၊ အဲသလိုပဲ ဒီ ခန္ဓာကိုယ်ကြီး ဒီ ဥပါဒါနခန္ဓာဆိုတဲ့ ဒီ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခတွေ အမျိုးမျိုး ပစ်ချရာ ဖြစ်နေတယ်၊ ဒုက္ခတည်းဟူသော သေနတ်လက်နက်ကြီးနဲ့ လက်တည့်စမ်းရာ ဖြစ်နေတယ်။

**ဖြစ်ဖြစ်သမျှဒုက္ခချည်းသာ။** ။**"သံခိတ္တေန-အကျဉ်းချုပ်အားဖြင့်၊ ပဉ္စငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ-တဏှာ ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်တရားတို့ စွဲလမ်းရာဖြစ်တဲ့ ဤ ခန္ဓာငါးပါးတို့သည်၊ ဒုက္ခာ-ဆင်းရဲကြောင်း အစစ်တို့ပေတည်း"** ဒုက္ခတွေဟာ ဘယ်နေရာမှ လစ်လပ်နေတယ်လို့ မရှိတော့ဘူး၊ ဒုက္ခတွေဟာ တင်းကျမ်းပြည့်, တင်းကျမ်းပြည့်၊ အဲဒီလို စဉ်းစားကြည့်တော့မှ တဏှာနောက်ဆုတ်တာ၊ ဒီလို မဟုတ်လို့ရှိရင် ငါ့ကိုယ်လဲ သာယာစရာ, ငါ့ဆွေ ငါ့မျိုးတွေ သာယာစရာ, ငါ့ပစ္စည်းတွေ သာယာစရာ,

ငါ့အိမ် သာယာစရာ, ငါ့တိုက် သာယာစရာ, ငါ့သား ငါ့သမီးတွေ သာယာစရာ၊ အဲဒီလို သာယာစရာနဲ့ တဏှာတွေ တိုးပွားပြီးတော့ နေတာပဲ၊ တဏှာတွေ တိုးတိုင်း ဒုက္ခတွေ တိုးနေတာပဲ၊ ဒီလို တွေး လိုက်တော့မှ တဏှာက နောက်ဆုတ်သွားတယ်၊ ဒီလို ဖြစ်နေတော့မှ ဒီခန္ဓာကိုယ်ကြီးကို ငါမလိုချင်တော့ဘူး၊ ဒုက္ခပေးလွန်းလို့, ဒုက္ခ ပေးလွန်းလို့၊ ချမ်းသာက နည်းနည်း, ဒုက္ခတွေက များလိုက်တာ၊ အဲဒီလို တွေးလာတော့မှ တဏှာက နောက်ဆုတ်တယ်၊ ဒါကြောင့် ဟောဒီ ဒုက္ခတွေ ကင်းမှ ဖြစ်မယ်။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က **"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဘိက္ခဝေ–ရဟန်းတို့၊ ဣဒံ–ဤဆိုအပ် လတ္တံ့တဲ့ အကြောင်းအရာသည်ကား၊ ဒုက္ခံ–ဆင်းရဲဒုက္ခ အစစ်ဖြစ် တဲ့၊ အရိယံသစ္စံ–အရိယာအဖြစ်ကို ပြုနိုင်တဲ့ မှန်ကန်သော သဘောတရား တစ်မျိုးပေတည်း"**။

**"ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဒုက္ခခန်း ဟောလိုက်တယ်၊ ဘယ် နေရာမှ လွတ်လပ်တယ်လို့ မရှိဘူး၊ အားကျစရာ ဘာမျှ မရှိဘူး၊ ဝိပဿနာနဲ့ တင်ကြည့်လိုက်တော့ သုခဆိုတဲ့ အချိန်တောင်မှ အို– ဒီသုခတွေလဲ ဖြစ်ပျက်နေတာပဲလို့ အကုန်လုံး ဝိပဿနာနဲ့ ရှုလိုက် တော့ အားကျစရာ ဘာမျှ မရှိဘူး၊ အကုန်လုံး ဒုက္ခချည်ပဲ၊ သုခလို့ ဆိုတဲ့ ဟာတွေလဲ သုခအစစ် မဟုတ်ဘူး၊ ဖြစ်ပျက်နေတဲ့ ဒုက္ခတွေ ချည်းပါပဲ။

## သမုဒယသစ္စာ

**"ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ"**

ဘိက္ခဝေ–ရဟန်းတို့၊ ကတမံ စ ပန–ဤ ဆိုအပ်လတ္တံ့သော အကြောင်းအရာသည်ကား၊ ဒုက္ခသမုဒယော-ပြခဲ့တဲ့ ဒုက္ခတွေဖြစ်ကြောင်း သမုဒယဟူသော၊ အရိယသစ္စံ–အရိယာအဖြစ်ကို ပြုတတ်တဲ့ မှန်ကန်သောတရား တစ်မျိုးပေတည်း။

**လောကီသစ္စာ လောကုတ္တရာသစ္စာ။** ။ ခုတင်က ဒုက္ခတွေ ဖြစ်ချင်လို့ ဖြစ်တာ မဟုတ်ဘူး၊ ဗြဟ္မာတို့, ဗိဿနိုးနတ်မင်းတို့, ထာဝရဘုရားတို့က ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ မြတ်စွာဘုရား တရားဟောပုံကို ဒီမှာ ထပ်ပြီးတော့ စဉ်းစားလိုက်စမ်း၊ မြတ်စွာဘုရားက ဒီသစ္စာလေးပါးမှာ လောကီသစ္စာ, လောကုတ္တရာသစ္စာလို့ နှစ်မျိုး ခွဲထားလိုက်တယ်၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ နှစ်ပါးက **လောကီသစ္စာ,** နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာနှစ်ပါးက လောကမှ လွတ်ထွက်ကြောင်းဖြစ်တဲ့ **လောကုတ္တရာသစ္စာ၊** ဒီနေရာမှာ ဘုရားဟောပုံက အင်မတန် ပိုင်တယ်၊ လောကီသစ္စာနှစ်ပါး၊ လောကီက လွတ်ထွက်ပြီးသွားတဲ့ လွတ်ထွက်ကြောင်းဖြစ်တဲ့ လောကုတ္တရာသစ္စာက နှစ်ပါး၊ အဲဒီလို ဟောတယ်။

**အကျိုးသစ္စာ အကြောင်းသစ္စာ။** ။ အဲဒီ လောကီသစ္စာနှစ်ပါးထဲမှာ ပထမဆုံး မြတ်စွာဘုရားက ဒုက္ခတွေ ပြလိုက်တယ်၊ ဒုက္ခဆိုတာ အကျိုးတရားပဲ၊ အဲဒီ အကျိုးတရားကို အရင်ပြပြီးတော့မှ အဲဒီ ဒုက္ခ ဘာ့ကြောင့်ဖြစ်သတုန်းလို့ စဉ်းစားတဲ့အချိန်ကျတော့ ဟောဒီတဏှာကြောင့် ဖြစ်တာလို့ တဏှာကို ဖော်ပြတယ်၊ ဒုက္ခသမုဒယလို့ ခေါ်တဲ့ တဏှာကို ဖော်ပြတယ်၊

တရားက အင်မတန်ကောင်းတယ်၊ **"လောကီဘုံဝယ်, သာယာဖွယ်ဟု, တာတွယ်လေငြား, ဝေနေများကို, တရားသံဝေ, ရပစေဟု, ထွေထွေဒုက္ခ, ဦးစွာပြ၏"** သံဝေဂ ရအောင်လို့, သတ္တဝါတွေ ကျွတ်တမ်းဝင်အောင်လို့ ပထမဆုံး သူတို့ရဲ့ လက်တွေ့ဖြစ်နေတဲ့ ဒုက္ခတွေကို ပြခဲ့တယ်၊ **"လောကီဘုံဝယ်, သာယာဖွယ်ဟု, တွယ်တာလေငြား, ဝေနေများကို, တရားသံဝေ, ရပစေဟု, ထွေထွေဒုက္ခ, ဦးစွာပြဦးစွာပြ၏"**။

**တဏှာကြောင့် ဒုက္ခဖြစ်တာ**။ ။ပြီးတော့မှ **"ဒုက္ခသောင်းပြောင်း, တရားပေါင်းလည်း, အကြောင်းမဲ့စွာ, မဖြစ်ရာရှင့်"** ဒီဒုက္ခတွေ ဘာအကြောင်းမှ မရှိဘဲနဲ့ ဖြစ်တာ မဟုတ်ဘူး၊ ဗြဟ္မာ,နတ်မင်း ဖန်ဆင်းတာ မဟုတ်ဘူး၊ ဒီဒုက္ခတွေနဲ့ အသင်တို့မှာ တွေ့ဖို့ရန်, ဘုန်းကြီးတို့မှာ တွေ့ဖို့ရန် ဗြဟ္မာဖန်ဆင်းတာ မဟုတ်ဘူး၊ ထာဝရဘုရား ဖန်ဆင်းတာ မဟုတ်ဘူး၊ **"ဗြဟ္မာနတ်မင်း, ဖန်ဆင်းမပြု, ဆင်ခြင်မှုကျမ်း, တဏှာစွမ်းကြောင့်, ပရမ်းပတာ, ဖြစ်ကြရာသော, သမုဒယော"**ဆိုတဲ့ တဏှာစွမ်းကြောင့် ဒီဒုက္ခတွေ ဖြစ်တာလို့ ဒီလို ဆိုပါတယ်။

**"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ"** တဏှာဆိုတဲ့တရားဟာ ခုမှသာ ရှိတာမဟုတ်ဘူး၊ ဘုန်းကြီးတို့ ဝမ်းထဲ စိတ်ထဲ ကပ်ပြီးတော့ စေတသိက်တစ်ခုအနေနဲ့ ပါနေတဲ့တရား၊ **"ယာယံ တဏှာ-အကြင် တဏှာဆိုတဲ့ တရားသည်၊ ပေါနောဗ္ဘဝိကာ-တစ်ဖန် ဘဝကို ဖြစ်စေတတ်၏၊ နန္ဒီရာဂသဟဂတာ-နှစ်သက်တတ် မခွဲမခွာနိုင်အောင် စွဲလမ်း၍ နေတတ်သော ရာဂသဘောနှင့်တကွ ဖြစ်၏"**တဏှာနှင့် ရာဂဟာ ဘာမျှ မထူးခြားပေမယ်လို့ အဲဒီ တဏှာထဲ တပ်မက်တဲ့ သဘောပါတယ်၊ အဲဒီတဏှာထဲမှာ နှစ်သက်တတ်တဲ့သဘောပါတယ်၊

ကြည့်နော်၊ ပိယေဟိ ဝိပ္ပယောဂဒုက္ခတွေဟာ သူ့လက်ချက်တွေ, သူ့လက်ချက်တွေ၊ အပ္ပိယေဟိ သမ္ပယောဂဒုက္ခတွေဟာ သူ့လက်ချက်၊ **"ယာယံ တဏှာ-အကြင် တဏှာသည်၊ ပေါနောဗ္ဘဝိကာ-တစ်ဖန် ဘဝသစ်ကိုလည်း ဖြစ်စေတယ်၊ နန္ဒီရာဂသဟဂတာ-နှစ်သက်တတ် မခွဲမခွာနိုင်အောင် စွဲမက်တတ်တဲ့ သတ္တိနှင့်တကွဖြစ်၏၊ တတြတတြာ ဘိနန္ဒိနီ-ထိုထိုဖြစ်ရာ ဘဝကို အလွန်နှစ်သက်၍ နေတတ်လေ၏"** ရောက်တဲ့ဘဝမှာ နှစ်သက်တယ် ကျေနပ်တယ်။

**တဏှာသုံးပါး။ ။ "သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ" "သေယျထိဒံ-ထို တဏှာဟူသည် ဘယ်ဟာတွေနည်း၊ ကာမတဏှာ-လောကီအာရုံ ကာမဂုဏ်ဟူသမျှကို တပ်မက်တတ်သော ကာမတဏှာလည်းကောင်း၊"** ဒီကာမတဏှာက လောကီ အာရုံဟူသမျှကို သိပ်မက်မောတယ်, သိပ်ခင်တွယ်တယ်၊ **"ဘဝတဏှာ-သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာလည်းကောင်း"** ဘဝတဏှာဆိုတာ တဏှာတစ်ခုတည်းမကဘူး၊ ဒိဋ္ဌိလဲ ပါသေးတယ်၊ တဏှာပေါ် ဒိဋ္ဌိက ဝင်စွက်လိုက်သေးတယ်၊ အဲဒီ ဒိဋ္ဌိက ဘာဒိဋ္ဌိလဲ ဆိုတော့ သဿတဒိဋ္ဌိတဲ့၊ သဿတဒိဋ္ဌိဆိုတာ-ဘယ်တော့မှ မပျက်စီးတော့ဘူးလို့ စွဲလမ်းတဲ့တရား၊ ခိုင်မြဲတယ်, တည်တံ့တယ်လို့ လွဲလွဲမှားမှား ယူဆတဲ့တရား၊ အဲဒီ သဿတဒိဋ္ဌိက ခန္ဓာကိုယ်ထဲမှာ အတ္တကောင်လေး ရှိတယ်လို့ ယူဆတယ်၊ တစ်ဘဝ သေသွားလဲ ခန္ဓာကိုယ်ကြီး ပျက်စီးသွားပေမယ့် အတ္တကောင်လေးကတော့ ခန္ဓာအိမ် အသစ်နဲ့ ပြန်ဖြစ်တာပဲလို့ ယူဆတယ်၊ အဲဒီ အတ္တကတော့ ဘယ် တော့မှ မပျက်စီးဘူးလို့ ကြံကြံဖန်ဖန် စိတ်ကူးယဉ်ကြတယ်၊ သတ္တဝါ တွေဟာ ကမ္ဘာပေါင်းများစွာ ဖြစ်လာလိုက်ကြတာ, အဲဒီ အတ္တလေးက တစ်ဘဝပြီးတစ်ဘဝ ခန္ဓာအိမ်အဟောင်း စွန့်ပစ်ပြီး ခန္ဓာအိမ်အသစ်နဲ့ ထပ်ဖြစ်လာတော့ ခန္ဓာအိမ်သာ ပြောင်းတာ, အတ္တမပြောင်းဘူးတဲ့၊

အင်း... စွဲလမ်းချက်ကလေးကလဲ တော်တော် နာနေတယ်၊

**"ဘဝတဏှာ-သဿတဒိဋ္ဌိနှင့်တကွဖြစ်တဲ့ တဏှာလည်းကောင်း"**

အဲဒီ တဏှာဟာ သဿတဒိဋ္ဌိနှင့် အတူတူ ယှဉ်တွဲနေတဲ့အတွက် မှားယွင်းတဲ့ အယူအဆရယ်၊ အဲဒီ အယူအဆကို ဟုတ်လှပြီထင်ပြီး ကျေနပ်နေတာဆိုတော့ ပိုပြီး ခိုင်မြဲသွားတာပေါ့၊ အဲဒါကြောင့် မိစ္ဆာဒိဋ္ဌိအယူရှိတဲ့သူတွေဟာ သူတို့ဟာနဲ့သူတို့ ဟုတ်လှပြီဆိုပြီးတော့ ခပ်ကြွကြွနေတယ်၊ သူတို့ အယူအဆဟာ မှားယွင်းနေပေမယ့် တို့ဟာ ဟုတ်တယ်, တို့ဟာ ဟုတ်တယ်လို့ ဆိုပြီးတော့ ကျေနပ်ပြီး သာယာပြီးနေတဲ့အပြင် ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မာနတွေ ဘာတွေတောင် နောက်ဆက်တွဲ ဖြစ်နေလိုက်သေးတယ်။

**သေရင်ပြီးတာပဲ ဆိုတဲ့အယူ။ ။ "ဝိဘဝတဏှာ-ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာလည်းကောင်း"**

ဥစ္ဆေဒဒိဋ္ဌိကတော့ ဘယ်လိုယူဆသလဲဆိုတော့ သေပြီးရင် ပြီးတာပဲ၊ ဘာမှ မဖြစ်တော့ဘူး၊ ဒီဘဝကလဲ သူ့ဟာသူ ဖြစ်ချင်လို့ဖြစ်တာ၊ သေပြီးတော့နောက် ဘာမှလဲ မဖြစ်ဘူးလို့ ယူဆတယ်၊ ပြီးတော့ အဲဒီ ဥစ္ဆေဒဒိဋ္ဌိရဲ့ အယူအဆက ဝမ်းထဲမှာတော့ အတ္တဆိုတဲ့ အကောင်ကလေး ရှိပါရဲ့၊ ရှိပေမယ်လို့ အဲဒီ အတ္တကောင်လေးဟာ သေရင် ပြီးတာပဲ၊ သေလို့ ခန္ဓာအိမ်ပျက်ရင် အတ္တကောင်လေးလဲ ပျောက်ပျက်သွားတယ်၊ နောက်ထပ် ဘာဘဝမှ မရှိဘူး၊ တစ်ခါတည်း ဘဝအဆက် ပြတ်သွားတယ်လို့ ယူဆပြန်တယ်၊ ဒီ ဥစ္ဆေဒဒိဋ္ဌိကလဲ ကြောက်စရာ ကောင်းလိုက်တာ၊ ဒီ ဥစ္ဆေဒဒိဋ္ဌိသမားကလဲ တဏှာနဲ့ တွဲနေတာဖြစ်တော့ သူတို့ဟာသူတို့ အဟုတ်ကြီး ထင်လို့, သူတို့ ဟာ သူတို့ အင်မတန်နှစ်သက်လို့၊ ဟုတ်လိုက်တာ, ဘယ့်နှယ် သေပြီးရင် ဘာဖြစ်ရမှာတုံး၊ ဘာမှ မဖြစ်ဘူး၊ အဲဒီလို ယူဆနေတော့ သူတို့ဟာသူတို့ လုပ်ချင်တာလုပ်ပေါ့၊ ချမ်းသာတာ လုပ်ပေါ့၊

အမေ အဖေတွေ ဘာတွေ စဉ်းစားမနေနဲ့၊ ဖြစ်ချင်လို့သာ ဖြစ်လာတာ, ဖြစ်ချင်သလို ဖြစ်လာမှာတဲ့၊ မဟုတ်သေးပါဘူး၊ နင့်ကို အမေ အဖေက ပြုစုကြ, ယုယကြတယ် မဟုတ်လားဆိုတော့ အို...သူ့ဘာသာသူ ယုယချင်လို့ ယုယတာပါ၊ သူတို့နဲ့ ဘာမှမဆိုင်ဘူး၊ သေတာလဲ ဘာမှ မဆိုင်ဘူး၊ သေလဲ ပြီးတာပဲ၊ ဒီဘဝချမ်းသာမယ် ဆိုလို့ရှိရင် အို...ကိုယ့်အခွင့်အရေးသာ ပြည့်စုံမယ်ဆိုရင် အမေသော ဘာသော ဘာမှ ဂရုစိုက်စရာ မလိုပါဘူးတဲ့၊ ဒီ ဥစ္ဆေဒဒိဋ္ဌိကလဲ ကြောက်စရာကောင်းလိုက်တာမှ လွန်လို့၊ အဲဒီ ဒိဋ္ဌိမှာ နှစ်သက်တဲ့ တဏှာ ပါ–ပါနေတော့ သူ့အယူကို ကျေနပ်ကြပြန်တယ်၊ အင်မတန် ကောင်းတယ်, တို့ အယူအဆ အင်မတန် မှန်တယ်၊ ဟိုကောင်တွေသာ လွဲနေတာ၊ တို့ အင်မတန် မှန်တယ်၊ တို့က သိပ်ဟုတ်တာပဲ၊ အဲဒီလို ဒိဋ္ဌိကလဲ ယူဆပြီး စွဲလမ်းပြီး တဏှာကလဲ သာယာနေလေတော့ သူ့ဟာသူ အထင်ကြီးတဲ့ မာနကပါ အပိုအဆစ် ထပ်ဖြစ်နေပြန်တယ်၊ တော်တော် ကြောက်စရာကောင်းတဲ့ သဘာဝတွေ။

**တဏှာ, အဝိဇ္ဇာ, ကံကြောင့်ဒုက္ခဖြစ်**

**"သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ"** ဟောဒီ တဏှာတွေကြောင့် ဒုက္ခဖြစ်ရတာ၊ ပဋိသန္ဓေနေခြင်းဆင်းရဲဆိုတဲ့ **ဇာတိဒုက္ခ,** အိုခြင်းဆင်းရဲဆိုတဲ့ **ဇရာဒုက္ခ,** သေခြင်းဆင်းရဲဆိုတဲ့ **မရဏဒုက္ခ**၊ အဲဒီ ဒုက္ခအမျိုးမျိုးတွေ ဖြစ်လာအောင် ဒီတဏှာက ထူထောင်ပေးလိုက်တာ၊ ဒါဖြင့် ဒီတဏှာတစ်ခုတည်း ဒိုင်ခံပြီးတော့ ဒုက္ခအမျိုးမျိုးတွေ ဖြစ်အောင် လုပ်သလား, တဏှာကို အကူအညီ ပေးတဲ့ သည့်ပြင် အဖော်သဟဲတွေ မရှိတော့ဘူးလားဆိုတော့ သည့်ပြင် အဖော်သဟဲတွေလဲ ရှိသေးတယ်၊ တဏှာကို အကူအညီ ပေးတဲ့ အဖော်သဟဲတွေဟာ ဘယ်သူတွေလဲဆိုတော့ **အဝိဇ္ဇာ**ရယ်,

ကုသိုလ် အကုသိုလ်ကံဆိုတဲ့ **ကံတရား**တွေရှိယ်၊ ဒါတွေပါပဲ၊ အဲဒါကြောင့် သမုဒယဆိုတဲ့ ပါဠိစကားရဲ့ ဆိုလိုရင်းက အဝိဇ္ဇာနှင့်ကံဆိုတဲ့ အဖော်သဟဲတွေနဲ့ ပေါင်းမိမှ ဒုက္ခအမျိုးမျိုးတွေကို ဖြစ်ပေါ်လာစေနိုင်တဲ့ **တဏှာ**လို့ ဆိုတယ်။

**အဝိဇ္ဇာက ဖုံးကွယ်ထား။** ။အဝိဇ္ဇာက အပြစ်ကို မမြင်အောင် ဖုံးကွယ်တယ်၊ မသိအောင်လုပ်တယ်၊ ပဋိသန္ဓေနေ,အို,နာ,သေဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေကို မသိအောင်, မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားတယ်၊ ရုပ်နာမ်ခန္ဓာတွေရဲ့ အပြစ်ကို မသိအောင်,မမြင်အောင်, ဟိုဘဝ ဒီဘဝ လူ့ဘဝ နတ်ဘဝအစရှိတဲ့ ဘဝအမျိုးမျိုးတွေရဲ့ အပြစ်ကို မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားတယ်၊ အဝိဇ္ဇာက ဖုံးကွယ်ထားတော့ တဏှာကလဲ အဲဒါတွေကို ခင်မင်တွယ်တာလို့, သာယာလို့,ပျော်မွေ့လို့၊ အဲဒါတွေကို တဏှာက လိုချင်နေတယ်၊ ပဋိသန္ဓေနေ,အို,နာ,သေဆိုတဲ့ ဒုက္ခ အမျိုးမျိုးတွေကို မသိမမြင်အောင် အဝိဇ္ဇာက ဖုံးထားတော့ တဏှာက ဒီဒုက္ခတွေ ခံရမှာ မကြောက်ဘူး၊ ပဋိသန္ဓေနေ,အို,နာ,သေ ဒုက္ခတွေနဲ့ အမြဲ တွေ့ကြုံနေတဲ့ ဒီရုပ်နာမ် ခန္ဓာတွေကို တဏှာက ခင်တွယ်နေတယ်, လိုချင်နေတယ်၊ အဲဒါကြောင့် လူ့ဘဝ နတ်ဘဝတွေကို ရည်မှန်းပြီး လူ့ရုပ်နာမ်ခန္ဓာ, နတ်ရုပ်နာမ်ခန္ဓာတွေကို တောင့်တပြီးတော့ ကုသိုလ်ကံတွေ မပြုဘဲ မနေနိုင်အောင်, ကုသိုလ်ကံတွေ မဖြစ်ဖြစ်အောင် တဏှာက သွေးဆောင်ဖြားယောင်း တော့တာပဲ၊ ကုသိုလ်ကံတွေ ဖြစ်လာအောင် တဏှာက စီမံတော့တာပဲ၊ အဲဒါနဲ့ ကုသိုလ်ကံတွေ ပြုကြတော့ ဟိုဘက်ဘဝမှာ ဘာတွေ ဖြစ်ကုန်ကြသလဲဆိုတော့ ဟိုဘက်ဘဝမှာ လူတွေ, နတ်တွေ ဖြစ်ကြပါရော၊ လူ့ရုပ်နာမ်ခန္ဓာ, နတ်ရုပ်နာမ်ခန္ဓာ ပေါ်လာပါရော၊ ဒီရုပ်နာမ်ခန္ဓာတွေ ပေါ်လာတာနဲ့ တစ်ပြိုင်နက် ပဋိသန္ဓေနေ, အို, နာ, သေတဲ့

ဒုက္ခအမျိုးမျိုးတွေဟာလဲ အတူတူယှဉ်တွဲ ပူးကပ်ပါလာကြတော့တာ ပါပဲ၊ အဲဒါကြောင့် လူဖြစ်ရပါလို၏, နတ်ဖြစ်ရပါလို၏လို့ ဆုတောင်းတာဟာ အဲဒီ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ကြုံရပါလို၏လို့ ဆုတောင်းတာနဲ့ အတူတူပါပဲ။

**တဏှာက အဆိုးဆုံး။** ။ပြီးတော့ ထပ်စဉ်းစားစရာ ရှိသေးတယ်၊ တဏှာရယ်, အဝိဇ္ဇာရယ်, ကုသိုလ်–အကုသိုလ်ကံရယ်၊ အဲဒီ သူတို့ တစ်တွေထဲမှာလဲ ဘယ်သူက ပိုဆိုးဝါးသလဲဆိုရင် တဏှာက ပိုဆိုးဝါးတယ်၊ အဲဒါကြောင့် ဒီဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ကြုံရတာ ဘယ်သူ့ကြောင့်လဲဆိုရင် တဏှာကြောင့်လို့ တဏှာကိုသာ တစ်နံပါတ်တရားခံထားပြီး တဏှာအပေါ်မှာ အပြစ်ပုံချတယ်၊ တဏှာသာ တာဝန်အရှိဆုံးမို့ တဏှာအပေါ်မှာ သတ္တုကြုံတယ်၊ ဒါမှန်တယ်၊ အဝိဇ္ဇာက အပြစ်ကို မမြင်အောင် ဖုံးကွယ်ထားတာပဲရှိတယ်။

တဏှာက အလွန်အမင်း သာယာတယ်၊ ဟိုဟာ, ဒီဟာ တွေ လိုချင်တယ်၊ အဲဒီလို လိုချင်တော့ ကုသိုလ် အကုသိုလ်ကံတွေ မဖြစ်ဖြစ်အောင် ဒီတဏှာကပဲ စီမံ ပြုလုပ်တယ်၊ ဒီတဏှာက သူတစ်ပါး ပစ္စည်းဉစ္စာကို မတရား လိုချင်တော့ ခိုးမှုဆိုတဲ့ အဒိန္နာဒါန အကုသိုလ်ကံကို ပြုရဲတယ်၊ လူတစ်ယောက်ရဲ့ ပစ္စည်းကို လိုချင်တော့ အဲဒီ လူကို သတ်တဲ့ ပါဏာတိပါတ အကုသိုလ်ကံကို ပြုရဲကြတယ်၊ ဒီတဏှာကြောင့်ပဲ သူတစ်ပါး မယားကို ကျူးလွန်မှု, သည့်ပြင် ယောကျ်ားနဲ့ ဖောက်ပြားမှုဆိုတဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို ကျော်မကောင်း ကြားမကောင်းအောင် ပြုကြတယ်၊ တဏှာက သူတစ်ပါး ပစ္စည်းကို မတရားလိုချင်တော့ လိမ်ညာမှုဆိုတဲ့ မုသာဝါဒအကုသိုလ်ကံကို လွယ်လွယ်နဲ့ ပြုနိုင်ကြပါယ်၊ တဏှာက ဆော်သြလိုက်လို့ အဲဒီ အကုသိုလ်ကံတွေ အမျိုးစုံအောင် ပြုလိုက်တော့ ဟိုဘက်ဘဝမှာ ဘာတွေ ဖြစ်ကုန်ကြသလဲဆိုတော့ ငရဲ, တိရစ္ဆာန်,

ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်ဘုံတွေမှာ ရောက်ပြီးတော့ ဒုက္ခတွေ အမျိုးစုံအောင် ခံကြရ, ဒုက္ခတွေ ဝိုင်းဝိုင်းလည်အောင် ကြုံတွေ့ကြရတာပဲ မဟုတ်လားလို့၊ ဒီ ဒုက္ခတွေဟာ တဏှာက ပေးတဲ့ ဒုက္ခတွေ, တဏှာရဲ့ အမွေအနှစ်တွေပဲ မဟုတ်လားလို့။

**ကုသိုလ်ကံရှိလို့ လူ့ဘဝရတာ**။ ။ဒီတော့ ဘုန်းကြီးတို့ လူ့ဘဝ ပြန်စဉ်းစားကြစို့၊ ဘုန်းကြီးတို့တစ်တွေ ဒီဘဝရဖို့ရန် ရှေးက ကုသိုလ်ကံတစ်ခု ကောန် ရှိခဲ့တယ်၊ အဲဒီ ကုသိုလ်ကံရှိတော့ ဒီ ကုသိုလ်ကံရဲ့ အခြေခံဟာ ဘယ်သူတုံးဆိုတော့ တဏှာပဲ၊ တဏှာက ဒီဘဝမျိုး လိုချင်နေသေးတယ်ကိုး၊ မလိုချင်ဘူးလို့ပြောရင် မဟုတ်ကို မဟုတ်ဘူး၊ ဘာပြုလို့လဲ၊ တဏှာမှ မကုန်သေးတာ ဘယ့်နှယ်လုပ် ပြီးတော့ မလိုချင်ဘဲ ရှိမလဲ၊ တဏှာမကုန်တော့ တဏှာက လိုချင် တာပေါ့၊ တဏှာက လိုချင်တော့ ဒီဘဝတွေ ရလာအောင်ဟာ ကံပြုတယ်၊ ကုသိုလ်ကံပြုတယ်၊ တဏှာက လိုချင်လို့ ကုသိုလ်ကံတွေ ပြုတာ၊ ကုသိုလ်ကံ ပြုတော့ ဘုန်းကြီးတို့တစ်တွေ ဒီဘဝကို ရတယ်၊ ဒီဘဝကို ရကြတော့ ဒီဘဝအတွက် ပဋိသန္ဓေနေ,အို,နာ,သေဆိုတဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတွေနဲ့ တွေ့ကြရတာပေါ့။

**တဏှာအရင်းခံ ကုသိုလ်ကံပြု**။ ။အဲဒီဒုက္ခ ဘယ်သူ့ကြောင့်ဖြစ် တာလဲဆိုရင် တဏှာအရင်းခံပြီး တော့ ကုသိုလ်ကံကို ပြုလုပ်ခဲ့လို့ ဒီဒုက္ခတွေဟာ တဏှာကြောင့် ဖြစ်တာ၊ ပြီးတော့ တဏှာကုန်ခန်းတဲ့ ရဟန္တာတွေ ဖြစ်တာဟာ နိရောဓနဲ့ မဂ္ဂသစ္စာ အခန်းကျတော့ ပေါ်လာလိမ့်မယ်၊ ဒီတော့ လူ့ဘဝမှာ ကောင်းတဲ့ ပဋိသန္ဓေ နေရတာတောင်မှ တဏှာအရင်းခံ ပြီးတော့ ကုသိုလ်ကံ ပြုခဲ့လို့ ပဋိသန္ဓေ နေရတာ။

**တဏှာ မကုန်သမျှ နိဗ္ဗာန်မရ။** ။**"မတောင့်တပါဘူး, လူ့ဘဝ မတောင့်တပါဘူး၊ နိဗ္ဗာန် တောင့်တပြီး ပြုပါတယ်"**ဆိုပေမယ်လို့ နိဗ္ဗာန်မှ မရောက်သေးဘဲနဲ့ ဒီကံအကျိုးပေးရင် ဘယ်ဘဝမှာ အကျိုးပေးမလဲ၊ လူ့ဘဝတို့, နတ်ဘဝတို့, ဗြဟ္မာဘဝတို့ ပေးရမှာပေါ့၊ ဒီတော့ တဏှာအရင်းခံ လာတယ်၊ တဏှာ မကုန်သေးသမျှလဲ နိဗ္ဗာန်ကို လုံးဝ မရောက်သေး ပါဘူး၊ ဟုတ်တယ်၊ သောတာပန်တို့,သကဒါဂါမ်တို့,အနာဂါမ်တို့ အခိုက်အတန့်မှာ တဏှာဟာ နည်းပါးသည်ထက် နည်းပါးသွားတယ်၊ လောဘဟာ လျော့သည်ထက် လျော့လျော့သွားတယ်၊ လုံးဝ ကြွင်းမဲ့ဥသုံတော့ ကုန်မသွားသေးဘူး၊ တဏှာလောဘ မကုန်သေး သမျှ ပဋိသန္ဓေနေရတဲ့ ဇာတိဒုက္ခနှင့် ထပ်တွေ့ရဦးမှာ၊ ဒါကြောင့် ဘယ်သူ့ကြောင့် ဇာတိဒုက္ခ ဖြစ်ရသလဲဆိုရင် တဏှာကြောင့် ဇာတိဒုက္ခ ဖြစ်ရတယ်၊ တဏှာကြောင့် ပဋိသန္ဓေနေရတယ်၊ ဘယ်သူ့ကြောင့် ဇရာဒုက္ခ ဖြစ်ရသလဲဆိုရင် တဏှာကြောင့် ဇရာဒုက္ခ ဖြစ်ရတယ်၊ တဏှာကြောင့် အိုရတယ်၊ ဇာတိရှိတော့ အိုရတာပေါ့၊ ပဋိသန္ဓေနေလို့ လူ့ဘဝရတော့ လူအို အိုတာပေါ့၊ တိရစ္ဆာန်ဘဝရတော့ တိရစ္ဆာန်အို အိုတာပေါ့၊ အဲဒီ ရခဲ့တဲ့ ဘဝကိုက ဒီတဏှာကြောင့် ရခဲ့တာဖြစ်တော့ အိုတာလဲ တဏှာအရင်းခံပဲ၊ ဒါပေမယ့် ဒီတဏှာက တော်တော်ဝေးကွာတဲ့ တဏှာပဲ၊ ယခုဘဝမှာ ဖြစ်တဲ့ တဏှာမဟုတ်ဘူး၊ ရှေးဘဝက တဏှာ၊ ဒါကိုပဲ တစ်ခါ ထပ်ပြောဦးမယ်။

**တဏှာလိုက်စားတော့ အိုလွယ်တယ်။** ။ဘုန်းကြီး လူ့လောက တစ်ခု လုံးကို ကြည့် စဉ်းစားနေ တယ်၊ သတ္တဝါတွေရဲ့ ဖြစ်ပုံတွေကို ဒီတရားတော်နဲ့ စဉ်းစား နေတယ်၊ အဲဒီ တဏှာဆိုတဲ့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာနှစ်ခုကို

တော်တော်စဉ်းစားလိုက်တယ်၊ စဉ်းစားလိုက်တော့ အိုတာဟာ တဏှာကြောင့် ဆိုပါတော့၊ တဏှာက ဘယ်တဏှာတုံးဆိုတော့ ပဋိသန္ဓေနေအောင် ပြုခဲ့တဲ့ ကံရဲ့ အရင်းခံတဏှာ၊ ဒါက အခုတင်က ပြောခဲ့တဲ့ ဝေးတဲ့တဏှာ၊ ရှေးဘဝတုန်းက တဏှာ၊ ဟောဒီဘဝမှာ လူတစ်ယောက်ဟာ အပျော်အပါး လိုက်စားတယ်၊ တဏှာရဲ့ အလို လိုက်ပြီးတော့ အပျော်အပါး လိုက်စားတယ်၊ အပျော်အပါး လိုက်စားတဲ့ ယောကျ်ားတွေ, အပျော်အပါး လိုက်စားတဲ့ မိန်းမတွေဟာ သူများထက် ပိုပြီးတော့ အိုလွယ်တယ်၊ တချို့က ပြောတယ်၊ **"ပျော်ပျော်နေတော့ သေခဲတယ်၊ စိတ်ပျိုတော့ ကိုယ်နုတယ်"**လို့ ပြောတယ်၊ အဲဒါဟာက ရိုးရိုးသာမန် စိတ်ချမ်းသာအောင် ပျော်တဲ့ အပျော်မျိုး, စိတ်ကို ချမ်းသာအောင်နေတဲ့ အနေမျိုးလောက်သာ ဟုတ်တယ်၊ တဏှာနဲ့လိုက်စားပြီးတော့ လောကီအာရုံတွေ ခံစားတဲ့ လူဟာ ရိုးရိုး မခံစား မလိုက်စားတဲ့ လူထက်တော့ အိုလွယ်တယ်၊ ဒါ ဘာဆိုလိုသလဲလို့ဆိုတော့ ဒီဘက် ဘဝတဏှာကြောင့် ဇရာဒုက္ခ ဖြစ်တယ်လို့ ဆိုလိုတယ်၊ ဒီဘက်ဘဝက တဏှာလဲ ဒီဘက်ဘဝမှာပဲ ဇရာဒုက္ခဖြစ်အောင် ပြုလုပ်နိုင်တယ်လို့ ပြောလိုရင်းဖြစ်တယ်။

ဟိုဘက်ဘဝတုန်းက တဏှာက ကုသိုလ် အကုသိုလ်တွေဖြစ်အောင် စီမံလိုက်လို့ ဟိုဘက်ဘဝမှာ ရုပ်,နာမ်,ခန္ဓာတွေ ဖြစ်လာတဲ့ အခါ ဇရာဒုက္ခတွေလဲ ပါလာတယ်၊ အဲဒါကိုက ဟိုဘက်ဘဝက တဏှာကြောင့် ဒီဘက်ဘဝမှာ ဇရာဒုက္ခ ဖြစ်ရတာ။

**တွေ့ကရာစားပြန် အအိုမြန်။** ။ဘုန်းကြီးတို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာဆိုတဲ့ သစ္စာနှစ်ပါးကတော့ ဘယ်သူ့မှာမှ မဖြစ်ပါဘူး၊ ဒုက္ခသစ္စာနဲ့သမုဒယ သစ္စာသာ ဖြစ်နေကြပါတယ်၊ သမုဒယသစ္စာ ဆိုတာက တခြားဟာ မဟုတ်ဘူး၊ တဏှာလို့ ခေါ်တဲ့ လောဘကိုပဲ သမုဒယသစ္စာလို့

ခေါ်တယ်၊ ဒုက္ခသစ္စာက အကျိုး, သမုဒယသစ္စာက အကြောင်း၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်ရတယ်၊ တဏှာကြောင့် ဒုက္ခ ဖြစ်ရတယ်လို့ ဆိုလိုရင်းပါပဲ၊ အဲဒါကြောင့် ခုတင်က ပြောခဲ့တဲ့ တဏှာကြောင့် ဇရာဒုက္ခ ဖြစ်ရတာကို ထပ်ပြောဦးမယ်၊ လူတစ်ယောက်ဟာ အစားအသောက် မက်မောလို့ တွေ့ကရာတွေ စားရင် အိုလွယ်တယ်၊ ဘာ့ကြောင့်အိုသလဲဆိုရင် ခန္ဓာကိုယ်ထဲက အစာအာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ ရှိတယ်၊ အဲဒီအစာကြောင့် ဖြစ်တဲ့ ရုပ်တွေက မကောင်းလာတော့ ချို့ယွင်း ချို့ယွင်း လာတော့ ပိုပြီးတော့ အအို မြန်လာတယ်။

**စိတ်ထောင်းကိုယ်ကြေ ဖြစ်တတ်ပေ။** ။တစ်ခါ စိတ်ကို ချမ်းချမ်းသာသာ မနေတတ်, သင့်တော်သလို နှလုံးမသွင်းတတ်လို့ စိတ်မချမ်းသာတာတွေ အားကြီးနေတဲ့သူလဲ ပဲ အိုလွယ်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ မချမ်းသာတဲ့ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တွေကလဲ စိတ်ထောင်းတော့ ကိုယ်ကြေဆိုတာလို မကောင်းတဲ့ ရုပ်တွေ, မချမ်းသာတဲ့ ခပ်အိုအိုရုပ်တွေပဲ ဖြစ်လာတယ်၊ အဲဒါကြောင့် စိတ်ကို ထိန်းသိမ်းပြီး စိတ်ချမ်းသာအောင် မနေတတ်တဲ့ လူတွေဟာ သူများထက်ပိုပြီး ရုပ်အိုလွယ်တယ်၊ အဲဒါကြောင့် ပြောကြတယ် မဟုတ်လား၊ ဘယ်သူဟာ ဘယ်ကိစ္စအတွက် စိတ်ထိခိုက်သွားလိုက်တာ တစ်ခါတည်း လူအိုကြီး ဖြစ်သွားတာပဲ၊ လူအိုရုပ်ကြီး ပေါက်သွားတာပဲတဲ့၊ အဲဒါကြောင့် စိတ်မချမ်းသာစရာကိစ္စ ပေါ်ပေါက်လာလို့ရှိရင် စိတ်ကို ထိန်းသိမ်းနိုင်, ပြုပြင်နိုင်ရမယ်၊ ကုသိုလ်ကောင်းမှုပြု, ဘုရားအာရုံပြု, ဘုရားရှိခိုး, တရားနှလုံးသွင်း, ကမ္မဋ္ဌာန်းအားထုတ်၊ အဲဒီ ကောင်းတဲ့ စိတ်ချမ်းသာစရာအလုပ်တွေ လုပ်နေရင် စိတ်ဆင်းရဲစရာနဲ့တွေ့လဲ စိတ်မဆင်းရဲတဲ့ အပြင် စိတ်ချမ်းသာလာမယ်၊ စိတ်ချမ်းမြေ့ကြည်နူးလာမယ်၊ အဲဒီလို

စိတ်ကို ချမ်းသာအောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ မပြုပြင်နိုင်ရင်တော့ စိတ်ဆင်းရဲတိုင်း၊ စိတ်ဆင်းရဲတိုင်း ဆင်းရဲတဲ့ စိတ်ကြောင့် ဆင်းရဲတဲ့ ရုပ်တွေ၊ မချမ်းသာမရွှင်ပျတဲ့ ရုပ်တွေ၊ အိုတဲ့ ရုပ်တွေ ထပ်ကာထပ်ကာ အဖြစ်များလာတဲ့အတွက် စိတ်ကြောင့် ရုပ်ဟာ မြန်မြန်အိုတော့တာပါပဲ၊ ဒီရုပ်ဟာ ကံကြောင့်လဲ အိုလွယ်တယ်၊ စိတ်ကြောင့်လဲ အိုလွယ်တယ်၊ အာဟာရကြောင့်လဲ အိုလွယ်တယ်၊ အပူ အအေးကို မဆင်ခြင်လို့ မနေတတ် မထိုင်တတ်တာတွေကြောင့်လဲ အိုလွယ်တယ်၊ ဒီတော့ တဏှာကြောင့် အိုလွယ်တယ်လို့ဆိုတာက မှန်တယ်။

**ဇရာရဲ့အရင်းခံ တဏှာ။** ။အဲဒီ တဏှာဟာ ဟိုရှေးရှေးဘဝက တဏှာချည်း မပြောပါနဲ့၊ ဒီဘဝမှာပဲ နားမလည်လို့၊ ဉာဏ်မရှိလို့၊ တဏှာအရင်းခံပြီးတော့ စားချင်တာတွေ စားတယ်၊ သွားချင်တဲ့ဆီ သွားတယ်၊ အအေးလဲ ခံတယ်၊ အအေးခံချင်တယ်၊ အဲဒီ အအေးခံချင်တာဟာ ဘယ်သူလဲဆိုရင် တဏှာပဲ၊ အအေးအရသာ ခံချင်တာ၊ အအေးအရသာကို ဓိမ်ခံပြီး ကြည်နူးနေတာဟာ တဏှာပဲ၊ အဲဒီ တဏှာကြောင့် အအေးခံလိုက်တော့ ဒီခန္ဓာကိုယ်ဟာ မကျန်းမမာဖြစ်ပြီး တဖြည်းဖြည်း အိုအိုလာတယ်၊ အဲဒါကြောင့် ဇရာဒုက္ခရဲ့ အရင်းခံဟာ တဏှာပဲဆိုတာ ဟိုရှေးဘဝက တဏှာချည်း သွားပြီးတော့ မစဉ်းစားနဲ့၊ ဒီဘဝမှာ ဖြစ်နေတဲ့ တဏှာတွေကလဲ အင်မတန် ကြောက်စရာကောင်းတဲ့ ဇရာဒုက္ခကို ပေးမယ်။

**သတိပေါ်တန် သူငယ်ပြန်။** ။ဒီတော့ ဘုန်းကြီးတစ်ခု စဉ်စားမိသေးတယ်၊ ဟို...တော်တော်လေး ကြီးတဲ့ ပုဂ္ဂိုလ်တွေမှာ အိုတဲ့အခါကျတော့ ဒီဇရာဒုက္ခဖြစ်တယ်၊ အဲဒီ ဇရာဒုက္ခဖြစ်တဲ့အခါမှာ သတိများ မေ့နေပြီး သူငယ်ပြန်တယ်လို့ ဆိုကြတယ်၊ ဒီ သူငယ်ပြန်တဲ့ နေရာမှာလဲ ဘုန်းကြီး စဉ်းစားမိတယ်၊ တချို့

ပုဂ္ဂိုလ်တွေက ပေါ့ပေါ့ဆဆနေ, ကိုယ်အလိုလိုက်ပြီးတော့ ချမ်းချမ်းသာသာ နေတယ်၊ လောကအလိုက် ချမ်းချမ်းသာသာ နေတယ်၊ ပေါ့ပေါ့ဆဆ နေတယ်၊ တရား နှလုံးမသွင်းဘူး၊ တရားလက်လွှတ် နေတယ်၊ သတိအလေ့အလာ မရှိခဲ့ဘူး၊ သတိပဋ္ဌာန်တို့ ဘာတို့ မလေ့လာဘူး၊ ကမ္မဋ္ဌာန်းတရားတို့ ဘာတို့ နှလုံးမသွင်းဘူး၊ အဲဒီ ပုဂ္ဂိုလ်မှာ သတိ နည်းလာတယ်၊ တဖြည်းဖြည်းနဲ့ သတိတွေ လွှတ်လာပြီး မိတ်ဆွေ သူငယ်ချင်းနဲ့ ဆွေမျိုးသားချင်းတွေကိုတောင် မမှတ်မိတော့ဘူး၊ အခု ထမင်းစားပြီးပေမယ်လို့ မစားရသေးပါဘူး ဆိုပြီး ထမင်းတောင်း နေသေးတယ်၊ တစ်ခါတည်း ကလေးပေါက်စ လေးလို ဖြစ်သွားပြီး ကလေးပေါက်စကို ထိန်းရတာထက်တောင် ခဲယဉ်းတဲ့ အဘိုးကြီး ဘဝ ရောက်သွားတယ်၊ ဒါလဲဘဲ ဇရာဒုက္ခပါပဲ၊ ဒီဇရာဒုက္ခဟာ ရှေးဘဝက တဏှာကြောင့်လို့ချည်းဆိုလို့ မဖြစ်ဘူး၊ စိတ်ကို မပြုပြင် မထိန်းသိမ်းဘဲ သတိလက်လွှတ်, ကမ္မဋ္ဌာန်း လက်လွှတ်, ခပ်ပေါ့ပေါ့နေ, ပျော်သလို ချမ်းသာသလိုနေခဲ့တဲ့ ယခုဘဝ တဏှာ ကြောင့် ဒီဇရာဒုက္ခဖြစ်တယ်လို့လဲ ဆိုနိုင်တယ်၊ ဒီလို ခပ်ပေါ့ပေါ့နဲ့ တော်သလို ပျော်သလိုနေခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ကြီးလေ ဆိုးလေ, ကြီးလေ စိတ်ကို မထိန်းသိမ်းနိုင်လေပဲ၊ စိတ်ကို မထိန်းသိမ်းနိုင်လေ ဒုက္ခဖြစ်လေပဲ၊ အဲဒါကြောင့် စိတ်ကို ထိန်းနိုင်သမျှ ထိန်းပြီး ပြုပြင် ပြုပြင်ပေးမှ ဒီဒုက္ခဟာ သက်သာပေလိမ့်မယ်၊ သက်သာအောင်လဲပဲ ငယ်စဉ်ကစပြီး စိတ်ကို ထိန်းသိမ်း ပြုပြင်ပေး ကြရမယ်။

**ဗျာဓိဒုက္ခ**။ ။ပြီးတော့ တဏှာကြောင့် ဗျာဓိဒုက္ခဖြစ်ပုံ, ဗျာဓိဒုက္ခ ခံရပုံကို ကြည့်ကြဦးစို့၊ မကျန်းမမာ ဖျားနာတာ, ရောဂါဝေဒနာ ခံရတာဟာ ဗျာဓိဒုက္ခပဲ၊ အဲဒီ ဗျာဓိဒုက္ခဟာ ရှေးဘဝက တဏှာကြောင့်သာ မဟုတ်ဘူး၊ ယခုဘဝက တဏှာကြောင့်လဲပဲ

ဗျာဓိဒုက္ခလို့ခေါ်တဲ့ ရောဂါဝေဒနာတွေ မြန်မြန်ဖြစ်တာပဲ၊ စားချင်တာတွေ စားလိုက်တယ်၊ မဆင်မခြင် တွေ့ကရာ စားတယ်၊ နေမကောင်းဘူး၊ ရောဂါတစ်ခုခုရလို့ မကျန်းမာဘူး၊ စားချင်တာက တဏှာ၊ အဲဒီ တဏှာကြောင့် ဗျာဓိဒုက္ခခံရတယ်၊ ပွဲလမ်းသဘင်တွေ မနေ့က လိုက်ကြည့်တယ်၊ ယနေ့ နေထိုင်မကောင်းဘူး၊ အအိပ်ပျက်, အစားပျက်ပြီး မကျန်းမမာ ဖြစ်လာတယ်၊ ပွဲလမ်းသဘင်ကြည့်ချင်တာက တဏှာ၊ ကြည့်ပြီး သာယာတာ အရသာခံတာက တဏှာ၊ အဲဒီ တဏှာကြောင့် မကျန်းမမာ ဖျားနာတဲ့ ဗျာဓိဒုက္ခခံရပြန်ရော၊ ပြီးတော့ ဘုရားဖူးသွားတယ်လို့ နာမည်တပ်ပြီးတော့ ဟိုဟိုဒီဒီ လျှောက်သွားကြတယ်၊ အပူမရှောင် အအေးမရှောင် သွားကြတယ်၊

အဲဒီတော့ ခန္ဓာကိုယ်မှာ အအေးအပူ မမျှတတော့ဘူး၊ အလေးအပေါ့ စွန့်ချင်တာကိုလဲ မစွန့်ဘဲ ချုပ်တည်း အောင့်အည်းထား, တွေ့ကရာ တွေ စား၊ မသင့်တာတွေစား၊ အစားကမမှန်, အအိပ်ကလဲ မမှန်၊ အဲဒါကြောင့် ကျန်းမာရေးတွေပျက်ပြီး ဗျာဓိဒုက္ခ မရောက်သင့်ဘဲနဲ့ ရောက်ကြရတယ်၊ အဲဒီလို တဏှာလောဘ အလိုလိုက်ပြီး မဆင်မခြင် လျှောက်လုပ်လို့ ဗျာဓိဒုက္ခ မရောက်သင့်ဘဲနဲ့ ရောက်ကြရတယ်၊ အဲဒါတွေ တွေးပြီးတော့ စဉ်းစားတတ်တဲ့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှာ တဏှာလောဘ အလိုကို သိပ်မလိုက်ဘဲ တဏှာလောဘကို တတ်နိုင်သမျှ ချုပ်တည်းလိုက်တော့ ဗျာဓိဆိုတဲ့ ဒုက္ခဟာ အင်မတန်နည်းသွားတယ်၊ မဖြစ်ဘူးလို့ မပြောလိုဘူး၊ ဖြစ်ခြင်း ဖြစ်လို့ရှိရင် သူက နည်းတယ်၊ ခုနက အသိဉာဏ် နည်းပြီးတော့ တဏှာနောက်လိုက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဗျာဓိဒုက္ခများတယ်၊ ဒါ့ကြောင့် ပြီးခဲ့တဲ့ ဒုက္ခတွေဟာ တဏှာအရင်းခံတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတာကို ဘုန်းကြီး အကုန်လုံး လျှောက်ပြီးတော့ ဆန်းစစ်သလို စစ်ဆေးကြည့်တယ်၊ မှန်တယ် အလွန်တရာမှန်တယ်။

**ချစ်သူနဲ့လွဲ မုန်းသူနဲ့တွဲရ။ ။"အပ္ပိယေဟိ–မချစ်မနှစ်သက်အပ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ပစ္စည်းဥစ္စာတို့နှင့်၊ သမ္ပယောဂေါ–အတူတကွ နေရခြင်းသည်၊ ဒုက္ခော–ဆင်းရဲ၏"**

အဲဒီ ဒုက္ခကလဲ တဏှာကြောင့် တွေ့ကြုံရလို့ ဒုက္ခပဲ၊ ဘာ့ကြောင့်လဲ၊ ဒီခန္ဓာကိုယ်ကြီးကို ရှေးဘဝက တဏှာကြောင့် ရထားတာ၊ ရှေးဘဝ တဏှာကြောင့် ရထားတဲ့ ခန္ဓာကိုယ်ကြီးဟာ မချစ်တဲ့သူ မုန်းတဲ့သူ တွေနဲ့ တွေ့လို့လဲ ဒုက္ခရောက်ကြရတယ်၊ စိတ်တိုင်းမကျလို့ ကိုယ် မသုံးချင်တဲ့ ပစ္စည်းဥစ္စာတွေ သုံးစွဲရ, ကိုယ်မနေချင်တဲ့ အရပ်ဒေသ မှာ နေရ၊ အဲဒါကြောင့်လဲပဲ စိတ်ဆင်းရဲ ဖြစ်ကြရတယ်၊ ဒီဒုက္ခတွေ ဟာ ဒီခန္ဓာကိုယ်ကြီးဖြစ်အောင် စီမံဖန်တီးလိုက်တဲ့ ရှေးဘဝက တဏှာကြောင့် တွေ့ရတဲ့ ဒုက္ခတွေပဲ၊ ဒါက ရှေးဘဝတဏှာကြောင့် ယခုဘဝမှာ ဒုက္ခရောက်ရပုံဖြစ်တယ်၊ ပြီးတော့ ယခုဘဝ တဏှာ ကြောင့် ယခု ချက်ချင်းလက်ငင်း တွေ့ကြုံနေရတဲ့ ဒုက္ခတွေကလဲ အများကြီး၊ ဘယ်လို ဒုက္ခတွေလဲဆိုရင် တဏှာရဲ့ အလိုလိုက်နေ ရာက တဏှာအကြိုက်နဲ့ မကိုက်ညီလို့ စိတ်တိုင်းမကျလို့ တွေ့ရ ကြုံရတဲ့ ဒုက္ခတွေပါပဲ။

ဥပမာအားဖြင့် ချစ်တဲ့ခင်တဲ့သူက တစ်မျိုး, မုန် တဲ့လူက တစ်မျိုး၊ တဏှာရဲ့သဘောက ကိုယ်ချစ်တဲ့ခင်တဲ့ လူနဲ့သာ အတူတူ နေချင်တာ၊ သို့ပေမယ့် မနေရဘူး၊ မုန်းတဲ့သူတွေနဲ့သာ အတူတူနေရတယ်၊ အဲဒီ တော့ တဏှာရဲ့အလိုကျ မဖြစ်တဲ့အတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကရော၊ ပြီးတော့ ကိုယ်ဝတ်ချင်လို့ အဝတ်ကလေး ဝတ်ရဖို့အတွက် တဏှာက ငမ်းငမ်းတက်လို့၊ စားချင်တာလေး စားရဖို့အတွက် တဏှာက ငမ်းငမ်းတက်လို့၊ ဒါပေမယ့် ပြောင်းပြန် ဖြစ်နေလိုက် တာက မဝတ်ချင်တာကိုမှ ဝတ်ရတယ်၊ မစားချင်တာကိုမှ စားရတယ်၊ ပြီးတော့ ကိုယ်မနေချင်တဲ့ အရပ်မှာ နေရပြန်, ကိုယ်မနေချင်တဲ့

အိမ်ကိုမှ နေရပြန်၊ အဲဒီလိုနဲ့ တဏှာရဲ့အလိုကျ မဖြစ်လို့, မရောင့်ရဲနိုင်ကြလို့ ညည်းညည်းညူညူနဲ့ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေကြရတဲ့ ဒုက္ခတွေ၊ ဒီဒုက္ခတွေဟာ တဏှာရဲ့အလို လိုက်လိုက်နေကြတဲ့ လူတိုင်းလူတိုင်း တဏှာအကြိုက်နဲ့ မကိုက်ညီလို့ စိတ်တိုင်းမကျနိုင်လွန်းလို့ ခဏခဏ တွေ့ကြုံနေကြရတဲ့ ဒုက္ခတွေ မဟုတ်လား၊ ဒီတဏှာလောဘ မကုန်ခန်းသေးသမျှ အနည်းဆုံး တဏှာလောဘကို မချုပ်တည်းနိုင်သမျှ ဒီဒုက္ခတွေဟာ ဘယ်မှာ ကုန်ခန်းနိုင်ပါ့မလဲ၊ ဒါက **"အပ္ပိယေဟိ သမ္ပယောဂဒုက္ခ"**။

ပြီးတော့ **"ပိယေဟိ–ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော ပုဂ္ဂိုလ် သတ္တဝါ ပစ္စည်းဥစ္စာတို့နှင့်၊ ဝိပ္ပယောဂေါ–ကွေကွင်းခွဲခွာ၍ နေရခြင်းသည်၊ ဒုက္ခော–ဒုက္ခရောက်လှပေ၏"** ကိုယ်ချစ်တဲ့ ခင်တဲ့ သူနဲ့ ကွေကွင်း ခွဲခွာသွားရတာကလဲ အလွန် ဒုက္ခပေးတာပဲ၊ ကိုယ့် သားသမီး မြေးကလေး တစ်ယောက်ယောက် ပျက်စီးသွားပြီဆိုရင် အလွန် ဝမ်းနည်းကြတယ်၊ ပျက်စီးသွားတယ်ဆိုတာ သေသေချာချာ မြင်တွေ့ သိနေပါလျက် ဟိုနား ဒီနား ခဏခေတ္တသွားသလိုလို, အိမ်ပြန်လာဦးမှာလိုလို, တော်တော်ကြာ ဟိုနားကလေးက ထွက်လာမှာလိုလို, ဒီနားကလေးက အသံပေးပြီး မေမေ ဖေဖေလို့ခေါ်ပြီး ရုတ်တရက် ဘွားကနဲ ပေါ်လာဦးမှာလိုလို,သားသမီးကလေး သေသွားတာကို မယုံသလိုလိုနဲ့ စိတ်တွေကို ချာချာလည်လို့၊ တော်တော်နဲ့ မဖြေဖျောက်နိုင်အောင် သောကတွေ ဖြစ်နေလိုက်တာ, စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဒုက္ခတွေ ဖြစ်နေလိုက်တာ ရက်ပေါင်းများစွာ အကြာကြီး၊ ဒီဒုက္ခတွေလဲ တဏှာကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေ။

**မြေးသေလို့ ငိုရှာတဲ့ဝိသာခါ။** ။ တစ်ခါတုန်းက ဝိသာခါမှာ မြေးကလေး သေဆုံးသွားလို့ သောက ဖြစ်နေရှာတယ်၊ တခြား **ဝိသာခါ** မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့

အဆုံးအမ ဩဝါဒ မကြာခဏ နာခံရတဲ့ **ဝိသာခါ**၊ သူကိုယ်တိုင် သောတာပန် ဖြစ်ပြီးသား **ဝိသာခါ**၊ ကမ္ဘာတစ်သိန်းကို ပါရမီဖြည့်လာတဲ့ ကျောင်းအမ **ဝိသာခါ**၊ သူတို့ရဲ့ ထုံးစံအတိုင်း မြေးကလေး မသာချပြီးတော့ ခေါင်းလျှော်ပြီး မြတ်စွာဘုရားကျောင်း လာတယ်၊ မသာချပြီး ခေါင်းလျှော်ပြီးတော့ ရေချိုးရတယ်ကိုး၊ ဒီတော့ခေါင်းစိုကြီးနဲ့ မြတ်စွာဘုရားဆီ နေ့လည်လောက် ရောက်လာတော့ မြတ်စွာဘုရားက မေးတော်မူပြန်တယ်၊ **"ဝိသာခါ...ခေါင်းစိုကြီးနဲ့ နေ့လည်ကြီး ဘယ်က လာခဲ့တုံး"**ဆိုတော့ မျက်နှာမကြည်မသာဖြစ်နေတဲ့ **ဝိသာခါ**က**"တပည့်တော်မရဲ့ မြေးကလေး, အင်မတန်လိမ္မာတဲ့ မြေးကလေး, အချစ်ဆုံး မြေးကလေး, အဲဒီမြေးကလေး ဆုံးသွားလို့ မြေးကလေး အသုဘပို့ပြီးတော့ ပြန်လာခဲ့ရပါတယ်ဘုရား"**လို့ မျက်ရည်စက်လက်နဲ့ လျှောက်တယ်၊ ဆင်းရဲလွန်းလို့ပေါ့၊ **"ပိယေဟိ–ချစ်ခင်အပ်တဲ့ မြေးကလေးတို့လို ပုဂ္ဂိုလ်တို့နှင့်၊ ဝိပ္ပယောဂေါ–ကွေကွင်း၍ ခွဲခွာခြင်းသည်၊ ဒုက္ခော–ဝိသာခါတို့လို ပုဂ္ဂိုလ်မှာတောင် ဒုက္ခဖြစ်၏"**။

ဒီတော့ မြတ်စွာဘုရားက**"ဝိသာခါ...သိပ်ပြီးတော့ နှမြောသလား" "သိပ်ပြီးတော့ နှမြောပါတယ်ဘုရား" "ဒီမြေးမျိုး နောက်ထပ် အစားလိုချင်သေးသလား" "ဒီလို လိမ်လိမ်မာမာနဲ့ သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့ ရုပ်ရည် မွန်မွန်ရည်ရည်နဲ့ ဒီမြေးမျိုးကလေးရရင် အစားယူချင်ပါတယ်ဘုရား" "ဘယ်လောက် ယူချင်တုံး" ဒီမြေးမျိုးကလေးရရင် ဘယ်လောက်ဖြစ်ဖြစ် လိုချင်ပါတယ်ဘုရား"**တဲ့၊ ဟုတ်တာပေါ့ တရားအတွေးနဲ့ တွေးလိုက်လို့ရှိရင်တော့ ဘယ်လောက်ရရပေါ့၊ **ဝိသာခါ**က သူ့သဘာဝအတိုင်း အစစ်အမှန်အတိုင်း ပြောနေတာ၊ ဒါတောင် ပုထုဇဉ်လောက် ပြင်းထန်တဲ့ တဏှာ မဟုတ်ဘူး၊ သောတာပန် ဖြစ်ပြီးတဲ့ **ဝိသာခါ**ရဲ့ အရှိန် တော်တော်လျော့သွားတဲ့ တဏှာ။

**မြေးမလိုချင်တော့သော ဝိသာခါ။** ။**"ကောင်းပြီ, အဲဒီ သာဝတ္ထိပြည်က လူဦးရေလောက် များတဲ့ မြေးအရေအတွက်များ ရရင်ကော ယူမလား" "ဒီလိုသာ လိမ္မာပါစေဘုရား, ဒီလောက် များပါစေ, ဒီလို မြေးကလေးတွေတော့ လိုချင်ပါတယ်"**ကိုး၊ **"ကောင်းပြီ, သာဝတ္ထိပြည် တစ်နေ့ တစ်နေ့ အလောင်းဘယ်လောက်များ ထုတ်ပစ်ရတုံး, နေ့ဘယ်လောက် ညနေ ဘယ်လောက် ထုတ်ပစ်ရတုံး"**လို့ ထပ်မေးတော့မှ **ဝိသာခါ** သဘောပေါက်သွားတယ်၊ နေ့လဲ အချိန်မရွေး သုသာန်အမျိုးမျိုးမှာ **သာဝတ္ထိ**ပြည်က အလောင်းတွေ ထုတ်ရရဲ့, ညလဲ အလောင်းတွေ အချိန်မရွေး ထုတ်ပစ်ရရဲ့၊ ဒါလဲ **ဝိသာခါ**က အသိ၊ ဒီတော့မှ **"တပည့်တော် မြေးမလိုချင်တော့ပါဘူး ဘုရား, မလိုချင်တော့ပါဘူး"** လို့ အဲဒီလို ပြန်ပြီးတော့ လျှောက်တယ်။

**မာနိတာ ယတ္တကာ ယဿ, ဒုက္ခတာ တဿ တတ္တကာ၊**
**ကိံ နု နော ဒုက္ခဘာယန္တာ, ပိယမှာ စ အဘိရုနော။**

ယဿ–ချစ်လျှင်ပျော်နိုး, ချစ်စပျိုး၍, ချစ်ရိုးချစ်စဉ်, အကြင်ပုထုဇဉ်၏၊ မာနိတာ–မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယတ္တကာ–တစ်နှစ်သုံးလေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက် များကုန်၏၊ တဿ–ချစ်လျှင်ပျော်မည့်, အထင်ရှိ၍, ခင်မိခင်ရာ, ခင်ကြရာတောင်း, ထိုပုထုဇဉ်အပေါင်း၏၊ ဒုက္ခတာ–မကင်းစမြဲ, အတင်းတွဲ၍, ဆင်းရဲရန်ကြောင်း, ဒဏ်အပေါင်းသည်၊ တတ္တကာ–ချစ်ချစ်သမျှ, တစ်နှစ်ကလျှင်, စ၍တွက်ရေ, ထိုမျှလောက်ပင် များပြားလေကုန်၏၊ နော–သူတော်သူမြတ်, အတူမှတ်၍, လူဇာတ်ရှောင်သွေ, တို့တစ်တွေသည်၊ ဒုက္ခဘာယန္တာ–ဒုက္ခမြောက်မြား, ရောက်မသွားဖို့, ထောက်ထားထိုထို, ကြောက်အား ပိုကြပါကုန်လျက်၊ ပိယမှာ စ–ဒုက္ခ ဖြစ်ကြောင်း,

အချစ်အပေါင်းမှကား၊ ကိ်ုန အဘိရနော–မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အဘယ့်ကြောင့် ချစ်ခင်၍ နေဝံ့ကြကုန်လေဘိသနည်း။

**သာဓု…သာဓု…သာဓု။**

**လိုချင်တာမရတဲ့ဒုက္ခ။** ။ ဒီတော့ "**ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ- လိုချင်တာ မရလို့ ဒုက္ခရောက်တယ်**"လို့ ဆိုတာလဲ တဏှာကြောင့်ပဲ၊ ဘုန်းကြီး စောစောက ပြောခဲ့တဲ့ ကလေးကလေးဟာ အရုပ်ကလေးမရလို့ ငိုတယ်၊ ကလေးမှာ ဒုက္ခ ဖြစ်တယ်၊ ဒါလဲ တဏှာကြောင့်ဖြစ်တဲ့ ဒုက္ခပဲ၊ အရွယ်ရောက်တဲ့အခါ အိမ်ထောင်ဘက်တွေ ဘာတွေ မရလို့ လိုချင်တာမရလို့ ဒုက္ခရောက် ကြတယ်၊ နောက်ဆုံး ကိုယ့်ကို, ကိုယ့်အသက်ကို စီရင်ပြီးသကာလ ဒုက္ခခံကြတယ်၊ ဒါလဲ ဒီတဏှာပဲ၊ အလိုရှိတာ မရဘူးဆိုတာ တဏှာပဲ၊ ချစ်တဲ့သူတွေနဲ့ ကွဲရလို့ ဒုက္ခရောက်တယ်ဆိုတာလဲ ဒီ တဏှာပဲ၊ ဒီတော့ လောကကြီးတစ်ခုလုံးကို လျှောက်ပြီးတော့ စစ် ကြည့်ရင် "**သြော်…ဒုက္ခမှန်သမျှဟာ ဟို…ရှေးရှေးဘဝ အရင်းခံက တဏှာကြောင့်လဲဖြစ်တယ်၊ ဒီဘဝကျမှ တဏှာကြောင့်လဲ ဖြစ်တယ်၊ ဖျားတာ, နာတာ, အစားမတော်လို့ ဖြစ်တယ် ဆိုတာလဲ တဏှာ ကြောင့်ပဲ၊ အသွားမတော်လို့ ဒုက္ခဖြစ်တော့လဲ သွားချင်တာကိုက တဏှာပင်ဖြစ်နေတာ ဆိုတော့ကာ ဘုန်းကြီးတို့ ဘာဒုက္ခတွေ့တွေ့ အရင်းခံ တဏှာပဲ၊ ဒီလောကကြီး ထဲမှာ တဏှာခြယ်လှယ်ပြီးတော့ နေတာပဲ၊ ရောက်တဲ့ဒုက္ခဟူသမျှဟာ တဏှာကြောင့် ရောက်ရတာ ချည်းပဲ၊ ဒီတော့ တဏှာ လျော့လေ, ဒုက္ခ လျော့လေ၊ တဏှာ နည်းလေ, ဒုက္ခ နည်းလေ၊ တဏှာ မရှိရင် ဒုက္ခ မရှိ၊ တဏှာ များရင် ဒုက္ခ များမယ်**"လို့ အဲဒီလို စိတ်ထဲက အစစ် သဘောကျ ပြီးတော့ ဘုရားရှင် တရားတော်ကို ပြန်စဉ်းစားရမယ်။

**"ကွဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ"**

**"ယာယံ တဏှာ-အကြင်တဏှာသည်၊ပေါနေဗ္ဘဝိကာ-ဇာတိဒုက္ခက စ၍ဖြစ်နိုင်တဲ့ တစ်ဖန် ဘဝသစ်ကိုလည်း ဖြစ်စေနိုင်၏၊ နန္ဒီရာဂသဟ ဂတာ-တစ်ဘဝတစ်ဘဝ ရောက်ပြန်လျှင် အနည်းငယ် နှစ်သက်တဲ့ နန္ဒီဆိုတဲ့သဘော,အကြီးအကျယ် တပ်မက်တဲ့ ရာဂဆိုတဲ့သဘောနှင့် လည်းတကွဖြစ်၏၊ တတြတတြာဘိနန္ဒိနီ-ထိုထိုရောက်ရာ ရောက်ရာ ဘဝ၌ နှစ်သက်စုံမက်၍ နေလေ့ရှိ၏"** မကောင်းတဲ့ ဘဝလေးတောင် နှစ်သက်နေသေးတော့ ငါသေချင်ပြီလို့ ဆိုတာဟာ တကယ်စင်စစ် မစဉ်းစားတဲ့အခါသာ ဖြစ်တာ၊ စဉ်းစားလိုက်ရင် ကိုယ့်ဟာလေးကို နှမြောပြီးတော့ နေတာပဲ၊ **တတြတတြာဘိနန္ဒိနီ-ထိုထိုရောက်ရာ ရောက်ရာ ဘဝ၌ လွန်လွန်မင်းမင်း နှစ်သက်တွယ်တာ၍နေ၏"**။

**"သေယျထိဒံ-ထိုတဏှာဟူသည် အဘယ်တရားပေနည်း၊ ကာမ တဏှာ-လောကီအာရုံ ကာမဂုဏ်ဆိုတဲ့ အရာဝတ္ထုတွေကို နှစ်သက် တတ်သော တဏှာသည်လည်းကောင်း"** ဒီ ရူပါရုံ လှလှကလေး, သဒ္ဒါရုံ ကောင်းကောင်းကလေး, ဒီလို နှစ်သက်တတ်တာတွေဟာ ကာမတဏှာတွေပေါ့၊ လူတစ်ယောက်အတွက် တဏှာများလေ, ဒုက္ခများလေ၊ တဏှာများလေ, အိုလွယ်လေ၊ တဏှာများလေ, ရောဂါရလွယ်လေ၊ တဏှာများလေ, သေတဲ့အခါ ဒုက္ခများလေလေ၊ လူတစ်ယောက်အတွက်, အိမ်တစ်အိမ်အတွက် စဉ်းစားကြဦးစို့။

**ခမ်းခမ်းနားနား လုပ်ချင်တာက တဏှာ**

အိမ်တစ်အိမ်မှာ လူတွေက အသုံး အစွဲ မချွေတာဘူး၊ ဟင်းကောင်း မပါရင် မစားနိုင်ဘူး၊ အဝတ် ကောင်းကလေး ဝတ်ချင်တယ်၊ အိမ်ခမ်းခမ်းနားနား လုပ်ချင်တယ်၊ ကိုယ့်ပစ္စည်းအင်အားနဲ့ မလိုက်အောင် အဆမတန် ခမ်းခမ်းနားနား

လုပ်ချင်ကြတယ်၊ ကိုယ့်မှာရှိတဲ့ ပစ္စည်းအင်အားနဲ့ လိုက်သည်ဖြစ်စေ, မလိုက်သည်ဖြစ်စေ ခမ်းခမ်းနားနား လုပ်ချင်တာကတော့ တဏှာ ချည်းပါပဲ၊ လူတွေက တဏှာကို အလို လိုက်လွန်းအားကြီးတယ်၊ ကိုယ့်တိုင်းပြည်မှာ ရှိတာနဲ့ မကျေနပ်ချင်ကြဘူး၊ ကိုယ့်ပြည်တွင်း ဖြစ်ကိုတော့ မဝတ်ချင်ကြဘူး၊ မစားချင်ကြဘူး၊ ဖြစ်ပုံက ဖြစ်ပုံက၊ အကယ်၍များ တိုင်းရင်းဖြစ် အဝတ်ကလေးနဲ့ ရိုးရိုးကလေး ဝတ်လို့, တဏှာအလို မလိုက်ဘဲနဲ့ တိုင်းရင်းဖြစ် အစာကလေး ရိုးရိုးကလေး စားလို့, တိုင်းရင်းဖြစ်ထဲတောင်မှ ကိုယ့်နယ်ကဖြစ်တဲ့ အစာကလေး စားလို့, အဝတ်ကလေး ဝတ်လို့၊ ဒီလိုဆိုရင် ခုတင်ကဆင်းရဲတာ အတော်သက်သာသွားမယ်၊ အများကြီး သက်သာသွားမယ်၊ ခုတော့ ကြည့်စမ်း တိုင်းရင်းဖြစ်ပစ္စည်း မဟုတ်ဘဲနဲ့ တိုင်းတစ်ပါးကလာတဲ့ အမွှေးအကြိုင် နံ့သာတို့ဘာတို့၊ တစ်ခါ ထပ်ဆင့်ပြီးတော့ နှုတ်ခမ်းဆိုးဆေးတို့, တစ်ခါ လက်သည်းဆိုးဆေးတို့၊ အဲဒီလို တဏှာအလို လိုက်နေတော့ အိမ်တွင်းရေးတွေ ကောင်းနိုင်ပါ့မလား၊ ပိုပြီးတော့ ဆင်းရဲလာတာပေါ့၊ တစ်ခါ စားလိုက်ပြန်တော့ နိုင်ငံခြားကလာတဲ့ အစာမှ အရသာရှိတယ်လို့ ဆိုပြီးတော့ စားကြ, ပိုပြီးတော့ လတ်ဆတ်တယ် ဆိုပြီးတော့ စားကြတယ်။

**ငှက်ပျောသီးဟာပန်းသီးထက် ဗိတာမင် ပိုတယ်** ဘုန်းကြီး တစ်ခါတုန်းက ဆေးရုံပေါ်မှာနေတုန်း နိုင်ငံခြားကပြန်လာတဲ့ ဆရာဝန်တစ်ဦးက ပြောတယ်၊ ဆရာဝန်ဆိုပေမယ့် ဘုန်းကြီးတို့ ဆရာကြီးများရဲ့ ကျောင်းအမကြီးရဲ့ သမီး. ဆရာဝန်မကြီးပါပဲ၊ သူကလျှောက်တယ်၊ သူတို့နိုင်ငံခြားမှာ ဒီပန်းသီးတွေဆိုတာဟာ မြန်မာပြည်လို မြတ်မြတ်နိုးနိုး မဟုတ်ပါဘူး တဲ့၊ နိုင်ငံခြားကျတော့ ဒီငှက်ပျောသီးကောင်းကောင်းတို့ဟာ စက္ကူကလေးများနဲ့ထုတ်ပြီးတော့ တရိုတသေ စားပွဲမှာ စားကြပါတယ်တဲ့၊

ငှက်ပျောသီးထဲမှာ အားရှိတဲ့ အစာဓာတ်တွေ အများကြီး ပါပါတယ်၊ ပန်းသီးတဲမှာတော့ အားရှိတဲ့ဓာတ်ဟာ မပါသလောက်ပါပဲလို့ အဲသလို လျှောက်ဖူးတယ်။

**အသုံးလျှော့ရင် ချောင်လည်မယ်။** ။ဘုန်းကြီးကလေ ဒီတုန်းက ဆိုရင် တို့ မြန်မာနိုင်ငံက ဘာဖြစ်လို့ အကောင်းကြီးလို့ သမုတ်ပြီးတော့ အထင်ကြီးပြီး သုံးနေကြပါလိမ့်မလဲ၊ တိုင်းပြည်မှာ ငွေရှားတယ်လဲဆိုသေးရဲ့၊ အပြင်ဘက်မှာတော့ ငွေတွေထွက်လုပါကလားလို့, ဘုန်းကြီး မကျေနပ်ခဲ့ဘူး၊ ဒါကြောင့် အကယ်၍များ တဏှာ လျှော့ပြီးတော့ အိမ်တွင်းမှာ မသုံးမဖြစ်တဲ့ ပစ္စည်းလောက်သာ သုံးပြီး မသုံးဘဲလဲ နေနိုင်သားပဲ ဆိုတဲ့ ပစ္စည်းတွေကို ဟိုဟာကလေး လျှော့လိုက်, ဒီဟာကလေး လျှော့လိုက်၊ ဒီလိုများ လျှော့လိုက်မယ်ဆိုလို့ရှိရင် အိမ်တွင်း တော်တော်ကောင်းမယ်၊ ဟိုအိမ်ကလဲ အိမ်တွင်းကောင်းမယ်, ဒီအိမ်ကလဲ အိမ်တွင်းကောင်းမယ်ဆိုရင် ရွာတွင်း တော်တော်ကောင်းမယ်၊ ဟိုရွာကလဲ ကောင်းမယ်, ဒီရွာကလဲ ကောင်းမယ်ဆိုတော့ နယ်ပယ်လဲ ကောင်းမယ်၊ ဟိုနယ်ကလဲ ကောင်းမယ်, ဒီနယ်ကလဲ ကောင်းမယ်ဆိုလို့ရှိရင် ခရိုင်တွေဘာတွေ တစ်နိုင်ငံလုံးဟာ အတော်ကြီး ချောင်ချောင်လည်လည်နဲ့ ချမ်းသာစရာရှိတယ်။

**တဏှာဒုက္ခ ဆင်းရဲကြ။** ။ဒီတော့ တိုင်းပြည်ဆင်းရဲတယ်, ဆင်းရဲတယ်လို့ ညည်းနေတာ တဏှာအရင်းခံပြီးတော့ မသုံးဘဲဖြစ်တဲ့ ပစ္စည်းတွေကို သုံးနေကြလို့၊ မော်တော်ကားတွေ ကောင်းသထက်ကောင်းအောင်၊ အင်း...ဘယ်နှစ်သောင်းတန် ဘယ်နှစ်သိန်းတန် ပြောကြတယ်နော်၊ ဒီနှစ်ပေါ်တဲ့ မော်တော်ကားကို ဝယ်ပြီးတဲ့နောက် နောက်နှစ် တစ်မျိုး ပေါ်လာလို့ရှိရင် ဒီမော်တော်ကား ရောင်းပြီးတော့ ဟိုမော်တော်ကား ဝယ်ပြန်တာပဲ၊

ဒီတော့ အဆင့်အတန်းမြင့်လို့ ဝယ်နိုင်တဲ့သူတွေက ဝယ်ကြတော့ သူ့ရဲ့အောက်နားက နည်းနည်းကလေး လျှော့တဲ့သူကလဲ အဲဒီဟာ အတုလိုက်ပြီးတော့ ဝယ်ပြန်တာပဲ၊ ဒီတော့ မော်တော်ကားအတွက်လဲပဲ နိုင်ငံခြားမှာ အင်မတန် ငွေတွေထွက်သွားပြန်ရော၊ ဒီလိုပေါ့လေ၊ ဒီ့ပြင် ပစ္စည်းတွေရောပါပဲ၊ ဘုန်းကြီးက တချို့ပစ္စည်းကို သုံးသင့်တယ်လို့ ယူဆပါတယ်၊ ဒါပေမယ့် ခုတင်ကလို ဒီနှစ်ဝယ်တဲ့ဥစ္စာ ရောင်းပြီးတော့ အသစ်လာတာ ဝယ်တယ်ဆိုတာမျိုးကတော့ လွန်လွန်းပါတယ်၊ မော်တော်ကားဟာ ခရီးသွားတဲ့အခါမှာ အသုံးကျတယ်, မြန်တယ်, ခရီးရောက်တယ်၊ ခိုင်ခိုင်ခန့်ခန့် ဝယ်ရမယ်၊ ဒီလိုဆိုလို့ရှိရင် ကုန်တွေဘာတွေ တင်လို့ရတဲ့ မော်တော်ကားမျိုး ဝယ်ရမယ်၊ ခုတော့ မဟုတ်ပါဘူး၊ ပိုက်ဆံတွေ အဆမတန် ပေးပြီးတော့ အလုစီးနေတဲ့ မော်တော်ကားတွေသာ ဝယ်သုံးကြတယ်၊ မြန်မာနိုင်ငံရဲ့ ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခတွေဟာ အဲဒီတဏှာရဲ့ ဒုက္ခတွေပါပဲ၊ တဏှာကြောင့်ဖြစ်တဲ့ ဒုက္ခတွေပဲ၊ မြတ်စွာဘုရားက—

**ရထကာရောဝ စမ္မဿ, ပရိကန္တံ ဥပါဟနံ၊**
**ယံ ယံ ဇဟတိ ကာမာနံ, တံ တံ သံပဇ္ဇတေ သုခံ၊**
**သဗ္ဗံ စေ သုခမိစ္ဆေယျ, သဗ္ဗေ ကာမေ ပရိစ္စဇေ။**

**ဖိနပ်ချုပ်သမား သားရေလှီးသလို** ဖိနပ်ချုပ်မလို့ ဖိနပ်ချုပ်သမားက သားရေတစ်ခု ယူလိုက်တယ်၊ ဟိုနားက မကောင်းသေးဘူး, လှီးပစ်၊ ဒီနားက မကောင်းသေးဘူး, လှီးပစ်၊ မကောင်းတာတွေ လှီးလှီးပစ်လိုက်တာ သားရေကလေးကို လှပြီးတော့ အကောင်းကလေး ကျန်နေတယ်၊ အဲဒီလိုပဲ အိမ်တွင်းရေးက စပြီးတော့ တဏှာနဲ့ဆိုင်ရာတွေ အဲဒါတော့ မသုံးဖြစ်သားပဲ၊ အဲဟိုဟာလဲ မသုံးဖြစ်တာပဲ၊ အဲဒါတွေ လှီးလှီးပစ်လိုက်လို့ရှိလျှင်ဖြင့် မသုံးရင် မဖြစ်တဲ့ပစ္စည်း နည်းနည်းကလေး ကျန်လာတဲ့အခါကျတော့

**“သဗ္ဗံ စေ သုခမိစ္ဆေယျ, သဗ္ဗေ ကာမေ ပရိစ္စဇေ”**လို့ ခုတင်က ဒီသားရေဖိနပ်ချုပ်သမား သားရေကို မကောင်းတာတွေ လှီးပစ်သလို၊ မလိုအပ်တာတွေ လှီးလှီးပစ်သလို, မလိုအပ်တာတွေရှောင်ရှောင် ပြီးတော့များ နေနိုင်ကြလို့ရှိရင် တဏှာအလို မလိုက်ဘဲနဲ့ တဏှာကို နှိမ်ပြီးတော့ ထားနိုင်ကြလို့ရှိရင် အိမ်တွင်းရေး အရင်ကထက် ပိုပြီးတော့ သက်သာချောင်ချိဖို့ ရှိတယ်၊ ဒီတော့ မြတ်စွာဘုရားရဲ့ တရားတော်ဟာ ကြည်ညိုစရာ ကောင်းလိုက်တာ တဏှာကြောင့် ဒုက္ခဖြစ်, တဏှာကြောင့် ဒုက္ခဖြစ်၊ ဘယ်ဒုက္ခမျိုးမဆို တဏှာအရင်းခံ တယ်၊ အဲဒါတွေ ကြည့်ပြီးတော့ ဘုန်းကြီးတို့ရော, ဒီ ယခု တောထဲ တောင်ထဲလို သဘောထားပြီးတော့ စဉ်းစား နာယူနေတဲ့ တရားနာပရိသတ်တွေရော–

**ယံ ယံ ဇဟတိ ကာမာနံ, တံ တံ သံပဇ္ဇတေ သုခံ၊**
**သဗ္ဗံ စေ သုခမိစ္ဆေယျ, သဗ္ဗေ ကာမေ ပရိစ္စဇေ။**

**ချမ်းသာချင်ရင် သာယာမှုပယ်။** ။ အလုံးစုံချမ်းသာကို အလိုရှိရင် အလုံးစုံ သာယာစရာတွေကို စွန့်ပစ်လိုက်ပါတော့တဲ့၊ ဒီလိုဆိုရင် ချမ်းသာကြီးသာ ကျန်ပြီးနေပါ လိမ့်မယ်တဲ့၊ ဒါကြောင့် ဘုန်းကြီးတို့ရော, ယခုတရားနာနေတဲ့ လူတွေရော, တောစိတ် တောင်စိတ်တွေ ရှိတဲ့သူတွေရော, အိမ်စိတ် ယာစိတ် ရှိတဲ့သူတွေရော စဉ်းစားကြည့်လို့ရှိရင် ဟုတ်တယ်၊ တဏှာရဲ့ အလိုသို့ မလိုက်ဘဲ နည်းနည်း လျှော့ပစ်လေ ချမ်းသာ လေ, နည်းနည်းလျှော့လေ ချမ်းသာလေ၊ ဟိုဟိုဟာဟာ အပိုပဲဟဲ့၊ ဒါဂုဏ်ပဲဟဲ့၊ ဒါဟာ ပကာသနပဲဟဲ့ဆိုပြီး လျှော့လိုက်လေလေ တို့ချမ်းသာလေလေ၊ နည်းနည်းလျှော့လေ တို့ချမ်းသာလေ၊ အဲဒီလို စဉ်းစားပြီး သကာလ ဘယ်စိတ်ဟာဖြင့် တဏှာပဲ၊ ဥပမာ– အလှူအတန်းကြီး ပေးလို့၊ အင်း...ဂုဏ်လိုချင်တယ်၊ တဏှာပဲ၊

အလှူအတန်းကြီးပေးလို့၊ ဒီမဏ္ဍပ်ကနားကြီးနဲ့ ခမ်းခမ်းနားနား, သူများချီးမွမ်းခံရအောင်ဟဲ့ဆိုရင် တဏှာပဲ၊ လက်ဝတ်လက်စားတွေ ငှားပြီးသကာလ ကလေးတွေ ဘယ်လောက် ဆင်နိုင်သလဲဟဲ့လို့ ဆိုတဲ့စိတ်နဲ့ သာယာရင်လဲ တဏှာပဲ။

**တဏှာလိုက်စားလေ ဒုက္ခများလေ** **"ဒီတဏှာတွေ လိုက်စားလေလေ, ဒုက္ခများလေလေ၊ တဏှာတွေ လိုက်စားလေလေ, ဒီဒုက္ခကြီးလေလေ၊ တဏှာနည်းလေလေ, ဒုက္ခနည်းနည်း သက်သာလေလေ၊ ဒီတဏှာ မရှိလေလေ, ဒုက္ခမရှိလေလေ၊ ဒီတဏှာ ကုန်ခန်းလို့ရှိရင် ဒုက္ခကုန်ခန်းတဲ့နေရာ ရောက်မှာပဲ"**လို့ အဲဒီလို နားလည်ပြီးသကာလ ဒုက္ခကို ကြောက်တဲ့ ဘုန်းကြီးတို့ တစ်တွေဟာ ဒုက္ခရောက်စေတတ်တဲ့ တဏှာ, ဒုက္ခပေးတတ်တဲ့ တဏှာကို ချိုးနှိမ်ကြရမယ်၊ နဂိုထင်နေကြတာက ကိုယ်မြတ်နိုးတဲ့ ပစ္စည်းတွေများလေ, ကိုယ်ချစ်ခင်တဲ့ လူတွေများလေ, ချမ်းသာလေလို့ ထင်ခဲ့တယ်၊ ခုတင်က **ဝိသာခါ**လဲ ဒီလို ထင်ခဲ့တာပဲ၊ နောက် စဉ်းစားလိုက်တဲ့အခါကျတော့ ချစ်စရာများလေ, နှစ်သက်စရာ ပစ္စည်းဥစ္စာများလေ နှစ်သက်စရာက တစ်ခုရှိရင် ဒုက္ခကတစ်ခု, နှစ်သက်စရာ ဆယ်ခုရှိရင် ဒုက္ခဆယ်ခု, ချစ်စရာ နှစ်သက်စရာက ရာတွေ ထောင်တွေ ရှိလို့ရှိရင် ဒုက္ခတွေကလဲ ရာတွေ ထောင်တွေ ရှိလို့နေတာပဲ၊ ဒါကြောင့် ဒုက္ခကို ကြောက်တဲ့ လူတွေ, ဘုန်းကြီးတို့ တစ်တွေဟာ ဒုက္ခကြောက်ကြလို့ရှိရင် ဒုက္ခရဲ့အကြောင်းရင်းဖြစ်တဲ့ တဏှာကိုသာ ကိုယ်စီကိုယ်ငှ နှိမ်ကြရမယ်လို့။

**ပိယာယာ ယတ္တကာ ယဿ, ဒုက္ခတာ တဿ တတ္တကာ၊**
**ကိံနု နော ဒုက္ခဘာယန္တာ, ပိယမှာ စ အဘိရုနော။**

ယဿ–အကြင် ချစ်ခင်စရာများလေ, လိုချင်နှစ်သက်စရာတွေ ပေါလေ ချမ်းသာလိမ့်မည်ဟု အထင်ရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်၏၊

ပိဟာယာ–မြတ်နိုးစုံမက်, နှစ်သက်စရာ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည်၊ ယတ္တကာ–တစ်နှစ်သုံးလေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက် များကုန်၏၊ တဿ–ချစ်လျှင်ပျော်မည့်, အထင်ရှိ၍, ခင်မိခင်ရာ, ခင်ကြရာတောင်း, ထိုပုထုဇဉ်အပေါင်း၏၊ ဒုက္ခတာ– မကင်းစမြဲ, အတင်းတွဲ၍, ဆင်းရဲရန်ကြောင်း, ဒဏ်အပေါင်းသည်၊ တတ္တကာ–ချစ်ချစ်သမျှ, တစ်နှစ်ကလျှင်, စ၍တွက်ရေ, ထိုမျှလောက် ပင် များပြားလေကုန်၏၊ နော–သူတော်သူမြတ်, အတူမှတ်၍, လူဇာတ်ရှောင်သွေ, တို့တစ်တွေသည်၊ ဒုက္ခဘာယန္တာ–ဒုက္ခမြောက်မြား, ရောက်မသွားဖို့, ထောက်ထားထိုထို, ကြောက်အားပိုကြပါ ကုန်လျက်၊ ပိယမှာစ–ဒုက္ခဖြစ်ကြောင်း, အချစ်အပေါင်းမှကား၊ ကိံနု အဘိရနော–မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အဘယ့်ကြောင့် ချစ်ခင်၍ နေဝံ့ကြကုန်လေဘိသနည်း။

**သာဓု...သာဓု...သာဓု။**

အဲဒီဂါထာနှင့်တကွ ပြောခဲ့တဲ့ အဓိပ္ပာယ်ကို ထောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ကြည်ညိုလို့ ဘုရားရှင်ကိုယ်တော်မြတ်က **"ဒုက္ခသည် အကျိုး, အဲဒီ ဒုက္ခကို ဖြစ်ပေါ်လာစေတဲ့ တဏှာက အကြောင်းပဲ"**လို့ ဟောတော်မူတဲ့ ဒုက္ခသစ္စာ, သမုဒယသစ္စာဆိုတဲ့ တရားတော်ကို ကြည်ညိုလို့, စိတ်လဲ ဝင်စားလို့, လေ့လာလို့ မိမိတို့ရဲ့ ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ တဏှာတွေကို ကိုယ်စီကိုယ်င ချိုးနှိမ်ပြီး သကာလ ဒုက္ခငြိမ်းသက်တဲ့ နိဗ္ဗာန်ကို ရောက်အောင် ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

**ဒုတိယပိုင်း ပြီး၏။**

# ဓမ္မစကြာတရားတော်

## တတိယနေ့

[သာသနာတော်–၂၄၉၃၊ ကောဇာ ၁၃၁၁–ခုနှစ်က ဟောကြားတော်မူသည်]

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### နိရောဓသစ္စာ ဟောကြားခြင်း

ဓမ္မစကြာတရားတော်ကို ဟောရတာ အင်မတန် ဘုန်းကြီး သဒ္ဓါတရားဖြစ်တယ်၊ မြတ်စွာဘုရားရဲ့ ပါဠိတော်, မြတ်စွာဘုရားရဲ့ တရားတော်ကို အဓိပ္ပာယ်ပြောလို့၊ ပထမအဓိပ္ပာယ်ပြောတဲ့ အခန်း တုန်းက အကျင့်သုံးမျိုးကို တစ်ညသက်သက် အဓိပ္ပာယ်ပြောခဲ့တယ်၊ ပြီးတော့ ဒုတိယအခန်းမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို အဓိပ္ပာယ် ပြောခဲ့တယ်၊ ယနေ့ညမှာတော့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကို ပြောဖို့ရာ အခွင့်ရောက်လာတယ်၊ ဒါပေမယ့် နိရောဓသစ္စာကို သတ်သတ် လည်လည်ပတ်ပတ် ပြောရမှ သာပြီးတော့ ကောင်းတယ် ထင်တဲ့အတွက် နိရောဓသစ္စာနဲ့ ဆိုင်ရာကို ဘုန်းကြီး စဉ်းစား စဉ်းစား ထားပါတယ်။

**တောသဘာဝ**။ ။အရင်တုန်းက ပြောသလိုပဲ မြတ်စွာဘုရားရဲ့ လေးနက်တဲ့ တရားတော်တွေကို စဉ်းစားရတဲ့အခါ

ဟောရ ပြောရတဲ့အခါဆိုတာ အားလုံး ဆရာဒကာ ဆရာတပည့် တစ်စု ဒီတောထဲမှာချည်း ရောက်နေဖို့ ကောင်းတယ်၊ ကိုယ်က လူက တောထဲမှာ မရောက်နေပေမယ့် စိတ်ကတော့ တောထဲမှာ ရောက်လို့ တောနဲ့ တောင်နဲ့ နေပြီးတော့ သန့်သန့်ရှင်းရှင်း စဉ်းစားရတာ ကောင်းတယ်၊ ဒါကြောင့် ဘုန်းကြီးက ဓမ္မစကြာကို

အဓိပ္ပာယ် ပြောတိုင်း ပြောတိုင်း အဓိပ္ပာယ်ကို စ၍ ပြောတိုင်း ပြောတိုင်း တောအကြောင်း တောင်အကြောင်းလေး နည်းနည်း ပြောရမှ စိတ်ထဲက ကျေနပ်သွားတယ်၊ ဒါကြောင့် ယနေ့လဲ တော အကြောင်း တောင်အကြောင်း ပြောကြဦးစို့။

**တောသဘာဝပြ ဂါထာ**

**အဘိရုတ္တာနိ နီလာနိ, ပဏ္ဍုနိ ပတိတာနိ စ၊**
**ပဿန္တော တရုပဏ္ဏာနိ, နိစ္စသညံ ပနူဒတိ။**

အဘိရုတ္တာနိ–တစ်ခေတ်ကူးလစ်, ဖူးပုရစ်ဖြင့်, မြူးချစ်စဖွယ်, နုနယ်နီမြန်းခိုက်လည်း ဖြစ်ကုန်ထသော၊ နီလာနိ စ–စိမ်းတစိုစို, ညိုတမောင်မောင်, ခိုရောင်မြသွေး, ကမ္ဘာ့ဆေးဖြင့်, အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော၊ ပဏ္ဍုနိ စ–ပယင်းပမာ, အဆင်းဖြာလျက်, ဝင်းဝါဖျော့တော့ခိုက်လည်း ဖြစ်ကုန်ထသော၊ ပတိတာနိ စ–အာပေါ မရောက်, အစေးပျောက်သဖြင့်, သွေ့ခြောက်ကြွေကျသည်လည်း ဖြစ်ကုန်ထသော၊ တရုပဏ္ဏာနိ–သူ့ချိန်သူ့ခါ, ပေါ်လာဖြစ်ပျက်, သစ်ရွက်အပေါင်းတို့ကို၊ ပဿန္တော–ကမ္မဋ္ဌာန်းဂူ, စမ်းအငူမှ, မှန်းယူနေ့စဉ်, တွေ့မြင်ရသည်ရှိသော်၊ နိစ္စသညံ–မကွဲမလည်, အမြဲတည်ဟု, စွဲမှိုထင်ကာ, စဉ်လာအမှား, သညာများကို၊ ပနူဒတိ–တောင်ငွေ့တောင်ငွေ့, ချောင်ခလေ့ဖြင့်, ရှောင်ဝေ့ဖယ်ရှားနိုင်လေတော့သတည်း။

**သာဓု…သာဓု…သာဓု။**

**သစ်ပင်တွေက မမြဲကြောင်းပြောနေ**

တောရဲ့ သဘာဝကလေ မိမိက ကမ္မဋ္ဌာန်းကျောင်းမှာ နေလို့, ကမ္မဋ္ဌာန်းဂူထဲမှာ တရားထိုင်လို့, ဝတ်ဖြူစင်ကြယ် ဝတ်လို့, တဏှာလောဘ အလိုကို မလိုက်ဘဲနဲ့ သင့်တော်သလို စားလို့, အဲဒီလို နေပြီးတော့ တရားထိုင်ရာက ပတ်ဝန်းကျင် သစ်ပင်လေးတွေ ကြည့်လိုက်တော့ တစ်ခါတစ်ခါ သစ်ပင်ကလေးတွေ စိမ်းလို့၊ တစ်ခါတစ်ခါတော့

နုနုနယ်နယ် နီနီမြန်းမြန်းကလေး၊ အဲဒီလို သစ်ရွက်တွေ ပြောင်းပြောင်းပြီးတော့ သစ်ပင်တွေ အခြေအနေပြောင်းတာ ကြည့်ကြည့်ပြီးတော့ အပေါ်စားပေ့ါလေ, စဉ်းစားလိုက်လျှင် မမြဲတာကတော့ ဒီခန္ဓာကိုယ် မပြောနဲ့, ဟောဟို သစ်ပင်တွေကိုက တို့ကို မမြဲဘူးလို့ ပြောနေကြတယ်။

အင်း...ခပ်စောစော တန်ခူးလောက် ကဆုန်လောက်ဆိုတော့ သစ်ပင်တွေက နုလို့၊ **"အဘိရတ္တာနိစ-တစ်ခေတ်ကူးလစ်, ဖူးပုရစ်ဖြင့်, မြူးချစ်စဖွယ်,နုနယ်နီမြန်းခိုက်လည်း ဖြစ်ကုန်ထသော"** ပတ်ဝန်းကျင် သစ်ပင်တွေက နုလို့၊ တချို့ သစ်ပင်တွေက နီနီလေးတွေ ဖြစ်လို့၊ တော်တော်ကလေးကြာလို့ ဆိုပါတော့ မိုးတွေဘာတွေက ရွာထားလို့၊ နယုန်လလောက် ဘယ်လောက်ကျတော့, **"နီလာနိစ-စိမ်းတစိုစို, ညိုတမှောင်မှောင်, ခိုရောင်မြသွေး, ကမ္ဗာဆေးဖြင့်, အလှရေးသကဲ့သို့ လည်း ဖြစ်ကုန်ထသော"** နယုန်လလောက်ကျတော့ စိမ်းလို့ စိုလို့, သစ်ပင်ကလေးတွေ ကြည့်လို့တစ်မျိုး တင့်တယ်တယ်၊ နောက် ဒီ စိမ်းရာ စိုရာက တဖြည်းဖြည်း ကြာလာတော့ နေရောင်တွေ ဘာတွေ က တော်တော်ကလေး ထိုးလာတော့၊ အရင်က စိမ်းနေတဲ့ အရွက် တွေဟာ တဖြည်းဖြည်း ရင့်ရင့်လာပြီး ဖျော့တော့တော့ ဝါတာတာ ဖြစ်လာတယ်၊ **ပဏ္ဍုနိ စ-ပယင်းပမာ, အဆင်းဖြာလျက်, ဝင်းဝါဖျော့ တော့သည်လည်း ဖြစ်ကုန်ထသော"** ခပ်ရော်ရော် ခပ်ဝါဝါ ဖြစ်လာတယ်။

ဒီတော့ လူများလိုပဲ လူများမှာ တစ်သက်ပြောင်းလဲသလို သစ်ပင် တွေကလဲ တစ်နှစ်တစ်နှစ် ပြောင်းသွားလိုက်တာ, ပထမတော့ နုနု နယ်နယ်ကလေးတွေ နုလို့နီလို့, ဒုတိယကျတော့ စိမ်းလို့ စိုလို့ညိုလို့, သစ်ပင်ကလေးတွေ၊ နောက် တတိယ နေရောင်တွေ ဘာတွေ တော် တော်ကလေး ထိုးလာလို့ တော်တော်လေး နွမ်းလာလောက်ပြီဆိုတော့

ဝင်းလို့ ဝါလို့, နောက် အဲဒီ ဝင်းဝါရာကပဲ တပေါင်း တန်ခူး ရှေပိုင်းလောက်ကျတော့ **"ပတိတာနိ စ–အာပေါမရောက်, အစေး ပျောက်သဖြင့်, သွေ့ခြောက်ကြွေကျသည်လည်း ဖြစ်ကုန်ထသော"** နေပူအရှိန်ကြောင့် သစ်ရွက်တွေက တဖြည်းဖြည်းနဲ့ ဝါတာတာ ဖျော့တော့တော့ ဖြစ်ဖြစ်လာတယ်၊ ပြီးတော့ သစ်ပင်က အာပေါဓာတ် ရေဓာတ်တွေ အထက် ပို့ပို့နေသော်လည်း အဲဒီ ရေဓာတ် အစိုအစေး ဓာတ်က သစ်ရွက်တွေဆီ, သစ်ရွက်ညှာတံရိုးကလေးတွေဆီ မရောက် တော့ဘူး၊ အဲဒါနဲ့ သစ်ရွက်တွေဟာ အစိုအစေးဓာတ်ပျောက်ပြီး သွေ့ခြောက် ကြွေကျကြရတယ်။

**"ပတိတာနိ စ–အာပေါမရောက်, အစေး ပျောက်သဖြင့်, သွေ့ခြောက်ကြွေကျသည်လည်း ဖြစ်ကုန်ထသော၊ တရုပဏ္ဏာနိ– သူ့ချိန်သူ့ခါ, ပေါ်လာဖြစ်ပျက်, သစ်ရွက်အပေါင်း တို့ကို၊ ပဿန္တော– ကမ္မဋ္ဌာန်းဂူ, စမ်းအငူမှ, မှန်းယူနေ့စဉ်, တွေ့မြင်ရသည်ရှိသော်"** ကမ္မဋ္ဌာန်းတရား နှလုံးသွင်းနေတဲ့ ရဟန်းတော် သံဃာတော် ဒကာ ဒကာမတွေ ဂူကထွက်လိုက် သစ်ပင်ကလေးတွေကြည့်, တလောတုန်း က သစ်ပင်ကလေးတွေ စိမ်းစိုလို့, ကြည့်စမ်း အခု ဝါလာပြီ၊ ဟိုနားက တချို့သစ်ပင်တွေ ကြွေကုန်ကြပြီ၊ အနိစ္စဆိုတာကို အပြင်ဘက်က ရုပ်တွေကလဲ ပြနေတာပဲ။

**သစ်ပင် သစ်ရွက်တွေထက် စိတ်က အဖြစ်မြန်**

ဒါတွေ မြင်ပြီးတော့ **"နိစ္စသည်– မကွဲမလည်, အမြဲတည်ဟု, စွဲမှိုထင် ကာ, စဉ်လာအမှား, သညာများကို"** အမှတ်တမဲ့နဲ့ဆိုတော့ မြဲသလို ထင်ထင်နေတယ်၊ ခုသစ်ပင်တွေက တရားပြနေတော့ မမြဲဘူး၊ ကျုပ်တို့ သစ်ပင်တွေတောင် မမြဲဘူး၊ ခင်ဗျားတို့ သက်ရှိလူတွေဆိုတော့ ဘာပြောစရာရှိမလဲ၊ ခုဖြစ်,ခုပျက် ဆိုတဲ့ ရုပ်နာမ်တွေနဲ့ နေရတော့ လူတွေ သတ္တဝါတွေဆိုတာကတော့

ဘာပြောစရာရှိတော့မလဲ၊ စိတ်ကိုက သစ်ပင် သစ်ရွက်တွေထက် တောင် အဖြစ်အပျက် မြန်သေးတယ်၊ ခုစိတ် တစ်မျိုးဖြစ်လိုက်, တရား နှလုံးသွင်းလို့ တရားစိတ်ဖြစ်လိုက်, တော်တော်ကြာတော့ စားရင်း သောက်ရင်း အရသာယူတဲ့ စိတ်ကလေးများပေါ်လာလိုက်, တော်တော် ကြာတော့ ဟိုတွေး, ဒီတွေးနဲ့ စိတ်ကလေးများ ပေါ်လာလိုက်။

အဲဒီလိုပေါ့, ဒီအပြင်ဘက်က သစ်ပင်တွေ လှမ်းပြီးတော့ ခင်ဗျားတို့ ယောဂီတွေဟာ ဒီလိုပါပဲလို့ ပြောနေသလို၊ **"တရုပဏ္ဏာနိ– သူ့ချိန် သူ့ခါ, ပေါ်လာဖြစ်ပျက်, သစ်ရွက်အပေါင်းတို့ကို၊ ပဿန္တော– ကမ္မဋ္ဌာန်းဂူ, စမ်းအင်ူမှ, မှန်းယူနေ့စဉ်, တွေ့မြင်ရသည်ရှိသော်၊ နိစ္စသညာ–မကွဲမလည်, အမြဲတည်ဟု, စွဲမှီထင်ကာ, စဉ်လာအမှား, သညာများကို၊ ပနူဒတိ–တောင်ငွေ့ တောင်ငွေ့, ချောင်ဓလေ့ဖြင့်, ရှောင်ဝေ့ဖယ်ရှားနိုင်လေတော့သတည်း။**

**သာဓု...သာဓု...သာဓု။**

ဒီတော့ ဘုန်းကြီးတို့ ယနေ့ ဆရာတပည့်တစ်စု ဆရာဒကာ တစ်စု တောထဲ ရောက်နေကြတယ်၊ ကမ္မဋ္ဌာန်းကျောင်း အနီးအပါးမှာ, ဟို ကျောက်ဂူတွေရဲ့ အနီးအပါးမှာ ရောက်နေကြတယ်၊ဘုန်းကြီးတို့ ည ခုနစ်နာရီလောက် အရင် အချိန်တုန်းက ဒုက္ခနဲ့ သမုဒယ အကြောင်းကို ပြောတယ်၊ ယနေ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာအကြောင်း ပြောရမယ်၊ ဒီတော့ နိရောဓသစ္စာကို လည်လည်ပတ်ပတ် တရား ဆွေးနွေးသလို ဆွေးနွေးကြစို့။

## နိရောဓသစ္စာ

ပထမဆုံး မြတ်စွာဘုရားက ဓမ္မစကြာမှာ သမုဒယသစ္စာ ဟော ပြီးတဲ့နောက် နိရောဓသစ္စာကို ဟောတော်မူတယ်။

**"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ"။**

**"ဘိက္ခဝေ–ရဟန်းတို့၊(ပဉ္စဝဂ္ဂီ အမျိုးရှိတဲ့ နတ်ပရိသတ်တွေပေါ့၊) ဘိက္ခဝေ–ရသေ့ ရဟန်းတို့၊ ဣဒံ ခေါ ပန–ဤဆိုအပ်လတ္တံ့သော တရားသဘောသည်ကား၊ ဒုက္ခနိရောဓော–ပြခဲ့တဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ အစရှိတဲ့ ဒုက္ခတို့၏ ကင်းပျောက်ချုပ်ငြိမ်း ရုတ်သိမ်းရာ နိရောဓဖြစ်သော၊ အရိယသစ္စံ–အရိယာအဖြစ်ကို ပြုနိုင်တဲ့ မှန်ကန်တဲ့ သဘောတရားတစ်ခုပါပေတည်း"** ယခုပြောမယ့် တရားက ဒုက္ခချုပ်တဲ့ နိရောဓသစ္စာတရား ဖြစ်တယ်၊ အဲဒီ နိရောဓသစ္စာဆိုတာ ဘယ်ဟာလဲဆိုတော့–

**"ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော"။**

တဿာယေဝ တဏှာယ–ထိုဒုက္ခအပေါင်း၏ ဖြစ်ကြောင်းဖြစ်သော တဏှာ၏သာလျှင်၊ ယော အသေသဝိရာဂနိရောဓော–အကြွင်းအကြွင်းမဲ့ လုံးဝဥဿုံ တပ်မက်တွယ်တာမှု မရှိရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားသည်၊ ယော စာဂေါ–အကြင် စွန့်ရာဖြစ်တဲ့ နိဗ္ဗာန်တရားသည်၊ ယော ပဋိနိဿဂ္ဂေါ–အကြင် လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်တရားသည်၊ ယာ မုတ္တိ–အကြင် လွတ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်တရားသည်၊ ယော အနာလယော–အကြင် တွယ်တာရာမဟုတ်တဲ့ တရားသည်၊ အတ္ထိ–ရှိ၏၊ ဣဒံ–အဲဒီ နိဗ္ဗာန်တရားသည်၊ ဒုက္ခနိရောဓော–ဒုက္ခအပေါင်း၏ ကျွတ်လွတ်ရာဖြစ်သော၊(ဒုက္ခနိရောဓော–ဒုက္ခအပေါင်း၏ ကင်းပျောက်ချုပ်ငြိမ်း ရုတ်သိမ်းရာဖြစ်သော၊) အရိယသစ္စံ–ဤတရားကို သိလျှင် အရိယာဖြစ်အောင် ပြုနိုင်တဲ့ တရားတစ်မျိုးပေတည်း။

**အကြောင်းတဏှာချုပ်ရင် အကျိုးဒုက္ခ ချုပ်**

နာမည်ကတော့ ဒုက္ခနိရောဓလို့ ဒုက္ခချုပ်ရာလို့ ဆိုတယ်၊ ဒါပေမယ့် တကယ်ချုပ်သွားတဲ့အခါကျတော့ ဘယ်သူတွေကို

ပြသလဲလို့ဆိုတော့,**"တဿာယေဝ တဏှာယ–တိုသမုဒယသစ္စာ အမည်ရတဲ့**(ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့)**တဏှာ၏ပင်၊ ယော အသေသ ဝိရာဂနိရောဓော–အကြွင်းအကျန်မရှိအောင် အရဟတ္တမဂ်ဖြင့် ပယ်သတ်လိုက်သဖြင့် ကင်းပျောက်ချုပ်ငြိမ်း ရုတ်သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တရားသည်"** တဏှာ ချုပ်တာနဲ့ ဒုက္ခချုပ်တာ ဘယ်ဟာက ပိုပြီး အရေးကြီးသလဲဆိုတော့ တဏှာချုပ်တာက ပိုအရေးကြီးတယ်၊ အကြောင်းရင်းဖြစ်တဲ့ တဏှာချုပ်ရင် အကျိုးဒုက္ခဟာ မုချချုပ်ရတော့မှာပဲ၊ အဲဒါကြောင့် ဒုက္ခနိရောဓ(ဒုက္ခချုပ်ရာ)လို့ နာမည်တပ်ထားသော်လဲ တကယ်ကတော့ တဏှာချုပ်တာကိုသာ အဓိကထားပြီး ဟောတော်မူတယ်၊ အကြောင်းတဏှာချုပ်ရင် အကျိုးဒုက္ခတွေ အကုန်လုံးချုပ်တယ်။

**ဘုရားဟောနည်းက ခြသေ့်နဲ့တူ**။ ။မြတ်စွာဘုရားရဲ့ ဟောတော်မူနည်းက အကျိုးနဲ့အကြောင်းနဲ့ ဆက်သွယ်ပြီးတော့ ဟောတယ်လို့ ဘုန်းကြီး ပြောခဲ့တယ်၊ ပထမ တုန်းက ဒုက္ခသစ္စာကို ဟောတယ်၊ ဒုတိယကျတော့ အဲဒီ ဒုက္ခဟာ ဘာကြောင့်ဖြစ်သလဲဆိုတော့ တဏှာလောဘ သမုဒယကြောင့် ဖြစ်တယ်လို့ သိရအောင် သမုဒယသစ္စာကို ဒုတိယ ဟောတယ်၊ ယခု အဲဒီ ဒုက္ခနဲ့ သမုဒယတို့ ချုပ်ပျောက်ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို ဆက်ပြီးတော့ ဟောတယ်၊ ဒီတော့ ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ ဟောတော်မူနည်း ကျင့်တော်မူနည်းက ခြသေ့်များနဲ့တူတယ်။

**ခြသေ့်ပမာ တို့မြတ်စွာ**။ ။ခြသေ့်များဟာ လူတစ်ယောက်က လှမ်းပြီးတော့ (ဟို ရှေးခေတ်အတိုင်း ပြောကြစို့) မြားနဲ့ ပစ်တယ်ဆိုပါတော့ မြားနဲ့ပစ်ရင် မြားကို ရှောင်ပြီး တော့ အဲဒီ မြားနဲ့ပစ်တဲ့ လူကို မိအောင် ဖမ်းတယ်၊ ခြသေ့်ဟာ

မြှားပစ်တဲ့သူလဲ မိရော, ပစ်တဲ့မြှားလဲ ကိုယ့်ဆီ မရောက်တော့ဘူး၊ ဒီတော့ ခြင်္သေ့များဟာ အကြောင်းကို လိုက်လိုက်ပြီးတော့ ဖမ်းတယ်၊ ထို့အတူ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ အကြောင်းရင်းလိုက်တယ်၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို လူတွေက သိပ်လိုချင်တယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ဒုက္ခတွေကို မြတ်စွာဘုရားက ဟောပြတော့ လူတွေဟာ တော်တော် ကြောက်ရွံ့သွားတယ်၊ အဲဒီလို ကြောက်ရွံ့သွားတော့မှ အဲဒီ ဒုက္ခတွေဟာ ဟောဒီ တဏှာကြောင့် ဖြစ်တာလို့ သိရအောင် ဒုတိယဖြစ်တဲ့ သမုဒယသစ္စာကို ဟောတော်မူတယ်၊ အဲဒီလို ဟောတော်မူတော့ တဏှာကြောင့် ဒုက္ခတွေဖြစ်တယ်၊ ဒုက္ခတွေဟာ ကြောက်စရာကောင်းလိုက်တာလို့ သတ္တဝါတွေ သံဝေဂဖြစ်နေတဲ့ အချိန်မှာ ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို ဟောတော်မူတယ်။

**တဏှာသုံးမျိုး။** ။ ဒုက္ခချုပ်ဖို့အတွက်ကလဲ တဏှာချုပ်မှသာ ဒုက္ခချုပ်မှာ၊ အဲဒါကြောင့်"**တဿာယေဝ တဏှာယ– ထိုဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ တဏှာအပေါင်း၏ပင်၊ ယော အသေသ ဝိရာဂနိရောဓော–အကြွင်းအကျန် မရှိအောင် အရဟတ္တမဂ်ဖြင့် ပယ်သတ်၍ ချုပ်ပျောက် ကင်းကွာသွားခြင်းသည်"** တဏှာကို အရဟတ္တမဂ်နဲ့ ပယ်သတ်လိုက်တော့ အဲဒီတဏှာဟာ အကြွင်းအကျန် မရှိအောင် အပြီးအပြတ် ချုပ်ပျောက်သွားတယ်၊ အဲဒီတဏှာကိုလဲ သုံးပိုင်း ပိုင်းရမယ်၊ "**အနုသယတဏှာ,ပရိယုဋ္ဌာနတဏှာ,ဝီတိက္ကမ တဏှာ**"လို့ အဲဒီလို သုံးပိုင်း သုံးမျိုးထား၊ အဲဒါကို မြန်မာလို ပြော ရရင် ကိန်းဝပ်နေတဲ့တဏှာ, ထကြွအုံကြွလာတဲ့တဏှာ, လွန်ကျူးတဲ့ တဏှာလို့ ဒီလို သုံးမျိုးမှတ်ကြစို့ရဲ့၊ ကိန်းဝပ်နေတဲ့တဏှာကို **အနုသယ**လို့ ခေါ်တယ်၊ ခု ဘုန်းကြီးတို့ တရားဟောနေတယ်၊ တဏှာ မဖြစ်ပါဘူး၊ တဏှာမဖြစ်တော့ ဘုန်းကြီးရဲ့ စိတ်အစဉ်မှာ

တဏှာ ကင်းသွားသလား, မကင်းပါဘူး၊ ဘာတဏှာ ရှိနေသလဲ၊ ခုတင်က ကိန်းဝပ်နေတဲ့ အနုသယတဏှာ ရှိတယ်၊ တစ်ခါ ခု တရားနာနေတဲ့ ဒီဆရာတပည့် ဒကာတစ်စု ခုတရားနာနေတုန်း, တရား စိတ်စိုက်နေတုန်း တဏှာဖြစ်သလား၊ မဖြစ်ပါဘူး၊ မဖြစ်ရင် တဏှာကုန်သွားပြီလား၊ မကုန်ပါဘူး၊ ဒါဖြင့် ဘာတဏှာရှိတုန်း ဆိုတော့ ကိန်းဝပ်နေတဲ့ အနုသယတဏှာ ရှိတယ်။

**ဝိတိက္ကမတဏှာ**။ ။နှစ်သက်စရာ, ခင်တွယ်စရာ အာရုံတစ်ခုခု, လိုချင်စရာအာရုံတစ်ခုခုနဲ့ မတွေ့ကြုံသေးရင်တော့ ဒီတဏှာဟာ ကိန်းဝပ်ရုံသာ ကိန်းဝပ်နေတဲ့ အနုသယတဏှာ အဆင့်လောက်သာ ရှိသေးတယ်၊ လိုချင်စရာအာရုံနဲ့တွေ့လို့ လိုချင်လာပြီ, နှစ်သက်ခင်တွယ်လာပြီဆိုရင်တော့ အနုသယတဏှာ မဟုတ်တော့ဘူး၊ ကိန်းဝပ်နေရာက ထကြွလာတဲ့ ပရိယုဋ္ဌာနတဏှာလို့ ဆိုရတော့မယ်၊ အဲဒီက တစ်ဆင့်တက်ပြီး အဲဒီအာရုံကို လိုချင်ရုံတင် မကတော့ဘဲ ရအောင်ယူမယ်၊ အနုနည်းနဲ့ပဲဖြစ်ဖြစ် ရအောင်ကြိုးစားအားထုတ်မယ်၊ သို့မဟုတ် မရ ရစေ့နည်းနဲ့ယူမယ်ဆိုပြီး အကြမ်းနည်းနဲ့ ကြိုးစားလို့ ဖောက်ဖောက်ပြန်ပြန် လွန်လွန်ကျူးကျူး ဖြစ်လာတယ်ဆိုရင်တော့ အဲဒီတဏှာဟာ နောက်ဆုံးအဆင့်ဖြစ်တဲ့ **ဝိတိက္ကမတဏှာ** ဖြစ်တော့တာပါပဲ။

ကလေးတွေ ဆိုပါတော့ ပထမအဆင့် အနုသယတဏှာ ကိန်းဝပ်နေတယ်၊ လိုချင်တာလေး တွေ့တော့ ဒုတိယအဆင့် ပရိယုဋ္ဌာနတဏှာ ထကြွလာပြီ၊ သည့်နောက် တတိယအဆင့်ကျတော့ကာ ထကြွလာရုံတင်မကတော့ဘူး၊ ဟိုဟာ လိုချင်လဲ တောင်း, ဒီဟာ လိုချင်လဲ တောင်း,တောင်းမရရင် ငိုတယ်, အတင်းလုတယ်၊ အဲဒါဟာ ကလေးရဲ့ ဝိတိက္ကမတဏှာပဲ၊ လူကြီးတွေရဲ့ ဝိတိက္ကမကျတော့ကာ လိုချင်တာကို ရအောင်ယူတဲ့အခါ အနုနည်းနဲ့သော်လဲ ယူမယ်၊

အကြမ်းနည်းနဲ့ မတရားသဖြင့် မရ ရအောင်ယူမယ်၊ လိမ်ညာယူ, ခိုးဝှက်ယူ, ဓားပြတိုက်ယူ၊ ဒါတွေဟာ ဝီတိက္ကမတဏှာတွေပဲ၊ ပြီးတော့ ပွဲကြည့်ချင်လို့ ပွဲသွားကြည့်တယ်, သီချင်းတွေ နားထောင်တယ်၊ စားလားသောက်လားလုပ်, အပျော်အပါးလိုက်စား, ကာမဂုဏ်တွေ ခံစား၊ ဒါတွေဟာ ဝီတိက္ကမတဏှာတွေပဲ။

**ဝီတိက္ကမကို သီလနဲ့ထိန်း။** ။ဒီတော့ ဘုန်းကြီးတို့ ဝီတိက္ကမတဏှာ မဖြစ်အောင် ဘာလုပ်ရတုန်းဆိုတော့ သီလနဲ့ ထိန်းထားရတယ်၊ စားတဲ့သောက်တဲ့အခါကျတော့ ဘယ့်နှယ်လုပ်ပါ့မတုံးဆိုတော့ စားတဲ့သောက်တဲ့အခါကျတော့ တဏှာလောဘ မဖြစ်အောင် မြတ်စွာဘုရားက ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့ ထိန်းခိုင်းထားတယ်၊ တစ်ခါ ပရိယုဋ္ဌာန ထကြွတဲ့တဏှာမဖြစ်ရအောင် သမာဓိနဲ့ ထိန်းထားရတယ်၊ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းနေရင် မထကြွဘူး၊ ခု ဆိုပါတော့ တရားနာနေကြတယ်၊ ဘုန်းကြီးက တရားဟောနေတယ်၊ ဓမ္မာနုဿတိဆိုပါတော့ ကမ္မဋ္ဌာန်းတစ်မျိုးနဲ့ တရားအာရုံရောက်နေတယ်၊ ပရိယုဋ္ဌာန ထကြွတဲ့တဏှာမဖြစ်ဘူး။

**အနုသယကို မဂ်နဲ့ပယ်။** ။သို့ပေမယ်လို့ ဘုန်းကြီးတို့ မဂ်တရား, ဖိုလ်တရား မရသေးလို့ရှိရင် အတွင်းမှာ ကိန်းဝပ်ပြီးတော့နေတဲ့ အနုသယတဏှာကတော့ ရှိသေး၊ အဲဒီ အနုသယတဏှာကိုတော့ မဂ်နဲ့ ပယ်ဖျက်ပစ်ရမယ်၊ အဲဒါမှ အနုသယ တဏှာ ပျောက်ပျက်သွားမယ်၊ ဒါကြောင့် **"တဿာယေဝ တဏှာယ– ထို ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ တဏှာအပေါင်း၏ပင်၊ ယော အသေသ ဝိရာဂနိရောဓော–အကြင် အရဟတ္တမဂ်ဖြင့် အကြွင်းအကျန် မရှိအောင် ချုပ်ရာဖြစ်တဲ့ တရားသဘောသည်"** အရဟတ္တမဂ်ရတော့ ဒီတဏှာ အနုသယဟာ ပျောက်ပျက်သွားတယ်၊ ဒီတဏှာဟာ အစမထင် အနမတဂ္ဂသံသရာက ပါလာတဲ့အတွက် အရဟတ္တမဂ်ဖြင့်

ပယ်ဖျက်ပစ်မှသာ ဒီတဏှာဟာ ပျောက်ပျက်သွားတယ်၊ အနမတဂ္ဂ သံသရာကပါလာတဲ့ တဏှာဆိုတဲ့ဥစ္စာ ဒါကြောင့် နိဗ္ဗာန်လဲ မြင်ရော တဏှာလဲ ပျောက်သွားရော၊ အရဟတ္တမဂ်နဲ့မြင်မှ အကုန် ပျက်သွားတယ်၊ သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်ကို မြင်တုန်းက တော်တော် ကြီးကျယ်တဲ့တဏှာ ပျက်သွားတယ်။

သကဒါဂါမိမဂ်နဲ့ နိဗ္ဗာန်မြင်တော့ ဒီထက် သိမ်မွေ့တဲ့ ကျန်နေတဲ့ တဏှာ ပျက်သွားတယ်၊ အားလုံးတော့ မကုန်သေးဘူး၊ အနာဂါမိမဂ်နဲ့ နိဗ္ဗာန်ကို မြင်တော့ အတော်ကြီးကို များများကြီး ပျက်သွားတယ်၊ ဒါလဲ မကုန်သေးဘူး၊ အရဟတ္တမဂ်နဲ့ နိဗ္ဗာန်ကို မြင်တော့မှ တစ်ခါတည်းကို သိမ်သိမ်မွေ့မွေ့ ဘာမှ မဖြစ်လောက်တဲ့တဏှာပါ အားလုံး ပျက်သွားတယ်၊ ဒီတော့ တဏှာရဲ့ နယ်ချဲ့ပုံဟာ လျှောက်ပြီးစဉ်းစားကြည့်ရင် အရဟတ္တမဂ် မရောက်မချင်း တဏှာ ကျန်နေတာပဲ။

**အနာဂါမ်ဗြဟ္မာ သာယာမှုရှိ။** .။ အရဟတ္တမဂ်ရောက်ဖို့ ရဟန္တာဖြစ်ဖို့ အလွန်နီးကပ်တဲ့ အနာဂါမ် ဗြဟ္မာကြီးတွေကို စဉ်းစားကြည့်၊ ဗြဟ္မာတွေဆိုတော့ လောကီအာရုံ ကာမဂုဏ်အကြမ်းစားတွေဆိုတာ အဝေးကြီး, လက်ဦးအစ ဗြဟ္မာ ဖြစ်ကတည်းကိုက ကာမဂုဏ်စိတ်ဓာတ် အကြမ်းစားတွေ မရှိဘူး၊ သောတာပန်,သကဒါဂါမ်ဗြဟ္မာကြီးတွေဆိုရင် နောက်ထပ် ကာမဂုဏ် စိတ် အကြမ်းစားဖြစ်ဖို့ ဘယ်တော့မှ အခွင့်အလမ်းမရှိတဲ့ ဘဝမျိုး ရောက်နေပြီ၊ အဲဒီ သောတာပန်, သကဒါဂါမ်ဗြဟ္မာကြီးတွေထက် အနာဂါမ်ဗြဟ္မာကြီးတွေက ပိုပြီး အဆင့်အတန်း မြင့်တယ်၊ သူတို့ဟာ ရဟန္တာဖြစ်ဖို့ နီးကပ်လှပြီ၊ အနာဂါမ်ထက် တစ်ဆင့်တက်လိုက်ရင် ရဟန္တာပဲ ရှိတော့တယ် မဟုတ်လား၊ ဒါပေမယ့် အဲဒီ အနာဂါမ်ဗြဟ္မာ ကြီးတွေဟာ ရဟန္တာမဖြစ်သေးတဲ့အတွက် သာယာတဲ့ စိတ်ဓာတ်,

နှစ်သက်တဲ့စိတ်ဓာတ်ဟာ နည်းနည်းကလေး ကျန်သေးတယ်၊ ဘာကို သာယာနေသလဲ, ဘာကို နှစ်သက်နေသလဲဆိုတော့ သူတို့ရဲ့ ဘုံဗိမာန်တွေကို နည်းနည်း သာယာနေကြသေးတယ်၊ သဘောကျနေကြသေးတယ်၊ ပြီးတော့ ကိုယ့်ဘဝကလေး(သူတို့ရဲ့ ဗြဟ္မာဘဝကလေး)ကို နှစ်သက်ပြီး ကျေနပ်ပြီး နေကြသေးတယ်၊ ဒါပေမယ့် ရာဂဆိုတဲ့ အကြမ်းစား အကုသိုလ် မဟုတ်ပါဘူး၊ နန္ဒီဆိုတဲ့ နှစ်သက်မှုကလေး အနုစား အသေးစား လောဘကလေးလောက်သာ ရှိပါတယ်။

**မအိုမသေရာကို ရိုးရိုးသွားလို့မရောက်** အဲဒီ အနာဂါမ်ဘဝကို ကျော်လွန်ပြီးတော့ အဆင့်အတန်း အမြင့်ဆုံးဖြစ်တဲ့ ရဟန္တာဘဝရောက်တော့မယ်ဆိုတော့ ကျန်ရှိသမျှ အကုသိုလ်တွေကို အရဟတ္တမဂ်နဲ့ အကုန်လုံး ပယ်သတ်လိုက်တယ်၊ အဲဒါကြောင့် ရဟန္တာဖြစ်တဲ့အခါကျတော့ အသေးစား အနုစား နှစ်သက်မှု သာယာမှုဆိုတဲ့ လောဘ သေးသေးဖွဲ့ဖွဲ့ကလေးတောင် မရှိတော့ဘူး၊ အဲဒါကြောင့် "**တဿာယေဝ တဏှာယ–ထိုဒုက္ခဖြစ်ကြောင်း တဏှာအပေါင်း၏ပင်၊ ယော အသေသဝိရာဂနိရောဓော–အကြင်အရဟတ္တမဂ်ဖြင့် ပယ်သတ်လိုက်ခြင်းကြောင့် အကြွင်းအကျန်မရှိအောင် ချုပ်ပျောက် ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာန်ဟူသော သဘောတရားသည်**"လို့ ဟောတော်မူတယ်၊ အဲဒီနိဗ္ဗာန်ကို အရဟတ္တမဂ်နဲ့ အာရုံပြု သိမြင်တဲ့အခါကျတော့မှ တဏှာဟာ လုံးဝဥဿုံ အကုန်ချုပ်ပျောက်သွားတယ်၊ တဏှာချုပ် တဏှာကုန်ရင် နောက်ထပ် ဒုက္ခလိုက်တော့မလား, မလိုက်တော့ဘူး၊ ဒီတော့ နိဗ္ဗာန်က အင်မတန် စဉ်းစားလို့ ကောင်းတယ်၊ ဘုန်းကြီးတို့ ရှေးတုန်းက ပညာရှိတွေ ဒီလောကကြီး ဟိုဘက် ဘာရှိသလဲလို့ စဉ်းစားကြတယ်၊ ဟို–မြတ်စွာဘုရား လက်ထက်တုန်းက နတ်သားတစ်ယောက် လာပြီးတော့

ဘုရားကို လျှောက်တယ်၊ **"မြတ်စွာဘုရား မအို,မနာ,မသေရာဖြစ်တဲ့ နေရာကို ဒီ ခြေတို့နဲ့ လေယာဉ်တို့နဲ့ သွားလို့ ရောက်နိုင်ပါ့မလား ဘုရား"** ဒီရိုးရိုး အသွားမျိုးဆိုတာ ခြေလျင်သွားတာလဲ ရှိတယ်၊ လှည်းနဲ့သွားတာလဲ ရှိတယ်၊ ရထား သင်္ဘောနဲ့ သွားတာလဲရှိတယ်၊ ယခုခေတ်ကျတော့ လေယာဉ်နဲ့သွားတာလဲ ရှိတယ်၊ ဒီအသွားတွေဟာ ရိုးရိုးအသွားချည်းပဲ၊ အဲဒီလို အသွားမျိုးနဲ့ မအို,မနာ,မသေရာဖြစ်တဲ့ နေရာဌာနကို ရောက်နိုင်ပါ့မလားလို့ဆိုတော့ **"မရောက်နိုင်ဘူး"**လို့ အမိန့်ရှိတယ်။

**ခြေလျင် ယာဉ်ရထား ရိုးရိုးသွားလို့ မရောက်**

ဟုတ်လိုက်တာဘုရားတဲ့၊ တပည့်တော် ရှေးတုန်းက အဘိညာဉ်ရတဲ့ ရသေ့တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီတုန်းက တပည့်တော် ဒီလို အကြံအစည် ဖြစ်ခဲ့ဖူးပါတယ်၊ ဒီ ကမ္ဘာလောကကြီးရဲ့ဆုံးရာ ဟိုဘက် ငါရောက်အောင် သွားမယ်၊ ငါ့မှာ မြန်မြန်ကြီး သွားနိုင်တဲ့ တန်ခိုးရှိသားပဲ၊ အဲဒီ တန်ခိုးနဲ့ ငါရောက်အောင် သွားမယ်လို့ ဆိုပြီးတော့ တပည့်တော် သွားခဲ့ပါတယ်၊ ဒီကမ္ဘာပြီး ဟိုကမ္ဘာ, ဟိုကမ္ဘာပြီး ဟိုနောက်ကမ္ဘာ, ဟိုနောက်ကမ္ဘာ ဆက်ကာဆက်ကာ သွားခဲ့ပါတယ်၊ အဲဒီတုန်းက တပည့်တော် တန်ခိုးနဲ့သွားတော့ ဘယ်လောက်များ လျင်မြန်သလဲဆိုရင် ဒီကမ္ဘာလောကဓာတ်ကြီး တစ်ခု တစ်ခုကို ကျော်ဖြတ်သွားတာဟာ မြားပစ်လိုက်တဲ့အခါ ထန်းပင်ရိပ်ကလေး တစ်ခုကို မြားကျော်ဖြတ်သွားလောက်သာ အချိန်ကြာပါတယ်ဘုရားတဲ့၊ ထန်းပင်ရိပ်တစ်ခုကို မြားကျော်ဖြတ် သွားတာဟာ ဘာဆို ဘာလောက်မျှ မကြာဘူး၊ ရွှတ်ခနဲဆို ဒီ အရိပ်ကလေးကို ကျော်သွားတာပဲ၊ ကမ္ဘာလောကဓာတ်ကြီး တစ်ခု တစ်ခုကို အဲဒါလောက် မြန်မြန်ကြီး ကျော်ဖြတ်သွားခဲ့ပါတယ်၊ နောက်တော့ တပည့်တော် သွားရင်းလာရင်း ဘယ်လောက်သာ

နားတဲ့အချိန် ရှိတုန်းဆိုတော့ အလေးအပေါ့ စွန့်တဲ့အချိန်လောက်, မလွှဲသာတဲ့ စားတဲ့အချိန်လောက်သာ တပည့်တော် နားပြီးတော့ သွားလိုက်တာ အသက်(၁၀၀)လောက် ကြာလဲ ကမ္ဘာကတော့ မကုန်ဘူး၊ တပည့်တော်လဲ သွားရင်းနဲ့ပဲ အသက်ကုန်တဲ့အခါ တပည့်တော်ရဲ့ နိကန္တိတဏှာက ဒီကမ္ဘာကိုပဲ နှစ်သက်လို့မို့, ဒီကမ္ဘာကိုပဲ ခင်မင်တွယ်တာလို့မို့ တပည့်တော်ဟာ ဒီကမ္ဘာမှာပဲ ပြန်ဖြစ်ပါတယ်၊ ခြေလျင် ယာဉ်ရထား ရိုးရိုးအသွားမျိုးနဲ့ သွားလို့ ကမ္ဘာ့အဆုံး မရောက်နိုင်ဘူးဆိုတာ မှန်ပါတယ်ဘုရားလို့ သူက လျှောက်တယ်၊ မြတ်စွာဘုရားကလဲ—

**"ဂမနေန န ပတ္တဗ္ဗော, လောကဿန္တော ကုဒါစနံ"**

လောကဿ—သင်္ခါရလောက၏၊ အန္တော—အဆုံးဖြစ်တဲ့အရပ်ကို၊ ဂမနေန—လှည်းယာဉ် လှေယာဉ်, ခြေလျင် ရထား, လိုက်ကာသွား သဖြင့်၊ ကုဒါစနံ—တစ်ရံတစ်ဆစ်မျှ၊ န ပတ္တဗ္ဗော—မရောက်အပ် မရောက်နိုင်ချေ။

**"န စ အပတွာ လောကန္တံ, ဒုက္ခာ အတ္ထိ ပမောစနံ"**

**"လောကန္တံ—သင်္ခါရလောကရဲ့ အဆုံးသို့၊ န စ အပတွာ—မရောက်သေးသမျှသာလျှင်၊ ဒုက္ခာ—အိုနာသေရေး, ဒုက္ခဘေးမှ၊ ပမောစနံ—လွန်မြောက်ခြင်းသည်၊ နတ္ထိ—မရှိနိုင်ချေ"**တဲ့။

ဤလောကကြီးထဲကို ရိုးရိုးသွားတဲ့ အသွားမျိုးနဲ့ မဆုံးဘူး၊ နတ်သားလဲ ဒီကမ္ဘာလောက ဩကာသလောကကြီးအဆုံး မသွားနိုင်ဘူး၊ မြတ်စွာဘုရားက **"ဒီကမ္ဘာလောက ဩကာသလောကကြီး မဆုံးတဲ့အပြင် ဒီ သင်္ခါရလောကဆိုတဲ့ ရုပ်နာမ်ခန္ဓာရဲ့ အဆုံးလဲပဲ ယခု အသွားမျိုးနဲ့ သွားလို့မရဘူး၊ ဒီရုပ်နာမ်ခန္ဓာဆိုတဲ့ သင်္ခါလောက ရဲ့အဆုံးကို မတွေ့သေးသမျှလဲပဲ ဘယ်တော့မှ ဒုက္ခက မလွတ်နိုင်ဘူး"** လို့ အဲဒီလို မြတ်စွာဘုရားက ဟောတော်မူတယ်။

**ဓာတ်လေးပါးချုပ်ရာ နတ်ဗြဟ္မာတွေ မေး** ရှေးတုန်းက လောကအဆုံး ကြံကြတယ်၊ ရှာကြတယ်၊ ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ ရဟန်းတစ်ပါးလဲ ဒီလိုပဲ ရှာတယ်၊ ပထဝီ,အာပေါ,တေဇော,ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့ ချုပ်ဆုံးရာ ဌာနကို ငါကြည့်စမ်းချင်တယ်, သိစမ်းချင်တယ်၊ ဘယ်သူတွေများ သိပါ့မလဲနဲ့ သူကစဉ်းစားတယ်၊ သူလဲမသိနိုင်ဘူး၊ တန်ခိုးတော့လဲ သူ့အရှိသား, ဈာန်အဘိညာဉ်လဲ သူ့ရသား၊ ဒီ ပထဝီ, အာပေါ, တေဇော,ဝါယောဆိုတဲ့ ရုပ်တရားကြီးတွေရဲ့ ချုပ်ဆုံးရာ ဌာနဟာ ဘယ်နေရာမှာ ကြွင်းမဲ့ကုန်ခန်းချုပ်မယ်၊ ငါ သိကြည့်စမ်းချင်တယ်။

ဒီလို ကြံကာ နတ်တွေတော့ တော်တော်တန်ခိုးရှိတယ်၊ နတ်တွေ သိကောင်းသိလိမ့်မယ်လို့ ဆိုပြီးတော့ **စတုမဟာရာဇ်** နတ်ပြည်တက်ပြီးတော့ နတ်တွေကို မေးတယ်၊ သင်တို့ တန်ခိုးသိပ်ကြီးတာပဲ, သင်တို့က ပထဝီ,အာပေါ, တေဇော,ဝါယောဆိုတဲ့ ဓာတ်တွေရဲ့ အဆုံးနေရာကို သင်တို့ မသိ ဘူးလား၊ အား–ကျုပ်တို့ မသိဘူး၊ ဘယ်သူများ သိသလဲ ပြောစမ်းပါ လို့ဆိုတော့ **တာဝတိံသာ**နတ်တွေတော့ သိပ်တန်ခိုးကြီးတာပဲ, သူတို့ကို သွားမေးစမ်းပါလား၊ သူတို့ တော့ သိကြပါလိမ့်မယ်၊ အဲဒီလို ပြောလိုက်တော့ တာဝတိံသာကို တက်သွားပြီး အဲဒီ နတ်တွေ မေးတယ်၊ ဒါ ကျုပ်တို့ မသိဘူး၊ ဘယ်သူ သိမယ်ထင်တုန်း၊ **သိကြား**မင်းတော့ ကျုပ်တို့ထက် တန်ခိုးကြီးတယ်၊ ဒီတော့သိကြားမင်း မေးစမ်းပါလား၊ သိကြားမင်း မေးတော့, အား–ကျုပ်လဲ မသိဘူး၊ ဘယ်သူများ သိမလဲ၊ ကျုပ်တို့ အထက်က **ယာမာ**နတ်တွေတော့ ကျုပ်တို့ထက် တန်ခိုးကြီးတယ် ဆိုတော့ အထက်တက် မေးပြန်ရော၊ တာဝတိံသာက ယာမာတက်, ယာမာက **တုသိတာ** ညွှန်,တုသိတာက **နိမ္မာနရတိ** ညွှန်, နိမ္မာနရတိက **ပရနိမ္မိတဝသဝတ္တီ** ညွှန်, အကုန်လုံး နတ်တွေ မေး၊ အဲဒီဘုံက

နတ်မင်းတွေ မေး မသိဘူး၊ ဘယ်သူများ သိမလဲ ဗြဟ္မာတွေတော့ ကျုပ်တို့ထက် တန်ခိုးကြီးတာပဲ, ဗြဟ္မာတွေများ မေးကြည့်စမ်းပါလား လို့ဆိုတော့ ဗြဟ္မာတွေဆီ မေး, ဗြဟ္မာတွေ မေးတော့လဲ ကျုပ်တို့ မသိဘူးတဲ့။

**ဗြဟ္မာမင်းကကြွားဝါပြီးပြော။** ။ဘယ်သူများတော့ သိမလဲ၊ ကျုပ်တို့ထက် တန်ခိုးကြီးတဲ့ ဗြဟ္မာမင်း ဆိုတာ ရှိတယ်၊ သူကတော့ သိပ်ကို တန်ခိုးကြီးတာပဲ၊ သိများ သိမလား မပြောတတ်ဘူး၊ ဗြဟ္မာမင်းကို မေးတယ်၊ ဗြဟ္မာမင်း မေးတော့ ဗြဟ္မာမင်းက ပရိသတ်ထဲ မေးတာဖြစ်တော့ သူမသိတာကို မသိပါဘူးလို့ ပြောရမှာ ရှက်တယ်၊ ပတ်ဝန်းကျင် ကိုယ့်လက်အောက် ဗြဟ္မာတွေက အထင်သေးမှာ စိုးတယ်ကိုး၊ အဲဒါကြောင့် သူက ရှောင်လွှဲ ပြောတယ်၊ ကျုပ်က မဟာဗြဟ္မာပါ၊ ကျုပ်ဟာ အကုန်လုံး သိမြင် နိုင်တယ်၊ ဒီ အားလုံး ဗြဟ္မာငယ်တွေဟာ ကျုပ်အလိုကို လိုက်စေရ တယ်၊ သူတို့ တစ်တွေ ကျုပ်ဖန်ဆင်းထားတာပဲ၊ အဲဒီလို ရှောင်လွှဲပြော တော့၊ မဟုတ်ဘူး, ဗြဟ္မာမင်း...အသင်ဗြဟ္မာကို မဟာဗြဟ္မာလား, တန်ခိုး ဘယ်လောက်ကြီးသလဲလို့ မေးတာ မဟုတ်ဘူး၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်လေးပါးရဲ့ အဆုံးကို ခင်ဗျား သိမလားလို့ ကျုပ်မေးတာပါလို့ဆိုတော့ ဗြဟ္မာမင်းကြီးဟာ ခုနက သူပြောပြီးသားတွေကို ထပ်ပြောပြီး ကြွားမြဲ ကြွားနေတာပဲ။

**ဗြဟ္မာမင်း တိုးတိုးပြော။** ။အဲဒါနဲ့ တတိယအကြိမ် ထပ်မေးပြန် တော့ ဗြဟ္မာကြီးက လာဦး,လာဦး ကိုယ်တော် လာဦးဆိုပြီးတော့ ခပ်ဝေးဝေး ခေါ်သွားပြီးတော့ ကိုယ်တော်ဟာ ဒီဗြဟ္မာတွေရှေ့မှာ မေးတယ်၊ ဒီဗြဟ္မာတွေရှေ့မှာ ကျုပ်မသိပါဘူးလို့ ပြောရမှာ ခက်တယ်၊ ဒီဗြဟ္မာတွေက ကျုပ်ရဲ့ လက်အောက်ခံ ဗြဟ္မာတွေ၊ သူတို့က ကျုပ်ကို ဘာမဆို အကုန်သိတဲ့

ဖြဟ္မာမင်းလို့ အထင်ကြီးနေကြတာ၊ တကယ်တော့ ကိုယ်တော့် မေးခွန်းကို ကျုပ်လဲ မဖြေနိုင်ဘူး၊ ဒါဟာ ကိုယ်တော် မှားတာ, ကိုယ်တော်ရဲ့ ချို့ယွင်းချက်၊ ဘယ့်နှယ် မဟုတ်လိုက်တာ၊ မြတ်စွာဘုရား ရှိရဲ့သားနဲ့ မြတ်စွာဘုရားတော့ မမေးဘူး, ကျုပ်တို့ကိုမှ လာမေးတယ်၊ ကဲ–ပြန်ကြွပါ၊ မြတ်စွာဘုရားကိုသာ မေးလျှောက်ပါ၊ မြတ်စွာဘုရား ဖြေဆိုတော်မူတဲ့အတိုင်းသာ မှတ်ထားလို့ဆိုပြီး တိုးတိုးတိတ်တိတ် ပြန်လွှတ်တယ်။

**မြတ်စွာဘုရား ဖြေကြားခြင်း။** ။အဲဒါနဲ့ မြတ်စွာဘုရားထံ ပြန်လာပြီး မေးပြန်တယ်၊ **"ပထဝီ, အာပေါ,တေဇော,ဝါယောဆိုတဲ့ မဟာဘုတ်ကြီး လေးပါးဟာ ဘယ်နေရာဌာနရောက်မှ ချုပ်ပျောက်ပါသလဲဘုရား"**လို့ မေးလျှောက်တော့ မြတ်စွာဘုရားက အင်း–ဟို သမုဒ္ဒရာထဲ (ရှေးတုန်းက ရှေးတုန်းက) သမုဒ္ဒရာထဲသွားတဲ့ လှေကြီးတွေဟာ ကျီးကို ယူသွားရတယ်၊ကမ်းတို့ ဘာတို့ မမြင်ဘူးဆိုရင် ကျီး လွှတ်တယ်၊ ကျီးက ကမ်းမြင်လို့ရှိရင် အဲဒီ သူလွှတ်တဲ့နေရာ ပျံတာပဲ၊ လှေဆီ ပြန်မလာဘူး, ကမ်းမမြင်ဘူး ဆိုရင် လှေဆီပြန်လာ၊ တစ်ခါလွှတ်လိုက်ပြန်, ကမ်းမမြင်ပြန်,လှေဆီ ပြန်လာ၊ အဲသလိုပဲ သင်လဲပဲ ငါဘုရား ဆီက ထွက်သွားလိုက်တာ ဟိုဗြဟ္မာ့ပြည်အထိ ရောက်ပြီးမှ ဒီ ပြန်လာတယ် မဟုတ်လား၊ပြဿနာ ကိုလဲ သင်မေးသလို မမေးရဘူး၊ ဟောဒီလို မေးရမယ်၊ **"ပထဝီ, အာပေါစတဲ့ သက်ရှိ မဟာဘုတ် ဥပါဒါရုပ်တရားများနဲ့ နာမ်တရားများဟာ အဘယ်နေရာဌာန ရောက်မှ ချုပ်ပျောက်ကြပါသလဲ"**လို့ အဲဒီလို မေးပုံမေးနည်းကို သင်ပြပြီးတော့မှ မြတ်စွာဘုရားက–

**ဝိညာဏံ အနိဒဿနံ, အနန္တံ သဗ္ဗတောပဘံ၊**
**ဧတ္ထ အာပေါ စ ပထဝီ, တေဇော ဝါယော န ဂါဓတိ။**

ဝိညာဏံ–ဉာဏ်ဖြင့်သာ သိအပ် သိမြင်နိုင်သော၊ အနိဒဿနံ–

ပကတိမျက်စိဖြင့် မမြင်နိုင်သော၊ အနန္တံ–စ၍ဖြစ်ခြင်းဆိုတဲ့ **ဥပါဒ်** အပိုင်းအခြား,အပြီးသတ်ချုပ်ခြင်းဆိုတဲ့ **ဘင်** အပိုင်းအခြား, အလယ်မှာ တည်နေခြင်းဆိုတဲ့ **ဌီ** အပိုင်းခြားမျိုးသည်လည်း မရှိဘဲ၊ သဗ္ဗတော ပဘံ–ဘယ်တရားနှင့်မဆို တရားမှန်လို့ရှိရင် ဒီနိဗ္ဗာန်ဝင်ဖို့ရန် အဆင်သင့်ဖြစ်သော၊ ယံ–အကြင် နိဗ္ဗာန်သည်၊ အတ္ထိ–ရှိ၏၊ ဧတ္ထ–ဤနိဗ္ဗာန်ကို ရောက်တဲ့အခါကျမှ၊ ပထဝီစ–ပထဝီဓာတ်သည်လည်းကောင်း၊ အာပေါ စ–အာပေါဓာတ်သည်လည်းကောင်း၊ တေဇော စ–တေဇောဓာတ်သည်လည်းကောင်း၊ ဝါယော စ–ဝါယောဓာတ်သည်လည်းကောင်း၊ န ဂါဓတိ–ထောက်ရာ တည်ရာ မရနိုင်။

**နိဗ္ဗာန်ကို ဉာဏ်မျက်စိနဲ့သာ မြင်ရ** နိဗ္ဗာန်ဆိုတဲ့တရားဟာ ဧကန်ရှိတယ်၊ ဒါပေမယ့် ဉာဏ်နဲ့သာ မြင်ရမယ်၊ ဒီဉာဏ်မရှိဘဲနဲ့ ပကတိမျက်စိနဲ့တော့ ကြည့်လို့ မမြင်ဘူး၊ ဉာဏ်နဲ့ မြင်ရမယ်၊ အင်မတန်လဲ သိမ်မွေ့တာဖြစ်တော့ ဒီဉာဏ်နဲ့ မြင်တဲ့တရားဟာ ဘယ်တုန်းက စဖြစ်သလဲလို့ သိရအောင် အဲဒီ စဖြစ်ဆိုတဲ့ ဇာတိကို မရှိဘူး၊ စဖြစ်ဆိုတဲ့ ဇာတိ မရှိတော့ ဆုံးတဲ့မရဏ ဘယ်မှာ ရှိမလဲ၊ အစ မရှိဘူး, အဆုံး မရှိဘူး၊ ဒါဖြင့် အလယ်မှာ တည်နေတဲ့ အရာဝတ္ထုလဲ မဟုတ်ဘူး၊ ဉာဏ်နဲ့ မြင်အပ်တဲ့ သဘာဝတစ်မျိုး၊ အဲဒီတရား ရောက်လာလို့ရှိရင် ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ မဖြစ်တော့ပါဘူး၊ ထောက်တည်ရာ မရတော့ပါဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောတယ်။

ဒီတော့ မြတ်စွာဘုရားဟောတဲ့ ဉာဏ်ဖြင့်သာ မြင်နိုင်တယ်ဆိုတဲ့ နိဗ္ဗာန်ကို ဘုန်းကြီးတို့တစ်တွေက ဘယ့်နဲ့လုပ်ပြီးတော့ ဒီအခုအမြင်မျိုး အခုအသိမျိုးနဲ့ မြင်မလဲ၊ ဉာဏ်ဖြင့်တော့ သေသေချာချာ သိတယ်၊ ဉာဏ်ဖြင့်တော့ သေသေချာချာ မြင်တယ်၊ ဒီတော့ ဒီနေရာမှာ

မြတ်စွာဘုရားက ဥပမာတစ်ရပ် အမိန့်ရှိတယ်။

**ဈာန်သမာပတ် ရတဲ့နည်း ကိုရင်ကြီးကို မေး** ရှေးတုန်း **ဇယသေန**ဆိုတဲ့ မင်းသား တစ်ယောက် တော်တော်ပညာတတ်တဲ့ ကိုရင်တစ်ပါးဆီ သူလမ်းလျှောက်ရင်း ရောက်လာတယ်၊ ရောက်လာတော့ ကိုရင်ကြီးကို မေးတယ်၊ ကိုရင်–သမာဓိရှိရှိနဲ့ နေနိုင်တယ်ဆိုတာ, သမာပတ်တွေ ဘာတွေ ဝင်စားနိုင်တယ်ဆိုတာ ဟုတ်သလား၊ စိတ်တွေဟာ တစ်ခါတည်း အာရုံတစ်ခုတည်းမှာ ထားပြီးတော့ နေနိုင်တယ်ဆိုတာ ဟုတ်သလား၊ ဟုတ်တယ်၊ ဒါဖြင့် ကျုပ်ကို နည်းနည်း ပြောပေးစမ်းပါ၊ ဟင်– အသင့်ကို ပြောရမှာဖြင့် ကျုပ်က သိပ်ပြီးတော့လဲ ဝေဝေဆာဆာ ပြောတတ်တာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်ပြောတဲ့ဟာကိုလေ အသင် သဘောမကျလို့ရှိရင် သဘောမကျတဲ့အနေနဲ့ ထားပါနော်, ထပ်ပြီးတော့ စောဒက မတက်ပါနဲ့၊ ကောင်းပါပြီ, စောဒက မတက်ပါဘူး၊ ပြီးတော့ ဘာရယ် ညာရယ် မပြောပါနဲ့၊ မပြောပါ ဘူးလေ၊ ကဲ–ပြောစမ်းပါဦး။

ဒါနဲ့ သမာဓိရတဲ့ လမ်းစဉ်, ဈာန်သမာပတ်ရတဲ့ လမ်းစဉ်တွေ ပြောတော့ ကာမဂုဏ်တွေက ကင်းရတယ်၊ ဘာဘာ ညာညာစသည် အားဖြင့် ဈာန်အစဉ်တွေ ပြောပါလိမ့်မယ်၊ ပြောပြီးတော့ **ဇယသေန** မင်းသားက သူများကိုလဲပဲ ငဲ့ညာတာ မဟုတ်ဘဲကိုး၊ **ယသေန**မင်းသား က ဘယ်တော့မှ မဖြစ်နိုင်ဘူးကိုရင်, မဟုတ်တာချည်းပဲ ဖြစ်မှာပဲဆိုပြီး တော့ တစ်ခါတည်း အပြစ်တွေ တင်ပြီးတော့ ပြန်သွားရော၊ သူ့ခမျာ စောစောက သဘောမကျလို့ရှိရင် ဘာမှမပြောပါနဲ့နော်, စောဒက မတက်ပါနဲ့လို့ ပြောရှာသား၊ အဲဒါမရဘူး၊ စောဒကတက်ရုံတင် မကဘူး၊ အပြစ်ပြောပြီးတော့ ပြန်သွားတယ်၊ ဒါနဲ့ မြတ်စွာဘုရားဆီ ကိုရင်က သွားပြီးတော့ လျှောက်တော့ ဒီမင်းသားက လောကီအာရုံ

ကာမဂုဏ်တွေထဲမှာပဲ စိတ်ကနေတာ၊ လောကီအာရုံ ကာမဂုဏ်ထဲမှာ နေတဲ့စိတ်က လောကီအာရုံ ကာမဂုဏ်တွေထဲက ခွဲခွာပြီးတော့ ဘယ်လိုနေမှ သမာဓိရတယ်ဆိုတဲ့ အကြောင်းအရာတွေကို သူ ဘယ့်နှယ်လုပ်ပြီးတော့ သဘောပေါက်မလဲ၊ အကြောင်းအရာတွေကို သူ ဘယ့်နှယ်လုပ်ပြီးတော့ သဘောပေါက်မလဲ၊ သူ့နေရာနဲ့သူ ရောက်မှ သဘောပေါက်တော့မှာပေါ့လို့ အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က ဟောပြပြီး ဥပမာတစ်ခု အမိန့်ရှိတယ်။

**နိဗ္ဗာန်နဲ့ ထိုက်တန်အောင်ကျင့်မှ နိဗ္ဗာန်မြင်**

သူငယ်ချင်းနှစ်ယောက် မြို့ထဲက ထွက်ပြီးတော့ တောထဲ လည်ကြတယ်၊ တောထဲ လည်ရာက တောင်ကြီးတစ်ခု တွေ့တော့ သူငယ်ချင်းတစ်ယောက်က မောမောပန်ပန်းနဲ့ တောင်ခြေ နေရစ်ခဲ့တယ်၊ သူငယ်ချင်းတစ်ယောက်ကတော့ တောင်ပေါ်တက်ပြီး တော်တော်လေးရောက်တော့ အောက်လှမ်းကြည့်လိုက်တဲ့အခါ သိပ်ကြည့်လို့ကောင်းတာနဲ့ အောက်က လူကို လှမ်းကြည့်လိုက်တယ်၊ အား-မိတ်ဆွေ သိပ်သာယာပါကလား၊ တောင်ပေါ်က ကြည့်ရတာ သိပ်ကောင်းတာပါလား၊ ကြည့်စမ်း-ဟိုမှာ ရှုမျှော်ခင်းတွေ ကောင်းလိုက်တာ၊ တစ်ခါတည်း ဟိုမြစ်တွေ ကြည့်လိုက်တော့လဲ ရေတွေက တစ်ခါတည်း ကြည့်လို့ကောင်းလိုက်တာ၊ မြို့တွေ ကြည့်လိုက်တော့လဲ တစ်ခါတည်း ဘုံတွေ ဗိမာန်တွေလိုပဲ၊ တောတွေ ကြည့်လိုက်ပြန်တော့လဲ သစ်ပင်တွေက စိမ်းစိမ်းစိုစိုနဲ့ ကြည့်လို့ကောင်းလိုက်တာလို့ သူက တောင်ပေါ်ကနေပြီးတော့ လှမ်းပြောတယ်၊ တောင်အောက်ကလူက အလကား မင်းညာတာ ဘာမှ မဟုတ်ဘူး၊ သူက တောင်အောက်ကနေပြီး ငြင်းချက် ထုတ်နေတယ်၊ ဒါနဲ့ အောက်ဆင်းပြီး ပြေးလာပြီးတော့ လာလာဆိုပြီး အတင်းတွဲခေါ်ပြီးတော့ တောင်ပေါ် တက်တယ်၊

ခုနက သူမြင်တဲ့ နေရာက နေပြီးတော့ ကဲ–ကြည့်စမ်း အနောက် ကြည့်လိုက်စမ်း၊ အေး–ဟုတ်တယ်ဟေ့၊ မြို့ကြီး သိပ်သာယာပါ ကလား၊ ဟို တောင်ဘက် ကြည့်လိုက်စမ်း အား–ဟုတ်တယ်၊ ရေတွေ, တစ်ခါတည်း မြစ်တွေ ချောင်းတွေ သိပ်ကြည့်လို့ လှတာပါကလား၊ ဟိုမြောက်ဘက် ကြည့်လိုက်စမ်းဦး၊ ဟာ– ဟုတ်တယ်၊ တောကြီးတွေက သိပ်ကြည်နူးစရာကောင်းတာပဲ၊ မင်းဘယ့်နှယ်လဲ ခုနတုန်းကတော့ မင်း မဟုတ်ဘူးလို့ ဆိုပြီးတော့ ငါ့လှမ်း ငြင်းနေတယ်၊ ခုတော့ မင်း ဘယ့်နှယ်ကြောင့် သာယာ တယ်လေး ဘာလေး ဖြစ်ကုန်တုန်း၊ ခုနက ငါက ဒီနေရာကို ရောက်မှ မရောက်ဘဲကိုကွာ၊ ဒီနေရာကို မရောက်တော့ ငါက ငြင်းမိတာပေါ့၊ အေး–မင်းခုနကသာ ငြင်းတယ်၊ ခု ဒီနေရာရောက် တော့ မှန်ပြီ မဟုတ်လား။

အဲသလိုပဲတဲ့၊ ဒီတရားနဲ့ တန်တဲ့နေရာရောက်လို့ ဒီတရားကို သိနိုင် မြင်နိုင်လောက်တဲ့ အကျင့်ကို ကျင့်လို့ရှိရင် ဒီတရား သိတာမြင်တာပဲ၊ ဒီတရားနဲ့ မတန်သေးခင်တုန်းကတော့ သူများ ပြောတဲ့ဥစ္စာ မငြင်းချင်လို့သာ မငြင်းတာ၊ ဒါမှ မဟုတ်ရင် ပြောတဲ့လူကို ယုံကြည်လို့၊ ဟုတ်မှာပဲ, အဲသလို အနေမျိုးနဲ့သာ နေရတာ၊ ဒါပေမယ့် တကယ် ကိုယ်တွေ့ သိမြင်လာတဲ့ အခါကျတော့ သေသေချာချာ ယုံတာပဲ၊ အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က နိဗ္ဗာန်ကို သိနိုင် မြင်နိုင်လောက်အောင် နိဗ္ဗာန်နဲ့ထိုက်တန်အောင် ကျင့်တဲ့ ပုဂ္ဂိုလ်များသာ နိဗ္ဗာန်ရဲ့သဘောကို ကောင်းကောင်းသိမယ် လို့ အမိန့်တော်ရှိတယ်။

**သဒေဝကဿ လောကဿ, ဧတေ ဝေါ သုခသမ္မတာ၊**
**ယတ္ထ စေတေ နိရုဇ္ဈန္တိ, တံ တေသံ ဒုက္ခသမ္မတံ။**

သဒေဝကဿ–ဗြဟ္မာသိကြား, သတ္တဝါအများနှင့်တကွဖြစ်သော၊

လောကဿ–ပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး, တစ်လောကလုံးသည်၊ ဧတေ–ရူပသဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့ကို၊ သုခသမ္မတာ–ချမ်းသာဖွယ်တောင်း, အကောင်းကြီးဟူ၍ သမုတ်အပ်ကုန်၏၊ ယတ္ထ–အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, အကြင်သို့သော နိဗ္ဗာန်၌၊ ဧတေ–ဤ ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြလေကုန်၏၊ တံ စ–ထို ကာမဂုဏ်အားလုံး, ပြုတ်ပြုတ်ပြုန်းလျက်, ချုပ်ဆုံးရာအမှန်, မြတ်နိဗ္ဗာန်ကိုကား၊ ဒုက္ခသမ္မတံ–ခံစားဖွယ်ချက်, မရှိတွက်ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ်လေသတည်း။

အားလုံး အားလုံး ပုထုဇဉ်မှန်သမျှ (ပုထုဇဉ်လို့သာ ပြောရတာ သောတာပန်တို့ သကဒါဂါမ်တို့လောက်ထိအောင်) ဒီကာမဂုဏ်တွေကို အကောင်းပဲလို့ သမုတ်ထားတယ်၊ သမုတ်ထားလို့လဲ မရမက ရှာကြ၊ ကာမဂုဏ်များလေ ကျေနပ်လေ၊ ဘယ်သူက ကျေနပ်, တဏှာက ကျေနပ်၊ ကာမဂုဏ်များလေ တဏှာက ကျေနပ်လေ၊ အဲဒီ ကာမဂုဏ်တွေချည်းပဲ ရှာပြီးတော့ ခံစားကြတယ်။

**"ဧတေ–ရူပသဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့ကို၊ သုခသမ္မတာ–ချမ်းသာဖွယ်တောင်း, အကောင်းကြီးဟူ၍ သမုတ်အပ်ကုန်၏၊ ယတ္ထ–အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, အကြင်သို့သော နိဗ္ဗာန်၌၊ ဧတေ–ဤ ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြလေကုန်၏"**

နိဗ္ဗာန်ကျတော့ ခုနက ကာမဂုဏ်တွေ ချုပ်တယ်၊ ကာမဂုဏ်တွေ ဘယ်ကမလဲ ကာမဂုဏ် ခံစားချင်တဲ့ တဏှာပါချုပ်တယ်။

**"ယတ္ထ–အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, အကြင်သို့သောနိဗ္ဗာန်၌၊ ဧတေ–ဤရူပသဒ္ဒ,စသည့်အာရုံ,ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြလေကုန်၏၊ တံ စ–**

**အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, ထိုကဲ့သို့သော နိဗ္ဗာနန်းခွင်ကိုကား၊ တေသံ–တိုပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး, သတ္တ၀ါအားလုံးတို့သည်၊ ဒုက္ခသမ္မတံ–ခံစားဖွယ်ချက်, မရှိတွက် ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ်လေသတည်း”။**

**သာဓု…သာဓု…သာဓု။**

**တဏှာကုန်စင် နိဗ္ဗာန်မြင်။** ။နိဗ္ဗာန်မြင်ရင် တဏှာကုန်သွားပြီ၊ ဒီတော့ တဏှာကုန်သွားတဲ့ နိဗ္ဗာန်ကျတော့ ဘုန်းကြီးတို့ တဏှာသမားတွေက နိဗ္ဗာန်မှာ ဘာရှိတုန်း၊ ရူပါရုံ မရှိဘူး, သဒ္ဒါရုံ ရှိဘူး, ဂန္ဓာရုံ, ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါး ကာမဂုဏ်တရားတွေ ဘာမျှ မရှိဘူး၊ အို–ဒီလိုဆိုရင်တော့ ခံစားစရာတွေ ဘာမျှ မရှိရင် နိဗ္ဗာန်က မကောင်းပါဘူး၊ **“ဒုက္ခသမ္မတံ–ခံစားဖွယ်ချက်, မရှိတွက် ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ်လေသတည်း”** ဒီတော့ ဘုန်းကြီးတို့ ပုထုဇဉ်သတ္တ၀ါတွေရဲ့ အမြင်မျိုးနဲ့ ဒီနိဗ္ဗာန်ကို မမြင်နိုင်ဘူး၊ ပုထုဇဉ်သတ္တ၀ါတွေ လိုချင်နေတာက ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံတွေ များများ လိုချင်တယ်၊ တဏှာက များလေ သဘောကျလေ, များလေ သဘောကျလေ ဒီလို ဖြစ်တယ်၊ အဲဟို နိဗ္ဗာန်ကျတော့ တဏှာချုပ်, တဏှာခံစားစရာဖြစ်တဲ့ အရာဝတ္ထုတွေကလဲကုန်ရော **“ယတ္ထ–အကြင် ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့၏ ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်၌၊ ဧတေ–ဤ ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြလေကုန်၏”** ဘာမျှ မရှိဘူး။

**ပြဟ္မာဘ၀ ကာမဂုဏ်နည်း။** ။ဒီတော့ တစ်ခု စဉ်းစားစရာရှိတယ်၊ ဘုန်းကြီးတို့ လူ့ပြည် နတ်ပြည် ခံစားစရာ ကာမဂုဏ်တွေနဲ့နေတော့ ကာမတဏှာဆိုတဲ့ အဲဒီတဏှာက နယ်ချဲ့လို့ ပျော်လို့,နတ်ပြည်ရောက်တော့လဲ နတ်တဏှာ ကျယ်ဝန်းလို့,

အဲဒီလို ဖြစ်တယ်၊ နောက်တော့ ဗြဟ္မာ့ပြည် တက်သွားတော့ နည်းနည်း သက်သာသွားတယ်၊ ဘာဖြစ်လို့ သက်သာသွားသတုန်းဆိုတော့ ဗြဟ္မာဖြစ်ဖို့ရန် အားထုတ်တုန်းကိုက **"ကာမေဟိ–ဝတ္ထုအာရုံကာမဂုဏ်တို့မှ၊ ဝိဝိစ္စေဝ–ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ–အကုသိုလ်တရား ဟူသမျှတို့မှ၊ ဝိဝိစ္စေဝ–ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ–ဝိတက်နှင့်လည်းတကွ ဖြစ်သော"** စသည်ဖြင့် ဗြဟ္မာဖြစ်အောင် ဈာန်ရအောင် အားထုတ်တုန်းကိုက ကာမဂုဏ်ကို သူက ဖယ်ပြီးတော့ လာခဲ့တာ, ဖယ်လာခဲ့တော့ ဗြဟ္မာ့ပြည်ကျတော့ မိန်းမရယ်, ယောကျ်ားရယ် ကာမဂုဏ် ခံစားဖို့ရန် မရှိတော့ဘူး။

ခမ်းခမ်းနားနားဆိုတာတွေကတော့ ရှိပါရဲ့၊ ဒါပေမယ့် ဒီလောကီအာရုံတွေ ခံစားတာကတော့ မရှိဘူး၊ ယောကျ်ားအဖြစ်နဲ့လဲ မထင်ရှားဘူး၊ ပုံပန်းကတော့ ယောကျ်ားမားမားကြီးပါပဲ၊ မိန်းမဆိုတာလဲ မရှိဘူး၊ အဲဒီ ရူပဗြဟ္မာက တက်ပြီးတော့ အရူပဗြဟ္မာကျတော့လဲ အဲဒီ ရုပ်တရားတွေပါ မရှိဘူး၊ သိပ်နည်းသွားတာပဲ၊ နာမ်တရားတွေချည်း ရှိတော့တယ်၊ အဲဒီ နာမ်တရားတွေက ဘာမျှ ကြီးကြီးကျယ်ကျယ် ခံစားတဲ့သဘောမျိုးလဲ မဖြစ်တော့ဘူး၊ ဒီတော့ ဖြည်းဖြည်းတက်တက် တက်တက်သွားတယ်၊ နောက် အဲဒီ အရူပဗြဟ္မာအဆင့်အတန်းကို ကျော်လွန် မြင့်တက်သွားတဲ့ နိဗ္ဗာန်ဆိုတော့ ခုတင်က ရုပ်ရော နာမ်ရော အကုန်လုံးချုပ်တော့ ဒီကာမဂုဏ်ဆိုတာဟာ ပြောတောင် ပြောစရာ မလိုတော့ဘူး။

**"ယတ္ထ–အကြင် ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့၏ချုပ်ရာနိဗ္ဗာန်၌၊ ဧတေ–ဤရူပသဒ္ဒ, စသည်အာရုံ ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုတ်သိမ်းကြလေကုန်၏၊ တံ စ–အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, ထိုကဲ့သို့သော နိဗ္ဗာန်နန်းခွင်ကိုကား၊ တေသံ–ထို ပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး,**

**သတ္တဝါအားလုံးတို့သည်၊ ဒုက္ခသမ္မတံ–ခံစားဖွယ်ချက်, မရှိတွက်ကြောင့်, သက်သက်ရှုပ်ချ, ဒုက္ခဟုသမုတ်အပ်လေသတည်း"** ဒုက္ခလို့ သမုတ်ထားတယ်၊ ကြည့်စမ်း, ဘုန်းကြီးတို့ ပုထုဇဉ်တွေနဲ့ တစ်လမ်းကြီး တစ်လမ်းကြီး၊ အဲဒီလို ဒုက္ခလို့ သမုတ်ထားတော့ ဘုန်းကြီးတို့နဲ့ အရိယာဖြစ်ပြီးသားဖြစ်တဲ့ သူတော်ကောင်းတွေနဲ့ ဘာဖြစ်နေသတုန်းလို့ဆိုတော့–

**"သက္ကာယသဿ–ပရမတ္ထအားဖြင့်, ထင်ရှားရှိတောင်း, ရုပ်နာမ်ခန္ဓာငါးပါးအပေါင်း၏၊ နိရောဓနံ–ကွယ်ပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းရာဖြစ်သော၊ တံ နိဗ္ဗာနံ–ထိုနိဗ္ဗာနဓာတ်, တရားမြတ်ကို၊ အရိယေဟိ–ဘုရားအစရှိတဲ့ အရိယာသခင်, သူတော်စင်တို့သည်၊ ဒိဋ္ဌံ–ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်အပ်လေပြီ"** အဲဒီလို အရိယာပုဂ္ဂိုလ်တွေကတော့ မြင်နေတယ်၊ ဘုန်းကြီးတို့ မမြင်တဲ့ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့က မြင်နေတယ်၊ **"တံ–ထိုနိဗ္ဗာနဓာတ်, တရားမြတ်ကို၊ ပဿတံ–ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်ကြကုန်သော အရိယာသခင်တို့မှာ၊ သဗ္ဗလောကေန–အဝိဇ္ဇာတွင်, တဏှာယှဉ်၍, ဉာဏ်မြင်ပေတုံး, တစ်လောကလုံးနှင့်၊ ပစ္စနိကံ ဟောတိ–ကျောချင်းကပ်ယှဉ်, ပြေးကြအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရလေတော့သတည်း"**။

**အရိယာနဲ့ ပုထုဇဉ် ဆန့်ကျင်။** ။အရိယာတွေနဲ့ ဘုန်းကြီးတို့နဲ့ ပုထုဇဉ်တွေနဲ့ နေရာတိုင်း ဆန့်ကျင်ဘက်ဖြစ်တယ်၊ အဲဒါကို ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ နည်းနည်းသိတဲ့လူနဲ့ လုံးလုံးမသိတဲ့လူ,ဒါလဲ ဆန့်ကျင်ဘက်ဖြစ်တယ်၊ တော်တော်များများ သိတဲ့လူနဲ့ နည်းနည်းသိတဲ့သူ, ဒါလဲ ဆန့်ကျင်ဘက် ဖြစ်နေတယ်၊ ဒီတော့ အကုန်လုံးသိတဲ့ ပုဂ္ဂိုလ်နဲ့ အကုန်းလုံးမသိတဲ့ ပုဂ္ဂိုလ်တွေလဲ ဆန့်ကျင်ဘက်ဖြစ်ရမှာပဲ၊ ဘုန်းကြီးက ဒါလေး

စဉ်းစားကြည့်တယ်၊ ကလေးကလေး ဘာမှမသိဘူး၊ မိဘက တော်တော်သိ၊ ကလေးကလေးက မတဲ့တာ စားချင်တယ်၊ မိဘက မစားနဲ့ ဟဲ့လို့ ဆိုတယ်၊ ကလေးကလေးက သဘောမကျဘူး၊ ပြန်ပြီးတော့ ပြောနိုင်လျှင် ပြောတယ်၊ မပြောနိုင်လျှင် ငိုတယ်၊ ဒါ နည်းနည်းသိတဲ့ သူနဲ့ လုံးလုံးမသိတဲ့လူ ဆန့်ကျင်တယ်၊ ကျောင်းထားချိန်အရွယ်ကျတော့ ကလေးကလေးက စာကောင်းကောင်း မသင်ချင်ဘူး၊ မိဘက သိပ်တတ်စေချင်တာပဲ၊ ဘာပြုလို့တုံး၊ မိဘက မြင်တယ်ကိုး၊ ကလေးက မမြင်ဘူး၊ မမြင်တော့ ကျောင်းသွား ပျင်းတယ်၊ စာသင် ပျင်းတယ်၊ မိဘက ကျောင်းသွားစေချင်တယ်, စာသင်စေချင်တယ်။

**သိသူနဲ့ မသိသူ ဆန့်ကျင်။** ။ဒီတော့ တော်တော်ကလေး သိလာတဲ့ အချိန်တောင်မှ ဒီထက်ပိုသိတဲ့ အမိအဘနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်၊ နောက်တော်တော်ကလေး အရွယ်ရောက်လို့ ပညာတွေ ဘာတွေ သင်ပြီးလို့ ဆိုပါတော့၊ အမိအဘက သူ့အမြင်နဲ့ ဘယ်လိုအိမ်ရာနဲ့ နေရာချချင်တယ်၊ သူက ဒီလိုမဟုတ်ဘူး၊ သူ့အမြင်ကတစ်မျိုး ဖြစ်နေတယ်၊ တော်တော် ဆန့်ကျင်ဘက်ဖြစ်တယ်၊ ဘုန်းကြီးတို့ရဲ့ သာသနာတော်မှာလဲ ဆရာသမားကြီးတွေက အမြင်ကတစ်မျိုး, တပည့်တပန်းတွေက အမြင်ကတစ်မျိုး၊ ခုနက တောင်ပေါ်ရောက်ပြီးသား လူနဲ့ တောင်အောက်ကလူ ငြင်းနေသလို ဆန့်ကျင်ဘက် ဖြစ်ကြတာပဲ၊ ဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ နိဗ္ဗာန်ကိစ္စကျတော့ ဒီသက္ကာယဆိုတဲ့ ခန္ဓာကိုယ်ကြီးက ချုပ်သွားတယ်၊ **"သက္ကာယဿ–ပရမတ္ထအားဖြင့်, ထင်ရှားရှိတောင်း, ရုပ်နာမ်ခန္ဓာငါးပါးအပေါင်း၏၊ နိရောဓံ–ကွယ်ပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းရာဖြစ်သော၊ တံ နိဗ္ဗာနံ–ထိုနိဗ္ဗာနဓာတ်,တရားမြတ်ကို၊ အရိယေဟိ–ဘုရားအစရှိတဲ့ အရိယာသခင်, သူတော်စင်တို့သည်၊ ဒိဋ္ဌံ–ဉာဏ်စက္ခုဖြင့်, တွေ့ရှုထင်ထင်, သိမြင်အပ်ပေပြီ"။**

24 (B)

**အရိယာက ရုပ်နာမ်မရှိတာကောင်း။** ။မြတ်စွာဘုရားက ထူးထူး ခြားခြား မြင်ထားတယ်၊ နိဗ္ဗာန်မှာ တဏှာ ကုန်ခန်းသွားတယ်၊ တဏှာ မရှိဘူး၊ ရူပ,သဒ္ဒ, ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗဆိုတဲ့ ကာမဂုဏ်အာရုံ မရှိဘူး၊ အဲဒီ ကာမဂုဏ် အာရုံ့ မရှိရုံသာမကဘူး၊ ဒီရုပ် ဒီနာမ် ဒီခန္ဓာဆိုတဲ့ သက္ကာယလဲ မရှိဘူး၊ **"သက္ကာယဿ-ပရမတ္ထအားဖြင့်, ထင်ရှားရှိတောင်း, ရုပ်နာမ် ခန္ဓာငါးပါးအပေါင်း၏၊ နိရောဓံ-ကွယ်ပျောက်ချုပ်ငြိမ်း, ရုပ်သိမ်း ရာဖြစ်သော၊ တံ နိဗ္ဗာနံ-ထိုနိဗ္ဗာနဓာတ်, တရားမြတ်ကို၊ အရိယေဟိ- ဘုရားအစရှိသော အရိယာသခင်, သူတော်စင်တို့သည်၊ ဒိဋ္ဌံ- ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်အပ်လေပြီ၊ တံ-ထိုနိဗ္ဗာန ဓာတ်, တရားမြတ်ကို၊ ပဿတံ-ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်ကြကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့မှာ"။**

အဲဒီ အရိယာပုဂ္ဂိုလ်တွေက ရုပ်နာမ်မရှိတာ ကောင်းတယ်၊ ဘုန်းကြီးတို့က ရုပ်နာမ်များများ ရှိလေ, သဘောကျလေ၊ အဲဒီတော့ ဆန့်ကျင်ဘက်ကြီးဖြစ်လို့၊ **"ပစ္စနိကံ ဟောတိ-ကျောချင်းကပ်ယှဉ်, ပြေးကြအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရလေ တော့သတည်း"**လို့ ကျောချင်းကပ်ပြီးတော့ ပြေးနေလိုက်တာ၊ တစ်ယောက်က တောင်ပြေးတယ်၊ တစ်ယောက်က မြောက်ပြေး တယ်၊ ကြာလေ ဝေးလေ, ကြာလေ ဝေးလေ၊ ဒီလိုပဲ ဘုရား,အရိယာ ပုဂ္ဂိုလ် အစရှိတဲ့ ပညာရှိတို့နှင့် ပုထုဇဉ်တွေ တဏှာသောင်းကျန်းသူ တွေနဲ့ ကြာလေ ဝေးလေ, ကြာလေ ဝေးလေ၊ ကြည့်လေ, တော် တော် သိတဲ့လူက ဒီလို အသောက်အစားတွေ မကောင်းဘူးဟဲ့ ဆိုပြီးတော့ ရှောင်သွား၊ အဲဒါ အို-မင်းတို့ လူအတွေမို့ ရှောင်တာ ကိုးတဲ့၊ အဲဒီတော့ သိတဲ့လူနဲ့ မသိတဲ့လူဟာ ကျောချင်းကပ်ပြီးတော့ ပြေးနေသလိုပဲ အတော်လွဲနေကြတယ်။

နောက်ဆုံးပေ့ါလေ၊ ခု လောကီရေးရာ နေရေးထိုင်ရေးတောင်မှ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေက စီးပွား ဘယ်လိုရှာရတယ်, ဘယ်လို နေထိုင်ရတယ်, ဘယ်လို ပေါင်းသင်းဆက်ဆံရတယ်၊ မသိတဲ့လူက အဲဒီလိုလဲ စီးပွားမရှာတတ်ဘူး, အဲဒီလိုလဲ မပေါင်းသင်းတတ်ဘူး၊ ဒီတော့ အသိသမားနဲ့ မသိသမားဟာ နေရာတိုင်း ကွာတယ်ဆိုတာ ဘုန်းကြီးတို့က လက်တွေ့ကြည့်ပြီးတော့ မြတ်စွာဘုရားနှင့်တကွသော အရိယာပုဂ္ဂိုလ်တွေနဲ့ ဘုန်းကြီးတို့ ပုထုဇဉ်တွေဟာ နိဗ္ဗာန်ကိစ္စမှာ အတော်ကို ဝေးကြပါတယ်၊ အတော်ကို ကွာခြားကြပါတယ်။

**နန္ဒမင်းသား။** ။ဒါနဲ့ စပ်ပြီးတော့ ဘုန်းကြီး စဉ်းစားမိတယ်၊ မြတ်စွာဘုရားဖြစ်တဲ့အခါ **ကပိလဝတ်**နေပြည်တော် ပထမ ရောက်တော့ **နန္ဒ**နင်းသားကို မြတ်စွာဘုရားက ရဟန်းပြုပေးတယ်၊ **နန္ဒ**မင်းသားရဲ့ ရဟန်းပြုပေးတဲ့အချိန်ကို စဉ်းစားရင် ယနေ့ **"ဇနပဒကလျာဏီဆိုတာ အဲဒီနယ်မှာ အချောဆုံး,အလှဆုံး မင်းသမီး"**လို့ ဆိုလိုတယ်၊ အဲဒီ ဇနပုဒ်နယ်မှာ အလှဆုံး အချောဆုံး ဆိုတဲ့ မင်းသမီး၊ အဲဒီ **ဇနပဒကလျာဏီ**မင်းသမီးနဲ့ လက်ထပ်မယ်၊ လက်ထပ်ပြီးတော့ အိမ်ရှေ့ထီးနန်းကို အပ်မယ်၊ အိမ်ရှေ့ထီးနန်းဆိုတဲ့ ထီးဖြူကို ဆောင်းရမယ်၊ အခြားအခြားသော နန်းသုံးမင်္ဂလာတွေ ဘာတွေ ကြုံရမယ်၊ လောကီဘက်က ကာမဂုဏ်မျက်စိနဲ့ ကြည့်လိုက်ရင် သိပ်ပြီး ထိပ်တန်းကျတာပဲ၊ ပြီးတော့ ခမည်းတော်ကြီး နတ်ရွာစံလို့ရှိရင် ရှင်ဘုရင်တက်ပြီးဖြစ်မယ်၊ ရှင်ဘုရင် တက်ဖြစ်ရုံတင် မကဘူး၊ သူ့ရဲ့ လက္ခဏာတွေ ဟောပြီးထားတဲ့ ပုဏ္ဏားတွေ အလို အားဖြင့် စကြာမင်းတောင် ဖြစ်နိုင်သေးတယ်၊ လောကီဘက်က ဖြင့် သူဟာ သိပ်အထက်တန်းကျတာပဲ၊ အဲဒါ ဘုရားရှင်ကိုယ်တော် မြတ်က ရဟန်းပြုပေးတယ်၊ ရဟန်းပြုပြီးတော့ ဘယ်အနေနဲ့ နေရမလဲ၊ ကမ္မဋ္ဌာန်းကျောင်းနဲ့ နေရမယ်၊ ဆွမ်းခံပြီးတော့ စားရမယ်၊

သက်န်း သုံးလေးထည်လောက်နဲ့ နေရမယ်၊ အို–အကုန်လုံး လောကီဘက်ကဟာတွေ အကုန်လုံး ချုံးပစ်လိုက်တယ်၊ ချုံးပစ်လိုက်တော့ သင့်တော်ရုံကလေး နေရတယ်၊ ဒီတော့ လောကီမျက်စိ သမားရဲ့ အကြည့်မျိုးနဲ့ကြည့်ရင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က **နန္ဒ**မင်းသားကို မတန်မရာကြီး လုပ်ပစ်တယ်။

**အကယ်၍များ နန္ဒ ရဟန်းမပြုရင်။** ။ဒီတော့ဘုန်းကြီးတို့ လောကီ အမြင်နဲ့ မြတ်စွာဘုရား ရွှေဉာဏ်တော်အမြင် ဘယ်လို ကွာခြားသွားသလဲ၊ ဟုတ်တယ်, **နန္ဒ** ရဟန်းပြု, သာသနာတော်ရောက်, ရဟန္တာဖြစ်၊ နောက်ဘဝ ပဋိသန္ဓေ မနေရတော့ဘူး၊ **"ဇာတိပိ ဒုက္ခာ"**ဆိုတဲ့ ဒုက္ခလဲ မတွေ့ ရတော့ဘူး၊ **"ဇရာပိ ဒုက္ခာ"**ဆိုတဲ့ ဒုက္ခလဲ မတွေ့ ရတော့ဘူး၊ **"ဗျာဓိပိ ဒုက္ခော, မရဏံပိ ဒုက္ခံ"**ဆိုတဲ့ ဒုက္ခတွေလဲ မတွေ့ရတော့ ဘူး၊ **"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော"**ဆိုတာလဲ မတွေ့ရတော့ ဘူး၊ **"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"**လဲ မတွေ့ရတော့ဘူး၊ **"ယံ ပိစ္ဆံ န လဘတိ, တံ ပိ ဒုက္ခံ"**ဆိုတာလဲ **နန္ဒ** မတွေ့ရတော့ဘူး၊ အကယ်၍များ **နန္ဒ**ဟာ ရဟန်းမပြုဘဲ ထီးနဲ့နန်းနဲ့ စံစားပြီးတော့ နေလိုက်စမ်း, ခံစားလိုက်စမ်း၊ အချမ်းသာကြီး ချမ်းသာပြီးတော့ **နန္ဒ** နောက်ဆုံးတစ်ချိန် သေခါနီးအချိန် ဘာဖြစ်မလဲ၊ သူ့ထီးနန်း သူစွန့်ရမယ်၊ သူ့ရဲ့ မိဖုရား မောင်းမမိဿံ အခြွေအရံတွေ သူ စွန့်ရမယ်၊ စွန့်ခါနီးကျလို့ရှိရင် **"မရဏမ္ပိ ဒုက္ခံ"**ဆိုတဲ့ ဒုက္ခမျိုးတွေနဲ့ တွေ့ကြုံပြီးတော့ အကြောင်းမသင့် အခွင့်မသာလို့ရှိရင် ဒီလောဘ ဇောတွေနဲ့ အပါယ်သွားရမယ်၊ လောဘဇောတွေ မဟုတ်လို့ ရိုးရိုး ကုသိုလ်ကံက ပစ်ချလို့ လူ့ပြည် ပြန်ရောက်လို့ရှိရင် **"ဇာတိပိ ဒုက္ခာ"**ပဋိသန္ဓေနေရတဲ့ ဒုက္ခတွေ သူတွေ့ရမယ်၊ အိုရတဲ့ ဒုက္ခတွေ, နာရတဲ့ ဒုက္ခတွေ, သေရတဲ့ ဒုက္ခတွေ တွေ့ရမယ်၊ သည်ဘဝ

သေပြီးတော့ အကြောင်းမသင့် အခွင့်မသာလို့ရှိရင် ငရဲ ရောက်ရမယ်, တိရစ္ဆာန် ဖြစ်ရမယ်, ပြိတ္တာ ဖြစ်ရမယ်၊ ဒီဒုက္ခတွေနဲ့ သံသရာ ရှည်ပြီး ဒီရုပ်နာမ် ဒီခန္ဓာနဲ့ သံသရာထဲမှာ အဆုံးအသတ်မရှိအောင် ကျင်လည်ရဦးမယ်၊ ကျင်လည်နေသရွေ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ စပြီးတော့ ဒုက္ခပေါင်း သောင်းခြောက်ထောင်ဆိုတာကို တွေ့ရဦးမယ်။

**နန္ဒအပေါ် ဘုရားအမြင်။** ။ဒီတော့မြတ်စွာဘုရားရဲ့အမြင်တော်က **နန္ဒ** ရဟန်းမပြုဘဲနဲ့သာ ထီးနန်းစည်းစိမ်တွေနဲ့ နေလိုက်လို့ရှိရင် တွေ့ရမယ့်ဒုက္ခတွေ ဘုရားရှင်ကိုယ်တော်မြတ်က မြင်တော်မူတယ်၊ ရဟန်းပြုပြီးတော့ ရဟန္တာဖြစ်တဲ့အခါ အဲဒီ ဒုက္ခတွေ အကုန်လုံး ပြုတ်ပြီးတော့ ဒီ မဂ်,ဖိုလ်,နိဗ္ဗာန်ဆိုတဲ့ တရားမြတ် တွေ့ရမယ်၊ ရုပ်နာမ်ခန္ဓာနဲ့ ပတ်သက်တဲ့ ဒုက္ခတွေ ဘာမျှ မရှိတော့ဘူး၊ မြတ်စွာဘုရားက အဲဒီလို မြင်တော်မူတယ်၊ အဲဒီတော့, **နန္ဒ**အပေါ်မှာ မြတ်စွာဘုရားရဲ့ အမြင်ကတစ်မျိုး, အားလုံး သာကီဝင်မင်းမျိုးတွေရဲ့ အမြင်က တစ်မျိုး, အဲဒီလို ဖြစ်နေရတယ်၊ ဒါတင်မကသေးဘူး, နောက်ရက်မကြာခင်ဘဲ **ရာဟုလာ** သတို့သားကလေး အမွေတောင်း လိုက်လာတော့ သားတော် **ရာဟုလာ**ကို လောကုတ္တရာအမွေ ပေးရမယ်လို့ အမိန့်ရှိပြီးတော့ **အရှင်သာရိပုတ္တရာ**က ခေါင်းရိပ်ပြီး ရှင်သာမဏေ ပြုပေးလိုက်တယ်၊ ကိုင်း–အခု လူတွေရဲ့ အတွေးနဲ့ဆိုလို့ရှိရင် တကယ်ကို မတန်မရာ ပြုလုပ်ပေးတယ်၊ ဟိုတစ်ချိန်တုန်းကဆို **ယသော်ဓရာ** အတွေးနဲ့တောင်မှ သားတော်ကလေး ရှင်ပြုပေးတာကို မကျေနပ်ဘူး၊ **သုဒ္ဓေါဒန**မင်းကြီးက သကဒါဂါမ် ဖြစ်ပြီးတာတောင် အားမရသေးဘူး၊ မကျေနပ်သေးဘူး၊ ဒီတော့ တကယ့်ထိပ်တန်းအမြင်နဲ့ အောက်တန်းက အမြင်ဟာ နေရာတိုင်းမှာ ကွာနေတယ်။

**မကောင်း ကျောင်းပို့။** ။ ဘုန်းကြီးက ဒီတရားတော်နဲ့ စပ်ပြီးတော့ ထည့်စဉ်းစားတယ်၊ ခုလူတွေက သား ကလေးဆိုပါတော့ နှစ်ယောက်ရှိတယ်၊ တစ်ယောက်က သွက်သွက် လက်လက် ချက်ချက်ချာချာ ဉာဏ်နဲ့ သဘောနဲ့ စိတ်ကောင်း စေတနာကောင်းနဲ့၊ သတ္တိနဲ့ ဗျတ္တိနဲ့၊ တစ်ယောက်ကတော့ ရိုးရိုးအအ, အဲဒီ သားနှစ်ယောက် ရှိလို့ရှိရင် ဘယ်သားများ ရဟန်းပြုခွင့် ပေးမတုန်းဆိုရင်တော့ ရိုးရိုးအအဆိုတဲ့ သားကိုတော့ ရဟန်းပြုတော့၊ ဘာပြုလို့တုန်း၊ သူ လူရာဝင်အောင်နေဖို့ရာ တော်တော်ခဲယဉ်းတယ်၊ ဒီတော့ မင်း ရိုးရိုးအအဟာ ဘုန်းကြီးလုပ်သွားတာ ကောင်းတယ်လို့ အဲဒီလို အမြင်မျိုးနဲ့ မကောင်း ကျောင်းပို့ဆိုတဲ့နည်းနဲ့ ကျောင်း ပို့လိုက်ကြတာပဲ။

**လောကကြီးနဲ့ အရိယာတို့အမြင်။** ။ တောရွာတွေ ဘာတွေမှာလဲ ဒီလိုပဲ၊ မြို့တွေပြတွေမှာ တော်တော် ပစ္စည်းတတ်နိုင်တဲ့သူက သား ရဟန်းပြုချင်တယ်ဆိုရင် သူတို့က ဒီကောင်ဟာ ဘာများ စိတ်ရှုးပေါက်လာသလဲ၊ အမလေး– ရဟန်းပြုချင်တဲ့ စိတ်ကိုပဲ စိတ်ရှုးပေါက်လာသလို, လူရာမဝင်သလို၊ ဒီတော့ ဘုန်းကြီးက တို့သာသနာကြီးလေ ဘုရားရှင်ကိုယ်တော်မြတ် စကြာမင်းလောင်းကြီးက လက်ရှိထီးနန်းကို စွန့်ပြီးတော့ တည်ထောင် ခဲ့တဲ့ သာသနာတော်ကြီး၊ အဲဒီ သာသနာတော်ကြီးကို ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ညီ **နန္ဒ**မင်းသားတို့လို, သားတော် **ရာဟုလာ**တို့လို, ညီတော် **အနုရုဒ္ဓါ**တို့လို, ညီတော် **အာနန္ဒာ**တို့လို, ပြီးတော့ ဆွေတော် မျိုးတော် မစပ်ပေမယ့် **အရှင်မဟာကဿပ**တို့လို စည်းစိမ်ရှင်ကြီးတွေ၊ **အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်**တို့လို စည်းစိမ်ရော, ပညာ ရော ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက ဝင်ပြီးတော့ သာသနာတော်တာဝန် ထမ်းလာလို့ ဒီသာသနာကြီး အခုအထိ တွေ့ရတယ်၊ ယခုကျတော့

သာသနာတော်ကို စည်းစိမ်ရှင်ကဆိုရင်လဲပဲ မတန်မရာလုပ်၊ တော်တော်လေး တတ်တဲ့ သားကလေးဆိုရင်ပဲ သာသနာတော် မပေးနိုင်ပါဘူးလို့၊ ဒီလို ဖြစ်လာတော့ ဒီလောကကြီးနဲ့ အရိယာပုဂ္ဂိုလ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ အမြင်ဟာ ကျောချင်းကပ်ပြီးတော့ ပြေးနေသလိုပဲဆိုတဲ့ တရားကို သွားပြီးတော့ စဉ်းစားမိတယ်။

**လူတွေအမြင်နဲ့ ဘုရားလမ်းစဉ်။** ။ဒါကြောင့် ဘုန်းကြီးက ဒီ သာသနာဟာ နောင် သိပ်ပြီးတော့ မျှော်စရာ မလွယ်ဘူး၊ လက်ရှိပုဂ္ဂိုလ်တွေ သဒ္ဓါတရား ထက်သန်အောင် ကြိုးစားမှ, လက်ရှိပုဂ္ဂိုလ်တွေ ဉာဏ်ရှိအောင် ကြိုးစားပြီးတော့ ထားခဲ့မှ ဒီသာသနာ တော်တော်ကြာကြာ ဆက်လို့ရမယ်၊ ဒီလို မဟုတ်လို့ရှိရင် လူတွေရဲ့ အမြင်နဲ့ သာသနာတွင်းနေကြတဲ့ တချို့ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ဆိုလို့ရှိရင် ဒီသာသနာဟာ တဖြည်းဖြည်း မှေးမှိန် မှေးမှိန်ပြီးတော့ ကွယ်ရလိမ့်မယ်လို့ အဲသလို မြင်နေတယ်၊ ဘာပြုလို့လဲဆိုတော့ **"လူတွေရဲ့ မြင်ပုံနဲ့ မြတ်စွာဘုရား ချထားခဲ့တဲ့ စည်းမျဉ်းနဲ့က တစ်ဖက်တစ်လမ်း ဖြစ်နေလို့ပဲ၊ ယခု သာသနာတော်ကောင်း ရောက်လာတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ မြတ်စွာဘုရား ချထားခဲ့တဲ့ စည်းမျဉ်းကို မလိုက်ဘဲနဲ့ လောကီလူတို့ရဲ့ စည်းမျဉ်းတွေကို လိုက်လို့ဆိုတော့ ဒီသာသနာဟာ ဘုရားအလိုတော်ကျ ကြာရင် ဖြစ်တော့မှာ မဟုတ်တဲ့အပြင် ကွယ်တော့မှာပဲ"**လို့ အဲဒီလို မြင်နေတယ်၊ ကဲ-ကဲ နိဗ္ဗာန်အကြောင်း ပြောရာက အမြင်ချင်းမတူတဲ့အကြောင်းကို ဘုန်းကြီးပြောတယ်၊ ဒါကြောင့် မြတ်စွာဘုရားက—

**သဒေဝကဿ လောကဿ, ဧတေ ဝေါ သုခသမ္မတာ၊**
**ယတ္ထ စေ တေ နိရုဇ္ဈန္တိ, တံ တေသံ ဒုက္ခသမ္မတံ။**

သဒ္ဒေဝကဿ–ဗြဟ္မာသိကြား, သတ္တဝါများနှင့်တကွဖြစ်သော၊ လောကဿ–ပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး, တစ်လောကလုံးသည်၊ ဧတေ–ရူပသဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့ကို၊ သုခသမ္မတာ–ချမ်းသာဖွယ်တောင်း, အကောင်းကြီးဟူ၍ သမုတ်အပ်ကုန်၏၊ ယတ္ထ–အကြင်ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့၏ ချုပ်ရာဖြစ်တဲ့နိဗ္ဗာန်၌၊ ဧတေ–ဤ ရူပသဒ္ဒ, စသည့်အာရုံ, ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြလေကုန်၏၊ တံ စ–ကာမဂုဏ် အားလုံး, ပြုတ်ပြုတ်ပြုန်း၍, ဆုံးရာအမှန်, ထို မြတ်နိဗ္ဗာန်ကိုကား၊ ဒုက္ခသမ္မတံ–ခံစားဖွယ်ချက်, မရှိတွက်ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ်လေသတည်း။

**သာဓု...သာဓု...သာဓု။**

**ရှာဖွေစောင့်ရှောက် ထိန်းသိမ်းရတဲ့ဒုက္ခ** ဒီခံစားဆိုတဲ့ဥစ္စာကိုက လူတွေ သေသေချာချာ မစဉ်းစားလို့သာ၊ သုခခံစားမယ်ဆိုရင်ပဲ ခံစားရအောင် ရှာရတယ်၊ ရူပါရုံ ခံစားတယ်ဆိုတဲ့ သူက အဲဒီ ရူပါရုံမျိုးကို အမြဲအစွဲ ခံစားရအောင် ရှာရတယ်၊ အဲဒီ ရှာရတဲ့ ဒုက္ခတွေ သူသတိမထားလို့မို့ ခံစားတဲ့ သုခကလေးကို သူ အရသာ ယူပြီးတော့နေတာ၊ ပြီးတော့ ခံစားတဲ့ ရူပါရုံက ပျက်စီးတော့ ဝမ်းနည်းပက်လက်သောကတွေဖြစ်လို့၊ ငိုကြွေးရတဲ့ ပရိဒေဝတွေဖြစ်လို့၊ အဲသလိုပေါ့လေ ကာမဂုဏ်တွေဟာက ခံစားတယ်လို့ဆိုပေမယ့် ရှေးက ရှာဖွေရတဲ့ဒုက္ခ, နောက်ကို စောင့်ရှောက်ထိန်းသိမ်းရတဲ့ဒုက္ခ, ပျက်စီးတဲ့အခါကျတော့ ဝမ်းနည်းပက်လက်ငိုကြွေးရတဲ့ဒုက္ခ၊ ဝမ်းနည်းရတဲ့ ဒုက္ခ, အဲဒီ ဒုက္ခတွေက ရှေ့ရော နောက်ရော ညှပ်နေတယ်။

**အာရုံကောင်းပေမယ့် ဆက်တိုက် မခံစားနိုင်** ပြီးတော့ အဲဒီ သုခတွေက ကောင်းတယ်လို့ ဆိုလို့ရှိရင် (ဥပမာဆိုပါတော့) ရှင်ဘုရင် တစ်ယောက်ဟာ အာရုံတွေကကောင်းလွန်းလို့

ခံစားလိုက်တာ တစ်ရက်,နှစ်ရက်,သုံးရက်,လေးရက် ဆက်နိုင်ရဲ့လား၊ မဆက်နိုင်ပါဘူး၊ ကဲ–ပွဲကြည့်တာပဲ ဆိုပါတော့၊ အင်မတန်ကောင်းတဲ့ ပွဲ ယနေ့အထိ နေ့လည်ဆက်ကြည့်, ကြည့်နိုင်ရဲ့လား၊ မကြည့်နိုင် ပါဘူး၊ အိပ်ချင်လာတယ်၊ ညဆက်ကြည့် ကြည့်နိုင်ရဲ့လား၊ နေ့လည် က မအိပ်ရရင် ညဆက်မကြည့်နိုင်ဘူး၊ ဒီလိုဆိုလို့ရှိရင် သူတို့ အာရုံတွေ ကောင်းတယ်ဆိုတာဟာ သေသေချာချာ မကောင်းလို့ပေါ့၊ ဟိုဘေးက ဒုက္ခတွေ, နောက်လာမယ့် ဒုက္ခတွေ, အစတုန်းက ကြုံ ရတဲ့ ဒုက္ခ, ရှာရတဲ့ ဒုက္ခတွေ၊ အဲဒီ ဒုက္ခတွေ ပတ်ဝန်းကျင် ဝိုင်း နေလို့ ကောင်းကောင်း မကောင်းလို့ ဆက်ပြီးတော့ မခံစားနိုင်ဘူး။

**နိဗ္ဗာန်မြင်တဲ့ အရိယာများ** ဟို–နိဗ္ဗာန်များ မြင်ရတဲ့ အရိယာပုဂ္ဂိုလ်တွေကျတော့ နိရောဓသမာပတ် ဝင်စားလိုက်, တစ်ခါတစ်ခါ ဖလသမာပတ် ဝင်စားလိုက်၊ ဖလသမာပတ် ဝင်စား တယ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုပြီး ဖိုလ်စိတ်လို့ခေါ်တဲ့ စိတ်တွေ ချည်း ဆက်ဆက်ဖြစ်နေတာ၊ သည့်ပြင် ဘာစိတ်မှ မဖြစ်ဘူး၊ အဲဒီ ဖိုလ်စိတ်တွေချည်း တစ်ဆက်တည်း ဖြစ်နေတဲ့အချိန်မှာ အာရုံကလဲ နိဗ္ဗာန်အာရုံ တစ်မျိုးတည်းသာ ရှိတယ်၊ သည့်ပြင် ဘာအာရုံမှ ဝင်လို့ မရနိုင်ဘူး၊ အဲဒီတော့ စိတ်ကလဲ ဖိုလ်စိတ် တစ်မျိုးတည်း၊ အာရုံကလဲ နိဗ္ဗာန်အာရုံ တစ်မျိုးတည်းဆိုတော့ သိပ်ပြီးတော့ ငြိမ်သက် တည်ကြည်နေတယ်။

**အစာအတွက် ခုနစ်ရက်သာ** ရဟန္တာပုဂ္ဂိုလ်ကြီး ဖလသမာပတ် ဝင်စားနေပြီဆိုရင် နိဗ္ဗာန်ကိုချည်းပဲ အာရုံပြုနေတယ်၊ နိဗ္ဗာန်ချည်း ထင်နေတယ်၊ ဘယ်လောက်ကောင်းသလဲ၊ ဘယ် နှစ်ရက်လောက် ဝင်စားနိုင်သလဲ၊ ခုနစ်ရက် ဝင်စားနိုင်တယ်၊ လူ့ ပြည်မှာ အစာအတွက်ကြောင့်, အစာအတွက်ကြောင့် နိဗ္ဗာန်က အီသွားမှာ မဟုတ်ဘူး၊ နိဗ္ဗာန်ကတော့ အာရုံပြုလို့ ကောင်းရက်ပဲ၊

25 (B)

အစာ မစားရင် မဖြစ်နိုင်လို့ ခုနစ်ရက်ဝင်စားနိုင်တယ်လို့ပြောတာ၊ အကယ်၍များ အစာ မစားဘဲ နေနိုင်မယ်ဆိုရင် တစ်သက်လုံး ဝင်စားနိုင်တယ်၊ မြတ်စွာဘုရားများ တရားဟောတုန်းမှာ ပရိသတ်က သာဓုခေါ်နိုင်တယ်ဆိုပါတော့ အဲဒီ သာဓုခေါ်တဲ့ အချိန်ကလေးမှာ ဖလသမာပတ် ဝင်စားတော်မူသေးတယ်၊ နိဗ္ဗာန် အာရုံပြုတော်မူတယ်။

**နိဗ္ဗာန်အရသာ။** ။ဘယ်လောက် နိဗ္ဗာန်အရသာရှိသလဲ၊ ဘယ်လောက် နိဗ္ဗာန် ကောင်းသလဲ စဉ်းစားကြည့်၊ ပရိသတ်က သာဓုခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် သမာပတ်ကထပြီးတော့ တရားဆက်ဟောတော်မူတယ်၊ အဲဒီလောက် နိဗ္ဗာန်အရသာ ရှိတယ်၊ ဒီနိဗ္ဗာန်ဟာ ဘုန်းကြီးတို့ ပုထုဇဉ်ရဲ့အတွေးနဲ့ တွေးလို့မရတာဟာ ပုထုဇဉ်တွေမှာ နိဗ္ဗာန်အရသာကို မသိနိုင်အောင် တဏှာက ဖုံးလွှမ်းထားလို့ပဲ၊ တဏှာသာကုန်သွားလို့ရှိရင် နိဗ္ဗာန်အရသာသိတာပဲ၊ ဒီတော့ ဘုန်းကြီးတို့က တဏှာကုန်အောင် တရားအားထုတ်ကြမှသာ ဖြစ်မယ်၊ အဲဒီ နိဗ္ဗာန်မှာ ဇာတိဒုက္ခ ရှိသလားလို့ ဒုက္ခနဲ့ ပြန်ပြီးတော့ စဉ်းစားကြည့်၊ ဇာတိဒုက္ခ မရှိဘူးနော်၊ ကောင်းတယ်၊ ဇရာဒုက္ခ ရှိသလား, မရှိဘူးနော်၊ ကောင်းတယ်၊ ဗျာဓိဒုက္ခ ရှိသလား, မရှိဘူးနော်၊ မရဏဒုက္ခ ရှိသလား၊ အဲသလို လျှောက်ပြီးတော့ ဒုက္ခရဲ့ စစ်တမ်းကြည့်တော့ နောက်ဆုံး **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" "သံခိတ္တေန–အကျဉ်းချုပ်အားဖြင့်၊ ပဉ္စ–ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ–ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတို့သည်၊ ဒုက္ခာ–ဆင်းရဲကြောင်းတို့ပေတည်း"**ဆိုတဲ့ အဲဒီ ဥပါဒါနက္ခန္ဓာဒုက္ခ ရှိသလား, မရှိဘူး၊ ဒီလိုဆိုလို့ရှိရင် နိဗ္ဗာန်ကြောင့်တော့ ဘာဒုက္ခမှ မဖြစ်ဘူး၊ တဏှာကြောင့်သာ ဖြစ်တယ်၊ တဏှာကြောင့်ဖြစ်တဲ့ ဒုက္ခတွေဟာ နိဗ္ဗာန်ရောက်တော့ မရှိတော့ဘူး၊ အဲဒါကြောင့် တဏှာအကြွင်းမဲ့ ချုပ်ပျောက်ရာတရား,ကုန်ဆုံးရာတရားဟာ နိဗ္ဗာန်ပဲလို့ စဉ်းစားပြီးတော့–

**သုခံ ဒိဋ္ဌ‌ ‌မရိယေဟိ, သက္ကာယဿ နိရောဓနံ၊**
**ပစ္စနိကမိဒံ ဟောတိ, သဗ္ဗလောကေန ပဿတံ။**

သက္ကာယဿ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ ဟူသော သက္ကာယအပေါင်း၏၊ နိရောဓနံ–ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းရာဖြစ်သော၊ သုခံ-နိဗ္ဗာနဓာတ်,ချမ်းသာမြတ်ကို၊ အရိယေဟိ–ဘုရားအစရှိသောအရိယာအပေါင်း, သူတော်ကောင်းတို့သည်၊ ဒိဋ္ဌ–ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်အပ်ပေပြီ၊ တံ–ထိုအရိယာအပေါင်း, သူတော်ကောင်းတို့ တွေ့မြင်အပ်တဲ့ နိဗ္ဗာန်ကို၊ ပဿတံ–မျက်ဝါးထင်ထင် တွေ့မြင်ရကုန်သော အရိယာအပေါင်း, သူတော်ကောင်းတို့မှာ၊ သဗ္ဗလောကေန–အဝိဇ္ဇာတွင်, တဏှာဝင်၍, ဉာဏ်မြင်ပေတုံး, တစ်လောကလုံးနှင့်၊ ပစ္စနိကံ ဟောတိ–ကျောချင်းကပ်ယှဉ်, ပြေးကြအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရ လေတော့သတည်း။

**သာဓု...သာဓု...သာဓု။**

**နိဗ္ဗာန်ရောက်ကြောင်း တရားကျင့်မှ** ဒီတော့ ဘုန်းကြီးတို့ စဉ်းစားကြည့်ရမယ်၊ ဒီဒုက္ခကို ဒုက္ခလို့ မမြင်လို့ရှိရင် အဲဒီနိဗ္ဗာန်ရဲ့ သုခကို မသိဘူး၊ တဏှာက ကပ်သပ်ပြီးတော့ ကျန်နေလို့ရှိရင် အဲဒီနိဗ္ဗာန်ရဲ့သုခကို မသိဘူး၊ ဒီတော့ကာ နိဗ္ဗာန်ကို မျက်ဝါးထင်ထင် မြင်ချင်လို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ တရားကို ကျင့်မှ, နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ လမ်းကိုလိုက်နေမှ နိဗ္ဗာန်ကို မြင်တယ်၊ ဒါကြောင့် ယခု မြတ်စွာဘုရား ဟောတော်မူတဲ့ နိဗ္ဗာန်ကို ပါရမီပြည့်ပြည့်နဲ့လိုက်တဲ့ ပုဂ္ဂိုလ်တွေကတော့ မြတ်စွာ ဘုရားနဲ့တွေ့လို့ နိဗ္ဗာန်မြင်ကြတယ်၊ ဟို ပါရမီမရှိသေးတဲ့ ပုဂ္ဂိုလ်တွေ လဲပဲ ပါရမီပြည့်လာပြီဆိုတော့ မြတ်စွာဘုရားက နည်းနည်းကလေး ဉာဏ်မျက်စိ ဖွင့်ပေးလို့ရှိရင် နိဗ္ဗာန်ကို မြင်တယ်။

**၇–နှစ်သမီး ဝိသာခါ**။ ။ဟိုရှေးတုန်းက **ဝိသာခါ**တို့ ၇–နှစ်သမီး နိဗ္ဗာန် မြင်တယ်၊ ၇–နှစ်သမီးဆိုတော့ လွယ်လွယ်ကလေးနဲ့ မြင်တာပါလားလို့ ပြောစရာ ဖြစ်နေတယ်၊ ဒါပေမယ့် ၇–နှစ်သမီး နိဗ္ဗာန်မြင်ပါမယ်ဆိုတဲ့အကြောင်း ဘယ်လောက် ပါရမီဖြည့် ကြိုးစားလာခဲ့သလဲ၊ ကမ္ဘာပေါင်း တစ်သိန်းလောက် ကြိုးစားရတယ်၊ ကမ္ဘာပေါင်းတစ်သိန်းတုန်းက ဘာကိုကြိုးစားလာခဲ့ သလဲ၊ နိဗ္ဗာန်မြင်ပြီးသားဖြစ်တဲ့ အရိယာသူတော်ကောင်းတွေ အားကျ ပြီးတော့ မြတ်စွာဘုရားရဲ့ ကျောင်းအမကြီး ဖြစ်ရပါလိုရဲ့လို့ ဆုတောင်း ပြီးတော့ ဘဝတိုင်း ဘဝတိုင်း ပါရမီဖြည့်လာခဲ့တယ်၊ အဲဒီ ဘဝတိုင်း ပါရမီဖြည့်လာတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ ဟောဒီနိဗ္ဗာန် မြင်တာပဲ၊ နည်း နည်းကလေး မြတ်စွာဘုရား ဟောလိုက်တယ်ဆိုရင် နိဗ္ဗာန်ကို မြင် တာပဲ၊ ဒါကြောင့် မြတ်စွာဘုရား ဟောတဲ့အခါ လွယ်လွယ်ကလေး မြင်တယ်လို့ ဆိုပေမယ့် ဒီလို လွယ်လွယ်ကလေး မြင်ဖို့ ပါရမီတွေ အများကြီး စုဆောင်းပြီးတော့ လာခဲ့တယ်၊ ဒါကြောင့်–

**ယံ န ဒိဋ္ဌံ ပုရာဏေဟိ, တိတ္ထိကာစရိယေဟိပိ၊**
**တံ ပဒံ သတ္တဝဿာဟိ, ကုမာရီဟိပိ ဝေဒိတံ။**

ပုရာဏေဟိ–ဘုရားမပွင့်ခင်, ရှေးယခင်က, လူတွင်ကျော်ကြား, ထင်ရှားကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ–အယူဝါဒ, ကိုယ်တိုင် စ၍, ဂဏဦးစီး, တိတ္ထိဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ–ရောက် သင့် ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်မှ, တိုက်ရိုက်သိရန်, အကြင် မြတ်နိဗ္ဗာန်ကို၊ န ဒိဋ္ဌံ–တွေးလိုက်ကြံလိုက်, အမှန်ဆိုက်အောင်, သိုက်မြိုက်ထင်ထင်, မသိမမြင်အပ်ခဲ့ချေ။

**ဘုရားသာ မပွင့်လျှင်**။ ။ရှေးတုန်းကဘုရားသာ မပွင့်ဘူးဆိုလို့ရှိရင် သူတို့ခေတ်နဲ့ သူတို့ တိတ္ထိဆရာကြီးတို့ ဆိုတာ အလွန်ထင်ရှားတယ်၊ တိတ္ထိဆိုလို့ မိစ္ဆာဒိဋ္ဌိကြီးတွေပဲလို့များ

အထင်မမှားလိုက်နဲ့၊ မြတ်စွာဘုရား ကိုယ်တိုင် ဘုရားလောင်းဘဝ တုန်းက ဆရာနည်းခံယူခဲ့ဖူးတဲ့ **အာဠာရ**ရှင်ရသေ့ကြီးတွေ, **ဥဒက** ရှင်ရသေ့ကြီးတွေ, တကယ့်ပညာရှိကြီးတွေ, ဂိုဏ်းရဲ့ဦးစီးနာယက ကြီးတွေ။

**ဈာန်သမာပတ်ရကြပေမယ့်။ ။"ပုရာဏေဟိ–ဘုရားမပွင့်ခင်, ရှေး ယခင်က, လူတွင် ထင်ပေါ်,**

**အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ–အယူဝါဒ, ကိုယ်တိုင်စ၍, ကမ္ဘာ့ထိပ်သီး, တိတ္ထိဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ–ရောက်သင့်ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်မှ, တိုက်ရိုက်သိ ရန်, အကြင်မြတ်နိဗ္ဗာန်ကို၊ န ဒိဋ္ဌံ–တွေးလိုက်ကြံလိုက်, အမှန်ဆိုက် အောင်, သိုက်မြိုက်ထင်ထင်, မသိမမြင်အပ်ခဲ့ချေ"** အဲဒီ **အာဠာရ, ဥဒက**စတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ အကျင့်သီလဘက်ကရော, ဉာဏ်ပညာ ဘက်ကရော အလွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ, သူတို့ဟာ လောကီတရားအနေနဲ့ဆိုရင် အရူပဈာန်သမာပတ်အထိ ရပြီးသား, သာမန်ပုဂ္ဂိုလ်တွေ မဆိုထားနဲ့ အဲဒီ ပုဂ္ဂိုလ်ကြီးတွေတောင်မှ မဂ် ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ လောကုတ္တရာတရားဘက် တက်နိုင်တဲ့နည်း လမ်းကို မရကြလို့ နိဗ္ဗာန်ကို မမြင်နိုင်ကြဘူး။

န ဒိဋ္ဌံ–တွေးလိုက်ကြံလိုက်, အမှန်ဆိုက်အောင်, တိုက်ရိုက်ထင် ထင်, မသိမမြင်အပ်ခဲ့ချေ၊ တံ ပဒံ–ရောက်သင့်ရောက်ရန်, ဧကန် ထင်ရှားရှိတဲ့ ထိုနိဗ္ဗာန်တရားကို၊ သတ္တဝဿာဟိ–ခုနစ်နှစ်အရွယ်, ငယ်ရှာကြကုန်သေးသော၊ ကုမာရီဟိပိ–ရှေးဘုန်းရှေးကံ, ကံတံမြင့်ပြီး, အမျိုးသမီးတို့သော်မှလည်း၊ ဝေဒိတံ–ရှင်တော်ဘုရား, ဟောတရား ကြောင့်, မျက်ဝါးထင်ထင်, တွေ့မြင်အပ်ခဲ့လေပြီတကား။

**တဏှာလက်ရှိ နိဗ္ဗာန်အရသာ မသိ** ဒီတော့ ဒီနိဗ္ဗာန်ဟာ အင်မတန်လဲ ခက်တယ်၊ ဒီ အင်မတန် ခက်တာကလဲ ဘုန်းကြီးတို့ရဲ့ တဏှာက ကမ္ဘာ့ကမ္ဘာက အနမတဂ္ဂသံသရာက ပါလာတော့ ဒီတဏှာရဲ့ အလိုကျမဟုတ်ဘဲကိုး၊ ဒီတဏှာကလဲ လောကီအာရုံတွေများမှ သဘောကျတယ်၊ အဲဒီတဏှာ ကုန်ခန်းမှ နိဗ္ဗာန်မြင်မယ်ဆိုတော့ ဘုန်းကြီးတို့က တဏှာလဲ လက်ရှိနဲ့, အာရုံငါးပါးတွေကို သဘောကျတဲ့ လက်ရှိနဲ့ဆိုတော့ ခုနက တောင်ပေါ်မရောက်တဲ့ သူကို တောင်ပေါ်ရောက်တဲ့ သူက ပြောလို့မယုံနိုင်သလို ဖြစ်နေတယ်၊ အဲ–ဘုန်းကြီးတို့ တဖြည်းဖြည်း တက်တက် တက်တက်ပြီးတော့ သီလရော,သမာဓိရော,ပညာရော၊ အဲသလို တက်တက် တက်တက် ပြီးတော့ သွားရမယ့်အပြင် မိမိတို့ ရှေးကလဲပဲ ကုသိုလ်ပါရမီတွေ စုဆောင်းပြီးတော့ လာခဲ့ဦးမှ၊ ဒါဖြင့် ကုသိုလ်ပါရမီတွေ တပည့်တော်တို့ အကယ်၍ မရှိရင် ဒီဘဝ ဒီလမ်းကို မတက်ရတော့ဘူးလို့ဆိုတာ ဘယ်ဟုတ်မလဲ၊ ရှေးက ကုသိုလ်ပါရမီရှိလို့ ဒီလမ်းတက်ချင်လာတာ၊ ရှေးကုသိုလ်ပါရမီ မရှိတဲ့လူတွေဟာ ဒီလမ်းတက်ပါဆိုလို့ကို မတက်ချင်ဘူး။

**နိဗ္ဗာန်ကို စိတ်ကမှန်း။** ။ ဒီတော့ ဘုန်းကြီးက နည်းနည်းလေး အားရတာက နိဗ္ဗာန်ကို မြင်တော့ မမြင်သေးဘူး၊ ဒါပေမယ့် စိတ်ကတော့ နိဗ္ဗာန်ဆီကို ညွှတ်နေတယ်၊ နိဗ္ဗာန်ဆီကို မှန်းနေတယ်၊ ဉပမာဆိုပါတော့ ဒုက္ခတစ်ခုခု ဖြစ်လာပြီဆိုရင် **"ဒီရုပ်တရား နာမ်တရားတွေ ရှိလို့သာ ဒီဒုက္ခနဲ့ တွေ့ရတာ၊ နိဗ္ဗာန်မှာတော့ ရုပ်တရား နာမ်တရားတွေ မရှိလို့ ဒီဒုက္ခတွေ မရှိတော့ဘူး၊ သိပ်ချမ်းသာမှာပဲ၊ နိဗ္ဗာမ်မှာတော့ သိပ်အေးမြမှာပဲ,**

**သိပ်ကောင်းမှာပဲ”** အဲဒီလို နိဗ္ဗာန်ကို စိတ်နဲ့မှန်းပြီး မြင်နိုင်တယ်၊ ဒီလိုမှန်းပြီး မြင်နိုင်ရင်ကိုပဲ တရားဓာတ်ခံဟာ တော်တော်ကလေး အဆင့်အတန်း မြင့်လာပြီလို့ ဆိုရမယ်။

**တပည့်သံယောဇဉ်**။ ။တစ်ခါတုန်းက ဘုန်းကြီးရဲ့တပည့် ကိုရင် တစ်ပါး အပြင်းအထန် မကျန်းမမာ ဖြစ်နေတယ်၊ ပတ်ဝန်းကျင်မှာလဲ ဝမ်းရောဂါ ဖြစ်နေခိုက်ဆိုတော့ ကိုရင်ကလဲ အဲဒီရောဂါ ခပ်ဆန်ဆန် ဖြစ်နေတယ်၊ အပြင်းအထန် မမာတော့ တာဝန်က ရှိတယ်ကိုး၊ ဒါ သားသမီး မဟုတ်သေးဘူး၊ ဘုန်းကြီးကို ယုံကြည်လို့ သူ့ဆရာများက အပ်ထားတယ်၊ ဘုန်းကြီးကို ယုံကြည်လို့ သူ့မိဘများက အပ်ထားတယ်၊ ကိုရင်ကလဲ အရည်အချင်းက ခပ်ကောင်းကောင်း, ဉာဏ်ကလဲ ခပ်ရှိရှိ၊ ဒီလိုဆိုရင် မတော်တဆ ပျက်စီးသွားရင် သူ့ဆရာများက ကျေနပ်မှာ မဟုတ်ဘူး၊ သူ့မိဘများ ကလဲ ကျေနပ်နိုင်စရာ မရှိဘူး၊ အဲသလို အနေမျိုးရောက်နေတော့ ဘုန်းကြီးက သန်းခေါင်လောက် နိုးပြီးတော့နေတုန်း ဒီလို စဉ်းစား မိတယ်၊ သူတို့ရှိလို့ ဒီလို ဒုက္ခဖြစ်တာ, သူတို့မရှိရင် ငါဒါလောက် တာဝန်ကြီးတဲ့ဒုက္ခမျိုး မဖြစ်ဘူး၊ သူတို့မရှိရင် ကောင်းမယ်၊ သူတို့ မရှိရင်ကော ငါချည်း ရှိနေမလား၊ ငါရယ်လို့ ရှိနေပြန်တော့လဲ အမိရယ် အဘရယ်လို့ ရှိနေမှာပဲ၊ အဲဒါကြောင့် ငါချည်းရှိတာလဲ မကောင်းပါဘူး၊ သူတို့လဲမရှိ ငါလဲမရှိဆိုတဲ့ မရှိမျိုးဟာ သိပ်ကောင်း တာပဲလို့ စဉ်းစားမိတယ်။

**နိဗ္ဗာနံ ပရမံ သန္တံ, သန္တသန္တေဘိ ပတ္ထိတံ၊**
**ဒုက္ခိနော ဒုက္ခမာသန္နေ, တဿ ရသော ပကာသတေ။**

အမှတ်တရ ဒီဂါထာ ဘုန်းကြီးရေးတယ်၊ ဒီဒုက္ခကြောင့် ညဥ့်မှာ ဒီဂါထာရေးတယ်။

**"ပရမံ သန္တံ –ဇာတိက္ခာကွင်း, ဇရာရှင်း၍, နာခြင်းသေရေး, အရှည်ဝေးလျက်, အအေးဓာတ်တုံး, မပြတ်သုံးဖို့, အမြတ်ဆုံးမှန်သည့်, သန္တိလက္ခဏာ, ငြိမ်သက်လှစွာသော" "ပရမံ သန္တံ –ဇာတိက္ခာကွင်း, ဇရာရှင်း၍"** ဇာတိလဲ မရှိဘူး၊ ဇာတိရှိမှ ဇရာရှိမယ်, ဇာတိရှိမှ မရဏရှိမယ်၊ လူပဋိသန္ဓေ နေရမှ လူအို အိုပြီးတော့ လူသေ သေတာ, လူပဋိသန္ဓေ မနေရလို့ရှိရင် လူအိုကို မအိုဘူး, လူသေကို မသေဘူး၊ တိရစ္ဆာန်ပဋိသန္ဓေ နေရလို့ တိရစ္ဆာန် အို, တိရစ္ဆာန် နာ, တိရစ္ဆာန် သေဆိုတာရှိတယ်၊ နတ်ပဋိသန္ဓေ နေရလို့ နတ်ထုံးစံအတိုင်း သေရတယ်၊ အို,နာ မထင်ရှားပေမယ့် နတ်ထုံးစံ အတိုင်း သေရတယ်၊ ဗြဟ္မာဇာတိရှိမှ ဗြဟ္မာထုံးစံအတိုင်း သေရတယ်။

**သုခနှစ်မျိုး။ ။"ပရမံ သန္တံ –ဇာတိက္ခာကွင်း, ဇရာရှင်း၍, နာခြင်း သေရေး, အရှည်ဝေးလျက်"** ဇာတိမှ မရှိဘဲနဲ့ ဇရာ ဘယ်ရှိမလဲ, ဘယ်မှာ ဗျာဓိ ရှိမလဲ, ဘယ်မှာ သေမလဲ မရဏရှိမလဲ၊ **"ပရမံ သန္တံ-ဇာတိက္ခာကွင်း, ဇရာရှင်း၍, နာခြင်းသေရေး, အရှည်ဝေးလျက်, အအေးဓာတ်တုံး, မပြတ်သုံးဖို့, အမြတ်ဆုံးမှန်သည့်, သန္တိလက္ခဏာ, ငြိမ်သက်လှစွာသော"** သုခနှစ်မျိုးရှိတယ်၊ **ခံစားတဲ့သုခ**၊ ယခု ခံစားနေတာဟာ မကောင်းဘူး မဆိုလိုဘူး၊ အများသဘော အရ ကောင်းတယ်လို့ ဆိုရမှာပဲ၊ သို့သော်လဲ ရှေ့ရော နောက်ရော ဒုက္ခတွေ ညှပ်နေလို့၊ ပြီးတော့ ခံစားတဲ့စိတ်ဓာတ်ကိုကလဲ ဖြစ်ပျက် နေတဲ့ မကောင်းဒုက္ခမို့လို့ မကောင်းဘူးလို့ သတ္တုချရမယ်၊ ပြီးတော့ **သန္တိသုခ**ဆိုတဲ့ သုခတစ်မျိုး ရှိသေးတယ်၊ အဲဒီ သန္တိသုခကတော့ အဲဒီလိုကို ခံစားတဲ့သုခမဟုတ်ဘူး၊ အလွန်အေးမြတယ်၊ သန္တိ–အေးမြ တယ်ဆိုတာ ဘာအေးတာလဲဆိုတော့ ဇာတိဒုက္ခ အေး တယ်, ဇာတိမီး ငြိမ်းတယ်၊ ဇရာဒုက္ခ အေးတယ်, ဇရာမီး ငြိမ်းတယ်၊ ဗျာဓိဒုက္ခ အေးတယ်, ဗျာဓိမီး ငြိမ်းတယ်၊ မရဏဒုက္ခ အေးတယ်,

၁၆(A)

မရဏာဒုက္ခမီး ငြိမ်းတယ်၊ **"ပရမံ သန္တံ-ဇာတိကွာကွင်း, ဇရာရှင်း၍, နာခြင်းသေရေး, အရှည် ဝေးလျက်, အအေးဓာတ်တုံး, မပြတ်သုံးဖို့, အမြတ်ဆုံးမှန်သည့်, သန္တိလက္ခဏာ, ငြိမ်သက်လှစွာသော၊ နိဗ္ဗာန်-တစ်ဆယ့်တစ်သီး, မီးအဆူဆူ, အပူဓာတ်ကိန်း, တစ်ဇာတ်သိမ်း၍, ပြတ်ငြိမ်းရာမှန်, အေးနိဗ္ဗာန်ကြီးကို၊ သန္တ သန္တေဘိ-သူတော်သေတ္တု, အနှစ်စုသည့်, ယခုရှေးခေတ်, ပညာရှိအစစ်တို့သည်၊ အဘိပတ္တိတံ-လောကီဇာတ်ကြော, ဓာတ်သဘောကို, ခပ်ပေါပေါထင်မြင်၍, ခင်မင်တောင့်တအပ်ခဲ့လေပြီ"** ရုပ်နာမ်ရဲ့ အပြစ်တွေမြင်လို့ နိဗ္ဗာန် တောင့်တရတယ်၊ ဒီနိဗ္ဗာန် တောင့်တတာကလဲ ဒီရုပ်နာမ်တွေဒုက္ခကို မြင်ပြီးတော့ အပြစ်တွေ ထင်နေမှ တောင့်တလို့ကောင်းတယ်၊ နိဗ္ဗာန်ရဖို့ တရားအားထုတ်တဲ့နေရာကျတော့လဲ—

**"အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ"**

**"အဒ္ဓါ-မချွတ်ဧကန်,အမှန်စင်စစ်၊ ဣမာယ ပဋိပတ္တိယာ-ယခု တရားအားထုတ်တဲ့ အကျင့်ပဋိပတ်ဖြင့်၊ ဇရာမရဏမှာ-အိုနာသေရေး, ဒုက္ခဘေးမှ၊ ပရိမုစ္စိဿာမိ-လွတ်မြောက်ရပေတော့မည်"** ငါဟာ ဒီတရားအားထုတ်တယ်၊ ဒီအကျင့် ကျင့်တယ်၊ အဲဒါကြောင့် အို, နာ, သေ, ဒုက္ခဘေး ဧကန်မုချ လွတ်မြောက်တော့မယ်လို့ အဲဒီလို ဒုက္ခရဲ့ အပြစ်ကိုမြင်ပြီး ဒုက္ခက တကယ်လွတ်မြောက်ချင်တဲ့စိတ်နဲ့ နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး အားထုတ်ရမယ်။

**ဒုက္ခပြည့်ညပ် အပ်ချစရာမရှိ။** ။ **"ဒုက္ခိနော-တစ်ရံတစ်ခါ, မခံသာအောင်, ဖန်လာစုပုံ, ဒုက္ခတွေကြုံ၍နေသော ပုထုဇဉ်လူပြိန်းအား၊ ဒုက္ခမာသန္နေ-ဇာတိမကင်း, အကြောင်းရင်းကြောင့်, ပေါင်းသင်းရှုပ်ပြွန်, ရုပ်နာမ်ချင်းတွဲ, ဆင်းရဲမုချ, ဒုက္ခ၏ အနီး၌၊ တဿ ရသော-သူလဲ မပါ, ငါလဲ မရှိ,**

**ဇာတိလဲကင်း၊ ဇရာရှင်း၍၊ နာခြင်းမှာဝေး၊ အေးတကြည်ကြည်၊ အားလုံးကုန် ကိန်းခန်းဆိုက်သဖြင့်၊ ငြိမ်းချမ်းလိုက်မယ့် နိဗ္ဗာန်၏ အနှစ်အဆီသည်"**လို့ **"တသ ရသော–သူလဲမပါ"** ဒီဒုက္ခရောက် နေတဲ့အခါကျတော့ သူတို့ကြောင့် ဒုက္ခရောက်တယ်၊ ဒီဆရာသမား လုပ်ပြီးတော့ တပည့် တပန်းတွေနဲ့နေတော့ ဒီတပည့်တပန်းတွေ ကြောင့် ဒုက္ခရောက်တာ၊ သူတို့မရှိရင် ကောင်းမယ်၊ ဒီလိုဆိုရင် သူတို့မရှိတော့ကော ငါချည်းရပ်တည်လို့ ဖြစ်မလားဆိုတော့ အဖေ အမေ ဆွေမျိုးရယ်လို့ ရှိရပြန်တယ်၊ ငါ့ရုပ် ငါ့နာမ် ငါ့ခန္ဓာချည်းပဲ ရပ်တည်လို့ မဖြစ်ဘူး၊ အဲဒါကြောင့် ငါလဲ မရှိမှကောင်းတယ်၊ **"ဒုက္ခိနော–တစ်ရံတစ်ခါ၊ မခံသာအောင်၊ ဖန်လာစုပုံ၊ ဒုက္ခတွေ ကြုံ၍နေသော ပုထုဇဉ်လူပြိန်းအား"** မစဉ်းစားလို့ပါ၊ တစ်နေ့တုန်းက ဘုန်းကြီး ဒုက္ခခန်း ပြောခဲ့တယ်၊ ဒုက္ခတွေ အပ်ချစရာ မရှိဘူး၊ ဒုက္ခတွေ, ဇာတိ,ဇရာ,ဗျာဓိ,မရဏဒုက္ခတွေ ပြည့်ညပ်လို့ အပ်ချစရာ မရှိဘူး၊ ဒုက္ခတွေဟာ တစ်ခါတည်း မောမောပန်းပန်းချည်းပဲ၊ ပစ္စည်းရှာဖွေရင်တော့လဲ မောမောပန်းပန်းကြီး၊ တစ်နေ့တုန်းကပဲ ကျောင်းဒကာကို ဘုန်းကြီး ပြောလိုက်သေးတယ်၊ ဘုန်းကြီးလဲ မောမောပန်းပန်းနဲ့ သာသနာ့တာဝန်ကို ရွက်ဆောင်နေတယ်၊ သက်သက်သာသာချည်း ချမ်းချမ်းသာသာချည်း ရွက်ဆောင်တာ မဟုတ်ဘူး၊ တကယ်ကို မောမောပန်းပန်း၊ ကျောင်းဒကာကလဲ ဒီ သာသနာပြုချင်တဲ့ အနေမျိုးနဲ့ ကျောင်း ဘာလိုတယ်, ကျောင်း ဘာထောက်မယ်ဆိုပြီး အစစအရာရာ ဆောင်ရွက်ရလို့ ကျောင်းဒကာ ကလဲ မောမောပန်းပန်း။

**ရုပ်နာမ်ရှိသရွေ့ ဒုက္ခတွေ့။ ။ဒုက္ခိနော–တစ်ရံတစ်ခါ၊ မခံသာ အောင်၊ ဖန်လာ စုပုံ၊ ဒုက္ခတွေ ကြုံ၍နေသော ပုထုဇဉ်လူပြိန်းအား၊ ဒုက္ခမှာသနွေ–ဇာတိမကင်း၊**

**အကြောင်းရင်းကြောင့်, ပေါင်းသင်းရှုပ်ပြွန်, ရုပ်နာမ်ချင်းတွဲ, ဆင်းရဲမှုချ, ဒုက္ခ၏ အနိုး၌"** ကိုယ့်ကိုယ်တိုင်က ရုပ်နာမ်ခန္ဓာ ဒုက္ခတုံး၊ ကိုယ်နဲ့စပ်တဲ့ တပည့်တစ်ပါးရှိတယ်၊ သူလဲ ရုပ်နာမ်ခန္ဓာ ဒုက္ခတုံး၊ အဲဒါကြောင့် နှစ်ပါးရှိရင် နှစ်ပါးအတွက် ဒုက္ခတွေ့ရမယ်၊ ၂၀–ရှိရင် ၂၀–အတွက်, ၂၀၀–ရှိရင် ၂၀၀–အတွက် ဒုက္ခတွေ များများလာတယ်၊ လူတွေမှာလဲ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ များရင် များသလောက် ဒုက္ခတွေ့ရတယ်၊ အဲဒီတော့ ပထမဆုံး ငါကိုယ်တိုင်ရှိနေတာ, ငါရယ်လို့ ဖြစ်နေတာကိုက မကောင်းဘူး၊ ငါရှိနေတော့ ငါနဲ့ ပတ်သက်တဲ့ သူတို့တစ်တွေ တိုးလာပြန်တယ်၊ သူတို့တစ်တွေလို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာဒုက္ခတွေ ယှဉ်တွဲလာပြန်တယ်၊ လူတွေမှာလဲပဲ ဇနီးမယား သမီးသားဆိုတဲ့ ဒုက္ခတွေနဲ့ တွေ့ရပြန်တယ်၊ မြေးရယ် မြစ်ရယ်ဆိုတဲ့ ဒုက္ခတွေနဲ့ တွဲရပြန်တယ်၊ စီးပွားရယ် ဥစ္စာရယ်နဲ့ မရှာမကောင်းလို့ ရှာရပြန်တယ်၊ ရှာတော့လဲ မောလို့၊ ရှာပြီးတော့လဲ ထိန်းရ,သိမ်းရ,စောင့်ရှောက်ရတာပန်းလို့၊ မတော်တဆ တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျက်စီးသွားရင်လဲ ဝမ်းနည်းလို့။

**"ဒုက္ခိနော–တစ်ရံတစ်ခါ, မခံသာအောင်, ဖန်လာစုပုံ, ဒုက္ခတွေကြုံ၍နေသော ပုထုဇဉ်လူပြိန်း၏"** တစ်ခါတစ်ခါ ဒီခန္ဓာကိုယ်ကြောင့် မကျန်းမမာဖြစ်တဲ့အခါကျတော့ တစ်နေ့တုန်းက ဗျာဓိဒုက္ခ ပြောခဲ့သလို ဘာမျှ မသက်သာဘူး၊ ခုဟာ ကိုယ့်ကိုယ်တိုင် မခံရဘဲနဲ့ ကိုယ်နဲ့စပ်တဲ့သူတွေ တကတည်း သေလုမျောပါး ဖြစ်လို့ ကိုယ့်မှာ စိတ်ဆင်းရဲရတဲ့ ဒုက္ခတွေကို ပြောနေတာ၊ ကိုယ်ကိုယ်တိုင်ခံရတော့ကော သက်သာရဲ့လား, ဒါလဲ မသက်သာဘူး၊ **"ဒုက္ခိနော–တစ်ရံတစ်ခါ, မခံသာအောင်, ဖန်လာစုပုံ, ဒုက္ခတွေကြုံ၍နေသောပုထုဇဉ်လူပြိန်းအား၊ ဒုက္ခမာသန္နေ–ဇာတိမကင်း, အကြောင်းရင်းကြောင့်, ပေါင်းသင်းရှုပ်ပြွန်, ရုပ်နာမ်ချင်းတွဲ, ဆင်းရဲမှုချ, ဒုက္ခ၏ အနိုး၌၊**

**တဿ ရသော–သူလဲ မပါ, ငါလဲ မရှိ”** ဒုက္ခအနီးမှာ နိဗ္ဗာန်ထင်ရှားလာတယ်၊ ဒုက္ခရဲ့အနီးနား ကပ်ပြီးတော့ နိဗ္ဗာန်ပေါ်လာမယ်၊ ဘယ့်နှယ်ပေါ်လာတာတုံး၊ **“တဿ ရသော–သူလဲ မပါ, ငါလဲ မရှိ”** နိဗ္ဗာန်မှာ သူလဲမပါ (သူဆိုတဲ့ ရုပ်နာမ်ခန္ဓာလဲ မပါဘူး၊) ငါလဲ မရှိ (ငါဆိုတဲ့ ရုပ်နာမ်ခန္ဓာလဲ မရှိဘူး, မပါဘူး၊) ဒါဖြင့်ရင် သူရယ် ငါရယ်လို့ မရှိတော့ ဇာတိကော ရှိဦးမလား, ဇရာကော ရှိဦးမလား, ဗျာဓိကော ရှိဦးမလားဆိုတော့ အဲဒါတွေနဲ့ အလွန်ကို ဝေးလို့ **“တဿ ရသော–သူလဲ မပါ, ငါလဲ မရှိ, ဇာတိလဲကင်း, ဇရာရှင်း၍, နာခြင်းမှဝေး, အေးတကြည်ကြည်, အားလုံးကုန်ကိန်းခန်းဆိုက်သဖြင့်, ငြိမ်းချမ်းလိုက်မယ့် နိဗ္ဗာန်၏ အနှစ်အဆီသည်၊ ပကာသတေ–တတွေး တတွေး, တရေးရေးနှင့်, တအေးအေး လမ်းပြသကဲ့သို့ မှန်းဆတိုင်း ထင်ရှားလေတော့သတည်း”**။

**သာဓု…သာဓု…သာဓု**။

**နိဗ္ဗာန်အေးမြ ရည်မှန်းဆ**။ ။ဒီတော့ နိဗ္ဗာန်ကို ပုထုဇဉ်အမြင်မျိုးနဲ့ အကြမ်းကြည့်လို့ မရဘူး၊ တွေးတွေးပြီး ကြည့်တော့မှ ဟုတ်တယ်, ရုပ်နာမ်မရှိတာ ကောင်းတယ်၊ ဒီလိုဆိုရင် အာရုံငါးပါးတွေ ခံစားစရာတွေ မရှိတာကောင်းတယ်၊ ဒီလိုဆိုရင် အတွင်းက တဏှာ ပြတ်သွားတာကောင်းတယ်၊ အဲသလို သဘောပေါက်ပြီး သကာလ ထပ်ပြန်တလဲလဲ နိဗ္ဗာန်ရဲ့ (ဥပသမာနုဿတိ)အေးမြပုံတွေကို တွေးပြီးတော့ ဟုတ်တယ်, အေးမြပေလိမ့်မယ်, နိဗ္ဗာန်ဟာ အင်မတန် အေးမြပေလိမ့်မယ်၊ ပြီးတော့ ဒီရုပ်နာမ်တွေရဲ့ အပြစ်တွေ တွေးလို့, ပတ်ဝန်းကျင် အပေါင်းအသင်းတွေ တွေးလို့, စီးပွားဥစ္စာ ရှာရဖွေရ ထိန်းရသိမ်းရတာတွေ ပျက်စီးသွားတာ တွေးလို့၊ အဲဒါတွေ တွေးပြီးတော့ ဧကန္တ နိဗ္ဗာန်သာ ကောင်းပေလိမ့်မယ်လို့၊ အဲသလို တရားသဘောအားဖြင့် နိဗ္ဗာန်ကိုတော

ကိုယ်စီကိုယ်င သဘောကျဖို့ ကောင်းမယ်နော်၊ အဲသလို သဘောကျပြီးသကာလ ဘာပဲလုပ်လုပ် ဒါနပဲ ပြုပြု၊ ဘုရားပဲ တည်တည်၊ ကျောင်းပဲ ဆောက်ဆောက်၊ သတ္တဝါတွေကိုပဲ ကျွေးမွေးကျွေးမွေး၊ **"ဣမာယ ပဋိပတ္တိယာ–ဤကောင်းမြတ်တဲ့ အကျင့်ပဋိပတ်ဖြင့်၊** (ဒါနပဋိပတ်ဖြင့်၊ သီလပဋိပတ်ဖြင့်၊ ဘာဝနာပဋိပတ်ဖြင့်၊) **ဇရာမရဏမှာ–အိုနာသေရေး၊ ဒုက္ခဘေးမှ၊ ပရိမုစ္စိဿာမိ–ကေန်မုချ၊ လွတ်မြောက်ရပေတော့မည်"**လို့ အဲဒီလို စိတ်က မှန်းထားရမယ်။

ပြီးတော့ ဘုရားအစရှိတဲ့ သူတော်ကောင်းတို့ ဒီဒုက္ခဘေးက လွတ်မြောက်တော်မူကြတယ်၊ ငါလဲပဲ ဒုက္ခဘေးက လွတ်မြောက်တဲ့ နိဗ္ဗာန်လမ်းကို တစ်နေ့ တစ်လှမ်း၊ တစ်နေ့ တစ်လှမ်းဆိုသလို လှမ်းသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားအားထုတ်ရင်း၊ ဘုရားရှိခိုးရင်း **"အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ"** ဒီအကျင့် ပဋိပတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတော့မည်၊ ယခုလို တရားတွေ နာပြီးတော့ တရားဓာတ်ပြားတွေ နားထောင်ပြီးတော့ နေရင်း စိတ်ထဲက မြတ်စွာဘုရားကို လက်အုပ်ချီလို့ **"ဤအကျင့်မြတ်ဖြင့် ဇရာ၊ မရဏမှ လွတ်မြောက်ရတော့မည်"**လို့ အဲသလို ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတွေ မြင်ပြီးတော့ ဒီဒုက္ခ ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို ငါလဲ ကေန်မုချ မျက်မှောက်ပြုရမယ်လို့ အဲသလို သဘောထားပြီးသကာလ နိဗ္ဗာန်ကိုသာ အာရုံပြုပြီးတော့ ဥပသမာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများဖို့ရန် ကြိုးစားနိုင်ကြစေကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

**တတိယနေ့ ပြီး၏။**

# မဃ္ဃစကြာတရားတော်

**စတုတ္ထနေ့**

[သာသနာတော်–၂၄၉၃၊ ကောဇာ ၁၃၁၁–ခုနှစ်က ဟောကြားတော်မူသည်။]

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဂ္ဂသစ္စာ ဟောကြားခြင်း

ယနေ့ မဂ္ဂသစ္စာအခန်း ရောက်လာတယ်၊ မဂ္ဂသစ္စာကိုပဲ သတ်သတ် ယနေ့ ပြီးကောင်း ပြီးလိမ့်မယ်ထင်တယ်၊ ဘုန်းကြီးရဲ့ ဝါဒအတိုင်း ဘယ်တရားများမဆို တိတ်တိတ်ဆိတ်ဆိတ် လေ့လာရတာဟာ အင်မတန်ကောင်းတယ်၊ ဒါကြောင့် ဒီတရားနာတော့လဲ တောထဲ ရောက်နေကြတယ်လို့ သဘောထားပြီး နာယူကြပါ၊ ဘုန်းကြီးကလဲ တောထဲမှာပဲ စိတ်ကို ရောက်အောင်ထားပြီး ဟောနေပါတယ်။

**သန္ဒမာနဒကော သန္တော, ဖလပုပ္ဖောပသောဘိတော၊**
**သညူန္တော နီလရုက္ခေဟိ, ပီနေတိ အဿမော မမ။**

သန္ဒမာနဒကော–ငွေသောင်ကမ်းခြေ, အပန်းဖြေဖို့, စမ်းရေအလျဉ်, တသွင်သွင်နှင့်, အစဉ်မပြတ်, စီးသွားရာအရပ်လည်းဖြစ်ပေထသော၊ သန္တော–လူသံတိတ်ချိန်, ဆိတ်ငြိမ်အေးမြသော အရပ်လည်းဖြစ်ပေထသော၊ ဖလပုပ္ဖောပသောဘိတော–သုံးဍျမကုန်, သီးပွင့်စုံဖြင့်, ဖုံဖုံမြင့်ကြွယ်, တင့်တယ်ပေထသော၊ နီလရုက္ခေဟိ–စိမ်းတစိုစို, ညို့တမှောင်မှောင်, ခိုရောင်မြသွေး, ကမ္ဗာဆေးဖြင့်, အလှရေးသည့် အသွင်, သစ်ပင်ပိတ်ပေါင်းတို့သည်၊ သညူန္တော–အပူမခ, မြူမကြွဖို့,

သူကကယ်မည်, ငါကယ်မည်ဟု, ရည်ရွယ်သည့်အနေ, ဖုံးလွှမ်းအပ် ပေထသော၊ အဿမော–ယခုလိုကံ, ကုသိုလ်ဖန်သဖြင့်, အရံသင့် အစွမ်းကုန်, စခန်းစုံအောင်, တွေ့ရတဲ့ သစ်မ်းကျောင်းကလေးသည်၊ မမ–ငါ၏၊ မနံ–မနောကြည်ကြည်, သဘောတည်လျက်, တောမှီ လိုရိပ်, ယောဂီစိတ်ကို၊ ပီနေတိဝတ–ဝါဂွမ်းဆီထိ, အကြည်ပြည့်လို့, ပီတိဓာတ်ခိုး, မပြတ်တိုးလျက်, မြတ်နိုးနှစ်သက်နိုင်ပေစွတကား။

**သာဓု...သာဓု...သာဓု။**

**လူသံတိတ်ချိန် ဆိတ်ငြိမ်အရပ်** ဘုန်းကြီးတို့ ရောက်နေကြတဲ့ ကျောင်းသစ်မ်း ကလေးရဲ့ အနီးအပါးမှာ ဘုန်းကြီးတို့တစ်တွေ တရားစကားပြောလို့ နေကြတယ်၊ ကျောင်း သစ်မ်းရဲ့ ပတ်ဝန်းကျင်အခြေအနေက ဘယ်လိုရှိသလဲလို့ဆိုတော့ **“သန္ဒမာနဒကော–ငွေသောင်ကမ်းခြေ, အပန်းဖြေဖို့, စမ်းရေအလျဉ်, တသွင်သွင်နှင့်, အစဉ်မပြတ်, စီးသွားရာအရပ်လည်းဖြစ်ပေထသော”** ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းကျောင်းရဲ့ ခပ်လှမ်းလှမ်းမှာ ကြည့်လိုက်လို့ ရှိရင် စမ်းရေကလေးတွေ စီးလို့၊ တစ်ခါတစ်ခါ ညနေပိုင်း တို့ အညောင်းပြေ အညာပြေ လမ်းလျှောက်ရင်း စမ်းရေနားရောက်လို့၊ **“သန္ဒမာနဒကော–ငွေသောင်ကမ်းခြေ, အပန်းဖြေဖို့, စမ်းရေအလျဉ်, တသွင်သွင်နှင့်, အစဉ်မပြတ်, စီးသွားရာအရပ်လည်းဖြစ်ပေထသော”** ညနေပိုင်း သင်္ကန်းကလေး သေသေသပ်သပ် ညီညီညာညာ ဝတ်လို့, ရုံလို့၊ လူဝတ်ကြောင်တွေက ဝတ်ဖြူစင်ကြယ်နဲ့ သန့်သန့်ရှင်းရှင်းနဲ့ အဲသလို ဖြစ်နေပြီးတော့ ဘုန်းကြီးတို့ ညနေပိုင်းများ ဒီလမ်းလျှောက် ရင်း စမ်းရေလေးများ ကြည့်လို့၊ **“သန္ဒမာနဒကော–ငွေသောင်ကမ်း ခြေ, အပန်းဖြေဖို့, စမ်းရေအလျဉ်, တသွင်သွင်နှင့်, အစဉ်မပြတ်, စီးသွားရာအရပ်လည်း ဖြစ်ပေထသော၊ သန္တော–လူသံတိတ်ချိန်,**

**ဆိတ်ငြိမ်အေးမြသော အရပ်လည်းဖြစ်ပေထသော"** တိတ်လို့ လူသံ သူသံ ဘာမျှ မကြားရဘူး၊ **"သန္တေ၁–မြို့ရွာလူသံ, မဆူညံသဖြင့်"** မြို့ရွာထဲက အသံနဲ့ဝေးလို့ ဘာမျှ မကြားရဘူး၊ **"သန္တေ၁–မြို့ရွာ လူသံ, မဆူညံသဖြင့်, လူသံတိတ်ချိန်, ဆိတ်ငြိမ်အေးမြသော အရပ်လည်းဖြစ်ပေထသော"** တိတ်တိတ်ဆိတ်ဆိတ် ဒါ ရှေးပုဂ္ဂိုလ်တွေ ဒီလမ်းအတိုင်း သွားကြတယ်။

**တေမိမင်းသား ဆွံ့,အ–ယောင်ဆောင်** အားလုံး ကြားဖူးတဲ့ **တေမိမင်း**ဟာ ဒီလို တောထဲ ဒီလို နေချင်လွန်းလို့ တစ်ဆယ့်ခြောက်နှစ်လုံးလုံး ထီးနန်းထဲမှာ ပြုစုယုယတဲ့ လူတွေရဲ့ကြားထဲ အ–ယောင် ဆောင်ပြီးတော့နေတယ်၊ မသွားမလာနိုင်တဲ့ အဆွံ့ယောင် ဆောင်ပြီးတော့နေတယ်၊ ဒါဒီလို တောကလေး လိုချင်လို့ ဒီလို တောင်ကလေး လိုချင်လို့, ထီးထဲနန်းထဲ မပျော်လို့, တောထဲကျတော့ စိတ်ချမ်းသာလို့မို့ ကန်စွန်းရွက်ပြုတ် ကလေး စားလို့, အသားအရေတွေ ပြည့်ဖြိုးလို့, အင်မတန် သပ္ပာယ် လာတယ်၊**"သန္တေ၁–မြို့ရွာလူသံ, မဆူညံဘဲ, လူသံတိတ်ချိန်, ဆိတ်ငြိမ် အေးမြသောအရပ်လည်း ဖြစ်ပေထသော၊ ဖလပုပ္ဖောပသောဘိတော– သုံး၍မကုန်, သီးပွင့်စုံဖြင့်, ဖုံဖုံမြင့်ကြွယ်, တင့်တယ်ပေထသော"** အသီးကလေးတွေကလဲ တောအလိုက် **မာလကာ**သီးတို့လို တောမှာ ပေါက်နေတဲ့ **ငှက်ပျော**သီးတို့လို အဲဒီလို စားစရာ အသီးကလေးတွေ သုံးမကုန်ပါဘူး၊ နည်းနည်းပါးပါး ရနိုင်ပါရဲ့၊ **"နီလရုက္ခေဟိ– စိမ်းစိမ်းစိုစို, ညိုညိုမှောင်မှောင်ရှိတဲ့ သစ်ပင်ပိတ်ပေါင်းတို့က၊ သဥ္ဇနော–အမြဲမပြတ်, ဖုံးလွှမ်း၍နေအပ်ပေထသော"** ခပ်လှမ်းလှမ်း စိမ်းလို့ သစ်ပင်တွေကဖုံးလို့ ဖုံလဲ မထဘူး, ပူလဲ မပူဘူး၊ ဒီလို နေရာ ရှေးသူတော်ကောင်းတွေ တောထွက်လို့ ကျင့်ကြတယ်။

ဒီရဟန်းသံဃာ ရသေ့ရဟန်း မဟုတ်ဘဲနဲ့ ရှင်ဘုရင်ဘဝက တောထွက်သွားတဲ့ ပုဂ္ဂိုလ်တွေလဲ ဟိုကျ ရသေ့လုပ်ပြီးတော့ ဒီလို နေရာမျိုးမှာ နေကြတယ်၊ **"အသသမော–ယခုလိုက်, ကုသိုလ်ဖန် သဖြင့်, အရန်သင့် အစွမ်းကုန်, စခန်းစုံအောင် တွေ့ရတဲ့ သင်္ချမ်း ကျောင်းကလေးသည်"** ရေနဲ့ သစ်သီးဝလံနဲ့ အင်း–အရိပ်အာဝါသနဲ့ အင်မတန် ပျော်စရာကောင်းတယ်၊ အဲသလို နေရာမှာ ဘုန်းကြီးတို့ အခုရောက်နေကြတယ်၊ ဘယ်မြို့ ဘယ်ပြည်နဲ့မှ နှိုင်းယှဉ်လို့မရအောင် စိတ်ထဲ ကြည်နူးစရာ ကောင်းတဲ့နေရာ ဘုန်းကြီးတို့ ရောက်နေကြ တယ်၊ အဲဒီ နေရာမှာ ယနေ့ မြတ်စွာဘုရားရဲ့ လေးကြိမ်မြောက် ဟောတော်မူတဲ့ မဂ္ဂသစ္စာကို စဉ်းစားကြစို့။

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ–**

**သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**သစ္စာလေးစုံ ဟောပုံအစဉ်။** ။ဒီ မဂ္ဂသစ္စာဆိုတာ ပထမတုန်းက အဓိပ္ပာယ်ပြောခဲ့တဲ့ မဇ္ဈိမပဋိပဒါ ဆိုတဲ့ အကျင့်ပါပဲ၊ ဒီအကျင့်ကို ဒီနေရာမှာ မဂ္ဂသစ္စာအဖြစ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ် ထပ်ပြီးတော့ ဟောတော်မူပြန်တယ်၊ **"ဘိက္ခဝေ–ရဟန်းတို့၊ ဣဒံ ခေါ ပန–ဤဆိုအပ်လတ္တံ့သော အကြောင်းအရာသည်ကား၊ ဒုက္ခနိရောဓဂါမိနီ–ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ ပဋိပဒါ–အကျင့်ဖြစ်သော၊ အရိယသစ္စံ–အရိယာအဖြစ်ကို ပြုတတ်တဲ့ မဂ္ဂသစ္စာတစ်ပါးတည်း"** မြတ်စွာဘုရားက သစ္စာလေးပါးကို ဟောတော်မူတဲ့အခါမှာ လောကုတ္တရာ နယ်ပယ်မှာရောက်တော့ နိရောဓသစ္စာကို ရှေးဦးစွာ

ဟောတော်မူတယ်၊ ဒီနိရောဓသစ္စာဆိုတာ အကျိုးသစ္စာ၊ ပြီးတော့မှ ဒီနိရောဓသစ္စာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ကြောင်းအကျင့်ဆိုတဲ့တရားက ဟောဒီ မဂ္ဂသစ္စာပဲလို့ အကြောင်းကို ဒုတိယပြတယ်၊ ဒါကြောင့် လောကီနယ်မှာ အကျိုးသစ္စာ၊ အကြောင်းသစ္စာ နှစ်ပါး၊ အကျိုးသစ္စာက ဒုက္ခသစ္စာ၊ အကြောင်းသစ္စာက သမုဒယသစ္စာ၊ လောကုတ္တရာနယ်မှာ အကျိုးသစ္စာက နိရောဓသစ္စာ၊ အကြောင်းသစ္စာက မဂ္ဂသစ္စာ၊ သစ္စာလေးပါးတရား စီစဉ်တော်မူပုံ အင်မတန်မှ ကြည်ညိုစရာကောင်းတယ်၊ ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားကျမှ ဒီလိုလေးပါးကို ဒီလို စီစဉ်သလားလို့ဆိုတော့ မဟုတ်ဘူး၊ ရှေးရှေးဘုရားရှင်ကိုယ်တော်မြတ်များလဲ သစ္စာလေးပါးကို ဒီလိုပဲ စီစဉ်တော်မူကြသတဲ့။

**"လောကီဘုံဝယ်၊ သာယာဖွယ်ဟု၊ တာတွယ်လေငြား၊ ဝေနေယျများကို၊ တရားသံဝေ၊ ရပစေဟု၊ ထွေထွေဒုက္ခ၊ ဦးစွာပြခဲ့"** ဒီသတ္တဝါတွေ အဲဒီအချိန်မှာ စည်းစိမ်ရောက်လာတဲ့ နတ်ဗြဟ္မာတွေကလဲ ဘုံဗိမာန်တွေနဲ့ တယ်သာယာပြီးတော့ နေကြတယ်၊ အဲဒီလို သာယာနေကြတဲ့ ဝေနေယျသတ္တဝါတွေကို သံဝေဂရအောင်လို့ ပထမဆုံး ဒုက္ခ–ဒုက္ခ–ဒုက္ခ–ဒုက္ခ၊ ဇာတိလဲ ဒုက္ခ၊ ဇရာလဲ ဒုက္ခ၊ နောက်ဆုံး ရုပ်နာမ်ခန္ဓာကြီးလဲ ဒုက္ခပဲလို့ ဒုက္ခကို ပထမပြတော်မူတယ်၊ အဲဒီဒုက္ခတွေဟာ အကြောင်းမဲ့သက်သက် တစ်စုံတစ်ယောက်က ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး၊ တဏှာဆိုတဲ့ သမုဒယသစ္စာကြောင့် ဖြစ်တာလို့။

**"ဒုက္ခသောင်းပြောင်း၊ တရားပေါင်းလည်း၊ အကြောင်းမဲ့စွာ၊ မဖြစ်ရာရှင့်၊ မဟာဗြဟ္မ၊ ထာဝရဟု၊ ဘုရားတစ်သင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ပရမ်းပတာ၊ ဖြစ်ကြရာဟော၊ သမုဒယောတဲ့"** တဏှာကြောင့် အဲဒီ ဒုက္ခဖြစ်တယ်၊ ဒီတော့ သတ္တဝါတွေက ဒုက္ခ သိပ်ကြောက်တယ်၊

ဘယ့်နှယ်လုပ်ရပါ့မလဲ၊ ဒီဒုက္ခ လွတ်တဲ့ နေရာမှ ရှိမှ ရှိပါလေ သေးရဲ့လားလို့ အဲဒီလို စိတ်ထဲက တွေးပြီးတော့ ရတက်ဗျာပါရတွေ များနေတဲ့အချိန်မှာ–

**"သုံးလောကတွင်, ဒုက္ခထင်၍, လွတ်ခွင်ထွက်ရာ, ရတက်ဖြာ သော်, သက်သာစေရန်, အနေဖန်လျက်, ကေန်တတိယ, နိရောဓတဲ့"**

သက်သာစရာ ရှိတယ်၊ ဒုက္ခချုပ်တဲ့နေရာ ရှိတယ်၊ ဒုက္ခမဖြစ်တဲ့ နေရာ ရှိတယ်လို့ သိရအောင် သုံးကြိမ်မြောက်မှာ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို ပြတော်မူတယ်။

**"နိဗ္ဗာနနန်း, ရောက်ဖို့မှန်းက, ဤလမ်းဖြင့်တက်, ဤမဂ်ကိုပွား, မိန့်သည့်လားသို့, လေးပါးမြောက်တွင်, မဂ်လမ်းထွင်သည်...... ဟောစဉ်လက်ရိုးဆူဆူတည်း"**။

အဲဒီ နိဗ္ဗာန်ကို ဘယ်လိုများ ရောက်နိုင်ပါမတုန်းလို့ အဲသလို တွေးပြီးတော့ ရောက်ချင်လွန်းလို့ စဉ်းစားနေတဲ့အချိန်မှာ ဟောဒီ လမ်းကို သွား, ဒီမဂ်ကို ပွား, ဒီတရားကို ယူလို့၊ အဲဒီလို မိန့် တော်မူတဲ့အနေမျိုးနဲ့ လေးပါးမြောက်မှာ မဂ္ဂသစ္စာကို ဟောတော်မူ တယ်၊ အကြောင်းနဲ့ အကျိုးနဲ့, အကြောင်းနဲ့ အကျိုးနဲ့ အင်မတန်မှ ကြည်ညိုစရာကောင်းတယ်၊ ဒါကြောင့် နိဗ္ဗာနဓာတ်ကို တွေ့ချင် မြင်ချင်ကြလို့ရှိရင် မဂ်ကို ပွားပါ၊ ဒီတရားကိုပဲ အားထုတ်ပါလို့ မဂ္ဂသစ္စာကို လေးကြိမ်မြောက် ပြတော်မူတယ်၊ ဘုရားအဆူဆူ ဒီတိုင်း ပြတော်မူတယ်။

**မာဂဏ္ဍိယအား ဘုရားဟောခြင်း**။ ။ဒါနဲ့ စပ်ပြီးတော့ ဘုန်းကြီး ဟိုတစ်နေ့တုန်းက ပြောခဲ့တဲ့ **မာဂဏ္ဍိယ**သုတ်ကို နည်းနည်း ပြန်ပြောဦးမယ်၊ **မာဂဏ္ဍိယ**ပရိဗိုဇ် (ဟိုတုန်းက **မာဂဏ္ဍိယ**ပုဏ္ဏားလို့ ပြောခဲ့တယ် ထင်တယ်နော်၊)

**မာဂဏ္ဍိယ**ပရိဗိုဇ်က မြတ်စွာဘုရားနဲ့ တွေ့တော့ မြတ်စွာဘုရားက အနူဥပမာနဲ့ အာရုံငါးပါး ခံစားတယ်ဆိုတာဟာ အနူယားတာပဲ ယားလို့ အယားဖျောက်တာပဲ၊ အဲဒီလို အမိန့်ရှိပြီးတော့ ထပ်ပြီး အမိန့်ရှိပြန်တယ်၊ **"မာဂဏ္ဍိယ–အဲဒီ အနူဟာ ဒီလိုသာ ယားလို့ကုတ်, ကုတ်လို့ အားမရလို့ မီးကင်၊ ဒီလို လုပ်နေလို့များတော့ အနူ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး"**လို့ အဲဒီလိုသိလို့ မိတ်ဆွေတွေက, ဆွေမျိုးတွေက အနူကို ကောင်းကောင်းနိုင်တဲ့ ဆရာနဲ့ ဆက်သွယ်ပြီးတော့ အနူကုလိုက်တယ်၊ အနူကုလိုက်တော့ တော်တော်ကြာတော့ အနူပျောက်သွားတယ်၊ အနူပျောက်သွားတဲ့ အချိန်ကျတော့ သူ ကုတ်ချင်သေးသလား, မကုတ်ချင်တော့ဘူး၊ အရင်တုန်းက ဆိုလို့ရှိရင် မီးကျီးကောင်းကောင်းနဲ့များ တွေ့ရင် အင်မတန် ဝမ်းမြောက်ဝမ်းသာနဲ့ ကင်ချင်တယ်၊ ယခု ကင်ချင်သေးသလား, မကင်ချင်တော့ဘူး၊ တကယ်လို့များ လူနှစ်ယောက်လောက်က အတင်းဆွဲပြီးတော့ လာကွာ, ဟိုမှာ မီးကျီးတွေ ကောင်းလွန်းလို့ အဲဒီလို ပြောပြီးတော့ အတင်းဆွဲပြီးများ ခေါ်သွားလို့ရှိရင် အတင်းပြန်ရုန်းမှာပဲ၊ ဒါကြောင့် ဒီ အနူပျောက်တဲ့သူက မီးကျီးကို ယခု ကြောက်တာဟာ မီးကျီးက ယခုမှ ပူလို့လား, မဟုတ်ပါဘူး၊ ရှေးတုန်းကလဲ ပူတာပဲ၊ ရှေးတုန်းက ပူပေမယ်လို့ မီးကျီးကို တယ်နှစ်သက်တယ်၊ မီးကျီးနား ကပ်လိုက်ရတယ်ဆိုရင် ကျေနပ်သွားတယ်၊ ယခုတော့ မီးကျီးနား အတင်းဆွဲခေါ်တာတောင်မှ မီးကျီးနား မကပ်တော့ဘူး၊ မီးကျီးကို သိပ်ကြောက်သွားတယ်။

**တဏှာကုန်တော့ အာရုံမခင်။** ။ အဲဒီလိုပဲ သမုဒယသစ္စာ မကုန်ခင်တုန်းက အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားတာ အင်မတန် သဘောကျတယ်၊ နောက်တော့ တဏှာကုန်ခန်းတဲ့ အဖြစ်ရတော့ သူများခံစားတာကြည့်လဲ ကိုယ်က

အားမကျတော့ဘူး၊ လုံးလုံး အားမကျတော့ဘူး၊ မိမိကို အတင်းဆွဲပြီး ခေါ်လဲပဲ အတင်းရုန်းတာပဲ၊ အဲဒီတော့ ကာမဂုဏ်တွေဟာ ခုမှ စက်ဆုပ်စရာကောင်းတာ မဟုတ်ဘူးလို့ နဂိုတုန်းကလဲ စက်ဆုပ်စရာ ကောင်းတာပဲ၊ တဏှာကုန်ခန်းမှ စက်ဆုတ်စရာလို့ သိမြင်သွား ပေလိမ့်မယ်၊ နဂိုတုန်းကလဲ စက်ဆုတ်စရာပါပဲ၊ အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ်က မိန့်တော့ ခုန **မာဂဏ္ဍိယ**ပရိဗိုဇ်က မြတ်စွာဘုရား တရားတွေ စဉ်းစားလို့ သိပ်သဘောကျတယ်၊ အနာပျောက်သွားတယ် ဆိုတာလဲ တယ်သဘောကျတယ်၊ ဟုတ်တယ်, အနာပျောက်သွား တော့ မီးကျီး မကင်ချင်တော့ဘူး၊ ကြောက်သွားပြီ၊ အဲဒီ အနာ ပျောက်နေတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို မြင်နိုင်တယ်၊ ဒီတော့ မြတ်စွာဘုရား–တပည့်တော်ကို နိဗ္ဗာန်မြင်အောင် ဟောပေးနိုင်ပါ တယ်ဘုရား, ဟောပေးတော်မူပါ။

**နိဗ္ဗာန်မြင်ချင်ရင် သူတော်ကောင်းတွေ ဆည်းကပ်**

ဒီတော့ မြတ်စွာဘုရားက **"ငါဟော ပေးမယ်လို့ သင်က နားမလည်ဘဲနဲ့ ဟောနေရလို့ရှိရင် ပင်ပန်းရုံရှိမှာပေါ့"** လို့ မိန့်တော်မူတော့၊ **"ဟောတော်မူပါမြတ်စွာဘုရား, တပည့်တော်ကို နိဗ္ဗာန်မြင်အောင် ဟောလို့ ဖြစ်နိုင်ပါတယ်ဘုရား, တပည့်တော် ယုံကြည် ပါတယ်, ဟောတော်မူပါ"**တဲ့၊ **"မာဂဏ္ဍိယ–ငါဘုရားစကား နားထောင် မယ်ဆိုလို့ရှိရင်, နိဗ္ဗာန်မြင်ချင်လို့ရှိရင် ပထမဆုံး သူတော်ကောင်းတွေကို ချဉ်းကပ်, သူတော်ကောင်းတရားတော်တွေကို နာပြီးတော့ အဲဒီ တရား အတိုင်း ကျင့်လို့ရှိရင် နိဗ္ဗာန်မြင်လိမ့်မယ်"**လို့ မြတ်စွာဘုရားက ဟောတော်မူတော့**"ဟာ–ဒီလိုဆိုရင် တပည့်တော်ကို ရဟန်းပြုခွင့်ပေး တော်မူပါဘုရား"**လို့ ရဟန်းပြုခွင့်တောင်း, ရဟန်းပြုခွင့်တောင်းပြီး တော့ တရားအားထုတ်လိုက်တာ တော်တော်ကြာတော့ နိဗ္ဗာန်မြင်တဲ့ အရိယာပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်၊ နိဗ္ဗာန်နဲ့ဆိုင်တဲ့နေရာရောက်မှ

နိဗ္ဗာန်မြင်တယ်လို့ ဘုန်းကြီးပြောခဲ့တယ်မဟုတ်လား၊ ဒီတော့ ဒီနိဗ္ဗာန်ကို လိုချင်လို့ရှိရင် ဒီတရား ကိုယ်သန္တာန်ရောက်အောင် ကျင့်ယူရမှာပဲ။

**ကမ္မဋ္ဌာန်းထိုင်တဲ့ပုံအတိုင်း နတ်ပြည်မှာဖြစ်**

ရှေးတုန်းက ဘုန်းကြီးတို့ ဘုရား လက်ထက် ရဟန်းတစ်ပါးဟာ တယ်သူတော်ကောင်းပီသတယ်၊ တောကျောင်းနေပြီးတော့ တရားအားထုတ်လိုက်တာ ပြင်းပြင်းပြပြအားထုတ်လို့ တစ်ချိန်ကျတော့ တရားအားထုတ်ရတဲ့အချိန် နည်းတယ်ထင်ပြီးတော့ မစားမသောက်ဘူး၊ နေ့ရော ညပါ အားထုတ်လိုက်တာ လေသင်တုန်းဖြတ်ပြီးတော့ ဖြတ်ကနဲ ဆုံးသွားတယ်၊ ဆုံးသွားရင်ပဲ ကမ္မဋ္ဌာန်းထိုင်တဲ့ပုံကြီးအတိုင်း နတ်ပြည်ရောက်သွား, နတ်ပြည်ရောက်သွားတော့ နဂိုက နတ်ဘုံဗိမာန်မှာ နတ်သမီးတွေသာ ရှိတယ်, နတ်သားကမရှိဘူး၊ ယခုတော့ ချက်ချင်းပဲ ဘုံဗိမာန်အနီးမှာ နတ်သား ရောက်လာတော့ နတ်သမီးတွေက **"ဟော့-တို့ ဗိမာန်ရှင် ရောက်လာပြီ"** ဆိုပြီးတော့ ဝမ်းသာအားရနဲ့ ထွက်လာကြတယ်။

**နတ်ဖြစ်ပေမယ့် ဘုန်းကြီးစိတ် မပျောက်**

ထွက်လာတော့ နတ်သားက ရဟန်းဘဝက တရားအားထုတ်ရင်း ဖြုန်းခနဲ ပျံလွန်တော်မူခဲ့တာဖြစ်တော့ ဘုန်းကြီးစိတ် မပျောက်သေးဘူး၊ သူ့ကိုယ်သူလဲ မကြည့်မိသေးဘူး၊ ဘုန်းကြီးပဲ ထင်နေတာပဲ, တရားထိုင်နေသလို အောက်မေ့နေတာပဲ၊ ဒါနဲ့ နတ်သမီးတွေက လာတော့**"သြော်-ဒကာမတွေ ကျောင်းကြည့်လာဟန်တူပါရဲ့"**ဆိုပြီး စက္ခုန္ဒြေချပြီးတော့ နေတာပဲ၊ အနားရောက်လာတော့မှ ဘေးက နတ်သမီးတွေက အကဲကြည့်တော့ **"သြော်-ဘုန်းကြီးဘဝကလာတဲ့ နတ်သားပါလား"**လို့ အဲဒီလို တွေးပြီးတော့ စကားပြောကြတယ်၊ **"ဒီနေရာဟာ နတ်ပြည်ပါ, တရားအားထုတ်တဲ့နေရာ မဟုတ်ပါဘူး၊**

**နတ်ပြည်ဆိုတာ စည်းစိမ်ခံစားတဲ့ နေရာဖြစ်တယ်**"လို့ အဲဒီလို ပြောပေမယ့် ဒကာမတွေ တောပြော တောင်ပြော ပြောနေတာပဲလို့ ထင်ပြီးတော့ ဒီလိုပဲ စက္ခုန္ဒြေချပြီး ဘုန်းကြီးထိုင် ထိုင်နေတာပဲ၊ နောက်တော့မှ မဖြစ်ချေဘူးဆိုပြီးတော့ တစ်ကိုယ်လုံးပေါ်တဲ့မှန်ကြီး ယူပြီးတော့ ရှေ့က ချပြတော့မှ မှန်ကြီးထဲကြည့်တော့ သင်္ကန်းမဟုတ်, နတ်ဝတ်နတ်စားတွေ ဖြစ်နေတော့မှ "**ငါဟာ အင်မတန်ကြီးကျယ်တဲ့ အရဟတ္တဖိုလ်ဆိုတဲ့ ဆုလာဘ်ရအောင်လို့ စစ်ပွဲဝင်လိုက်တာ, ယခု တော့ ဘာမဟုတ်တဲ့ ရာထူး ဆုလာဘ်ကလေး ရနေပြီ**"ဆိုပြီး ဗိမာန်ထဲတောင် မဝင်ဘူး၊ တစ်ခါတည်း မြတ်စွာဘုရားဆီ လာပြီး တော့ လျှောက်တယ်။

**အစ္ဆရာဂဏသဃုဋ္ဌံ, ပိသာစဂဏသေဝိတံ၊**
**ဝနန္တံ မောဟနံ နာမ, ကထံ ယတြာ ဘဝိဿတိ။**

"**မြတ်စွာဘုရား–နန္ဒဝန်ဥယျာဉ်ကြီးထဲမှာ နတ်သမီးတွေ အဆို အတီးတွေနဲ့ ဆူညံနေကြတာကို တပည့်တော်ရဲ့ စိတ်ထဲမှာ ဘီလူးမ တွေ လှည့်လည် သွားလာနေကြတယ်လို့ ထင်နေပါတယ်၊ အဲဒါ ကြောင့် ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ဘယ်ပုံဘယ်နည်း သွားရပါမတုန်းဘုရား**"လို့ လျှောက်တော့ မြတ်စွာဘုရားက စဉ်းစား တော်မူတယ်၊ ဒီနတ်သားဟာ ရဟန်းဘဝတုန်းက အစာ စားချိန် တောင်မှ အစာ မစားဘဲ ခွဲကောင်းကောင်းနဲ့ တရားအားထုတ်ရင်း ကွယ်လွန်လို့ ယခု နတ်သားဖြစ်နေတာပါလား၊ သူ့မှာ ရဟန်းသီလ တောင်မှ မပျက်သေးပါလားတဲ့။

**အရိယမဂ်ရထား**

**ဥဇုကော နာမ သော မဂ္ဂေါ, အဘယာ နာမ သာဒိသာ၊**

ဟောဒီ လမ်းကသွား, ဒီလမ်းကသွား၊ ဒီလမ်းဟာ ဖြောင့်တဲ့လမ်း၊

ဒီလမ်းကသွားရင် ဘာဘေးအန္တရာယ်မှ မရှိတဲ့နေရာ ရောက်မယ်လို့ အဲဒီလို နိဗ္ဗာန်ရည်ရွယ်ပြီး မိန့်တော်မူတယ်။

**ဥဇုကော နာမ သော မဂ္ဂေါ, အဘယာ နာမ သာဒိသာ၊**
**ရထော အကူဇကောနာမ, ဓမ္မစက္ကေဟိ သံယုတော။**

နိဗ္ဗာန်ဟာ ဘာဘေးအန္တရာယ်မှ မရှိဘူး၊ အဲဒီ နိဗ္ဗာန်ကို သွားချင်ရင် ဟောဒီရထား တက်စီး၊ ရထားက အလွန်ညင်သာတယ်၊ ဘာသံမှ မမြည်ဘူး၊ အဲဒီရထားက ဘာရထားလဲဆိုရင် အရိယမဂ် ဆိုတဲ့ ရထား၊ အဲ-ယခုကာလ တချို့ရထားတွေ, မော်တော်ကားတွေဟာ တစ်ခုခု ချို့ယွင်းနေရင် အသံမြည်တယ်၊ သိပ် မညင်သာဘူး၊ အဲဒီ အရိယမဂ်ရထားကတော့ ညင်သာလိုက်တာ, ညင်သာလိုက်တာ၊ အဲဒီရထား တက်စီး။

ရထားရဲ့ စက်ဘီးတွေ, ရထားရဲ့ ဘီးတွေက တယ်ကောင်း၊ ကာယိကဝီရိယ, စေတသိကဝီရိယ၊ ကိုယ်ရော စိတ်ရော ကြိုးစားတဲ့ ဝီရိယတွေက တယ်လည်တယ်, တယ်မြန်တယ်၊ အဲဒီ ဝီရိယတည်းဟူသော ဘီးတွေ တပ်ထားတဲ့ ရထား တက်စီး၊ ဘာသံမျှ မကြားရဘူး, ညင်သာတယ်။

**ရထော အကူဇနော နာမ, ဓမ္မစက္ကေဟိ သံယုတော၊**
**ဟိရိ တဿ အပါလမ္ဗော, သတျဿ ပရိဝါရဏံ။**

ဘယ်သူမျှ မသိ,သိသိ မကောင်းတဲ့ အကုသိုလ်ဖြစ်မှာကို ရှက်တယ်, ကြောက်တယ်ဆိုတဲ့ ဟိရီတို့, ဩတ္တပ္ပတို့က ရထားရဲ့ အကာအရံတွေ, ရထားပေါ်က လိမ့်မကျအောင် ဟိရီနဲ့ ဩတ္တပ္ပ တရားများကို အကာအရံအနေနဲ့, ဆွဲကိုင်စရာအနေနဲ့ တပ်ဆင်ထားတယ်၊ **"ဟိရိ တဿ အပါလမ္ဗော, သတျဿ ပရိဝါရဏံ"** ရထားကို အလှဆင်ပြီးတော့ ထားတာကတော့ သတိတရားတဲ့၊

အမြဲသတိထားတယ်၊ မြူမှုန်ကလေး မတက်ရဘူး၊ ခါပစ်တယ်၊ ဘာအကွက်အစွန်းမျှ မထင်ရဘူး၊ တစ်ခါတည်း ပွတ်သပ်ပစ်တယ်၊ **"ဓမ္မာဟံ သာရထိံ ဗြူမိ, သမ္မာဒိဋ္ဌိပုရေဇဝံ"** သမ္မာဒိဋ္ဌိကို ရှေ့သွား ခေါင်းဆောင် တင်မြှောက်ထားတဲ့ လောကုတ္တရာတရားကိုတော့ **ရထားထိန်း**လို့ ခေါ်တယ်၊ အဲဒီ ရထားတက်စီး၊ အဲဒီ အရိယာမဂ် တည်းဟူသော ရထားကို တက်မောင်းတော့ သမ္မာဒိဋ္ဌိက ရှေ့က ပြေးလိမ့်မယ်၊ သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန် ဉာဏ်ပညာတရားက ရှေ့က ပြေးလိမ့်မယ်၊ အဲဒီ ရထား တက်စီးပေတော့လို့ မြတ်စွာဘုရားက အမိန့်ရှိပြီးတော့ တရားတွေ ဆက်ဟောလိုက်တာ တစ်ခါတည်း သောတာပန် ဖြစ်သွားတယ်၊ အဲဒီကျတော့မှ စိတ်ထဲက အေးပြီးတော့ နတ်ပြည်ပြန်ချင်လှလို့ မဟုတ်ဘူး၊ မလွှဲသာလို့ ပြန်တက်သွားတယ်။

**ယဿ ဧတာဒိသံ ယာနံ, ဣတ္ထိယာ ပုရိသဿ ဝါ၊**

**သ ဝေ ဧတေန ယာနေန, နိဗ္ဗာနဿေဝ သန္တိကေ။**

**နိဗ္ဗာန်သွားတဲ့ရထား**။ ။ ယောကျ်ားဖြစ်ဖြစ်, မိန်းမဖြစ်ဖြစ်, နတ်ဖြစ်ဖြစ်, လူဖြစ်ဖြစ် အဲဒီ ယာဉ်ရထား ရှိလို့ရှိရင် **"သ ဝေ ဧတေန ယာနေန, နိဗ္ဗာနဿေဝ သန္တိကေ"** အဲဒီ ယာဉ်နဲ့သာ သွားလို့ရှိရင် နိဗ္ဗာန်ကို တောက်လျှောက် ရောက်သွားတာပဲ၊ နိဗ္ဗာန်ကို မြင်သွားတာပဲ၊ အဲသလို ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတယ်၊ ဒါ့ကြောင့် ဘုန်းကြီးတို့ ဒီမဂ္ဂင်တရားကို ဘုရားရှင်ကိုယ်တော်မြတ်က မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းလို့လဲ ဟောတော်မူတယ်၊ ပြီးတော့ အလွန်ညင်သာတဲ့ ယာဉ်ရထားလို့လဲ ဟောတော်မူတယ်၊ ဒီရထားနဲ့ သွားရမယ်၊ ဒီယာဉ်နဲ့ သွားရမယ်၊ ဒီယာဉ်ရထားနဲ့ နိဗ္ဗာန်ကို သွားနိုင်အောင် ကြိုးစားရမယ်၊ အဲဒီတော့ ကာ တစ်သံသရာ လုံးက အဝိဇ္ဇာတရားက ဖုံးပြီးတော့ တဏှာက ဟိုနှစ်သက်,ဒီနှစ်သက်, ဟိုတာတွယ်, ဒီတာတွယ်၊ အဲဒါကြောင့်

ဒုက္ခတွေ များခဲ့ကြတာမို့၊ အဲဒီ တဏှာကို လက်ရ ဖမ်းပြီးတော့ တဏှာကို ညှင်းဆဲနိုင်မှ ဘုန်းကြီးတို့ လိုချင်တဲ့နိဗ္ဗာန်ကို မြင်မယ်၊ ဒီတော့ သမ္မာဒိဋ္ဌိနဲ့ ပထမဆုံး စဉ်းစားရအောင်၊ မြတ်စွာဘုရားက **ဘဒ္ဒေကရတ္တ**သုတ်မှာ–

**အတီတံ နာန္ဝာဂမေယျ, နပ္ပဋိကင်္ခေ အနာဂတံ၊**
**ယဒတီတံ ပဟီနံ တံ, အပ္ပတ္တဉ္စ အနာဂတံ။**
**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊**
**အသံဟီရံ အသံကုပ္ပံ, တံ ဝိဒ္ဓါ မနုဗြူဟယေ။**

**အတိတ်အရေး တွေးမနေနဲ့**။ ။ဒီတရား စဉ်းစားတဲ့အခါမှာအတိတ် လွန်ခဲ့ပြီးတဲ့ အကြောင်းတရားတွေက တဏှာဒိဋ္ဌိနဲ့ ပြန်တွေးပြီးတော့ လွမ်းဆွေးမနေနဲ့၊ ဒါ လွန်ပြီးသားဟာ လွန်ပြီးသားပဲ၊ **"ယဒတီတံ ပဟီနံ တံ, အပ္ပတ္တဉ္စ အနာဂတံ"** နောက်လာမည့် အကြောင်းတရားတွေ မျှော်ပြီးတော့ တဏှာဒိဋ္ဌိနဲ့ စောင့်ဆိုင်းပြီးတော့ မနေနဲ့၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာ ကတော့ ဒီအသွားအတိုင်း သွားမှာပဲနော်၊ ဟို–လောကီလူတွေမှာ တော့ လောကီရေးရာ စဉ်းစားတဲ့ဉာဏ်ရှိရတယ်၊ ဟို–အတိတ် ရှေး တုန်းက ဘာဖြစ်ခဲ့တယ်၊ ကိုယ် ဘာဖြစ်ရုံတွင်မကဘူး၊ ဘယ်သူဟာ ဘယ်လိုနေလို့, ဘယ်လိုထိုင်လို့, ဘယ်လိုသွားလို့, လာလို့, ကူသန်း ရောင်းဝယ်လို့ ဘာဖြစ်ခဲ့တယ်၊ အဲဒီလို လွန်ပြီးသားကိုလဲ စဉ်းစား ရတယ်၊ ဒီလိုဆိုလို့ရှိရင် ဘယ်လိုဖြစ်စရာရှိတယ်၊ နောက်နှစ် ဘယ်လိုဖြစ်စရာ ရှိတယ်၊ အဲဒီလို အနာဂတ်ကိုလဲ စဉ်းစားရတယ်၊ လောကီနယ်က ယခုလက်တွေ့ပစ္စုပ္ပန်ကျတော့လဲ ဘယ်နည်းဘယ်ပုံ ဖြစ်နေတယ် စသည်ဖြင့် စဉ်းစားရတယ်၊ လောကီနယ်က အဲဒီလို စဉ်းစားနိုင်မှ အမြင်ကျယ်တယ်လို့ဆိုတယ်၊ ဘုန်းကြီးတို့ တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီလိုမဟုတ်ပါဘူး။

**အတီတံ နာန္ဝာဂမေယျ, နပ္ပဋိကင်္ခေ အနာဂတံ၊**

**အနာဂတ်အရေး မမျှော်တွေးနဲ့။ ။“အတီတံ–လွန်လေပြီးတဲ့အာရုံ ဟူသမျှကို၊ နာန္ဝာဂမေယျ–တဏှာ, ဒိဋ္ဌိဖြင့် အစဉ်လိုက်၍ မနေတော့ရာ”** လွန်ခဲ့ပြီးသားတွေ ဘာမျှ မစဉ်းစားနဲ့၊ တဏှာနဲ့ ဒိဋ္ဌိနဲ့ လိုက်မနေနဲ့, လွန်ပြီးသား လွန်ပြီးသားပဲ ပြီးပြီ၊ **“အနာဂတံ–နောင်လာမည့်အာရုံ အမျိုးမျိုး ကိုလဲ၊ နပ္ပဋိကင်္ခေ–တဏှာ,ဒိဋ္ဌိဖြင့် မျှော်လင့်တောင့်တ၍ မနေရာ”** နောက်ဘယ်လိုလာလိမ့်ဦးမလဲ၊ ဆိုပါတော့ နတ်ပြည်ဘယ်လိုဖြစ်ရဦးမယ်၊ ယခု လူ့ပြည်မှာပဲ နောက်နေ့ နောက်ရက် ဘယ်လို ဖြစ်ရမယ်၊ ဒီလို စသည်အားဖြင့် တွေးမနေနဲ့၊ ဘာဖြစ်လို့တုန်း၊ လွန်ပြီးသားတွေက လွန်ပြီးပြီလေတဲ့၊ တွေးကော ဘာတတ်နိုင်သေးတုန်း၊ မလာသေးတဲ့ အနာဂတ်ကကော မလာမှ မလာသေးဘဲနဲ့ ဘာဖြစ်လို့ ခုတင်က အချိန်အပိုအလုပ်တွေ လုပ်နေဦးမတုန်း၊ ဘာမျှ အပိုလုပ်စရာ မရှိဘူး၊ အနာဂတ်ဟာလဲ မလာသေးပါဘူး။

**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊**

**ပစ္စုပ္ပန်တည့်တည့် ရှုနေ။ ။“ယော–အကြင် ယောဂီပုဂ္ဂိုလ်သည်၊ ယော–အကြင် ကမ္မဋ္ဌာန်းကို လုံးပမ်းကြိုးကုတ်, အားထုတ်၍နေတဲ့ ပုဂ္ဂိုလ်သည်၊ ပစ္စုပ္ပန္နံ–ယခုရောက်ဆဲဖြစ်တဲ့ ရုပ်တရား နာမ်တရားကို၊ တတ္ထ တတ္ထ–ထိုထို တွေ့မြင်ရာနေရာတိုင်း နေရာတိုင်း၌၊ ဝိပဿတိ–အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲဟု ထူးထူးထွေထွေ ရှုဆင်ခြင်၍ နေရ၏”** ယခု လောလောဆယ်, ယခု လောလောဆယ်ဆိုတဲ့ စကားအရ ဘုန်းကြီးတို့ ခုပဲ ဆင်ခြင်ပြီးတော့ နေတယ်၊ သမ္မာဒိဋ္ဌိဉာဏ်နဲ့၊**“ဝိပဿတိ–ထူးထူးထွေထွေ ဆင်ခြင်၍ နေ၏”**။

တောကျောင်းနေတော့လဲ တောကျောင်းအလျောက်ပဲဖြစ်တဲ့ ရုပ်နာမ်တွေ စဉ်းစားပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ၊ ရွာထဲ ရောက်နေပြန်တော့လဲ ရွာထဲ တွေ့နေတဲ့ ရုပ်နာမ်တွေကို အနိစ္စတွေ, ဒုက္ခတွေ, အနတ္တတွေ၊ ဒုက္ခဆိုတာဟာ ဟိုတုန်းက ဘုန်းကြီးပြောခဲ့တဲ့ **ဓာတိပိ ဒုက္ခာ**က စပြီးတော့ ဒုက္ခတွေ အများကြီးပဲ၊ ပြီးတော့ အသံတစ်ခုခု ကြားပြီဆိုပါတော့ ဒီအသံဟာ စိတ်ကြောင့်ဖြစ်တဲ့အသံ၊ စိတ်ကြောင့်ဖြစ်တယ်ဆိုတော့ စိတ်ကလဲ မမြဲတဲ့အနိစ္စ၊ စိတ်ကိုက မမြဲတဲ့ အနိစ္စဖြစ်ရင် အဲဒီစိတ်ကြောင့် ဖြစ်ရတဲ့ အသံကလဲ မမြဲတဲ့ အနိစ္စပဲ၊ မမြဲတဲ့ အရာဝတ္ထုမှန်သမျှဟာ ပျက်စီး ပျက်စီးနေတော့ အားလုံး ဒုက္ခတွေချည်းပါပဲ၊ လူတွေက ဒုက္ခဆိုလို့ရှိရင် နာမှ,ကျင်မှ, ကိုက်ခဲမှ, စိတ်မချမ်းသာမှ ဒုက္ခလို့ထင်တယ်၊ တရားတော်အလိုက အဲဒါကိုမှသာ ဒုက္ခခေါ်တာ မဟုတ်သေးဘူး၊ နာတယ်, ကျင်တယ်, ကိုက်ခဲတယ်, စိတ်မချမ်းသာတယ်ဆိုတဲ့ ဒုက္ခကတော့ တကယ့်ကို ဒုက္ခဆိုတဲ့ ဒုက္ခစစ်ဖြစ်နေတော့ အထူးပြောစရာတောင် မလိုဘူး၊ ဟို—ချမ်းချမ်းသာသာနဲ့ နေရတဲ့အခါမှာလဲ ချမ်းသာတယ်ဆိုတဲ့ ဝေဒနာလေးဟာ မမြဲဘူး၊ ပျက်ပျက် ပျက်ပျက်သွားတယ်၊ အဲဒါကြောင့် သူလဲပဲ မကောင်းဘူး၊ ဒုက္ခကလေး ဖြစ်တယ်၊ အဲဒါကိုတော့ **ဝိပရိဏာမဒုက္ခ**လို့ ခေါ်တယ်၊ အဲဒါကြောင့် အဲဒီ ချမ်းသာတာရော, နာကျင် ကိုက်ခဲတာရော အားလုံးဒုက္ခချည်းပဲ။

အဲဒီတော့ အားလုံး တွေ့ရာမြင်ရာကို ဒုက္ခ, ဒုက္ခ, ဒုက္ခ, ဒုက္ခ၊ တွေ့ရာမြင်ရာ အနိစ္စ,အနိစ္စ,အနိစ္စ,အနိစ္စ၊ တောထဲက ကမ္မဋ္ဌာန်းကျောင်းနားလေးမှာ လမ်းလျှောက်နေတယ် ဆိုပါတော့၊ မိမိ လမ်းလျှောက်နေတဲ့ ရုပ်ကိုပဲ ခြေထောက်ကလေး မြှောက်လိုက်,ချလိုက်၊ စိတ်ကြောင့် ဒီခြေထောက်ဟာ မြောက်တာ၊ မြှောက်ချင်တဲ့စိတ် မဖြစ်ခင်တုန်းက ဒီခြေထောက် မမြောက်ဘူး, မြှောက်ချင်တဲ့စိတ် ဖြစ်ပြီးတော့ ဒီခြေထောက် မြောက်လာတယ်။

**စိတ်ကြောင့် ရုပ်ဖြစ်**။ ။ ဒီတော့ စိတ်ကြောင့် ဒီခြေထောက်မြှောက်တယ်လို့ ပြောတယ်၊ စိစစ်ကြည့်ဦးမယ်၊ စိတ်ကြောင့် ဘာဖြစ်လို့ ဒီခြေထောက် မြှောက်ရသလဲဆိုတော့ စိတ်ကြောင့် ရုပ်တွေဟာ တစ်ကိုယ်လုံးမှာဖြစ်တယ်၊ စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် ရုပ်တွေကဖြစ်တယ်၊ လက်ဖြောက်တစ်ချက်တီးမှာ ကုဋေတစ်သိန်းမက စိတ်တွေက ဖြစ်တယ်၊ ဒီတော့ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေထဲမှာ ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံးမှာ ကုဋေတစ်သိန်းမက ဖြစ်တယ်၊ အထူးသဖြင့် ခြေထောက်မှာ ပိုပြီး အဖြစ်များတယ်၊ အဲဒီဖြစ်တဲ့ ရုပ်တွေထဲမှာ ဝါယောဓာတ်ဆိုတဲ့ ဒီလေဓာတ်ရဲ့ လွန်ကဲမှုကြောင့် ခြေထောက်ကြီးမှာဖြစ်တဲ့ ရုပ်တွေဟာ အကုန်လုံး မြှောက်တက်လာတာ၊ အဲဒီလိုပေါ့လေ စက်ြ်သွားရင်းပဲ ခြေထောက်မြှောက်တက်လာတဲ့အခါ ဝါယောဓာတ် လွန်ကဲတဲ့ရုပ်တွေ၊ ခြေထောက်ကြီး အောက်ကျကျ ကျကျသွားလို့ မြေကြီးထိတဲ့အထိ ပထဝီဓာတ် လွန်ကဲတဲ့ရုပ်တွေ၊ ဒါတွေ ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်။

**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊**

ဘယ်နေရာမျိုးမဆို နောက်ဆုံး ဆွမ်းစားတဲ့အခါလဲပဲ လက်က ဆွမ်းလုတ်ကို ယူတယ်၊ အဲဒီလို ယူတဲ့အခါမှာ စားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်လွန်ကဲတဲ့ စိတ္တဇရုပ်တွေဟာ လက်မှာရော ပါးစပ်မှာရော ဆပ်ကာထပ်ကာ ဖြစ်တယ်၊ သည့်ပြင် ကိုယ်အင်္ဂါအစိတ်အပိုင်းမှာထက် အဲဒီလက်နှင့် ပါးစပ်မှာ ပိုပြီးတော့ အများကြီးအများကြီး ဖြစ်တယ်၊ အဲဒါကြောင့် ဒီလက်ဟာ အငြိမ်မနေနိုင်တော့ ဆွမ်းလုတ်ကို ယူပြီး ပါးစပ်ထဲ သွင်းပေးရတယ်၊ ပါးစပ်ကလဲ သွားနဲ့ ဝါးဝါးပေးရတယ်။

**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊**

အဲဒီ ဝိပဿနာ ရှုရင်းလဲပဲ **"အသံဟီရံ-တဏှာ,ဒိဋ္ဌိတို့ မဆွဲဆောင်အပ်, မဆွဲဆောင်နိုင်သော"** ဝိပဿနာရှုရင်း ရှုရင်းကလဲပဲ နောက်တော့ တဏှာကလေးက သာယာ သာယာလာတယ်၊ အဲဒီ တဏှာမပါစေနဲ့တဲ့၊ တဏှာ,ဒိဋ္ဌိတွေက ဝိပဿနာကို ဆောင်မသွားပါစေနဲ့၊ **"အသံဟီရံ-တဏှာ,ဒိဋ္ဌိတို့ မဆွဲဆောင်အပ်, မဆွဲဆောင်နိုင်သော၊ အသံကုပ္ပံ-ပျက်စီးခြင်း မရှိသော၊ တံ-ထိုဝိပဿနာကို၊ အနုဗြူဟယေ-မပြတ်မလတ် ပွားများ၍နေရာ၏"** စိတ်နဲ့ ဦးတည်နေတဲ့ အရာမှန်သမျှ ဘာမဆို ကမ္မဋ္ဌာန်းနဲ့ တွေးကြည့်၊ ဝိပဿနာနဲ့ ကြည့်၊ ဥပမာဆိုပါတော့ ကမ္မဋ္ဌာန်းကျောင်းက နေပြီးတော့ သစ်ပင်ကလေးတွေ ကြည့်လိုက်တယ်၊ ဒီသစ်ပင်ကလေးတွေဟာ ဥတုဇရုပ်ကလေးတွေ, ဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေ၊ ရေဥတု, မြေဥတု, လေဥတု, အဲဒီ ဥတုတွေကြောင့် မျိုးစေ့ အကြောင်းခံပြီးတော့ ပေါက်လာတဲ့သစ်ပင် ဥတုဇရုပ်ကလေးတွေ။

**ဥတုဇရုပ်တွေလဲ ဒုက္ခပဲ။** ။ အဲဒီ မျိုးစေ့အရှိန် ရှိသမျှ မြေဥတု,လေဥတု, ရေဥတုက အားပေးနေသမျှ သစ်ပင်ကလေးတွေ စိမ်းလို့ စိုလို့၊ နောက်တစ်ချိန်မှာ နေပူလာလို့ ရေဓာတ်, မြေဓာတ်က အထက်မရောက်တော့ တဖြည်းဖြည်း သစ်ပင်ကလေးတွေ ညိုးညိုးညိုးလာလို့, ကြွေကျလို့ အဲဒီသစ်ပင်ကလေးတွေလဲ အနိစ္စ၊ ကြည့်စမ်း အတွင်းက ရုပ်သာ အနိစ္စမဟုတ်ဘူး၊ ခန္ဓာကိုယ်ရဲ့ အပြင်က ရုပ်တွေကလဲ မမြဲတဲ့ အနိစ္စဖြစ်လို့ ပျက်နေတယ်၊ ပျက်ရင် ပျက်တာမှန်သမျှ မကောင်းတဲ့ ဒုက္ခချည်းပေါ့၊ ဒီမှာ နာတာ,ကျင်တာ,ကိုက်ခဲတာ မရှိပေမယ့် ဒုက္ခတွေပဲ၊ အဲဒီတော့ ဒီရုပ် ဒီနာမ် ဒီခန္ဓာကိုယ်ကြီးသာ ဒုက္ခမဟုတ်ဘူး၊ အပြင်ဘက်က သစ်ပင်, တော, တောင်ဆိုတဲ့ ဥတုဇရုပ်တွေလဲ ဒုက္ခချည်းပဲ။

**ပစ္စုပ္ပန္နဥ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊**
**အသံဟိရံ အသံကုပ္ပံ, တံ ဝိဒွါ မနုဗြူဟယေ။**

အဲဒါ ပွားရမယ်, ဘယ်တော့ ပွားရမလဲ, ယနေ့ ပွားရမယ်။

**အဇ္ဇေဝ ကိစ္စမာတပ္ပံ, ကော ဇညာ မရဏံ သုဝေ၊**
**န ဟိ နော သင်္ဂရံ တေန, မဟာသေနေန မစ္စုနာ။**

**သေမင်းကို လက်ဆောင် တံစိုး ထိုး၍မရ** **"အဇ္ဇေဝ–နက်ဖြန်မရှေ့, ယခုနေ့၌ပင်၊ အာတပ္ပံ–လောဘ,ဒေါသ,မောဟအစ ရှိတဲ့ အစိုအစေးတို့ကို လောင်မြိုက်၍ နေတတ်တဲ့ လုံ့လဝီရိယကို၊ ကိစ္စံ(ကာတဗ္ဗံ)–မနားမနေ, ပြုသင့်ပေတော့သတည်း"** ဒီတရား ဘယ်တော့ ပွားရမတုန်းလို့ စဉ်းစားမနေနဲ့၊ ယနေ့ပွား၊ **"သုဝေ–နက်ဖြန်ခါ၌၊ မရဏံ–သေရမည်ဟူ၍၊ ကော–ဘယ်သူသည်၊ ဇညာ–သိနိုင်ပါတော့အံ့နည်း"** ယနေ့တော့ မပွားပါရစေနဲ့နော်၊ ဟို ညအိပ်ချိန်ကျမှ ပွားပါရစေ၊ မဟုတ်ဘူး၊ ခုပွား, ခုပွား၊ ဘာဖြစ်လို့တုံး, နက်ဖြန် မသေဘူးလို့ ဘယ်သူမှ မသိနိုင်ဘူး၊ **"န ဟိ နော သင်္ဂရံ တေန, မဟာသေနေန မစ္စုနာ၊ မဟာသေနေန–အတွင်းအပ ပတ်ပတ်လည်မှာ များသော စစ်သည် ဗိုလ်ပါရှိသော၊ တေန မစ္စုနာ–ထိုသေမင်းနှင့်၊ သင်္ဂရံ–မေတ္တာရှိအောင် ချော့မော့ ဖြားယောင်းလို့ ရနိုင်လောက်စရာ အကြောင်းသည်၊ (သင်္ဂရံ–လက်ဆောင်တံစိုး ထိုး၍ရနိုင်စရာ အကြောင်းသည်၊ သင်္ဂရံ–စစ်တပ်နှင့်ချိ၍ တိုက်ဖျက်၍ ရနိုင်စရာ အကြောင်းသည်၊) နတ္ထိဧဝ–ဘယ်သူတစ်ယောက်အတွက်မျှ မရှိသည်သာလျှင်တည်း"။**

**သေမင်းစစ်တပ်တွေ။** ။စစ်တပ်တွေ သိပ် များတယ်၊ သေမင်းက စစ်တပ်တွေ သိပ်များတယ်၊ ဘာစစ်တပ်တွေလဲဆိုတော့ သွားရင်းလာရင်းပဲ သေနိုင်တယ်၊ ဖျားလို့ နာလို့လဲ

သေနိုင်တယ်၊ စားရင်းသောက်ရင်းလဲ သေနိုင်တယ်၊ အနာရောဂါ ကြောင့်လဲ သေနိုင်တယ်၊ ဘာတွေ ညာတွေ တိုက်ခိုက်လို့လဲ သေ နိုင်တယ်၊ ရန်သူတွေက သတ်လို့ ဖြတ်လို့လဲ သေနိုင်တယ်၊ သေနိုင် စရာတွေ အများကြီးပဲ၊ **"မဟာသေနေန–တွင်းပ ပတ်လည်, များ သော စစ်သည်ရှိသော၊ တေန မစ္စုနာ–ထိုသေမင်းနှင့်တကွ၊ သင်္ဂရံ– ချော့မော့ဖြားယောင်းလို့ ရနိုင်စရာ အကြောင်းသည်၊ နတ္ထိ–မရှိနိုင်"** ချော့မော့ ဖြားယောင်းလို့ မရဘူး၊ သေမင်းရယ် နေစမ်းပါဦး၊ ကျုပ်ဘာကိစ္စလေးရှိလို့, တရားအားမထုတ်ရသေးလို့ နေစမ်းပါဦး ဆိုလို့ မရဘူး၊ သေမင်းက မရဘူး၊ စစ်သည်တွေက သိပ်များတာ၊ ဟိုက ပစ်လိုက်မလား, ဒီက ပစ်လိုက်မလား မသိဘူး၊ ဟိုကပစ် သေ, ဒီကပစ် သေ၊ သေမင်းမှာ စစ်တပ် စစ်သည်တွေ သိပ်များ တာပဲ၊ အဲဒီတော့ သူတို့ကို ချော့မော့လို့လဲ မရဘူး၊ ဒီနေရာက ချော့ရင် ဟိုနေရာက ပစ်လိုက်မယ်၊ **"သင်္ဂရံ–ချော့မော့ဖြားယောင်း နိုင်ခြင်းသည်လည်း၊ နတ္ထိ ဧဝ–မရှိနိုင်သည်သာ"** ဒါဖြင့် လက်ဆောင် ပေးကြည့်စမ်း၊ ပုံပေး, စည်းစိမ်တွေ ပုံပေး၊ သေမင်းက မရဘူး၊ အို–ဒါဖြင့် ဒီလောက်တောင် မရလှတဲ့ သေမင်းတော့ ငါအပြုတ် တိုက်မဟဲ့လို့ ဆိုပြီးတော့ စစ်သည်ဗိုလ်ပါ စုဆောင်းပြီးတော့ အပြုတ် တိုက်ပြန်တော့ကော သေမင်းကို နိုင်မတဲ့လား၊ မနိုင်ဘူး၊ အေး–ဒါကြောင့် ယနေ့လုပ်ပါ၊ တရားဆိုရင်လဲ ယနေ့ပွားပါ။

**အဇ္ဇေဝ ကိစ္စမာတပ္ပံ, ကော ဇညာ မရဏံ သုဝေ၊**
**န ဟိ နော သင်္ဂရံ တေန, မဟာသေနေန မစ္စုနာ။**

အဇ္ဇေဝ–နက်ဖြန်မရွေ့, ယနေ့၌ပင်၊ အာတပ္ပံ–ကိလေသာ အစို အစေးတို့ကို ခြောက်သွေ့၍ သွားစေနိုင်တဲ့ လုံ့လဝီရိယကို၊ ကိစ္စံ (ကာတဗ္ဗံ)–မနားမနေ,ပြုသင့်လှပေ၏၊ သုဝေ–နက်ဖြန်ခါ၌,နက်ဖြန်မှ၊

မရဏံ–သေရမည်ဟူ၍၊ ကော–အဘယ်ပုဂ္ဂိုလ်သည်၊ ဇညာ–စောစော က ကြိုတင်၍ သိနိုင်ပါအံ့နည်း၊ မဟာသေနေန–တွင်းပပတ်လည်, များသောစစ်သည်ရှိသော၊ တေန မစ္စုနာ–ထိုသေမင်းနှင့်တကွ၊ သင်္ဂရံ–ချော့မော့ ဖြားယောင်းခြင်း, လက်ဆောင်တံစိုး ပေးခြင်း, စစ်သည် ဗိုလ်ပါစုဆောင်း၍ တိုက်ခိုက်ခြင်းသည်၊ န နော အတ္ထိ (နတ္ထိ ဧဝ)– ဘယ်သူတစ်ယောက်မျှ မရှိကေန် အမှန်ပင် ဖြစ်လေတော့သတည်း။

ဒီတော့ **“အဇ္ဇေဝ ကိစ္စမာတပ္ပံ”**လို့ ဆိုတဲ့အတိုင်း နိဗ္ဗာန်ကို မြင်ရမယ်ဆိုပြီးတော့ အပြင်းအထန် အားထုတ်ရမှာ၊ မလိုလဲ လိုလဲ ပါရမီဖြစ်ရုံပဲလို့တောင် မဟုတ်ဘူး၊ ဒီတော့ ရှေးတုန်းက ပုဂ္ဂိုလ်တွေ အပြင်းအထန် အားထုတ်ကြတယ်၊ တစ်ခါတုန်းက စစ်သူကြီးတစ်ယောက် ရဟန်းပြုလာတယ်၊ ညကျတော့ အပြင်း အထန် အားထုတ်တယ်၊ အပြင်းအထန် အားထုတ်တော့ တရားက မရဘူး၊ မရတော့ ဘယ်လိုများ ကြိမ်းမောင်းလိုက်သတုန်းဆိုတော့–

## စစ်သူကြီး ကြိမ်းမောင်းပုံ

**ဟတ္ထိခန္ဓာဝ ပတိတံ, ကုဉ္ဇရော စေ အနုက္ကမေ၊**
**သင်္ဂါမေ မေ မတံ သေယျော, ယဉ္စေ ဇီဝေ ပရာဇိတော။**

ငါ ဟိုတုန်းက စစ်တိုက်တုန်းက ဆင်ကျောက်ကုန်းပေါ်က လိမ့်ကျလို့ ဆင်နင်းပြီးတော့ သေခဲ့ရတာက ကောင်းသေးတယ်၊ ယခု ကိလေသာစစ်မြေပြင် ကိလေသာတွေနဲ့ တိုက်ကာမှ ငါအရှုံး ပေးရမယ်ဆိုရင် နည်းနည်းကလေးမှ မကောင်းဘူးဆိုပြီးတော့ အံကြိတ်ပြီး အတင်းအားထုတ်တာပဲ၊ ဒီလောက် အားထုတ်တယ်၊ ညဥ့်အချိန်ကျတော့ ဒီစစ်သူကြီးက ဖြစ်လာတဲ့ ရဟန်းဟာ နဂိုက စစ်သူကြီး ဖြစ်ခဲ့လေတော့ စိတ်ကလဲ ခပ်ထက်ထက်။

**န တာဝ သုပိတုံ ဟောတိ, ရတ္တိ နက္ခတ္တမာလိနီ၊**
**ပဋိဇဂ္ဂိတု မေဝေသာ, ရတ္တိ ဟောတိ ဝိဇာနတံ။**

ဒီညဟာ နက္ခတ်ပန်းတွေနဲ့ တယ်ကောင်းတယ်၊ တယ်သာယာတယ်၊ ဒါ အိပ်ဖို့ ဖြစ်လာတာ မဟုတ်ဘူး၊ ငါတို့လို ပုဂ္ဂိုလ်များ အိပ်ဖို့ ဖြစ်လာတာမဟုတ်ဘူး၊ စိတ်ကို တစ်ခါတည်း သုတ်သင် ရှင်းလင်းပြီး သကာလ တရားအားထုတ်ဖို့ ဖြစ်လာတာပဲလို့ဆိုပြီးတော့ သိပ်အားထုတ်တာပဲ၊ ဒါကြောင့် သမ္မာဒိဋ္ဌိ ရှေ့သွားပြုပြီးတော့ သမ္မာဝါယာမ ဆိုတဲ့ ဝီရိယက ဘယ်လောက်ကောင်းတုန်းဆိုတော့–

**ဝီရိယလေးမျိုး။** ။ ၁။ **"အနုပ္ပန္နာနံ–မဖြစ်ကုန်သေးသော၊ ပါပကာနံ–အကုသိုလ်တရားတို့ကို၊ အနုပ္ပါဒါယ–ဘယ်နည်းနှင့်မျှ မဖြစ်ပေါ်လာခြင်းအကျိုးငှာ၊ ဝါယာမော–လုံးပမ်းကြိုးကုတ်, အားထုတ်ခြင်းသဘောတရားလည်းကောင်း"** အကုသိုလ်ဘာမျှ မဖြစ်ဘူး၊ စားသောက်တဲ့အခါ တဏှာလောဘ မဖြစ်စေရဘူး၊ အဝတ်အပေါ်မှာ တဏှာလောဘ မဖြစ်စေရဘူး၊ ကျောင်းသင်္ခမ်းကလေး အပေါ်မှာ တဏှာလောဘ မဖြစ်စေရဘူး၊ ဘယ်နေရာမှ အကုသိုလ် မဖြစ်အောင် ကြိုးစားအားထုတ်တယ်။

၂။ **"ဥပ္ပန္နာနံ–ဖြစ်ကုန်ပြီးသော၊ ပါပကာနံ–အကုသိုလ်တရားတို့ကို၊ ပဟာနာယ–ယခုဘဝ နောင်ဘဝ မဖြစ်အောင် ပယ်စွန့်ခြင်းအကျိုးငှာ၊ ဝါယာမော–လုံးပမ်းကြိုးကုတ်, အားထုတ်ခြင်းသဘောတရားလည်းကောင်း"** လွန်ခဲ့ပြီးသော ဘဝသံသရာ တစ်လျှောက်လုံးက မသိမလိမ္မာသည့်အလျောက် တချို့ အကုသိုလ်များဖြစ်ခဲ့ပြီ၊ ဒီအကုသိုလ်တွေ နောက်ထပ်များဖြစ်ရင် ခက်ရချည်ရဲ့ဆိုပြီးတော့ ဖြစ်ပြီးသား အကုသိုလ်မျိုးကို မဖြစ်အောင် ကြိုးစားတယ်၊ ဖြစ်ပြီးသားတွေကတော့ မတတ်နိုင်ဘူးပေါ့၊ အဲဒီ အကုသိုလ်မျိုး မဖြစ်စေရဘူး၊

ဒီဘဝမှာဆိုလို့ရှိရင် ငါ ယယ်ငယ်တုန်းက ဒီအကုသိုလ်မျိုး ပြုခဲ့မိတယ်၊ အဲဒီ အကုသိုလ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူးတဲ့၊ သမ္မာ ဝါယာမဆိုတဲ့ ဝီရိယကလဲ အဲဒီလို ကြိုးစားတယ်။

**၃။ "အနုပ္ပန္နာနံ–မဖြစ်ကုန်သေးသော၊ ကုသလာနံ–ကုသိုလ်တရားတို့ကို၊ ဥပ္ပာဒါယ–မိမိသန္တာန်၌ ဖြစ်ပေါ်စေခြင်း အကျိုးငှာ၊ ဝါယာမော–လုံ့ပမ်းကြိုးကုတ်, အားထုတ်ခြင်းလည်းကောင်း"** ဒီဘဝ မဂ်တရား မရသေးလို့ ရစေ့မယ်, ရကို ရစေ့မယ်၊ ရအောင်ကြိုးစားမယ်၊ သမ္မာဒိဋ္ဌိရဲ့နောက်က သမ္မာဝါယာမ ကပ်လိုက်ပြီးတော့ ကြိုးစားမယ်, ရအောင်ကြိုးစားမယ်။

**၄။ "ဥပ္ပန္နာနံ–ဖြစ်ကုန်ပြီးသော၊ ကုသလာနံ–ကုသိုလ်တရားတို့ကို၊ ဘိယျောဘာဝါယ–တိုးသည်ထက်တိုး, ပွားသည်ထက်ပွားများခြင်း အကျိုးငှာ၊ဝါယာမော–လုံ့ပမ်းကြိုးကုတ်, အားထုတ်ခြင်းလည်းကောင်း"** ကုသိုလ်တရားတွေ ယခု ရဟန်းဖြစ်ခါစ, ယခု ကမ္မဋ္ဌာန်းနှလုံးသွင်းခါစ, ယခု သူတော်ကောင်းဘဝ စခါစ ကုသိုလ်တရားတော်တော်များများဖြစ်တယ်၊ အဲဒီတော့ ဒီတရားတွေ တိုးအောင်လုပ်မယ်၊ ဘယ်ထိအောင် တိုးစေရမလဲ၊ မဂ်တရားထိအောင် တိုးစေရမယ်၊ အဲဒီလို ဝီရိယက သိပ်အားထုတ်တာပဲ၊ ဒါကြောင့် သမ္မာဝါယာမဟာ တယ်ကောင်းတယ်၊ ဒါကြောင့် ဘုရားရှင်ကလဲ–

**"အဇ္ဈေဝ–နက်ဖြန်မရှေ့, ယနေ့၌ပင်၊ အာတပ္ပံ–ကိလေသာအစိုအစေးတို့ကို ခြောက်သွေ့၍သွားစေတတ်တဲ့ သမ္မပ္ပဓာန်ဆိုတဲ့ လုံ့လဝီရိယကို၊ ကိစ္စံ(ကာတဗ္ဗံ)–မနားမနေ, ပြုသင့်ပေတော့၏"။**

**ရုပ်နာမ်မှတစ်ပါး အခြားဘာမျှမရှိ။** ။ ဒီလိုမှ ရမယ်၊ ဒီလိုမှ နိဗ္ဗာန်ရမယ်၊ သမ္မာဒိဋ္ဌိက ရုပ်, နာမ် တရားတွေကို အနိစ္စ,ဒုက္ခ,အနတ္တလို့ နည်းလမ်းကျကျနဲ့

မှန်ကန်စွာ ရှုတယ်,မြင်တယ်၊ သမ္မာဒိဋ္ဌိရှိတဲ့အတွက် အမြင်ဟာ မှားမသွားနိုင်တော့ဘူး၊ အမြင်မမှားတဲ့အတွက် သမ္မာဝါယာမလို့ ခေါ်တဲ့ ဝီရိယရဲ့ ကြိုးစားမှုဟာ ကောင်းသော ကြိုးစားမှုသာ ဖြစ်နိုင်တော့တယ်၊ သမ္မာသင်္ကပ္ပတရားက ကောင်းစွာ ကြံစည်တယ်၊ သမ္မာဒိဋ္ဌိက မှန်ကန်စွာ နည်းလမ်းကျကျ မြင်ထားတာကိုပဲ သမ္မာသင်္ကပ္ပက ထပ်ထပ်စဉ်းစားတယ်, ကြံစည်တယ်၊ အဲဒီလို သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပစတဲ့ မဂ္ဂင်ရှစ်ပါးနဲ့ ရုပ်တရား နာမ်တရားတွေကို သေသေချာချာ ရှုလိုက်တဲ့အခါမှာ သံသရာတစ်လျှောက်လုံး သတ္တဝါတွေဟာ အထင်အမြင် မှားယွင်းလာခဲ့ကြတယ်ဆိုတာ ကောင်းကောင်းကြီး သိနိုင်တယ်၊ ဘယ်လို အထင်အမြင် မှားလာခဲ့ကြသလဲဆိုတော့ လူတဲ့, နတ်တဲ့, ယောကျ်ားတဲ့, မိန်းမတဲ့, မင်းတဲ့, ငါတဲ့, ဘယ်သူဘယ်ဝါတဲ့ စသည်ဖြင့် အမျိုးမျိုး ခေါ်နေကြတယ်၊ အဲဒီလို ခေါ်နေကြတာဟာလဲ တကယ်ရှိတယ်ထင်ပြီး ခေါ်နေတာ။

လူရယ်, နတ်ရယ်,ယောကျ်ားရယ်,မိန်းမရယ်, ဘယ်သူဘယ်ဝါရယ်လို့ တကယ် ရှိတယ်ထင်ပြီး ခေါ်နေကြရုံတင်မကဘူး၊ တဏှာနဲ့ အချင်းချင်းလဲ ခင်တွယ်လို့ ကိုယ့်ကိုယ်ကိုလဲ ငါ,ငါ,ငါနဲ့ အကြီးအကျယ် ခင်တွယ်လို့, စွဲလမ်းလို့၊ သူများကိုလဲ ဘယ်သူဘယ်ဝါ ငါ့ဟာ,ငါ့ဥစ္စာ စသည်ဖြင့် အကြီးအကျယ် ခင်တွယ်လို့,စွဲလမ်းလို့၊ ဒီလို စွဲလမ်း ခင်တွယ်နေရာက တစ်ဆင့်တက်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီး, သူတစ်ပါးကို အထင်သေး, မနာလိုဝန်တိုစတဲ့ အကုသိုလ်တွေက အမျိုးမျိုး ထပ်ဖြစ်လိုက်ချေသေးရဲ့၊ မဂ္ဂင်ရှစ်ပါးတရားတော်နဲ့ သေသေချာချာ သိမြင်လာတဲ့အခါကျတော့ လူရယ်လို့လဲ ရှာမရဘူး၊ ယောကျ်ား,မိန်းမ,ငါ,သူ,ဘယ်သူ ဘယ်ဝါရယ်လို့ ရှာမရဘူး၊ ဘာတွေသာ ရှာရသတုန်း၊ ဘာတွေသာ ရှာရသတုန်းဆိုတော့ အမြဲတမ်း ဖြစ်ပျက် ဖြစ်ပျက်နေတဲ့ အနိစ္စ,ဒုက္ခ,အနတ္တတွေချည်းသာဖြစ်တဲ့

ရုပ်တရား,နာမ်တရားတွေသာ ရှိပါတယ်၊ ရုပ်တရား, နာမ်တရားတွေကိုပဲ လူ,နတ်,ယောကျာ်း,မိန်းမ စသည်ဖြင့် ခေါ်နေကြတာ၊ ပြီးတော့ လူရယ်လို့ ခေါ်နေကြတဲ့ ရုပ်ခန္ဓာကိုယ်ကြီးကို ခွဲဖျက်ကြည့်ဦး၊ ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့, နှလုံးစတဲ့ အစိတ်အပိုင်း ကောဋ္ဌာသတွေသာ ရှိပါတယ်၊ အဲဒီတော့ လူဆိုတာ ဘယ်ဟာလဲ။

**အိမ်ဥပမာ။** ။ဥပမာ အိမ် ပြောပါတော့၊ ဒါ အိမ်လို့ ပြောနေတဲ့ အိမ်ဟာ သေသေချာချာ စစ်ကြည့်လိုက်၊ လက်ညှိုးထိုးကြည့်လိုက်၊ ဘယ်ဟာအိမ်လဲ၊ အိမ်တဲ့ တိုက်တဲ့၊ ဘယ်ဟာတုန်း အိမ်, ဘယ်ဟာတုန်း တိုက်၊ လက်ညှိုးနဲ့ ထောက်ပြလိုက်တော့ သစ်သားတွေရင်လဲ လက်ညှိုးနဲ့ ထောက်မိမယ်, လက်ညှိုးနဲ့ ညွှန်မိမယ်၊ ဒါပေါ့ အိမ်, ဘယ်ဟာတုန်း ဟောဒါ ဟောဒါ၊ အင်း– ဘယ်နှယ် ဒါက သစ်သားပဲ, ဘယ်အိမ်ဟုတ်ရမလဲ၊ နံရံကြီးတွေပဲ, အုတ်တွေ အင်္ဂတေတွေပဲ, သံတိုင်တွေပဲ၊ အဲဒီတော့ အိမ်ဆိုတာ မရှိတော့ဘူး၊ အိမ်ဆိုတာ ပျောက်သွားပြီ၊ အိမ်လို့ ခေါ်တော့ ခေါ်တယ်၊ ဒါတွေ ပေါင်းပြီးတော့ ခေါ်တာ၊ ဒါတွေ ပေါင်းပြီးတော့ အိမ်ခေါ်တာ၊ လူဆိုတဲ့ ငါဆိုတဲ့ သူဆိုတဲ့ သတ္တဝါတွေလဲ မျက်စိ,နား,နှာ,အင်္ဂါ ခြေလက်တွေ ပေါင်းပြီး သူရယ်, ငါရယ် ပြောကြတာ၊ တကယ်ဆိုတော့ လူ, ပြောစမ်း၊ ဘယ်သူတုန်း၊ လက်ကိုင်ပြီးတော့ ပြောတယ်၊ ဒါပေါ့ လူ၊ အဲဒါ လက်ပဲ၊ တစ်ခါ လက်ပြောစမ်း, ဒါဘာတုန်း၊ လက်ဆိုတာလဲ ဒါပဲ၊ အို–ဒါက ရုပ်တွေပဲ၊ ဘယ်ဟုတ်မလဲ၊ ရုပ်မှုန်ကလေးတွေ ပေါင်းပြီးတော့ နေတာပဲ၊ ဒီလိုဆိုရင် လူမရှိဘူးပေါ့၊ ဘယ်ရှိမလဲ ရုပ်တွေသာ ရှိတာပေါ့၊ ဒါဖြင့် တို့လူတွေဆိုတာ အပြောရှိတာပေါ့၊ ဟုတ်တယ်, အပြောရှိတာ။

**သံသရာရဲ့တဲ့ တရားသုံးပါး။** ။ ဒါပေမယ်လို့ တစ်သံသရာလုံး အဝိဇ္ဇာက ဒါတွေကို အကုန်လုံး ဖုံးထားတာ၊ အဝိဇ္ဇာက ဖုံးထားတော့ တဏှာနဲ့ လှပဲ,ယောကျ်ားပဲ, မိန်းမပဲ,ငါ့ပစ္စည်းပဲ,ငါ့ဥစ္စာပဲလို့ တဏှာက စွဲလို့၊ အဲဒီထဲ ငါ,ငါ,ငါ, ငါလို့ မာနတွေနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးလို့၊ ပြီးတော့ ဒိဋ္ဌိဆိုတာ ကလဲ အမြင်မှား အထင်မှားဖြစ်လို့၊ ဖြစ်ပျက် ဖြစ်ပျက်နေတဲ့ အနိစ္စ, ဒုက္ခ,အနတ္တဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေအပေါ်မှာ သူ,ငါ, ယောကျ်ား,မိန်းမရယ်လို့ ဒိဋ္ဌိက အမြင်မှားတော့ တဏှာက အလွှန် ခင်မင်နေတယ်၊ အဲဒီလို တဏှာကခင်တွယ်တဲ့အပြင် မာနက ငါမှငါ တကယ့်ငါဆိုပြီး စိတ်ကြီးတွေဝင်နေတယ်၊ အဲဒီ **တဏှာ, မာန,ဒိဋ္ဌိ** သုံးပါးကြောင့် သံသရာထဲမှာ ကြာပြီးတော့နေခဲ့တာ၊ ယခု အဲဒီတဏှာ ကို သတ်မယ်, အဲဒီဒိဋ္ဌိကို သတ်မယ်, မာနဆိုတာ အပေါ်ယံကလေး။

**ရုရူယောဂါ ဒါရုယန္တံ, သဗျာပါရံဝ ခါယတိ၊**
**ဧဝံ သုညံ နာမရူပံ, အညမညသမာယုတံ။**

အရုပ်ကလေးကို မင်းသမီး မင်းသားရုပ်ကလေးကို ကြိုးနဲ့တပ် လိုက်တဲ့အခါကျတော့ ဟို–ကြိုးဆွဲတဲ့လူက လှုပ်ပြတယ်၊ ဒီတော့ မင်းသမီး,မင်းသားရုပ်ကလေးက ကလို့,ခုန်လို့၊ ဗျာပါရဆိုတဲ့ အလုပ် ကိစ္စ ရှိသလို ရွက်ဆောင်တတ်သလို ဒီလို ထင်ရတယ်၊ **"ရုရူယောဂါ– အရုပ်ကြိုးနှင့်, အသင့်တွဲကပ်, ပေါင်းစပ်မိခြင်းကြောင့်၊ ဒါရုယန္တံ – သစ်သားကိုလုပ်, မင်းသမီး မင်းသားရုပ်သည်၊ သဗျာပါရံဝ–သွားရုပ် ကခုန်, ဗျာပါရရှိပုံကဲ့သို့၊ ခါယတိ–ရှုသူ့စိတ်တွင်, မှတ်ထင်ရလေ၏"။**

**သစ်သားရုပ်နှင့်တူသော ခန္ဓာကိုယ်။** ။ အဲဒီ အရုပ်ကလေးလိုပဲ ခု ဒီ ရုပ်ခန္ဓာကိုယ်ကြီးလဲပဲ စိတ်ဆိုတဲ့ နာမ်တရားနဲ့ ပေါင်းမိလို့ လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်၊

လက်ဟာ သူ့ဟာသူ မလှုပ်ဘူး၊ စိတ်ထဲက လက်မြှောက်ချင်တယ်လို့ ဖြစ်ရင်ပဲ တစ်ကိုယ်လုံးမှာ စိတ္တဇရုပ်တွေ ပျံ့ပြီးတော့ ဝါယောဓာတ် အစွမ်းကြောင့် လက်ဟာ မြှောက်ရတယ်၊ စိတ်က လက်ကို အောက်ချ ချင်တယ်ဆိုရင်ပဲ၊ တစ်ကိုယ်လုံးမှာရော, လက်တွေဆီမှာရော စိတ္တဇရုပ် တွေ အနှံ့ဖြစ်တဲ့အခါ ပထဝီဓာတ်လွန်ကဲတဲ့ ရုပ်ကလာပ်တွေ များ,များ, များ,များလာတော့ လက်ဟာ အောက်ကျလာတယ်၊ **"ရုက္ခယောဂါ- အရုပ်ကြိုးနှင့်, အသင့်တွဲကပ် ပေါင်းစပ်နေခြင်းကြောင့်၊ ဒါရုယန္တ - သစ်သားကိုလုပ်, မင်းသမီး မင်းသားရုပ်သည်၊ သဗျာပါရံဝ–သွား ရုပ်ကခုန်, ဗျာပါရရှိပုံကဲ့သို့၊ ခါယတိ–ကြည့်ရှုသူစိတ်တွင် မှတ်ထင်၍ နေရလေ၏၊ ဧဝံ–ဤအတူ၊ နာမရူပံ–ရုပ်နာမ်နှစ်ဖြာ, ခန္ဓာငါးပါး တည်းဟူသော နာမ်ရုပ်တရားသည်၊ အညမညသမာယုတံ-အချင်းချင်း ပေါင်းစပ်မိသည်ဖြစ်၍၊ သဗျာပါရံဝ–သွားရုပ်ထိုင်လျောင်း, လိုရာ ပြောင်းလျက်, အကြောင်းအားလျော်စွာ ဗျာပါရရှိလေသကဲ့သို့၊ ခါယတိ–ရုပ်နာမ်နှစ်ပါး, မကွဲပြားက, အများစိတ်တွင်, မှတ်ထင်၍ နေရလေသတည်း။**

**သက်သက်တင်စား အထင်မှားနေကြတာ** သမ္မာဒိဋ္ဌိဉာဏ်နဲ့ သေသေချာချာ ရှင်းပြီးတော့ ကြည့်၊ ရုပ်နဲ့ နာမ် ပေါင်းနေတယ်နော်၊ ဟုတ်တယ်၊ ငါဆိုတဲ့ဥစ္စာဟာ သက်သက် တင်စားပြီးတော့ အထင်မှားနေတာ၊ ငါမဟုတ်ဘူး၊ ရုပ်နဲ့နာမ် ပေါင်းနေတာ၊ ရုပ်နာမ်နှစ်ခုကို ပယ်ပစ်လိုက်လို့ရှိရင် ဒီငါမရှိဘူး၊ ခုနေတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေး ကြည့်စမ်း၊ အပေါ်က သက်ငယ် တွေ မိုးထားလို့၊ အဲ–ဘေးက ထရံတွေ ကာထားလို့၊ အရင်းက တိုင်ကလေးတွေ စိုက်ထားလို့၊ ဒါကို ကမ္မဋ္ဌာန်းကျောင်းလို့ သမုတ် ထားတာ၊ သေသေချာချာ ကြည့်လိုက်တော့ တိုင်,သစ်,ဝါး,သက်ငယ်, အမိုးကပ် ဒါတွေပဲ ရှိပါလား၊ ဘယ်မတုန်း ကမ္မဋ္ဌာန်းကျောင်း၊

အဲဒီလိုပဲ သူ့,ငါလို့ ပြောနေတာ၊ ဘယ်မလဲ သူ့,ငါ၊ သူ့,ငါဆိုတာ အမည်ပညတ်တွေ တင်ထားတာ၊ စင်စစ်တော့ ရုပ်တရား,နာမ်တရားပဲ ရှိတယ်၊ အဲဒီလို ရုပ်တရား,နာမ်တရားတွေသာ ရှိပါလားဆိုတာ သိပြီးတော့ သူပဲ,ငါပဲ,ဘယ်သူပဲ,ဘယ်ဝါပဲ,ငါ့ဟာပဲ,ငါ့ဥစ္စာပဲလို့ စွဲလမ်းစရာ ခင်တွယ်စရာ သူရယ်,ငါရယ်လို့ မရှိပါလား၊ ငါမှ ငါရယ်လို့ စိတ်ကြီးဝင် မာနတက်စရာ ငါမရှိပါလား၊ အားလုံးဟာ ရုပ်တရား,နာမ်တရားတွေချည်းသာ ရှိပြီး ဒါတွေဟာလဲ ဖြစ်ပြီး ပျက်သွားတဲ့ အနိစ္စတွေချည်းပါလားလို့ ဝိပဿနာရှုရတယ်။

**နိရုဒ္ဓါ.တီတသင်္ခါရာ, ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ၊**
**အနာဂတာ ဘိဇ္ဇိဿန္တိ, သဗ္ဗေပိ ဘာယိတဗ္ဗကာ။**

**ကာလသုံးဖြာ ရုပ်နာမ်ခန္ဓာ။** ။**"အတီတသင်္ခါရာ–ရှေးရှေးဘဝ, ရှေးကာလ၌, ဖြစ်ကြလေကြား, ရုပ်နာမ်သင်္ခါရတရားတို့သည်၊ နိရုဒ္ဓါ–ငါ၏သန္တာန်, အဖန်ဖန်ဖြင့်, မှန်မှန်ပျက်ပြုန်း, ကုန်ဆုံးကြလေကုန်ပြီ"** အတိတ်ကို မလိုက်ပါနဲ့ ဆိုတာ တဏှာ,ဒိဋ္ဌိနဲ့ မလိုက်ပါနဲ့လို့ ပြောတာ၊ တရားနဲ့တော့ လိုက်ရပါတယ်၊ လိုက်ကောင်းပါတယ်၊ အနာဂတ်ကို မတောင့်တပါနဲ့ ဆိုတာဟာလဲ တဏှာ,ဒိဋ္ဌိနဲ့ မတောင့်တပါနဲ့လို့ ပြောတာ၊ ခုလို တရားနဲ့ ဟောလိုက်ရပါတယ်၊ **"အတီတသင်္ခါရာ–ရှေးရှေးဘဝ, ရှေးကာလ၌, ဖြစ်ကြလေကြား, ရုပ်နာမ်သင်္ခါရတရားတို့သည်၊ နိရုဒ္ဓါ–ငါ၏သန္တာန်, အဖန်ဖန်ဖြင့်, မှန်မှန်ပျက်ပြုန်း, ကုန်ဆုံးကြလေကုန်ပြီ"** ကုန်ခဲ့ပြီ, ရှေးတုန်းက၊ ရှေးတုန်းကဆိုတာ ဒီဘဝရဲ့ရှေး၊ ဒီဘဝရဲ့ ရှေးတောင်မှ ခုချိန်ရဲ့ ရှေ့နားက ရှေး၊ အဲဒါလဲ ပျက်ခဲ့တယ်၊ ဒီရုပ်တရား,နာမ်တရားတွေဟာ ပျက်ခဲ့တယ်၊ ပျက်ခဲ့ကြတယ်။

**"အနာဂတာ–နောက်နောက်ဘဝ, နောက်ကာလ၌, ဖြစ်ကြရန်သင့်, အဆင့်ဆင့်ပွား, ရုပ်နာမ် သင်္ခါရတရားတို့သည်လည်း၊ ဘိက္ခုသန္တို–ဒီပုတ်ထဲက ဒီပဲအနေ အကုန်ပင် ချုပ်ပျက်ကြလေကုန်လတ္တံ့."** နောက်လာမှာပေါ့၊ ဒီလိုပဲ ဒီလိုပဲ အရင်ပျက်သွားသလိုပဲ၊ နောက်လာမယ့် ဥစ္စာတွေကလဲ ပျက်မှာပဲ၊ နောက်လာမယ့် အနာဂတ်ဘဝကြည့်, ပျက်မှာပဲ၊ အနာဂတ် လာမယ့်ဘဝမဆိုထားနဲ့၊ ယနေ့တော်တော်ကြာရင် ဖြစ်မယ့်ရုပ်တွေကလဲ ပျက်ကြဦးမှာပဲ၊ ပျက်ကြဦးမှာဆိုရင်လဲ မဖြစ်တာကောင်းတယ်။

ဟိုရှေးတုန်းက ဒကာမကြီးတစ်ယောက် သမီးကို အင်မတန်ချစ်တယ်၊ အဲဒီ အင်မတန်ချစ်တဲ့ သမီးကလေး သေသွားတော့ သူငိုတဲ့ထဲ တရားပါလာတယ်၊ **"သမီးရယ် ချစ်အောင်တော့ သမီးကတတ်နိုင်တယ်၊ အခု သောကတွေဖြစ်နေလို့ ဝမ်းနည်းတော့ သမီးဘာမျှ မတတ်နိုင်တော့ဘူးလား"** အဲဒီ လောကကြီးထဲ ပျက်တဲ့ဟာဆိုလို့ရှိရင် မဖြစ်တာက ကောင်းတယ်၊ ပျက်မယ့်ဟာမှန်သမျှ မဖြစ်တာက ကောင်းသေးတယ်၊ ဒီတော့ အနာဂတ်မှာလဲ ပျက်မှာချည်းပဲ၊ **"အနာဂတာ–နောက်နောက်ဘဝ, နောက်ကာလ၌, ဖြစ်ကြရန်သင့်, အဆင့်ဆင့်ပွား, ရုပ်နာမ် သင်္ခါရတရားတို့သည်လည်း၊ ဘိက္ခုသန္တို–ဒီပုတ်ထဲက ဒီပဲအနေ ဧကန်ပင် ချုပ်ပျက်ကြကုန်လတ္တံ့၊ ပစ္စုပ္ပန္နာစ–ယခုလက်ငင်း, ပက်ပင်းတွေ့ကြုံ, အဖုံဖုံသွား, ရုပ်နာမ် သင်္ခါရတရားတို့သည်လည်း၊ ဘိဇ္ဇရေ–နှမ်းအိုးကင်းထက်, နှမ်းတွေကျက်သို့, ရုတ်တရက်အနေ, ချုပ်ပျက်၍နေကြလေကုန်သတည်း။**

**နှမ်းအိုးကင်းထက်, နှမ်းတွေကျက်သို့။** ။ ခုလဲ ချုပ်နေတာပဲ၊ ဒီ ရှေးတုန်းကဟာတွေ

ရှေးတုန်းက ချုပ်သလို ခုဟာကလဲ ခုချုပ်နေတာပဲ၊ တကတည်း နှမ်းအိုးကင်းကလေးထဲ ထည့်ပြီးတော့ နှမ်းတွေ လှော်လိုက်တယ်၊ 30 (B)

အောက်က မီးကျိုးက ခပ်ကောင်းကောင်းနဲ့ လှော်လိုက်တယ်၊ အဲဒီတော့ နှမ်းတွေဟာ အရှေ့ဘက်နားကလဲ ဖြစ်ဖြစ် ဖြစ်ဖြစ်, အနောက်ဘက်နားကလဲ ဖြစ်ဖြစ် ဖြစ်ဖြစ်, မြောက်ဘက်နားကလဲ ဖြစ်ဖြစ် ဖြစ်ဖြစ်, တောင်ဘက်နားကလဲ ဖြစ်ဖြစ် ဖြစ်ဖြစ်, အလယ်ကလဲ ဖြစ်ဖြစ် ဖြစ်ဖြစ်၊ အဲသလို ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးဖြစ်တဲ့ ရုပ်နာမ်တွေဟာလေ ခေါင်းပိုင်းကလဲ ဖြစ်ဖြစ် မမြည်တာတမယ်, ချုပ်လျက် ပျက်လျက်, အလယ်ပိုင်းကလဲ ဖြစ်ဖြစ် မမြည်တာတမယ်, ချုပ်လျက် ပျက်လျက်၊ **"သဗ္ဗေပိ–ယခုရှေ့နောက်, ငါ့ထံရောက်လျက်, ချုပ်ပျောက် ပျက်ပြုန်း, ရုပ်နာမ် အားလုံးတို့သည်ပင်၊ ဘာယိတဗ္ဗကာ–ကြောက်ရွံ့စရာ, မလွန့်သာလျက်, စွန့်ခွာဖို့တွက်, သက်သက်တွေးဖွယ်, ဘေးအသွယ်သွယ်တို့ပါတကား"။**

**နာရီကစက် တချက်ချက်သို့**။ ။အဲဒီလို စဉ်းစားတယ်၊ တရားထိုင်ပြီးတော့ စဉ်းစားနေတယ်၊ ပစ္စုပ္ပန်ရုပ်တရားတွေ စဉ်းစားပြီးတော့ အနိစ္စ,ဒုက္ခ,အနတ္တ, ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး အနိစ္စ,ဒုက္ခ,အနတ္တ၊ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး ထဲမှာ ပါဝင်ပြီးတော့ ရုပ်တွေကို ဖြစ်စေနိုင်တဲ့ နာမ်တရား စိတ်တရားလေးလဲ ဖြစ်ပျက်,ဖြစ်ပျက်၊ တကတည်း နာရီကလေးက တချက်ချက်မြည်သလို၊ ဒီရုပ်တရား နာမ်တရားတွေကလဲ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်၊ ဒီလို ဖြစ်ပျက်ပြီးတော့နေတယ်၊ အဲဒါတွေ ပထမဆုံး ဆရာသမားက ဟောလို့ ကြားဖူးနားဝ ရှိခဲ့ တယ်၊ ဒုတိယစဉ်းစားတော့ ဟုတ်တယ်၊ သမ္မာသက်ပွက စဉ်းစားကြည့်တော့ ဟုတ်တယ်၊ဒီတိုင်း ပျက်နေတာပဲ၊ နောက် စိန္တာမယဉာဏ်နဲ့ သိပြီးတဲ့နောက် ဘာဝနာပွားတော့ ဟုတ်လိုက်တာ, ဟုတ်လိုက်တာ၊ ဒီရုပ်ကြီးဟာ တကယ့်ကို ဖြစ်ပျက်နေတာပဲ၊ ဒီစိတ်ကလေး တွေကတော တကယ့်ကို ဖြစ်ပျက်နေတာပဲ၊ စိတ်ကလေးတွေဟာ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတာပဲ၊

ဒီခန္ဓာကိုယ်ကြီး ရနေသရွေ့ ဒီလိုချည်း ဖြစ်ပျက်နေမှာပဲ၊ ဒီခန္ဓာကိုယ်ကြီး ဘာလို့ရပါလိမ့်၊ အို–ရှေးက ကံတွေပြုခဲ့လို့ရတာပေါ့၊ ရှေးက ကံတွေပြုတဲ့ ဘုရား, ရဟန္တာတွေလဲ နောက်ဆုံးဘဝအထိ ခန္ဓာကိုယ်ကြီး ရနေတာကို မကျေနပ်လို့ အကြောင်းရင်း စဉ်းစားလိုက်တော့ အဝိဇ္ဇာနှင့်တဏှာဆိုတာ ပေါ်လာတယ်၊ အဲဒီထဲမှာ တဏှာဟာ တယ်ဆိုးတယ်၊ ယခုလဲပဲ ကမ္မဋ္ဌာန်းထိုင်ရင်းကိုပဲ တစ်ခါတစ်ခါ ကိုယ့်စိတ်ကလေး ဖြစ်နေတာတောင် တဏှာနဲ့ သာယာသေးတယ်၊အင်း–တယ်ဆိုးတဲ့တဏှာပါလား၊ကမ္မဋ္ဌာန်းထိုင်တဲ့အခါတောင်မှ ဒီကမ္မဋ္ဌာန်းတရားကလေးအပေါ်မှာတောင် ဒီတဏှာက သာယာလိုက်သေးတယ်၊ အလွန်သိမ်မွေ့တဲ့ တဏှာ၊ သိပ်ကြောက်စရာကောင်းတဲ့ တဏှာ၊ ဒင်းရှိနေသရွေ့တော့ ဘယ်တော့မှ ဒီဘဝက လွတ်မှာမဟုတ်ဘူး။

**ဘဝေ ဝါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊**
**ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိဉ္စ န ဥပါဒိယိံ။**

**ဘုရားရှင်က ဘဝကို မတောင့်တ။ ။“အဟံ–သင်လို ထပ်တူ, နတ်လူဗြဟ္မာ, သတ္တဝါတို့၏, ဆရာတစ်ဆူ, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ–ဖြစ်ကပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်တွင်း, ထောင်အကျဉ်း၌၊ ဘယံ–အိုနာသေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာ ဝေ–ဆုံးစကုန်စင်, သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ကိဉ္စိ ဘဝံ–ကာမ ရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံတွင်, တစ်စုံတစ်ခုသော ဘဝကိုမျှ၊ နာဘိဝဒိံ–စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော်မမူ”** ဘုရားရှင်က ဘယ်ဘဝမှ မတောင့်တဘူး၊ ဘာပြုလို့တုန်း၊ အားလုံးဘဝတွေဟာ အိုနာသေရေးဒုက္ခဘေးတွေ ဝိုင်းရံနေတဲ့ ဘဝတွေမို့လို့ **“နန္ဒိဉ္စ–ထိုထိုဘဝ၌, စုံစုံမက်မက်, နှစ်သက် တွယ်တာတတ်တဲ့ ဘဝတဏှာကိုလည်း၊**

**န ဥပါဒိယိ–စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျှဉ်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပေသတည်း”**လို့ အဲဒီဘဝတွေ နှစ်သက်တဲ့ တဏှာက စပြီးတော့ သေးသေးသိမ်သိမ်တဏှာပါ မကျန်အောင် ငါဘုရား ဖြတ်တောက်တော်မူခဲ့တယ်။

**ဘဝမှန်သမျှ မကောင်း။** ။ဘဝမှန်သမျှ ဘယ်ဘဝမှ မကောင်းဘူး၊ ပျက်စီးမှာ မှန်သမျှ မကောင်းတာချည်း ဘဲလေ၊ လက်တွေ့ပဲ စဉ်းစားကြည့်၊ ထမင်းကလေး စားကောင်း ကောင်းနဲ့ စားလိုက်တာ တော်တော်ကြာတော့ ဓာတ်တွေပျက်,ဝမ်းတွေ လျှောဖြစ်တော့ ဒီလိုဆို မစားတာက ကောင်းသေး၊ အဲဒီလို အဲဒီလို ပျက်မှာဖြင့် ဒီဘဝဟာ မရတာက ကောင်းသေးတယ်၊ ဒီဘဝမျိုး မရအောင်ဟာ ဘာလုပ်ရမလဲ,တဏှာကိုဖြတ်၊ ဘုရားရှင်က တစ်ခါ ဥပမာ အမိန့်ရှိတယ်၊ ဟိုမစင်ကလေး မစင်ကလေး, ကြီးတဲ့မစင် များတဲ့မစင်သာ ရွံစရာကောင်းတာ မဟုတ်ဘူး၊ သေးသေးကလေး မစင်, နည်းနည်းကလေးမစင်လဲ ရွံစရာကောင်းတာပဲ၊ အဲသလိုပဲ ဘဝဟာ ဘဝအများကြီးသာ ရွံစရာကောင်းတာ မဟုတ်ဘူး၊ သောတာပန်ဖြစ်ရင် (၇)ဘဝလောက်သာ နေရတော့မယ်၊ အဲဒီဘဝလဲ ရွံစရာ ကောင်းတယ်၊ ဟို သကဒါဂါမ်, အနာဂါမ်ဖြစ်ပြီးတဲ့နောက် ရူပ,အရူပဘုံမှာ ရတဲ့ဘဝ နည်းနည်းကလေးကလဲ ရွံစရာကောင်း တယ်၊ မစင်ကလေးသေးသေးကလေးဟာ ဘာမစင်ဖြစ်ဖြစ်, ဘယ် လောက်ကောင်းတဲ့ ထမင်းဟင်းစားပြီး စွန့်ချတဲ့ ဘာမစင်ဖြစ်ဖြစ် ရွံစရာကောင်းတယ်၊ အဲဒီလိုပဲ နတ်ဘုံဘဝလည်း ရွံစရာကောင်းတယ်၊ ဘာပြုလို့တုန်း၊ ဓာတ်ဆိုတာ ဗျာဓိ,မရဏတွေနဲ့ ဆက်သွားမှာ၊ ဗြဟ္မာဘဝလည်း ရွံစရာကောင်းတယ်၊ အနာဂါမ်ဖြစ်တော့ ရူပဘုံ, အရူပဘုံမှာ ဘဝရှိသေးတယ်၊ အဲဒီဘဝကိုလဲ မြတ်စွာဘုရားက အားပေးတော်မမူဘူး, နှစ်သက်တော်မမူဘူး။

**ဘဝေ ဝါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊**
**ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိဉ္စ န ဥပါဒိယိံ။**

**"အဟံ–သင်လိုထပ်တူ, နတ်လူဗြဟ္မာ, သတ္တဝါတို့၏, ဆရာတစ်ဆူ, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ–ဖြစ်လျှင်ပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်တွင်း, ထောင်အကျဉ်း၌၊ ဘယံ–အိုနာသေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာ ဧဝ–ဆုံးစကုန်စင်, သိမြင်တော်မူခြင်းကြောင့်သာလျှင်"** ကဲ ဒီလိုသိလေ, ဘဝကို မနှစ်သက်လေ၊ မသိလေ ဘဝကို နှစ်သက်လေ၊ အဝိဇ္ဇာက ဖုံးထားလို့ မသိလေ, တဏှာက နှစ်သက်လေ၊ အဝိဇ္ဇာတွေ ကုန်ခန်းလို့ သမ္မာဒိဋ္ဌိဉာဏ်အမြင်က အင်မတန်ကောင်းလေ, တဏှာက လျော့ပြီးတော့ မနှစ်သက်လေ၊ **"ဘယံ–အိုနာသေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာ ဧဝ–ဆုံးစကုန်စင်, သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ကိဉ္စိ ဘဝံ–ကာမရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံတွင်, တစ်စုံတစ်ခုသော ဘဝကိုမျှ၊ နာဘိဝဒိံ–စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော်မမူခဲ့ချေ၊ နန္ဒိဉ္စ–ထိုထိုဘဝ၌, နှစ်သက်စုံမက်တတ်တဲ့ တဏှာကိုလည်း၊ န ဥပါဒိယိံ–စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျဉ်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပေသတည်း"။**

**ဖြစ်သမျှခန္ဓာ,ပျက်မှာချည်းသာ။** ။အဲဒီလိုပေါ့လေ, သမ္မာဒိဋ္ဌိက လျှောက်ပြီးတော့ အမြင်ကောင်းလိုက်တာ ဒီလက်ရှိ ရုပ်နာမ်ကလေးကိုပဲ အနိစ္စ,ဒုက္ခ,အနတ္တပါလား၊ ဘာမျှ မကောင်းဘူး,ဘာမျှ မကောင်းဘူး၊ လွန်ခဲ့ပြီးသားတွေ မကောင်းလို့လဲ အပျက်၊ လာမယ့်ဘဝတွေလဲ မကောင်းလို့အပျက်၊ လာမယ့်ဘဝတင် မဟုတ်ဘူး၊ ယခုလောလောဆယ်ဖြစ်နေတဲ့ ဒီရုပ်တရား,နာမ်တရားတွေကလဲ ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်၊ ငါ့ရဲ့စိတ်ကလေးကလဲ

သေသေချာချာကြည့်ရင် တော်တော်ကြာ တစ်မျိုးပြောင်းလိုက်, တော်တော်ကြာ တစ်မျိုးပြောင်းလိုက်နဲ့ အမြဲတမ်း ပျက်ပျက်,ပျက်ပျက် နေတယ်၊ ဒီခန္ဓာကိုယ်ကြီး ရရှိထားတော့ အကြောင်းတွေ အမျိုးမျိုး ကြောင့် စိတ်ဟာ ဖြစ်လာတယ်၊ အဲဒီလို ဖြစ်လာတိုင်း ပျက်ပျက်နေ တယ်၊ ရုပ်တရားတွေကလဲ အဆက်မပြတ် ဖြစ်တယ်၊ ဖြစ်တော့ ဖြစ်တိုင်းပျက်, ဖြစ်တိုင်းပျက်၊ ကံက ရှိသေးတော့ ကံမကုန်သေးတော့ ဖြစ်တယ်, ဖြစ်တော့ပျက်၊ စိတ်ကလေး ရှိနေတော့ စိတ္တဇရုပ်တွေက ဖြစ်တယ်၊ ဖြစ်တော့ပျက်၊ ဘေးက ဥတုအငွေ့တွေကရှိတော့ အဲဒီ အငွေ့တွေကြောင့် ရုပ်တွေဖြစ်၊ ဖြစ်တော့ပျက်၊ အစာအာဟာရ စားတယ်၊ စားတော့ အစာအာဟာရကြောင့် ရုပ်တွေဖြစ်၊ ဖြစ်တော့ ပျက်၊ အဲဒါကြောင့် ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးဟာ အပျက်တွေချည်းဆို တော့ သိပ်ကြောက်စရာကောင်းတယ်။

**သံသရာကထွက်စေတဲ့ ပျော်နည်း။** ။အဲဒီလို ကြောက်စရာကောင်း တဲ့ ဒီသံသရာမှာ ပျော်နေတာ ဟာ ဘာ့ကြောင့် ပျော်နေတာလဲ၊ ပျော်တော့ အကောင်းပျော်, ပျော် ရရဲ့လားဆိုတော့ အို,နာ,သေရေး ဒုက္ခဘေးတွေ အရင်းတည်ပြီးတော့ အဲဒီဒုက္ခအမျိုးမျိုးတွေထဲက ပျက်ပျက် ပျက်ပျက်နေတဲ့ ရုပ်နာမ်တရား တွေ၊ ဒီရုပ်နာမ်တရားတွေကို အပြစ်မမြင်အောင်, အကောင်းထင် အောင် အဝိဇ္ဇာက ဖုံးဖိထားလို့ တဏှာက အကောင်းထင် သာယာပြီး တော့ အပျော်ကြီး ပျော်နေတာဟာ ဘယ်မှာ အကောင်းပျော်,ပျော်တာ ဟုတ်ရမှာလဲ၊ သူတော်ကောင်းများက ဒါတွေမြင်ထားတော့ ဒီသံသရာ ထဲမှာ အဲဒီလို တဏှာနဲ့ ပျော်နေရမှာကို အပြစ်မြင်ပြီး စက်ဆုပ် ရွံရှာတော်မူကြတယ်၊ အဲဒါကြောင့် သံသရာထဲက ထွက်မြောက်ဖို့ အတွက် အဝိဇ္ဇာ,တဏှာ ကင်းကွာစေနိုင်တဲ့ အပျော်မျိုးဖြစ်အောင် ရုပ်နာမ်တရားတွေရဲ့ အဖြစ် အပျက်ကို ထပ်ကာ ထပ်ကာ ရှုတော့

**သမ္မာဒိဋ္ဌိ**ဉာဏ်အမြင် အလွန်သန့်ရှင်းတဲ့အခါ **သမ္မာသင်္ကပ္ပ**က ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ပုံကို ထပ်ကာထပ်ကာ ကြံစည်လို့၊ **သမ္မာဝါယာမ**ကလဲ တကယ်ကို ကြိုးစားလို့၊ **သမ္မာသတိ**ဆိုတဲ့ သတိတရားကလဲ အမြဲစူးစိုက်ပြီး **သမ္မာသမာဓိ**က အလွန်တည်ကြည်နေတဲ့အခါ ပီတိတွေကို ဖြစ်လို့ ပျော်လို့၊ အဲဒါကသာ အကောင်းပျော်နည်း၊ သံသရာက ထွက်မြောက်စေနိုင်တဲ့ ပျော်နည်း။

**သုညာဂါရံ ပဝိဋ္ဌဿ, သန္တစိတ္တဿ ဘိက္ခုနော၊**
**အမာနုသီ ရတိ ဟောတိ, သမ္မာ ဓမ္မံ ဝိပဿတော။**

သုညာဂါရံ–မြို့ရွာအူသံ, မဆူညံသဖြင့်, လူသံတိတ်ချိန်, ဆိတ်ငြိမ်သော ကျောင်းသို့၊ ပဝိဋ္ဌဿ–မခေါ်အပို, ဖော်မလိုဘဲ, တစ်ကိုယ်တည်းပင်, ကပ်ဝင်၍နေသော၊ သန္တစိတ္တဿ–လောကီရေးရာ, ဗျာပါမဖက်, ငြိမ်သက်တည့်မတ်, စိတ်ကောင်းစိတ်မြတ်ရှိသော၊ ဘိက္ခုနော–ကမ္မဋ္ဌာန်း၌, လုံးပမ်းကြိုးကုတ်, အားထုတ်သော ရဟန်းပုဂ္ဂိုလ်၏၊ သမ္မာ–မဖောက်မပြန်, ဟုတ်တိုင်းမှန်စွာ၊ ဓမ္မံ–တေဘူမက, သင်္ခါရဟု, ရုပ်နာမ်အစုကို၊ ဝိပဿတော–ဖြစ်ပုံပျက်ဟန်, အချက်မှန်အောင်, နက်သန်စေ့ငု, ကြည့်ရှု ဆင်ခြင်လိုက်သည်ရှိသော်၊ အမာနုသီ–ကာမဂုဏ်မြူခါတတ်, လွန်ထူထပ်သည့်, လူနတ်မွေ့လျော်, အပျော်မျိုးနှင့်မတူသော၊ ရတိ–အဝိဇ္ဇာ တဏှာ, ကင်းစင်ကွာကြောင်း, နှစ်ထောင်းမွေ့လျော်, ထူးကဲသော အပျော်မျိုးသည်၊ ဟောတိ–ဉာဏ်အဟုန်မြူး, မကြုံဖူးအောင်, အထူးအထွေ, ဖြစ်ပေါ်၍လာတတ်ပေသတည်း။

**နိဗ္ဗာန်ကို မဂ္ဂင်လမ်းနဲ့တက်မှ ရတယ်။** ။ဒီတော့ ဒီအခြေအနေရောက်တော့ တရား မတက်ဘဲ ရှိပါ့မလား၊ စိတ်ကိုက ပျော်နေတယ်၊ ဒီ တရားကို မလွှတ်ချင်ဘူး၊

အဲဒီတင် နင်လားငါလား တွန်းပြီးတော့ သမ္မာဝါယာမက ကြိုးစားလိုက်တာ တော်တော်ကြာတော့ ဒီ သမ္မာဒိဋ္ဌိအဆင့်အတန်း မြင့်သည်ထက် မြင့်ပြီးတော့ နောက်ဆုံးမှာ မဂ်ဉာဏ်လို့ ခေါ်ဆိုနိုင်တဲ့ သမ္မာဒိဋ္ဌိအဆင့်အထိ ရောက်သွားတယ်၊ အဲဒီ မဂ်ဉာဏ်ဆိုတဲ့ သမ္မာဒိဋ္ဌိအဆင့် ရောက်ရင်ပဲ သမ္မာသင်္ကပ္ပက မဂ်ဉာဏ်နဲ့ယှဉ်တဲ့ သမ္မာသင်္ကပ္ပဖြစ်လို့၊ သမ္မာဝါယာမက မဂ်ဉာဏ်နဲ့ယှဉ်တဲ့ သမ္မာဝါယာမဖြစ်လို့၊ အဲဒီ မဂ္ဂင်တရားတွေဟာ ပထမဆုံး သောတာပတ္တိမဂ်အဆင့် ရောက်ရင်ပဲ တဏှာဟာ လျော့သွားတယ်၊ နိဗ္ဗာန်ကိုလဲ မြင်လာတယ်၊ သြော်–ဒါ အေးငြိမ်းချမ်းသာ ဟုတ်ပြီ, ရုပ်နာမ်ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ဟာ တဏှာချုပ်ရာလဲ ဟုတ်တယ်၊ သူ့စိတ်ထဲ ရှင်းလို့၊ သြော်–နိဗ္ဗာန်ဟာ ဟုတ်တယ်၊ ရုပ်နာမ်လဲ မရှိဘူး၊တဏှာလဲ မရှိဘူး၊ တဏှာနဲ့ တွယ်စရာလဲမရှိဘူး၊ ဒီလိုဆိုရင် နိဗ္ဗာန်ရမှတော့ ဘယ်ဇာတိ, ဇရာ,ဗျာဓိ,မရဏဆိုတဲ့ ဒုက္ခတွေ ဖြစ်တော့မလဲလို့၊ အဲဒီလို ရှင်းသွားတယ်၊ မဂ်ဉာဏ်နဲ့ အဲဒီလို နိဗ္ဗာန်မြင်ပြီးတော့ သူများ အပြောနဲ့ မဟုတ်ဘဲ ကိုယ်တိုင်ကို သဘောပေါက်ပြီး ရှင်းသွားတယ်၊ ဒါကြောင့် တဏှာချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒီမဂ္ဂင်လမ်းနဲ့ တက်မှရတယ်။

**ခန္ဓာအပြစ်မြင်လေ တဏှာ လျော့လေ**

အဲဒီ မဂ္ဂင်လမ်းနဲ့တက်လို့ ရုပ်နာမ်တရားတို့ရဲ့ အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်း မြင်အောင် တကယ်ကို ကြိုးကြိုးစားစား ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်အမြင်ကလဲ တိုးတိုး, တိုးတိုးလာတယ်၊ အင်း–ဝီရိယကလဲ တိုးတိုး, တိုးတိုးလာတယ်၊ သမာဓိကလဲ တိုးတိုး, တိုးတိုးလာတယ်၊ အဲဒီတရားတွေ တိုးတိုးလာပြီး ရုပ်နာမ်အပြစ်မြင်လေ, တဏှာက နောက်ဆုတ်သွားလေ၊ ရုပ်နာမ်အပြစ်မြင်လေ, တဏှာက နောက်ဆုတ်သွားလေ၊ နဂိုတုန်းက ရုပ်နာမ်ပေါ်မှာ တဏှာက သာယာပြီးတော့ ကပ်နေတာ, တွယ်နေတာဟာ

ရုပ်နာမ် အပြစ်ကို နည်းနည်းမြင်လိုက်, တဏှာက နည်းနည်း နောက်
ဆုတ်လိုက်၊ အဲဒီလို နောက်ဆုတ် နောက်ဆုတ်သွားလို့ ရုပ်နာမ်
တို့ရဲ့အပြစ်တွေ အဖြစ်အပျက်တွေကို အလွန်ကို ရှင်းရှင်းလင်းလင်း
ကြီး မြင်သွားတဲ့အချိန် မဂ်ရတဲ့အချိန်မှာ တဏှာက တစ်ခါတည်းကို
ဆုတ်သွားတယ်၊ သောတာပတ္တိမဂ်ရရင် အတော်ဆုတ်,သကဒါဂါမိ
မဂ်ရရင် တော်တော်များများဆုတ်, အနာဂါမိမဂ်ရလို့ရှိရင် အဲဒီ
တဏှာဟာ လောကီအာရုံ ကာမဂုဏ်တွေအပေါ်မှာ လုံးလုံးဆုတ်၊
အဲဒီလို လုံးလုံးဆုတ်ရာက အရဟတ္တမဂ်ရတော့ အဲဒီ တဏှာဟာ
နောက်ထပ် ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူး၊ အကြမ်းစား,
အနုစား, အသေးအဖွဲ့တဏှာတွေပါ အားလုံး ကုန်ခန်းသွားတယ်။

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ–သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာ
ဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

ဒီတရားတွေနဲ့ သွားရတယ်၊ အဲဒီတရားကို ကိုယ့်သန္တာန်မှာဖြစ်
အောင်ကြိုးစားရတယ်၊ သူများ ပြောတာကို နာယူပြီးတော့
သွားရည်ကျနေလို့လဲ မဖြစ်ဘူး၊ သူများ ရသွားတာတွေ ကိုယ်က
တွေးပြီးတော့ ဆုတောင်းနေလို့လဲ မဖြစ်ဘူး၊ မိမိကိုယ်တိုင် ကြိုးစား
လို့ရှိရင် မိမိကိုယ်တိုင် ရနိုင်တယ်။

**ဧတဒတ္တနိသမ္ဘူတံ, ဗြဟ္မယာနမနုတ္တရံ၊
နိယျန္တိ ဓီရာ လောကမှာ, အညဒတ္ထု ဇယံ ဇယံ။**

အတ္တနိသမ္ဘူတံ–ကိုယ်တိုင်ကြိုးကုတ်, အားကုန်ထုတ်သဖြင့်,သရုပ်
မှန်စွာ, ဖြစ်ပေါ်၍လာနိုင်ပေထသော၊ အနုတ္တရံ–လောကီယာဉ်မှာ,
မယှဉ်သာအောင်, လွန်စွာမြတ်မွန်, တုဘက်လည်းလွန်ပေထသော၊

ဇေတံ ဗြဟ္မယာနံ–နောက်လိုက်နောက်ပါ, များဗိုလ်ပါတို့, ဆောင်ကာ ယူတတ်, ဖြစ်ရပ်အကျော်, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီး သည်၊ သံဝိဇ္ဇတိ–ဘုရားသာသနာ, ပွင့်သောခါဝယ်, ကောင်းစွာ မြိုင်မြိုင်, ရရှိနိုင်ပါပေ၏၊ ဧတေန ယာနေန–ဤကဲ့သို့လျှင်, ကိုယ်ပိုင် ယာဉ်ဟု, မဂ္ဂင်တရား, မြတ်ရှစ်ပါးဖြင့်၊ ဓီရာ–ဘုရားပစ္စေကာ, အရိယာ အပေါင်း, ပညာရှိသူတော်ကောင်းတို့သည်၊ အညဒတ္ထု–အမှန်စင်စစ်, မဆုတ်နစ်ကြကုန်ဘဲသာ၊ ဇယံ–အောင်သင့်အောင်ရာ, ကိလေသာဟု, လွန်စွာပြင်းထန်, အတွင်းရန်ကို၊ ဇယံ ဇယန္တာ–မင်္ဂလာအောက် ထက်, အမြောက်စက်ဖြင့်, ဖျောက်ဖျက်သတ်ညှဉ်း, အောင်တပ်ခင်းကြ ကုန်လျက်၊ လောကမှာ–ကျင်လည်ပြောင်းပြန်, ဗလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, ဝဋ်အတွင်းမှ၊ နိယျန္တိ–ဓိဋ္ဌာန်သလောက်, နိဗ္ဗာန်ရောက်အောင်, ထွက်မြောက်တော်မူကြလေကုန်သတည်း။

ဘုရားရှင်ကိုယ်တော်မြတ်လဲပဲ ဤမဂ္ဂင်ယာဉ်ပျံတော်ကြီးစီးပြီး သကာလ နိဗ္ဗာန်နန်း မြန်းတော်မူခဲ့ပြီ၊ မြတ်စွာဘုရားနောက်က **အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ** အမှူးထားတဲ့ သာဝကကြီးများလဲအဲဒီ မဂ္ဂင်ယာဉ်ပျံတော်ကြီးစီးပြီး သကာလ နိဗ္ဗာန်တိုင်အောင် ကြွမြန်းတော်မူခဲ့ကြတယ်၊ အမျိုးသမီး ဘက်ကလဲ မိထွေးတော် **ဂေါတမီ**တို့, **ခေမာ**ထေရီတို့, **ဥပ္ပလဝဏ်** ထေရီတို့ **ယသော်ဓရာ**ထေရီ, **ဓမ္မဒိန္နာ**တို့ဆိုတဲ့ အမျိုးသမီးအများတို့ လဲပဲ မဂ္ဂင်ယာဉ်ပျံတော်ကြီး စီးပြီးသကာလ နိဗ္ဗာန်ကို သွားကြပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်ဟာ လတ်လတ်ဆတ်ဆတ် ရှိပါသေးတယ်၊ ဓမ္မစကြာတရားတော်သည် မြတ်စွာဘုရား ဟော တော်မူတဲ့အတိုင်း ယခု ရှိပါသေးတယ်၊ ဒီတော့ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြလို့ရှိရင် ဘယ်သူမဆို ယခုတိုင် ရနိုင်ပါသေးတယ်။

**ကြိုးစားရင် ရဟန္တာဖြစ်နိုင်။ ။ "သုဘဒ္ဒ...ငါဘုရား ဟောတော်မူသည့်အတိုင်း ဤမဂ္ဂင်တရားတွေကို ကျင့်ကြလို့, ငါဘုရား ဟောတော်မူတဲ့အတိုင်း ဤမဂ္ဂင်တရားကို ကြိုးစားကြလို့ရှိရင် ဘယ်သူမဆို ရဟန္တာဖြစ်ပြီးတော့ လောကကြီးဟာ ရဟန္တာမှ မဆိတ်ဘဲ ရဟန္တာတွေချည်း ဖြစ်နိုင်ကြတယ်"**လို့ မိန့်တော်မူတယ်။

ဒါကြောင့် သာသနာတော်က နောက်ပိုင်းရောက်လာတယ်ဆိုပေမယ့် တရားတော်က မကွယ်ပျောက်ဘူး၊ တရားတော်အခြေအနေ မပျက်သေးဘူး၊ ဒါပေမယ့် ဖြုန်းကနဲ တရားထူးရဖို့ဆိုတာကတော့ သိပ်မလွယ်လှဘူး၊ သူဌေးဖြစ်ချင်တဲ့လူဟာ ဖြုန်းကနဲ သူဌေးမဖြစ်ပါဘူး၊ တဖြည်းဖြည်း တစ်စတစ်စ တက်တက် တက်တက်သွားရာက နောက်တော့ အရင်းအနှီးတွေ များပြီးသကာလ သူဌေးဖြစ်ကြတယ်၊ ဒါ အစက စတက်ရတယ်။

အဲဒီလိုပဲ မြတ်စွာဘုရားရဲ့ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော တရားကိုပိုင်တဲ့ သူဌေးကြီးဖြစ်ဖို့ဆိုတော့လဲပဲ အစကစပြီးတော့ သီလကစပြီး အဆင့်ဆင့် တက်ပြီးသကာလ သွားရတယ်၊ ဒါကြောင့် တရားရဖို့ဆိုတာကို လွယ်လွယ်ကူကူကလေး ရမယ်လို့ မမျှော်ဘဲနဲ့ ကိုယ်တိုင်အားထုတ်လို့ရှိရင် ရနိုင်တယ်လို့ အဲဒီလို သဘောထားပြီးသကာလ ဒုက္ခနိရောဓဂါမိနီဆိုတဲ့ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ်ကို မှန်မှန်ကန်ကန် ကိုယ်တိုင် ကြိုးစားကျင့်နိုင်ကြစေကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

**စတုတ္ထနေ့ ပြီး၏။**

# ဓမ္မစကြာတရားတော်

## ပဥ္စမနေ့

[သာသနာတော်–၂၄၉၃၊ ကောဇာ ၁၃၁၁–ခုနှစ်က ဟောကြားတော်မူသည်]

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ဉာဏ်တော်ခန်းနှင့် တရားတော်နိဂုံး

**ဉာဏ်သုံးပါး။** ။ ယနေ့ ဓမ္မစကြာက သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဆိုတဲ့ အဲဒီ ဉာဏ်တော်ခန်း ရောက်နေတယ်၊ အကြောင်းညီညွတ်လို့ရှိရင် ယနေ့ပဲ ကုန်အောင် အသံသွင်းမယ်လို့ စိတ်ကူးပါတယ်၊ ဒါ ဘာကြောင့်တုန်းဆိုတော့ ဉာဏ်တော်များကို ဆက်ပြီးတော့ ပြောနေရရင် တော်တော်နဲ့ကို ပြီးနိုင်မယ် မဟုတ်ဘူး၊ ဒါကြောင့် လိုသလောက်လေးပဲ ပြောသွားရင် စာကရှည်နေပေမယ့် စကားတွေက ထပ်တူထပ်တူဖြစ်တော့ သိပ်ပြောစရာ မရှိပါဘူး၊ လိုရင်းလိုရင်းလောက် ဘုန်းကြီး ပြောသွားမယ်၊ အရင်နေ့က ပြောခဲ့တဲ့အတိုင်း စိတ်က တောထဲမှာရောက်နေကြတယ်၊ ဘုန်းကြီးတို့ ဆရာတပည့် တစ်စု ဆရာဒကာတစ်စု တောထဲမှာ ကမ္မဋ္ဌာန်းကျောင်းကလေးမှာ ရောက်ပြီးတော့ နေကြတယ်၊ မြတ်စွာဘုရားရဲ့ **မိဂဒါဝုန်**တောမှာ ဟောတော်မူတဲ့ တရားအကြောင်းကို ဘုန်းကြီးတို့က ဆွေးနွေးပြီးတော့ နေကြတယ်၊ဘုန်းကြီး ပြောလို့ နားထောင်နေကြတယ်၊သစ္စာလေးပါးနဲ့ စပ်ပြီးတော့ ဉာဏ်တော်ဖြစ်ပုံ တရားတော် အစဉ်အတိုင်း ပြောရမယ်။

**"ဣဒံ ဒုက္ခံ အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ဒုက္ခသစ္စာ၌ သစ္စဉာဏ်**။ ။ဘိက္ခဝေ–ပဉ္စဝဂ္ဂီအမျိုးရှိတဲ့ နတ်ဗြဟ္မာများတို့၊ ဣဒံ–ဤတဏှာမှတစ်ပါးသော တေဘူမက ရုပ်နာမ်တရားအားလုံးသည်၊ ဒုက္ခံ–စင်စစ်ကေန်, ဆင်းရဲမှန်သော၊ အရိယသစ္စံ–အရိယသစ္စာတည်း၊ ဣတိ–ဤသို့၊ မေ–ငါဘုရားမှာ၊ ပုဗ္ဗေ–ရှေးအခါကာလတုန်းက၊ အနနုဿုတေသု–ကြားမျှမကြားအပ်ဖူးကုန်သော၊ (အနနုဿုတေသု–ဆရာတစ်ပါး ဟောသည့်အတွက် ကြားမျှ မကြားရဖူးကုန်သော၊) ဓမ္မေသု–ဒုက္ခသစ္စာတရားတို့၌၊ စက္ခု–မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်၍နေတဲ့ ဉာဏ်သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ။

မြတ်စွာဘုရား ဘုရားမဖြစ်ခင်တုန်းက ဒုက္ခသစ္စာဆိုတဲ့ တရားကို ကြားတောင် မကြားဖူးဘူး၊ ဘယ်သူ့ဆီကမှ တစ်ဆင့် မကြားခဲ့ဖူးဘူး၊ **အာဠာရ, ဥဒက**ရသေ့အရှင်ကြီးတွေဟာ အင်မတန်မှ လောကီရေးရာမှာ ပညာကြီးမားတော်မူကြတယ်၊ အဲဒီ ဆရာကြီးတွေထံ ချဉ်းကပ်ပြီးတော့ တရားယူတုန်းကလဲ ဒီတရားမျိုး မကြားခဲ့ရဘူး၊ ယခု ငါဘုရား ဗောဓိပင်အောက်မှာ တရားအားထုတ်ရင်း,တရားအားထုတ်ရင်း ဉာဏ်တော်တွေ ရင့်ကျက်လာတော့မှ ဩော်...ဒီရုပ်တရားနာမ်တရားတွေဟာ ဒုက္ခသစ္စာပါလားလို့ အဲဒီလို ဒုက္ခသစ္စာတရားကို ရှင်းရှင်း လင်းလင်း သိမြင်လာတယ်၊ အလိုအလျောက် ကိုယ်တော်တိုင် သိမြင်လာတယ်၊ လူတွေက တစ်စုံတစ်ခုသော အရာဝတ္ထုကို မျက်စိဖြင့် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်ရသလို ဒီရုပ်နာမ်တရားတွေဟာ ဒုက္ခတွေပဲလို့ ငါဘုရားမှာ ရှင်းရှင်းလင်းလင်း သိမြင်နိုင်တဲ့ ဉာဏ်မျက်စိ ဖြစ်ပေါ်လာတယ်၊ **"စက္ခု–ရှင်းရှင်းလင်းလင်း သိမြင်နိုင်တဲ့ ဉာဏ်စက္ခုသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ ဉာဏံ–ဇာတိ,ဇရာ,ဗျာဓိ,မရဏကစ၍ ဤခန္ဓာကိုယ်ကောင်ဟာ ဒုက္ခပဲဟု သိမြင်တတ်တဲ့ဉာဏ်သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာ–**

**အမျိုးမျိုး အဖုံဖုံ သိနိုင်တဲ့ပညာသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ် လာပြီ၊ ဝိဇ္ဇာ–ထိုးထွင်း၍ သိတတ်တဲ့ ဉာဏ်ဝိဇ္ဇာသည်၊ ဥဒပါဒိ– ထင်ရှားဖြစ်ပေါ်လာပြီ၊ အာလောကော–မောဟအမှောင်ကို ပယ် ဖျောက်နိုင်တဲ့ ဉာဏ်ရောင်အလင်းသည်၊ ဥဒပါဒိ–ဖြစ်ပေါ်လာပြီ"။**

မြတ်စွာဘုရား ဗောဓိပင်အောက်မှာ ဒီဒုက္ခသစ္စာကို သိတာဟာ သာမန်ကာလျှံကာ သိတာမဟုတ်ဘူး၊ တကယ့်ကို နှစ်နှစ်ကာကာ သိတော်မူတာ၊ မှန်မှန်ကန်ကန်ကြီး သိတော်မူတာ၊ အဲဒီလို သိတဲ့ ဉာဏ်ဟာ ငါဘုရားဖြစ်ခဲ့တယ်လို့ ဟောတော်မူတယ်၊ အဲဒါ သစ္စဉာဏ်ပဲလို့ သိတဲ့ဉာဏ်ကို **သစ္စဉာဏ်**လို့ ခေါ်တယ်။

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကိစ္စဉာဏ်။ ။"ဘိက္ခဝေ–ရဟန်းတို့၊ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ– ထို ဒုက္ခမည်သော အရိယာသစ္စာကို၊ ပရိညေယျံ– ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိနားလည်သင့် သိနားလည်ထိုက်၏၊ ဣတိ–ဤသို့၊ မေ–ငါဘုရားသည်၊ ပုဗ္ဗေ–ရှေး၌၊ အနနုဿုတေသု– တစ်ရံတစ်ခါမျှ မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု–ဒုက္ခသစ္စာတရား တို့၌၊ စက္ခုံ–ပကတိမျက်စိဖြင့် မြင်သကဲ့သို့ သိမြင်နိုင်သော ဉာဏ်မျက်စိသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ"** ဒီပါဠိတော်က **"ကိစ္စဉာဏ်"**ကိုပြတဲ့ ပါဠိတော်၊ ကိစ္စဉာဏ်ဆိုတာဘာလဲဆိုတော့ မိမိ ပြုလုပ်ရမည့် လုပ်ငန်းကိစ္စကို သိတဲ့ဉာဏ်ပါပဲ၊ ဘယ်လို သိသလဲဆိုရင် ဒီလုပ်ငန်းကိစ္စတွေဟာ ပြုသင့်ပြုထိုက်တယ်၊ ပြုလုပ် ထားမှသာ သင့်လျော်မယ်လို့ သိသလို, ထို့အတူ ဒီရုပ်တရား နာမ် တရားတွေဟာ ဒုက္ခသစ္စာပဲလို့ သဘောပေါက်ထားသင့်တယ်၊

သဘောပေါက်ထားမှသာဖြစ်မယ်လို့ သိတယ်၊ အဲဒီလို သိတဲ့ဉာဏ် (ဒုက္ခသစ္စာကို သဲသဲကွဲကွဲ သဘောပေါက်ထားထိုက်တယ်လို့ သိတဲ့ ဉာဏ်)ကို **"ကိစ္စဉာဏ်"**လို့ ခေါ်တယ်။

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကတဉာဏ်။ ။"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ-ထိုဒုက္ခမည်သော အရိယသစ္စာကို၊ ပရိညာတံ-ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိပြီးပြီ၊ ဣတိ-ဤသို့၊ မေ-ငါဘုရားမှာ၊ စက္ခု-ပကတိစက္ခုဖြင့် မြင်သကဲ့သို့ မြင်တတ်တဲ့ ဉာဏ်စက္ခုသည်၊ ဥဒပါဒိ-ထင်ရှားဖြစ်ပေါ်လာပြီ"** ဒါက **"ကတဉာဏ်"**ကိုပြတဲ့ ပါဠိတော်၊ လူတစ်ယောက်ဟာ သူလုပ်စရာရှိတဲ့ လုပ်ငန်းများကို ပြုလုပ်ပြီးပြီလား, မပြုလုပ်ရသေးဘူးလားလို့ စဉ်းစားကြည့်တဲ့အခါ ပြုလုပ်ပြီးပြီလို့ သိသလို, မြတ်စွာဘုရားမှာလဲပဲ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်ကြီး သိပြီးသားဖြစ်ပြီလို့ သိတော်မူတယ်၊ အဲဒီလို သိတော်မူတဲ့ဉာဏ်ကို **"ကတဉာဏ်"**လို့ ခေါ်တယ်။

အဲဒီတော့ ထပ်ပြီးမှတ်ထားကြရမယ်၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်လို့ ဉာဏ်တော်သုံးပါး၊ ဒီရုပ်နာမ်တရားတွေဟာ ဒုက္ခသစ္စာပဲလို့ သိတဲ့ဉာဏ်ကို **သစ္စဉာဏ်**လို့ ခေါ်တယ်၊ အဲဒီ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိမြင်ထားသင့်တယ်၊ သိမြင်ထားမှသာဖြစ်မယ်လို့ သိတဲ့ဉာဏ်ကို **ကိစ္စဉာဏ်**လို့ခေါ်တယ်၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်ကြီး သိပြီးသားဖြစ်ပြီလို့ သိတဲ့ဉာဏ်ကို **ကတဉာဏ်** ခေါ်တယ်၊ ဒါက ဒုက္ခသစ္စာအတွက် ဉာဏ်သုံးပါး, သမုဒယသစ္စာအတွက်လဲ ဒီလို ဉာဏ်သုံးပါး ဖြစ်ဦးမှာပဲ။

**"ဣဒံ ဒုက္ခသမုဒယော အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဒီပါဠိက သမုဒယသစ္စာအတွက် **သစ္စဉာဏ်**ဖြစ်ပုံကို ပြတဲ့ပါဠိ။

**သမုဒယသစ္စာ၌ သစ္စဉာဏ်** ဣဒံ–ဤတရားကား၊ ဒုက္ခသမုဒယော–ပြခဲ့တဲ့ ဒုက္ခတွေ၏ ဖြစ်ကြောင်း သမုဒယ ဖြစ်သော၊ အရိယသစ္စံ–အရိယသစ္စာပေတည်း၊ဣတိ–ဤသို့၊ မေ–ငါဘုရားမှာ၊ ပုဗ္ဗေ–ရှေးအခါကာလတုန်းက၊ အနနုဿုတေသု–တစ်ဆင့်စကား ကြားတောင်မှ မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု–သမုဒယသစ္စာတရားတို့၌၊ စက္ခု–ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မြင်တတ်တဲ့ ဉာဏ်စက္ခုသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ ဉာဏံ–ဇာတိ,ဇရာ,ဗျာဓိ,မရဏက စ၍ ဤခန္ဓာကိုယ်ကောင်ဟာ ဒုက္ခပဲဟု သိမြင်တတ်တဲ့ဉာဏ်သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာ–အပြားအားဖြင့် သိတတ်တဲ့ ပညာသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ ဝိဇ္ဇာ–ထိုးထိုးထွင်းထွင်းသိတတ်တဲ့ ဝိဇ္ဇာသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ၊ အာလောကော–အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်တတ်တဲ့ ဉာဏ်ရောင်အလင်းသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ။

ဒီဒုက္ခတွေ ဘာ့ကြောင့်ဖြစ်ပါလိမ့်မတုန်းလို့ လိုက်ပြီးစဉ်းစားတဲ့ အခါ တဏှာလောဘဆိုတဲ့ သမုဒယကြောင့် ဖြစ်တာပဲ၊ တဏှာ လောဘ သမုဒယဟာ ဒုက္ခရဲ့ဖြစ်ကြောင်းအမှန်ပဲလို့ဆိုတာ ဘယ်တုန်းကမှ မကြားဖူးဘဲနဲ့ ဉာဏ်ထဲမှာ ပေါ်လာတယ်၊ မျက်စိနဲ့ မြင်ရသလောက် မြင်လာတယ်၊ သမုဒယသစ္စာကို ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာအမှောင်တွေ တစ်ခါတည်း ကင်းရှင်းပြီးတော့ မြင်သွားတယ်၊ ဒီလို မြင်တဲ့ဉာဏ်ဟာ ဘာဉာဏ်လဲဆိုရင် **သစ္စဉာဏ်**ပဲ၊ တဏှာလောဘ

သမုဒယကြောင့် ဒုက္ခဖြစ်ရတယ်လို့ အဲဒီလို သမုဒယသစ္စာကိုသိတဲ့ ဉာဏ်ကို **သစ္စဉာဏ်**လို့ ခေါ်တယ်။

**“တံ ခေါ ပနိဒံ ဒုက္ခသမုဒယော အရိယသစ္စံ ပဟာတဗ္ဗ”**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကိစ္စဉာဏ်နှင့်ကတဉာဏ်**။ ။အဲဒီ သမုဒယသစ္စာဟာ ပယ်ရှားသင့် ပယ်ရှားထိုက်တယ်လို့ အဲဒီလိုပဲ ဉာဏ်တော် ဖြစ်လာတယ်၊ ဒီဉာဏ်က ကိစ္စဉာဏ်၊ ဒီတဏှာလောဘဟာ သမုဒယသစ္စာပဲလို့ မြင်တဲ့ဉာဏ်က **သစ္စဉာဏ်**၊ သမုဒယသစ္စာက ဘာလုပ်ရမှာတုန်းလို့ ကိစ္စကို ကြည့်တဲ့အခါမှာ ပယ်ရှားပစ်ရမယ့် တရားပဲလို့ မြင်တဲ့ဉာဏ်က **ကိစ္စဉာဏ်**၊ သမုဒယသစ္စာလို့ခေါ်တဲ့ တဏှာလောဘတွေကို ငါဘုရားမှာ ပယ်ရှားပစ်ပြီးပြီလို့ သိတော်မူတဲ့ ဉာဏ်က **ကတဉာဏ်**၊ အဲဒီတော့ သမုဒယသစ္စာအတွက်လဲ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်လို့ ဉာဏ်သုံးပါး ဖြစ်လာတယ်။

**အကြောင်းတဏှာကို ပယ်ပါ**။ ။ဒီနား ရပ်ပြီးတော့ ကိုယ်ရေးကိုယ်တာအတွက် စဉ်းစားရဦးမယ်၊ ဒုက္ခကိုတော့ ဒုက္ခမှန်းသိဖို့ အရေးကြီးတယ်၊ အဲဒီဒုက္ခကို ပယ်လို့ မရဘူး၊ ဒုက္ခကို ဖြစ်စေတတ်တဲ့ အကြောင်းရင်း တဏှာကိုသာ ပယ်ရမှာပဲ၊ အဲဒါကြောင့် ပဋိသန္ဓေနေခြင်းဆင်းရဲလို့ဆိုတဲ့ ဇာတိဒုက္ခကို ကြောက်ရင် သေသေချာချာ စဉ်းစားပါ၊ ဒီဇာတိဒုက္ခနဲ့ ဘာ့ကြောင့် တွေ့ကြုံရသလဲ၊ တဏှာလောဘ အရင်းခံပြီး ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံတွေကို ပြုလုပ်ခဲ့လို့ ဇာတိဒုက္ခနဲ့ တွေ့ကြုံရတာ၊ ဒီလိုဆိုရင် အဲဒီ အရင်းခံတဏှာကို ပယ်ရမယ်။

**ဘုရား,ရဟန္တာမှာ ကိရိယာဖြစ်။** ။ဘုရား,ရဟန္တာအရှင်မြတ်များလဲ ကုသိုလ်ကံတွေ ပြုလုပ်ကြပါရဲ့၊ ဥပမာအားဖြင့် မြတ်စွာဘုရားမှာဆိုရင် သတ္တဝါတွေ လိမ္မာယဉ်ကျေးအောင်, ချမ်းသာအောင် နေ့စဉ် ဆုံးမဩဝါဒပေးတော်မူတယ်, တားဟောတော်မူတယ်၊ ရဟန္တာအရှင်မြတ်တွေကလဲ တရားဟောတယ်၊ သံဃာတော်တွေရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်တယ်၊ အဲဒီလို ဆုံးမဩဝါဒပေးတဲ့ ကုသိုလ်ကံတွေ, တရားဟောတဲ့ကုသိုလ်ကံတွေ, သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ကုသိုလ်ကံတွေဟာ ဘုရား,ရဟန္တာအရှင်မြတ်များ အတွက် အကျိုးမပေးတော့ဘူး၊ ဘာ့ကြောင့်တုန်းဆိုတော့ ဘုရား, ရဟန္တာအရှင်မြတ်များမှာ တဏှာလောဘကို ပယ်သတ်ပြီးဖြစ်တဲ့ အတွက် ပြုပြုသမျှ ကုသိုလ်ကံတွေဟာ တဏှာကို အရင်းခံပြီး ပြုထားတာမဟုတ်ဘူး၊ တဏှာလောဘနဲ့ ဘယ်တမလွန်အကျိုးကိုမှ မျှော်ကိုးပြီး ကုသိုလ်ပြုတာမဟုတ်ဘူး၊ အဲဒါကြောင့် တဏှာလောဘကင်းရှင်းပြီးတဲ့ ဘုရား,ရဟန္တာအရှင်မြတ်များမှာ ကုသိုလ်ကံတွေ ဘယ်လောက်ပဲ ပြုပြု အကျိုးမပေးတော့ဘူး၊ နောက်ထပ်ဘဝအသစ်ထပ်မဖြစ်ကြရတော့ဘူး။

အဲဒီလိုဆိုတော့ ဘုရား,ရဟန္တာအရှင်မြတ်များမှာ နောက်ထပ်ပဋိသန္ဓေ နေရဦးမှာလား၊ မနေရတော့ဘူးနော်၊ သူတို့မှာ ဘယ်ဇာတိဒုက္ခ,ဇရာဒုက္ခ,ဗျာဓိဒုက္ခ,မရဏဒုက္ခတွေနဲ့မှ မတွေ့ကြရတော့ဘူး၊ ဘယ်ဒုက္ခမှ မခံကြရတော့ဘူး၊ ပြီးတော့ တဏှာကင်းရှင်းပြီးတဲ့ ဘုရား,ရဟန္တာအရှင်မြတ်များ ပြုပြုသမျှ ကုသိုလ်ကံကိုလဲ **“ကံ”**လို့ မခေါ်ရတော့ဘူး၊ ဘယ်လိုခေါ်ရမတုန်းဆိုတော့ အကျိုးမပေးတော့တဲ့အတွက်**“ကိရိယာ”**လို့ခေါ်ရတယ်၊ ကိရိယာဆိုတာ ဘာဆိုလိုသလဲ၊

ပြုလုပ်ပြီးသည့်နောက်မှာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားတဲ့တရားလို့ ဆိုတယ်၊ ဘဝအသစ်,ရုပ်နာမ်ခန္ဓာအသစ် မဖြစ်စေနိုင်တော့ဘူး၊ ဘာအကျိုးမှ မပေးတော့ဘူးလို့ ဆိုလိုတယ်၊ အဲဒီလို အကျိုးမပေးနိုင်တော့သည့်အတွက် ဘုရား,ရဟန္တာအရှင်မြတ်များ ပြုပြုသမျှ ကုသိုလ်ကံတွေကို **"ကံ"**လို့ မခေါ်ရတော့ဘူး၊ တဏှာလောဘအရင်းခံပြီးတော့ ပြုလုပ်တဲ့ ကုသိုလ် အကုသိုလ်ကံတွေကိုသာ **"ကံ"**လို့ခေါ်တယ်။

**ကံပြုပေမယ့် ဘဝဖြစ်မလာ**။ ။ဒါဖြင့် အဲဒီ တဏှာဟာ ဘယ်လို သဘောရှိတုန်းဆိုတော့ အချင်းချင်း ပူးကပ်စေတတ်တဲ့ အစေးခတ်သဘော ရှိတယ်၊ ဘုန်းကြီးတို့ အရာဝတ္ထု တစ်ခုနဲ့တစ်ခု ကပ်ချင်လို့ရှိရင် အစေးကလေး ကြားကထားပြီးတော့ ကပ်လိုက်တယ်၊ အဲဒီလိုပဲ ယခုဘဝပြီးတော့ နောက်တစ်ဘဝရအောင်, အဲဒီဘဝပြီးတော့ ဟိုနောက်တစ်ဘဝရပြန်အောင် အဲဒီလိုနဲ့ တစ်ဘဝပြီး တစ်ဘဝ, တစ်ဘဝပြီး တစ်ဘဝ ဆက်ဆက်သွားအောင် တဏှာဆိုတဲ့အစေးက ဆက်စပ်ပူးကပ်ပေးတယ်၊ တဏှာအစေးမရှိတဲ့ ဘုရား,ရဟန္တာအရှင်မြတ်များမှာတော့ ဘယ်လောက်ကောင်းတဲ့ ကုသိုလ်တွေပြုပြု ဘဝဆိုတာ ပေါ်မလာတော့ဘူး၊ အဲဒီ တဏှာအစေးမရှိတော့ဘူး, အစေးတွေ ခြောက်နေပြီဆိုလို့ရှိရင် ဖြင့် ကပ်ပါလို့ဆိုတောင် မကပ်ဘူး, ဘဝဖြစ်ပါဆိုလို့ကို မဖြစ်ဘူး၊ ဒီတော့ တဏှာကို ပယ်ရမယ်၊ ဒုက္ခကိုတော့ သက်သာတဲ့နည်းလမ်း အကြံဉာဏ် အသုံးပြုရတယ်။

**"သက္ကတောဝ ဧရာယ ပဋိကမ္မံ, န ပန သက္ကတိ မရဏာယ ပဋိကမ္မံ"**

**မရဏကို ကုစားလို့မရ**။ ။ဧရာကိုတော့ ကုစားမယ်ဆိုရင် ကုစားလို့ ရပါတယ်၊ မရဏကိုတော့ ကုစားလို့ မရဘူးတဲ့၊ သူတို့က ဘာဆိုလိုသလဲဆိုတော့ အိုတာကို ဆေးနဲ့

မအိုနိုင်အောင်တော့ ရပါရဲ့၊ ဟုတ်တယ်၊ ဆေးသမား ကောင်းကောင်း တွေနဲ့ ဆိုပါတော့ အဲဒီလိုများ ပြုပြင်ပြီးတော့ ပေးရင်ဖြင့် ဇရာ ဒုက္ခဟာ ရှောင်လို့တိမ်းလို့ အတော်တော့ ရပါလိမ့်မယ်၊ လုံးလုံး မဖြစ်ဘူးတော့ မဆိုနိုင်ဘူး၊ ရှောင်လို့တိမ်းလို့ တော်တော်သက်သာ သွားတယ်၊ မရဏကတော့ ရှောင်လို့တိမ်းလို့ မရဘူး၊ ဘယ်သူမဆို နောက်ဆုံးသေရမယ်။

**အိန္နာအရေး ပြုပြင်ပေး။** ။အဲဒီတော့ကာ တဏှာအကြောင်းခံပြီး တော့ ကံက ဒီဘဝကို ပစ်ချလိုက်တဲ့ အတွက် ဇာတိ,ဇရာ,ဗျာဓိ,မရဏဆိုတဲ့ ဒုက္ခတွေ အကုန်လုံးစုံအောင် တွေ့ကြရမယ်၊ ဒါပေမယ့် နည်းနည်းသက်သာအောင်ကတော့ ဉာဏ်ရှိရင် ရတယ်၊ ဒါကို ကိုယ်တွေ့လုပ်ရမယ်၊ ဥပမာအားဖြင့် ဇာတိဒုက္ခ ဆိုပါတော့, မိခင်မှာ ကိုယ်ဝန်ရှိလာတဲ့အခါမှာ ကလေးမှာ ဒုက္ခရောက်လို့၊ မိခင်မှာလဲပဲ စိတ်ထဲမှာ မရှင်းမလင်းကြီး ဖြစ်လို့၊ အဲဒီအခါမှာ အသွားအလာ အနေအထိုင် ဆင်ခြင်ပြီးတော့ အပူအစပ် စတဲ့ မသင့်တဲ့ အစားအစာတွေ ရှောင်ကြဉ်ရင် မိခင်ရော ကလေးပါ ဇာတိဒုက္ခ သက်သာနိုင်တယ်၊ ဖွားတဲ့အချိန်မှာ ဆရာကောင်း သမားကောင်း ဆေးကောင်းဝါးကောင်းနဲ့ တွေ့မယ်ဆိုရင်လဲ ဇာတိ ဒုက္ခဟာ နည်းနည်းတော့ သက်သာနိုင်တယ်၊ ပြီးတော့ ဗျာဓိဒုက္ခလဲ ရှောင်နိုင်တာပဲ၊ ကျန်းမာရေး မပျက်အောင် အသွားအလာ, အနေ အထိုင်, အစားအသောက် ဆင်ခြင်မယ်, ကျန်းမာရေး လေ့ကျင့်မယ်, သင့်တော်တဲ့ ဆေးဝါးဓာတ်စာ စားမယ်ဆိုရင် ဗျာဓိဒုက္ခဟာ တော်တော် နည်းသွားမယ်၊ နေမကောင်းထိုင်မသာဖြစ်လဲပဲ ချက်ချင်း ဆေးကုလိုက်ရင် သက်သာသွားတာပဲ။

**သေခါနီး သိပ်မကြောက်ရတဲ့နည်း။** ။မရဏဒုက္ခဆိုတာလဲ အဆန်း မဟုတ်ဘူး၊ သေတာဟာ ဘာ ဆန်းသလဲ၊ လူတိုင်း သေရမှာပဲ၊ ဒါပေမယ့် သေခါနီးမှာစိတ်သက်သာ တဲ့ နည်းလမ်း (သိပ်မကြောက်ရတဲ့ နည်းလမ်း) ရှာရမယ်၊ စိတ် သက်သာတဲ့ နည်းလမ်းက ဘုရားအာရုံပြုလို့, တရားတော်များ အာရုံပြုလို့, တရားထဲ နားစိုက်လို့, ကမ္မဋ္ဌာန်းဘာဝနာ နှလုံးသွင်းလို့ ဒီလိုသေမယ်ဆိုတော့ သိပ်ကြောက်စရာ မရှိတော့ဘူး၊ တော်တော်ကို စိတ်သက်သာမယ်၊ အပ္ပိယေဟိ သမ္ပယောဂဒုက္ခဆိုတဲ့ မုန်းတဲ့သူတွေနဲ့ တွေ့ကြုံရ ပေါင်းသင်းရတဲ့ ဒုက္ခ၊ ဒီဒုက္ခမျိုးနဲ့ မတွေ့ရအောင် စောစောစီးစီးက ဉာဏ်နဲ့ ရှောင်လို့တိမ်းလို့, ပေါင်းသင်းဆက်ဆံတဲ့ နေရာ သတိထားလို့, သတိနဲ့ ပေါင်းသင်းဆက်ဆံလို့၊ ဟော–ဒီလို ဆိုတော့ အဲဒီဒုက္ခဟာ သူများတွေ့သလောက် မတွေ့ရဘူး၊ ပြီးတော့ ပိယေဟိ ဝိပ္ပယောဂဒုက္ခ–ချစ်တဲ့သူနဲ့ မကွဲအောင်ဆိုတာလဲ အလိမ္မာ တွေ ဘာတွေ သုံးရမှာပဲ၊ မတော်တဆ သေကွဲကွဲကြပြီဆိုရင်တော့ ကံကိုပဲ စဉ်းစားရတော့မယ်၊ ဘဝသံသရာက ကိုယ့်ကံနဲ့ကိုယ်နဲ့ လာကြတာ၊ သားရဲ့ကံကို အဖေက ဘယ့်နှယ်တတ်နိုင်မှာလဲ၊ အဖေရဲ့ကံကို သားက ဘယ့်နှယ်တတ်နိုင်မှာလဲ၊ ကိုယ့်ဇနီးရဲ့ကံကို အိမ်သားက ဘယ့်နှယ်တတ်နိုင်မှာလဲ၊ အိမ်သားရဲ့ကံကို ဇနီးက ဘယ့်နှယ်တတ်နိုင်မှာလဲ၊ ဟိုရှေးရှေးဘဝတွေတုန်းက ကိုယ့်ကံနဲ့ကိုယ် ပြုလာကြတာ၊ ငါက မသေပါနဲ့ဆိုလို့ ဘယ်မှာရမှာလဲ၊ သူ့ကံက ဘယ်လိုပြုလာမှန်းမှ မသိပါပဲဘဲ။

**ဒုက္ခကို ပယ်လို့မရ။** ။အဲဒီလို စသည်အားဖြင့် ကံကို ပုံချလိုက် တော့ ပိယေဟိ ဝိပ္ပယောဂဆိုတဲ့ ဒုက္ခလဲ အတော်ကြီး သက်သာတယ်၊ အဲဒီလို ဒီဒုက္ခတွေ သက်သာရာ သက်သာကြောင်း နည်းလမ်းကို ရှာရမယ်၊ စောစောစီးစီးက

ရှောင်ရှားလို့ ဖြစ်နိုင်ရင်လဲ သတိ ဝီရိယနဲ့ ရှောင်ရှားမယ်၊ ယခုတော့ ဒီလိုမလုပ်ဘဲနဲ့ တချို့လူတွေဟာ ဒုက္ခနဲ့တွေ့ပြီဆိုမှ မခံမရပ်နိုင်ဖြစ်ပြီး အသက်ကို အဆုံးစီရင်ကြတယ်၊ အဲဒါ အများကြီးမှားတယ်၊ ဒုက္ခ ဆိုတာ ဒီလိုပယ်လို့ရတာ မဟုတ်ဘူး၊ အဆုံးစီရင်လို့ဖြစ်တာ မဟုတ် ဘူး၊ တဏှာလောဘဆိုတဲ့ သမုဒယကိုသာ အဆုံးစီရင်ရမှာ၊ ပြီးတော့ လဲ တဏှာလောဘ မကင်းသေးသမျှကတော့ ဒီဒုက္ခတွေက လုံးဝလွတ် မြောက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ တဏှာလောဘ မကင်းသေး သမျှ ကာလပတ်လုံး ပြုပြုသမျှ ကုသိုလ် အကုသိုလ်ကံတွေဟာ ထပ်ကာထပ်ကာ အကျိုးပေးဦးမှာပဲ၊ ဒီလိုဆိုရင် နောက်ထပ် ကောင်းတဲ့ဘဝတွေရော, မကောင်းတဲ့ဘဝတွေရော ထပ်ကာထပ်ကာ ပေါ်လာပြီးတော့ ပဋိသန္ဓေနေ, အို,နာ,သေ အစရှိတဲ့ ဒုက္ခတွေဟာ တသီတတန်းကြီး လိုက်လာဦးမှာပဲ၊ တဏှာလောဘနဲ့ တမလွန် အကျိုးကို မျှော်ကိုးပြီး ကုသိုလ်ပြုတာ မဟုတ်ပါဘူး၊ နိဗ္ဗာန်ကိုသာ မျှော်ကိုးပြီး ကုသိုလ်ပြုပါတယ်ဆိုပေမယ့်လဲ အနုသယဓာတ် တဏှာ လောဘက မပြတ်သေးတော့ ဒီဘဝတွေဟာ ထပ်ထပ်ဖြစ်, ဒီဒုက္ခတွေ ဟာ ထပ်ထပ်လိုက်နေဦးမှာပဲ၊ အဲဒါကြောင့် တဏှာလောဘကို ပယ်ရမယ်၊ ဒုက္ခကိုတော့ ပယ်လို့ရမှာ မဟုတ်ဘူး။

**တဏှာကိုသာ ပယ်ဖြတ်ပါ။** ။ ဘုန်းကြီးတို့ ဘုရားလက်ထက် တုန်းကိုက အမျိုးမျိုးသော ရဟန်း တွေဟာ မကျေမနပ်ဖြစ်ပြီဆိုရင် ဒီခန္ဓာကိုယ်ကို နှိပ်စက်ကြတယ်၊ ဒါ မဟုတ်ပါဘူး၊ ဒီခန္ဓာကိုယ်က နှိပ်စက်စရာကို မဟုတ်ဘူး၊ ဟို– အတ္တကိလမထာနုယောဂဆိုတဲ့ တိတ္ထိတွေရဲ့အကျင့်ဟာ ခန္ဓာကိုယ်ကို နှိပ်စက်တဲ့အကျင့်ပဲ၊ ဒီခန္ဓာကိုယ်ကြီး ဦးစားပေးလို့ မတော်ဘူး၊ ဒီ ခန္ဓာကိုယ်ကြီး ဦးစားပေးလို့ရှိရင် တဏှာလောဘ ထကြွလာလိမ့် မယ်၊ ကိလေသာတွေ ထကြွ သောင်းကျန်းလာလိမ့်မယ်၊ ဒီတော့

ဒီခန္ဓာကိုယ်တော့ နှက်မှပဲဆိုပြီး ခန္ဓာကိုယ်ကို တစ်ခါတည်း မီးပူခံတယ်, နေပူ ခံတယ်၊ အေးပေ့ဆိုတဲ့အချိန်ထဲမှာ ရေထဲမှာ ဆင်းပြီး သကာလ နေတယ်၊ အဲဒီလို ခန္ဓာကိုယ် နှိပ်စက်တာဟာ ဟိုတဏှာ လောဘကို နှိပ်စက်ရမှန်း မသိလို့မို့ သူတို့အယူ မှားပြီးသကာလ အတ္တကိလမထသမားတွေ ခန္ဓာကိုယ် နှိပ်စက်ကြတယ်၊ အမှန်တော့ ခန္ဓာကိုယ်က နှိပ်စက်စရာ မဟုတ်ဘူး၊ တဏှာကိုတော့ နှိပ်စက်ရမယ်၊ နှိပ်စက်ရုံတင် မကဘူး၊ အပြီးသတ် ကုန်ဆုံးအောင် သတ်ဖြတ်ရမယ်၊ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်က တဏှာဆိုတဲ့ သမုဒယ သစ္စာကို ပယ်ရမယ်, သတ်ဖြတ်ရမယ်၊ ငါဘုရားလဲ ပယ်ပြီးပြီလို့ မိန့်တော်မူတယ်။

**"ဣဒံ ဒုက္ခနိရောဓော အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**နိရောဓသစ္စာ၌ သစ္စဉာဏ်**။ ။ဣဒံ–ဤနိဗ္ဗာန်တရားသည်၊ ဒုက္ခနိရောဓော–ဒုက္ခအားလုံး၏ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော၊ အရိယသစ္စံ–မှန်ကန်တဲ့, အရိယာအဖြစ်ကို ပြုတတ်တဲ့ သစ္စာတရား တစ်ပါးပေတည်း၊ ဣတိ–ဤသို့၊ ပုဗ္ဗေ–ရှေးအခါကာလတုန်းက၊ အနနုဿုတေသု–ကြားမျှ မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု–နိရောဓသစ္စာတရားတို့၌၊ စက္ခု–ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ သိတတ်မြင်တတ်တဲ့ ဉာဏ်စက္ခုသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ။

မြတ်စွာဘုရားက ဒုက္ခသမုဒယဆိုတဲ့ တဏှာကိုပယ်တော့ ဘာနဲ့ ပယ်သလဲဆိုတော့ အရဟတ္တမဂ်နဲ့ပယ်တာ၊ အဲဒီ အရဟတ္တမဂ်နှင့် ပယ်တော့ နိဗ္ဗာန်ကို မြင်ပြီး, နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ပယ်တယ်၊

အလွတ်သက်သက် ပယ်တာ မဟုတ်ဘူး၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဒီတဏှာကို ပယ်တာ၊ ဟို–မင်္ဂကိစ္စတွေထဲမှာ ကြားဖူးမှာပေါ့၊ ဒုက္ခသစ္စာကိုလဲ ပိုင်းခြား၍ သိတယ်၊ သမုဒယသစ္စာ တဏှာလောဘကိုလဲ ပယ်တယ်၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုတယ်, အာရုံပြုတယ်၊ အဲဒီလို အာရုံပြုပြီးတော့ မြတ်စွာဘုရားက တဏှာကို ပယ်ခဲ့တာ၊ တဏှာကို ပယ်သတ်လိုက်လို့ တဏှာကင်းရှင်းသွားပြီဆိုရင် နောက်ထပ်ဘဝသစ်တွေ မဖြစ်တော့ဘူး၊ နောက်ထပ်ဘဝသစ် မဖြစ်ရင် ပဋိသန္ဓေ မနေ, အိုနာသေအစရှိတဲ့ ဒုက္ခတွေ ကုန်တော့တာပဲ၊ အဲဒါကြောင့် ဒုက္ခအားလုံး ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ဟာ နိရောဓသစ္စာ အစစ်အမှန်ပဲလို့ မြတ်စွာဘုရားမှာ သစ္စဉာဏ် ဖြစ်ပေါ်လာတယ်။

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ** မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကိစ္စဉာဏ်။** ။ အဲဒီ ဒုက္ခချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကိုတော့ ဉာဏ်နဲ့ မျက်မှောက်ပြုပြီးတော့ နေရမယ်၊ အာရုံပြုပြီးတော့ နေရမယ်၊ ပယ်ရမယ့်တရားလဲ မဟုတ်ဘူး၊ ပိုင်းခြား၍ သိဖို့ရန်လဲ မဟုတ်ဘူး၊ မျက်စိနဲ့ မြင်ပြီးတော့ နေသလိုကို မြင်ပြီးတော့ နေရမယ့်တရားပဲ, မြင်ရမယ့်တရားပဲ, အာရုံပြုဖွယ် မျက်မှောက်ပြုဖွယ်ကိစ္စရှိတဲ့ တရားပဲလို့ ကိစ္စဉာဏ် ပေါ်လာတယ်။

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကတ"န္တိ** မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

33 (A)

**ကတဉာဏ်**။ ။အဲဒီ ဒုက္ခနိရောဓဆိုတဲ့ နိဗ္ဗာန်ကို ငါဘုရား မျက်မှောက်ပြုပြီးလို့ သိတဲ့ ကတဉာဏ်ပေါ်လာတယ်၊ အဲဒီ နိဗ္ဗာန်တရားဟာ နိရောဓသစ္စာပဲလို့ ပထမသိတဲ့ သစ္စဉာဏ်၊ အဲဒီ နိရောဓသစ္စာဟာ မျက်စိနဲ့မြင်သလို, မျက်စိအောက် ရောက်နေသလို မျက်မှောက်ပြုရမယ့်ကိစ္စ ရှိတယ်လို့ သိတဲ့ဉာဏ်က ကိစ္စဉာဏ်၊ အဲဒီ နိဗ္ဗာန်ကို ငါဘုရား မျက်မှောက်ပြုပြီးလို့ သိတဲ့ဉာဏ်က ကတဉာဏ်လို့ နိရောဓသစ္စာအတွက် ဉာဏ်သုံးပါး ပေါ်လာပြန်ရော၊ ဒီတော့ နိဗ္ဗာန်ဟာ ကိုယ်တိုင်မမြင်ရသေးဘဲနဲ့တော့ ဘယ်လိုမှ ပြောလို့ သဘောမပေါက်နိုင်ဘူးဆိုတာ ဘုန်းကြီး ပြောခဲ့ပြီ၊ ဘုန်းကြီး အရင်က ပြောတယ်မဟုတ်လား၊ တောင်အောက်က နေတဲ့သူအမြင်နဲ့ တောင်ပေါ်ကနေတဲ့သူရဲ့ အမြင်ဟာ မတူဘူး၊ တောင်ပေါ်ကနေတဲ့ သူရဲ့ အမြင်မျိုးကို ပြောပေမယ်လို့ တောင်အောက်က လူထု သဘောမပေါက်ဘူး၊ ကိုယ်တိုင် တောင်ပေါ်လိုက်ပြီး လာတော့မှ တောင်ပေါ်ကနေပြီး အား-ဟုတ်သားပဲကိုးလို့ အဲဒီလို မြင်တယ်၊ ဒါကြောင့် ကိုယ်ကိုယ်တိုင် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်တဲ့ အချိန်ကျတော့မှ နိရောဓအကြောင်း ကောင်းကောင်း သိမှာပေါ့။

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**မဂ္ဂသစ္စာ၌ သစ္စဉာဏ်**။ ။ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ-ဤသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးသည်၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော၊ အရိယသစ္စံ-အရိယသစ္စာဖြစ်၏၊ ဣတိ-ဤသို့၊ မေ-ငါဘုရားမှာ၊ ပုဗ္ဗေ-ရှေးအခါတုန်းက၊ အနနုဿုတေသု-

မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု–မဂ္ဂသစ္စာတရားတို့၌၊ စက္ခု–ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ သိတတ်မြင်တတ်တဲ့ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ။

အဲဒီ ဒုက္ခ၏ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကတော့ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်တရား ရှစ်ပါးပဲ၊ သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်ရှစ်ပါးပဲ၊ အဲသလို ဘုရားရှင်ကိုယ်တော်မြတ် သိတဲ့ဉာဏ်ကို သစ္စဉာဏ်လို့ ခေါ်တယ်၊ နိဗ္ဗာန်ကို ဒီမဂ္ဂင်ဆိုတဲ့လမ်းနဲ့ သွားရမယ်၊ ဒီလမ်းမှတစ်ပါး ဒုတိယလမ်း မရှိဘူး၊ နိဗ္ဗာန်သွားဖို့ရန် သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ရှိရမယ်၊ ဘယ်လောက် အမြင်မှန်ရမလဲ၊ ပထမဆုံးတော့ ကံနဲ့ ကံအကျိုးကို ပိုင်ပိုင်နိုင်နိုင် သိမြင်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ရမယ်၊ ပြီးတော့ ရုပ်တရား နာမ်တရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တလို့ သိမြင်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ရမယ်၊ အဲဒီက တစ်ဆင့်တက်ပြီးတော့ သောတာပတ္တိမဂ်, သကဒါဂါမိမဂ် အစရှိတဲ့ တစ်ဆင့်ထက် တစ်ဆင့် မြင့်မြင့်သွားတဲ့ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တဲ့ အခါကျတော့ ဒီ နိဗ္ဗာန်ကို ရောက်သွားပြီ၊ မျက်စိနဲ့ မြင်ရသလို နိဗ္ဗာန်ကို မြင်သွားပြီ။

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ** မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကိစ္စဉာဏ်။** ။ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ–ဒုက္ခ၏ ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော၊ တံ ခေါ ပနိဒံ အရိယသစ္စံ–ထိုမဂ္ဂသစ္စာတည်းဟူသော အရိယသစ္စာကို၊ ဘာဝေတဗ္ဗံ–မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ထိုက်၏ ။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး (မဂ္ဂသစ္စာ)တရားများကို မိမိသန္တာန်မှာ ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ရမယ်လို့ သိမြင်တဲ့ ဉာဏ်တော်ဟာ မြတ်စွာဘုရားမှာ ဖြစ်လာတယ်၊ အဲဒီ ဉာဏ်တော်ကို ကိစ္စဉာဏ်လို့ ခေါ်တယ်။

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"**န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ကတဉာဏ်**။ ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ– ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာဟူသော တရားကို၊ ဘာဝိတံ–မိမိသန္တာန်၌ ဖြစ်စေအပ်ပြီးပြီ၊ ဣတိ–ဤသို့၊ ပုဗ္ဗေ–ရှေးအခါကာလတုန်းက၊ အနနုဿုတေသု–ကြားမှု မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု–မဂ္ဂသစ္စာတရားတို့၌၊ စက္ခု–ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ သေသေချာချာ သိမြင်တဲ့ ဉာဏ်စက္ခုသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ။

အဲဒီ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်စေနိုင်တဲ့ မဂ္ဂသစ္စာတရားကို ငါဘုရားရဲ့ သန္တာန်မှာ ဖြစ်စေပြီးပြီ၊ မဂ္ဂသစ္စာတရားများ ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းကိစ္စ အားလုံးပြီးစီးပြီလို့ သိတဲ့ဉာဏ်ကို **ကတဉာဏ်**လို့ ခေါ်တယ်၊ အဲဒီတော့ သစ္စာလေးပါးရှိတဲ့အနက် တစ်ပါးတစ်ပါးမှာ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်လို့ သုံးပါးစီ ဖြစ်လာတဲ့အတွက် သစ္စာလေးပါးဆိုတော့ ဉာဏ်တော် **၁၂**–ပါး ဖြစ်လာတယ်၊ အဲဒီ ဉာဏ်သုံးပါးအတွက် အဓိပ္ပာယ်အကျဉ်းချုံးပြီးတော့ မှတ်ရမယ်ဆိုရင် ဒီတရားများဟာ ဒုက္ခသစ္စာပဲ၊ ဒီဟာက သမုဒယသစ္စာပဲ စသည်ဖြင့် သစ္စာတရားကို သိတဲ့ဉာဏ်က **သစ္စဉာဏ်**၊ ပြီးတော့ အဲဒီ ဒုက္ခသစ္စာအစရှိတဲ့ သစ္စာများအတွက် ဘာလုပ်စရာ

ကိစ္စရှိတယ်, ပြုလုပ်သင့်တဲ့ ကိစ္စကဘယ်ဟာပဲလို့ ကိစ္စကိုသိတဲ့ဉာဏ်က **ကိစ္စဉာဏ်**၊ အဲဒီ ပြုလုပ်သင့် ပြုလုပ်ထိုက်တဲ့ လုပ်ငန်းကိစ္စများ ပြုလုပ်ပြီးပြီလို့ သိတဲ့ဉာဏ်က **ကတဉာဏ်**၊ အဲဒီလို မှတ်ထားရမယ်။

## ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံဘဲ ယခုမှဝန်ခံပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ **"အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**တိ ပစ္စညာသိံ။

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ **"အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**တိ ပစ္စညာသိံ။

ဘိက္ခဝေ–ရဟန်းတို့၊ ယာဝကီဝဉ္စ–အကြင်မျှလောက်သော ကာလ ပတ်လုံး၊ မေ–ငါဘုရားမှာ၊ စတူသု–လေးပါးကုန်သော၊ ဣမေသု အရိယသစ္စေသု–ဤအရိယသစ္စာတို့၌၊ ဧဝံ–ဤပြခဲ့သည့်အတိုင်း၊ တိပရိဝဋ္ဋံ–သုံးမျိုးသော ပြောင်းလွဲခြင်းရှိသော၊ (သစ္စာတစ်ပါးတစ်ပါး မှာ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟု ဉာဏ်သုံးမျိုးစီရှိသော၊) ဒွါဒသာကာရံ–၁၂ ပါးအပြားရှိသော၊ (သစ္စာတစ်ပါးတစ်ပါးမှာ ဉာဏ် သုံးမျိုးစီ ရှိတဲ့အတွက် သစ္စာလေးပါးဆိုတော့ ဉာဏ် ၁၂ပါးရှိသော၊)

ယထာဘူတံ–အဟုတ်အမှန်အတိုင်း၊ ဉာဏဒဿနံ–သိနိုင်မြင်နိုင်သော ဉာဏ်အမြင်သည်၊ သုဝိသုဒ္ဓံ–ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားရှိသည်၊ န အဟောသိ–မဖြစ်သေး၊ ဘိက္ခဝေ–ရဟန်းတို့၊ တာဝ–ထိုသစ္စာလေးပါးတရား၌ ဉာဏ်သုံးပါး, ဉာဏ် တစ်ဆယ့်နှစ်ပါး ရှင်းရှင်းလင်းလင်း မရှိသေးသမျှ ကာလပတ်လုံး၊ အဟံ–ငါဘုရားသည်၊ သဒေဝကေ–အောက်နတ်ပြည်ငါးထပ်ရှိ နတ်အပေါင်းနှင့် တကွဖြစ်သော၊ သမာရကေ–မာရ်နတ်မင်းနှင့်တကွဖြစ်သော၊ သဗြဟ္မကေ–ဗြဟ္မာနှစ်ဆယ်နှင့်တကွဖြစ်သော၊ လောကေ–ဩကာသလောက၌၊ သဿမဏဗြာဟ္မဏိယာ–ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော၊ သဒေဝမနုဿာယ–သမ္မုတိနတ်ဟုခေါ်သော ရှင်ဘုရင် အပါအဝင်ဖြစ်တဲ့ ရှိရှိသမျှ လူအပေါင်းနှင့်တကွဖြစ်သော၊ ပဇာယ–သတ္တလောက၌၊ အနုတ္တရံ–အမြတ်ဆုံးသော၊ သမ္မာသမ္ဗောဓိံ–သစ္စာလေးပါး, မြတ်တရားကို, မမှားဧကန်, အမှန်ပိုင်ပိုင်, ကိုယ်တိုင် သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါတိ–ထိုးထွင်း၍ သိပြီ, ရရှိပြီဟူ၍၊ နေဝ ပစ္စညာသိံ–ဝန်ခံတော်မမူ။

ဘိက္ခဝေ–ရဟန်းတို့၊ ယတော စ ခေါ–အကြင်အခါ၌ကား၊ မေ–ငါဘုရားမှာ၊ စတူသု–လေးပါးကုန်သော၊ ဣမေသု အရိယသစ္စေသု–ဤအရိယသစ္စာတို့၌၊ ပေ၊ ယထာဘူတံ–အဟုတ်အမှန်အတိုင်း၊ ဉာဏဒဿနံ–သိနိုင်သိမြင်နိုင်သော ဉာဏ်အမြင်သည်၊ သုဝိသုဒ္ဓံ–အလွန် ရှင်းလင်းပြတ်သားသည်၊ အဟောသိ–ဖြစ်ပြီ၊ ဘိက္ခဝေ–ရဟန်းတို့၊ အထ–ထိုသို့ သစ္စာလေးပါးတရားအပေါ်၌ ဉာဏ်အမြင်ရှင်းလင်းပြတ်သားရာအခါ၌သာလျှင်၊ အဟံ–ငါဘုရားသည်၊ သဒေဝကေ–အောက်နတ်ပြည်ငါးထပ်ရှိ နတ်အပေါင်းနှင့်တကွဖြစ်သော၊ ပေ၊ သမ္မာသမ္ဗောဓိံ–အရဟတ္တမဂ်ဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါတိ–ရပြီ, ဘုရားဖြစ်ပြီဟူ၍၊ ပစ္စညာသိံ–ဝန်ခံတော်မူပြီ။

**ဒုက္ကရစရိယာ ခြောက်နှစ်ကြာ။** ။**ဥရုဝေဠ**တောထဲမှာ မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်တော်မူခဲ့တာ ခြောက်နှစ်တိတိ ကြာခဲ့တယ်၊ အဲဒီ ခြောက်နှစ်အတွင်းမှာ အချိန်ရှိသရွေ့ တရားချည်းပဲ အားထုတ်နေတယ်၊ ဆွမ်းကိုတောင် ဘုဉ်းမပေးတော့ဘဲ တစ်နေ့လုံးမှ ပဲပြုတ်ရည်လေး တစ်လက်ခုတ်စာလောက်သောက်လို့, တစ်ခါတလေ ဆီးသီးကလေး တစ်လုံးသာ ဘုဉ်းပေးလို့၊ အဲဒီလို အစာအာဟာရတွေကို အဆမတန် လျှော့ပြီးတော့ အပြင်းအထန် တရားအားထုတ်တော်မူခဲ့တယ်၊ သေလုမျောပါး တပင်တပန်းကြီး အားထုတ်တော်မူခဲ့တယ်၊ အဲဒီလောက် တရားကျင့်နေတဲ့အတွက် ပဉ္စဝဂ္ဂီရဟန်းငါးဦးကလဲ သိပ်ကျေနပ်ပြီး အမျှော်ကြီး မျှော်လင့်နေကြတယ်၊ ငါတို့ **သိဒ္ဓတ္ထ** အရှင်မြတ်တော့ ဘုရား ဖြစ်တော့မယ်၊ ဒီလောက် ပြင်းပြင်းထန်ထန် ကျင့်မှတော့ ဧကန် ဘုရားဖြစ်တော့မှာပဲလို့ အမျှော်ကြီးမျှော်ပြီး ရေပူရေချမ်း ကမ်းလှမ်း, ဝတ်ကြီးဝတ်ငယ် ပြုနေကြတယ်၊ ဒါပေမယ့် ခြောက်နှစ်တိတိသာ ကြာလာခဲ့တယ်၊ သူတို့ မျှော်လင့်သလို မဖြစ်သေးပါဘူး၊ အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ် မဟုတ်တဲ့အတွက် ခန္ဓာကိုယ်သာ ပင်ပန်းဆင်းရဲပြီး ဘုရားအဖြစ် မရောက်ပါဘူး၊ အဲဒီလို အချိန်မှာ အမျှော်ကြီး မျှော်နေကြတဲ့ ပဉ္စဝဂ္ဂီရဟန်းများအတွက် နည်းနည်းပါးပါးမှ အားတက်ပါစေတော့ဆိုတဲ့ သဘောနဲ့ သူတို့ အားရှိရာ အားရှိကြောင်း စကားမျိုးကို မြတ်စွာဘုရားက တစ်ခွန်းတစ်ပါဒမျှ မမိန့်ခဲ့ပါဘူး၊ သင်တို့ မပျင်းကြနဲ့ မကြာခင် ငါ ဘုရားဖြစ်တော့မယ်, ဘုရားဖြစ်တော့မှာ မကြာတော့ပါဘူးဆိုတဲ့ စကားမျိုးကို တစ်ကြိမ်တစ်ခါမျှ မိန့်မြွက်တော်မမူခဲ့ပါဘူး။

**ဘုရားဖြစ်ကြောင်း မိန့်မြွက်ခြင်း။** ။ယခုတော့ကာ အရင်ကလို အတ္တကိလမထာနုယောဂ ဆန်ဆန် တပင်တပန်းကြီး မကျင့်တော့ဘဲ ဆွမ်းခံဘုဉ်းပေးပြီး ခပ်မှန်မှန် တရားအားထုတ်လို့ မြတ်စွာဘုရားမှာ သစ္စာလေးပါးကို သိမြင်တဲ့ ဉာဏ်တော်များ ပေါ်ပေါက်လာပြီ၊ သစ္စာလေးပါးကို သိမြင်တဲ့ ဉာဏ်တော်များ အလွန်ကို ရှင်းလင်းပြတ်သားလာပြီ၊ အဲဒါကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတွေ စုဝေးနေထိုင်ရာ ဩကာသ လောကကြီးနဲ့ သတ္တလောကအတွင်းမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗောဓိလို့ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို ငါ ရရှိပြီ၊ ငါ ဘုရားဖြစ်ပြီလို့ ပဉ္စဝဂ္ဂီရဟန်းများကို မိန့်မြွက်တော်မူတယ်၊ မယုံမကြည် ဖြစ်နေကြတဲ့ ပဉ္စဝဂ္ဂီရဟန်းများကို မြတ်စွာဘုရားက အဲဒီလို ပွင့်ပွင့်လင်းလင်း မိန့်တော်မူခဲ့တယ်။

**အမြင့်မြတ်ဆုံးဉာဏ်တော်။** ။ဒီနေရာမှာ **“အနုတ္တရံ–အခြားအခြားသော ရဟန္တာပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်ဉာဏ်ထက် သာလွန်မြင့်မြတ်သော အမြင့်မြတ်ဆုံး အသာလွန်ဆုံး ဖြစ်သော၊ သမ္မာသမ္ဗောဓိ–အရဟတ္တမဂ်ဉာဏ်ကို၊ (သစ္စာလေးပါး, မြတ်တရားကို, မမှားစေရန်, အမှန်ပိုင်ပိုင်, ကိုယ်တိုင်သိမြင်တဲ့ အရဟတ္တမဂ်ဉာဏ်ကို။) အဘိသမ္ဗုဒ္ဓေါ–ရရှိတော်မူပြီ”** ရှိတော့ကာ မြတ်စွာဘုရား ရရှိထားတဲ့ အရဟတ္တမဂ်ဉာဏ်တော်ဟာ အခြားအခြားသော ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အရဟတ္တမဂ်ဉာဏ်ထက် သာလွန်မြင့်မြတ်တယ်၊ အဲဒီလို အသာလွန်ဆုံး အမြင့်မြတ်ဆုံး ဖြစ်တယ်၊ အဲဒါကြောင့် မြတ်စွာဘုရားရဲ့ အရဟတ္တမဂ်ဉာဏ်တော်ကို **“အနုတ္တရသမ္မာသမ္ဗောဓိ”** လို့ ခေါ်ဆို သတ်မှတ်ထားရတယ်၊ ဘာ့ကြောင့်တုန်းဆိုတော့ မြတ်စွာဘုရားမှာ ဒီအရဟတ္တမဂ်ဉာဏ်တော်ကြီး ရတော်မူသည်နှင့် တစ်ပြိုင်နက် အလုံးစုံကို အကုန်အစင်သိမြင်, ဘာမဆို အကုန်သိတဲ့

**သဗ္ဗညုတ**ဉာဏ်တော်ကြီးကိုပါ ရပြီးသား ဖြစ်သွားတယ်၊ မြတ်စွာဘုရားမှာ ဒီ အရဟတ္တမဂ်ဉာဏ်တော်ကြီး ရသည်နှင့် တစ်ပြိုင်နက် အကြောင်းအရာတစ်ခုခု မည်သည့် အကြောင်းအရာကိုပဲ ဖြစ်ဖြစ် သိချင်လို့ စဉ်းစားလိုက်ရင် ဘာမဆို သိနိုင်တော့တယ်။

ရှင်ဘုရင်ဖြစ်မယ့် ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှင်ဘုရင်အဘိသိက်လဲ သွန်းလိုက်ရော ဒီနိုင်ငံနှင့်ဆိုတဲ့ စိုးပိုင်စရာဟူသမျှ အကုန်လုံး ပိုင်ရော၊ အဲဒီလိုပဲ အရဟတ္တမဂ်ဉာဏ်ဟာ ဗုဒ္ဓအဘိသိက် သွန်းလိုက်တာပဲ၊ အဲဒီ ဗုဒ္ဓအဘိသိက် အရဟတ္တမဂ်ဉာဏ်လဲ ရရော အကုန်လုံး သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးလဲ မြတ်စွာဘုရားမှာ ရပြီး ပိုင်ဆိုင်ပြီး ဖြစ်သွားတယ်၊ အဲဒီ သဗ္ဗညုတဉာဏ်တော်ကြီးဟာ အားရစရာ ကြည်ညိုစရာ ကောင်းလောက်အောင် ဘယ်လောက်များ သတ္တိကြီးကျယ်ပါသတုန်းဆိုတော့—

**ဇာနိတဗ္ဗံ ပဇာနာတိ, ဒေသိတဗ္ဗမ္ပိ အာသယံ၊**

**ဒေသကော ယေန ဉာဏေန, ဒေသေတု တဿ တေဇသာ။**

ဒေသကော—နည်းမှန်လမ်းကျ, ဟောညွှန်ပြသည့်, ဒေသကထွတ်တင်, ဘုရားရှင်သည်၊ ယေန ဉာဏေန—အပေါင်းဂုဏ်အင်, ကြောင်းစုံလင်မှ, အကြင်ဖြစ်ပေါ်, သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗံ-သိဖွယ်အများ, ဉေ ယျဓမ်တရားကို၊ ပဇာနာတိ—ဆုံးစကုန်စင်, သိမြင်တော်မူနိုင်ပါပေ၏၊ ဒေသိတဗ္ဗမ္ပိ—ဟောပြစဖွယ်, သွယ်သွယ်များဖြင်, တရားဆင်နည်းကိုလည်း၊ ပဇာနာတိ—တရားတစ်ဖုံ, နည်းမျိုးစုံအောင်, အကုန်ဆင်ပြင်, သိမြင်တော်မူနိုင်ပေ၏၊ အာသယံ—သိန်းသန်းကုဋေ, များဝေနေ၏, ထွေထွေဆန္ဒ, အဇ္ဈာသယကိုလည်း၊ ပဇာနာတိ—ဣန္ဒြေနုရင့်, ခွဲဝေချင့်၍, အသင့်ပိုင်ပိုင်, သိမြင်တော်မူနိုင်ပါပေ၏၊ တဿ ဉာဏဿ—ပါရမီအပေါင်း, ဆင့်ဆင့်လောင်းသဖြင့်,

အကောင်းဆုံးဖြစ်ပေါ်, ထိုသဗ္ဗညုတဉာဏ်တော်၏၊ တေဇသာ-အစွမ်းသုံးဖော်, တန်ခိုးတော်ဖြင့်၊ ဒေသေတု-ထိုထိုကိစ္စ, မလွဲရအောင်, နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း။

**ပါရမီကံကြောင့် သဗ္ဗညုတဉာဏ်ရ။** ။သဗ္ဗညုတဉာဏ်ဆိုတဲ့ ဉာဏ်တော်ကြီးကို ရဖို့အတွက် ကျောထောက်နောက်ခံ ပါရမီကုသိုလ်ကံတွေကို ဘဝပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရလို့ အစပိုင်းတုန်းက ဘုန်းကြီးပြောခဲ့တဲ့ အတိုင်း မျက်လုံးတော်တွေ ထုတ်ပြီးတော့ လှူတဲ့အခါတုန်းက သဗ္ဗညုတဉာဏ် ရလိုပါ၏၊ **ဝေဿန္တရာ**မင်းဘဝ ဆင်ဖြူတော် လှူတော့လဲ သဗ္ဗညုတဉာဏ် ရလိုပါ၏၊ ဘယ်စည်းစိမ်ကိုမှ မရချင်ဘူး၊ အဲဒီဉာဏ်ကြီး ရချင်တာပဲ၊ အဲဒီလို အနေမျိုးနဲ့ ဆုတောင်းပြီးတော့ ပါရမီတွေ ဖြည့်လာခဲ့တယ်၊ အဲဒါကြောင့် ပါရမီတွေအကုန်လုံး အကြောင်းစုံမှ ဖြစ်ပေါ်လာတဲ့ ဉာဏ်တော်ကြီး **"ယေန ဉာဏေန-အပေါင်းဂုဏ်အင်, ကြောင်းစုံလင်မှ, အကြင်ဖြစ်ပေါ်, သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗံ-သိဖွယ်အများ, ဉေယျမြစ်တရားကို၊ ပဇာနာတိ-ဆုံးစကုန်စင်, သိမြင်တော်မူနိုင်ပါပေ၏"** သိစရာဟူသမျှ အကုန်သိတယ်။

**အကုန်သိဆိုသည်ကို မယုံသူရှိ။** ။ဘုန်းကြီးတို့ကတော့ မြတ်စွာဘုရားရဲ့ ရှေးအကြောင်းကံကြီးကျယ်ပုံကို သိထားတာဖြစ်တော့ အကုန်သိဆိုတာကို ယုံတာပဲ၊ ဒါပေမယ့် တချို့လူများက မယုံကြဘူး၊ သည့်ပြင် ဘာသာဝင်တွေ မဆိုထားနဲ့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေထဲကတောင်မှ တချို့က ဘယ်လိုယူဆကြသလဲဆိုတော့ သစ္စာလေးပါးတရားနဲ့ ဗုဒ္ဓဘာသာဆိုင်ရာ တရားတော်များကိုတော့ သိပါတယ်၊ ဒါပေမယ့် လောကတတ်တွေ ဘာတွေတော့ သိနိုင်မယ် မဟုတ်ပါဘူးလို့ ယူဆကြတယ်၊

ဘုန်းကြီးတို့ ပိဋကကျမ်းဂန်တွေထဲမှာ ဘုရားရှင်ရဲ့ဉာဏ်တော်အမျိုးမျိုး ပြထားတာရှိတယ်၊ အဲဒီ ဉာဏ်တော်အများကြီးရှိတဲ့ အထဲမှာ **ဣန္ဒြိယပရောပရိယတ္တ**ဉာဏ်တော်နဲ့ အနေကဓာတု, နာနာဓာတု လောကဉာဏ်တော်နှစ်ပါး အကြောင်းကိုပဲ ဘုန်းကြီး ပြောပြပါမယ်။

**ဣန္ဒြိယပရောပရိယတ္တဉာဏ်**။ ။**ဣန္ဒြိယပရောပရိယတ္တ**ဉာဏ်တော် ဆိုတာ သတ္တဝါတွေရဲ့ အတွင်းဓာတ်ခံ စိတ်နေသဘောထားကို သိနိုင်တဲ့ဉာဏ်တော်ပါပဲ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်မှာ သတ္တဝါတစ်ဦးဦးကို မြင်တော်မူလိုက်တာနဲ့ တစ်ပြိုင်နက် ဒီသတ္တဝါဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရမယ်, မရဘူး, ကျွတ်ထိုက်တယ်, မကျွတ်ထိုက်ဘူး၊ ဒီသတ္တဝါဟာဖြင့် သဒ္ဓိန္ဒြေ, ပညိန္ဒြေအရည်အချင်းက ဘယ်လိုအဆင့်အတန်း ရှိတယ်၊ အဲဒီလို ခွဲခြားသိနိုင်တဲ့ဉာဏ်ကို **ဣန္ဒြိယပရောပရိယတ္တ**ဉာဏ်လို့ ခေါ်တယ်၊ အဲဒီတော့ကာ သတ္တဝါတစ်ယောက်ဟာ သဒ္ဓိန္ဒြေလို့ ခေါ်တဲ့ သဒ္ဓါတရား အရည်အချင်းက မဂ်ဖိုလ်ရနိုင်လောက်အောင် မြင့်နေပါရဲ့၊ ဒါပေမယ့် ပညိန္ဒြေလို့ခေါ်တဲ့ ဉာဏ်အရည်အချင်းက နိမ့်နေသေးတယ်၊ အဲဒီလို သတ္တဝါကိုတော့ မြတ်စွာဘုရားက ဉာဏ်အရည်အချင်း မြင့်လာစေတဲ့တရားကို ဟောတော်မူတယ်၊ ဉာဏ်အရည်အချင်းက တော့ မြင့်ပါရဲ့၊ သဒ္ဓါတရား အရည်အချင်းက နိမ့်နေသေးတယ်၊ ဒီလိုဆိုရင် သဒ္ဓါတရား မြင့်တက်စေနိုင်တဲ့ တရားကို ဟောတော်မူတယ်၊ မြတ်စွာဘုရားမှာ အဲဒီလို သတ္တဝါတွေရဲ့ အတွင်းဓာတ်ခံ စိတ်ဓာတ်ကို သိထားတော့ သူတို့နဲ့ ထိုက်တန်ရာ ထိုက်တန်ရာ တရားကို ရွေးကောက် ရွေးကောက်ပြီး ဟောတော်မူတဲ့အခါ သတ္တဝါတွေဟာ သောတာပန်တို့, သကဒါဂါမ်တို့, အနာဂါမ်တို့, ရဟန္တာတို့ ဖြစ်ကုန်ကြတယ်၊ အဲဒါကြောင့် "**အာသယံ–သိန်းသန်းကုဋေ, များဝေနေ၏, တွေတွေဆန္ဒ, အစ္ဈာသယဓာတ်ခံကိုလည်း၊ ပဇာနာတိ–**

**ဣန္ဒြေနုရင့်, ခွဲဝေချင့်ရှ်, အသင့်ပိုင်ပိုင်, သိမြင်တော်မူနိုင်ပါပေ၏"**
အဲဒီလို **ဣန္ဒြိယပရောပရိယတ္တ**ဉာဏ်တော်ဟာ သတ္တဝါတိုင်း သတ္တဝါတိုင်းရဲ့ အတွင်းစာတ်ခံ အဇ္ဈာသယကို သိမြင်နိုင်တယ်၊ ဟောဒီ ဟောဒီ ပုဂ္ဂိုလ်တွေဟာဖြင့် သဒ္ဓါတရားက ဘယ်အခြေအနေရှိတယ်, ပညာက ဘယ်လိုရှိတယ်, ဝီရိယက ဘယ်လောက်, သမာဓိက ဘယ်အဆင့်အတန်း, အဲဒီလို ခွဲခြားပြီးတော့ သိမြင်နိုင်တယ်။

**အနေကဓာတုနာနာဓာတုလောကဉာဏ်**။ ။ပြီးတော့ အနေကဓာတု နာနာဓာတု လောက ဉာဏ်တော်ဆိုတာ ဘယ်လိုဉာဏ်လဲဆိုတော့ သက်ရှိသက်မဲ့ သင်္ခါရ လောက အကြောင်းအရာတွေ ခန္ဓာ,အာယတန,ဓာတ်တွေ အဲဒါတွေကို သိမြင်နိုင်တဲ့ ဉာဏ်လို့ ဆိုတယ်၊ မြတ်စွာဘုရားမှာ အဲဒီ ဉာဏ်တော်ရှိတဲ့အတွက် ဒီတရားတွေက ခန္ဓာ, ဒီတရားတွေက အာယတန, ဒီတရားတွေက ဓာတ်လို့ သိတယ်၊ ပြီးတော့ သက်မဲ့လောကမှာ ဆိုရင် ဥပမာ–သစ်ပင်တစ်ပင် အကြောင်းကို စဉ်းစားလိုက်တဲ့အခါ ဒီသစ်ပင်ဟာ ဒီဓာတ်လွန်ကဲတဲ့အတွက် ပင်လုံးက ဖြူဖွေးနေတယ်၊ ဒီဓာတ်လွန်ကဲလို့ မည်းနက်နေတယ်, ချောညက်နေတယ်, ဒီဓာတ်လွန်ကဲလို့ အခေါက်ထူတယ်, သို့မဟုတ် အခေါက်ပါးတယ်၊ ဒီဓာတ်လွန်ကဲလို့ အရွက်က ဒီအဆင်းအရောင်နဲ့ ဒီပုံသဏ္ဍာန်ရှိတယ်၊ အပွင့်က ဒီအရောင် ဒီအနံ့, အသီးက ဒီအရသာ စသည်ဖြင့် ခွဲခြား သိမြင်နိုင်တယ်၊ မြတ်စွာဘုရားမှာ အဲဒီလို သိမြင်တော်မူတဲ့အတိုင်း အဲဒီ သက်မဲ့လောက အကြောင်းတွေကို ဟောမယ်ဆိုရင် ဘယ်တော့မှ ဟောလို့ကုန်မှာ မဟုတ်တော့ဘူး၊ ပြီးတော့ ဒါတွေဟောလို့လဲ သတ္တဝါတွေ မဂ်ဖိုလ်နိဗ္ဗာန် ရမှာလဲမဟုတ်ဘူး၊ ဒီအကြောင်းအရာတွေဟာ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ရာ ထွက်မြောက်ကြောင်း မဟုတ်တဲ့အတွက် ဘယ်မှာ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါ့မလဲ။

**လောကဓာတ်သိပ္ပံအကြောင်းလဲ သိတာပဲ။** ။အဲဒီတော့ကာ ယခုခေတ် တချို့ပုဂ္ဂိုလ်တွေ ထင်သလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က လောကဓာတ်အကြောင်းတွေကို မသိဘူးဆိုတာ မဟုတ်ပါဘူး၊ သိပါတယ်၊ ဓာတ်တွေ အကုန်ခွဲပြီးတော့ သိပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်မှာ ဒီသဗ္ဗညုတဉာဏ် ရပါမယ့်အကြောင်း ကမ္ဘာပေါင်းများစွာကတည်းက အသက်တွေ စွန့်, ကိုယ်လက်အင်္ဂါတွေ စွန့်၊ ဒီလို စွန့်ပြီးတော့ ဒီတရားရအောင်လို့ ကြိုးစားလာတယ်၊ နောက်ဆုံးဘဝကျတော့လဲ သေသေကျေကျေ ကြိုးစားတယ်၊ ဒီပုဂ္ဂိုလ်မှာ သဗ္ဗညုတဉာဏ် မရဘဲနေမလား, အကုန်လုံး မသိဘဲ ရှိပါ့မလား။

**မဟောဘဲ ကျန်တဲ့တရားများ။** ။တစ်နေရာမှာ မြတ်စွာဘုရားက အမိန့်ရှိတယ်၊ ယင်းတိုက်ပင်အောက်မှာ သံဃာတော်များနဲ့ သီတင်းသုံးပြီးတော့ နေတုန်း အောက်မှာကျနေတဲ့ ယင်းတိုက်ရွက်ကလေးတွေကို လက်နဲ့ ဆုပ်ယူပြီးတော့ **"ရဟန်းတို့...ငါဘုရားလက်ထဲက ယင်းတိုက်ရွက်နဲ့ ဟိုသစ်ပင်ပေါ်မှာရှိတဲ့ အရွက်တွေဟာ ဘယ်ဟာက များတုန်း"** မနှိုင်းယှဉ်လောက်အောင် ကွာပါတယ်ဘုရား၊ လက်တော်မှာရှိတဲ့ ယင်းတိုက်ရွက်က နည်းနည်းကလေးပဲရှိပါတယ်၊ အပေါ်မှာရှိတဲ့ ယင်းတိုက်ရွက်တွေက မရေတွက်နိုင်အောင် များပါတယ်ဘုရား၊ **"အဲဒီလိုပဲ ငါဘုရား သိပေမယ်လို့ မဟောဘဲနဲ့ ချန်ထားတဲ့ တရားတွေက အပေါ်ကအရွက်တွေလို အများကြီး ကျန်သေးတယ်၊ ယခု ငါဘုရားဟောတဲ့ တရားတွေကတော့ လက်ထဲမှာ ဆုပ်ထားတဲ့ သစ်ရွက်လောက်ပဲ ရှိတယ်"**လို့ မိန့်တော်မူတယ်၊ အကြောင်းအားလျော်စွာ ဘုရားရှင်ကိုယ်တော်မြတ်က လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောတော်မူတယ်လို့ ဆိုပေမယ့် မဟောဘဲ မဟောဘဲနဲ့

ချန်ပြီးတော့ လိုရာလောက် လိုရာလောက် ကွက်ကွက်ပြီးတော့ ဟောတဲ့ တရားတွေသာဖြစ်တယ်၊ သိတော်မူရက်သားနဲ့ မဟောဘဲ ချန်တဲ့ တရားတွေ အများကြီး ကျန်ရစ်ပါသေးတယ်၊ ဘာဖြစ်လို့ မဟောပါသလဲ။

**ခေတ်ကြီးတိုးတက်လေ လောဘတိုးလာလေ**

ဒီလိုလေ မြတ်စွာဘုရား ပွင့်တော်မူလာတာက သတ္တဝါတွေချမ်းသာဖို့ ပွင့်တော်မူလာတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်တွေ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ပွင့်တော်မူလာတယ်၊ ဒီတော့ သံသရာထဲမှာ ငြီးငွေ့ပြီးတော့ သံဝေဂဖြစ်တဲ့ တရားတွေကိုသာ ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူလေ့ရှိတယ်၊ လောကကြီးမှာ ကြီးကျယ်ခမ်းနားပြီးတော့ တဏှာတွေပွားမယ့် တရားကိုတော့ ဘုရားရှင်ကိုယ်တော်မြတ် သိပေမယ့် မဟောပါဘူး၊ ကဲ...စဉ်းစားကြည့်စမ်း, စဉ်းစားကြည့်စမ်း၊ အခုလောက အခုခေတ်က တိုးတက်လာလိုက်တာတဲ့၊ ဉာဏ်တွေကြီးလွန်းလို့ တိုးတက်လာလိုက်တာတဲ့၊ အခြားနိုင်ငံကိုမပြောနဲ့ မြန်မာနိုင်ငံမှာပဲ စစ်ပြီးတဲ့ခေတ်မှာ တိုးတက်လာလိုက်တာတဲ့၊ တကတည်း ဘာတွေ တိုးတက်လာသလဲ၊ မော်တော်ကားတွေ, လေယာဉ်ပျံတွေ တိုးတက်လာတယ်၊ သည့်ပြင် လိုချင်စရာပစ္စည်းအမျိုးမျိုး အလှပြင်စရာ ပစ္စည်းအမျိုးမျိုး တိုးလာတယ်၊ အဲဒါတွေ တိုးတက်လာတော့ ဒါတွေကို အကြောင်းပြုပြီးတော့ တဏှာလောဘတွေ, မနာလိုဝန်တို ဣဿာ,မစ္ဆရိယတွေ တိုးလာတယ်၊ အဲဒီအလှအပပြင်ဆင်စရာပစ္စည်းပေါလေ, တဏှာလောဘတွေ ကြီးလေလေ, မတရားမှုတွေ နိုင်ငံမှာပြန့်လေလေ၊ ဒီတော့ ခေတ်ကြီးက တိုးတက်တဲ့ ခေတ်ကြီးလို့ ဘုန်းကြီးက ဝန်ခံပါတယ်၊ လောကအလိုက် တိုးတက်တာ မှန်ပါတယ်၊ မော်တော်ကားတွေ ကောင်းသည်ထက် ကောင်းလာတယ်၊ လေယာဉ်ပျံတွေ ကောင်းသည်ထက် ကောင်းလာတယ်၊

အစားအသောက်တွေဟာ တကတည်း ဓာတ်အမျိုးမျိုးတွေ သွင်းပြီး သကာလ ကောင်းအောင် လုပ်ပေးလာတယ်၊ မှန်တယ်၊ ဒါတိုးတက်တယ်၊ အဲဒါ တိုးတက်တော့ ဘာတိုးတက်သလဲဆိုတော့ တဏှာတိုးတက်တယ်၊ တဏှာတိုးတက်လို့ရှိရင် ဘာဖြစ်သတုန်း ဒုက္ခတွေ တိုးတက်မယ်၊ ယခုဘဝလည်း ဒုက္ခတွေ တိုးတက်မယ်၊ နောင်သံသရာလဲ ဒုက္ခတွေ တိုးတက်မယ်။

ဘုရားရှင်ကိုယ်တော်မြတ်က ဒီတဏှာလောဘ တိုးတက်မယ့် တရားလမ်းတွေ ကိုဟောတော်မူမဖော့ခဲ့လား၊ ယခု အနုမြူဓာတ်တွေ ဘာတွေကို ဘုရားရှင်ကိုယ်တော်မြတ် သိတော်မူတော့ သိတဲ့အတိုင်းပဲ ဟောပါပြီတဲ့၊ လက်တွေ့လဲ လုပ်ကြပါပြီတဲ့၊ ဒီလိုဆိုရင် တဏှာလောဘတွေ တိုးတက်လာမှာပေါ့၊ ဒါကြောင့် ဘုန်းကြီးက မတိုးတက်ရဘူးလို့ မဆိုလိုပါဘူး၊ မရှိရဘူးလို့ မဆိုလိုဘူး၊ သို့သော်လဲပဲ ဘုရားကို မပုတ်ခတ်ပါနဲ့၊ ဘုရားရဲ့ဉာဏ်တော်ကိုတော့ မထိပါနဲ့၊ မသိလို့ မဟောတာ မဟုတ်ပါဘူး၊ လောကဓာတ်တွေကို ဘုရားရှင်ကိုယ်တော်မြတ်က အကုန်လုံး သိတော်မူပါတယ်။

**ကိုယ်ကျိုးစွန့် အားထုတ်ခဲ့ခြင်း။** ။ဒါကြောင့် ဘုန်းကြီးကလေ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတဉာဏ် မရခင် ကျင့်တော်မူတဲ့ စခန်းတွေကိုလဲ ကြည်ညိုလိုက်တာ, ကြည်ညိုလိုက်တာ၊ မြတ်စွာဘုရား အလောင်းတော် ဘဝတုန်းက ကိုယ်ကျိုးမငဲ့ဘဲနဲ့ သတ္တဝါတွေအတွက် ဖြည့်ကျင့်တော်မူတဲ့ ပါရမီတွေကို ကြည်ညိုလိုက်တာ၊ မျက်လုံးတော် ထုတ်ပြီးတော့ လှူတာဟာ ကိုယ်ကျိုးတဲ့လား, ကိုယ့်အတွက် ဂုဏ်ရှိလို့တဲ့လား၊ ဘယ်ဟုတ်မှာလဲ, မျက်မမြင်တဲ့သူ မြင်ပါစေတော့လို့ ထုတ်ပြီးတော့ လှူတာ၊ ထိးနန်းကို စွန့်ပြီးတော့ တောထွက်တာဟာ

ကိုယ်ကျိုးတဲ့လား၊ ဘယ်ဟုတ်မှာလဲ၊ စိတ်ဓာတ်ကို ပြုပြင်ပြီးသကာလ မေတ္တာဘာဝနာနဲ့ နေချင်လို့ တောထွက်တာ။

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် ပါရမီဖြည့်တော်မူတဲ့အခါ တုန်းကလဲ ကိုယ်ကျိုးမပါပါဘဲလား၊ နောက်တော့ ဘုရားဖြစ်တော်မူ တဲ့အခါကျတော့လဲ ထီးနန်းစွန့်ပြီးတော့ တောထွက်လာတာဟာ ကြွားချင်လို့လား, ဂုဏ်ပကာသနလိုချင်လို့လား၊ အမလေး-**သိဒ္ဓတ္ထ** တို့ ဘယ်လောက်များစွမ်းသလဲဆိုတဲ့ နာမည်လိုချင်လို့တဲ့လား၊ ဘုန်းကြီးတို့ရဲ့ ဘုရားကို တချို့က ပေါ့ပေါ့ဆဆလေး တွေးကြ တော့ ဘုန်းကြီးက မခံချင်လိုက်တာ၊ မခံချင်လို့ ဒေါသဖြစ်နေတာ တော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကို သူတို့ အကဲ မခတ်နိုင်လေစွ၊ မြတ်စွာဘုရားရဲ့ ပါရမီတော်တွေကို သူတို့ အာရုံ မပြုနိုင်လေစွ၊ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကို မှန်းပြီး သကာလ မကြည်ညိုတတ်လေစွ၊ အဲသလိုပဲ ဘုန်းကြီးက သနားမိ ပါတယ်။

**ဇာနိတဗ္ဗံ ပဇာနာတိ, ဒေသိတဗ္ဗမ္ပိ အာသယံ၊**

**ဒေသကော ယေန ဉာဏေန, ဒေသေတု တဿ တေဇသာ။**

“**ဒေသကော-နည်းမှန်လမ်းကျ, ဟောညွှန်ပြသည့်, ဒေသကထွတ် တင်, ဘုရားရှင်သည်၊ ယေန ဉာဏေန-အပေါင်းဂုဏ်အင်, ကြောင်း စုံလင်မှ, အကြင်ဖြစ်ပေါ်, သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗံ-သိဖွယ် အများ, ဥေယျဓမ်တရားကို၊ ပဇာနာတိ-ဆုံးစကုန်စင်, သိမြင် တော်မူနိုင်ပါပေ၏၊ ဒေသိတဗ္ဗမ္ပိ-ဟောပြစဖွယ်, သွယ်သွယ်များဖြင့်, တရားဆင်နည်းကိုလည်း၊ ပဇာနာတိ-တရားတစ်ဖုံ, နည်းမျိုးစုံအောင်, အကုန်ဆင်ပြင်, သိမြင်တော်မူနိုင်ပေ၏**” ဝရားတစ်ပုဒ် တစ်ပုဒ် ဆိုရင် ဟိုလိုလဲ ဟောနိုင်, ဒီလိုလဲ ဟောနိုင် ဟောပုံဟောနည်း

အမျိုးမျိုး စီစဉ်ပြီးတော့ တရားနာပရိသတ်တွေ နားမလည်ဘူးလို့ မရှိရအောင် ဟောတော်မူတယ်၊ အဲဒါကြောင့် တရားတစ်ဖုံတစ်ဖုံကို ဟောပုံဟောနည်း အမျိုးမျိုး စုံလင်သွားအောင် အစီအစဉ်အမျိုးမျိုး တရားဆင်နည်း အမျိုးမျိုးကို ဘုရားရှင်ကိုယ်တော်မြတ်က သိမြင်တော်မူတယ်။

**ဣန္ဒြေအနုအရင့် သိတော်မူပုံ။ ။"အာသယံ–သိန်းသန်းကုဋေ, များဝေနေ၏, တွေတွေဆန္ဒ, အဇ္ဈာသယကိုလည်း၊ ပဇာနာတိ–ဣန္ဒြေနုရင့်, ခွဲဝေချင့်၍, အသင့်ပိုင်ပိုင်, သိမြင်တော်မူနိုင်ပါပေ၏"** သတ္တဝါတွေရဲ့ အတွင်းခံ့စိတ်ခံ အလိုက် ဆန္ဒလို့ခေါ်တဲ့ အဇ္ဈာသယကိုလဲ သိမြင်တော်မူတယ်၊ ဒီသတ္တဝါဟာဖြင့် သူ့စိတ် သူ့ဆန္ဒ ဘယ်လိုရှိနေတယ်၊ သူ့မှာ သဒ္ဓါတရားဆိုတဲ့ ဣန္ဒြေက နုနေသေးတယ်၊ သို့မဟုတ် ရင့်သန်နေပြီ, ထက်မြက်နေပြီ၊ ဉာဏ်ပညာဆိုတဲ့ ဣန္ဒြေက နုနေသေးတယ်၊ သို့မဟုတ် ထက်သန်နေပြီ၊ ဘယ်တရား ဘယ်တရားဟောရင် အဲဒီသတ္တဝါဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင်လိမ့်မယ်၊ အကျွတ်တရား ရလိမ့်မယ်ဆိုတာကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သိမြင်တော်မူတယ်၊ ပြီးတော့ ဘယ်သတ္တဝါ ဘယ်သတ္တဝါတွေများ ရာဂ,ဒေါသ,မောဟဆိုတဲ့ ကိလေသာမြူ အညစ်အကြေးတွေ နည်းပါးနေပါလိမ့်မလဲ, သူတို့ရဲ့ သဒ္ဓါ ပညာအစရှိတဲ့ ဣန္ဒြေအနုအရင့်က ဘယ်လိုလဲ, ဒီအချိန်မှာ တရားဟောရင် တရားထူးကို သူတို့ရမလား, မရဘူးလား၊ ဒီတရားဟာ သူတို့ဆန္ဒ သူတို့စိတ်ခံ သူတို့စရိုက်နဲ့ ကိုက်ညီမလား မကိုက်ညီဘူးလား၊ အဲဒီလို နေ့စဉ်နဲ့ အမျှ သတ္တဝါတွေ တရားထူးရဖို့အတွက် ကြောင့်ကြစိုက်တော်မူတယ်၊ လုံ့လဝီရိယ ကြီးမားတော်မူတယ်။

35 (A)

ဒါကြောင့် **"အာသယံ–သိန်းသန်းကုဋေ, များဝေနေ၏, ထွေထွေဆန္ဒ, အဇ္ဈာသယကိုလည်း၊ ပဇာနာတိ–ဣန္ဒြေနုရင့်, ခွဲဝေချင့်၍, အသင့်ပိုင်ပိုင်, သိမြင်တော်မူနိုင်ပါပေ၏၊** တဿ ဉာဏဿ–ပါရမီအပေါင်း, ဆင့်ဆင့်လောင်းသဖြင့်, အကောင်းဆုံးဖြစ်ပေ၊ ထိုသဗ္ဗညုတဉာဏ်တော်၏၊ တေဇသာ–အစွမ်းသုံးဖော်, တန်ခိုးတော်ဖြင့်၊ ဒေသေတု–ထိုထိုကိစ္စ, မလွဲရအောင်, နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း။

**ဘုရားရှင်ထံ ဆုတောင်းခြင်း။** ။ဘုန်းကြီး ကြိုးစားအားထုတ်နေတဲ့ လုပ်ငန်းကိစ္စတွေ မှားယွင်းမသွားရအောင် သဗ္ဗညုတဉာဏ်တော်အစွမ်းဖြင့် ညွှန်ပြတော်မူပါဘုရားလို့ မြတ်စွာဘုရားကို ဆုတောင်း တိုင်တယ်လိုက်တယ်၊ ဒီလိုဆိုရင် မေးစရာရှိတယ်၊ အဲဒီ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ညွှန်ပြပါစေလို့ ဆုတောင်းတော့ ညွှန်သတဲ့လား၊ အဲဒီလို ကပ်တဲ့သူက ကပ်စရာရှိတယ်၊ ဒီလိုတော့လဲ မညွှန်ပါဘူး၊ ဟုတ်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က ကြွပြီးတော့ ဒီလိုလုပ် ဒီလိုလုပ်လို့တော့ ဘယ်ညွှန်ပြပါ့မလဲ၊ ဒါပေမယ့် အလုပ်ကိစ္စ တစ်ခုခုလုပ်ခါနီးမှာ မြတ်စွာဘုရားကို အာရုံပြုလိုက်ရတော့ တစ်ခါတည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနဲ့ သမာဓိ တော်တော် ကောင်းသွားတယ်၊ သမာဓိ တော်တော်ကောင်းတော့ ဉာဏ်က ထက်လာတယ်၊ အဲဒီတော့ လုပ်လိုက်တဲ့ အလုပ်ဟာ မမှားနိုင်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ ဘုရားကို အာရုံပြုနေတဲ့စိတ်နဲ့ ဟိုဟိုဒီဒီ အာရုံတွေ ရောက်နေတဲ့စိတ်ဟာ အလွန်ကွာခြားတယ်၊ နည်းနည်းမှ မတူဘူး၊ အဲဒီလို ဘုရားအာရုံပြုလို့ သမာဓိရတဲ့အခါ ဉာဏ်ကောင်းကောင်းကလေး ပေါ်လာတယ်၊ အဲဒီအခါမှာ အလုပ်ကိစ္စ မမှားနိုင်ဘူး၊ ဒါကြောင့် **"ဒေသေတု–ထိုထိုကိစ္စ, မမှားရအောင်,**

**နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း"**လို့ ဘုန်းကြီးက မြတ်စွာဘုရားကို တိုင်တည်ပြီးတော့ ဆုတောင်းတယ်။

**ဇာနိတဗ္ဗံ ပဇာနာတိ, ဒေသိတဗ္ဗမ္ပိ အာသယံ၊**

**ဒေသကော ယေန ဉာဏေန, ဒေသေတု တဿ တေဇသာ။**

ဒေသကော–နည်းမှန်လမ်းကျ, ဟောညွှန်ပြသည့်, ဒေသကထွတ်တင်, ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ယေန ဉာဏေန–အပေါင်းဂုဏ်အင်, ကြောင်းစုံလင်မှ, အကြင်ဖြစ်ပေါ်, သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗံ–သိဖွယ်အများ, ဥ ယျမေမ်တရားကို၊ ပဇာနာတိ–ဆုံးစကုန်စင်, သိမြင်တော်မူနိုင်ပါပေ၏၊ ဒေသိတဗ္ဗမ္ပိ–ဟောပြစဖွယ်, သွယ်သွယ်များဖြင်, တရားဆင်နည်းကိုလည်း၊ ပဇာနာတိ–တရားတစ်ဖုံ, နည်းမျိုးစုံအောင်, အကုန်ဆင်ပြင်, သိမြင်တော်မူနိုင်ပေ၏၊ အာသယံ–သိန်းသန်းကုဋေ, များဝေနေ၏, ထွေထွေဆန္ဒ, အဇ္ဈာသယကိုလည်း၊ ပဇာနာတိ–ဣန္ဒြေနုရင့်, ခွဲဝေချင့်၍, အသင့်ပိုင်ပိုင်, သိမြင်တော်မူနိုင်ပါပေ၏။ တဿ ဉာဏဿ–ပါရမီအပေါင်း, ဆင့်ဆင့်လောင်းသဖြင့်, အကောင်းဆုံးဖြစ်ပေါ်, ထိုသဗ္ဗညုတဉာဏ်တော်၏၊ တေဇသာ–အစွမ်းသုံးဖော်, တန်ခိုးတော်ဖြင့်၊ **"(၁) သိစရာတွေအကုန်လုံး သိတဲ့အစွမ်း၊ (၂)တရားတစ်မျိုးတစ်မျိုးအတွက် ဟောပုံဟော နည်းအမျိုးမျိုး တီထွင်နိုင် စီစဉ်နိုင်တဲ့အစွမ်း၊ (၃) သတ္တဝါတွေရဲ့ စိတ်ကြိုက် အလိုဆန္ဒ အဇ္ဈာသယကို သိနိုင်တဲ့အစွမ်း"** အဲဒီလို သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းသုံးဖော် တန်ခိုးတော်ဖြင့်၊ ဒေသေတု–ထိုထိုကိစ္စ, မလွဲရအောင်, နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က ဒီသဗ္ဗညုတဉာဏ်တော်ကြီးရပြီလို့ ဝန်ခံတော်မူတာဟာ ဘယ်အခါကျမှ ဝန်ခံတော်မူသလဲဆိုတော

ဒီသစ္စာလေးပါးတရားကို သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ် ဆိုတဲ့ ဉာဏ်သုံးမျိုး, ဉာဏ်တစ်ဆယ့်နှစ်မျိုးနဲ့ သိတော်မူတဲ့အခါကျမှ ဝန်ခံတော်မူတယ်၊ ဒါကြောင့်—

"ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ **"အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**တိ ပစ္စညာသိံ။" လို့ ဟောတော်မူတယ်၊ အဲဒီလို ဝန်ခံတော်မူပြီးတဲ့နောက်မှာ—

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

မေ—ငါဘုရားမှာ၊ ဒဿနံ—ရှုပြီးသော မဂ်ဉာဏ် ဖိုလ်ဉာဏ် စသည်ကို ပြန်လှန်စဉ်းစား သိမြင်နိုင်သော၊ ဉာဏံ—ပစ္စဝေက္ခဏာ ဉာဏ်သည်၊ ဥဒပါဒိ—ထင်ရှားဖြစ်ပေါ်လာပြီ။

**ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ**

။ ငါဘုရားမှာ အရဟတ္တမဂ်ဖိုလ်ကို ရပြီးတဲ့ နောက်မှာပဲ ပစ္စဝေက္ခဏာဉာဏ်ခေါ်တဲ့ ဉာဏ်တစ်မျိုး ထပ်ဖြစ်လာတယ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတာ နောက်ထပ်ပြန်ပြီးတော့ စဉ်းစားဆင်ခြင်တော်မူတယ်၊ ဘယ်လို စဉ်းစားဆင်ခြင်တော်မူသလဲဆိုတော့..."**မေ—ငါဘုရား၏၊ ဝိမုတ္တိ—ယခု ရရှိထားတဲ့ အရဟတ္တဖိုလ်သည်၊ အကုပ္ပါ—မည်သည့်အကြောင်းကြောင်းမျှ မပျက်စီးနိုင်တော့ပြီ၊ အယံ—ဤ ယခုဘဝ ပဋိသန္ဓေ နေခဲ့ခြင်းသည်၊ အန္တိမာဇာတိ—နောက်ဆုံးပဋိသန္ဓေ နေခဲ့ခြင်းပေတည်း၊ ဒါနိ—ယခု၊ ပုနဗ္ဘဝေါ—နောက်ထပ်ဖြစ်စရာ**

**ဘဝသစ်သည်၊ နတ္ထိ–မရှိတော့ပြီ"** ငါဘုရားမှာရှိတဲ့ အရဟတ္တဖိုလ်တရားဟာ ဘယ်နည်းနဲ့မှ မပျက်စီးနိုင်အောင် ခိုင်မြဲတဲ့တရားဖြစ်တယ်၊ အဲဒီလို ခိုင်မြဲတဲ့ အရဟတ္တဖိုလ်ကို ရရှိထားတဲ့အတွက် ငါဘုရားမှာ နောက်ထပ် ပဋိသန္ဓေ မနေရတော့ဘူး၊ ယခု ဒီဘဝ ပဋိသန္ဓေ နေခဲ့တာဟာ နောက်ဆုံး ပဋိသန္ဓေနေခြင်း ဖြစ်တယ်၊ နောက်ထပ် ငါဘုရားမှာ ဘဝသစ်ဖြစ်စရာ မရှိတော့တဲ့အတွက် ယခုဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်လို့ အဲဒီလို စဉ်းစားဆင်ခြင် သိမြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဟာ မြတ်စွာဘုရားမှာဖြစ်ပေါ်လာတယ်။

**တဏှာလောဘတွေ ဘုရားမှာ လုံးဝမရှိ**

မြတ်စွာဘုရားမှာ ဘယ်အာရုံကိုမှ တဏှာလောဘဆိုတဲ့ အစိုအစေးနဲ့ ငြိကပ် တွယ်တာ မနေဘူး၊ စွဲလမ်းခင်မင်မနေဘူး၊ ဒီဘဝ ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်ကြီးကိုလဲ ခင်မင်တွယ်တာ မနေဘူး၊ ကိုယ့်ကိုယ်ကိုတောင်မှ ခင်မင် တွယ်တာ မနေတော့ရင် ဘယ်မှာ သူတစ်ပါးကို ခင်မင်တွယ်တာတော့မှာလဲ၊ ဒို့ပြင် ပစ္စည်း ပစ္စယတွေ ခင်မင်တွယ်တာဖို့ဆိုတာလဲ ဘယ်မှာ ဖြစ်နိုင်တော့မလဲ၊ ပြီးတော့ မြတ်စွာဘုရားမှာ အဲဒီလို ဒီဘဝ ဒီ ခန္ဓာကိုယ်တောင် မခင်မင် မတွယ်တာတော့ဘူးဆိုရင် နောက်ဘဝ ခန္ဓာကိုယ်ကိုလဲ ဘယ်မှာ ခင်မင်တွယ်တာနေတော့မလဲ၊ အဲဒါဟာ တဏှာလောဘဆိုတဲ့ သမုဒယတွေ မြတ်စွာဘုရားမှာ လုံးဝ မရှိတော့လို့ဘဲ၊ မြတ်စွာဘုရားမှာ ရှေးရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေနဲ့ ဒီဘဝမှာ ပြုခဲ့တဲ့ ကုသိုလ်ကံတွေ အများကြီး ရှိပါရဲ့၊ ဒါပေမယ့် တဏှာလောဘဆိုတဲ့ အစေး မရှိတော့တဲ့အတွက် ဟိုဘဝ ဒီဘဝတွေ ငြိကပ် ထပ်ဖြစ်မနေတော့ဘူး၊ အဲဒါကြောင့် မြတ်စွာဘုရားမှာ ဒါ နောက်ဆုံးဘဝ, ဒါ နောက်ဆုံး ပဋိသန္ဓေနေခြင်း ဖြစ်တယ်။

**ပုထုဇဉ်မှာ တဏှာအစေးကပ်ပုံ။** ။ဘုန်းကြီးတို့လို ပုထုဇဉ်တွေ ကျတော့ တဏှာအစေးက ရှိနေတော့ ဟိုအာရုံ ဒီအာရုံတွေမှာ ငြိကပ်နေတတ်တယ်၊ ဥပမာဆိုပါ တော့ ဒီပြင်ဟာ မဆိုထားနဲ့ ဘုန်းကြီး အခု တရားဟောနေတာလေး ကိုပဲ ကိုယ့်ဟာကိုယ် ကျေနပ်သာယာပြီး နေမိတတ်သေးရဲ့၊ ဆွမ်း စားတဲ့အခါမှာလဲ ဆွမ်းဟင်း ဆွမ်းတွေ အရသာခံ သာယာလို့, ပြီးတော့ ကိုယ့်ကျောင်းကလေးကိုလဲ တစ်ခါ တစ်ခါ သာယာလို့၊ အဲဒီလို တဏှာလောဘ အစေးတွေဟာ ဆွမ်း,ကျောင်းစတဲ့ ဟိုအာရုံ ဒီအာရုံတွေ လိုက်ကပ်နေတယ် အဲဒီလို တဏှာဆိုတဲ့အစေး မရှိတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကတော့ **"အယံ–ဤယခုဘဝ အတွက် ပဋိသန္ဓေနေခဲ့ခြင်းသည်၊ အန္တိမာဇာတိ–နောက်ဆုံးပဋိသန္ဓေ နေခဲ့ခြင်းပေတည်း၊ ဒါနိ–ယခုအခါ၌၊ ဝါ–ယခုကစ၍၊ ပုနဗ္ဘဝေါ– နောက်ထပ်ဖြစ်စရာ ဘဝအသစ်သည်၊ နတ္ထိ–မရှိတော့ပြီ၊ ဣတိ– ဤသို့၊ ဉာဏဒဿနံ–ပြန်၍ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ် သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပေါ်လာပြီ"**လို့ ဟောတော်မူတယ်။

**ဘုရားမှာ ဇာတိရှိလို့ ဇရာဒုက္ခရှိ။** ။ဘုရားရှင်ကိုယ်တော်မြတ်မှာ တဏှာလောဘ မကုန်ခန်း သေးတဲ့ ရှေးရှေးဘဝတွေတုန်းက ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံတွေကို ပြုလုပ်ခဲ့တယ်၊ အဲဒီ ရှေးရှေးဘဝ ကုသိုလ် အကုသိုလ် ကံတွေကြောင့် ဒီဘဝမှာ ဒုက္ခအမျိုးမျိုး တွေ့ရတယ်၊ ကိုယ်တော် မြတ်မှာ ဇာတိဒုက္ခရှိတော့ ဇရာ,ဗျာဓိဆိုတဲ့ ဒုက္ခတွေလဲ ရှိရပြန်တယ်၊ **ဒေဝဒတ်**က ကျောက်တုံးနဲ့ လိမ့်ချလို့ ခြေမတော်မှာ သွေးခြည်ဥလို့ အင်မတန် ခံတော်မူရတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူခါနီး ကျတော့ ဝမ်းတော်လားတော်မူရတယ်၊ ဒါတွေကတော့ တဏှာ မကင်းဘဲ စီမံခဲ့တဲ့ ရှေးကံတွေက ဘုရားရှင် ကိုယ်တော်မြတ်ကို

အကျိုးပေးနေသေးတာပဲ၊ တော်တော် ကြောက်စရာကောင်းတယ်၊ ဒီခန္ဓာကိုယ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ရှိနေသေးသရွေ့တော့ တဏှာ အရင်း ခံပြီးပြုတဲ့ ကံတွေကတော့ နှိပ်စက်နိုင်သမျှ လိုက်နှိပ်စက်နေတာပဲ။

ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်ရင့်မကြီးကိုပဲ ဒီဒုက္ခလိုက် ပေးနေသေးတာပဲ၊ ဒါကြောင့် နောက်ထပ် ပဋိသန္ဓေ မနေရတော့ပေ မယ်လို့ ဒီဘဝမှာတော့ ရသင့်ရထိုက်တဲ့ ဒုက္ခတွေ ဘုရားရှင်ကိုယ်တော် မြတ် ခံတော်မူရပါသေးတယ်၊ ဒီတော့ ဘုန်းကြီးက တစ်ခါတစ်ခါ မှာဆိုရင် အို-မြတ်စွာဘုရားတောင်မှ ဒီဒုက္ခတွေ ခံရသေးတာ၊ ငါက ဘာမို့လို့လဲ, တကတည်း ကြိတ်ခံ, အံကြိတ်ခံ၊ ဒီဒုက္ခတွေဟာ ပယ်ရှားပစ်လို့လဲ ရတာမဟုတ်ဘူး၊ ဘဝသံသရာက ပြုခဲ့တဲ့ အမှား တွေ ယခု အကြွေးဆပ်ပေါ့လို့ ဆိုပြီးတော့ ကြိတ်မှိတ်ခံတယ်၊ ဟို တစ်ခါတုန်းက ပခုက္ကူမှာ နေစဉ်အခါတုန်းက ဆွမ်းတွေ ဘာတွေ ဆင်းရဲတော့ အို-ဘုရားရှင်ကိုယ်တော်မြတ်လေ သူ့ရှေးကံကြောင့် **ဝေရဉ္ဇာပြည်**မှာ သီတင်းသုံးတဲ့အခါတုန်းက ဝါတွင်းသုံးလပတ်လုံး **မုယောဆန်အစိမ်း**ကို ဘုဉ်းပေးရတယ်၊ ဘုရားရင့်မကြီး ကိုယ်တော် မြတ်က မုယောဆန် ဘုဉ်းပေးပြီးတော့ ဝါတွင်းသုံး လ နေတော်မူခဲ့ ရတယ်ဆိုရင် ငါတို့က သုံးနှစ် သုံးဘဝ သုံးသက်ခံပေါ့၊ ဘာကြောက် စရာ ရှိသလဲလို့ အဲဒီလို စိတ်ထဲမှာ ဘုရာ·ကို အာရုံပြုလိုက်တော့ အဲဒီ ဒုက္ခ တော်တော်ကို သက်သာသွားတယ်။

**ဣဒမဝေါစ ဘဂဝါ။**

**အတ္တမနာ ပဋ္ဌဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။**

**ပဋ္ဌဝဂ္ဂီရဟန်းတို့ တရားကိုနှစ်သက်ကြပုံ။** ။ဘဂဝါ – မြတ်စွာ ဘုရားသည်၊ ဣဒံ-

ဤခမ္မစကြာတရားတော်ကို၊ အဝေါစ–မိန့်တော်မူပြီ၊ ဘဂဝတော–

မြတ်စွာဘုရား၏၊ ဘာသိတံ–ဟောတော်မူအပ်သော ဓမ္မစကြာတရားတော်ကို၊ ပဥ္စဝဂ္ဂိယာ–ပဥ္စဝဂ္ဂီ အမည်ရှိကုန်သော၊ ဘိက္ခူ–ရသေ့တို့သည်၊ အတ္တမနာ–လွန်စွာ နှစ်သက် ရွှင်လန်းဝမ်းမြောက်ကြကုန်သည်၊ ဟုတွာ–ဖြစ်၍၊ အဘိနန္ဒုံ–နှစ်နှစ်သက်သက် လက်ခံတော်မူကြလေကုန်ပြီ၊ မြတ်စွာဘုရားက **"နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"** လို့ဆိုရင်ပဲ ဘုရား တရားတော် ကုန်သွားပြီ၊ ဓမ္မစကြာတရား ဒီတင် ကုန်သွားပြီ၊ အဲဒီနောက်မှာ **"ဣဒမဝေါစ"** အစရှိတဲ့ ပါဠိတော်များကတော့ ဟိုသံဂါယနာတင်တော့မှ သံဃာတော်အရှင်မြတ်တို့က ဓမ္မစကြာတရားတော်ရဲ့ အကြောင်းအရာတွေ, ဖြစ်စဉ်အထွေထွေတွေ စုံစုံလင်လင် သိရအောင် မိန့်ဆိုထားတဲ့ စကားများပါပဲ။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"** န္တိ။

**ဝေယျာကရဏ။** ။ **"ဝေယျာကရဏ"** ဆိုတဲ့ စကားကို လူတွေက နားမလည်ဘူး၊ မြတ်စွာဘုရားရဲ့ တရားတော်များမှာ နာမည်အမျိုးမျိုးရှိတယ်၊ တချို့တရားတော်ကို **သုတ္တ**လို့ ခေါ်တယ်၊ တချို့ကို **ဂေယျ**လို့ ခေါ်တယ်၊ တချို့တရားတော်ကို **ဂါထာ**လို့ ခေါ်တယ်၊ တချို့တရားတော်ကျတော့ **ဝေယျာကရဏ** လို့ ခေါ်တယ်၊ အဲဒီ ဝေယျာကရဏဆိုတဲ့ တရားတော်မှာ ဂါထာ မပါဘူး၊ မေးခွန်းထုတ်လိုက် ဖြေဆိုလိုက်နဲ့ပဲ ဒီလို စကားပြေရိုးရိုးနဲ့ပဲ ဟောသွားတယ်၊ ဥပမာအားဖြင့် မြတ်စွာဘုရားက **"သေယျထိဒံ"** လို့ မေးခွန်းထုတ်လိုက်ရော၊ ပြီးတော့ မြတ်စွာဘုရားကပဲ ပြန်ပြီးတော့ **"သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ"** စသည်ဖြင့် ဖြေဆိုပြန်ရော၊ အဲဒီလို

အမေးတို့ အဖြေတို့နဲ့ သွားပြီးတော့ ဂါထာမပါဘဲ ဟောတော်မူတဲ့ တရားတော်ကို **ဝေယျာကရဏ**လို့ ခေါ်တယ်။

**"ဣမသ္မိံ ဝေယျာကရဏသ္မိံ– ဤဂါထာမဖက် အမေးအဖြေ သက်သက်သာဖြစ်သော တရားတော်ကို၊ ဘညမာနေ–ဟောတော်မူ အပ်သည်ရှိသော်၊ အာယသ္မတော ကောဏ္ဍညဿ–အရှင်ကောဏ္ဍည ၏၊ ဝိရဇံ–အပါယ်သို့ ရောက်ကြောင်း မကောင်းသော ရာဂ,ဒေါသ, မောဟတည်းဟူသော မြူမှကင်းသော၊ ဝီတမလံ–ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဟူသော အညစ်အကြေးကင်းသော၊ ဓမ္မစက္ခု–သစ္စာလေးပါးတရားကို ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ဟူသော စက္ခု သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပြီ၊ ယံကိဉ္စိ–ကြွင်းမဲ့ဥဿုံ အလုံးစုံသော တေဘူမကတရား ဟူသမျှသည်၊ သမုဒယဓမ္မံ–ဖြစ်ခြင်းသဘောရှိ၏၊ တံ သဗ္ဗံ–ထိုဖြစ်ခြင်းသဘောရှိတဲ့ တေဘူမကတရား ဟူသမျှသည်၊ နိရောဓဓမ္မံ–ချုပ်ခြင်းသဘောရှိ၏"**။

**ဖြစ်တာမှန်သမျှ ပျက်တာချည်းပဲ။** ။**အရှင်ကောဏ္ဍညမှာ** သစ္စာ လေးပါးတရားကို သိမြင်နိုင် တဲ့ သောတာပတ္တိမဂ်ဆိုတဲ့ ဉာဏ်စက္ခုပေါ်လာတယ်၊ ပကတိမျက်စိမှာ မြူတွေ အညစ်အကြေးတွေ မရှိသလိုဘဲ **အရှင်ကောဏ္ဍည**ရဲ့ သောတာပတ္တိမဂ်ဉာဏ်စက္ခုမှာလဲပဲ**"ဝိရဇံ–အပါယ်သို့ လားရောက် ကြောင်း မကောင်းသော ရာဂ,ဒေါသ,မောဟတည်းဟူသော မြူ မရှိဘူး"** အပါယ်သို့ ရောက်နိုင်တဲ့မြူ မရှိဘူး၊ နည်းနည်းကလေး နုးညံ့တဲ့မြူတော့ ရှိတယ်နော်၊ မြူကြမ်းကြီးတွေတော့ မပါဘူး၊ **"ဝီတမလံ–ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အညစ်အကြေးမှ ကင်းသော၊ ဓမ္မစက္ခု–သစ္စာလေးပါးတရားကို သိမြင်တတ်တဲ့ သောတာပတ္တိမဂ် ဉာဏ်သည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပြီ"** လို့ ဒီဓမ္မစကြာ အဆုံးမှာ

**အရှင်ကောဏ္ဍညသည** သောတာပန်ဖြစ်တာပဲ၊ အဲဒီ သောတာပတ္တိမဂ်ဉာဏ်က ဘယ်လောက်ကောင်းတုန်းဆိုတော့ ဘာမြူမှ မရှိဘူး၊ အပါယ်ကို ရောက်စေနိုင်တဲ့ ရာဂကြမ်းကြမ်းတမ်းတမ်း, ဒေါသကြမ်းကြမ်းတမ်းတမ်း မရှိဘူး, မောဟကြမ်းကြမ်းတမ်းတမ်း မရှိဘူး၊ အတ္တလို့ စွဲလမ်းတဲ့ ဒိဋ္ဌိဆိုတာလဲ မရှိဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်အပေါ်မှာဖြစ်ဖြစ်, တရားတော်မြတ် အပေါ်မှာဖြစ်ဖြစ်, သံသယဖြစ်တဲ့ ဝိစိကိစ္ဆာလဲ မဖြစ်ဘူး၊ **အရှင်ကောဏ္ဍညသည**မှာ အဲဒီလို အင်မတန်ကောင်းတဲ့ သောတာပတ္တိမဂ်ဉာဏ် ပေါ်လာတယ်၊ အဲဒါကြောင့် **အရှင်ကောဏ္ဍညသည**က ဘယ်လို စဉ်းစားဆင်ခြင်လိုက်သလဲဆိုတော့ **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ= ဖြစ်တာပျက်တာချည်းပါပဲလား"**လို့ အဲဒီလို နောက်ဆုံး ကောက်ချက်ချတဲ့အနေနဲ့ စဉ်းစားဆင်ခြင်တယ်။

ဖြစ်တာမှန်သမျှ ပျက်တာချည်းပဲ၊ ဖြစ်အောင်လုပ်နေသရွေ့ ပျက်အောင်လုပ်နေတာပဲ၊ အဖြစ်တွေ များများနေသရွေ့ အပျက်တွေ များများခံနေရမှာပဲ၊ အဲဒါတွေ ကောက်ချက်ချပြီးတော့ **"ယံကိဉ္စိ–ကြွင်းမဲ့ဥဿုံ အလုံးစုံသော တေဘူမကတရား ဟူသမျှသည်၊ သမုဒယဓမ္မံ–ဖြစ်ခြင်းသဘော ရှိ၏"** အသက်ရှိတာ ဖြစ်ဖြစ်, အသက်မရှိတဲ့ စီးပွားဥစ္စာ ဖြစ်ဖြစ် **"တံ သဗ္ဗံ–ထိုဖြစ်ခြင်းသဘော ရှိတဲ့ တေဘူမကတရား ဟူသမျှသည်၊ နိရောဓဓမ္မံ–ချုပ်ပျောက်ခြင်း သဘောရှိ၏"** အားလုံး ဖြစ်ပျက်ပဲ, ဖြစ်ပျက်ပဲ၊ ဖြစ်တာမှန်သမျှ ပျက်တာချည်းပဲ၊ သတ္တဝါတွေက မျက်စိနဲ့မမြင်လို့ ပျက်တာကို မမြင်ရပေမယ့် ခုဖြစ် ခုပျက်, ခုဖြစ် ခုပျက်၊ မမြဲတဲ့ ရုပ်နာမ်ချည်းပဲလို့ အဲသလို ကောက်ချက်ချတော်မူလိုက်တယ်။

## နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ **"ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"**န္တိ။

ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဓမ္မစက္ကေ–တရားတည်းဟူသော စကြာရတနာကို၊ ပဝတ္တိတေ–လည်စေတော်မူအပ်ပြီးသည်ရှိသော်၊ ဘုမ္မာ–မြေကြီးပေါ်၌ မှီတည်နေကုန်သော၊ ဒေဝါ–နတ်တို့သည်၊ (ဘုမ္မာဒေဝါ–ဘုမ္မစိုးနတ်တို့သည်၊) သဒ္ဒံ–အသံကို၊ အနုဿာဝေသုံ–တစ်ဆင့်ကြားအောင် ကြွေးကြော်ကြကုန်ပြီ၊ (ဘယ်လို ကြွေးကြော်ကြသလဲဆိုရင်) **"ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဗာရာဏသိယံ–ဗာရာဏသီမြို့၏အနီး၌၊ ဣသိပတနေ–ဣသိပတနအမည်ရှိသော၊ မိဂဒါယေ–မိဂဒါဝုန်တော၌၊ အနုတ္တရံ–အမြင့်မြတ်ဆုံးဖြစ်သော၊ ဧတံ ဓမ္မစက္ကံ–ဤတရားရတနာ, ယာဉ်စကြာကို၊ ပဝတ္တိတံ–လည်စေတော်မူအပ်ပြီ၊ လောကသ္မိံ–သတ္တလောက၌၊ သမဏေန ဝါ–ရဟန်းသည်သော်လည်းကောင်း၊ ဗြာဟ္မဏေန ဝါ–ပုဏ္ဏားသည်သော်လည်းကောင်း၊ ဒေဝေန ဝါ–နတ်သည်သော်လည်းကောင်း၊ မာရေန ဝါ–မာရ်နတ်သည်သော်လည်းကောင်း၊ ဗြဟ္မုနာဝါ–ဗြဟ္မာသည်သော်လည်းကောင်း၊ ကေနစိ ဝါ–အခြားသော မည်သည့် ပညာရှိ တစ်ဦးတစ်ယောက်မျှသည်သော်လည်းကောင်း၊ ဧတံ–ဤ တရားစကြာ ရတနာကို၊ အပ္ပဋိဝတ္တိယံ–ပြောင်းပြန်လည်သွားအောင် မလှည့်နိုင်"** က္ကတိ–ဤသို့၊ အနုဿာဝေသုံ–တစ်ဆင့်ကြားအောင် ကြွေးကြော်ကြကုန်ပြီ၊

**တရားစကြာ ရတနာ**။ ။ဓမ္မစက္ကဆိုတဲ့ ပါဠိစကားကို မြန်မာလို ဓမ္မစကြာလို့ပဲ ခပ်လွယ်လွယ် ခေါ်ထားပါတယ်၊ **ဓမ္မ**ဆိုတာက သဒ္ဓါ,ပညာစတဲ့ ကုသိုလ်တရားများကို ပြောတာ၊ **စက္က**ဆိုတာက စကြာတို့ စက်ဝန်း စက်ဝိုင်း စက်ဘီးတို့ကို ပြောတာ၊ အဲဒီ စကြာတို့ စက်ဘီးတို့ဟာ အဆက်မပြတ် လည်နေသလို သဒ္ဓါ,ပညာစတဲ့ တရားများကလဲ အဆက်မပြတ် လည်နေတယ် ဆက်ကာဆက်ကာ ဖြစ်နေတယ်၊ အဲဒါကြောင့် သဒ္ဓါ,ပညာစတဲ့ တရားတွေကိုလဲ စကြာလို့ စက်ဘီးလို့ တင်စားခေါ်ဝေါ်ထားတာ၊ အဲဒီတော့ တိုတိုပြောရရင် **"ဒီဓမ္မစက္က(ဓမ္မစကြာ)ဆိုတာ သဒ္ဓါ,ပညာစတဲ့ တရားစကြာ, တရားစက်ဝန်း, တရားစက်ဘီး"**လို့ ဆိုလိုတယ်၊

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"**စသည်ဟောပြီး ပတ်ပတ်လည်အောင် လှည့်လိုက်တဲ့အခါကျတော့ **အရှင်ကောဏ္ဍည**စတဲ့ တရားနာပုဂ္ဂိုလ်များမှာ သဒ္ဓါ,ပညာစတဲ့ တရားစကြာဟာ ဆက်ကာဆက်ကာ လည်သွားတယ်၊ ဆက်ကာဆက်ကာ ဖြစ်သွားတယ်လို့ ဆိုလိုတယ်၊ ဘယ်လောက်ထိအောင် လည်သွားသလဲဆိုရင် တရားနာပုဂ္ဂိုလ်များမှာ မဂ်ဖိုလ်ရသည်အထိ, မဂ်ဖိုလ်အဆင့် ရောက်သည်အထိ သူတို့ရဲ့ သဒ္ဓါ,ပညာစတဲ့ တရားစကြာရတနာကြီး လည်သွားတယ်။

အဲဒါကြောင့် **"ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဓမ္မစက္ကေ-တရားရတနာ, ယာဉ်စကြာကို၊ ပဝတ္တိတေ-လည်အောင် လှည့်အပ်ပြီးသည်ရှိသော်"** လို့ ဆိုထားတယ်၊ ဒါဖြင့် တရားရတနာ ယာဉ်စကြာကို လည်အောင် လှည့်တယ်ဆိုတာ ဘာပြောတာလဲ၊ **"တရားစကြာကို လည်အောင် လှည့်တယ်ဆိုတာ ရှင်းရှင်းပြောရရင် ဓမ္မစကြာတရား ဟောတော်မူတယ်"**လို့ ပြောတာပါပဲ။

**နတ်ဗြဟ္မာများရဲ့ အဆင့်ဆင့် ကြွေးကြော်သံ** အဲဒီလို ဓမ္မစကြာတရား ဟောတော်မူပြီး တဲ့အခါကျတော့ **ဘုမ္မစိုး**နတ်တွေက ကြွေးကြော်ကြတယ်၊ ဘုမ္မစိုးနတ်ဆို တာ သစ်ပင်ပေါ်မှာ ရှိတဲ့နတ်တို့, တောတွေတောင်တွေမှာ ရှိတဲ့နတ်တို့ စသည်ဖြင့် ဒီမြေပြင်နဲ့ ဆက်စပ်တည်မှီနေတဲ့ နတ်တွေကိုပြောတာ၊ အဲဒီ ဘုမ္မစိုးနတ်တို့ရဲ့ ကြွေးကြော်သံကို ကြားရတော့ **စတုမဟာရာဇ်** နတ်တွေကလဲ ထပ်ကြွေးကြော်ကြပြန်တယ်၊ ပြီးတော့ အဲဒီအသံ ကြားရတော့ **တာဝတိံသာ**နတ်တို့, **ယာမာ**နတ်တို့, **တုသိတာ**နတ်တို့, **နိမ္မာနရတိ**နတ်တို့, **ပရနိမ္မိတဝသဝတ္တီ**နတ်တို့ အဲဒီလို အထက်အထက် နတ်တွေကလဲ ဆင့်ကဲဆင့်ကဲ ထပ်ကြွေးကြော်ကြပြန်တယ်၊ နောက်ဆုံးမှာ **ဗြဟ္မာ**တွေကပါ ကြားတော့ တစ်ခါ ထပ်ကြွေးကြော်ကြပြန်တယ်၊ အဲဒီ နတ်တွေ ဗြဟ္မာတွေက ဘယ်လိုကြွေးကြော်ကြသလဲ–

**"ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"** န္တိ –တဲ့။

**ဗာရာဏသီ**မြို့အနီး **ဣသိပတန** အမည်ရှိတဲ့ **မိဂဒါဝုန်တော**မှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ တရားစကြာကြီးကို မြတ်စွာဘုရားက လည်အောင် လှည့်နေပါတယ်၊ အဲဒီလို လှည့်လို့ တရားစကြာ ရတနာကြီး ပတ်ပတ်လည်နေတာကို ဘယ် ရဟန်း ပုဏ္ဏား, ဘယ် လူနတ်ဗြဟ္မာ ပညာရှိ တစ်ဦးတစ်ယောက်မှ ပြောင်းပြန်လည်သွားအောင် မလှည့်နိုင်ဘူးလို့ ကြွေးကြော်ကြတယ်၊ သူတို့ဆိုလိုတာက **"မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူတယ်၊ အဲဒီဓမ္မစကြာ တရားတော်ကို ဘယ်သူကမှ မှားတယ်လို့ မကန့်ကွက်နိုင်ဘူး"**လို့ ဆိုလိုတာပါ။

**ဘုရားဟောတာ မည်သူမျှ မငြင်းနိုင်**

လောကမှာ သမဏ ဗြာဟ္မဏဆိုတဲ့ ပညာရှိ ပုဂ္ဂိုလ်တွေ ရှိကြပါတယ်၊ မြတ်စွာဘုရားရဲ့ ဓမ္မစကြာကြီး လည်နေတာကို အဲဒီပုဂ္ဂိုလ်တွေက ပြောင်းပြန်ပြန်ပြီးတော့ တွန်းလိုက်စမ်း၊ **"ဒုက္ခာ အနရိယော အနတ္ထသံဟိတော=အတ္တကိလမထာနုယောဂ အကျင့်ဟာ ဒုက္ခသာဖြစ်တယ်၊ ဘာမျှ အကျိုးမရှိဘူး"**လို့ မြတ်စွာဘုရားက ဟောတော်မူတယ်လေ၊ အဲဒါကို သမဏဗြာဟ္မဏဆိုတဲ့ ပညာရှိ တစ်ယောက်ယောက်က **"အို–မဟုတ်ပါဘူး၊ အတ္တကိလမထာနုယောဂအကျင့်ဟာ သုခရှိပါတယ်, အကျိုးရှိပါတယ်"**လို့ ပြောလို့ ဖြစ်ပါ့မလား၊ မဖြစ်နိုင်ဘူးနော်၊ ပြီးတော့ **"ဇာတိပိ ဒုက္ခာ, ဇရာပိ ဒုက္ခာ"**လို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ အဲဒါကို ပြောင်းပြန် ပြန်တွန်းလိုက်စမ်း၊ **"ဇာတိပိ သုခါ, ဇရာပိ သုခါ"**လို့ ပြောင်းပြန် ပြောလိုက်စမ်း, ဆန့်ကျင်ဘက် ပြောလိုက်စမ်း၊ ဘယ်ပညာရှိကမှ အဲဒီလို ပြောင်းပြန် ပြန်ပြောလို့မဖြစ်ဘူး။

ဘယ်လောက်ပဲ တန်ခိုးကြီးတဲ့ နတ်တို့, သိကြားတို့, မာရ်နတ်တို့ကမှ အဲဒီလို ဆန့်ကျင်ဘက် မပြောနိုင်ပါဘူး၊ ပြီးတော့ ဗြဟ္မာမင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကမ္ဘာကြီးကို သူဖန်ဆင်းတယ်လို့ သူ့ကိုသူ အထင်ကြီးနေတယ်၊**"ကမ္ဘာကြီးကို ငါဖန်ဆင်းထားတာ,သတ္တဝါတွေအားလုံးကိုလဲ ငါဖန်ဆင်းထားတာ"** လို့ ထင်နေတယ်၊ အဲဒီဗြဟ္မာမင်းကြီးကလဲ ဓမ္မစကြာကို ပြောင်းပြန် ပြန်တွန်းကြည့်စမ်းဦး၊ မြတ်စွာဘုရားက **"ဒုက္ခဟာ တဏှာသမုဒယ ကြောင့် ဖြစ်တယ်"**လို့ ဟောတော်မူတယ်၊ **"အဲဒါ မှားပါတယ်၊ တဏှာသမုဒယကြောင့် ဒုက္ခဖြစ်တာ မဟုတ်ပါဘူး"**လို့ ဧရာမ တန်ခိုးရှင်ဖြစ်တဲ့ အဲဒီ ဗြဟ္မာကြီးက မပြောနိုင်ပါဘူး၊ ဟုတ်ပါတယ်, မှန်ပါတယ်လို့သာ သူဝန်ခံရလိမ့်မယ်၊ ပြီးတော့ **"ဒုက္ခအားလုံး ချုပ်ဆုံး ကုန်ခန်းရာ ဖြစ်တဲ့ နိရောဓလို့ ခေါ်တဲ့**

**နိဗ္ဗာန်ရှိတယ်”**လို့ မြတ်စွာဘုရား ဟောတော်မူတယ်၊ **“အဲဒီနိဗ္ဗာန်ကို သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိတဲ့ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမ ပဋိပဒါလမ်းစဉ်နဲ့သာ ရောက်နိုင်တယ်၊ နိဗ္ဗာန်ကို ဆိုက်ရောက်စေ နိုင်တဲ့ လမ်းစဉ်ဟာ အဲဒီ မဇ္ဈိမပဋိပဒါလမ်းစဉ်သာ ဖြစ်တယ်”**လို့ မြတ်စွာဘုရား ဟောတော်မူတယ်၊ အဲဒီလို ဘုရားဟောထားတဲ့ တရားတော်တွေ မှားနေပါတယ်လို့ ဗြဟ္မာမင်းကြီး မပြောနိုင်ဘူး၊ အဲဒီလို မြတ်စွာဘုရားရဲ့ ဓမ္မစကြာ ရတနာမြတ်ကြီး လည်ပတ်နေ တာကို ပြောင်းပြန် ပြန်လည်သွားအောင် ဗြဟ္မာမင်းကြီးက တွန်း လှည့်မပစ်နိုင်ဘူး၊ အဲဒါကြောင့် **“အပ္ပဋိဝတ္တိယံ–ဆန့်ကျင်ဘက် မလည်စေနိုင်သော၊ ဝါ–ပြောင်းပြန်လည်သွားအောင် တွန်းလှည့်ခြင်း ငှာ မစွမ်းနိုင်သော၊ တံ ဓမ္မစက္ကံ–ဤတရားရတနာ ယာဉ်စကြာ ကို၊ ပဝတ္တိတံ–လည်စေတော်မူအပ်ပေပြီ”**လို့ နတ်ဗြဟ္မာတွေက ကြွေးကြော်လိုက်ကြတာ၊ တရားနာတဲ့နေရာမှာ နတ်တွေဗြဟ္မာတွေ အများကြီးပေါ့၊ သူတို့ကလဲ ဝမ်းသာအားရနဲ့ ကြွေးကြော်ကြမှာပဲ။

## တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

အယဉ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

ဣတိ–ဤသို့ ကြွေးကြော်လိုက်ခြင်းကြောင့်၊ တေန ခဏေန– ထိုတစ်ခဏချင်းမှာပင်၊ တေန လယေန–ထိုလယလို့ခေါ်တဲ့ အခိုက် အတန့်ကာလ အတွင်းမှာပင်၊ တေန မုဟုတ္တေန–ထိုတစ်မုဟုတ်

အချိန်ကာလအတွင်းမှာပင်၊ ယာဝ ဗြဟ္မလောကာ–ဗြဟ္မာ့ပြည်တိုင်အောင်၊ သဒ္ဒေါ–ဓမ္မစကြာတရား ဟောတော်မူပြီဆိုတဲ့ ကြွေးကြော်သံသည်၊ အဗ္ဘုဂ္ဂစ္ဆိ–လွှမ်းမိုးပျံ့နှံ့သွားလေပြီ၊ အယဉ္စ ဒသသဟဿီလောကဓာတု–ဤတစ်သောင်းသော စကြဝဠာ လောကဓာတ်သည်လည်း၊ သံကမ္ပိ–အထက်တက်ကာ လွန်စွာတုန်လှုပ်ပြီ၊ သမ္ပကမ္ပိ–တက်ချီတစ်လှည့် သက်ချီတစ်ခါ လွန်စွာတုန်လှုပ်ပြီ၊ သမ္ပဝေဓိ–အရပ်လေးမျက်နှာ ယိမ်းနွဲ့ကာဖြင့် လွန်စွာတုန်လှုပ်ပြီ၊ အပ္ပမာဏော–အတိုင်းအတာ ပမာဏ မပြနိုင်လောက်အောင် များပြားလှစွာသော၊ ဥဠာရော–ပြန့်ပြောသော၊ ဩဘာသော စ–ဒေဝနာဉာဏ်တန်ခိုး, နတ်တန်ခိုးကြောင့်ဖြစ်သော အရောင်အလင်းသည်လည်း၊ လောကေ–တစ်သောင်းသော စကြဝဠာ လောကဓာတ်၌၊ ဒေဝါနံ–နတ်တို့၏၊ ဒေဝါနုဘာဝံ–ယှဉ်နာပေါင်းများစွာ အရောင်အလင်းဖြာနိုင်သော နတ်တန်ခိုးကို၊ အတိက္ကမ္မ–ကျော်လွန်၍၊ ပါတုရဟောသိ–ထင်ရှားဖြစ်ပြီ။

အဲဒီလို ကြွေးကြော်ကြတဲ့ အသံတွေ သာဓုအနုမောဒနာခေါ်တဲ့ အသံတွေဟာ ဗြဟ္မာ့ပြည်အထိ လွှမ်းသွားလို့ နတ်တွေ ဗြဟ္မာတွေဟာ လှုပ်လှုပ်ရွရွ ဖြစ်သွားတဲ့အပြင် ဒီ တစ်သောင်းသော စကြဝဠာ လောကဓာတ်ကြီးပါ ပြင်းပြင်းထန်ထန် တုန်လှုပ်သွားတယ်၊ အရောင်အဝါတွေလဲ ထိန်လင်းသွားတယ်။

## မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ **“အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော”**တိ။

မြတ်စွာဘုရား ဒီဓမ္မစကြာတရား ဟောပြီးလို့ **အရှင်ကောဏ္ဍည** သောတာပန် ဖြစ်ရင်ပဲ ဘုရားရှင် ကိုယ်တော်မြတ်က ဥဒါန်း

ကျူးတော်မူတယ်၊ **"ကောဏ္ဍညော-ကောဏ္ဍညသည်၊ အညာသိ ဝတ ဘော-သိပါပြီကလားဟရို့" ကောဏ္ဍည** သိပြီ၊ ငါဟောတဲ့ သစ္စာလေးပါးတရား သိသွားပြီ၊ အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူတယ်၊ ဥဒါန်းကျူးဆိုတာဟာ စိတ်ထဲမှာ မြုံပြီးတော့ မထားဘဲနဲ့ အပြင်ဘက် ထွက်လာတဲ့ ဝမ်းသာတဲ့ စကားကို **ဥဒါန်း**လို့ ခေါ်တယ်။

**အညာသိ ကောဏ္ဍညအမည်ရပုံ**။ ။ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် လေးသချေ်နဲ့ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်လာတာဟာ ဒီလိုပုဂ္ဂိုလ်တွေ ကျွတ်တမ်းဝင်လာအောင် ပါရမီဖြည့်လာတာဖြစ်တော့ ပထမဦးဆုံး **အရှင်ကောဏ္ဍည** သစ္စာလေးပါးတရား သိတယ်ဆိုရင်ပဲ ဘုရားရှင်ကိုယ်တော်မြတ်မှာ အင်မတန် ပီတိသောမနဿ ဖြစ်ပြီးတော့**"အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"**လို့ အဲဒီလို ဥဒါန်းကျူးတော်မူတယ်၊ အဲဒီလို ဥဒါန်းကျူးရင့်တာကို အကြောင်းပြု ပြီးတော့ နဂိုက **"ကောဏ္ဍည"**ဆိုတဲ့ အရှင်မြတ်ဟာ ယခု**"အညာသိ ကောဏ္ဍည"**လို့ နာမည်ရသွားတယ်၊ နဂိုတုန်းကတော့ **"ကောဏ္ဍည"** လို့ပဲ ခေါ်ကြတယ်၊ ယခု မြတ်စွာဘုရားက **"အညာသိ ဝတ ဘော ကောဏ္ဍညော"**လို့ အမိန့်ရှိတော်မူတဲ့ ဒီစကားလေးကို ယူပြီးတော့ **"အညာသိ ကောဏ္ဍည, အညာသိ ကောဏ္ဍည"**လို့ ခေါ်ကြတယ်။

## အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ **"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"**န္တိ။

37 (A)

**"အထခေါ-သောတာပန်ဖြစ်ပြီးရာ ထိုအချိန်အခါ၌၊ အာယသ္မာ အညာသိကောဏ္ဍညော-အရှင်အညာသိကောဏ္ဍညသည်၊ ဒိဋ္ဌဓမ္မော-မြင်အပ်ပြီးသော သစ္စလေးပါးတရားရှိသည်၊(သစ္စာလေးပါးတရားကို မြင်ရပြီးသည်၊)"** ဘယ်တော့မှ မမြင်ရဘူးတဲ့ သစ္စာလေးပါးတရားကို **အရှင်ကောဏ္ဍည** မြင်သွားပြီ၊ မြင်ဆိုတာကလဲ အဝေးကလှမ်းမြင်တဲ့ အမြင်မျိုးကို ဆိုလိုတာမဟုတ်ဘူး၊ ဉာဏ်နဲ့မြင်တာ, ဉာဏ်ထဲမှာ ဆိုက်ရောက်လာတာ၊ အဲဒါကြောင့်**"ပတ္တဓမ္မော-ဉာဏ်ဖြင့် ရောက်အပ်သော သစ္စာလေးပါးတရား ရှိသည်၊ ဝိဒိတဓမ္မော-ဉာဏ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါးတရားကို ဉာဏ်ဖြင့် ဝင်ရောက်မွှေနှောက်သိမြင်ပြီးသည်၊ တိဏ္ဏဝိစိကိစ္ဆော-ယုံမှားသံသယကို ကျော်လွှန်ပြီးသည်"** အရှင်ကောဏ္ဍညမှာ ယုံမှားသံသယလို့ခေါ်တဲ့ ဝိစိကိစ္ဆာ ဆိုလို့ ဘာမျှမရှိတော့ဘူး၊ မြတ်စွာဘုရားက သစ္စာလေးပါးတရားကို ဟောထားပြီးလို့ သူရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် သိမြင်နေပြီကိုး။

**"ဝိဂတကထံကထော-သို့လော သို့လော တွေးတောယုံမှားခြင်း မရှိသည်၊ သတ္ထုသာသနေ-မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်တဲ့ သာသနာတော်၌၊ ဝေသာရဇ္ဇပ္ပတ္တော-ရွံ့ရှားခြင်းကင်း ရဲတင်းသူအဖြစ်သို့ ရောက်သည်"** မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို ဘယ်သူက လာမေးမေး ရဲရဲဖြေနိုင်တာပဲ၊ ဒုက္ခသစ္စာအကြောင်း လာမေး, ရဲရဲပဲ, ရွံ့တွန့် ရွံ့တွန့်ကို မရှိဘူး၊ မြတ်စွာဘုရားဟောတော်မူတဲ့ သာသနာ ဆိုတာ သစ္စာလေးပါးစတဲ့ တရားတော်တွေ,အဆုံးအမတော်တွေပဲ။

**ကိုယ်တိုင်သိမြင် ယုံကြည်ခြင်း။**

။**"အပရပ္ပစ္စယော-သူတစ်ပါးကို ယုံကြည်၍ မြတ်စွာဘုရားကို ကိုးကွယ်ခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင် ယုံကြည်ခြင်း ရှိသည်"** တချို့က အပြောကောင်းလို့ ယုံကြည်တာ၊ ပြီးတော့ သူတစ်ပါးကို ယုံကြည်တာနဲ့လဲ ကြည်ညိုတယ်၊ ခုကာလ ဘုန်းကြီးတစ်ပါးကို

ကိုယ်တော့ တယ်အကြောင်းမသိပါဘူး၊ ဘယ်သူက ပြောတာနဲ့ ငါလဲ ကြည်ညိုလိုက်မိတာပဲ၊ **အရှင်ကောဏ္ဍညက** ဒီလိုကြည်ညိုမျိုး မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို သူကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိလို့သာ ဘုရားကို ကြည်ညိုတာ၊ အဲဒါကြောင့် **"အပရပ္ပစ္စယော-သူတစ်ပါးကို ယုံကြည်၍ ကိုးကွယ်ဆည်းကပ်ခြင်း မဟုတ်ဘဲ ကိုယ်တိုင်ပင် သိမြင်ပြီးသည်ဖြစ်၍၊ ဘဂဝန္တံ-မြတ်စွာ ဘုရားကို၊ ဧတံ ဝစနံ-ဤစကားကို၊ အဝေါစ-လျှောက်ပြီ"။**

**နဂိုက ရသေ့ အခုမှ "ဘန္တေ-မြတ်စွာဘုရား၊ အဟံ-တပည့်တော် ရဟန်းအဖြစ်တောင်း သည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သန္တိကေ-အထံတော်၌၊ ပဗ္ဗဇ္ဇံ-ရှင်အဖြစ်ကို၊ လဘေယျံ-ရပါရစေဘုရား၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သန္တိကေ-အထံတော်၌၊ ဥပသမ္ပဒံ-အထက်တန်း ရဟန်းအဖြစ်ကို၊ လဘေယျံ-ရလိုပါ၏,ရပါရစေဘုရား"**လို့ ရဟန်းပြုခွင့်တောင်းတာ၊ နဂိုတုန်းက ရသေ့, ယခုမှ ရဟန်းပြုခွင့်တောင်းတာ၊ ဒီတော့မှ ဘုရားရှင် ကိုယ်တော်မြတ်က **"ဘိက္ခု-ရဟန်း၊ ဧဟိ-သင်အလိုရှိတဲ့ ရှင်အဖြစ်, ရဟန်းအဖြစ်ကို လက်ခံလော့"**လို့ မိန့်တော်မူတယ်။

## ပေါ်ဘိက္ခုရဟန်းဖြစ်ပုံ

**"သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ"**တိ။

**"မယာ-ငါဘုရားသည်၊ ဓမ္မော-သစ္စာလေးပါးတရားကို၊ သွာက္ခာတော-ကောင်းစွာဟောတော်မူအပ်ပြီ၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခဿ-ဝဋ်ဒုက္ခ၏၊ အန္တကိရိယာယ-အဆုံးကို ပြုခြင်းအကျိုးငှာ၊ ဗြဟ္မစရိယံ-အကောင်းမြတ်ဆုံးဖြစ်တဲ့ သာသနာ့ဗြဟ္မစရိယကို၊ စရ-ကျင့်ကြံ ကြိုးကုတ် အားထုတ်ပေတော့"**လို့ ဘုရားက အပ်နှင်းတော်မူတယ်။

**"ဖေဟိ ဘိက္ခု–သင်အလိုရှိတဲ့ ရဟန်းအဖြစ်ကို လက်ခံ, ဒုက္ခ ကုန်အောင် ဒုက္ခဆုံးအောင် ငါဘုရားအထံ လာပြီးတော့ အမြတ်ဆုံး ဖြစ်တဲ့ ဗြဟ္မစရိယဆိုတဲ့ အကျင့်ကို ကျင့်လှည့်, အထက်မဂ်တရားကို ရအောင် ကျင့်လှည့်"** လို့ မိန့်တော်မူတယ်၊ အဲဒီလို မြတ်စွာဘုရားက အမိန့်ရှိတဲ့ စကားတော်ထဲမှာ **"ဖေဟိ ဘိက္ခု"** ဆိုတဲ့ စကားကို ထောက်ပြီးတော့ **"ဖေဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိတယ်"** လို့ အားလုံး အသိအမှတ်ပြုကြတယ်။

**ရဟန်းအစ ကောဏ္ဍညက။** ။**"သာဝ–ထိုမြတ်စွာဘုရားက ဖေဟိ ဘိက္ခုဟု ခေါ်တော်မူခြင်းကြောင့် ရရှိတဲ့ ရဟန်းအဖြစ်သည်ပင်၊ တဿ အာယသ္မတော–ထိုအရှင် ကောဏ္ဍည၏၊ ဥပသမ္ပဒါ–ရဟန်းအဖြစ်သည်၊ ဟောတိ–ဖြစ်လေ တော့သတည်း"** အဲဒီကျမှ ရဟန်းဖြစ်တာ, အဲဒီမှာမှ ရဟန်းဆိုတဲ့ ပုဂ္ဂိုလ် ပေါ်လာတယ်။

**ရတနာသုံးလီ ယုံကြည်စရာ။** ။ဒီနားမှာ နည်းနည်းကလေး စဉ်းစား ကြည့်ကြဦးစို့၊ **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ဆိုပြီးတော့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သင့်တယ်၊ ယုံကြည် အားထားသင့်တယ်၊ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရားမှာ လောဘ, ဒေါသ,မောဟဆိုတဲ့ မကောင်းတဲ့စိတ် အညစ်အကြေးတွေ မရှိဘူး၊ ပြီးတော့ မသိတာရယ်လို့ မရှိဘူး၊ ဘာမဆို အကုန်သိမြင်နိုင်တယ်၊ အဲဒီလို သိတဲ့အတိုင်း သတ္တဝါတွေကို တစ်ဆင့် သိနားလည်အောင် မနားမနေ ဟောတော်မူတယ်၊ ပြီးတော့ တရားတော်ဆိုရင်လဲ ဘယ်လောက် ယုံကြည်သင့်လဲ၊ ဒီမေ္ဃစကြာတရား တစ်မျိုးတည်း ကိုပဲ ဘယ်လောက် ဆည်းကပ်ကိုးကွယ်စရာ ကြည်ညိုစရာကောင်း သလဲ၊ ဒီတရားကို ကိုယ့်သန္တာန်မှာဖြစ်အောင် ဘယ်လောက် ကြိုးစားစရာ ကောင်းသလဲ၊ ဥပမာအားဖြင့် မဂ္ဂသစ္စာဆိုတဲ့တရားကို

ကိုယ့်သန္တာန်မှာ ဖြစ်စေရမယ်ဆိုတဲ့အတိုင်း ဘယ်လောက် ကြိုးစားစရာ ကောင်းသလဲ၊ **"ဓမ္မံ သရဏံ ဂစ္ဆာမိ" "ဓမ္မံ-မြတ်စွာဘုရားဓမ္မစကြာ တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏၊ သံဃံ-အရိယာဖြစ်ပြီးသော အရှင်ကောဏ္ဍညကဲ့သို့သော သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏" အရှင်ကောဏ္ဍည**ဆိုရင် သောတာပန်အဆင့်ကနေပြီး ရှေ့တိုးတက်ပြီးတော့ သကဒါဂါမ်, အနာဂါမ်, ရဟန္တာအထိ ဖြစ်သွားတယ်၊ ဖောက်ပြန်စရာ,ပြောင်းလွဲစရာ,နောက်ဆုတ်စရာ မရှိတော့ဘူး။

**ရုပ်တုတော် ကိုးကွယ်နည်း။** ။အဲဒီတော့ ဘုရား,တရား,သံဃာရတနာသုံးပါး ကိုးကွယ်တယ်ဆိုတာ ဒီရတနာမျိုးကို ပြောတာ၊ ဒီလိုရတနာမျိုးကို ပြောတာ၊ ဒီလောက် နှစ်နှစ်ကာကာ နားလည်တဲ့ပုဂ္ဂိုလ်က ဆင်းတုတော်, စေတီတော်များကို ကိုးကွယ်ပြီဆိုရင် တကယ်ရိုရိုသေသေ ကိုးကွယ်တယ်၊ အင်မတန် သပ်သပ်ပါယ်ပါယ်ဖြစ်အောင် သပ်သပ်ယပ်ယပ်ဖြစ်အောင် စီမံထားတယ်၊ ဘုရားရဲ့ အရိုးတော်တွေ (ပရိနိဗ္ဗာန်စံသွားလို့ ကျန်ရစ်တဲ့ အရိုးတော်တွေ)ကို ဌာပနာထားတဲ့ ဆင်းတုတော်နော်၊ အင်း-မြတ်စွာဘုရား၏ ပုံတော်ကို အတုခိုးပြီးတော့ စီမံပြုလုပ်ထားတဲ့ ရုပ်ပုံတော် ရုပ်တုတော်နော်၊ အတုတော်နော်၊ ဘုရားလောက်တော့ ဘယ်သပ္ပာယ်မလဲ၊ ဒါပေမယ်လို့ ဒီရုပ်တုတော်မြင်ရတော့ ဘုရားကို သတိရလွန်းလို့ ဟိုအိမ်မှာ အမေ့ဓာတ်ပုံ အဖေ့ဓာတ်ပုံမြင်ပြီးတော့ အဖေသတိရလို့, အမေသတိရလို့၊ အဲ-အမေက ဒီလိုပြောသွားတယ်၊ အဖေက ဒီလို ပြောသွားတယ်၊ အဲဒီလိုအနေမျိုးနဲ့ပေါ့လေ၊ အမေသတိရ·အဖေသတိရတော့ အမေ အဖေစကားတွေနားထောင်လို့၊ အဲဒီတော့ ဘုရားရုပ်ပွားတော် ကိုးကွယ်ပူဇော်တာလဲ ဒီနည်းအတိုင်း ပူဇော်ကြရတယ်။

**တရား,သံဃာပူဇော်နည်း။** ။အဲဒါကြောင့် ရုပ်ပုံ ရုပ်ပွား ဆင်းတုတော်များကို အိမ်မှာ ပူဇော်ကြတဲ့အခါ အင်မတန်သပ္ပာယ်အောင် ပူဇော်ပြီး ထားရမယ်၊ ဒီလို အင်မတန် သပ္ပာယ်အောင် ပူဇော်ထားရင် သက်တော်ထင်ရှားရှိတဲ့ ဘုရားအစစ်ကို စိတ်ထဲမှာ ပိုမြင်လွယ်တယ်၊ ပိုသတိရလွယ်တယ်၊ ပြီးတော့ တရားပူဇော်တဲ့အခါမှာလဲ ဒီလို ဓမ္မစကြာတို့လို, အနတ္တလက္ခဏ သုတ်တို့လို ဒီလိုတရားတော်တွေ ပူဇော်လို့၊ အဲဒါ အင်မတန် ကောင်းတယ်၊ အင်မတန် လူဖြစ်ရကျိုးနပ်တယ်၊ သံဃာတော်ကို ပူဇော်ပြန်တော့လဲ ခုနက ဘုရားရုပ်တုတော် ရုပ်ပွားတော်နဲ့ သက်တော်ထင်ရှားရှိတဲ့ တကယ့်ဘုရားအစစ် ကွာသလို, အရိယာ သံဃာနှင့် ပုထုဇဉ်သံဃာ ကွာတယ်၊ ရုပ်တုတော် ထုတဲ့သူက ကျောက်ဆစ်သမားကဖြစ်ဖြစ်, ပန်းပုသမားကဖြစ်ဖြစ် အထုကောင်း လေ ရုပ်တော်က သပ္ပာယ်လေ, ကြည်ညိုစရာကောင်းလေ၊ အထု မကောင်းလေ စိတ်ပျက်စရာကောင်းလေ။

**ရဟန်း,သာမဏေများ စဉ်းစားစရာ** အဲဒီလိုပဲ ယခု အရိယာအဖြစ်သို့ မရောက် သေးတဲ့ ပုထုဇဉ်သံဃာတွေက အတုတွေ, အရုပ်တွေ, အရိယာသံဃာတွေရဲ့ အရုပ် တွေ, အတုတွေ၊ ဒီတော့ ဆရာသမားတွေက အပြုအပြင်မကောင်းလေ စိတ်ပျက်စရာ အရုပ်တွေ ဖြစ်နေလေ၊ အဲဒါကြောင့် ဘုန်းကြီးတို့ ပုထုဇဉ်သံဃာတွေ သမ္မုတိသံဃာတွေ စာသင်သားဘဝနဲ့ ဆရာသမား ဘဝအဖြစ် နေထိုင်ကြတဲ့ ဘုန်းကြီး, ရဟန်း, သာမဏေတွေအားလုံး စဉ်းစားကြရမယ်၊ ငါတို့တစ်တွေ အရိယာမဖြစ်သေးသမျှ ရှက်စရာ ကြီးပါလား၊ တို့တစ်တွေဟာ အရိယာသံဃာရဲ့ အတုရုပ်တွေပါလား၊ အတုရုပ်အနေနဲ့ သံဃာလို့ ခေါ်ဝေါ်သမုတ်ထားတဲ့ သမ္မုတိသံဃာ တွေပါလား၊ ဘယ်နည်းနဲ့မှ မဖောက်ပြန်နိုင်တဲ့ အစစ်အမှန် ပရမတ္ထ

အရိယာသံဃာ မဟုတ်သေးပါလား၊ အရိယာပုဂ္ဂိုလ်တွေကျတော့ ဘယ်အာရုံနဲ့တွေ့တွေ့ မဖောက်ပြန် မပြောင်းလဲနိုင်တဲ့ ပရမတ္ထသံဃာ, သံဃာအစစ်၊ တို့ကျတော့ သမ္မုတိသံဃာတဲ့, သံဃာလို့ သမုတ်ထားတယ်တဲ့၊ နာမည်တပ်ပုံကလဲ တို့ ရှက်စရာကြီး၊ တို့ ဒီလို ပေါ့ပေါ့ဆဆလေးများ နေထိုက်သလားလို့ အဲဒီလို ဘုန်းကြီးတို့ အတုဖြစ်တဲ့ သံဃာများမှာ အင်မတန်မှ သတိထားစရာကောင်းတယ်၊ ကိုးကွယ်တဲ့ ဒကာတွေကလဲပဲ ရုပ်ပွားတော် ကိုးကွယ်တဲ့အခါ တော်တော်လေး သပ္ပာယ်တဲ့, တော်တော်လေး ကောင်းတဲ့ ရုပ်တုတော်ဖြစ်အောင် ပြင်ဆင်ပေးရသလို, ကိုယ့်ပုထုဇဉ်သံဃာတွေကိုလဲ **"ကိုယ်တော်တို့– ကောင်းကောင်း နေကြပါ, ကောင်းကောင်း နေကြပါ"**လို့ ပြုပြင်ပေးလို့, သံဃာတော်တွေကလဲ **"တို့ကောင်းကောင်းနေမှ ဖြစ်မယ်"** ဆိုပြီး ကိုယ့်ကိုယ်ကို ပြုပြင်လို့, အဲဒါမှသာ ဆရာရော ဒကာပါ ယခုဘဝ နောက်ဘဝမှာ အားလုံးအကျိုးရှိမယ်၊ အဲဒီတော့ကာ ကိုးကွယ်ဆည်းကပ်တဲ့အခါ ဘုရားရတနာနဲ့ ဓမ္မစကြာ အစရှိတဲ့ တရားရတနာ, **အရှင်ကောဏ္ဍည** အစရှိတဲ့ မဖောက်ပြန်တော့တဲ့ အရိယာသံဃာရတနာတွေကို အာရုံပြုပြီး–

**ဆရာဒကာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ**

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"**လို့ဆိုပြီး အဲဒီဗုဒ္ဓ, အဲဒီဓမ္မ, အဲဒီသံဃာတွေကို ကိုးကွယ်ရမှာပါ၊ ယခုလို အပြောင်းအလွဲရှိနိုင်တဲ့ ပုထုဇဉ်သံဃာတွေ ဆိုတာကတော့ နောင်ရေး, နောင်ဘဝရေးကို သာသနာ့ဝန်ထမ်းနေတဲ့ ပုဂ္ဂိုလ်တွေလို့ဆိုပြီးတော့ အားပေးကြရမယ်၊ ဒကာ–ဒကာမတွေက အားပေးကြရမယ်၊ အဲဒီလို အားပေးကြတဲ့အတွက် ဒကာ–ဒကာမတွေမှာ ကုသိုလ်တွေပွားလို့, မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တွေ ပွားလို့၊ ပြီးတော့ ဒီကသံဃာတော်တွေကလဲ စိတ်ကောင်းကောင်းထား,

ကောင်းကောင်းနေထိုင်, ကောင်းကောင်းကျင့်ကြတဲ့အတွက် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တွေပွားလို့, အဲဒီလို ဆိုတော့ကာ ဆရာရော ဒကာပါ **"ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"**ဆိုသလို အချင်းချင်း အားထား, ကုသိုလ်တွေပွားပြီးတော့ ဓမ္မစကြာမှာပါတဲ့ သစ္စာလေးပါးကို မျက်စိနဲ့ မြင်သလို ဉာဏ်နဲ့ မြင်ကြရလိမ့်မယ်။

**သာဂါရာ အနာဂါရာ စ, ဉဘော အညောညနိဿိတာ၊**

**အာရာဓယန္တိ သဒ္ဓမ္မံ, ယောဂက္ခေမမနုတ္တရံ။**

သာဂါရာစ–အိမ်ရာတည်ထောင်, လူတို့ဘောင်၌ နေကြကုန်သော လူဝတ်ကြောင် သူတော်ကောင်းတို့သည်လည်းကောင်း၊ အနာဂါရာစ– အိမ်ရာ မထောင်, သာသနာ့ဘောင်၌ နေကြကုန်သော ရဟန်း သူတော်ကောင်းတို့သည်လည်းကောင်း၊ ဉဘော–ဆရာဒကာ နှစ်မျိုးတို့သည်၊ အညောညနိဿိတာ–ကိုင်းကိုကျွန်းမှီ, ကျွန်းကိုင်းမှီသို့, ပမည်မယွင်း, အချင်းချင်း အားထားကြကုန်လျက်၊ ယောဂက္ခေမံ– ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ,အဝိဇ္ဇာယောဂဆိုတဲ့ ယောဂတို့၏ ပျောက်ပျက်ကုန်ဆုံးရာဖြစ်သော၊ အနုတ္တရံ–အတုမရှိ မြတ်သော၊ သဒ္ဓမ္မံ–သစ္စာလေးတန်, မဂ်ဖိုလ်နိဗ္ဗာန်ဟူသော သူတော်ကောင်းတရားကို၊ အာရာဓယန္တိ–ကိုယ်စီကိုယ်ငှ ,ပြီးစီးနိုင်ကြစေကုန်သတည်း။

**ဝိသာခါလျှောက်တဲ့စကား။** ။ဘုရားရှင် လက်ထက်တော်တုန်းက သာသနာတော်တွင်းက **အရှင် သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်,အရှင်မဟာကဿပ**တို့ အမှူးရှိတဲ့ သံဃာတော်များစွာ အတွင်းလမ်းကနေပြီးတော့ သူတော်ကောင်းတရားတွေ ပြီးစီးအောင် ကြိုးစားတော်မူခဲ့ကြတယ်၊ **အနာထပိဏ်**သူဌေး, **ဗိမ္ဗိသာရ**မင်းတို့, **ဝိသာခါ**တို့ အဲဒီလို သူတော်ကောင်းတွေက အပြင်လမ်းက နေပြီးတော့ သာသနာတော်ကို ကူညီထောက်ပံ့ခဲ့ကြတယ်၊ အဲဒီတုန်းက

**ဝိသာခါ**တို့များ ဘယ်လောက် အမြင်ကျယ်သလဲလို့ဆိုတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ “**အာဂန္တုတွေများ ကြွလာလို့ ရှိရင် တပည့်တော် အမြဲဆွမ်းကပ်ပါရစေဘုရား**”တဲ့၊ “**ဝိသာခါ– သင်က ဘယ်အကျိုးထူးကို မြင်လို့ အာဂန္တုက လာသမျှ ဆွမ်းကပ်ချင်သတုန်း**”လို့ မြတ်စွာဘုရားက မေးတော့ “**တပည့်တော်များက နောင်ကျတော့ ဘယ်ရဟန်းဖြင့် ပရိနိဗ္ဗာန်စံသွားသတဲ့လို့ ကြားရတဲ့ အခါမှာ အဲဒီရဟန်း သာဝတ္ထိပြည် ကြွလာဖူးပါသလားလို့ မေးပါမယ် ဘုရား၊ အဲဒီလို မေးလို့ ကြွလာဖူးပါတယ်ဆိုတာ သိရတဲ့အခါ အဲဒီ ကိုယ်တော်မြတ်ဖြင့် ငါ့ရဲ့ဆွမ်း ဘုဉ်းပေးဖူးပြီဆိုပြီး အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါလိမ့်မယ်ဘုရား၊ အဲဒါကြောင့် ကြွလာ သမျှ အာဂန္တုရဟန်းကို တပည့်တော် ဆွမ်းကပ်ပါရစေဘုရား**”လို့ လျှောက်ပါတယ်။

ဒါကြောင့် “**သာဂါရာစ–အိမ်ရာတည်ထောင်, လူတို့ဘောင်၌ နေကြသော ဗိမ္ဗိသာရမင်း,အနာထပိဏ်သူဌေး,ဝိသာခါ အစရှိတဲ့ လူ့ဝတ်ကြောင်တို့သည်လည်းကောင်း၊ အနာဂါရာစ–အိမ်ရာမထောင်, သာသနာ့ဘောင်၌ နေကြကုန်သော အရှင်သာရိပုတ္တရာ, အရှင် မောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင်အာနန္ဒာ အစရှိတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည်လည်းကောင်း၊ ဥဘော–ဆရာဒကာ နှစ်ဦးတို့ သည်၊ အညောညနိဿိတာ–ကိုင်းကိုကျွန်းမှီ, ကျွန်းကိုင်းမှီသို့, ပမည်မယွင်း, အချင်းချင်း အားထားကြကုန်လျက်**” အကယ်၍များ **ဝိသာခါ**တို့, **အနာထပိဏ်**တို့, **ဗိမ္ဗိသာရ**တို့လို ခေါင်းဆောင်တွေ မရှိဘူး, နောက်လိုက်တွေလဲ မရှိဘူးဆိုရင် ဒီသာသနာတော်မြတ် ကြီးဟာ ကြာကြာ တည်နိုင်စရာ မရှိပါဘူး။

**နောက်ဆုံးကျမှ ဆွမ်းခံကြွသော အရှင်သာရိပုတ္တရာ** ယခုတော့ အပြင်ဘက်ကနေပြီးတော့ ဒကာတွေကလဲ အားတက်သရော ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကို ချီးမြှောက်ခဲ့ကြတယ်၊ ပြီးတော့ အတွင်းဘက်ကနေပြီးတော့ **အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်**တို့ကလဲ ရဟန္တာဖြစ်ပြီးတဲ့အချိန်မှာ သူတို့ရဲ့ရဟန်းကိစ္စ ပြီးဆုံးသွားပေမယ်လို့ အေးအေးဆေးဆေး ကြောင့်ကြမဲ့မနေကြဘူး၊ သာသနာ့တာဝန်ကို ကြိုးကြိုးစားစား ထမ်းဆောင်တော်မူကြတယ်၊ ကြီးကြီးမားမားကိစ္စကို မဆိုထားနဲ့, သေးသေးဖွဲဖွဲ ကိစ္စပါမချန် ကြောင့်ကြစိုက်တော်မူကြတယ်၊**အရှင်သာရိပုတ္တရာ**ဆိုရင် ဆွမ်းခံကြွတာကိုပဲ အားလုံးရဲ့ နောက်ဆုံးမှ ကြွတော်မူတယ်၊ အားလုံး ဆွမ်းခံကြွကြတဲ့အချိန်မှာ ကိုယ်တော်မြတ်က နောက်ချန်ပြီးတော့ သိမ်းစရာရှိတာ သိမ်း, အမှိုက်သရိုက်တွေ ရှင်းစရာရှိရင် ရှင်းပြီးမှ ဆွမ်းခံကြွတော်မူတယ်၊ ဘယ်နားထားတာကလေးက မသပ်ရပ်ဘူး, ကြည့်လို့မကောင်းဘူးဆိုပြီးတော့ **အရှင်သာရိပုတ္တရာ**က ပြုပြင်ပြီးတော့ ထားတော်မူတယ်၊ သာသနာကို ကျက်သရေရှိစေချင်လွန်းလို့ **အရှင်သာရိပုတ္တရာ**က အားလုံး ဆွမ်းခံထွက်ပြီးတဲ့နောက် ကျောင်းတိုက်ထဲ သိမ်းပြုပြီးတော့,ရှင်းလင်းစရာရှိတာ ရှင်းလင်းပြီးတော့မှ ဆွမ်းခံကြွတော်မူတယ်၊ ရဟန္တာဖြစ်ပြီးသား,ရဟန္တာဖြစ်ပြီးသား။

အနင်္ဂဏရာစ–အိမ်ရာမထောင်, သာသနာ့ဘောင်၌ ခေါင်းဆောင်ရှေ့သွား **အရှင်သာရိပုတ္တရာ**အစရှိတဲ့ သူတော်ကောင်းတို့သည်လည်းကောင်း၊ ဥဘော–ဆရာဒကာ နှစ်ဦးတို့သည်၊ အညောညနိဿိတာ–ကိုင်းကိုကျွန်းမှီ,ကျွန်းကိုင်းမှီသို့,ပမည်မယွင်း,အချင်းချင်းအားထားကြကုန်လျက်၊ ယောဂက္ခေမံ–တစ်ဘဝနှင့်တစ်ဘဝ ကြိုးနှင့် ချည်သကဲ့သို့ချည်တတ်တဲ့လောဘ,မောဟ,ဒိဋ္ဌိဆိုတဲ့ ယောဂတရားတို့၏ ကုန်ရာဖြစ်သော၊ အနုတ္တရံ–အတုမရှိမြတ်သော၊ သဒ္ဓမ္မံ–သူတော်ကောင်းတရားကို၊ အာရာဓယန္တိ –ကိုယ်စီကိုယ်ငှ, ပြီးစီးနိုင်ကြစေကုန်သတည်း။

ကိုင်း–ဓမ္မစကြာတရားကို ဘုန်းကြီးတို့ နိဂုံးအုပ်ကြစို့ရဲ့၊ ဘုန်းကြီး နဂိုတုန်းက ပါဠိတော်ကို တစ်ရက်သတ်သတ်, အဓိပ္ပာယ်ကို သုံးရက်လောက်နဲ့ ပြီးလိမ့်မယ်လို့ မှန်းခဲ့ပေမယ့် ဒုက္ခသစ္စာ, သမုဒယသစ္စာဆိုတဲ့ သစ္စာနှစ်ပါးက တစ်ရက်ရခဲ့ရော၊ နိရောဓသစ္စာ ဆိုတဲ့ နိဗ္ဗာန်အကြောင်း ကောင်းကောင်း မသိမှာစိုးလို့ တစ်ရက် သတ်သတ် ဟောခဲ့ရတယ်၊ မဂ္ဂသစ္စာအကြောင်း မသိမှာစိုးလို့ တစ်ရက်သတ်သတ် ဟောခဲ့ရရော၊ သစ္စာလေးပါးက တစ်ရက်နဲ့ ပြီးလိမ့်မယ်လို့ မှန်းခဲ့ပေမယ့် တစ်ရက်တည်းနဲ့ မပြီးဘဲ သစ္စာလေးပါး သုံးရက် ကြာခဲ့တယ်၊ ဒီအတွက်ကြောင့် ဒီမှန်းတဲ့ရက်ဟာ ပိုပြီးတော့ ယနေ့မှ ပြီးရတယ်။

**တဏှာလောဘ လျှော့အောင်လုပ်ကြ**။ ။ဒါကြောင့် ဓမ္မစကြာတရား ကို နာရုံနဲ့ပြီးတဲ့တရားလို့ သဘောမထားဘဲနဲ့ ဓမ္မစကြာတရား နာရင်းနာရင်း ဘုန်းကြီးပြောခဲ့တဲ့ အတိုင်း ဒုက္ခသစ္စာခန်းနာလို့ရှိရင် ဒုက္ခတွေကို ဉာဏ်နဲ့မြင်အောင် ကြိုးစားလို့၊ သမုဒယသစ္စာခန်း နာလို့ရှိရင် တဏှာလောဘတွေ နည်းအောင်လုပ်ရတယ်နော်၊ ပစ္စည်းဉစ္စာရှာပေမယ်လို့လဲ လောဘတွေ သိပ်ကြီးပြီး မတရားတဲ့နည်းလမ်းနဲ့ မရှာနဲ့၊ ငါပစ္စည်းဉစ္စာ ရှာတာဟာ မရှိဆင်းရဲတဲ့ လူတွေကို တတ်နိုင်သလောက် ပေးနိုင် ကမ်းနိုင်အောင် မြတ်စွာဘုရား သာသနာတော်ကြီးကို ထောက်ပံ့နိုင်တန်သရွေ့ ထောက်ပံ့နိုင်အောင် ရှာတယ်လို့ ဒီလိုသဘောထားနဲ့ဆိုရင် တဏှာက လျှော့လျှော့သွားပြီးတော့ သစ္စာလေးပါးဆိုတဲ့ သဒ္ဓမ္မကို သိဖို့ရန် တော်တော် နီးကပ်သွားတယ်၊ ဒါကြောင့် တဏှာ သမုဒယခန်း ရောက်လို့ရှိရင် အဲ–ဝတ္တရားအတိုင်းတော့လေ သားတွေ, သမီးတွေ, မိဘဆွေမျိုးတွေ စောင့်ရှောက်ရတယ်၊ ဒါပေမယ်လို့ တဏှာလောဘ သံယောဇဉ်နား မကပ်နဲ့နော်, မကပ်နဲ့၊ သို့သော် ဝတ္တရားအတိုင်း

စောင့်ရှောက်ရမယ်နော်၊ အဲဒီလိုဆိုလို့ရှိရင် တဏှာလောဘသမုဒယ တွေ နောက်ဆုတ် နောက်ဆုတ်သွားတယ်။

နိရောဓသစ္စာ နိဗ္ဗာန်တရားအကြောင်း နာပြီဆိုလို့ရှိရင် အင်း– ပုထုဇဉ်တွေကလေ နိဗ္ဗာန်ဟာ ခံစားစရာ မရှိဘူးတဲ့, နိဗ္ဗာန်ကို မကြိုက်ဘူးတဲ့၊ ခံစားချင်တဲ့လူတွေ ဒုက္ခနဲ့ တွေ့ကြရော၊ ခံစားချင် လိုက်တာ, ဒုက္ခနဲ့ တွေ့ရော၊ နိဗ္ဗာန်ဟာ ခံစားစရာ အာရုံငါးပါး မရှိလို့ သူတို့က ကြောက်သတဲ့၊ ဒါပေမယ့် အာရုံငါးပါး ခံစားချင်တဲ့ သူတွေဟာ လောဘကြီးသလောက် ဒုက္ခတွေ ပင်လယ်ဝေနေတယ် မဟုတ်လား၊ အဲဒါကြောင့် ဒီဒုက္ခတွေရဲ့ အကြောင်းရင်း တဏှာ လောဘ ကုန်ခန်းလို့ နိဗ္ဗာန်ကို မြင်မှသာ ဒုက္ခအားလုံးကုန်မယ်နော်။

**မဂ္ဂသစ္စာဖြစ်အောင် ကြိုးစား။** ။ မဂ္ဂသစ္စာအကြောင်း ဟောနေတာကို နာတဲ့အခါကျတော့လဲ ဥပမာ– ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုပါတော့၊ ငါဟာ ဘုရားအာရုံပြုတဲ့အခါ မြတ်စွာဘုရားကို အာရုံရောက်ပြီးတော့ သမ္မာဒိဋ္ဌိဖြစ်တယ်၊ မြတ်စွာ ဘုရားရဲ့ ဂုဏ်တော်တွေ ငါစဉ်းစားပြီးတော့ သမ္မာသင်္ကပ္ပဖြစ်တယ်၊ မြတ်စွာဘုရားနဲ့စပ်တဲ့ ဝေယျာဝစ္စကို ငါဆောင်ရွက်ပြီးသကာလ သမ္မာကမ္မန္တဖြစ်တယ်၊ ငါ့ရဲ့ အသက်မွေးဝမ်းကျောင်းလေးဟာ သမ္မာအာဇီဝဖြစ်ရမယ်၊ အဲသလို သတိရလို့ သမာဓိတည်လို့, ဘုရားရှေ့မှာ တရားနာလို့, ဘုရားရှေ့မှာ ဘုရားအာရုံပြုလို့၊ အဲသလို နေကြလို့ရှိရင်–

**အာရာဓယန္တိ သဒ္ဓမ္မံ, ယောဂက္ခေမမနုတ္တရံ။**

ယောဂက္ခေမံ–ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ,အဝိဇ္ဇာယောဂ ဆိုတဲ့ တဏှာ,အဝိဇ္ဇာ,ဒိဋ္ဌိတို့၏ ကုန်ခန်းရာဖြစ်သော၊ အနုတ္တရံ–အတု မရှိ မြတ်သော,အမြတ်ဆုံးဖြစ်သော၊ သဒ္ဓမ္မံ–သစ္စာလေးပါး,မဂ်ဖိုလ် တရားတည်းဟူသော သဒ္ဓမ္မကို၊ အာရာဓယန္တိ–ပြီးစီးစေနိုင်ကြကုန်၏။

အဲဒီလို မြတ်စွာဘုရား တိုက်တွန်းတဲ့အတိုင်း ငါတို့ဟာ ယခုရရှိတဲ့ လူ့ဘဝမှာ အင်မတန်ကောင်းတဲ့ ပါရမီဖြည့်ရုံတင် မဟုတ်ဘူး၊ အကြောင်းများ ညီညွတ်လို့ အကယ်၍ ပါရမီရင့်ပြီးသားဆိုလို့ရှိရင် မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဘဝမျိုး ဖြစ်ရမယ်၊ ကိုယ့်ရဲ့ဘဝကို တန်ဖိုးရှိတဲ့ဘဝမျိုး ဖြစ်စေရမယ်၊ ပြီးတော့ ကိုယ် သာသနာပြုတဲ့ကိစ္စဟာ သန့်သန့်ရှင်းရှင်းနဲ့ သာသနာတိုးတက်စေတာ ဖြစ်ရမယ်၊ ယခု သာသနာ စလာပုံကို သိပြီလေ၊ ဘုရားပွင့်တော်မူလာတယ်, ဓမ္မစကြာတရားကို ဟောတော်မူတယ်၊ အင်မတန် အဖိုးတန်တဲ့ သစ္စာလေးပါးတရားကို **အရှင်ကောဏ္ဍည** မထေရ်ကြီးတို့ မြင်တော်မူရတယ်၊ အဲဒီတော့ သာသနာဟာ ဒါပဲ, ဘုရား, တရား, သံဃာဆိုတာ ဒါပဲလို့ ထင်ထင်လင်းလင်းသိရတယ်။

**ဆရာဒကာ ညီညာကြိုးပမ်း။** ။အဲဒီ သာသနာကြီး မကွယ်အောင် ငါပြုမယ်၊ အဲဒီ သာသနာကြီး တိုးတက်အောင် ငါပြုမယ်၊ အဲဒီ ငါရာတဲ့ ပစ္စည်းဥစ္စာတွေဟာ သာသနာရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ဖြစ်စေရမယ်၊ ဝတ္တရားအတိုင်း သားသမီးတွေ မြေးတွေကိုလဲပဲ စောင့်ရှောက်မယ်ပေါ့၊ အဲဒီ ဝတ္တရားတွေလဲ ကျေပွန်လို့ သာသနာတော်ကြီးကိုလဲ ချီးမြှောက်လို့, အဲဒါမှသာ ပါရမီတွေ ပြည့်ပြီးတော့ မိမိတို့ရဲ့ လူ့ဘဝဟာ အဖိုးအတန်ဆုံး လူ့ဘဝ ဖြစ်လာမယ်၊ ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်း ရဟန်းတွေကလဲ ကိုယ့်ကျောင်းကိုယ့်ကန်တွေ သာယာနေတာမျိုး, ဘုန်းကြီးတယ်ဆိုပြီး မာနတက်တာမျိုးဟာ ငါတို့ရဲ့ သီလသိက္ခာကို မည်းညစ်စေတတ်ပါကလားလို့, တို့ဟာ စင်စစ် ပရိယာယ်မာယာ ဟန် မပါဘဲနဲ့ ဘုရားသာသနာတော်ကို တို့ ဆရာ တပည့်တစ်စု ကောင်းကောင်း ရွက်ဆောင်ကြလို့ရှိရင် ဒီဘဝမှာ ပါရမီတွေ ရင့်သွားမယ်၊ အကယ်၍များ ဒီထဲက တချို့တလေ ပုဂ္ဂိုလ်တွေက

တရားထိုင်ရင် တရားမရဘူးလို့ မဆိုနိုင်ဘူး၊ တရား အင်မတန် ကောင်းနေတယ်၊ တရား အင်မတန် လမ်းမှန်ကျနေတယ်၊ အဲဒီ အမှန်ဆုံးဖြစ်တဲ့ တရားကို တို့ ဒီဘဝမှာသာ တွေ့ရမှာ, နောက်ဘဝ ဆိုလို့ရှိရင် သာသနာတော် ပျောက်ကွယ်သွားချင်သွားမယ်၊ နောက် ဘဝမှာ ဘုရားရဲ့ အဆုံးအမတရားတော်တွေ ငါတို့ မြင်ချင်မှ မြင်ရတော့မယ်၊ အဲဒါကြောင့် တို့ဟာ အကောင်းဆုံး ဘဝမှာ အကောင်းဆုံး သာသနာ့ဝန်ထမ်းမယ်လို့ အဲဒီလို ကြိုးစားပြီးသကာလ အတွင်းကနေတဲ့ **အနာဂါရ**ဆိုတဲ့ အိမ်ရာမထောင် သူတော်ကောင်းများ ကလဲပဲ **သဒ္ဓမ္မ**ဆိုတဲ့ သူတော်ကောင်းတရားကို ဖြစ်စေရမယ်၊ **သာဂါရ**ဆိုတဲ့ အိမ်ရာတည်ထောင် လူ့ဘောင်ကနေပြီးတော့ သာသနာ ပြုတဲ့ ဒကာ–ဒကာမတစ်စုကလဲပဲ သာသနာတော်ကို တိုးတက်စေရ မယ်, တို့ပါရမီဟာ ရင့်သန်စေရမယ်လို့ အဲဒီလို နှလုံးထားပြီး သကာလ ကိုယ်စီကိုယ်ငှ အားရပါးရ ဝမ်းမြောက်ဝမ်းသာနဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်ကို ကြည်ကြည်ညိုညိုနဲ့ ချီးမြှောက် နိုင်ကြစေကုန်သတည်း။

**သာဓု...သာဓု...သာဓု။**

**ပဉ္စမနေ့ ပြီး၏။**

**ဓမ္မစကြာတရားတော် ပြီးပြီ။**

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**

**အနာဂတေ ဗုဒ္ဓသာသနံ လဒ္ဓိ ရက္ခိဿတိ။**

# ဓမ္မစကြာတရားတော်

## ဖတ်ကြားနာယူပြီးသူများအတွက်

## ဗုဒ္ဓါနုဿတိဘာဝနာ

ဓမ္မစကြာ တရားတော်မြတ်ကြီးကို ဖတ်ကြား နာယူပြီးသူ သူတော်ကောင်း အပေါင်းတို့သည် သက်တော်ထင်ရှား ဗုဒ္ဓရှင်တော် မြတ်ဘုရား၌ အာရုံပြု၍ နှလုံးသွင်း ရှိခိုးပူဇော်ခြင်း ပြုနိုင်ကြရန် အလိုရှိသူများအတွက် အောက်ပါ ပထမရွှေကျင်ဆရာတော်ဘုရားကြီး, တောင်မြို့ မဟာဂန္ဓာရုံဆရာတော်, သပြေကန် မဟာဓမ္မိကာရာမတိုက် ဆရာတော် **အရှင်ဝါသေဋ္ဌာဘိဝံသ**တို့၏ ရေးသားထားတော်မူသော သက်တော်ထင်ရှား မြတ်ဘုရား၏ ဂုဏ်တော်များဖြင့် ပူဇော် ကန်တော့၍ နိဂုံးချုပ်ထားပါသည်။

### အလောင်းတော်မြတ်ကြီး၏ ဆန္ဒတော်

**ကိံ မေ ဧကေန တိဏ္ဏေန, ပုရိသေန ထာမဒဿိနာ၊**
**သဗ္ဗညုတံ ပါပုဏိတွာ, သန္တာရေဿံ သဒေဝကံ။**

ထာမဒဿိနာ–မိမိသတ္တိ, မျှော်မှန်းကြည့်၍, သိရှိထင်ထင်, စွမ်းရည်ကို မြင်ပါလျက်၊ ဧကေန–အများထိုထို, မကယ်လိုဘဲ, တစ်ကိုယ်ထီးတည်း, ဖော်မမှီးဘဲသာလျှင်၊ တိဏ္ဏေန–သံသရာပြင်, ရေအလျဉ်ဝယ်, မဂ္ဂင်လှော်ခတ်, ကူးသွားတတ်သော၊ ပုရိသေန– ယောကျ်ားဓာနည်, မပီစတောင်း, ကိုယ်ကောင်းငဲ့လျှို့, ယောကျ်ား မျိုးဖြင့်၊ မေ–ဒီပင်္ကရာ, စောမြတ်စွာကို, သေချာဖူးတွေ့, ငါရသေ့ အား၊ ကိံ ပယောဇနံ–အဘယ်သို့နည်း, အထင်ကြီး၍, ခိုမှီးအားရ, အသုံးချတော့အံ့နည်း၊ နိပ္ပယောဇနမေဝ–သူငါရိုးရိုး, သတ္တဝါမျိုးသို့, အားကိုးရာမရသဖြင့် အသုံးမကျတော့သည်သာတည်း။

သဗ္ဗညုတံ–ကြွင်းမဲ့ဉသုံ, အလုံးစုံကို, အကုန်သိသူ, ဘုရားတစ်ဆူ အဖြစ်သို့၊ ပါပုဏိတွာ–ဘုရားဆူဆူ, ကျင့်နည်းယူလျက်, ထပ်တူဆင့်ဆင့်, ရောက်အောင်ကျင့်ပြီး၍၊ သဒေဝကံ–နတ်နှင့်တကွ, ဝေနေယျဟု, များလှစွာတောင်း, သတ္တဝါအပေါင်းကို၊ သန္တာရေသံ–သမုဒ်နက်ကျယ်, သံသာနယ်မှ, ထုတ်ဆယ်အတူ, ကယ်တင်တော်မူပေအံ့။ [အဋ္ဌသာလိနီဘာသာဋီကာ]

## အရှင်သာရိပုတ္တရာနှင့် ဘုရားရှင်၏ဂုဏ်တော်

စကြဝဠာ ကုဋေတစ်သိန်းဟူသော ဇုဒ္ဓခေတ်၌ ရှိသမျှသော သတ္တဝါအပေါင်းတို့တွင် မြတ်စွာဘုရားကို ထား၍ အကျွန်ုပ်သည် ပညာအားဖြင့် အမြတ်ဆုံးဖြစ်၏၊ အကျွန်ုပ်နှင့် တူသောသူသည် မရှိ။

## ဘုရားရှင်၏ ဂုဏ်

အကျွန်ုပ်သည် မြတ်စွာဘုရားကို မိမိအစွမ်းရှိသလောက် ချီးမွမ်းအပ်ပါ၏၊ ပညာရှိတို့သည် ကမ္ဘာကုဋေတို့ကာလပတ်လုံး ချီးမွမ်းကုန်သော်လည်း ဤထက်လွန်၍ မချီးမွမ်းနိုင်ကုန်ရာ။

## ပညာကြီးခြင်း၏ အကြောင်းရင်း

အကျွန်ုပ်၏ ပညာသည် အကယ်၍ အစိုင်အခဲ ဖြစ်ခဲ့ပါလျှင် မဟာပထဝီမြေကြီးသည် မဆန့်ရာ၊ ဤအကျိုးသည် **"အနောမဒဿီ"** မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းရခြင်း၏ အကျိုးပေတည်း။

## ဆရာကို ရိုသေခြင်း

အကျွန်ုပ်၏ ဆရာဖြစ်သော **"အဿဇိ"** မည်သော မြတ်စွာဘုရား၏ တပည့်သားတော်သည် အကြင်အရပ်၌ နေ၏၊ ထို**အဿဇိ**ထေရ် နေရာအရပ်ကို အကျွန်ုပ်သည် ဦးခေါင်းရင်း ပြုပါ၏။

## အာသီသ

ယုတ်မာသော အလိုရှိသော, ပျင်းရိသော, လုံ့လဝီရိယလျော့နည်းသော, အကြားအမြင်နည်းသော, အဆုံးအမသြဝါဒ၌ ရိုသေခြင်းကင်းသောသူသည် တစ်စုံတစ်ခုသော အရပ်၌ ငါနှင့်အတူ ပေါင်းဖော်ရခြင်းသည် တစ်ခါတစ်ရံမျှ မဖြစ်ပါစေလင့်။

အကြင်ပုဂ္ဂိုလ်သည် များသော အကြားအမြင်ရှိသူလည်းဖြစ်၏၊ လျင်မြန်သော ပညာရှိသူလည်း ဖြစ်၏၊ သီလတို့၌ ကောင်းစွာထားခြင်းနှင့် ယှဉ်သူလည်းဖြစ်၏၊ ထိုသို့သော ပုဂ္ဂိုလ်သည် အကျွန်ုပ်၏ ဦးထိပ်ထက်၌သော်လည်း တည်ပါစေသတည်း။

## ဆုတောင်းခန်းပျို့

အရိယာဝံသ, ဓမ္မလေးထွေ, တရားမြေ၌, မြစ်ခြေဖားဖား, အကိုက်ပွားသား, ဆယ်ပါးကုသိုလ်, စိုက်ပင်ပျိုးမှ, မင်္ဂဖိုလ်မည်သီး, ဈာန်ငါးစီးကို, ချက်ပြီးလှမ်းမှီ, ဆွတ်ကာသီ၍, ကိုယ်စီလက်ရ, ပြလှာကုန်ပြီး, ငါ့ပွဲကြီးတွင်, ခသီးဝပ်ဝပ်, ကိုယ်လုံးအပ်၍, နပ်ရာအကျိုး, ငါ့ကိုယ်ကိုးသော်, အမျိုးလေးမည်, မဟာထေရ်တို့, မလည်နားတွင်, စေးမစင်လည်း, သွင်သွင်ဖြေနိုင်, ငါနှင့်ပြိုင်သည်...စည်ခိုင်ပညာ **သာရိပုတ္တရာ**။

ဤမျှကြီးမားလှသော ပညာနှင့် ပြည့်စုံသော လက်ယာတော်ရံ **အရှင်သာရိပုတ္တရာ**(အလောင်းတော်) မထေရ်မြတ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ဖော်ထုတ်ပူဇော်ရာဖြစ်သော ဂါထာအချို့ကို နုတ်ရဆောင်ထား၍ ပူဇော်လိုသော် ပူဇော်နိုင်ရန်လည်းကောင်း, စာအုပ်နှင့်ပင် ပူဇော်လိုက ပူဇော်နိုင်ရန်လည်းကောင်း ထည့်သွင်းဖော်ပြလိုက်ပါသည်၊ အလွန်ကြည်ညိုအားရဖွယ် ကောင်းလှပါသည်။

ယခုဖော်ပြပါ ဂါထာများမှာ အလိုရှိ၍ လျှောက်ထားသဖြင့် သပြေကန် **အရှင်ဝါသေဋ္ဌာဘိဝံသ** ဆရာတော် ရေးသားချီးမြှင့်တော်မူအပ်သော ဂါထာများဖြစ်ပါသည်။

## အရှင်သာရိပုတ္တရာ ချီးမွမ်းအပ်သော ဗုဒ္ဓဂုဏ်တော်များမှ ဂါထာ(၆)ပုဒ်ကိုသာ ဖော်ပြပါသည်။

**၁။ သမုဒ္ဒရသိမံ လောကံ, သယမ္ဘူ အမိတောဒယ၊**
**တဝ ဒဿနမာဂမ္မ, ကခ်ါသောတံ တရန္တိ တေ။**

သယမ္ဘူ–ဆရာ မရှိ, ကိုယ်တိုင် သိကာ, ဘုရား ဖြစ်လာသော၊ အမိတောဒယ–အနန္တဂုဏ်တော်တို့, ထွက်ပေါ်ထွန်းရာ, ရတနာသခင်, ရှင်တော်မြတ်ဘုရား၊ တွံ–ရှင်တော်မြတ်ဘုရားသည်၊ ဣမံ လောကံ–လူနတ်ဗြဟ္မာ, ဤသတ္တဝါအပေါင်းကို၊ သမုဒ္ဒရသိ–သံသရာကိုဆန်, နိဗ္ဗာန်ရောက်အောင်, ထုတ်ဆောင်ကယ်တင်တော်မူတတ်ပါပေ၏၊ တဝ–ရှင်တော်မြတ်ဘုရားအား၊ ဒဿနံ–ဖူးမြော်တွေ့ဆုံရခြင်းကို၊ အာဂမ္မ–အကောင်းအမူ, အကြောင်းပြု၍၊ တေ–ထိုလူနတ်ဗြဟ္မာ, ပေါင်းများစွာတို့သည်၊ ကခ်ါသောတံ–ဝိစိကိစ္ဆာ, သကၤာဗွေပြင်, ရေအလျဉ်ဩဃကြီးကို၊ တရန္တိ–မဂ်တိုင်ဖိုလ်ရောက်, အထူးပေါက်သဖြင့်, ကူးမြောက်နိုင်ကြရပါကုန်သည် ဘုရား။

**၂။ တုဝံ သတ္ထာ စ ကေတု စ, ဓဇော ယူပေါ စ ပါဏိနံ၊**
**ပရာယဏော ပတိဋ္ဌာ စ, ဒီပေါ စ ဒွိပဒုတ္တမော။**

တုဝံ–ရှင်တော်မြတ်ဘုရားသည်၊ သတ္ထာစ–လူနတ်ဗြဟ္မာ, သတ္တဝါတို့၏, ဆရာအစစ်, ဖြစ်လည်း ဖြစ်တော်မူပါပေ၏၊ ကေတုစ–လောကဓာတ်လုံး, အမြတ်ဆုံးမှန်, အလံများတွင်, ထွက်ဖျားတင့်ဖုံး, အမြင့်ဆုံးကေန်, အလံသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ဓဇောစ–ဂုဏ်တော်အစဉ်, လွန်ပေါ်လွင်လျက်, ထင်ရှားလွန်စွာ, တံခွန်ပမာလည်း

ဖြစ်တော်မူပါပေ၏၊ ယူပေါ စ–နတ်လူများသော်, ပူဇော်ရာအစစ်, ယဇ်တိုင်ကြီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ပါဏီနံ–သတ္တဝါ မှန်သမျှတို့၏၊ ပရာယဏောစ–အမြတ်ဆုံးမှန်စွာ, ကိုးကွယ်ဆည်းကပ် ရာလည်း ဖြစ်တော်မူပါပေ၏၊ ပတိဋ္ဌာစ–သံသရာချောက်, မကျ ရောက်ဖို့, ထောက်ရာတည်ရာလည်း ဖြစ်တော်မူပါပေ၏၊ ဒီပေါ စ– ကျွန်းကြီးပမာ, မှီခိုအားထားရာလည်း ဖြစ်တော်မူပါပေ၏၊ ဒွိပဒုတ္တမောစ–ခြေနှစ်ချောင်းရှိသူ, နတ်လူများတွင်, ဉာဏ်အင် လွှမ်းဖုံး, အမြတ်ဆုံးလည်း ဖြစ်တော်မူပါပေ၏။

**၃။ သက္ကာ သမုဒ္ဒေ ဥဒကံ, ပမေတုံ အာဠှကေန ဝါ၊**
**န တွေဝ တဝ သဗ္ဗညု, ဉာဏံ သက္ကာ ပမေတဝေ။**

သမုဒ္ဒေ–မဟာသမုဒ္ဒရာ၌၊ ဥဒကံ–တည်နေရှိနေ, ရေမှန်သမျှကို၊ အာဠှကေန–ပြည်ဝင်ခွက်ဖြင့်၊ (ဝါ အနက်မရှိ) ပမေတုံ–အဘယ်မျှရှိ, သိသာစရာ, ချင့်တာရေတွက်ခြင်းငှာ၊ သက္ကာ–စွမ်းနိုင်ဖွယ်အရေး, ရှိသော်ရှိရာသေး၏၊ သဗ္ဗညု–သိစရာအစုံ, အကုန်အစင်, စုံလင် သိတတ်, ရှင်တော်မြတ်ဘုရား၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ– သူငါမပိုင်, ဉာဏ်မမီနိုင်ခဲ, နက်နဲကေန်, ဉာဏ်တော်မြတ်ကို၊ ပမေတဝေ–ဤရွေ့ဤမျှ, ဂဏန်းချလျက်, မှန်းဆရေတွက်ခြင်းငှာ၊ န တွေဝ သက္ကာ–ဉာဏ်ကားမကုန်, အစွမ်းကုန်လျက်, လုံးစုံပြီးပိုင်, မတတ်နိုင်သည်သာ ဖြစ်ပါတော့သည် ဘုရား။

**၄။ ဓာရေတုံ ပထဝိံ သက္ကာ, ထပေတွာ တုလမဏ္ဍလေ၊**
**န တွေဝ တဝ သဗ္ဗညု, ဉာဏံ သက္ကာ ဓရေတဝေ။**

ပထဝိံ–ကမ္ဘာမြေကြီးကို၊ တုလမဏ္ဍလေ–ချိန်ခွင်ခွက်ဝိုင်း၌၊ ထပေတွာ–တင်ထား၍၊ ဓာရေတုံ–ဆောင်ခြင်းငှာ၊ သက္ကာ–တတ်နိုင်ဖွယ် ရာ, ရှိကောင်းရှိပါသေး၏၊ သဗ္ဗညု–အလုံးစုံသိမြင်, သဗ္ဗညုမြတ်အရှင်၊

တဝ–ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ–နှိုင်းဆဖို့ရန်, အမှန်မလျော်, ဉာဏ်တော်မြတ်ကြီးကို၊ ဓရေတဝေ–ခံနိုင်လောက်သား, အားရှိမယွင်း, ဆောင်ထားခြင်းငှာ၊ န တွေဝ သက္ကာ–ထုထည် ပမာဏ, တားမရသဖြင့်, ဘာမျှထမ်းပိုင်, မစွမ်းနိုင်တော့ပါ ဘုရား။

**၅။ အာကာသော မိနိတုံ သက္ကာ, ရဇ္ဇုယာ အင်္ဂုလေန ဝါ၊ န တွေဝ တဝ သဗ္ဗညု, ဉာဏံ သက္ကာ ပမေတဝေ။**

အာကာသော–ဆုံးစမထင်, ကောင်းကင်ပြင်ကို၊ ရဇ္ဇုယာ–တာကြိုးဖြင့်သော်လည်းကောင်း၊ အင်္ဂုလေနဝါ–လက်သစ်ဖြင့်သော်လည်းကောင်း၊ မိနိတုံ–တိုင်းတာခြင်းငှာ၊ သက္ကာ–တတ်နိုင်ဖွယ်ရာ ရှိပါသေး၏၊ သဗ္ဗညု–သိဖွယ်မှန်သမျှ, မကျန်ရအောင်, လုံးဝသိမြင်, ရှင်တော်မြတ်ဘုရား၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ဉာဏံ–သဗ္ဗညုတ, မည်ရအကျော်, ဉာဏ်တော်ကြီးကို၊ ပမေတဝေ–ဘယ်မျှဟုပိုင်း, နှိုင်းကာနှိုင်းကာ, တိုင်းတာခြင်းငှာ၊ န တွေဝ သက္ကာ–ဘယ်အတိုင်းအတာ, ဘယ်သချာမျှ, မပြမှမ်းပိုင်, မစွမ်းနိုင်တော့ပါ ဘုရား။

**၅။ မဟာသမုဒ္ဒေ ဥဒကံ, ပထဝီစာ ခိလံဇဋံ၊ ဗုဒ္ဓဉာဏံ ဥပါဒါယ, ဥပမာတော န ယုဇ္ဇရေ။**

မဟာသမုဒ္ဒေ–သမုဒ္ဒရာပြင်ကျယ်, ပင်လယ်ပြင်ကြီးအတွင်း၌၊ ဥဒကံစ–ရေမှန်သမျှသည်လည်းကောင်း၊ ပထဝီစ–ကမ္ဘာမြေကြီးသည်လည်းကောင်း၊ အခိလံ–အလုံးစုံသော၊ အဇဋံစ–အဇဋာပြင်, ကောင်းကင်တစ်ဝန်းလုံးသည်လည်းကောင်း၊ တေ–ကြီးကျယ်လှဆို, ထိုအရာအားလုံးတို့သည်၊ ဗုဒ္ဓဉာဏံ–ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို၊ ဥပါဒါယ–ထောက်စာသည်ရှိသော်၊ ဥပမာတော–တူတန်လိမ့်နိုး, ချိန်ထိုးဖွယ်ရာ, ဥပမာအားဖြင့်၊ န ယုဇ္ဇရေ–ဉာဏ်တော်ထူးကဲ, တူနိုင်ပဲမို့, အကဲသွင်ပြ, ယှဉ်မရကြပါကုန်ဘုရား။

[အပြည့်အစုံ အလိုရှိသူများ အပဒါန်ပါဠိတော်မှာ ရှုပါ။]

## အတုမရှိသော လုံ့လတော်

**အတ္ထိ တေ ဇိန ဝါယာမော, ယေန လောကဂရူ ဘဝေ။**
**ပယတ္တဂုဏသမ္ပန္န, ဝန္ဒန် မေ ပဋိဂ္ဂဟ။**

ဇိန–ငါးမာရ်အောင်မြင်, ရှင်တော်မြတ်ဘုရား၊ ယေန–ပါရမီမြောက်, ပေါက်ရောက်ခဲ့ရာ, သမ္မာဝါယာမ, အကြင်ဝီရိယတော်မြတ်ကြောင့်၊ လောကဂရူ–တစ်လောကလုံး, ညွတ်ရုံးလေးမြတ်, မြတ်နိုးအပ်ရာ, မြတ်ဆရာသည်၊ ဘဝေ(ဘဝတိ)–အားကိုးထောက်တည်, မှီရာအနေ, ဖြစ်ပါပေ၏၊ တေ–အများတွက်တာ, သက်ညှာကြိုးစား, ရှင်တော်မြတ်ဘုရားအား၊ သော ဝါယာမော–လောကဓာတ်သား, နတ်များလူတို့, အားထားစလောက်, ပြောင်မြောက်ခဲ့ရာ, သမ္မာဝါယာမ, ထိုဝီရိယတော်မြတ်သည်၊ အတ္ထိ–အလွန်သွက်လက်, ကျိန်းစက်နည်းပါး, အနားမနေ, ရှိခဲ့ပါပေ၏၊ ပယတ္တဂုဏသမ္ပန္န–အကျိုးရှိသူ, နတ်လူအရပ်ရပ်, အမှတ်တရ, မပြတ်တသည့်, ပယတ္တဂုဏ်ရည်, စုံညီထင်ရှား, ရှင်တော်မြတ်ဘုရား၊ မေ–အရှင်မြတ်၏, ဝီရိယဂုဏ်, အာရုံပွားသည့်, ဘုရားတပည့်တော်၏၊ ဝန္ဒနံ–သဒ္ဓါပွင့်ဖတ်, အထပ်ထပ်တို့, ချပ်လွှာပွင့်ဖြိုး, ဆင့်ဆင့်တိုးလျက်, ရှိခိုးကန်တော့ခြင်းကို၊ ပဋိဂ္ဂဟ–ကရုဏာမှီ, နှလုံးရည်ဖြင့်, အကြည်အသာ, ခံယူတော်မူပါ အရှင်မြတ်ဘုရား။ [ဆရာတော်**အရှင်ဝါသေဋ္ဌာဘိဝံသ**]

## မိမိသိသလို အများကို သိစေတော်မူခြင်း

**ပညတ္တာ တေန နိဗ္ဗာန–ဂါမိနီ ယာ ပဋိပဒါ၊**
**ဂင်္ဂါဒံ ယမုနာဒေန, သမေတိဝ ဒွယမ္ပိ စ၊**
**ပညာပေတာရမေဝညံ, န ပဿာမ ကဒါစိပိ။**

တေန–မဟာသီဟ, ဂုဏ်ရည်ထင်ရှား, ထို ငါတို့ ရှင်တော်မြတ်ဘုရားသည်၊ နိဗ္ဗာနဂါမိနီ – နိဗ္ဗာနဓာတ်, အမြိုက်ရပ်သို့,

ဆိုက်ကပ်ကြောင်းအစစ်, အမှန်ပင်ဖြစ်ပေထသော၊ ယာ ပဋိပဒါ–ပဋိပ္ပမပဋိပတ်, အကြင်မဂ္ဂင်အကျင့်မြတ်ကို၊ ပညတ္တာ–ကိုယ်တော်တိုင်သိ, တပည့်တစ်တွေ, သိစေထုတ်ဖော်, ပညတ်တော်မူအပ်ပါပေ၏၊ ဧတံ ဒွယမ္ပိစ–ထို နိဗ္ဗာန်နှင့်ပဋိပတ်, အမြတ်နှစ်ပါးတရားတော်သည်လည်း၊ ဂင်္ဂေါဒံ–ဂင်္ဂါမြစ်ရေသည်၊ ယမုနောဒေန–ယမုနာမြစ်ရေနှင့်၊ သမေတိဝ–မကွဲမပြား, အခြားမရှိ, နှီးနှောညီညွတ်လေဘိသကဲ့သို့၊ သမေတိ–နှီးနှောမိလေ, ညီညွတ်ပါပေ၏၊ ဧဝံ–ဤသို့နိဗ္ဗာန်နှင့် ပဋိပတ်, စပ်မိလေအောင်, ထုတ်ဆောင်ညွှန်ကြား, တို့ဘုရားမြတ်ကဲ့သို့၊ ပညပေတာရံ–အများအသိ, တရားမိအောင်, ထုတ်ဆောင်ပညတ်နိုင်သော၊ အညံ–တို့ဘုရားနှင့်, မခြားမကွာ, တစ်ပါးဆရာတစ်ယောက်ကို၊ ကဒါစိပိ–အတိတ်ရှေးခါ, ယခုခါနှင့်, နောင်ခါသမယ, ဘယ်အခါကာလမှာမှ၊ န ပဿာမ–တို့သခင်နှင့်, ယှဉ်ဖွယ်ထောက်ဆ, တစ်ယောက်မျှပင်, မတွေ့မမြင်ကြရပါပေ။

## ပြောသလိုလုပ်, လုပ်သလို ပြောသောဂုဏ်

**ယထာဝါဒီ တထာကာရီ, ယထာကာရီ တထာဝါဒီ၊**
**ဧဒိသော သော နေဒိသံ အညံ, တိတော ပဿာမ ဒါနိ စ။**

နော ဧဒိသော–ငါးပါးမာရ်စုံ, ရန်သူပုန်ကို, အကုန်နှင်တတ်, ငါတို့ရှင်တော်မြတ်ဘုရားသည်၊ ယထာဝါဒီ–အကြင်သို့သော်, နှုတ်တော်ချက်ကျ, မြွက်ဟတော်မူတတ်၏၊ တထာကာရီ–နှုတ်တော်မြွက်ကြား, ထိုစကားနှင့်, မပြားမကွဲ, မလွဲစေမူ, ပြောသလို ပြုတတ်ပါပေ၏၊ ယထာကာရီ–ကိုယ်တော်တိုင်ပြု, အမူဆင့်ဆင့်, အကြင်သို့ ပြုကျင့်တော်မူတတ်၏၊ တထာဝါဒီ–အပြုတစ်ပါး, ပြောတခြားဟု, ကွဲပြားမရှိ, တိကျသေချာ, ပြုသလို ပြောတော်မူတတ်ပါပေ၏၊ ဤဒိသံ–ပြောသလိုပြု, ပြုသလိုပြော, သဘောနှစ်ပါး, မကွဲပြားဘဲ, လွဲမှားမရှိ, မှန်ထွတ်ထား, တို့ဘုရားနှင့်, မခြားတမူ, အလားတူဖြစ်သော၊

အညံ့–တို့ဘုရားလို, အားထားစလောက်, အခြားဆရာတစ်ယောက်ကို၊ အတီတေစ–လွန်ခဲ့လေရာ, ရှေးအတိတ်အခါကလည်းကောင်း၊ ဒါနိစ–မျက်မြင်လောက, ယခုကာလ၌လည်းကောင်း။ န ပဿာမ–အကျင့်အရာ, အဆင့်သာသဖြင့်, အဘယ်မှာမှ, ရှာမရ၍, မတွေ့မမြင်ကြရပါပေ၏။

[ဤနှစ်ဂါထာမှာ သုတ်မဟာဝါပါဠိတော်မှ ထုတ်နုတ်၍ **အရှင်ဝါသေဋ္ဌာဘိဝံသ** ချီးမြှင့်ပါသည်။]

+++++++++++++++

## အတုမရှိသော ဩဝါဒ

### နမတ္ထု အတုလောဝါဒဿ။

အတုလောဝါဒဿ–သုံးဆယ့်တစ်ဘုံ, အလုံးစုံတွင်, ဘက်မမြင်သော ဩဝါဒရှိတော်မူထသော၊ ဝါ–တူသောဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ,သာဝက စသည်တို့လည်းမဟုတ်ထသော၊ ဝါ–တူသောဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ, သာဝကတို့ထက် ကြီးကဲ လွန်မြတ်တော်မူထသော၊ ဝါ–ကာမသုခလ္လိကာနုယောဂေါဝါဒ, အတ္တကိလမထာနုယောဂေါဝါဒ ကဲ့သို့ ယုတ်လွန်း လွန်လွန်းသောဩဝါဒကိုမပြု, ဟိုဘက်သည်ဘက်မပါ အလယ်တည့်မတ်စွာသော စည်းချိန်ခွင်ညှာနှင့်အတူ အလျှုပေးခြင်း ဒါန,ငါးပါး–ရှစ်ပါး–ဆယ်ပါး,၂၂၇–ပါးသော သီလ,ဘာဝနာကုသိုလ် တရားတို့ဖြင့်ပြီးသော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒေါဝါဒရှိတော်မူထသော၊ ဝါ–ချိန်နှင့်မတူ,

ယုတ်လွန်း, လွန်လွန်းသော ဩဝါဒရှိသူ မိစ္ဆာဒိဋ္ဌိလူတို့နှင့် အယူဝါဒ အားဖြင့် ဆန့်ကျင်ဘက် ဖြစ်ထသော၊ ဝါ-ချိန်လိုမဟုတ်, ယုတ်လွန်း လွန်လွန်းသောဩဝါဒ နှစ်မျိုးကို ကောင်းကောင်းကြီး ချိုးဖွဲ့ ကဲ့ရဲ့ တော်မူလေ့ရှိတော်မူထသော၊ ဝါ-ကိုယ်တော်မြတ်နှင့် ဖက်ပြိုင်အံတု ဆိုးမခြင်းကို ပြုနိုင်သူတို့မှ ဆိတ်တော်မူထသော၊ ဝါ-အတုမရှိသော ဩဝါဒရှိတော်မူသော ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူထသော၊ ဝါ-တူသောဩဝါဒရှိသော ပုဂ္ဂိုလ်တို့မှ ဂုဏ်အားဖြင့် တစ်ပါးတခြား ချည်းလည်း ဖြစ်တော်မူထသော၊ ဝါ-တူသော ဩဝါဒရှိသူတို့မှ လွန်စွာကွာဝေးတော်မူထသော၊ ဝါ-သေးသေးသိမ်သိမ် နှိုင်းချိန် လောက်သော ဩဝါဒ ရှိသည်မဟုတ်, ကြီးကြီးကျယ်ကျယ ပိဋကတ် သုံးသွယ် အံ့ဖွယ်သော ဩဝါဒ ရှိတော်မူထသော၊ တဿ-ထို မြတ်စွာဘုရားသခင်, သုံးဦးလူတို့၏ ကျေးဇူးရှင်အား၊ မေ- ကျွန်ုပ်၏၊ နမော-ရိုသေညွတ်နူး, အထူး ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။

[ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး]

အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏသုတ်

## တရားတော်

သပြေကန်ဆရာတော်

## အရှင်ဝါသေဋ္ဌာဘိဝံသ

ဥယျောဇဉ်ရေးသား၍ စိစစ်ပြုပြင်ပေးတော်မူသည်။

40 (A)

# ပန်ကြားချက်

အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ**၏ ဓမ္မစကြာတရားတော်ကို ကျမ်းအဖြစ်သို့ ရောက်ရှိအောင် ရိုက်နှိပ် နေစဉ်မှာပင် ဆရာတော်၏ **အနတ္တလက္ခဏ** သုတ်တရားတော်ကိုလည်း ဓမ္မစကြာတရားတော်နှင့် ပူးတွဲရိုက်နှိပ်ရန် ဝိုင်းဝန်းတိုက်တွန်းကြပါသည်။

ထို့ကြောင့် စာဖတ်လိုသူ အများလည်း အလိုပြည့်ဝ၍ ဟောတရားကို ဖတ်ကြားနာယူသောအခါလည်း အဆင်ပြေစေရန် ပရိတ်ကြီးနိဿယသစ်ကို ရေးသားတော်မူသော သပြေကန်ဆရာတော် **အရှင်ဝါသေဋ္ဌာဘိဝံသ**အား တောင်းပန်လျှောက်ထား၍ အချိန်ရသမျှဖြင့် အသံဖမ်းကြိုးခွေမှ တရားတော်ကို ကိုယ်တိုင်နာယူပြီး စာဖတ်သူများ နာယူသဘောပေါက်နိုင်အောင် ဆရာတော်ဘုရား ကိုယ်တော်တိုင် ပြုပြင်ပေးတော်မူပါသည်။

ဓမ္မစကြာနှင့်အနတ္တလက္ခဏသုတ် တရားတော်နှစ်ခုအတွက် ကျမ်းဦးပဏာမ ဥယျောဇဉ်အနေဖြင့် ဂါထာသုံးပုဒ်စီလဲ ရေးသားချီးမြှင့်တော်မူပါသည်။

စာဖတ်လေ့လာ နာယူကြသူများသည် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တရားတော်ကို ဖတ်ရှုကြသောအခါ ဆရာတော် **အရှင်ဇနကာဘိဝံသ**၏ တရားဟောပြနေပုံကို အာရုံပြု၍ ဟောတရားအနေဖြင့် အရသာပေါ်အောင် ဖတ်ရှုတော်မူကြစေလိုပါသည်။

စာဖတ်ရသူ သူတော်ကောင်းအပေါင်းသည် အကယ်၍ ကျေနပ်မှုမရှိပါက ကျွန်တော်တို့အား ခွင့်လွှတ်၍ အကြံဉာဏ် ပေးကြစေလိုပါသည်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏာသုတ် တရားတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ကျမ်းဦးအမှာ

**၁၃၁၁**–ခု (သာသနာတော်–**၂၄၉၃**) နှစ်က ဓမ္မစကြာတရား ဟောကြားပေးတော်မူပြီးနောက် တောင်မြို့ဆရာတော်ဘုရားသည် တရားနာယူသူများအား တရားတော်ကို သိရှိလိုက်နာ ကျင့်သုံးကြစေရန် ရည်ရွယ်၍ **အနတ္တလက္ခဏာ**သုတ် တရားတော်ကို ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်၊ ဓမ္မစကြာတရားတော် နာရသူ ဒကာ–ဒကာမများသည် **အနတ္တလက္ခဏာ** သုတ်ကိုလည်း နာသင့်သည်၊ သို့သော် အနတ္တလက္ခဏာသုတ်သည် နှစ်ပေါင်းအတော်ကြာအောင် တရားနှင့်နေကြသူ ပဉ္စဝဂ္ဂီငါးဦးသည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မစကြာ သစ္စာလေးပါးတရားကို ကောင်းစွာနာရသဖြင့် အရိယာ သောတာပန် ဖြစ်ပြီး၍ ရင့်ကျက်သော ဣန္ဒြေရှိပြီးကြမှ ဟောတော်မူသော သုတ်တော် ဖြစ်ပါသည်။

ကိလေသာ ထူပြောသောသူ အများစုအတွက် ပဉ္စဝဂ္ဂီငါးဦးတို့ ရရှိသော အကျိုးထူးမျိုးကိုကား ရကြဖို့ရာ မလွယ်ကူပါ၊ သို့သော် ဆရာတော်၏ ဆန္ဒတော်ကား တရားနာယူသူအများအား ဗုဒ္ဓမြတ်စွာ၏ သတ္တဝါများအပေါ်၌ ထားရှိသော အလိုတော်ကို အဆုံးအထိ သိရှိ၍ စနစ်တကျ လိုက်နာကျင့်သုံးကြစေရန် ရည်ရွယ်တော်မူ၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

**၁၃၁၂** (သာသနာတော်-၂၄၉၄)ခု (၁၉၅၁-၅၂)ခုနှစ်တွင် ဆရာတော် သီတင်းသုံးနေထိုင်တော်မူသော ကျောင်းကလေးပေါ်၌ ညဦးပိုင်းတွင် လေးရက်တိုင် ဟောကြားတော်မူခဲ့ရာ စာရေးသူနှင့်အတူ ငါးဦးခန့် အသံဖမ်းယူကြပါသည်။

ထိုတရားကြီးခွေများကို တစ်ဆင့်ကူးယူပေးနေရာမှ ယခုအခါ ဓမ္မစကြာတရားတော်ကို စာအုပ်အဖြစ် ရိုက်နှိပ်ရန် စီစဉ်ခဲ့ပါသည်၊ ထိုစာအုပ်တွင် အနတ္တလက္ခဏသုတ်တရားတော်ကိုပါ တစ်ပါတည်း ရိုက်နှိပ်လျှင် ပို၍ကောင်းမည်ဟု အများက တိုက်တွန်းကြသဖြင့် အနတ္တလက္ခဏသုတ် တရားကြီးခွေကို အစအဆုံး အငြိမ်းစား ဒုဗိုလ်မှူးကြီး**အောင်သိမ်း**က ကူးယူပြီးလျှင် ပုဇွန်တောင် ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူသော(သပြေကန်)ပရိတ်ကြီး နိဿယသစ်ကို ရေးသားတော်မူသည့် ဆရာတော်**အရှင်ဝါသေဋ္ဌာဘိဝံသ**က အစအဆုံး လူအများ ဖတ်ရှုနိုင်အောင် ထည်းဖြတ် ပြင်ဆင်ပေးတော်မူပါသည်။

အနတ္တလက္ခဏသုတ်ကို ဖတ်ရှုနာယူသူများသည် ဓမ္မစကြာတရားတော်နှင့်အတူ တွဲဖက်ဖတ်ရှုလေ့လာ၍ ဟောတော်မူသော ဆရာတော်၏ အလိုဆန္ဒတော်နှင့်အညီ ဘုရား,တရား,သံဃာ၌ အကြွင်းမဲ့ ကြည်ညိုခြင်းကိုရ၍ သာသနာတော်၌ မိမိတို့ စွမ်းအားရှိသမျှ မိမိအကျိုး, အများအကျိုးကို ကြိုးစားတော်မူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ဆုတောင်းပါသည်။

အနတ္တလက္ခဏသုတ် တရားတော်ကို ဖတ်ရှု နာယူကြသူများသည် တရားတော် ဖြစ်မြောက်လာအောင် ကူညီအားပေးတော်မူသော အောက်ပုဇွန်တောင်ရပ် **ဦးသန်း**နှင့် အငြိမ်းစား ဒုဗိုလ်မှူးကြီး **အောင်သိမ်း** (ရေ), ဆရာတော် **အရှင်ဝါသေဋ္ဌာဘိဝံသ**တို့အား ကျေးဇူးတင်တော်မူကြရန် မှတ်တမ်းတင်အပ်ပါသည်။

❋

သပြေကန်ဆရာတော်

**အရှင်ဝါသေဋ္ဌာဘိဝံသ၏**

# အနတ္တလက္ခဏသုတ် တရားတော်အချီ

**၁။ အယံ အတ္တာ အနတ္တာတိ, ဇာနိတုံ ဒုက္ကရာ ဒုဝေ၊**
**ဝိဒုံ တေ ဇနကာစေရ–ဉာဏေန သုသုခံ ဇနာ။**

အယံ–အသက်ယောင်ယောင်, အကောင်အသွင်, အရှင်လိပ်ပြာ, ထင်မိစ္ဆာဖြင့်, စိတ်မှာတည်ဆက်, ဤအချက်သည်၊ အတ္တာ–သညာဒိဋ္ဌိ, စိတ်၏ဖောက်ပြား, အထင်မှားဖို့, လှည့်စားဖန်ကာ, ဉာဏ်အရာဖြင့်, ဖွေရှာဟပ်က, မှတ်မရပါ, အတ္တသာတည်း၊ အယံ–ပရမတ္ထ, သဘာဝဟု, ဓမ္မဟုတ်မှန်, သရုပ်ဖန်တဲ့, ရုပ်နာမ်နှစ်ပါး, ဤတရားသည်၊ အနတ္တာ–ဝိပဿနာမဂ်, ဉာဏ်နှစ်ချက်ဖြင့်, သက်သက်ဟုတ်မှန်, သရုပ်ဖန်လျက်, အမှန်မှတ်ပြ, ဓာတ်အမျှသာ, အနတ္တပါပေတည်း၊ ဣတိ–သရုပ်မဟာန်, ဟုတ်အမှန်ဟု, မှန်မမှန်ထင်မြင်, ဤသို့ပင်၊ ဒုဝေ–အသက်ဇီဝ, ကောင်အတ္တနှင့်, ဓာတ်မျှဟုတ်မှန်, ရုပ်နာမ်နှစ်ဝ, အနတ္တဟု, မှတ်ကြဟောကြား, သဘောသွားနှစ်ခုတို့ကို၊ ဇာနိတုံ–မဟုတ်ဘိ–ဟုတ်၏, မရှိ ရှိဟန်, မမှန် မှန်ကို, ဝေဖန်နှိုင်းညှို, ယုတ္တိသဘာဝ, သာဓကဖြင့်, ကျနမိမိ, အတည့်အလင်း, သိရှိခြင်းငှာ၊ ဒုက္ကရာ–သာမန်ဉာဏ်များ, မမီအားရှိ, ဘုရားရှင်တော်, မပွင့်ပေါ်က, ခဲယဉ်းလှပါပေကုန်၏၊ ဇနာ–တရားဘက်တွင်, သက်ဝင်မွေ့လျော်, သူတော်ကောင်းမှု, အစဉ်ယူထား, ရှင်လူအများတို့သည်၊ တေ–ထိုဒိဋ္ဌိအမြင်, ဉာဏ်အမြင်ဟု, အမြင်နှစ်ပါး, အစဉ်ခြားလျက်, ကွဲပြားခဲ့ရ, အတ္တ အနတ္တတို့ကို၊ ဇနကာစေရဉာဏေန–ဆရာတော်သခင်, **အရှင်ဇနက,**

မြတ်ထေရ်ရ၏, ပါဠိဦးအဋ္ဌကထာ, ဋီကာဂန္ထန်, ကျမ်းဂန်အရ, လမ်းမှန်ကျအောင်, တင်ပြဖန်ဆန်း, ဉာဏ်အစွမ်းကြောင့်၊ သုသုခံ–ထောက်အထားမိ, ယုတ္တိဥပမာ, ဝေဆာကြောင်းကျိုး, ကောင်းမျိုး စုံလင်, ဖုံဖုံဝင်၍, အတင်အပြ, အဆင်လှလျက်, မြင်ရဖို့တွက်, အခက်မပါ, အလွန်သာသာ လွယ်ကူစွာ၊ ဝိဒုံ–သတိမကင်း, အတိရှင်းလျက်, အလင်းရတုံ, သိကြလေကုန်ပြီ။

## ၂။ အနတ္တလက္ခဏာချာတ–သုတ္တဿ မဏ္ဍနာ အယံ၊ ဒေသနာ ဇနာနံ ဓမ္မ–ပီတိံ ဒတွာ သုခံ ကရေ။

အနတ္တလက္ခဏာချာတသုတ္တဿ–အနတ္တလက္ခဏဟု, မြွက်ဟဖော်အပ်, အရပ်ရပ်၌, မလတ်နှုတ်သံ, ထုတ်ညံဖော်လတ်, သုတ္တန်တော် မြတ်ကို၊ မဏ္ဍနာ–နည်းအသွယ်အသွယ်, ပရိယာယ် အမျိုးမျိုး, ကြောင်းကျိုးစုံလင်, ဖုံဖုံတင်လျက်, အမြင်စွမ်းကာ, ရှင်လန်းလာဖို့, တန်ဆာဆင်ကြောင်းဖြစ်သော၊ အယံ ဒေသနာ–အနတ္တအချက်, သိဖို့တွက်ဟု, အကွက်ကျကျ, အချက်ပြလျက်, တင်ပြဝေဆာ, ဤဒေသနာတော်သည်၊ ဇနာနံ–ဗုဒ္ဓတရား,တို့အားထားက, ချမ်းသာရဟု, မုချမြင်သူ, စင်ဖြူတရား, ရှင်လူအများတို့အား၊ ဓမ္မပီတိံ–ဤ တရားကို, ကြားရနာရ, ရှုစားရ၍, စိတ်မှကိုယ်မှ, ထိုဓမ္မကြောင့်, တက်ကြွထင်လာ, ရွှင်စရာအလီလီ, အကြည်မိလတ်, ပီတိဓာတ်ကို၊ ဒတွာ–အခါခါသာ, နာတိုင်းရွှင်ဘိ, ကြည့်တိုင်းလန်းရေး, အေးခြင်း မလတ်, ပေးနှင်းအပ်၍၊ သုခံ–စိတ်၏အရသာ, သာယာဖွယ်ရ, အေးမြလန်းကာ, ဝမ်းသာမကင်း, ချမ်းသာခြင်းကို၊ ကရေ (ကရောတု)–**"သဗ္ဗရသံ ဓမ္မရသော ဇိနာတိ, သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ"**ဟု, လာရှိနှုတ်သံ, သုတ်ဓမ္မကွန်, ကျမ်းဂန်အညီ, အကြည်လွှမ်းရေး, အအေးတွေစု, အမှုမကွာပလေ, ပြုပါစေသတည်း။

**၃။ သိဿာ တေ ထေရ သတ္တာနိ, မုဒ္ဒါပိယ ပဓာရဏံ၊**
**အကံသု တေ ယထာမတိ, သုခီ ဟောဟိ ပမောဒိတော။**

ထေရ–စင်ကြယ်ဖြူစွ, တစ်မူလှသည့်, သီလစင်ကာ, အမြင်သာလျက်, ပညာပြည့်စုံ, အကြောင်းလုံ၍, ကောင်းဂုဏ်ထင်ရှား, မထေရ်ရှင် ဆရာတော်မြတ်ဘုရား၊ တေ သိဿာ–ဆရာတော့်အမွေခံ, ခြွေအရံမို့, ကျမ်းဂန်များစွာ, ရှင့်လက်ရာတို့, ပေါ်လာဖို့ရေး, ပုံ့နှံ့ရေးနှင့်, တည်ရေးမြဲရေး, အစဉ်တွေးလျက်, အလေးထားသည့်, ဆရာတော်၏ အများတပည့်တို့သည်၊ တေ–ကိုယ့်တိုင်းပြည်သား, ရှင်လူများတို့, တိုးပွားဆင့်ဆင့်, မြင့်ထက်မြင့်ဖို့, အခွင့်မဆုတ်, မနားလုပ်လျက်, အားထုတ်ကြိုးစား, ဆရာတော် အရှင်မြတ်ဘုရား၏၊ သတ္တာနိ–အခက်ကိုပင်, အလွယ်ထင်ရ, အမြင်လှဖို့, ဝါကျဆင်ကုံး, စကားလုံးတို့, အသုံးယဉ်ယဉ်, နှုန်းအဆင်ဖြင့်, ကုံးစဉ်ခြယ်သ, တင်ပြဆန်းဟန်, လမ်းမှန်ဖော်ကြား, ကျမ်းဂန်တော်အများတို့ကို၊ တေ–သာသနာ့အတွက်, ကိုယ့်အသက်ကို, ငဲ့ကွက်မရှိ, ဆုံးနေထိအောင်, စွမ်းဆောင်ကြိုးစား, ဆရာတော် အရှင်မြတ်ဘုရား၏၊ ယထာမတိ–**"ကိုယ်တည်းတစ်ယောက်, ချမ်းသာရောက်ဖို့, ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရှေးခါဘိုးဘ, လက်ထက်ကလျှင်, ရသည့်တန်ဖိုး, ထပ်မညှိုးဖို့, အားကြိုးမာန်တက်, ငါဆောင်ရွက်သည်, ဆက်လက်တည်တံ့ပါစေသော်"** မိန့်ဖော်ဆိုဟ, အလိုတော်ကျအောင်၊ မုဒ္ဒါပိယ ......

**"တို့ဆရာတော် သက်ရှိတုန်းက, နောက်ဆုံးအထိ ရေးခဲ့သည်၊**
**ကျမ်းစာထွေထွေ ပြည်သူ့လက်သို့, ဆက်လက်ပြန့်ပွားရောက်စေမည်၊**
**ကျုပ်တို့ဆရာ ရည်ရွယ်ချက်တော့, မပျက်မကွက်အောင်ရမည်၊**
**စိတ်မပျက်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်"**

ရည်ရွယ်ချက် စိတ်သန်, အဓိဋ္ဌာန်ပုံဟိတ်, ယုံစိတ်အနေအရ, ပုံနှိပ်စေကြကုန်ပြီး၍၊ ပစာရဏံ–ရှင်လူများစွာ, ပညာတွက်မှန်း, ကျမ်းအလီလီ, အရှည်တည်လျက်, ဤပြည်အတွင်း ပျံ့နှံ့ကျယ်ပွား ခြင်းကို၊ အကံသု–**"တစ်စုံတစ်ယောက်, ချမ်းသာရောက်ဖို့, ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး၊ ကျုပ်တို့ဆရာ, ထေရ်မဟာ၏, ဘာသာကျမ်းများ, စဉ်ပြန့်ပွားး၍, မြတ်ဖျားသာသနာ, ဓွန့်ရှည်ကြာလျက်, မြန်မာအကျိုး, အစဉ်တိုးအောင်, အားကြိုးမာန်တက်, ကျွန်ဆောင်ရွက်သည်, နှစ်သက်ရှင်လန်းကြပါစေ"** စိတ်နေအရ, ပြုလုပ်ကြပါကုန်ပြီ၊ (တွံ)–လူ့စခန်းမှ, နတ်နန်းစံပျော်, ဆရာတော် အရှင်မြတ်သည်၊ ပမောဒိတော–ဆရာ့အဓိဋ္ဌာန်, စိတ်ကြံမျှော်ကြည့်, အလိုပြည့်ဖို့, တပည့်များစွာ, သာသနာပြု အဓိဋ္ဌာန်, စိတ်အကြံဖြင့်, ကျမ်းဂန်ထွေထွေ, ပုံနှိပ်နေပုံ, ဖြန့်နေပုံကို, အာရုံမျှော်တန်း, ရွှင်လန်းမကွာ, ဝမ်းသာအားရသည်ဖြစ်၍၊ သုခီ–ငါ့လိုလားချက်, သူတို့ဆက်၍, ထမ်းရွက်နေသား, ပါတကားဟု, အားရရွှင်ဘိ, ချမ်းသာခြင်းရှိတော်မူသည်၊ ဟောဟိ–နှစ်သက်ကြည်ဘိ, အဆီအိ လျက်, ပီတိလွှမ်းကာ, သစ်သစ်ဖြာ ဖြစ်ပါစေသား ဆရာတော် အရှင်မြတ်ဘုရား။

အရှင်ဝါသေဋ္ဌာဘိဝံသ

၁၃၄၁–ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃)ရက်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏာသုတ် တရားတော်

ပထမနေ့

သာသနာတော်၂၄၉၄–ခုနှစ်၊ ကောဇာ ၁၃၁၂–ခုနှစ်။

++++++++++++

## အနတ္တလက္ခဏာသုတ် အခြေခံတရား

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ, ဝါလဂ္ဂံ ဥသုနာ ယထာ၊**

**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ, ပရတော နော စ အတ္တတော။**

ယေ ဇနာ–သူတော်များထံ, တရားမှန်ကို, ကြားဖန်များသလောက်, တအားဆောက်၍, ပွားမြောက်ကြိုးစား, အကြင် အမျိုးသား,အမျိုးသမီးတို့သည်၊ ပဉ္စက္ခန္ဓေ–ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို၊ ပရတော–ပျက်ချင်တိုင်းပျက်, ရက်စက်ပလေ, အခြေဆိုးဝါး, သူစိမ်း ပြင်ပ, အနေမျိုးအားဖြင့်၊ ပဿန္တိ–သူ့အမှုသွား, ဂရုထားလျက်, ရှုစားကြည့်လျှင်, သိမြင်ကြလေကုန်၏၊ အတ္တတော–မပျက်စီးနိုင်, မြဲခိုင်ကျစ်လျစ်, အနှစ်သာရ, အတ္တဟုဆို, မိမိကိုယ်ဟူ၍ကား၊ နော စ ပဿန္တိ–ကြောင်းကျိုးစုံလင်, အကုန်မြင်၍, ခံမင်ရေးမှု, မတွေးမရှုကြလေကုန်၊ တေ ဇနာ–ဒိဋ္ဌိ အတ္တ, ကင်းစင်ပအောင်, လုံ့လကြိုးစား, ထိုအမျိုးသား,အမျိုးသမီးတို့သည်၊ ဝါလဂ္ဂံ–ခရီးကွာဝေး, အသေးအမွှား, သားမြီးဖျားကို၊ ဥသုနာ–အသင့်ပြင်ထား, ဖြောင့်မတ်သောမြားဖြင့်၊ ဝိဇ္ဈန္တိ ယထာ–ချက်တိုင်းမလွဲ, လက်တိုင်းစွဲသည့်, လေးပွဲကျော်ကြား, လေးတော်သားတို့ကဲ့သို့၊ သုခုမံ–သာမန်ဉာဏ်များ, မကြံအားဖို့, ဖန်ထားလေဟန်, အနေမှန်လျက်, ဧကန်ခက်ခဲ, သိမ်မွေ့နက်နဲတဲ့, အနတ္တအချက်ကို၊ ပဋိဝိဇ္ဈန္တိ–ဉာဏ်ရောင်ဝင်းသလောက်, အတွင်းရောက်၍, ထွင်းဖောက်သိမြင်နိုင်ကြလေကုန်သတည်း။

## အတ္တဝါဒ စတင်ပေါ်လာရပုံ

သတ္တဝါတွေရဲ့ စိတ်ထဲမှာ အတ္တလို့ စွဲပြီးတော့နေတာဟာ ခုလူတွေကျမှ မဟုတ်ဘူး၊ စွဲဖို့ရာကလဲလေ အကြောင်းက လုံလောက်နေတယ်၊ ဘုန်းကြီးတို့ မြတ်စွာဘုရား မပွင့်ခင် **ကဿပ**မြတ်စွာဘုရား မပွင့်ခင် **ကကုသန်, ကောဏဂုဏ်**ဘုရားမပွင့်ခင် ကမ္ဘာအစတုန်းက ကမ္ဘာကြီး ပျက်သွားရော၊ ပျက်သွားပြီးတဲ့နောက် စတည်တဲ့အခါမှာ အောက်ပိုင်း အောက်ပိုင်းဘုံတွေ သတ္တဝါ မရှိကြသေးဘူး၊ အောက်ပိုင်း ဗြဟ္မာ့ဘုံတွေ သတ္တဝါ မရှိကြသေးဘူး၊ ဘယ်ဘုံမှာ မရှိဘူးဆိုတာတော့ စာလာပေလာ ဘုန်းကြီးတွေမှ နားလည်မယ်၊ မရှိကြတော့ ကမ္ဘာကြီး ပျက်ပြီးလို့ ကမ္ဘာပြန်ပြုတဲ့အချိန် ဘုံတွေဟာ သတ္တဝါမရှိဘဲနဲ့ အကြာကြီး တည်နေကြတယ်၊ နောက်တော့ အတော်ကြာတော့ ဟိုအထက်က ကမ္ဘာပျက်တုန်းက မီးမလောင်နိုင်, ရေမလွှမ်းနိုင်, လေမဖျက်နိုင်တဲ့ ဟိုထိပ်တန်းမှာ ရှိတဲ့ ဘုံတွေက ဗြဟ္မာကြီးတွေ အသက်တမ်းစေ့တော့, ဒါမှမဟုတ် ကံကုန်လို့ စုတေပြီးတော့ လာကြတော့ တချို့အောက်ဘုံတွေဖြစ်ကြ၊ အောက်ဘုံတွေ ပထမဖြစ်တဲ့ ဗြဟ္မာကြီးတွေဟာ အတော်ကြာကြာကြီး နေကြတယ်။

**ဖန်ဆင်းဝါဒအစ ဗြဟ္မာ့ပြည်က။** ။အတော်ကြာကြာကြီးနေတော့ တစ်ယောက်တည်း ပျင်းကြ, ခုနေများ ဒီပြင်သတ္တဝါတွေ ပေါ်လာရင် ကောင်းမှာပဲလို့ စိတ်က ကူးနေကြတယ်၊ အဲဒီ ကူးနေတဲ့ အချိန်မှာပဲ ထန်းသီးကျွေခိုက် ကျီးနင်းခိုက်ဆိုတာလို ဟိုအထက်ဘုံက တချို့ဗြဟ္မာတွေ စုတေလာကြရော၊ စုတေလာတော့ ပထမရောက်တဲ့ ဗြဟ္မာက အရည်အချင်း သာနေတယ်၊ ရုပ်ရည်အဆင်းအားဖြင့် သာတယ်၊ ကိုယ်ရောင်ကိုယ်ဝါ အားဖြင့် သာတယ်၊ နောက်ရောက်တဲ့ ဗြဟ္မာတွေက ပထမ ဗြဟ္မာရဲ့

အရည်အချင်း မမီကြဘူး၊ မမီတော့ ပထမ ဗြဟ္မာကြီးက ဘယ့်နှယ် ထင်သလဲ၊ ဒီလက်အောက်ငယ်သား ဗြဟ္မာတွေ ငါဖန်ဆင်းတာပဲ၊ ငါက သတ္တဝါတွေပေါ်လာရင် ကောင်းတယ်လို့ ကြံတယ်၊ ကြာလဲ မကြာဘူး၊ ဒီသတ္တဝါတွေ ပေါ်လာတယ်၊ ဒီတော့ ဒီဗြဟ္မာကလေး တွေဟာ ငါဖန်ဆင်တာပဲ၊ သက်သက်အထင်ကြီးသွားတာ ဖြစ်တော့ သူ့ကံကြောင့် သူဖြစ်လာကြတာ၊ ဟိုအထက်ဘုံက စုတေပြီးတော့ ဘာသိဘာသာ ဖြစ်လာကြတာ၊ အဲဒါကို ငါဖန်ဆင်းတာလို့ သူ့စိတ်ထဲ မှာ ယူဆသွားတယ်၊ စိတ်ကြီးဝင်သွားတယ်၊ တစ်ခါ နောက်မှရောက် တဲ့ ဗြဟ္မာလေးတွေကဆိုပါတော့, နောက်မှရောက်တဲ့ ဗြဟ္မာလေးတွေ ကလဲ အရင်ရှိနှင့်နေတဲ့ ဗြဟ္မာကြီး အရည်အချင်း အခြေအနေ ကြည့်ပြီးတော့ သူတို့ထက် အရည်အချင်း သာနေ, ကျက်သရေ သာနေ, ကိုယ်ရောင်ကိုယ်ဝါ သာနေ, ပုံပန်း သဏ္ဌာန် သာနေတာနဲ့ တို့တော့ ဒီဗြဟ္မာကြီးက အစိုးရတာပဲလို့ သူ့အောက် အလိုလို ကျို့ကြ၊ နောက်တော့ ဒီလိုနဲ့နေရာက နှစ်ပေါင်းပေါ့လေ ကမ္ဘာပေါင်း များစွာ တချို့လဲပဲ တစ်ကမ္ဘာလောက် နေပြီးတော့ သေကြပြန်ရော။

**အတ္တဝါဒ လူ့ပြည်မှာဖြစ်လာရပုံ**။ ။အဲဒီလိုသေပြီးတော့ အမျိုးမျိုး ပြောင်းလဲတဲ့ အထဲက လူ့ပြည် ပြန်ရောက်လာတဲ့ ရှေးက ဗြဟ္မာဟောင်းတွေဟာ လူ့ပြည်ရောက်လာ တဲ့ အခါကျတော့ လောကီအာရုံ ကာမဂုဏ်စိတ်ကလဲပဲ မရှိ ဘာမရှိနဲ့ စိတ်တွေ အင်မတန် မြင့်မြတ်လို့၊ စိတ်တွေ အင်မတန် စင်ကြယ်လို့၊ အဲသလို နေရာက တောထွက်ပြီးတော့ ရသေ့များ လုပ်ကြ၊ ရသေ့လုပ်တော့ သိပ်ကြိုးစားလိုက်တာ၊ နဂိုကလဲ ဗြဟ္မာ့ ပြည်က လာတဲ့သူတွေဖြစ်တော့ စိတ်ကလဲ စင်စင်ကြယ်ကြယ်၊ ဒီမှာလဲပဲ သိပ်ကြိုးစားလိုက်တာ၊ လုံ့လရော, ဉာဏ်ရော အစွမ်းကုန် အားထုတ်လိုက်တာ၊ တော်တော်ကြာတော့ သူတို့ ဈာန်ရကြရော၊

ဈာန်တွင် မကဘူး၊ ဈာန်ထက် အဆင့်အတန်း မြင့်လာတဲ့ အဘိညာဉ်တွေ ရကြတော့ ရှေးဟောင်းနှောင်းဖြစ်တွေ အောက်မေ့ကြ၊ အောက်မေ့တဲ့အခါ ဩော်–တို့ ဟိုဗြဟ္မာပြည်က စုတေလာကြတာပါလား၊ ဒီလိုလဲ သူတို့သိကြ၊ ဟင်–ဟို ဗြဟ္မာကြီး, တို့ ဟိုတုန်းကလေ သခင်ကြီးလို့ ယူဆထားတဲ့ ဗြဟ္မာကြီးတော့ ခုရှိတယ်နော်၊ တို့ကတော့ သူ့နောက်မှ ဖြစ်ပြီးတော့ သူ့အရင် တို့သေတယ်၊ သူကတော့ သိပ်ကြာတာပဲ၊ ဘယ်လောက်ကြာမှန်း မသိဘူး၊ သူက တယ်မြဲပါလား၊ ဒီဗြဟ္မာကြီးကတော့ သိပ်မြဲတဲ့ ခိုင်မြဲတဲ့ ဗြဟ္မာကြီးပဲလို့ဆိုပြီးတော့ လူ့ပြည်က ဈာန်ရ ရသေ့ကြီးတွေက အထင်ကြီးပြီးတော့ ကမ္ဘာကို ဖန်ဆင်းနိုင်တဲ့ ဗြဟ္မာမင်းကြီး ရှိတယ်လို့ သူတို့က ဟောကြရော။

**ထာဝရဖန်ဆင်းရှင်ဆိုတဲ့ အမည်ရလာပုံ။** ။သူတို့ကလဲ တကယ် ထင်တာ၊ တို့ကိုလဲ သူ ဖန်ဆင်းတာ၊ ဒီကမ္ဘာကြီးလိုလဲ သူဖန်ဆင်းတာ၊ ခု လူ့ပြည်ရှိတဲ့ သတ္တဝါအမျိုးမျိုးကိုလဲ သူဖန်ဆင်းတာ၊ အဲဒီ ဗြဟ္မာမင်းကြီးဟာ ခုထက်ထိလဲ ရှိတယ်၊ နောင်လဲ သေမှာမဟုတ်ဘူး၊ သူက မြဲတယ်၊ မြဲတယ်ဆိုတဲ့စကားကို ပါဠိလို ထာဝရ လို့ ဆိုတယ်၊ ခိုင်မြဲတယ်, ပါဠိလို ဣဿရ=အစိုးရတဲ့လူလို့ ဆိုပါတယ်၊ သူအစိုးရတယ်, သူခိုင်မြဲတယ်၊ ပါဠိလို သူဖန်ဆင်းတတ်တာကို နိမ္မာတာလို့ဆိုတယ်၊ ဒီတော့ အဲဒီ ကမ္ဘာအစတုန်းက ကမ္ဘာအစတုန်းကိုက ထာဝရဖန်ဆင်းရှင်လို့ ထင်လာတာ အဲဒါမဟာဗြဟ္မာကြီးပဲ၊ သူက မသေဘူး၊ အဲဒီ ဗြဟ္မာတွေ အောက်ဆင်းလာပေမယ့် သူက မသေဘူး၊ ကျန်ရစ်နေတယ်၊ သူက ဖန်ဆင်းတယ်လို့ ဒီလို စိတ်ထဲက အားလုံးက သူ့ကို ယူဆနေကြတယ်၊ ယူဆရုံ မကဘူး၊ ဟောကြရော, ဒီတော့ အဲဒီဗြဟ္မာကြီးကို သူတို့ ထာဝရဖန်ဆင်းရှင် ပရမအတ္တ= ဘယ်တော့မှ မပျက်တဲ့ အတ္တ၊ အင်မတန် မြဲနေတဲ့ အတ္တ၊

အဲဒီကစပြီးတော့ ထာဝရဖန်ဆင်းရှင်လို့ သူတို့ အသုံးပြုနေကြတယ်၊ ဖန်ဆင်းနိုင်တဲ့သူလို့ အသုံးပြုနေကြတယ်၊ အဲဒီ ဖန်ဆင်းနိုင်တဲ့သူဟာ ဘယ်မှာ နေသတုန်းလို့ဆိုရင် လက်ညှိုးထိုးပြ၊ ဟို–ကောင်းကင်ဘုံမှာ နေတယ်၊ ဒီဟာပဲ သူတို့ အကြမ်းစား ပြောတာ၊ အမှန်မတော့ ဟို–ဗြဟ္မာ့ပြည်မှာ မဟာဗြဟ္မာကြီးကို သူတို့ လက်ညှိုးထိုး ပြောနေကြတာ။

**ပရမအတ္တ, ဇီဝအတ္တအစွဲ ပေါ်လာပုံ**။ ။အဲဒီ မဟာဗြဟ္မာကြီးကို **ပရမအတ္တ=ဘယ်တော့မှ မပျက်တဲ့ အတ္တ**ပဲလို့ စွဲပြီးတဲ့နောက် ကိုယ်စီ ကိုယ်စီ တစ်ယောက်စီ တစ်ယောက်စီတော့ ဟိုတုန်းကလဲ တို့ဗြဟ္မာ့ပြည် ဖြစ်ခဲ့တယ်၊ ဟိုဘက်တုန်းကလဲ တို့ဟိုအထက်ဗြဟ္မာ့ပြည် ဖြစ်ခဲ့တယ်၊ ယခု အဲဒီ ဗြဟ္မာ့ပြည်က တို့ လူ့ပြည်ရောက်ပြီးတော့ လာတယ်၊ တို့တို့, ငါငါ, သူများမဟုတ်ဘူး၊, ငါ၊ ငါလေ ဗြဟ္မာ့ပြည် ဖြစ်ခဲ့တယ်၊ ဗြဟ္မာပြည်က ခုလူ့ပြည် ငါရောက်ခဲ့တယ်ဆိုတော့ သူတစ်ယောက်စီ တစ်ယောက်စီအတွက်ကျတော့ အသက်နဲ့ရှိနေတဲ့ အတ္တတစ်မျိုးလို့၊ ဒါမျိုးကို **ဇီဝအတ္တ**–အသက်ကောင်၊ ငါရဲ့ ခန္ဓာကိုယ်ကြီးကတော့ ပြောင်းလဲလာတယ်၊ ငါကတော့ မပြောင်းဘူး၊ ငါကတော့ ဗြဟ္မာ့ပြည် တုန်းက ငါပဲ၊ လူ့ပြည်မှာလဲ ငါပဲ၊ ငါက မပြောင်းဘူး၊ ဒီခန္ဓာကိုယ် ကြီးကသာ ပြောင်းလိုက်သွားတာ၊ ငါက မပြောင်းဘူး၊ အဲဒီအစွဲဟာ ကမ္ဘာဦးကတည်းက စွဲတာ၊ ဒီတော့ အတ္တနှစ်မျိုးနော်၊ အတ္တတစ်ခုက ကမ္ဘာကို ဖန်ဆင်းနိုင်တဲ့ **ပရမအတ္တ** ထာဝရပုဂ္ဂိုလ်ကြီးလို့ ဒီလို စွဲတယ်၊ သူတို့ စွဲသာစွဲတယ်၊ အမှန်တော့ အင်မတန်ကြာလို့ သူ မသေသေးတာ, သေမှာ၊ အင်မတန်ကြာပြီးတော့ နေလို့မို့ ဒီလူတွေ သေခဲ့တာတောင်မှ သူက မသေသေးလို့သာ အထင်ကြီးတာ၊သေမှာက အမှန်, မမြဲပါဘူး၊ ပြီးတော့ တစ်ယောက်စီ တယောက်စီဆိုတော့

ဒါက **ဇီဝအတ္တ**–အသက်ကောင်၊ တို့ အသက်ကောင်တွေ၊ သူ့မှာလဲပဲ အတ္တရှိတယ်၊ ဟို–သူ့မှာလဲပဲ အတ္တရှိတယ်၊ အဲဒီလို အတ္တရှိတယ်, အတ္တရှိတယ်နဲ့ ဒီလို စွဲလမ်းပြီးနေကြတဲ့ အသက်ကောင်တွေ ကိုယ်စီ ကိုယ်စီ ရှိတယ်၊ ဒါက **ဇီဝအတ္တ**၊ အဲဒီလို ဆိုတယ်၊ ဒီတော့ အဲဒီ အတ္တကို နားလည်ဖို့ရန်ဟာ တော်တော်တန်တန်ကလေးများ စဉ်းစားလို့, တော်တော်တန်တန်ကလေးများ ကြံဆလို့ နားလည် လိမ့်မယ်လို့ မယူဆနဲ့၊ အင်မတန် စိတ်ထဲမှာ ထပ်ခါတလဲလဲ စဉ်းစားရတယ်၊ ဒါကြောင့်–

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ, ဝါလဂ္ဂံ ဥသုနာ ယထာ၊**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ, ပရတော နော စ အတ္တတော။**

ယေ ဇနာ–သူတော်များထံ, တရားမှန်ကို, ကြားဖန်များသလောက်, တအားဆောက်၍, ပွားမြောက်ကြိုးစား, အကြင် အမျိုးသား,အမျိုး သမီးတို့သည်၊ ပဉ္စက္ခန္ဓေ–ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို၊ ပရတော– ပျက်ချင်တိုင်းပျက်, ရက်စက်ပလေ, အခြေဆိုးဝါး, သူစိမ်း ပြင်ပ, အနေမျိုးအားဖြင့်၊ ပဿန္တိ–သူ့အမှုသွား, ဂရုထားလျက်, ရှုစားကြည့် လျှင်, သိမြင်ကြလေကုန်၏၊ အတ္တတော–မပျက်စီးနိုင်, မြဲခိုင် ကျစ်လျစ်, အနှစ်သာရ, အတ္တဟုဆို, မိမိကိုယ်ဟူ၍ကား၊ နော စ ပဿန္တိ–ကြောင်းကျိုးစုံလင်, အကုန်မြင်၍, ခုံမင်ရေးမှု, မတွေးမရှုကြ လေကုန်၊ တေ ဇနာ–ဒိဋ္ဌိ အတ္တ, ကင်းစင်ပအောင်, လုံ့လကြိုးစား, ထိုအမျိုးသား,အမျိုးသမီးတို့သည်၊ ဝါလဂ္ဂံ–ခရီးကွာဝေး, အသေး အမွှား, သားမြီးဖျားကို၊ ဥသုနာ–အသင့်ပြင်ထား, ဖြောင့်မတ်သော မြားဖြင့်၊ ဝိဇ္ဈန္တိ ယထာ–ချက်တိုင်းမလွဲ, လက်တိုင်းစွဲသည့်, လေးပွဲ ကျော်ကြား, လေးတော်သားတို့ကဲ့သို့၊ သုခုမံ–သာမန်ဉာဏ်များ, မကြံအားဖို့, ဖန်ထားလေဟန်, အနေမှန်လျက်, ဇကန်ခက်ခဲ, သိမ်မွေ့ နက်နဲတဲ့, အနတ္တအချက်ကို၊ ပဋိဝိဇ္ဈန္တိ–ဉာဏ်ရောင်ဝင်းသလောက်, အတွင်းရောက်၍, ထွင်းဖောက်သိမြင်နိုင်ကြလေကုန်သတည်း။

**အတ္တစွဲရာက တဏှာပိုလာ။** ။ ဒီတော့ ကမ္ဘာဦးကတည်းက အတ္တစွဲနေတာ၊ ငါ,ငါ ကမ္ဘာဦးထဲက ကိုယ့်ကိုယ်ကို ငါငါနဲ့ အတ္တစွဲနေတော့ ဘာဖြစ်လာသလဲဆိုတော့ ငါ–ငါပြုလို့ရှိရင် ငါရတယ်၊ ကောင်းတာပြုလဲ ငါရတယ်၊ မကောင်းတာ ပြုလဲ ငါခံရမယ်၊ အဲဒီလို ငါ ငါ အတ္တ အတ္တလို့ စွဲနေတဲ့ အတ္တဟာ အင်မတန် များပြီးတော့ တကတည်း နေလာတော့ ဒီအတ္တကလေး ဘယ်နေရာမှာလဲလို့ ခန္ဓာကိုယ်အတွင်း အတ္တကလေး နေတဲ့နေရာကို စဉ်းစားကြတယ်။

စဉ်းစားကြတော့ တချို့က စိတ်ကို အတ္တလို့, ဝိညာဉ်ကို အတ္တလို့ ဒီလို ထင်နေတာဖြစ်တော့ အတ္တကလေးရဲ့ နေရာဟာ ဝမ်းထဲမှာ ဟဒယဝတ္ထုဆိုတဲ့ နှလုံးသားမှာ အတ္တကလေး စွဲနေတယ်၊ အင်မတန် သေးတယ်၊ ဒီအတ္တကလေး ဘယ်လောက်များရှိလဲ, ပရမာဏုမြူလောက်ပဲရှိတယ်၊ အတ္တကလေးဟာ သတ္တိက ရှိလိုက်တာ တကတည်း ဘာမျှ မပျက်နိုင်တဲ့အတ္တ၊ ဒါက ဝိညာဉ်ကို အတ္တလို့ စွဲနေတဲ့ ပုဂ္ဂိုလ်များအလို၊ သူတို့အလိုအရ အတ္တကလေးဟာ ဟဒယဝတ္ထု–နှလုံးသားမှာ မှီပြီးတော့ နေတာ၊ ပရမာဏုမြူလောက်ရှိတယ်၊ အင်မတန် သေးတယ်၊ ဒီအတ္တကလေးဟာ, ငါလို့ ဆိုတာကလေးဟာ အဲဒါကလေးပဲ၊ ဘယ်တော့မှ မပျက်ဘူး၊ ဒီခန္ဓာကိုယ်ကြီးသာ ပျက်သွားတာ၊ အတ္တကလေးကတော့ မပျက်ပါဘူး၊ ငါလုပ် ငါရတာပဲ၊ ငါပြု ငါစံရမှာပဲ၊ ငါပြု ငါခံရမှာပဲ၊ သူက ဒီလို စွဲပြီးတော့ အတ္တစွဲကလာတော့ ဘာပိုလာသတုန်းဆိုတော့ ကိုယ့်အတ္တကလေးကို တယ်ချစ်တဲ့ တဏှာပိုလာတယ်။

ပထမတုန်းက အတ္တလို့ ယူဆနေတဲ့ ဒိဋ္ဌိဖြစ်နေတယ်၊ အဲဒီအတ္တလို့ ဒိဋ္ဌိဖြစ်နေရာက ငါငါလို့ပဲ ဆိုဆို, ကိုယ် ကိုယ်လို့ပဲဆိုဆို အဲဒီ အတ္တကလေးပဲ၊ အဲဒီ ဒိဋ္ဌိဖြစ်နေရာက တယ်နှစ်သက်ကိုး၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးပဲ၊ ဟိုဘဝပေါင်းများစွာက ငါပဲ၊ အမယ်–

ဒီကို လာခဲ့တာ ငါပဲ၊ နောက်ကိုလဲ ငါပဲ၊ ဟောသလို အတ္တဒိဋ္ဌိ စွဲရာက တဏှာနဲ့ တယ်နှစ်သက်လာတယ်၊ ဒါကြောင့် ကိုယ့်ထက် ချစ်စရာ ဘယ်သူမှ မရှိဘူး၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး, ကိုယ့်ကိုယ်ကို အညာဆုံး, ကိုယ့်ကိုယ်ကို အမြတ်နိုးဆုံးနဲ့ ဒီလိုခေါ်နေကြ, ဒီလိုကို အသိအမှတ် ပြုနေကြတယ်၊ တဏှာပိုလာတယ်။

**တဏှာပိုရာက မာနတွေပြန့်ပွားလာ။** ။အတ္တစွဲတော့ကို ဒိဋ္ဌိဖြစ်တယ်, အဲဒီ ဒိဋ္ဌိအတ္တကို မဟုတ်ပေ မယ်လို့ စွဲလမ်းနေတော့ နှစ်သက်မှုတဏှာက ပြန့်ပွားပြီးတော့ ကျယ်လာခဲ့တယ်၊ အဲဒီလို နှစ်သက်မှုတဏှာက ကျယ်လာတော့ ငါ, အောင်မယ် မင်းတို့က ငါ့များ ဘာမှတ်လို့တုန်းဆိုတဲ့ မာန် မာနလေး ပေါ်လာတယ်၊ ဟော–တဏှာ မာန, အတ္တက ပေါက် ပွားပြီးတော့ တဏှာမာန ကျယ်လာတယ်၊ ငါ, အထက်တန်းလူကလဲ ငါကွ, မင်းတို့ ငါ့ကို ဘာမှတ်သတုန်း၊ အလယ်တန်းလူကလဲ အမယ် သူနဲ့ ငါနဲ့ ဘာထူးသေးတုန်း၊ ငါ, အောက်တန်းလူကလဲ အို–မင်းလူတွေ အထက်တန်းရောက်နေရော ငါက ဘာအရေးစိုက်ရ မှာတုန်း, မာနက၊ အထက်တန်းက အထက်မာနနဲ့, အလယ်တန်းက အလယ်မာနနဲ့, အောက်တန်းက အောက်မာနနဲ့၊ ပထမဆုံး ဘယ်က ပေါက်ပွားလာသလဲဆိုရင် အတ္တပဲ၊ အတ္တဆိုတဲ့ ဒိဋ္ဌိက ပေါက်ပွားပြီး တော့ စွဲလမ်းမှုတဏှာတွေ ဖြစ်လာပြီး မာန်မာနတွေ ပိုလာတယ်။

**ဒိဋ္ဌိပ္ပပဥ္စိတာ သတ္တာ, အတ္တာ အတ္တာတိ ဂဏှရေ၊**
**မာနေနာဟမဟံမညာ, တံ တံ တဏှာယ, ဂါဟကာ။**

ဒိဋ္ဌိပ္ပပဥ္စိတာ–ဒိဋ္ဌိဆိုတဲ့တရားက သံသရာ၌ ကျယ်ပွားစေအပ်ကုန် သော၊ သတ္တာ–သူရောကိုယ်ပါ, သတ္တဝါဟူသမျှတို့သည်၊ အတ္တာ အတ္တာတိ–အတ္တ အတ္တ, ငါ ငါ, ကိုယ် ကိုယ်ဟူ၍၊ ဂဏှရေ– စွဲလမ်းမှတ်ထင်၍ နေကြလေကုန်၏၊ မာနေန–မာန်မာနဖြင့်၊

အဟံ အဟံ မညာ–ငါ ငါဟု မှတ်ထင်ကြကုန်သည်ဖြစ်၍, ငါ မဟုတ်ဘဲနှင့် ငါဟု အထင်ကြီးကြသည်ဖြစ်၍၊ တံ တံ–ငါ့ကိုလည်းကောင်း, ငါနှင့်ဆိုင်ရာ, အဖြာဖြာသော အရာဝတ္ထုကိုလည်းကောင်း၊ ဂါဟကာ–မခွဲစတန်း, အမြဲမှန်းလျက်, တစွဲလမ်းထဲ, စွဲလမ်း၍ နေကြပေကုန်တော့သတည်း။

**ပပဉ္စတရားတွေ နယ်ချဲ့နေပုံ။** ။ ပြန်ပြီးတော့ စဉ်းစားစို့၊ ဒိဋ္ဌိက အတ္တလို့ ယူလိုက်တာ, အတ္တဟာ ဘယ်နေတုန်း၊ နှလုံးမှာတည်ပြီးတော့ နေတယ်၊ ပရမာဏုမြူလောက် အင်မတန်သေးငယ်တယ်၊ ဘယ်သူမှ မြင်လို့မရဘူး၊ ဘယ်တော့မှလဲ မပျက်ဘူး, ခိုင်မြဲတယ်၊ ဒါက ဝိညာဉ်ကို အတ္တလို့ ယူတဲ့သူတွေက, ရုပ်ကို အတ္တလို့ ယူသူတွေက အတ္တဟာ တစ်ကိုယ်လုံး ပြန့်နေတယ်၊ ခန္ဓာကိုယ်ကြီးသလောက် အတ္တကလေးတွေက အစိတ်အပိုင်းအဖြစ်နဲ့ ပေါ့လေ, ခန္ဓာကိုယ်နဲ့အမျှ ခန္ဓာကိုယ်ထဲမှာ အတ္တဟာ ပြန့်ပြီးတော့ အကုန်လုံးရှိတယ်၊ လက်လှုပ်လိုက်စမ်း, အတ္တပါတယ်၊ စကား ပြောလိုက်စမ်း, အတ္တပါတယ်၊ စားတယ် သောက်တယ်ဆိုရင်လဲ အတ္တပါတယ်၊ အတ္တဟာ တစ်ကိုယ်လုံး သူက ပြန့်ပြီးတော့နေတယ်၊ ဘယ်ဟာတုန်းဆိုတော့ ဒါ သာမန်လူတွေ မမြင်နိုင်ပါဘူး၊ ဒီအတ္တဟာ ဒီလို, ဒါက ရုပ်ကို အတ္တလို့ ဆိုတဲ့သူက တစ်ကိုယ်လုံး ပြန့်တယ်၊ အတ္တဟာ ခန္ဓာကိုယ် ကြီးသလောက် အတ္တကြီးတယ်။

ဟောဒီမှာ အတ္တစွဲလမ်းမှုကြောင့် ငါလို့ မာနဖြစ်တာ၊ ငါလို့ မာနဖြစ်ပြီး ငါကို နှစ်သက်တဲ့, အတ္တကို နှစ်သက်တဲ့ တဏှာက ဖြစ်တယ်၊ တဏှာဖြစ်တော့ အဲဒီ အတ္တကို ကျေးဇူးပြုမယ့် သားတွေ, သမီးတွေ, ဆွေတွေ,မျိုးတွေ, ပစ္စည်းတွေ,ဥစ္စာတွေ တွေ့ရာမြင်ရာ အာရုံတွေကို နှစ်သက်တဲ့ တဏှာတရားတွေ ဖြစ်ပွားပြီးတော့လာတယ်၊ ဒီတော့ သံသရာ ဒါ ကျယ်နေတာ၊ သံသရာ သူတို့ ကျယ်နေတာ။

တဏှာ,မာန,ဒိဋ္ဌိ ဒါကို ပပဉ္စတရား သံသရာကို ချဲ့ထွင်တဲ့တရား မှန်သလား, မမှန်ဘူးလားလို့သာ စဉ်းစားကြည့်စမ်း၊ တဏှာနဲ့ အရင်းခံပြီးတော့ စွဲလမ်းမှု အားကြီးနေလို့ ကုသိုလ်ကံတွေ ပြုကြ, ဟိုကျ ငါခံစားရမယ်၊ အမယ် ကောင်းတာတွေ ပြုတယ်၊ ငါနောက် ဘဝကျတော့ နောင်သံသရာကျတော့ ငါခံစားရမှာ၊ ဘယ်လောက် နယ်ကျယ်သွားသလဲ၊ ဘဝ ဘယ်လောက် ကျယ်သွားသလဲ။

တစ်ခါ ဒီဘဝမှာပဲ ငါချမ်းသာအောင်လေဆိုပြီး သူ့ကို မတရား နှိပ်စက်သတ်ဖြတ်လိုက်တယ်၊ ငါချမ်းသာအောင်လို့, ငါချမ်းသာအောင် လို့ဆိုပြီး သူ့ဥစ္စာတွေကို မတရားယူငင်လိုက်တယ်၊ ငါချမ်းသာအောင် လို့တဲ့၊ တဏှာက စွဲလမ်းတာနဲ့မို့ မတရားမှုတွေ လျှောက်ဖြစ်လိုက်တာ သွားလေရော၊ အပါယ်လေးပါးမှာ လူ့ဆင်းရဲတွေရော သွားလေရော၊ ငါချမ်းသာအောင်လို့ဆိုပြီး မိကောင်းဖကောင်း, ဆရာကောင်း သမား ကောင်းတွေနဲ့တွေ့လို့ ကောင်းမှုတွေ ပြုလိုက်တာ သွားပြန်ရော သုဂတိသံသရာနယ်မှာ၊ ဒီတော့ တဏှာ,မာန,ဒိဋ္ဌိကြောင့် သံသရာ ထဲမှာ ကြာနေတာ အမှန်ပဲ၊ ဒါကြောင့် ဒီ တရားသုံးပါးကို **ပပဉ္စ** ပါဠိက,မြန်မာလိုကတော့ သံသရာကို ချဲ့ထွင်တဲ့ တရားသုံးပါး၊ ဘယ်သူက စ,သလဲဆိုရင် အတ္တက စ,တယ်။

## ပပဉ္စတရားတွေ စွဲနေကြပုံ

**ဒိဋ္ဌိပ္ပပဉ္စိတာ သတ္တာ, အတ္တာ အတ္တာတိ ဂဏှရေ၊**
**မာနေနာဟမဟံမညာ, တံ တံ တဏှာယ, ဂါဟကာ။**

ဒိဋ္ဌိပ္ပပဉ္စိတာ–ဒိဋ္ဌိဆိုတဲ့တရားက သံသရာထဲ၌ ချဲ့ထွင်၍ထားအပ် ကုန်သော၊ သတ္တာ–သူရောကိုယ်ပါ, သတ္တဝါဟူသမျှတို့က၊ အတ္တာ အတ္တာတိ–ငါ ငါ, ကိုယ် ကိုယ် (ဒီမြန်မာလို ဆိုချင်သလို ဆို, အတ္တကို ပြောနေတာ, ခုနက ဘုန်းကြီး ပြောနေတဲ့ အရာဝတ္ထုလေးကို ပြောနေတာ၊) အတ္တာ အတ္တာတိ–အတ္တ အတ္တဟူ၍၊ ဝါ–မိမိကိုယ် မိမိကိုယ်ဟူ၍၊ ဂဏှရေ–စွဲလမ်းမှတ်ထင်၍ နေကြလေကုန်၏။

**"မာနေန–မာန်မာနတရားက၊ အဟံ အဟံ မညာ–ငါ ငါဟု မှတ်ထင်ကြကုန်သည်ဖြစ်၍"** မာနက စ,ပြီးတော့ ငါ, အဲဒီ အတ္တကလေးကို ငါ, တစ်ခုက ငါ, အဲဒီ အတ္တကလေးက ငါပဲ၊ ငါဆိုရင် သူဆိုတဲ့ဥစ္စာလဲ ပေါ်လာတယ်၊ အဲဒီ အတ္တလေးဟာ, သူဆိုတာ အဲဒီ အတ္တလေးပဲ။ **"တံ တံ–အတ္တဆိုတဲ့ ထိုအရာဝတ္ထု, အတ္တနဲ့ဆိုင်တဲ့ တွေ့ရာမြင်ရာ ကြုံရာ အရာဝတ္ထုဟူသမျှကို၊ တဏှာယ–တဏှာဖြင့်၊ ဂါဟကာ–စွဲလမ်း၍ နေကြလေကုန်၏"**။

**အတ္တစွဲကြောင့် နယ်ကျယ်လာ**။ ။ဒါ လက်ရှိ ဒီအတိုင်းပဲ၊ အိမ်တစ်အိမ် လူတွေ စဉ်းစားကြည့်လိုက်စမ်း၊ တစ်ယောက်က ခေါင်းဆောင်လူက ငါ သို့မဟုတ် အတ္တလို့ ခုနက အကောင်ကလေးမျိုးကို မှန်းပြီးပြောလိုက်လို့ရှိရင် ကိုယ်ကလေ, ငါတို့ကတော့လေ ငါက ဘယ်သူ့ကို ဂရုစိုက်ရမှာတုန်း၊ ဟောဒီမှာ ဒိဋ္ဌိသံနဲ့ မာနသံကလေးနဲ့၊ ကိုယ်ကလေဆိုတာ ဘယ်သူ့ကို ပြောတာတုန်းဆိုရင် အမှတ်တမဲ့ဆိုတော့ ဘယ်သူရယ်လို့ မသိဘူး၊ သေသေချာချာ စဉ်းစားလိုက်တော့ ကိုယ်ကလေဆိုတာ ရုပ်ကိုပြောတာ မဟုတ်ဘူး, နာမ်ကို ပြောတာမဟုတ်ဘူး၊ အတ္တကို ပြောတာပဲ၊ ကိုယ်ကလေ, ဒီတော့ ငါ့ကို သူတို့က ဘာထင်လို့ပါလိမ့်၊ ဟော ငါမာနလေးနဲ့၊ ဘယ်သူ့ပြောတာလဲ၊ အဲဒီအတ္တကလေးကို ငါလို့မာနနဲ့ တစ်ခါ အထင်ကြီးသွားတယ်၊ ငါချမ်းသာအောင်လို့,အတ္တ ချမ်းသာအောင်လို့ ခုနကပြောတဲ့ မကောင်းတာလဲ အကောင်းထင် လုပ်လိုက်တယ်၊ နောင်ဘဝသံသရာ ခံစားရအောင် စိတ်က မပါစေကာမူ ကောင်းတာတွေလုပ်ရင် ငါတော့ အကျိုးခံစားရမှာပဲ၊ ငါတော့ ကောင်းတာတွေ ဖြစ်မှာပဲ၊ ခံစားပါရစေလို့ ဆုမတောင်းပေမယ့် ငါတော့ ကောင်းတာ လုပ်,ကောင်းကျိုး ရမှာပဲ၊ နို့ သံသရာ ဘယ်လောက် ကျယ်သွားသလဲ၊ ဟိုဘက်သံသရာတွေ ဘယ်လောက်

ကျယ်သွားတုန်း၊ အပါယ်လေးပါး သံသရာလဲ ဒီအတ္တစွဲလမ်းမှုကြောင့် ကျယ်သွားတယ်၊ သုဂတိဘဝသံသရာလဲ ဒီအတ္တစွဲလမ်းမှုကြောင့် ကျယ်သွားတယ်၊ ဒါကြောင့် တဏှာ,မာန,ဒိဋ္ဌိဟာ သံသရာထဲ သူတို့ ချဲ့နေတာ၊ ဒိဋ္ဌိ ပြုတ်လို့ရှိရင် တဏှာပြုတ်, မာနပြုတ်၊ ဒါကြောင့် ဒိဋ္ဌိရဲ့စွဲလမ်းချက်ဖြစ်တဲ့ အတ္တဟာ တော်တော်ခက်တယ်၊ ဘာပြုလို့လဲ ဆိုတော့ စွဲလမ်းတာက ကြာပြီလေ၊ သတ္တဝါလို့ ရုပ်နာမ်ခန္ဓာနဲ့ ဖြစ်ကတည်းကိုက ဒီအစွဲအလမ်းဟာ ပါနေတာ။

ကမ္ဘာအစ အစမှာ ခုနက ဈာန်ရ ရသေ့ကြီးတွေက ဟောကြတယ်၊ ဟောပေမယ်လို့ မဟောခင်ကတည်းကိုက သတ္တဝါတွေက ဒီအတ္တကို စွဲလမ်းနေတာ၊ ရသေ့ကြီးတွေကတော့ အကောင်အထည် ဖော်ပြနေတာ၊ဖန်ဆင်းတဲ့,ပရမအတ္တဆိုတဲ့ ထာဝရကတော့ ဟိုကောင်းကင်ဘုံမှာ နေတယ်၊ သတ္တဝါတိုင်းမှာ ရှိနေတဲ့ ဇီဝအတ္တဆိုတဲ့ အသက်ကတော့ ဒီခန္ဓာကိုယ်ထဲမှာ, ဝိညာဉ်ကို အတ္တလို့ယူတဲ့သူက ဟဒယနှလုံးမှာ မှီပြီးတော့ အဲဒီအတ္တလေးဟာ သေးသေးမွှားမွှားလေးရှိတယ်၊ ဘယ်တော့မှ မပျက်ဘူး၊ ရုပ်တစ်ခုလုံးကို အတ္တလို့ယူတဲ့သူက ခန္ဓာကိုယ်ကြီးသလောက် အတ္တကလေးတွေ နှံ့ပြီးတော့နေတယ်၊ အဲဒီလို စွဲလမ်းမှုတွေနဲ့ သံသရာထဲမှာ ကြာပြီးတော့ ဘုန်းကြီးတို့ နေခဲ့ကြရတာ။

**အတ္တ၏ စွမ်းရည်သတ္တိ။** ။ ဒီတော့ ခုနက အဲဒီ စွဲလမ်းနေတဲ့ အတ္တဟာ ဘယ်လိုများ အစွမ်းသတ္တိ ရှိနေသတုန်းလို့ဆိုတော့—

**သဗ္ဗော ယဿ ဝသေနေဝ, ဟောတီတိ ပရိကပ္ပိတော၊**
**ကာရကော ဝေဒကော သာမီ, နိဝါသီ သော သယံဝသီ။**

ယဿ အတ္တနော—အသက်ကောင်,လိပ်ပြာကောင်,ဝိညာဉ်ကောင် ဟူ၍ စွဲဆိုအပ်သော အကြင်အတ္တ၏၊ ဝသေန—စွမ်းရည်သတ္တိ,မပြတ်ရှိသည့်အတွက်ကြောင့်၊ သဗ္ဗော—သူရောကိုယ်ပါ, များပြားစွာတောင်း,

သတ္တဝါအပေါင်းသည်၊ ယောတိ–ထိုဤအမှု, ကိုယ်စီပြုလျက်, ယခု အနေ, ဖြည့်ကျင့်၍ နေနိုင်ပေ၏၊ ဣတိ ပရိကပ္ပိတော–ဤကဲ့သို့ ပင်, ပုထုဇဉ်တို့, အစဉ်မပြား, အထင်မှားကြံဆအပ်သော၊ သော အတ္တာ–အသက်ကောင်,လိပ်ပြာကောင်ဟု ခေါ်ဆိုရတဲ့ ထိုအတ္တာသည်၊ ကာရကော–ပြုရေးပြုရာ, ပေါ်ပေါက်လာလျှင်, လျော်စွာတစ်ခုခု ဖြင့်, ပြုစုလည်း ပြုစုတတ်လေ၏၊ ဝေဒကော–ကောင်းကောင်း ဆိုးဆိုး, အမျိုးမျိုးကို, အကျိုးလျော်ကန်, ပေါ်လာပြန်လျှင်, ခံစံလည်း ခံစံတတ်ပေ၏၊ သာမီ–ခန္ဓာအိမ်ဆိုင်သမျှ၌, ပိုင်သအုပ်စီး, အရှင်သခင် ကြီးပေတည်း၊ နိဝါသီ–ဟောင်းခန္ဓာအိမ်, ပျက်သည့်ချိန်ဝယ်, ခန္ဓာအိမ် အသစ်လဲ၍, တကတဲမှီ, အမြဲတည်တဲ့သဘောပေတည်း၊ သယံဝသီ– ခန္ဓာအိမ်မှု, အစုစု၌, တစ်ခုမကျန်, စီမံခွဲဝေ, မိမိနှစ်ခြိုက်, စနစ် ကိုက်အောင် လိုက်ပါစေနိုင်တဲ့ သဘောတစ်မျိုးပေတည်း။

**ခန္ဓာကိုယ် ပြုသမျှ အတ္တအလုပ်ချည်း**

ခုနက မဟုတ်တဲ့အတ္တကို ဘုန်းကြီးက သူတို့ စွဲလမ်းသလို နေရာလေးဘာလေး ချပြထားတယ်နော်၊ တချို့က ဟဒယနှလုံးထဲမှာ, တချို့က တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ နေတယ်တဲ့၊ အဲဒီအတ္တဟာ ဘယ်လောက် သတ္တိရှိတုန်းဆိုတော့ “**ကာရကော–ပြုရေးပြုရာ, ပေါ်ပေါက်လာလျှင်, လျော်စွာတစ်ခုခုဖြင့်, ပြုစုလည်း ပြုစုတတ်လေ၏**” ဘုန်းကြီး ခု အသံထုတ်ပြီးတော့ ဟောနေတယ်၊ ငါ ပြောမယ်လို့ဆိုတဲ့ စကားလုံးတွေဟာ အတ္တက စီစဉ်နေတာ, အတ္တက စီစဉ်ပြီးတော့ အသံထွက်အောင်လဲ အတ္တက စီစဉ်နေတယ်၊ ဘာနဲ့ ပြုပေးလဲ, ပါးစပ်ရယ်, ပါးစပ်ထဲမှာရှိတဲ့ အသံထွက်တဲ့ နေရာတွေ ရယ် **ဌာန်ကရိုဏ်း** ခေါ်တယ်၊ အဲဒီ နေရာတွေ စုပေါင်းပေးပြီး တော့ အသံလေးတွေ တစ်လုံးချင်း ထွက်လာအောင် အတ္တက ပြုပေးနေတယ်။

ခု ဘုန်းကြီး လက်လှုပ်ချင်တယ်လို့ဆိုရင် အဲဒီ လက်လှုပ်ချင်တာကိုက အတ္တက လှုပ်ချင်တာ၊ အတ္တက လှုပ်ချင်တော့ သူက လက်ကလေးကို အမိန့်ပေးပြီးတော့ လှုပ်စေတယ်၊ ဒါ အတ္တက ခိုင်းနေတာ၊ အတ္တအလုပ်တွေချည်းပဲ။

ဘုန်းကြီးတို့ လမ်းသွားတယ်, သွားချင်တယ်၊ ဘယ်သူသွားချင်လဲ၊ အတ္တက သွားချင်လို့, သွားအောင် ဘယ်သူက လုပ်ပေးသလဲ၊ ခြေထောက်တွေ မြှောက်အောင်, ခြေထောက်တွေ ချအောင် အားလုံး အလုပ်မှန်သမျှ အတ္တက လုပ်ပေးတာချည်းပဲ။

**ခံစားသမျှ အတ္တက။ ။"ဝေဒကော–ကောင်းကောင်းဆိုးဆိုး,အမျိုးမျိုးကို, အကျိုးလျော်ကန်, ပေါ်လာပြန်လျှင်, ခံစံလည်း ခံစံတတ်ပေ၏"** တစ်ခါတလေ အမယ်–နာလိုက်တာ၊ နာတာ ဘယ်သူက နာပါလိမ့်,ပြောစမ်း၊ ခေါင်းကိုက်တယ်ဆိုပါတော့, ခေါင်းက နာတာလား, မဟုတ်ဘူး၊ အတ္တက နာတာ၊ မျက်စိနာလိုက်တာဆိုတာ မျက်စိက မျက်လုံးက နာတာကို သိသလား, မသိပါဘူး၊ ဘယ်သူကတုန်း နာတယ်ဆိုတာ, အတ္တက နာတာ။

ဒီနေ့ ထမင်းစားလို့ ကောင်းလိုက်တာ, အရသာ ရှိလိုက်တာလို့ဆိုတယ်၊ အဲဒီ အရသာရှိတဲ့ အရသာကို ဘယ်သူက ခံစားတာလဲ၊ အတ္တက ခံစားတာ၊ ဒီနေ့ ငါးစားလို့ ကောင်းတယ်၊ ကိုယ်စားလို့ ကောင်းတယ်, ဒါဟာ အတ္တက ကောင်းနေတာ။

ရုပ်ပါရုံတွေ မြင်တဲ့အခါ ဒီနေ့ ငါလေ ဘာကို မြင်လိုက်တာ ငါ သဘောကျလိုက်တာလေ, ကျုပ်သဘောကျလိုက်တာလေ, ကိုယ်သဘောကျလိုက်တာလေ၊ ငါ ဒီနေ့ ဘယ်ဟာကို မြင်ရတယ်၊ ကျုပ်စိတ်ပျက်လိုက်တာလေ၊ ကျုပ်ပဲ ခေါ်ခေါ်, ငါပဲ ခေါ်ခေါ် အဲဒီ အတ္တက ခံစားတာချည်းပဲတဲ့။

သာသနာပအခါမှာ ဒီအတိုင်း ဖြစ်ရမှာပဲ၊ ဒီအတိုင်း စွဲလမ်းမှာ၊ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်နှစ်ကာကာ မနာဖူးလို့ရှိရင် ဒီအတိုင်း သွားရမှာပဲ၊ သာသနာပ ပညာရှိကြီးတွေ ဒီအတိုင်း ပြောကြမှာပဲ။

**ခန္ဓာအိမ်ရဲ့ အရှင်သခင် အတ္တ**

**"သာမိ–ခန္ဓာအိမ် ဆိုင်သမျှဒ္ဒ, ပိုင်သအုပ်စီး, အရှင်သခင်ကြီးပေတည်း"** ဒီဟာတွေ နားလည်မှ ဟို အနတ္တကို ပြောတဲ့အခါ နားလည်မယ်နော်၊ ဒါကို နားမလည်ဘဲနဲ့ ဟိုအနတ္တပြောရင် နားလည်မှာ မဟုတ်ဘူး၊ ဒီခန္ဓာအိမ် ဘယ်သူ့ ခန္ဓာအိမ်လဲ, ငါ့ခန္ဓာအိမ်လေ၊ ဘယ်သူ ပိုင်တာတုန်း,ကျုပ်ပိုင်တာပေါ့, ကိုယ်ပိုင်တာပေါ့၊ အတ္တက ဒီခန္ဓာအိမ်ကို ပိုင်တယ်၊ အိမ်တစ်လုံးကို လူက ငါပိုင်တယ်, ဒါ ငါ့အိမ်ဆိုသလိုပဲ၊ ဒီခန္ဓာအိမ်ကို အတ္တက ငါပိုင်တယ်၊ အိမ်တွင်းပစ္စည်းတွေ ငါ့ပစ္စည်းတွေပဲ၊**"သာမိ–ခန္ဓာအိမ် ဆိုင်သမျှဒ္ဒ, ပိုင်သအုပ်စီး, အရှင်သခင်ကြီးပေတည်း"** ဒါ ဘယ်သူ့လက်လဲ, ကျုပ်လက်လေ၊ ဘယ်သူ့ ဆံပင်လဲ, ကျုပ်ဆံပင်ပေါ့၊ ဘယ်သူ့မျက်စိလဲ, ဒါဘယ်သူ့နားလဲ, ငါ့မျက်စိလေ, ငါ့နားလေ, ကိုယ့်နားလေ၊ ကျုပ်ကိုယ်, ကျုပ်သွား, ကျုပ်မျက်စိ။

**အဟောင်းပျက်ချိန် ခန္ဓာအိမ် အသစ်လဲတည်တဲ့ အတ္တ**

**"နိဝါသီ–ဟောင်းခန္ဓာအိမ်,ပျက်သည့်ချိန်ဝယ်, ခန္ဓာအိမ်သစ်, ပြောင်းကာဖြစ်၍, စနစ်မကွဲ, အမြစ်တွဲလျက်, တကတဲမှီ, အမြဲတည်တဲ့ သဘောပေတည်း"** အိမ်ကြီးတစ်ခု အိုသွားတော့ အိမ်ကြီးက အိုသွားပြီ၊ ကျုပ်အိမ်အသစ် ပြင်ဆောက်နေတယ်၊ ဒါ ကျုပ်အိမ်အသစ်ကြီးပေါ့၊ ဟိုအိမ်ဟောင်း ဖျက်လိုက်ပြီလေ၊ အတ္တကလဲ ဒီလိုပဲ၊ တစ်စုံတစ်ခု ခိုက်မိ တိုက်မိလို့ဖြစ်ဖြစ်, သူများက နှောက်ယှက် နှိပ်စက်လို့ ဖြစ်ဖြစ် ဒီ ခန္ဓာအိမ်ကြီး

မကောင်းတော့ဘူးဆိုရင် ခန္ဓာအိမ်အသစ် လဲလိုက်တယ်၊ ခန္ဓာအိမ် အသစ်လဲတော့ သူ ကြိုက်သလို လဲနိုင်ပါ့မလားဆိုတော့, ဒါတော့ လူတွေတောင်မှ ကြည့်ပါလား၊ တချို့ အိမ်သစ်လဲတော့ ပထမ အိမ်ထက် ကောင်းတဲ့ အိမ်ရတယ်၊ တချို့က ပစ္စည်းမရှိ ဘာမရှိနဲ့မို့လို့ အရင်ထက် ညံ့ သွားတယ်၊ ကျုပ်တော့ဗျာ အရင်အိမ် ပျက်တာနဲ့မို့ အခု တဲကုပ် ကလေးနဲ့ နေရတယ်၊ ကျုပ်တော့ဗျာ အရင်အိမ် မီးလောင်တာနဲ့ အခု ဖြစ်သလိုပဲ နေလိုက်ရတယ်။

အဲဒီလိုပဲ အတ္တကလဲ ကုသိုလ်ကံက ဘာက မကောင်းတော့ ခန္ဓာအိမ် အဟောင်းကတော့ ပျက်သွားပြီ၊ အသစ်ရတဲ့ ခန္ဓာအိမ်ကို ငရဲခန္ဓာအိမ်ဖြစ်နေတော့, ငရဲခံနေရတယ်ဗျာ၊ ပြိတ္တာခန္ဓာအိမ်ရတော့ ပြိတ္တာကိုယ်နဲ့ ပြိတ္တာဖြစ်နေတယ်ဗျာ၊ တိရစ္ဆာန်ခန္ဓာအိမ်ရတော့ တိရစ္ဆာန်ဖြစ်နေတယ်ဗျာ၊ လူ့ခန္ဓာအိမ်ရတော့ လူဖြစ်နေတယ်ဗျာ၊ နတ်ခန္ဓာအိမ်ရတော့ နတ်ဖြစ်နေတယ်ဗျာ၊ ဒီအတ္တကတော့ မပြောင်း ဘူး၊ ခန္ဓာအိမ်က ပြောင်း–ပြောင်းသွားတယ်၊ **"နိဝါသီ–ဟောင်းခန္ဓာ အိမ်, ပျက်သည့်ချိန်ဝယ်, ခန္ဓာအိမ်အသစ်လဲ၍, တကတဲမှီ, အမြဲ တည်တဲ့ သဘောပေတည်း"**

ခန္ဓာအိမ်သာ ပြောင်းသွားတာ, အတ္တက မပြောင်းဘူး၊ အတော် ကောင်းတယ်၊ အတ္တစွဲကြတာကလဲ တော်တော်ကို စွဲလောက်တယ်၊ ကြည့်လေ, ဗြဟ္မာကြီးတွေ အထက်ဗြဟ္မာ့ပြည်က စုတေလာတော့ ငါလေ အဲဟို ဗြဟ္မာ့ပြည် မရောက်ခင်က ဟိုအထက်က ဗြဟ္မာ့ပြည် မှာ ဖြစ်တာ၊ နောက်တော့ အဲဒီဗြဟ္မာ့ပြည် ရောက်တယ်၊ အဲဒီကမှ သေပြီးတော့ အခု လူ့ပြည်ကို ရောက်လာတာ၊ ငါတို့ကသာ အပြောင်းအလဲရှိတာ၊ ဟို ငါတို့ ဗြဟ္မာကြီးကတော့ မပြောင်းလဲဘူး၊

ငါတို့ မရောက်ခင်ကလဲ ရှိတယ်၊ ခုလဲ သူရှိတယ်၊ နောက်သူက ရှိနေမှာပဲ, သူက ထာဝရ အမြဲရှိနေတာပဲ၊ တို့ကိုဖန်ဆင်းတာ သူပဲ၊ တယ်ပြီးတော့ စွဲလမ်းစရာကောင်းတယ်။

**ကိုယ့်အလိုကျအောင် စီမံပေးနေတဲ့ အတ္တ** **"သယံဝသီ–ခန္ဓာအိမ်မှု, အစုစုဒ္ဒ, တစ်ခု မကျန်, စီမံခွဲဝေ, မိမိနှစ်ခြိုက်, စနစ်ကိုက် အောင် လိုက်ပါစေနိုင်တဲ့ သဘောတစ်မျိုး ပေတည်း"** ခန္ဓာအိမ် အမှုကိစ္စရှိသမျှ အတ္တက အကုန်လုံး စီမံပေး နေတာပဲ၊ အိမ်ရှင်က အိမ်မှုကိစ္စအားလုံး စီမံပြုပြင်သလိုပဲ၊ ခန္ဓာအိမ် မကောင်းပြန်, ဆေးနဲ့ဝါးနဲ့ သူက စီမံ ပြုစုပေးပြန်၊ တစ်စုံတစ်ခု ချို့ယွင်းပြန်, သူက စီမံပေးပြန်၊ အဲဒီလိုချည်း စီမံပေးနေတာပဲတဲ့။

**သဗ္ဗော ယဿ ဝသေနေဝ, ဟောတိတိ ပရိကပ္ပိတော၊**
**ကာရကော ဝေဒကော သာမီ, နိဝါသီ သော သယံဝသီ။**

တယ်စွဲလမ်းချက်နာတယ်၊ ဘုန်းကြီးတို့စာက သေသေချာချာ ပြထားတာနဲ့ လူတွေ စွဲလမ်းပုံနဲ့ တယ်ကိုက်တယ်။

**အတ္တကို နာမည်တပ်ကြပုံ။** ။ အဲဒီအတ္တကို ဘယ်လို နာမည်တပ် ကြမလဲ၊ တချို့က အသက်ကောင် လို့ ထင်တယ်၊ မြန်မာလူမျိုးက အသက်ကောင်,ဝိညာဉ်ကောင်, လိပ်ပြာကောင်လို့ တပ်ချင်တယ်၊ ခုနက အတ္တဆိုတဲ့ အကောင်လေးပဲ၊ တကယ်တော့ အကောင်လဲ မဟုတ်ဘဲနဲ့, သက်သက်စိတ်က ဖန်ဆင်း ပြီး စွဲနေတာ၊ ပြောကြတယ်, အသက်ထွက်သွားပြီတဲ့၊ ဘယ်သူဟာလေ မမာနေတာ, အခု အသက်ထွက်သွားပြီ၊ အသက်ထွက်သွားပြီဆိုတော့ ဟိုတစ်နေရာ သွားပြီးတော့ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဝိညာဉ်ချုပ် သွားပြီတဲ့၊ ချုပ်လို့ ဟိုမှာ အသစ်ပြန်ဖြစ် အသစ်ရောက်သွားတယ်တဲ့။

တောခပ်ကျကျ လူကြီးတွေကလဲ အသက်ကောင်,ဝိညာဉ်ကောင်, လိပ်ပြာကောင်လို့ ပြောကြသေးတယ်၊ မိဘတစ်ဦးဦး သေတော့ မိဘကစွဲလမ်းလို့ ဒီက သားဖြစ်ဖြစ်, သမီးဖြစ်ဖြစ် လိပ်ပြာချင်း လာလာပြီးခေါ်နေတယ်၊ ဒါကြောင့် ဒီမှာရှိတဲ့ကလေး ကောင်းကောင်း မမာဘူး၊ ဒီလိပ်ပြာကို ခွဲပေးပါတဲ့, ပြောလေ့ရှိကြတယ်။

**အတ္တကို ပြုစုယုယကြပုံ။** ။တချို့လူမျိုးတွေကျတော့ သေပြီလို့ ဆိုရင် လိပ်ပြာနေစရာ ဆိုပြီးတော့ လိပ်ပြာအိမ် ခမ်းခမ်းနားနားကြီး လုပ်ကြတယ်၊ တချို့ သေသွားတော့ သုသာန်မှာ ခေါင်းကြီးသွင်းထားပြီးတော့ သေတဲ့သူ စားစရာ,သောက် စရာ အပြည့်အစုံ, သေတဲ့သူ ကြိုက်တတ်တဲ့ ပစ္စည်းအပြည့်အစုံနဲ့ တခမ်းတနား ပြင်ဆင်ထားကြသေးတယ်၊ ဒီအသက်ကောင်ကလေး စားဖို့,သောက်ဖို့တဲ့၊ ဘယ်လောက်များ စွဲလမ်းချက်အားကြီးနေ တုန်း၊ အဲဒီ စွဲလမ်းချက်ကလေးဟာ တစ်ကမ္ဘာလုံး တစ်သံသရာလုံး ဘုန်းကြီးတို့တစ်တွေ စွဲလမ်းလာခဲ့ကြတာ၊ ဒီတော့ အဲသလောက် အရာတစ်ခုကို ပျောက်သွားအောင်ဟာ မြတ်စွာဘုရားရဲ့ သာသနာနဲ့ မတွေ့သမျှ ဘယ်တော့မှ မပျောက်ဘူး။

**သာသနာပမှာ အနတ္တအသုံး မရှိ။** ။သာသနာပမှာလေ အနိစ္စ ပြောကြတယ်၊ တစ်စုံတစ်ခု ဖြစ်ရင် အနိစ္စ၊ ဟယ်–အနိစ္စပဲ၊ သာသနာပမှာ ဘုရားအလောင်းတွေ ဘာတွေက ဟောတတ်ကြတယ်၊**"အသင်တို့ ပေါ့ပေါ့ဆဆ မနေကြနဲ့ မမြဲဘူး, အားလုံးသေကြရမှာ,နာရမှာ,အိုရမှာ, ဒုက္ခတွေပဲ၊ ကုသိုလ် ကောင်းမှုတွေ ကြိုးစားပြုကြ"**လို့ ဟောကြတယ်၊ လူတွေကလဲ တစ်စုံတစ်ခုဖြစ်ရင် ဒုက္ခ,ဒုက္ခ ဒီလို နားလည်ကြတယ်၊ အနိစ္စ,အနိစ္စ၊ ဒုက္ခ,ဒုက္ခ ဒါတွေကတော့ လူတွေနားလည်ကြတယ်၊အနတ္တ,အနတ္တလို့

ဘယ်သူမှ မယောင်ကြဘူး၊ ရှေးရှေးက သူတော်ကောင်းကြီးတွေ အလောင်းအလျာတွေလဲ **အနတ္တ**ကို မဟောခဲ့ကြဘူး၊ သူတို့လဲ အတ္တပဲ၊ အလောင်းအလျာကြီးတွေလဲ ငါ,ငါ အတ္တပဲ၊ သတ္တဝါတွေက လဲ ဘယ်သူ အနိစ္စရောက်တယ်တော့ နားလည်တယ်၊ ခလုတ်တိုက် တယ်, ဒုက္ခ ဒုက္ခ နားလည်တယ်၊ အနတ္တတော့ နားလဲမလည်ဘူး, မပြောလဲ မပြောဘူး, အသုံးလဲ မရှိဘူး, ဟောလဲ မဟောဘူး။

**ဘုရားပွင့်မှ အနတ္တသိကြရ**။ ။အဲဒါ မြတ်စွာဘုရားသာသနာတော် တွေ့မှ ဒီအနတ္တကို မြတ်စွာဘုရား ကိုယ်တော်တိုင် ထုတ်ဖော်ဟောမှပဲ နားလည်လာကြတယ်၊ ဒါကြောင့် မြတ်စွာဘုရားဟာ **ဝါဆိုလပြည့်**နေ့မှာ ဓမ္မစကြာတရား ဟောပြီးတယ် ဆိုရင်ပဲ **အရှင်ကောဏ္ဍည** သောတာပန် ဖြစ်သွားတယ်။

လပြည့်ကျော်တစ်ရက်နေ့ကျတော့ မြတ်စွာဘုရားဟာ အင်မတန် အားကိုးစရာ, အင်မတန် အားရစရာ ကောင်းတာ၊ ကျန်တဲ့လေးပါးကို တရားရစေချင်လွန်းလို့ အင်မတန် ချစ်လှစွာသော သားကို ဖခင်က စောင့်ရှောက်ပြီးတော့ ပေးနေသလို စောင့်ရှောက်နေတယ်၊ ဆွမ်းခံ မကြွဘူး၊ **အရှင်ကောဏ္ဍည**တို့ ဆွမ်းခံပေးတဲ့ ဆွမ်းနဲ့ပဲ မြတ်စွာဘုရား ဖြစ်သလို မျှတအောင် နေပြီးတော့ ဉာဏ်တော်နဲ့ကြည့်၊ **အရှင်ဝပ္ပ**တို့ တရားအားထုတ်တာ ဉာဏ်တော်နဲ့ကြည့်ပြီးတော့ အကယ်၍များ တရားလမ်းလွဲနေပြီဆိုရင် မြတ်စွာဘုရားက ကြွပြီး ပြင်ပေးလိုက်တယ်၊ အဲဒီလိုချည်း မြတ်စွာဘုရားကိုယ်တော်တိုင် စောင့်ပြီးတော့ တရား လမ်းညွှန်ပေးနေတာ လပြည့်ကျော် တစ်ရက်နေ့ **အရှင်ဝပ္ပ** တရားရ, လပြည့်ကျော် နှစ်ရက်နေ့ **အရှင်ဘဒ္ဒိယ** တရားရ, လပြည့်ကျော် သုံးရက်နေ့ **အရှင်မဟာနာမ်** တရားရ, လပြည့်ကျော် လေးရက်နေ့

**အရှင်အဿဇိ** တရားရပြီးတော့ အားလုံးပုဂ္ဂိုလ်တွေ သောတာပန် ဖြစ်ကြတယ်။

**တဏှာ,မာန လုံးလုံးပြုတ်ရန် ဤသုတ္တန် ဟောရ** သောတာပန်ဖြစ်ရင် အတ္တဒိဋ္ဌိပြုတ်ပါတယ်၊ အတ္တဆိုတဲ့ စွဲလမ်းမှုမရှိပေမယ်လို့ အပေါ်ယံက မာန်မာနကတော့ ရှိနေသေးတယ်၊ တဏှာကတော့ ရှိနေသေးတယ်၊ အင်မတန်ကြမ်းတဲ့ တဏှာ,မာနသာ အတ္တဒိဋ္ဌိပြုတ်တဲ့ထဲမှာ ရောပါသွားတာ၊ ဒါလောက် မကြမ်းတဲ့ တဏှာ, မာနကတော့ ကျန်နေသေးတယ်၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က အားလုံးသော နတ်ဗြဟ္မာတွေရော, ငါးပါးသော အရှင်မြတ်တွေရော ကျန်နေတဲ့ မာနနဲ့တဏှာ ပြုတ်သွားအောင် ငါးရက်မြောက်နေ့မှာ ဒီအနတ္တတရားကို ဟောတော်မူတယ်။

ဒီ အနတ္တတရားဟာ မြတ်စွာဘုရား ဟောမှ ကြားရ, သိရ, နားလည်ရတဲ့တရား ဖြစ်တယ်၊ ဘုရား မဟောတော်မူလေသမျှ ကမ္ဘာမှာ ထိပ်တန်းအကျဆုံးဖြစ်တဲ့ ဗြဟ္မာတွေရော, နတ်မင်းတွေရော, လူပညာရှိတွေရော အတ္တစွဲလမ်းလာခဲ့ကြတာချည်းပဲ၊ အဲဒီ အတ္တစွဲလမ်းမှုနဲ့ သတ္တဝါတိုင်းဟာ သံသရာကြီး ကျယ်လာခဲ့တာ၊ ဒါကြောင့် ဘုန်းကြီးက ဒီ အနတ္တလက္ခဏသုတ်ကို ရှိရှိသေသေ လေးလေးစားစားဟောမှ ဖြစ်မှာပဲလို့ စဉ်းစားမိတယ်၊ ဒါကြောင့် အခု သင့်တော်တဲ့အချိန်မှာ မြတ်စွာဘုရားတရားတော်ကို နားလည်စေချင်လို့ အနတ္တလက္ခဏသုတ်ကို ဟောဖို့ ဘုန်းကြီး စီစဉ်ရတယ်၊ ဒီနေ့ ပါဠိတော် ဘုန်းကြီး ရွတ်ပြမယ်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

**အရှင်ဇနကာဘိဝံသ၏**

# အနတ္တလက္ခဏာသုတ်အမွှန်း

**ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ, ဣသိပတနနာမကေ၊**
**မိဂဒါယေ ဓမ္မစက္ကံ, ဝတ္တေတွာနတ္တလက္ခဏံ၊**

**သောတာပတ္တိမဂ္ဂဋ္ဌာနံ, ဝိမုတ္တိ ပရိပါစနံ၊**
**ဒေသိတံ ယံ သမ္ဗုဒ္ဓေန, တံ သုတ္တန္တံ ဘဏာမ ဟေ။**

ဣသိပတနနာမကေ–**ဣသိပတန**အမည်ရှိသော၊ မဂဒါယေ–**မိဂဒါယုံ**တော်၌၊ ပဉ္စဝဂ္ဂိနံ–ငါးပါးသော အစုအဝေးတို့ဖြင့် တည်နေကြကုန်သော၊ ဘိက္ခူနံ–ယခုအခါ ရဟန်းဘဝသို့ရောက်ပြီးတဲ့ ရဟန်းတော်အရှင်မြတ်တို့အား၊ ဓမ္မစက္ကံ–ပထမလပြည့်နေ့က ဓမ္မစကြာတရားကို၊ ဝတ္တေတွာ–ဟောတော်မူပြီး၍၊ သောတာပတ္တိမဂ္ဂဋ္ဌာနံ–သောတာပတ္တိမဂ်၌ တည်ပြီး သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ငါးဦးတို့အား၊ ဝိမုတ္တိပရိပါစနံ–အရဟတ္တမဂ်ကို ရင့်သန်စေတတ်သော၊ ယံ အနတ္တလက္ခဏံ–အကြင် အနတ္တလက္ခဏ သုတ်တော်ကို၊ သမ္ဗုဒ္ဓေန–သုံးလူ့ထွတ်ထား, ငါတို့မြတ်စွာဘုရားသည်၊ ဒေသိတံ–ဟောဖော်ညွှန်ပြတော်မူအပ်ခဲ့လေပြီ၊ တံ သုတ္တန္တံ–ထိုအနတ္တလက္ခဏ, အမည်တော်ရတဲ့ သုတ္တန်ကို၊ ဟေ–အို... သူတော်ကောင်းတို့၊ မယံ–ငါတို့သည်၊ ဘဏာမ–ရွတ်ကြကုန်စို့အံ့။

# အနတ္တလက္ခဏသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အနတ္တလက္ခဏသုတ်အမွှန်း

(က) ဓမ္မစက္ကံ ပဝတ္တေတွာ,
အာသဠှိယံ ဟိ ပုဏ္ဏမေ၊
နဂရေ ဗာရာဏသိယံ,
ဣသိပတနဝှယေ ဝနေ။

(ခ) ပါပေတွာဒိဖလံ နေသံ,
အနုက္ကမေန ဒေသယိ၊
ယံ တံ ပက္ခဿ ပဉ္စမျံ,
ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

## (၁) အနတ္တလက္ခဏသုတ် နိဒါန်း

ဧဝံ မေ သုတံ–

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ **"ဘိက္ခဝေါ"**တိ။ **"ဘဒန္တေ"**တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ–

## (၂) ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

**ရူပံ** ဘိက္ခဝေ အနတ္တာ။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ရူပေ**"ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"**တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ရူပေ**"ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"**တိ။

## (၃) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ

**ဝေဒနာ** အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝေဒနာယ**"ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"**တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝေဒနာယ**"ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"**တိ။

## (၄) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

**သညာ** အနတ္တာ။

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ သညာယ **“ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”**တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ သညာယ **“ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”**တိ။

## (၅) သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ

**သင်္ခါရာ** အနတ္တာ။

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ[၁] သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။

လဗ္ဘေထ စ သင်္ခါရေသု **“ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံ”**တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။

န စ လဗ္ဘတိ သင်္ခါရေသု **“ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံ”**တိ။

---

၁။ နယိမေ (မူကွဲ)

## (၆) ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

**ဝိညာဏံ** အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏေ “**ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ**”တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝိညာဏေ “**ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ**”တိ။

## (၇) ရူပက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး

တံ ကိံ မညထ ဘိက္ခဝေ **ရူပံ** နိစ္စံ ဝါ အနိစ္စံ ဝါတိ?

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “**ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ**”တိ?

နော ဟေတံ ဘန္တေ။

## (၈) နာမက္ခန္ဓာလေးပါး၌ လက္ခဏာရေးသုံးပါး

**ဝေဒနာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ?

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “**ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ**”တိ?

နော ဟေတံ ဘန္တေ။

**သညာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ?

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “**ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ**”တိ?

နော ဟေတံ ဘန္တေ။

**သင်္ခါရာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ?

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “**ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ**”တိ?

နော ဟေတံ ဘန္တေ။

**ဝိညာဏံ** နိစ္စံ ဝါ အနိစ္စံ ဝါတိ?

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ **"ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"**တိ?

နော ဟေတံ ဘန္တေ။

## (၉) ရုပ်တရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ, အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ သုခုမံ ဝါ, ဟီနံ ဝါ ပဏီတံ ဝါ, ယံ ဒူရေ[၁] သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၀) ဝေဒနာတရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ, အဇ္ဈတ္တာ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ သုခုမာ ဝါ, ဟီနာ ဝါ ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

၁။ ယံ ဒူရေ ဝါ (မူကွဲ)

## (၁၁) သညာတရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ, အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ သုခုမာ ဝါ, ဟီနာ ဝါ ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၂) သင်္ခါရတရားတို့ကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ, အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ သုခုမာ ဝါ, ဟီနာ ဝါ ပဏီတာ ဝါ, ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၃) ဝိညာဏ်တရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ, အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ သုခုမံ ဝါ, ဟီနံ ဝါ ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၄) နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စတစ်ဆယ့်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

ဝိရာဂါ ဝိမုစ္စတိ။

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ[၁] ဉာဏံ ဟောတိ။

ခီဏာ ဇာတိ။

ဝုသိတံ ဗြဟ္မစရိယံ။

ကတံ ကရဏီယံ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

## (၁၅) ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ[၂]။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

**အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။**

---

၁။ ဝိမုတ္တမ္ဟိတိ (မူကွဲ) ၂။ အဘိနန္ဒုန္တိ (မူကွဲ)

ကျေးရှူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏာသုတ် တရားတော်

ဒုတိယနေ့

သာသနာတော် ၂၄၉၄-ခုနှစ်၊ ကောဇာ ၁၃၁၂-ခုနှစ်။

+++++++++++++++++++

**အနတ္တတရားကို လွယ်တယ် မထင်ကြနဲ့**

အနတ္တလက္ခဏာသုတ်ရဲ့ အခြေခံတရားများကို ဘုန်းကြီးပြောခဲ့တယ်၊ ဒီအနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူတဲ့အခါမှာ ပဉ္စဝဂ္ဂီပုဂ္ဂိုလ်များ ရဟန်း ဖြစ်ပြီးပြီနော်၊ သောတာပန်ဖြစ်ပြီးပြီ၊ သောတာပန်ဖြစ်ပြီးတဲ့နောက် လေးရက်လောက် တရားအားထုတ်ပြီးပြီ၊ ပြီးတော့ ဒီပဉ္စဝဂ္ဂီပုဂ္ဂိုလ်ငါးဦးရဲ့ အခြေအနေက ဘုရားရှင်ကိုယ်တော်မြတ် ဘုရားအလောင်းတော်ဘဝတုန်းက ဘုရားဖြစ်လိမ့်မယ်လို့ သူတို့ ဒိဋ္ဌသိတာနဲ့မို့လို့ တောထွက်ပြီးတော့ စောစောစီးစီးက သီလစင်ကြယ်အောင် ထိန်းသိမ်းထားကြတဲ့ သူတော်ကောင်းကြီးတွေနော်၊ ဒီတော့ သူတို့ရဲ့ အခြေအနေကို ကြည့်ပြီးတော့မှ ကနေ့ အနတ္တလက္ခဏာသုတ် ဟောတော့ မြတ်စွာဘုရားက မေးတိုင်း, မေးတိုင်း ပဉ္စဝဂ္ဂီအရှင်မြတ်တွေက လိုက်ပြီးဖြေနေတယ်၊ သိပ်တော့ လွယ်တယ်လို့ မယူဆလိုက်နဲ့, ပဉ္စဝဂ္ဂီတွေရဲ့အခြေအနေ ပြန်ကြည့်, သောတာပန် ဖြစ်ပြီးသားအခြေအနေ ပြန်စဉ်းစား၊ သောတာပန်ဖြစ်ပြီးတဲ့နောက်တောင် လပြည့်ကျော် ၁-ရက်,၂-ရက်, ၃-ရက် ၄-ရက်ပေါ့လေ ကမ္မဋ္ဌာန်းအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီတော့ သီလက စင်ကြယ်လှပြီ၊ လောကီအာရုံ ကာမဂုဏ်စိတ်တွေ စင်ကြယ်လှပြီ၊ ရိုးရိုးတန်းတန်း အနေနဲ့ဆိုရင် ဒီ အရှင်မြတ်တွေရဲ့ စိတ်မှာ

ဘာမျှ အပြစ်ဆိုစရာ မရှိဟော့ဘူး၊ အတော်အတန် ကျန်ပြီးတော့နေတဲ့ အနုသယကိလေသာတွေ ပယ်ဖို့လောက်ပဲ ကျန်တော့တယ်၊ ဒါကြောင့် မြတ်စွာဘုရား မေးတော်မူတဲ့အခါ ပဉ္စဝဂ္ဂီ အရှင်မြတ်တွေက လွယ်လွယ်ကလေးနဲ့ ဖြေလိုက်ကြတယ်၊ ဒါကို ထောက်ပြီးတော့ ဘယ့်နှယ်လဲ အနတ္တတရားတော်ဟာ သိပ်ခက်တယ်လို့ ဆိုထားပြီးတော့ အခုတော့ အလွယ်သားပဲလို့ မယူဆလိုက်နဲ့။

**သားမြီးဖျား မှန်အောင်ပစ်နိုင်တဲ့ လေးတော်သားတို့လို** **"ဝါလဂ္ဂ–ခရီးကွာဝေး, အသေးအမွှား, သားမြီးဖျားကို၊ ဥသုနာ–အသင့်ပြင်ထား, ဖြောင့်သောမြားဖြင့်၊ ဝိဇ္ဈန္တိ ယထာ–ချက်တိုင်းမလွဲ, လက်တိုင်းစွဲသည့်, လေးပွဲကျော်ကြား, လေးတော်သားတို့ကဲ့သို့"** ရှေးတုန်းက လေးပစ်တဲ့အခါမှာ ယခုခေတ် သေနတ်ပစ် အမြောက်ပစ်ရာမှာ တည့်သလို အင်မတန် တည့်အောင်ပစ်နိုင်ကြတယ်၊ မြန်မြန်ဆန်ဆန်လဲ ပစ်နိုင်တယ်၊ အဲသလို ပုဂ္ဂိုလ်တွေကို လေးတော်သားတွေလို့ ဘုရင်က အသိအမှတ်ပြုရတယ်၊ ဘယ်လောက်များ သူတို့ ပစ်နိုင်တုန်းဆိုတော့, ဆိုပါတော့ တာ ၂၀–လောက် ဝေးတဲ့နေရာက ခရမ်းသီးလေးတစ်လုံးကို သားမြီးဖျားလေးနဲ့ ရစ်ပတ်ပြီးတော့ အဖျားသေးသေးလဲ အပေါ်က ဖော်ထားပြီး ချိတ်ထား၊ အဲဒါကို မြားနဲ့ပစ်လိုက်ရင် သားမြီးဖျားကလေးကို မှန်ပြီးတော့ ခရမ်းသီး အောက်ကျသွားတာပဲ၊ အဲဒီလို မှန်အောင်ပစ်နိုင်တဲ့ လေးတော်သားများလိုပဲ အင်မတန် ထက်သန်တဲ့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ ဒီအနတ္တအချက်အလက်ကို ထင်ထင်ရှားရှား သိနိုင်တယ်။

**အနတ္တအရောက် ထွင်းဖောက်သိဖို့ခက်**

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ, ဝါလဂ္ဂံ ဥသုနာ ယထာ၊**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ, ပရတော နော စ အတ္တတော။**

**"ယေ ဇနာ–သူတော်များထံ, တရားမှန်ကို, ကြားဖန်များသလောက်, တအားဆောက်၍, ပွားမြောက်ကြိုးစား, အကြင် အမျိုးသား, အမျိုးသမီးတို့သည်"** တရားက အင်မတန် မှန်တဲ့တရား၊ ဘယ်လိုပဲ စောဒနာရှိရှိ, ဘယ်လိုပဲ ကပ်သီးကပ်သပ် မေးမေး, ဒီတရားက မလွဲနိုင်တဲ့တရား၊ ဒီတရားတော်ကို သူတော်ကောင်းတွေဆီမှာ နာယူ, နာယူရုံတင်လားဆိုတော့ မဟုတ်ဘူး၊ ပဉ္စဝဂ္ဂီတွေ အားထုတ်သလို အားထုတ်၊ နာလိုက်, အားထုတ်လိုက် ပြုလုပ်၊ ဘုန်းကြီးတို့တစ်တွေ အနတ္တကိုလေ့လာ,အနတ္တကို ဆွေးနွေး,အနတ္တကို ရေးသား, တကယ့် အနတ္တသဘောကို အသိသဘောမျိုးတော့ သိတယ်ပေါ့၊ အပေါက် သဘောမျိုးတော့ မပေါက်သေးဘူး၊ ဒါ့ကြောင့် အနတ္တကို ထိုးထွင်း သိဖို့က မလွယ်ဘူး၊ အင်မတန်လေးနက်တဲ့ တရားပါလို့–

**ရဟန္တာဖြစ်ချင်စရာ အချိန်။**

။ ဒီ တရားတော်ကို မြတ်စွာဘုရား ဟောတော်မူတော့ ပဉ္စဝဂ္ဂီတွေကလဲ ကမ္ဘာတစ်သိန်းလောက်က ပါရမီဖြည့်ကျင့်ပြီးဖြစ်တယ်၊ နှစ်ပေါင်း များစွာကတည်းက စောစောစီးစီး တင်ကြိုတောထွက်လာလို့ သီလ စင်ကြယ်ပြီးသား, သမာဓိ ကောင်းပြီးသား, ပြီးတော့ လွန်ခဲ့တဲ့ **၁**–ရက်, **၂**–ရက်, **၃**–ရက်, **၄**–ရက် **၅**–ရက်လောက်ကတည်းက သောတာပန် ဖြစ်ပြီးသားတွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေကို ဘုရားရှင် ကိုယ်တော်မြတ်က **မိဂဒါဝုန်**တောထဲမှာ ခုလောက်တောင်မှ ခမ်းခမ်း နားနားမဟုတ်တဲ့ တောရိပ်,တောင်ရိပ်နဲ့ တောထဲမှာ အေးအေးသာသာ လေး ဘုရားရှင်နှင့် သာဝကငါးပါးနဲ့ ဘေးပတ်ဝန်းကျင်ကတော့ နတ်တွေ,ဗြဟ္မာတွေပါမယ်ပေါ့၊ အဲသလို သာဝကငါးပါးနဲ့ အေးအေး ဆေးဆေး နေပြီးသကာလ တရားဆွေးနွေးတဲ့အချိန် ပတ်ဝန်းကျင်ကို စဉ်းစားကြည့်လို့ရှိရင် တရားပေါက်ချင်စရာကြီး, တရားရချင်စရာကြီး၊ ရဟန္တာ ဖြစ်ချင်စရာကြီး, အဲဒီအချိန်မှာ ဟောတော်မူတယ်။

## ရုပ်အနတ္တဖြစ်ပုံ

**ရူပံ** ဘိက္ခဝေ အနတ္တာ။ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

ရဟန်းတို့…ခန္ဓာငါးပါးရှိတဲ့အထဲက ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးရှိတဲ့ အနက်က ရုပ်ခန္ဓာကြီး, ရုပ်ခန္ဓာကြီး၊ ဟိုသင်တို့ ရုပ်ကလာပ် အစိတ်အပိုင်းကလေး သေးသေးမွှားမွှား ပေါင်းပြီးတော့နေတဲ့ ဒီရုပ်ခန္ဓာကြီး၊ အဲဒါစဉ်းစားကြည့်စမ်း။

**"ဘိက္ခဝေ–ရဟန်းတို့၊ ရူပံ–ရုပ်ဆိုတဲ့ ခန္ဓာတရားသည်၊ အနတ္တာ–အတ္တမဟုတ်"။**

**အတ္တဖြစ်လျှင် ရုပ်မနာသင့်။** ။ တစ်နေ့တုန်းက ပြောခဲ့တယ်နော်၊ အတ္တဟာ ဘယ်လိုဟာတုန်း?

အတ္တဟာ **"သယံဝသီ–ခန္ဓာအိမ်မှူး, အစုစုဒ္ဒ, တစ်ခုမကျန်, စီမံခွဲဝေ, မိမိနှစ်ခြိုက်, စနစ် ကိုက်အောင် လိုက်ပါစေနိုင်တဲ့ သဘောပေတည်း"** အတ္တရဲ့သတ္တိတွေ ပြောခဲ့တယ်နော်၊ အဲဒီသတ္တိလေး စဉ်းစားကြည့်စမ်း၊ ခန္ဓာအိမ်မှာ ရှိသမျှကို သူက သူ့အလို လိုက်စေချင်တယ်၊ သူဖြစ်ချင် ဖြစ်စေနိုင်တယ်၊ အင်မတန် သူတို့ ကြီးကြီးကျယ်ကျယ် အတ္တကို အမွှမ်းတင်ထားတာ။

ဘုရားရှင်က **"ရဟန်းတို့, ပဉ္စဝဂ္ဂီရဟန်းတို့…ဒီရုပ်ခန္ဓာကြီးဟာ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ပြောချင်ပြောဦးတော့၊ ဒီရုပ်ခန္ဓာကြီးဟာ အတ္တမဟုတ်ဘူး, အတ္တမဟုတ်ဘူး"**

**"ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ"** ဒီရုပ်ခန္ဓာကြီးဟာ ပေါ့လေ, သူတို့ ပြောသလို အများကြံစည်ပြီးတော့ထားသလို အတ္တများ ဆိုလို့ရှိရင်–

**"နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ"**

**"ဣဒံ ရူပံ–အတ္တလို့ သူတို့စွဲလမ်းထားတဲ့ ဤရုပ်ခန္ဓာသည်၊ အာဗာဓာယ–မကျန်းမမာ ဖျားနာခြင်းအမျိုးမျိုး ဖြစ်ခြင်းငှာ၊ န သံဝတ္တေယျ–မဖြစ်သင့်ရာ"**။

ကဲ–စဉ်းစားကြည့်စမ်း၊ အတ္တက မိမိအလိုကို လိုက်စေနိုင်တယ်တဲ့၊ ခန္ဓာကိုယ်မှာ မိမိအလိုအတိုင်း ဖြစ်စေနိုင်တယ်လို့ သူတို့က စွဲလမ်းတယ်၊ ကဲ–အကယ်၍ပေါ့လေ, သူတို့ စွဲလမ်းတဲ့အတိုင်း ရုပ်ခန္ဓာဟာ အတ္တဖြစ်လို့ရှိရင် ဘာဖြစ်လို့ မကျန်းမမာ ဖျားနာရဦးမှာလဲ၊ မကျန်းမမာ ဖျားနာတဲ့ သဘောတရားမျိုးကို မပေါ်စရာကောင်းဘူးလား၊ မပေါ်သင့်ပါဘူး၊ ဒီအတ္တက ဘယ်လို အလိုရှိမလဲ၊ ငါ့ရုပ် ငါ့ရုပ် မဖျားနာစေချင်ပေါင်၊ သူက မဖျားနာအောင်ကို စီမံရမှာ၊ သူ့အလိုကို လိုက်စေနိုင်တဲ့ သတ္တိရှိတယ်ဆိုလို့ရှိရင် ဟိုအိမ်ဟာ အိမ်ပိုင်သူက မပျက်စီးစေချင်ပါဘူး၊ ပျက်ရင် ပြင်မယ်ဆိုတဲ့အနေနဲ့ မပျက်အောင်ကို ကြိုးစားထားရင် မပျက်နိုင်ဘူး၊ စောစောစီးစီးက တင်ကြိုထား, ပျက်ကို မပျက်ဘူး၊ အဲသလိုပေါ့ အတ္တဟာ ခန္ဓာအိမ်ကို စီမံနိုင်ခွင့် ရှိတယ်ဆိုလို့ရှိရင် ဘာဖြစ်လို့ ဖျားရတယ်, အနာပေါက်ရတယ်ဆိုတဲ့ အဖြစ်မျိုး ဖြစ်ရမှာလဲ၊ မဖြစ်သင့်ပါဘူး၊ အတ္တဟုတ်ရင် ရုပ်ခန္ဓာက အနာရောဂါ မဖြစ်သင့်ပါဘူး။

**ကိုယ်အလိုရှိတဲ့ ရုပ်ဖြစ်အောင် စီမံနိုင်မှာပေါ့**

လဗ္ဘေထ စ ရူပေ **"ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"**တိ။ ပြီးတော့ကာ ဒီအတ္တက သူ့အလို လိုက်စေနိုင်တယ်လို့ ပြောတယ်နော်၊ ဒီခန္ဓာကိုယ်နဲ့ဆိုင်ရာတွေက သူ့အလိုကို အကုန်လုံးလိုက်အောင် စီမံနိုင်တယ်လို့ ဆိုတယ်၊ အဲဒီတော့ စီမံဖို့ကောင်းတာပေါ့၊ **"မေ–ငါ၏၊ ရူပံ–**

**ရုပ်ခန္ဓာသည်၊ ဧဝံ–ဤသို့ ဤပုံဤနည်း လှလှပပ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ၊ ဟောတု–ဖြစ်ပါစေ”** စီမံလိုက်စမ်းပါ, စီမံလိုက်စမ်းပါ၊ ငါ့ရုပ်ဟာလေ ဟော–အင်မတန်ကြည့်ကောင်းတဲ့ မွန်မွန်ရည်ရည် ရုပ်ဖြစ်ပါစေ၊ စီမံလိုက်ပါ, စီမံလိုက်ပါ၊ အတ္တက စီမံနိုင်တယ်ဆိုရင် ရုပ်ခန္ဓာပေါ်မှာ စီမံလိုက်စမ်းပါ။ **“မေ–ငါ၏၊ ရူပံ–ရုပ်ခန္ဓာသည်၊ ဧဝံ–ဤသို့ မလှမပ ရောဂါဘယ ထွေထွေပြားပြား နဲ့၊ မာအဟောသိ–မဖြစ်ပါစေလင့်”** ဒီလိုတောင့်တပြီး စီမံလိုက်စမ်း ပါလေ၊ ဒီလိုတောင့်တတိုင်း ရဖို့မကောင်းဘူးလား၊ အတ္တဆိုလို့ရှိရင် သူတို့ တောင့်တတိုင်း ရဖို့မကောင်းဘူးလား၊ ရဖို့ သိပ်ကောင်းတယ်၊ သူတို့က စီမံနိုင်တယ်လို့,အတ္တလို့ ရုပ်ခန္ဓာကို ပြောတော့ ခုပြောတဲ့ ရုပ်ခန္ဓာကိုက သူကိုယ်တိုင် မမာမကျန်းဖြစ်တယ်၊ သူပြောတဲ့ ရုပ်ခန္ဓာ ကိုက ဖြစ်ချင်သလို တောင့်တလို့မရဘူး၊ ဒီအတ္တဆိုတဲ့ ရုပ်ခန္ဓာကိုက–

**အနတ္တဖြစ်လို့သာ ရုပ်နာရ**။ ။ **“ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ”** ဒီတော့ အမှန်ကတော့ ဒီရုပ်ခန္ဓာက အနတ္တပဲ၊ ဒါကြောင့် ရုပ်ခန္ဓာဟာ တောင့်တတိုင်း မရပါဘူး၊ မကျန်းမမာ မဖျားနာအောင်လို့ တောင့်တပေမယ့် မဖြစ်ပါဘူး၊ သူ့အကြောင်းအားလျော်စွာ ကံ မကောင်းလို့,စိတ်မကောင်းလို့,မကောင်းတဲ့ဥတုနဲ့တွေ့လို့, မကောင်း တဲ့ အာဟာရတွေ စားမိလို့ရှိရင် ဒီရုပ်ကြီးက မကျန်းမမာဖြစ်တာပဲ၊ သူတောင့်တလို့ မရပါဘူး၊ သူဖြစ်ချင်သလို ဒီရုပ်က မဖြစ်ပါဘူး။

**ကိုယ်တိုင်စီမံလို့လဲ မဖြစ်** န စ လဗ္ဘတိ ရူပေ **“ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသိ”** တိ။

တောင့်တလို့ မရဘူး၊ ငါ့ရုပ်က ဟောဒီလိုဖြစ်ပါစေလို့ စိတ်ကူး ကြည့်စမ်း, တောင့်တကြည့်စမ်း, အတ္တက တောင့်တကြည့်စမ်း၊

မရပါဘူး၊ ရုပ်က သူ့ရဲ့ ရှေးကံ မကောင်းလို့ရှိရင် အရုပ်ဆိုးကြီး ဖြစ်တာပဲ၊ သူ့ရဲ့ ရှေးကံ ကောင်းလာလို့ရှိရင် မွန်မွန်ရည်ရည်ရုပ် ဖြစ်တာပဲ၊ သူ့ရဲ့ အပြုအပြင် စိတ်နေစိတ်ထား, အစားအသောက်နဲ့ ဥတုရေမြေနဲ့ ပြုပြင်ထားရင် ရုပ်ကောင်းကောင်းမွန်မွန် ဖြစ်တယ်၊ မပြုပြင်တတ်ရင် ဆိုးဆိုးဝါးဝါး ဖြစ်တာပဲ၊ ရောဂါဘယတွေ ဖြစ်တာပဲ၊ ဒါကြောင့် ရုပ်ဟာ အနတ္တကြီးပါပဲ၊ ရုပ်ခန္ဓာကြီးဟာ အနတ္တကြီးပါပဲ၊ ကောင်းပြီ ဝေဒနာကော။

## ဝေဒနာအနတ္တဖြစ်ပုံ

**"ဝေဒနာ အနတ္တာ=ဘိက္ခုတို့... ဝေဒနာလဲ အတ္တ မဟုတ်ဘူး"** သူတို့က အတ္တ အတ္တလို့ ဆိုပေမယ့် ဝေဒနာ အတ္တ မဟုတ်ပါဘူး။

**"ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ"** ဝေဒနာကလဲ မကျန်းမမာဖြစ်တယ်၊ သုခဝေဒနာတဲ့, တစ်ခါတစ်ခါ ချမ်းချမ်းသာသာ ကောင်းတဲ့ ခံစားမှုတွေ ခံစားလို့, စိတ်ချမ်းသာလို့, ခန္ဓာကိုယ်ကလဲချမ်းသာလို့ သုခဝေဒနာဖြစ်၊ သူ့ဒုက္ခ ဘယ်တော့မှမဖြစ်ချင်ဘူး၊ တော်တော်ကြာတော့ တစ်စုံတစ်ခု မကျေနပ်စရာအကြောင်းတွေ ပေါ်လာတော့ စိတ်ဆင်းရဲလို့, ဟောဒါ ဝေဒနာဟာ အာဗာဓ အနာဖြစ်တာပဲ၊ ဝေဒနာ အနာပေါက်တာပဲ၊ စိတ်ဆင်းရဲလို့ တကတဲ တပင်တပန်းနဲ့ အလုပ်တွေ လုပ်ရကိုင်ရလို့, ကိုယ်ပင်ပန်းလို့, ကိုယ်ဆင်းရဲလို့၊ ဒါ သူဖြစ်ချင်တာ မဟုတ်ဘူး၊ အတ္တက ဖြစ်ချင်တာ မဟုတ်ဘူး၊ မဖြစ်ချင်တဲ့ဟာတွေ လျှောက်ပြီးဖြစ်နေတယ်၊ ဝေဒနာသာ အတ္တဆိုရင် ဘာဖြစ်လို့ မကောင်းဝေဒနာ အနာပေါက်လိမ့်မလဲ၊ အခုတော့ မကောင်းတဲ့ဝေဒနာ အနာတွေ ပေါက်လိုက်တာ။

လဗ္ဘေထ စ ဝေဒနာယ **"ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"**တိ။

ငါ့ရဲ့ ဝေဒနာဟာ ချမ်းချမ်းသာသာကြီး ကိုယ်ချမ်းသာ, စိတ်ချမ်းသာဆိုတဲ့ သုခဝေဒနာချည်း ဖြစ်ပါစေ၊ ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲဆိုတဲ့ ဒုက္ခဝေဒနာတွေ ဘယ်တော့မှ မဖြစ်ပါစေနဲ့လို့ လိုချင်တယ်, တောင့်တတယ်၊ လိုချင်တိုင်း တောင့်တတိုင်း ဝေဒနာက ဖြစ်ရဲ့လား, မဖြစ်ဘူး၊ အကြောင်းအားလျော်စွာ ကိုယ်ဆင်းရဲစရာတွေ, စိတ်ဆင်းရဲစရာတွေ ဖြစ်ပေါ်လာလို့ရှိရင် ဘယ်လိုပဲ တောင့်တ တောင့်တ ဝေဒနာဟာ အာဗာဓ အနာတွေ ပေါက်ပြီးသကာလ တောင့်တတိုင်း မဖြစ်တဲ့အနေမျိုး ရောက်တာပဲ၊ ဒါကြောင့် ဝေဒနာဟာ အနတ္တပဲ။

## သညာ အနတ္တဖြစ်ပုံ

**"သညာ အနတ္တာ။ သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ"**သညာလဲ အနတ္တပဲ၊ သညာက မှတ်တယ်၊ ကောင်းတာလေး မှတ်နေချင်တာပဲ, ကောင်းတာလေး တွေးနေချင်တာပဲ၊ ကောင်းတဲ့အကြောင်းအရာတွေ, စိတ်ချမ်းသာစရာ အကြောင်းအရာတွေ တွေးပြီးတော့နေချင်တာပဲ၊ တစ်ခါတလေတော့ မကောင်းတဲ့ အကြောင်း အရာတွေ မှတ်မိနေ, မကောင်းတဲ့ အကြောင်းအရာတွေ မှတ်နေရ၊ လတ်လတ်လောလော လောလောဆယ်ပဲ စိတ်မကျေနပ်တဲ့ အကြောင်းအရာတွေ မှတ်မှတ်နေရ၊ စိတ်မချမ်းသာသလိုဘဲ သညာကလဲ မကောင်းတာ မှတ်ရလို့ အနာရောဂါ ဖြစ်တယ်၊ သညာ မကောင်းဘူး၊ မကောင်းတာတွေ မှတ်နေရလို့ သညာ အလိုမကျပါဘူး၊ ဒါကြောင့် သညာဟာလဲ အနတ္တပဲ၊ သညာ ငါ့သညာကလေးလေ ဟောဒီလို–

**"ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသိ"**

**"မေ–ငါ၏၊ သညာ–သညာသည်၊ ဧဝံ–ဤသို့ ကောင်းသော အရာဝတ္ထုကိုသာ မှတ်လျက်မှတ်လျက်၊ ဟောတု–ဖြစ်ပါစေ၊ ဧဝံ–ဤသို့ မကောင်းတဲ့အရာတွေကို မှတ်လျက် မှတ်လျက်၊ မာ အဟောသိ–မဖြစ်ပါစေလင့်"** တောင့်တတိုင်း ရသလား, မရဘူး၊ ဒါကြောင့် သညာလဲ အနတ္တပါပဲ, အနတ္တပါပဲ။

## သင်္ခါရတွေ အနတ္တဖြစ်ပုံ

**သင်္ခါရာ** အနတ္တာ။

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။

သင်္ခါရဆိုတာတွေလဲ အနတ္တပဲ၊ သင်္ခါဆိုတာက ဘယ်လောက်များတုန်းဆိုတော့ ဖဿ, ဝေဒနာနဲ့ သညာ ချန်ပြီးတော့ စေတနာ, ဒီပြင် စေတသိက်ဟူသမျှတွေ သင်္ခါရချည်းပဲ ခေါ်တယ်၊ ကဲ–ဒီတော့ အားလုံးနားလည်တဲ့ ဖဿတစ်ခုပဲ ပြောကြစို့ရဲ့၊ ဖဿက တွေ့ထိ၊ မကောင်းတာတွေ မတွေ့ချင်ဘူး၊ မကောင်းတဲ့အာရုံတွေ မတွေ့ချင်ဘူး၊ အတ္တက မတွေ့ချင်ဘဲ တွေ့တယ်၊ မကောင်းတဲ့ အသံ မကြားချင်ဘူး၊ အတ္တက မကြားချင်ပေမယ်လို့ ဖဿက ကြားတဲ့ အတွေ့မျိုး တွေ့ပြန်တယ်၊ ဒီတော့ ဖဿတစ်ခုတည်းပဲ အလိုအတိုင်း ဘယ်ဖြစ်သလဲ၊ တောင့်တတိုင်း အလိုအတိုင်း ဘယ်ရသလဲ၊ စေတနာက ကောင်းတဲ့ ကုသိုလ်ဇော စေတနာတွေ ဖြစ်ချင်တယ်၊ တရားတွေနာပြီးတော့ စိတ်ကောင်းကောင်းနဲ့ စေတနာကောင်းကောင်းတွေ ဖြစ်ချင်တယ်၊ ကုသိုလ်တွေ ဖြစ်ချင်, ကုသိုလ်စေတနာတွေ ဖြစ်ချင်တယ်၊ ဖြစ်ကဲ့လား? တစ်ခါတလေ တကာတဲ ကိုယ် မကျေနပ်တဲ့ဟာကျတော့ ဒေါသတွေ ဘာတွေ ဖြစ်ပြီး မကောင်းတဲ့ စေတနာတွေ ဖြစ်တယ်၊ မကောင်းတဲ့အကုသိုလ်တွေဖြစ်၊

ဖြစ်ပြန်ပါပြီ, ဒီမကောင်းတာတွေ၊ ငါမဖြစ်ချင်ဘဲနဲ့ ဖြစ်ရတယ်နော်၊ ဒါက သူတော်ကောင်းက, သူတော်ကောင်းက၊ နည်းနည်းနားလည်တဲ့ သူတော်ကောင်းက၊ မဖြစ်ချင်တဲ့ စေတနာတွေ ငါ ဒီဟာတွေနဲ့ စပ်ပြီး ဖြစ်ရတယ်နော်၊ ဟော စေတနာကလဲပဲ ကောင်းတာတွေကို စေ့ဆော်ပြီးသကာလ ကောင်းတဲ့ဇောစေတနာတွေ ဖြစ်ချင်ပေမယ့် မဖြစ်နိုင်ဘူး၊ မကောင်းတာတွေ ပေါ်ပေါ်ပြီးသကာလ လာတယ်၊ တွေ့တွေ့ကြုံကြုံပြီးသကာလ လာလို့ရှိရင် မကောင်းသော စေတနာတွေ ဖြစ်ရပြန်တယ်၊ ဒါကြောင့် သင်္ခါရလဲ အနတ္တပဲ၊ တောင့်တတိုင်း ဘာမျှ မရဘူး။

## ဝိညာဉ် အနတ္တဖြစ်ပုံ

**ဝိညာဏံ** အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

ဝိညာဏက္ခန္ဓာ စိတ်, သာ ထင်ရှားသေးတယ်၊ စိတ်ကလေးဟာ လေ, ကောင်းတာတွေချည်းပဲ စိတ်က သိချင်တယ်၊ ဒါပေမယ့်လဲ တစ်ခါတလေ မကောင်းတာသိ၊ မပြောစမ်းပါနဲ့လေ, ဒီအကြောင်း အရာတွေ ငါမသိချင်ဘူး၊ မသိချင်ဘူးဆိုပေမယ့် ကြားပြန်တော့ သိရပြန်ရော၊ မျက်နှာရှုံ့ပြီးသကာလ ဒီစိတ်ဝိညာဉ် ဖြစ်လိုက်ရ၊ တစ်ခါတလေ ကိုယ်နဲ့စပ်တဲ့ ဘယ်သူတွေဟာ ဘယ်ဒုက္ခဖြစ်သတဲ့၊ ဖြစ်မှဖြစ်ရလေတယ်၊ ငါဒီလို စိတ်မချမ်းသာတွေ မဖြစ်ချင်ပါဘူးလို့ အတ္တသဘောမျိုးက လိုချင်ပေမယ်လို့ မရဘူး၊ စိတ်မချမ်းသာတွေ ဖြစ်တယ်။

**ဝိညာဏံ** အနတ္တာ။ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

မကောင်းတဲ့စိတ်တွေ ဖြစ်နေတာဟာ စိတ်နာနေတာပဲ၊ မကျေနပ်တဲ့ စိတ်တွေ ဖြစ်နေတာဟာ စိတ်အာဗာဓ အနာပေါက်နေတာပဲ၊ အဲဒီတော့ ခန္ဓာငါးပါး ဘယ်အတ္တ ဟုတ်သလဲ။

## ဘုရားက အတ္တ ဖျက်ပစ်လိုက်ပြီ

**"သယံဝသီ–ခန္ဓာအိမ်မှူ, အစုစုဍ္ဍ, တစ်ခုမကျန်, စီမံခွဲဝေ, မိမိနှစ်ခြိုက်, စနစ်ကိုက်အောင်, လိုက်ပါစေနိုင်တဲ့ သဘာပေတည်း"** လို့ အတ္တကို အတ္တစွဲလမ်းတဲ့ သာသနာပလူတွေက, သာသနာပ ပုဂ္ဂိုလ်တွေက, သာသနာပ ပညာရှိတချို့တွေက အတ္တကို အမွှမ်းတင်ပြီးတော့ ထားကြတယ်၊ တင်မှာပေါ့၊ အတ္တဆိုတာ ငါလား, အတ္တဆိုတာ ကိုယ့်ကိုယ်ကိုလား, အတ္တဆိုတာ အင်မတန်ချစ်တာလား၊ အတ္တကြီးကျယ်လေလေ ဝမ်းသာလေလေ, အင်မတန် အားရလေလေ ဖြစ်တော့ အတ္တကို အမွှမ်းတင်ထားကြမှာပေါ့၊ သာသနာပမှာ အမွှမ်းတင်ထားကြတော့ မြတ်စွာဘုရားက ဖျက်ပစ်လိုက်တာ အကုန်လုံး၊ **"ဘယ်မှာလဲ ဒီအတ္တ, ဘယ်မှာလဲ စွမ်းနိုင်တယ်ဆိုတာ ဘာစွမ်းနိုင်သေးသလဲ"**လို့ ဘုရားရှင်ကိုယ်တော်မြတ်ကလေ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောပြီးတဲ့နောက် ဒုတိယ တရားတော်အဖြစ်နဲ့ ဖျက်ပစ်လိုက်တယ်၊ **အနတ္တ**။

## ရုပ် မြဲ,မမြဲ အမေးအဖြေ

တံ ကိံ မညထ ဘိက္ခဝေ **ရူပံ** နိစ္စံ ဝါ အနိစ္စံ ဝါတိ?

မေးခွန်းထုတ်တော့**"အနတ္တ"**လို့၊ မြဲပြီးတော့ အားလုံးက ယုံကြည်ကျေနပ်ပြီးနေတဲ့ ရုပ်ခန္ဓာငါးပါးကို ဘုရားရှင်ကိုယ်တော်မြတ်က လက္ခဏာယာဉ်သုံးပါးနဲ့ တင်ပြီးတော့ မေးခွန်းထုတ်တော်မူမယ်။

**"ဘိက္ခဝေ–ရဟန်းတို့၊ တံ–ထိုငါဘုရား မေးတော်မူလတ္တံ့သော စကားကို၊ ကိံ မညထ–အဘယ်သို့ မှတ်ထင်ကြကုန်သနည်း?၊**

**ရူပံ–ရုပ်ခန္ဓာသည်၊ နိစ္စံဝါ–နိစ္စဟူ၍မှတ်ထင်သလော၊ အနိစ္စံဝါ– အနိစ္စဟူ၍ မှတ်ထင်သလော?** အဲဒီ ရုပ်ခန္ဓာကို အနတ္တလို့ ငါဘုရား ပြောပြီးပြီနော်၊ အလိုသို့ မလိုက်ဘူးလို့ ပြောပြီးပြီနော်၊ သူတို့က အတ္တဆိုတဲ့တရားဟာ ဘယ်တော့မှ မပျက်ဘူးတဲ့၊ **"နိဝါသီ–ဟောင်းခန္ဓာအိမ်, ပျက်သည့်ချိန်ဝယ်, ခန္ဓာအိမ် အသစ်လဲ၍, တကတဲမှီ, အမြဲတည်တဲ့ သဘောပေတည်း"** အတ္တက ဘယ်တော့မှ မပျက်ဘူးတဲ့၊ အတ္တဟာ တကတဲ အနှစ် အမာခံ အမြဲတေ ဘယ်တော့မှ မပျက်ဘူး၊ ခန္ဓာအိမ်ကြီးသာ ပျက်စီးပျက်စီးပြီးတော့ ကျန်ရစ်တယ်၊ အတ္တက အိမ်သစ် ပြောင်းပြောင်းပြီးတော့ အတ္တ ဖြစ်သွားတာပဲလို့ ဆိုတယ်၊ ကိုင်း...ရုပ်ကို ပြောခဲ့ပြီနော်, အနတ္တလို့၊ အဲဒီအနတ္တကို သူတို့ ပြောသလို ဘယ်တော့မှ မပျက်စီးနိုင်တဲ့ **နိစ္စ** လို့ သင်တို့ထင်သလား?, အနိစ္စလို့ ထင်သလား? ဘယ်လို ဆုံးဖြတ်ကြမလဲ?လို့ ဘုရားရှင်က မေးတော့ ရှင်းရှင်းပါပဲ။

**"အနိစ္စံ ဘန္တေ=အားလုံး ရုပ်ခန္ဓာတွေ အနိစ္စပါဘုရား၊ အနိစ္စပါပဲ"** အတ္တမှ မဟုတ်တော့ဘဲနဲ့, သူစိမ်းသလို ဘာမျှ မဖြစ်နိုင်ဘဲနဲ့, သူ ဖြစ်ချင်သလို ဘာမျှ မဖြစ်နိုင်ဘဲနဲ့, ဖြစ်ပြီး ပျက်ပျက်နေတာဟာ အထင်အရှား ဖြစ်နေရက်သားနဲ့တော့ ဒီအတ္တလို့ မဟုတ်တဲ့ ရုပ်ခန္ဓာကြီးဟာ အနိစ္စပါဘုရား၊ ကောင်းပြီ။

## ဒုက္ခလား သုခလား အမေးအဖြေ

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ?

ကိုင်း...အနိစ္စနော် အနိစ္စ၊ အနိစ္စဆိုတာ မြတ်စွာဘုရားကတော့ ဟိုမှာ ရှင်းတောင်ပေးနေဖို့ မလိုဘူး၊ ချက်ချင်း,ချက်ချင်း၊ ကဲ... ဘုန်းကြီးတို့က ထပ်ပြီး ရှင်းကြဦးစို့၊ မမြဲဘူး, ပျက်နေတယ်၊ မမြဲဘူး, ပျက်နေတယ်၊ ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်

အာဟာရကြောင့် ရုပ်ကြီး ဖြစ်ပျက် ဖြစ်ပျက်၊ ဒီ ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်ဆိုလို့ရှိရင် မဖြစ်တာက တော်သေးတယ်၊ သေမှာဖြင့် နဂိုတုန်းက သေမယ့်ကလေး မမွေးတားက တော်သေး၊ မွေးလဲပြီး သေလဲ သေမယ်ဆိုရင် မမွေးတာက တော်သေးတယ်၊ အိမ်တစ်ခုဟာ ကြိုးစားပန်းစားနဲ့ အိမ်ဆောက်လိုက်တာ၊ ဆောက်လဲပြီး မီးလဲ လောင်၊ ဒီအိမ် မဆောက်မိတာက တော်သေးတယ်၊ သစ်ပင်တစ်ပင် စိုက်လဲစိုက် ရှင်လဲရှင်, သေလဲ သေ၊ မစိုက်မိတာက တော်သေးတယ်၊ ဘယ်အရာမျိုးမဆို နောက်က အပျက်လိုက်ပြီးတော့ မြန်မြန်ကြီး ပျက်တဲ့ အရာဝတ္ထုမှန်သမျှ မဖြစ်တာက ကောင်းသေး၊ ဖြစ်တာကိုက ဒုက္ခများသေး၊ ပျက်တာ မပြောနဲ့ ဖြစ်ရတာကိုက ဖြစ်အောင်ကြိုးစား ရတာကိုက ရှိသေး၊ ဖြစ်တာကိုက ဒုက္ခများအောင် လုပ်နေတာ။

ဒီတော့ အဲဒီ မမြဲလို့ ပျက်နေတဲ့ အနိစ္စရုပ်ခန္ဓာကြီးဟာ သင်တို့ ဒုက္ခလား,သုခလားလို့ဆိုရင် သင်တို့ဘယ်လိုထင်ကြသတုန်း၊ ဘယ်လို ဆုံးဖြတ်ကြမလဲဆိုတော့ **"ဒုက္ခံ ဘန္တေ"** ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်၊ ဟိုအိမ်က ဖြစ်ပြီးတော့မှ, အကြာကြီး နေပြီးတော့မှ ပျက်, ဒီလို အသွားမျိုးမဟုတ်ဘူး၊ ဖြစ်ပျက်,ဖြစ်ဆိုတဲ့ အချိန်လောက်ပဲ ပျက်ဆိုတဲ့အချိန်က လိုက်လာတာပဲ၊ ဖြစ်ပျက်, ဖြစ်ပြီးပျက်၊ ဒီတော့ ကိုယ်ရဲ့ရုပ်ခန္ဓာကြီးရဲ့ အတွင်းထဲက စဉ်းစားလို့ရှိရင် ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်၊ ဒီတော့ ဒီရုပ်ခန္ဓာကြီးဟာ ဖြစ်ပြီးပျက် နေလို့ရှိရင် ဘယ်မှာ သူ့ကို သုခလို့ ဆုံးဖြတ်စရာ ရှိတော့မလဲ၊ ဒုက္ခစင်စစ်ပေါ့၊ **"ဒုက္ခံ ဘန္တေ–ဖြစ်ပြီးပျက်,ဖြစ်ပြီးပျက်လို့ ဒုက္ခပါ ဘုရား"**။

## အနတ္တနှင့်စပ်သော အမေးအဖြေ

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ **"ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"**တိ?

ဒီမှာ မနေ့တုန်းက ဘုန်းကြီး ပပဥ္စသုံးပါးကို ဟောခဲ့တာဟာ ဒီအဖြေကို နားလည်အောင်လို့ ပြောနေတာ။

**"ဘိက္ခဝေ–ဘိက္ခုတို့၊ ယံ–အကြင်ရုပ်ခန္ဓာကြီးသည်၊ အနိစ္စံ–မမြဲ၊ ဒုက္ခံ–ဖြစ်ချည်ပျက်ချည် အတည်မကျသဖြင့် အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရတဲ့ ဒုက္ခဖြစ်သော ရုပ်ခန္ဓာကြီးပေတည်း၊ ဝိပရိဏာမဓမ္မံ–နဂိုအတိုင်း မတည်မြဲဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်ခြင်းသဘောရှိ၏၊ တံ–ထိုအနိစ္စ ဒုက္ခ ဝိပရိဏာမဖြစ်တဲ့ ရုပ်ခန္ဓာကြီးကို၊ ဧတံ–ဤရုပ်သည်၊ မမ–ငါ့ဥစ္စာတည်း၊ ဧသော–ဤရုပ်သည်၊ အဟံ–ငါသည်၊ အသ္မိ–ဖြစ်၏၊ ဧသော–ဤရုပ်သည်၊ မေ အတ္တာ–ငါ့အတ္တတည်း၊ ဣတိ–ဤသို့၊ သမနုပဿိတုံ–တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် အဖန်ဖန် ရှုဆင်ခြင်ခြင်းငှာ၊ ကလ္လံ နု–သင့်လျော်လျောက်ပတ်ပါဦးမည်လော"**။

**ဖြစ်ပျက်နေတဲ့ရုပ်ကို ငါ့ဥစ္စာဟု စွဲသင့်သလား** ကိုယ့်ဟာကိုယ် လက်လှမ်းမှီတာနဲ့ ဥပမာမှန်းကြည့်ကြ၊ ဖြစ်တယ်,ပျက်တယ် အဖြစ်အပျက်ဒဏ် အမြဲ ခံနေရတယ်၊ အမြဲခံရတာက ဖြစ်ပြီးကြာမှ ပျက်၊ ဒီလို မဟုတ်ဘူး၊ ဖြစ်တဲ့အချိန်လောက်နဲ့ပဲ ဆက်ပြီးတော့ ပျက်တယ်၊ ဘုန်းကြီးတို့ ကျမ်းဂန်တစ်ရပ်ကတော့ တရားတွေဟာ ဖြစ်တာနဲ့ ပျက်တာ နှစ်ခုတည်းရှိတယ်တဲ့၊ ရပ်တောင် မနေဘူးတဲ့၊ ဘုန်းကြီးတို့ ကျမ်းတစ်မျိုးကတော့ ဖြစ်ချိန်လောက်ကလေးတော့ ရပ်ပါသေးတယ်တဲ့၊ ဖြစ်ချိန်ရယ်, ပျက်ချိန်ရယ်, ရပ်ချိန်ရယ် သုံးချိန်လောက်တော့ ရှိပါသေးတယ်တဲ့၊ တစ်ခုက မဟုတ်ဘူး, ရပ်တာကို မရှိဘူးတဲ့၊ ဖြစ်ပျက်နှစ်ခုပဲ ရှိပါတယ်၊ ဒီလောက်မြန်တယ်, ဒီလောက်မြန်တယ်၊ ရုပ်ရောနာမ်ရော ဒါလောက် မြန်တယ်, ဒါလောက် မြန်တယ်၊ ဆိုပါတော့ ရုပ်က

နည်းနည်းလေး (ရုပ်) ခုနက ဖြစ်ပြီးတော့ ရုပ်နေတာ နည်းနည်း ကြာသေးတယ် ဆိုပါတော့၊ နည်းနည်းဆိုတာကို စကားအပြောအား ဖြင့်တော့ နည်းနည်းကြာတယ်၊ တကယ့်အရေအတွက်အားဖြင့်တော့ ဘယ်လောက်မှ ပြောပလောက်အောင် မကြာဘူး၊ ဖြစ်ပြီးပျက်, ဖြစ်ပြီး နည်းနည်းကလေး ရုပ်ပြီးပျက်၊ ရုပ်က, ရုပ်က၊ နာမ်ကျတော့ ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်၊ ဒါလောက်ပဲ ရှိပါတယ်တဲ့၊ ဘုန်းကြီးတို့ ကျန်ပညာရှိများကလေ နာမ်ကျတော့ ဖြစ်ပျက်,ဖြစ်ပျက် ရုပ်တောင် မရုပ်ဘူးတဲ့၊ တစ်ဦးကတော့ ရုပ်တာကလေးလဲပဲ နည်းနည်းလေး အပျက်ချိန်လောက် ရှိပါသေးရဲ့တဲ့၊ ရုပ်ကျတော့ ဖြစ်၊ နည်းနည်းလေး တည်ပြီးတော့ပျက်၊ နည်းနည်းလေးတည်ဆိုတာ အခုလို လူတွေ မြင်သလို အကြာကြီး မဟုတ်ဘူး၊ နည်းနည်းဆိုမှ နည်းနည်းလေး တည်ပြီးတော့ ပျက်၊ ဒီတော့ အဲဒီလို ဖြစ်ပျက်နေတာကို–

**"တော်–ဤဖြစ်ပျက် မြန်မြန်နေတဲ့ ရုပ်ခန္ဓာကြီးသည်၊ မမ– ငါ့ဥစ္စာတည်း"** တဏှာစွဲနဲ့ ငါဟာ ငါ့ရုပ် စွဲချင်စရာ ကောင်းသေးရဲ့ လား, စွဲချင်စရာ ကောင်းသေးရဲ့လား၊ ငါ့ဥစ္စာလို့ကိုက စွဲတုန်း သူက ပျက်နေပြီ၊ ငါ့ရုပ်ပါလို့ စွဲတုန်း သူက ပျက်နေပြီ၊ စွဲချင် စရာ ကောင်းသေးသလား။

**ငါဆိုတဲ့ မာန,ဒိဋ္ဌိဖြင့်လဲ မစွဲသင့်။ ။"တော်–ဤဖြစ်ပျက်ရှိနေတဲ့ ရုပ်ခန္ဓာကြီးသည်၊ မမ–ငါ့ ဥစ္စာတည်း၊ (တဏှာစွဲ) သော–ဤဖြစ်ပျက်ပြီးနေတဲ့ အဖြစ်အပျက် ဒဏ် ခံနေရတဲ့ ရုပ်ခန္ဓာကြီးသည်၊ အဟံ အသွိ–ငါဆိုတာပါပဲ၊ (မာနစွဲ)"** ငါလို့စွဲတုန်းမှာ သူက ပျက်ပြီ၊, သူက ပျက်ပြီ၊ စွဲသင့်သေး သလား, စွဲချင်သေးသလား, စွဲကြစရာကောင်းသေးလား၊ အားလုံး သတ္တဝါတွေ စွဲတော့ စွဲနေကြတယ်လေ၊ ငါလို့တော့ စွဲနေကြ တယ်၊ စွဲချင်စရာ ကောင်းသေးရဲ့လား, ဒီမာနစွဲနဲ့ စွဲချင်စရာ

ကောင်းသေးရဲ့လား၊ **"သော–ဤဖြစ်ချည်ပျက်ချည်, အတည်မကျ, ဤအဖြစ်အပျက်ဒဏ် ခံနေရတဲ့ ရုပ်ခန္ဓာသည်၊ မေ–ငါ၏၊ အတ္တာ–အပိုင်အနိုင်ဖြစ်တဲ့ အတ္တပေတည်း၊(ဒိဋ္ဌိစွဲ,ဒိဋ္ဌိစွဲ)"** ရုပ်ဟာ အတ္တပဲ၊ ငါလို့ဆိုဆို, ကိုယ်လို့ဆိုဆို အသက်လို့ဆိုဆို, လိပ်ပြာလို့ဆိုဆို, ဆိုချင်တာဆို၊ အဲဒီရုပ်ဟာ အတ္တလို့ စွဲသင့်သေးသလား၊ ဒိဋ္ဌိစွဲ၊ **"တေံ–ဤဖြစ်ချည်ပျက်ချည်, အတည်မကျ အဖြစ်အပျက်ဒဏ်ကို ခံနေရတဲ့ ရုပ်ခန္ဓာကြီးသည်၊ မမ–ငါ၏ဥစ္စာတည်း၊ သော–ဤဖြစ်ပျက်ပြီးနေတဲ့ ရုပ်ခန္ဓာကြီးသည်၊ အဟံ–ငါသည်၊ အသ္မိ–ဖြစ်၏၊ သော–ဤရုပ်သည်၊ မေ အတ္တာ–ငါ၏အတ္တတည်း၊ ဣတိ–ဤသို့၊ သမနုပဿိတုံ–တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် အဖန်ဖန်ရှုခြင်းငှာ၊ န ဟိ ကလ္လံ–မသင့်တော့ပါဘုရား"**၊ မသင့်တော့ဘူး,မသင့်တော့ဘူး၊ ဒါ ရုပ်ခန္ဓာကြီးဟာ တဏှာနဲ့လဲ စွဲလို့ မကောင်းတော့ဘူး၊ မာနနဲ့လဲ စွဲလို့ မကောင်းတော့ဘူး၊ ဒိဋ္ဌိနဲ့ဆိုတာကတော့ ဘာမှပြောစရာ မရှိဘူး၊ အတ္တလုံးလုံးကို မရှိဘူး၊ ဒိဋ္ဌိနဲ့ စွဲဖို့မကောင်းတော့ဘူး။

## ဝေဒနာစသည်အတွက် အမေးအဖြေ

**ဝေဒနာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ? အနိစ္စာ ဘန္တေ။
**သညာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ? အနိစ္စာ ဘန္တေ။
**သင်္ခါရာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ? အနိစ္စာ ဘန္တေ။
**ဝိညာဏံ** နိစ္စံ ဝါ အနိစ္စံ ဝါတိ? အနိစ္စံ ဘန္တေ။

**စိတ်မမြဲ,ဆင်းရဲ။** ။ကဲ–စိတ်ပြောကြဦးစို့၊ စိတ် ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်၊ **"သင်တို့ ဘယ့်နှယ် ဆုံးဖြတ်မလဲ၊ နိစ္စလို့ ဆုံးဖြတ်မလား, အနိစ္စလို့ ဆုံးဖြတ်မလား?" "အနိစ္စပါ ဘုရား"**။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ? ဒုက္ခံ ဘန္တေ။

**"အနိစ္စဖြစ်တဲ့ စိတ်, ဝိညာဏ်, ဝိညာဏက္ခန္ဓာကို သုခ,ဒုက္ခ ဘယ်လိုဆုံးဖြတ်မလဲ?" "ဒါ ဖြစ်ပျက်, ဖြစ်ပျက်, အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရတော့ စိတ်ဝိညာဏ်လဲ ဒုက္ခပါပဲဘုရား"။**

**စိတ်ကို တဏှာ,မာန,ဒိဋ္ဌိဖြင့် မစွဲလမ်းသင့်**

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ **"ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"**တိ?

နော ဟေတံ ဘန္တေ။

**"ကဲ–ကဲ ဖြစ်ပျက်ပြီးတော့နေတဲ့ ဝိညာဏက္ခန္ဓာကို ဒါငါ့ဥစ္စာပဲလို့ တဏှာစွဲနဲ့, ငါ့ဝိညာဏ်ပဲလို့ တဏှာစွဲနဲ့ စွဲထိုက်သေးသလား, ငါဆိုတာ ဝိညာဉ်ပဲ၊ ဝိညာဉ်ဆိုတာ ငါပဲလို့ မာနစွဲနဲ့ စွဲထိုက်သေးသလား၊ ဒီဝိညာဉ်ဟာ ငါ့ဥစ္စာပဲလို့, ငါ့ရဲ့ အတ္တပဲလို့ ဒိဋ္ဌိအစွဲနဲ့ စွဲထိုက်သေးသလား?"**

**"နော ဟေတံ ဘန္တေ=မစွဲထိုက်ပါဘူးဘုရား"။**

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဒီနားမှာတော့ ပဉ္စဝဂ္ဂီငါးဦးက အင်မတန် ဉာဏ်လျင်ပြီးသား, အင်မတန် တတ်ပြီးသားပုဂ္ဂိုလ်တွေဆိုတော့ ချဲ့ပြီးတော့ ဟောတော်မမူဘူး၊ ဒီ့ပြင် သုတ္တန်တစ်နေရာကျတော့ နည်းနည်းလေး ဒီအခန်းနားဆီမှာ ချဲ့ပြီးတော့ —

**"ဖေဏပိဏ္ဍူပမံ ရူပံ။ ရူပံ–ရုပ်ခန္ဓာကြီးသည်၊ ဖေဏပိဏ္ဍူပမံ–ရေမြှုပ်ဆိုင်ကြီးဟူသော ဥပမာရှိသည်၊ ရေမြှုပ်ဆိုင်ကြီးနှင့် တူလှပေ၏"** တစ်နေရာကျတော့ ဥပမာနဲ့ ချဲ့ပြီးပေးတယ်။

**ရေမြှုပ်ပမာ ရုပ်ခန္ဓာ။** ။ဘုရားရှင်က ရေမြှုပ်ဆိုင်ကြီး မြစ်ထဲ မျောလာသတဲ့၊ ရေမြှုပ်ဆိုင်ကြီး, ရေတက်တဲ့အခါ ပါလာတဲ့ ရေမြှုပ်ဆိုင်ကြီး ကြည့်စမ်း၊ ခု ဒီက ဧရာဝတီမြစ်က

ရေမြှုပ်ဆိုင် သိပ်မကြီးဘူး၊ ဟို ဂင်္ဂါမြစ်က ရေမြှုပ်ဆိုင် သပ်ကြီးတယ်၊ အစတုန်းက ရေမြှုပ်ဆိုင်ကလေး ခပ်သေးသေးကလေး၊ နောက်တော့ ဟိုကစု ဒီကစု, ဟိုကစု ဒီကစုနဲ့ ရေမြှုပ်က တော်တော်ကြီးလာ၊ ဒါကို စဉ်းစဉ်းစားစား လူတစ်ယောက်က မြစ်ကမ်းနားလာပြီးတော့ ရေမြှုပ်ဆိုင်ကြီး စိုက်ကြည့်၊ ကြီးကျယ်လိုက်တာနော်, ကြီးကျယ် လိုက်တာ၊ နားမလည်တဲ့လူဆိုရင်တော့ ဒီရေမြှုပ်ဆိုင်ကြီးအတော်ကြီး ကိုပဲ အသုံးချစရာ ကောင်းလိမ့်မယ်လို့ ထင်မှာပဲ၊ အိုးခွက်တို့ဘာတို့ လုပ်စရာကောင်းလိမ့်မယ်လို့ ထင်မှာပဲ၊ ဒီရေမြှုပ်ဆိုင်ထဲ အနှစ်သာရ ဘာမျှမရှိဘူး၊ ဒီရေမြှုပ်ဆိုင်ထဲ သွားပြီးတို့လိုက်ရင် တို့လိုက်တာနဲ့ တစ်ပြိုင်နက် ရေမြှုပ်ဆိုင်ဟာ ကြွေကြွေသွား, သုံးစရာ အနှစ်သာရ ဘာမျှမရှိဘူး၊ စိတ်ကူးနဲ့ နားမလည်တဲ့လူကတော့ စိတ်ကူးပြီး အောင်မယ်–ကောင်းလိုက်တာများနဲ့, ဘာလုပ်ရကောင်းမယ်လို့ ထင်မှာ၊ ဘာလုပ်လို့မှ မကောင်းဘူး။

အဲ–ရုပ်ခန္ဓာကြီးလဲပဲ ပုထုဇဉ်မျက်စိနဲ့ သံသရာထဲ ချဲ့ပြီးသကာလ မြင်ဖို့တော့ သူ့ဟာသူ ဖြစ်တာပဲ၊ တကယ် အသုံးချစရာလို့ဆိုတော့ ဘာမျှ ဒီရုပ်ခန္ဓာကြီး အသုံးချလို့ မရဘူး၊ တကယ့် ရေမြှုပ်ဆိုင်ကြီးလိုပဲ၊ မြတ်စွာဘုရားက ဒါလောက်ဟောပေမယ့် ရေမြှုပ်ဆိုင်ကမှ တာဝန် သိပ်မကြီးဘူး၊ ဒီရုပ်ခန္ဓာကြီး ထမ်းပြီးနေရတာ တာဝန်ကြီးလိုက်တာ၊ စားရတယ်,သောက်ရတယ်,ဝတ်ရတယ်,အိပ်ရတယ်,သွားရတယ်, လာရတယ်၊ ဘာတစ်ခုမှ သူ့ကို လျှော့ပေးလို့မရဘူး၊ အကုန်လုံး သူလိုက်ပြီးတော့ ဒုက္ခပေးနေတာ၊ ဒီက သူ့ကို အင်မတန်ခင်တွယ်ပြီး တော့ ငါ့ရုပ်,ငါ့ရုပ်လို့ နဂိုတုန်းက အတ္တနဲ့ စွဲထားလို့ သူ့ကို ပြုပြု ပြင်ပြင်နဲ့နေတာ၊ တကယ် ပြုပြင်ချင်စရာကောင်းတဲ့ရုပ် မဟုတ်ဘူး၊ ရေမြှုပ်ဆိုင်ကမှ ပွတရောင်းကြီး, မကောင်းရုပ် သက်သက်ရယ်၊ သူက မကောင်းတဲ့ပြင် ဒုက္ခပေးနေသေးတယ်၊ ဒီရုပ်ခန္ဓာကြီးက။

## "ဖေဏပိဏ္ဍူပမံ ရူပံ, ဝေဒနာ ပုဗ္ဗုဠူပမာ"

**ရေဉပေါင်းပမာ ဝေဒနာ။** ။ မိုး ခပ်ကြီးကြီးရွာတဲ့ တန်ဆောင်မုန်းလတို့ ဘာတို့အခါ မိုးကြီးကြီး ရွာ, ရေပေါက်ကလေးက ခပ်ကြီးကြီးကျ, အောက်က ရေကန်ကလဲရှိ၊ ရေပေါက်ကျလိုက်, ရေဉပေါင်းလေး ပေါ်လာလိုက်, ပျက်သွားလိုက်၊ ရေပေါက်ကျလိုက်, ရေဉပေါင်းလေး ပေါ်လာလိုက်, ပျက်သွားလိုက်။

ဒါကို စဉ်းစားနေတဲ့ လူတစ်ယောက်က ဘေးနားကနေပြီးတော့ အတွင်းကနေပြီးတော့ ဒီရေပွက်ကလေးတွေ ပေါ်ပေါ်လာပြီး ပျက်သွားတာ၊ သူက ကြည့်ပြီးတော့ အင်း–ဒါလေးတွေက ဖြစ်–ပျက်၊ ဉပေါင်းလေးဖြစ်လိုက်,ပျက်သွားလိုက်၊ ဉပေါင်းလေးဖြစ်လိုက်,ပျက်သွားလိုက်၊ ဉပေါင်းလေးဖြစ်လိုက်,ပျက်သွားလိုက်၊ ဒါ ဘာမှ အသုံးမကျဘူး၊ ဘာဆို ဘာမှ အသုံးမကျဘူး၊ ဉပေါင်းလေးဖြစ်လိုက် ပျက်သွားလိုက်၊ ဝေဒနာတွေကလဲ ဒီလိုပဲ၊ သုခဝေဒနာ ဖြစ်ပြန်လဲ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်၊ ဘာမျှ ဒီထဲ အနှစ်မရှိဘူး,အနှစ်မရှိဘူး၊ ဒီဝေဒနာတစ်ခုထဲ စဉ်းစားကြည့်စမ်း၊ ဘာအနှစ်မှ မရှိဘူး၊ ဒုက္ခဝေဒနာလဲ ဒီလိုပဲ၊ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်၊ ရေဉပေါင်းလေးလိုပဲ ဒီဝေဒနာတွေဟာ။

**တံလျှပ်ပမာသညာ။** ။ **"သညာ–သညာသည်၊ မရိစိကူပမာ–တံလျှပ်နဲ့ ဉပမာတူလှပေ၏"** သညာအမှတ်အသားကလဲ အလွဲတွေ လျှောက်မှတ်နေတာပဲ၊ တံလျှပ်ဆိုတာ **တံ**–က **ရေ**ကို ခေါ်တာ, **လျှပ်**–က **အရောင်**၊ မနက်စောစော ရေပြင်ရှိတဲ့ နေရာမှာ ခရီးသွားလို့ရှိရင် ရေပြင်နဲ့ ခပ်လှမ်းလှမ်းအပြင်ဘက် ကုန်းပေါ်မှာ ရေရောင်တွေ တက်ပြီး ရေပဲထင်ရတယ်၊ အောင်မယ်– ရေပြင်ကြီး တယ်ကျယ်ပါလားလို့ ထင်ရတယ်၊ အနားသွားတော့

ဘယ်ရေပြင်ဟုတ်တော့တုန်း၊ ကုန်းခေါင်ခေါင်ကြီးပါလား၊ သူက ရေရောင်လျှပ်နေတာ၊ ဒါကို တံလျှပ်၊ အဲဒီ တံလျှပ်အဝေးက နေကြည့်တော့ ဟုတ်သလိုလို ရေပဲ ထင်ရတယ်၊ အနားရောက်လေ ရေမဟုတ်လေ၊ အနားရောက်လေ ရေ မဟုတ်လေ၊ သေသေချာချာ ရောက်သွားတော့ လုံးလုံး ရေ မဟုတ်ဘူး။

သညာကလဲ မှတ်လိုက်တာ တကတဲ ရူပါရုံ တွေ့ပြန်လို့ရှိရင် ဒီရူပါရုံ သူက အမျိုးမျိုးမှတ်၊ သူမှတ်တာဟာ တစ်ခုမှမဟုတ်ဘူး၊ ဘာပြုလို့တုန်း၊ ဟိုရူပါရုံက ဖြစ်ပြီး ပျက်နေတာ၊ သဒ္ဒါရုံတွေ့ပြန်, ဒီအသံလေးက ကောင်းလိုက်တာလို့ မှတ်၊ ကောင်းလိုက်တာဆိုတာ သူက အပေါ်ယံ လုံးထွေးပြီးမှတ်လိုက်တာ၊ သဒ္ဒါရုံက ဖြစ်–ပျက်, ဖြစ်–ပျက်, ဖြစ်–ပျက်, ဖြစ်–ပျက်၊ အဲဒီဖြစ်–ပျက်နေတဲ့ အပေါင်း ကလေးကြည့်ပြီး ကောင်းလိုက်တာလို့ သူကထင်နေတာ၊ အနားကပ် ကြည့်သလို ဉာဏ်နဲ့ကပ်ကြည့်တော့ ဖြစ်–ပျက်ချည်းပဲ၊ ဘာမျှ အကောင်းမရှိဘူး၊ ဒါကြောင့် အာရုံငါးပါး, အာရုံခြောက်ပါး သူက မှတ်ပေမယ်လို့ သူမှတ်သလို တစ်ခုမျှ မဟုတ်ဘူး၊ သညာဟာ လဲပဲ **မရီစိကူပမာ–တံလျှပ်လို**ပါပဲလား၊ တံလျှပ်မြင်ရသလိုပါပဲလား၊ ဘာမျှ သူမှတ်တာ ထင်တိုင်းမဟုတ်ပါပဲလား။

**ငှက်ပျောတုံးပမာသင်္ခါရက္ခန္ဓာ။ ။"သင်္ခါရာ–သင်္ခါရတရားတို့သည်၊ သင်္ခါရာ–ဖဿ,စေတနာအစရှိတဲ့ ပြခဲ့တဲ့ သင်္ခါရတရားတို့သည်၊ ကဒလူပမာ–ငှက်ပျောတုံးနဲ့ဥပမာ တူလှပေကုန်၏"** လူတစ်ယောက် အနှစ်လိုချင်လို့ တောထဲသွား, တောငှက်ပျောပင်ကြီးတွေ့, ကောင်းလိုက်တာဆိုပြီးတော့ အရင်းက ဖြတ်, အရင်းကဖြတ်ပြီးတော့ အဖျားပယ်ပြီး အခွံခွာကြည့်တယ်၊ အထဲ အနှစ်တစ်ခုမျှ ရှာမရဘူး၊ ဒါအပင်ပေါက်မို့လို့ အနှစ်မရှိတာ၊ အတွင်း နည်းနည်း လိုက်ကြည့်စမ်း၊ လိုက်လေ, အနှစ်မရလေ၊

လိုက်လေ, အနှစ်မရလေ၊ အဲသလိုပါပဲ သင်္ခါရဆိုတဲ့ စေတသိက် တရားငါးဆယ်ဟာလဲ ဖဿ ကြည့်လိုက်ပြန်လဲ ဘာမှ အနှစ်မရှိ၊ ဝေဒနာ ကြည့်လိုက်ပြန်လဲ ဘာအနှစ်မှ မရှိ၊ စေတနာနဲ့တကွ ဒွိပြင် တရားတွေ ကြည့်လိုက်ပြန်လဲ ဘာအနှစ်မှ မရှိ၊ တကယ့် ငှက်ပျောတုံးကြီးလိုပါပဲလားလို့။

**မျက်လှည့်ပမာ ဝိညာဏက္ခန္ဓာ။** ။**"ဝိညာဏံ-ဝိညာဏ်သည်၊ မာယူပမံ- မျက်လှည့်သည်နှင့် ဥပမာတူလှလေ၏"** ဟိုလမ်းခွမှာ မျက်လှည့်ပြနေ, တော်တော် စဉ်းစားဉာဏ်ရှိတဲ့ လူတစ်ယောက်က ကလေးတွေရော, လူအတွေရော, လူရိုးတွေရော ဝိုင်းပြီးတော့ တကတဲ ဝမ်းမြောက်ဝမ်းသာနဲ့ ကြည့်ပြီးတော့နေကြ၊ ဟိုကလဲ ပြလိုက်တာ ဟောဒါက ဘာပဲ၊ ဟောဒါ ဘာရွှေဟော့နော်၊ ရွှေလုပ်ပြမယ်, ရွှေဖြစ်၊ ဘေးက ဟာ–တယ်ဟုတ်ပါလား၊ တအံ့တသြ ဖြစ်၊ ဟိုက စဉ်းစားတဲ့လူက အကုန်လုံး အလကား လှည့်နေတာနော်၊ ရွှေဆိုတာလဲ ရွှေတစ်ခုမှ မဟုတ်ဘူး၊ လူသတ်ပြမယ်ဆိုလဲ လူသတ်ပြတာ လူသေသွားတာ မဟုတ်ဘူး၊ တကယ့်ကို လှည့်စားနေတာပဲ။

အဲ–စိတ်ကလဲ လှည့်စားနေတာ၊ စိတ်ကလဲ ဘယ်လောက် လှည့်စားတုန်း၊ အတ္တလို့ လှည့်စားတာကိုကပဲ အတ္တလို့ ယူဆပြီးတော့ တစ်သံသရာလုံးလာခဲ့တယ်၊ သိပ်လှည့်စားတယ်၊ အတ္တလို့ လှည့်စား ထားတော့ တဏှာနဲ့စွဲလမ်းလို့ ငါ့ကိုယ်,ငါ့ကိုယ်၊ ငါနဲ့စပ်တဲ့ပစ္စည်း တွေ,ငါနဲ့စပ်တဲ့ သားတွေ,သမီးတွေ, ငါ့ဝတ္ထု ဂုဏ်သိန်တွေ,ငါ့ဟာ, ငါ့သား တကယ့်ကို စိတ်လှည့်စားပြီး ထင်နေကြတာ၊ အဟုတ်လဲ မဟုတ်ဘူး၊ ငါ့ဟာဆိုတုန်းပဲ၊ ဟိုက ပျက်စီးနေတယ်၊ ငါ့ဟာလဲ အစစ်မဟုတ်ဘူးဆိုတော့ အားလုံးဟာ လှည့်ပတ်ပြီးနေတဲ့ မျက်လှည့် လိုပဲ,မျက်လှည့်လိုပဲ၊ မြင်ရသလို စိတ်ဟာလဲပဲ လှည့်ပတ်ပြီးသကာလ တို့ကို,သတ္တဝါတွေကို ထားတာပဲလို့ မြတ်စွာဘုရားက ဟောပြီးတော့–

47 (B)

## ဝိပဿနာ မဂ်ပညာဖြင့် ရုပ်ကိုရှုပုံ
## "ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ"

ယံ ကိဉ္စိ–အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံသော၊ အတီတာနာဂတ ပစ္စုပ္ပန္နံ–လွန်လေပြီး နောင်လာမည့် ယခုဖြစ်ဆဲ ဖြစ်တဲ့၊ ယံကိဉ္စိ ရူပံ–ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားသည်၊ အတ္ထိ–ရှိ၏။

ဟိုရှေးတုန်းကရုပ်တွေ, နောက်လာမယ့်ရုပ်တွေ, ယခုဖြစ်နေတဲ့ ရုပ်ခန္ဓာကြီး, ဒီဟာတွေအားလုံး စဉ်းစားကြည့်လိုက်စမ်း၊ ဒီရုပ်တွေဟာ ဘယ်လောက်များ တွယ်တာဖို့မကောင်းသလဲဆိုတာ **"အဇ္ဈတ္တံ ဝါ– မိမိသန္တာန်၌ ဖြစ်သည်လည်းဖြစ်သော၊ ဗဟိဒ္ဓါ ဝါ–သူများ သန္တာန်၌ ဖြစ်သည်လည်းဖြစ်သော၊ ယံ ရူပံ–အကြင်ရုပ်တရားသည်၊ အတ္ထိ– ရှိ၏"**။

ကိုယ့်သန္တာန်က ရုပ်ပဲဖြစ်ဖြစ်, ကိုယ့်သား ကိုယ်သမီး ကိုယ့်ဆွေ ကိုယ့်အမျိုး ကိုယ့်ရဲ့အခိုင်းအစေ တိရစ္ဆာန်စသည်အားဖြင့် အဲ– အပြင်ဘက်က ရုပ်ဖြစ်ဖြစ် ယုတ်စွအဆုံး ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်တိုက် ကိုယ့်တာ ကိုယ့်မော်တော်ကား အဲဒါတွေပါ ရုပ်တွေ အကုန်စဉ်ကြည့်လိုက်စမ်း၊ အပြင်ဘက်က ရုပ်တွေ, အပြင်ဘက်က ရုပ်တွေပဲဖြစ်ဖြစ်၊ အပြင်ဘက်က ရုပ်တွေပဲ ကြည့်, စွဲလမ်းစရာ ကောင်းသေးရဲ့လားလို့၊ **"ဩဠာရိကံ ဝါ–ကြမ်းတမ်းသည်မှုလည်း ဖြစ်သော၊ သုခုမံ ဝါ–သိမ်မွေ့သည်မှုလည်းဖြစ်သော၊ ယံ ကိဉ္စိ ရူပံ–ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားသည်၊ အတ္ထိ–ရှိ၏"**။

တချို့ရုပ်တွေကို **ဩဠာရိက**ရုပ်လို့ ခေါ်တယ်၊ မျက်စိနဲ့မြင်လို့, စိတ်နဲ့စဉ်းစားလို့ ထင်ရှားတဲ့ ရုပ်တရားတွေကို **ဩဠာရိက**ရုပ်တရားလို့ ခေါ်တယ်၊ ဒါကတော့ စာနဲ့မှ စဉ်းစားလို့ရတယ်၊ ထားလိုက်ပါတော့၊ ကြမ်းတဲ့ ရုပ်ပဲဖြစ်ဖြစ်,သိမ်မွေ့တဲ့ ရုပ်ပဲဖြစ်ဖြစ်။

ဟီနံ–ညံ့တဲ့ရုပ်ပဲဖြစ်ဖြစ်၊ ပဏီတံ–မြတ်တဲ့ရုပ်ပဲဖြစ်ဖြစ်၊ ဒူရေ–အဝေးကြီးမှာရှိတဲ့ ရုပ်ပဲဖြစ်ဖြစ်၊ သန္တိကေ–အနီးမှာရှိတဲ့ရုပ်ပဲဖြစ်ဖြစ်၊ (အဲဒီအားလုံးရုပ် တွေဟာ)"**တေံ–ဤမျိုးပြားလှတဲ့ ရုပ်အားလုံးသည်၊ မမ–ငါ့ဥစ္စာ သည်၊ န–မဟုတ်ချေ**" ငါ့ဥစ္စာတစ်ခုမှ မဟုတ်ဘူး၊

"**သော–ဤပြခဲ့တဲ့ရုပ်အားလုံးသည်၊ အဟံ–ငါသည်၊ န အသ္မိ–မဟုတ်ချေ၊ သော–ဤပြခဲ့တဲ့ ရုပ်အားလုံးသည်၊ မေ–ငါ၏၊ န အတ္တာ–အတ္တမဟုတ်ချေ၊ ဧတံ–ဤသို့၊ ဧဝံ–ဤရုပ်တရားကို၊ ယထာဘူတံ–မဖောက်မပြန်, ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ–မဖောက်မပြန်, ဟုတ်မှန်သော ဝိပဿနာ မဂ်ပညာဖြင့်၊ ဒဋ္ဌဗ္ဗံ–ရှုမှတ်ထိုက်လေသတည်း**"တဲ့၊ ဒီရုပ်ကို ငါ့ဟာ မဟုတ်ဘူးလို့ ဒီလို ဝိပဿနာဉာဏ်နဲ့, ဝိပဿနာဉာဏ်တက်သွားတော့ မဂ်ဉာဏ်နဲ့ ရှု၊ ငါ့ဟာ မဟုတ်, ငါ မဟုတ်, ငါ့ဥစ္စာ မဟုတ်, ငါ့ဟာ မဟုတ်, ငါ မဟုတ်, ငါ့ဥစ္စာ မဟုတ်၊ တဏှာ,မာန,ဒိဋ္ဌိတွေ ပြုတ်သွားရော, ဒီရုပ်တရားပေါ်မှာ၊ ဝေဒနာလဲ ဒီအတိုင်းပဲ။

## ဝေဒနာစသည်ကို ရှုပုံ

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ, အဇ္ဈတ္တာ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ သုခုမာ ဝါ, ဟီနာ ဝါ ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ**"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဝေဒနာလဲ ဒီအတိုင်းရှု, ဟိုရှေးတုန်းက ဖြစ်ခဲ့တဲ့ ဝေဒနာတွေ ဒီအတိုင်းရှု, ဒီအတိုင်း ဖြစ်–ပျက်, ဖြစ်–ပျက်, အနိစ္စ,ဒုက္ခ,အနတ္တ၊ နောင်လာမယ့်ဝေဒနာတွေ ဒီလိုပဲ ဖြစ်–ပျက်, အနိစ္စ,ဒုက္ခ,အနတ္တ၊ ယခုလက်ရှိ ပစ္စုပ္ပန်ဝေဒနာလဲ ဒီလိုပဲ ဖြစ်–ပျက်, အနိစ္စ,ဒုက္ခ,အနတ္တ၊ ဒီတော့ကာ ဒီဝေဒနာပေါ်မှာလဲ "**တေံ–ဤဝေဒနာသည်၊ န မမ–**

**ငါ့ဥစ္စာမဟုတ်၊** (တဏှာနဲ့ မစွဲနဲ့တော့, မစွဲထိုက်တော့ဘူး၊) **သော– ဤဝေဒနာသည်၊ အဟံ–ငါသည်၊ န အသ္မိ–မဟုတ်၊** (မာနနဲ့လဲနင် မစွဲနဲ့တဲ့၊ မစွဲထိုက်တော့ဘူး၊) **သော(သော)–ဤဝေဒနာသည်၊ မေ–ငါ၏၊ အတ္တာ–အတ္တတည်း၊ ဣတိ–ဤသို့၊ တံ–ဤဝေဒနာဆိုတဲ့ သဘောတရားကို၊ သမ္မ(သမ္မာ)–မဖောက်မပြန် ဟုတ်မှန်သော၊ ပညာယ–ဝိပဿနာပညာ, မဂ်ပညာဖြင့်၊ ဒဋ္ဌဗ္ဗံ–ရှုမှတ်သင့်လေတော့သတည်း"**။

**ရှုတော့ ငြိုးငွေ့တဲ့ဉာဏ်ရ။** ။ဒီအတိုင်း ရှုကြ, ဒီအတိုင်း ရှုကြ, ဝေဒနာအပေါ် ဒီအတိုင်း ရှုကြ, သညာအပေါ်မှာလဲ ဒီအတိုင်း ရှု, သင်္ခါရအပေါ်မှာလဲ ဒီအတိုင်း ရှုကြ, ဝိညာဉ်အပေါ်မှာလဲ ဒီအတိုင်းပဲ ရှုတော့၊ အဲသလို ခန္ဓာငါးဝကို ရှုတော့ **"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ"** ဘိက္ခဝေ–ရဟန်းတို့၊ ဧဝံ–ဤဆိုအပ်ပြီးတဲ့အတိုင်း တဏှာ, မာန,ဒိဋ္ဌိ မစွဲလမ်းတော့ဘဲ၊ ပဿံ–ရှုဆင်ခြင်တတ်သော၊ သုတဝါ–ကြားနာအပ်ပြီးသော ယခုလို တရားရှိပြီးသော၊ အရိယသာဝကော–အရိယာဖြစ်သော ငါဘုရား၏ တပည့်ရင်း သာဝကသည်၊ ရူပသ္မိံပိ–ရုပ်ခန္ဓာ၌လည်း၊ နိဗ္ဗိန္ဒတိ–ငြိုးငွေ့တဲ့ဉာဏ်ကို ရလေတော့၏။

**ငြိုးငွေ့တယ်ဆိုတာ စိတ်ပျက်တာမဟုတ်** ငြိုးငွေ့တယ်ဆိုလို့ စိတ်ရှုပ်ပြီး စိတ်ပျက်သွားတာ မဟုတ်ဘူး၊ စိတ်ကြည်ပြီး အမယ်လေး ဒီလို မရဖူးဘူး၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး ဆိုပြီးတော့ ငြိုးငွေ့စရာကြီး, ငြိုးငွေ့စရာကြီး၊ ဟို–စောစောစီးစီးက အတ္တလို့ ထင်လို့မို့ တွယ်တာတာ, တဏှာနဲ့ တွယ်တာတာ၊ ယခု အတ္တလို့ မထင်တော့, အတ္တလို့ မဟုတ်မှန်းသိတော့ မတွယ်တာတော့ဘူး၊ ငြိုးငွေ့လာတယ်၊ စိတ်ထဲ စောစောစီးစီးက တွယ်တာတာတွေ ပျောက်ပြီးတော့ **နိဗ္ဗိန္ဒဉာဏ်**ပေါက်လာတယ်၊ ဉာဏ်ပေါက်လာတယ်၊

ဉာဏ်ဟာ စိတ်ညစ်သွားတာမဟုတ်ဘူး၊ ဉာဏ်က ကြည်ပြီးတော့ သောမနဿနဲ့ ဉာဏ်ကကြည်ပြီးတော့ တယ်ငြိမ်းငွေ့စရာကောင်းတဲ့ ရုပ်ခန္ဓာကြီးပဲ၊ တယ်သတ္တဝါတွေ မှားကိုး၊ ငြိမ်းငွေ့စရာ တယ်ကောင်းတဲ့ ရုပ်ခန္ဓာကြီးပဲလို့ ဝိပဿနာဉာဏ် ပေါ်လာတယ်၊ ဝိပဿနာဉာဏ်က တဖြည်းဖြည်း ရင့်ရင့်,ရင့်ရင့်,ရင့်ရင့်ပြီး **နိဗ္ဗိန္ဒာဉာဏ်**က တက်ပြီး ရင့်လာလိုက်တာ မဂ်နားကပ်ပြီးနေတဲ့ **ဝုဋ္ဌာနဂါမိနီဝိပဿနာ** ရောက်ပြီးလာ။

**ငြိမ်းငွေ့တော့ အရဟတ္တ မဂ်ဖိုလ် အထိရောက်**

**"နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော–ငြိမ်းငွေ့သည်ရှိသော်၊ ရူပသ္မိံ–ရုပ်ခန္ဓာ အပေါ်၌၊ ဝိရဇ္ဇတိ–တပ်မက်ခြင်းကင်း၍ နေလေတော့၏"**

နဂိုတုန်းက အတ္တလို့ထင်လို့ တဏှာနဲ့ စွဲလမ်းတပ်မက်နေတာ၊ အခု အတ္တမဟုတ်မှန်းသိတော့ ငါမဟုတ်ဘူး, ငါ့ကိုယ်မဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်မှန်းသိတော့ ဘယ်မှာ တပ်မက်ခင်မင်တော့မှာလဲ၊ မတပ်မက် မခင်မင်ဘဲနဲ့ တပ်မက်ခင်မင်တဲ့တဏှာ ကင်းကွာပြီး သကာလ **အရိယမဂ်** ပေါ်လာတယ်၊ ဟို ပဉ္စဝဂ္ဂီအရှင်မြတ်တွေကျတော့ **သောတာပန်**က တက်ပြီးတော့ **သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်**ထိအောင် ပေါ်လာကြတယ်၊ **"နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော–ငြိမ်းငွေ့သည်ရှိသော်၊ (ငြိမ်းငွေ့ခြင်းကြောင့်၊) ဝိရဇ္ဇတိ–ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်၌ တပ်မက်ခြင်း ကင်းလေတော့သတည်း၊ ဝိရာဂါ–တပ်မက်ခြင်းကင်းကွာ၍ နေလေသောကြောင့်၊ ဝိမုစ္စတိ–ခန္ဓာငါးပါးတို့၌ ကပ်မက်တဲ့ တဏှာ,မာန,ဒိဋ္ဌိတို့မှ လွတ်မြောက်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်လေတော့သတည်း"**။

**ပစ္စဝေက္ခဏာဉာဏ်ပေါ်လာပုံ**။ ။ကင်းသွားတော့ ရဟန္တာတွေ ဖြစ်သွားကြ၊ ရဟန္တာတွေဖြစ်တော့ သူတို့ဟာသူတို့ ပြန်သိတယ်ကိုး၊ **"စိတ္တေ–စိတ်သည်၊ ဝိမုတ္တသ္မိံ–**

**တဏှာ,မာန,ဒိဋ္ဌိ ကိလေသာတို့မှ လွတ်ကင်းသည်ရှိသော်၊ မေ– ငါ၏၊ စိတ္တံ–စိတ်သည်၊ ဝိမုတ္တံ–ကိလေသာတို့မှ လွတ်ကင်း၍ နေခဲ့လေပြီ၊ ဣတိ–ဤသို့၊ ဉာဏံ–သိတတ်တဲ့ ပစ္စဝေက္ခဏာဉာဏ် သည်၊ ဟောတိ–ဖြစ်၏"** တို့–ကိလေသာတွေ ကင်းသွားပြီ သိတယ်၊ မြတ်စွာဘုရားအနား မှာ တရားဟောပြီးတယ်ဆိုရင်ပဲ ကိလေသာတွေ ကင်းသွားပြီ၊ အို–ဒီလိုဆိုလို့ရှိရင် **"ဇာတိ–နောက်ထပ် ပဋိသန္ဓေနေဖို့ ရန် အရေးသည်၊ ခီဏာ–ကုန်ခန်းခဲ့လေပြီ"** တို့–နောက်ထပ်ပဋိသန္ဓေ မနေရတော့ဘူး၊ ပဋိသန္ဓေနေရဆိုတာ တဏှာနဲ့အဝိဇ္ဇာ အဖော်ပါလို့ ကံတွေက အကျိုးပေးနေတာ၊ ယခုတော့ တဏှာက ကုန်ခန်း, အဝိဇ္ဇာက ကုန်ခန်းသွားတော့ ကံကလဲ သူ့မှာ အဖော်မရှိဘူး၊ ပူးစရာ ကပ်စရာ တဏှာအဖော်မရှိလို့မို့ ကံကလဲ သူ့ချည်း အကျိုး မပေးနိုင်တော့ဘူး၊ **"အို–နောက်ထပ် ဘဝသံသရာ မရှိတော့ပါပဲလား"** လို့ အင်မတန် ဝမ်းမြောက်ဝမ်းသာ **ပစ္စဝေက္ခဏာဉာဏ်** ဖြစ်တယ်။

**"ဗြဟ္မစရိယံ–မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်နဲ့ဆိုင်တဲ့ အကျင့်မျိုးကို၊ ဗြဟ္မစရိယံ–မဂ်တရားရအောင် ကျင့်ရတဲ့ အကျင့်မျိုးကို၊ ဝုသိတံ–ကျင့်သုံး၍ ပြီးပါပကော၊** (တို့–ပြီးပြီ, အားလုံးကိစ္စ ပြီးသွားပြီ၊) **ကရဏီယံ–ပြုသင့်ပြုဖွယ် အသွယ်သွယ်သောကိစ္စကို၊ ကတံ–ငါတို့ ပြုအပ်ပြီးပြီ၊** (တို့–နောက်ထပ်ပြုစရာ ဘာမျှ မရှိတော့ ဘူး၊) **ဣတ္ထတ္တာတ–ဤကဲ့သို့သော ကိစ္စအကျိုးငှာ၊ အပရံ–နောက်ထပ် မဂ်ကို တိုးပွားစေဖွယ်သည်၊ န–မရှိတော့ပြီ၊ ဣတိ–ဤသို့၊ ပဇာနာတိ– ဉာဏ်ဖြင့်ထင်ထင် သိမြင်တော့သတည်း"။**

**တိုက်တွန်းတော်မူချက်။** ။အဲဒီလို သိမြင်လိုက်တော့ အကုန်လုံး ရဟန္တာတွေဖြစ်ပြီး မြတ်စွာဘုရားရှေ့မှာပဲ ဝမ်းမြောက်ဝမ်းသာနဲ့ သူတော်ကောင်းကြီးတွေ, မြတ်စွာဘုရားရဲ့

သာသနာပြုဖက်, မြတ်စွာဘုရားရဲ့ သာဝကအရင်းကြီးတွေဖြစ်လို့, အားကိုးအားထားတွေ ဖြစ်ကြလို့ အဲဒီ ပဉ္စဝဂ္ဂီငါးဦးက ဆက်ပြီး သကာလ တစ်ချိန်ကျတော့ **အရှင်အဿဇိ**ကို တွေ့လို့မို့ **အရှင်သာရိပုတ္တရာ**အလောင်းဖြစ်တဲ့ ရသေ့က **အရှင်အဿဇိ**ကို ကြည်ညို လွန်းလို့ ဆိုပြီးတော့ **အရှင်အဿဇိ** နောက်ကလိုက်ပြီး တရားများ ရာပြီး သကာလ မေးမြန်းတဲ့အခါမှာ **အရှင်အဿဇိ** တရားနဲ့ပဲ **အရှင်သာရိပုတ္တရာ** သောတာပန် ဖြစ်ရတယ်။

ဒါကြောင့် မြတ်စွာဘုရားရဲ့ ဘုရားဖြစ်ရကျိုး နပ်လိုက်တာ၊ မြတ်စွာဘုရားရဲ့ ပဉ္စဝဂ္ဂီငါးဦးကို တရားဟောရကျိုး နပ်လိုက်တာ၊ **အရှင်သာရိပုတ္တရာ** အဂ္ဂသာဝကတွေ **အရှင်သာရိပုတ္တရာ**ကဲ့သို့သော ပုဂ္ဂိုလ်တွေ ပဉ္စဝဂ္ဂီငါးဦးက တိုးပွားပြီးသကာလ သာသနာပြု ပုဂ္ဂိုလ်ကြီးတွေ ဖြစ်လာခဲ့ကြတယ်။

ဒါကြောင့်မို့ ယခု ပုဂ္ဂိုလ်များလဲပဲ **အနတ္တလက္ခဏသုတ်**ကို နာယူပြီးသကာလ **"ငါတို့သည် ယခုဘဝတွင်ပင် သာသနာပြု ပုဂ္ဂိုလ်ကြီးတွေ, ရဟန္တာကြီးတွေ မဖြစ်နိုင်စေကာမူ ရဟန္တာဖြစ်ဖို့ ရန် အကြောင်း ကောင်းမှု ပါရမီတွေတော့ အများကြီးရအောင် ကြိုးစားတော့မယ်"**လို့ အဲဒီလို ကိုယ်စီကိုယ်င ကြိုးစားနိုင်ကြစေ ကုန်သတည်း။

**သာဓု ...သာဓု ...သာဓု။**

**ဒုတိယနေ့ ပြီး၏။**

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏာသုတ် တရားတော်

## တတိယနေ့

သာသနာတော် ၂၄၉၄–ခုနှစ်၊ ကောဇာ ၁၃၁၂–ခုနှစ်။

++++++++++++++++

## အနတ္တလက္ခဏာသုတ်နှင့်စပ်၍ ရှင်းလင်းချက်

**သုခံ တေ ပဋိဝိဇ္ဈန္တိ, ဝါလဂ္ဂံ ဥသုနာ ယထာ၊**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ, ပရတော နော စ အတ္တတော။**

**"ယေ ဇနာ–သူတော်များထံ, တရားမှန်ကို, ကြားဖန်များသလောက်, တအားဆောက်၍, ပွားမြောက်ကြိုးစား, အကြင် အမျိုးသား, အမျိုးသမီးတို့သည်" "ယေ ဇနာ–သူတော်များထံ, တရားမှန်ကို"**

နဂိုကတဲက သူတော်ကောင်းထံ တရားမှန်မှန်ကလေးနာရမယ်၊ တရားတွေက မှားပြီးတော့ နေပြန်ရင်လဲ ကြိုးစားသလောက် ခရီး မရောက်တဲ့ပြင် ကြိုးစားတိုင်း ခရီးတွေလွဲလို့, လမ်းမှားတွေဖြစ်လို့, အဲဒီလို နေမယ်၊ ယခုတော့ မြတ်စွာဘုရားက အနတ္တလက္ခဏာသုတ် ဟောတော်မူတယ်၊ မှန်လိုက်တာ၊ ပဉ္စဝဂ္ဂီအရှင်မြတ်တွေက မြတ်စွာ ဘုရား အနားမှာ နေပြီးတော့ ကြိုးစားလိုက်ကြတာ၊ တစ်ရက်, နှစ်ရက်, သုံးရက်, လေးရက်၊ ဒီလို ကြိုးစားလို့ကို သောတာပန်တွေ ဖြစ်ပြီးတော့မှ အနတ္တလက္ခဏာသုတ် ဟောတော်မူတော့ အနတ္တ လက္ခဏာသုတ်လဲ ဆုံးရော အာသဝေါတရား ကုန်ခန်းတဲ့ ရဟန္တာ ကြီးတွေ ဖြစ်လို့၊ အင်မတန် ကျေနပ်စရာကောင်းတယ်။

အဲဒီတော့ ဘုန်းကြီးတို့ မနေ့တုန်းက မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်အတိုင်း ပြောပြီးတော့ သိသင့်သိဖွယ်ကလေးတွေ ထည့်ပြီး ပြောပြီးတော့ ပြီးသွားခဲ့ပြီနော်၊ ပြီးသွားခဲ့တော့ ယောဂီစိတ် ဘယ့်နှယ် ဖြစ်နေရမလဲဆိုတော့၊ ယောဂီ---အတ္တမရှိဘူး, ငါ မရှိဘူး၊ ဒီလိုတော့ စိတ်က ဖြစ်သွားပြီ၊ ဖြစ်သွားတော့ တော်တော်ကလေး စဉ်းစားဉာဏ်ရှိတဲ့ လူပညာရှိ, လူ့လောကီပညာရှိတွေက စဉ်းစားပါတယ်၊ တရားတော်ကို စဉ်းစားပါတယ်။

**ခန္ဓာငါးပါးမှအလွတ် "ရူပံ–ရုပ်တရားသည်၊ အနတ္တာ–အတ္တ အတ္တကျန်နေသေးဟုယူခြင်း မဟုတ်"** (ထားပါတော့၊) **ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်သည်၊ အနတ္တာ–အတ္တမဟုတ်"** အဲဒီလိုတော့ သူတို့က လက်ခံတယ်၊ ဒီလို လက်ခံပြီးတော့ တရားတော်ထဲမှာ **"ဧတံ–ဤရုပ်တရားသည်၊ န မမ–ငါ့ဥစ္စာမဟုတ်"** ဒီအချက်ကလေး သူတို့ ကောက်ချက်ချကြတယ်၊ ငါ့ဥစ္စာ မဟုတ်, ဟုတ်တယ်၊ ရုပ်တရားက ငါ့ဥစ္စာမဟုတ်၊ ရုပ်တရားက ဥစ္စာမဟုတ်, ငါ့ဥစ္စာမဟုတ်၊ ဒီလိုကောက်ချက်ချတော့ ဘယ့်နှယ်ဖြစ်နေတုန်း၊ ရုပ်ကတော့ ငါ့ဥစ္စာမဟုတ်ဘူး၊ ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်တို့ကတော့ ငါ့ဥစ္စာမဟုတ်ဘူးဆိုတော့ ငါကျန်နေတယ်,ငါကျန်နေတယ်၊ ရုပ်ဟာ ငါမဟုတ်ဘူး၊ အတ္တမဟုတ်ဘူး၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တွေဟာ ငါမဟုတ်ဘူး,ငါ့ဥစ္စာမဟုတ်ဘူး၊ ဒါကို သူတို့က ပြီးတော့မှ ငါမဟုတ်တာက ခန္ဓာငါးပါးက ငါမဟုတ်တာ၊ အဲဒီခန္ဓာငါးပါးက ငါ့ဥစ္စာမဟုတ်တာ၊ အဲဒီခန္ဓာ ငါးပါးကအလွတ် တရားတော်ထဲမှာကို ကျန်နေတယ်၊ ငါ,ငါ,ငါ့ဥစ္စာ, ငါ,ငါ့ဥစ္စာ၊ ခန္ဓာငါးပါးက ငါ့ဥစ္စာ မဟုတ်ဘူးဆိုတော့ မဟုတ်ဘူး ထားလိုက်တော့၊ ငါကျန်နေတယ်၊ အဲဒီအတ္တ ကျန်နေတယ်၊ ဒါ စဉ်းစားတဲ့ လူတွေက ဟုတ်တယ်, မြတ်စွာဘုရားက ခန္ဓာငါးပါး

အနိစ္စလို့ ဟောတယ်၊ ဒုက္ခလို့, အနတ္တလို့ ဟောတယ်၊ ဟုတ်တယ်, ဒါသူတို့ လက်ခံတယ်၊ ငါတော့ ရှိသေးတယ်၊ အတ္တတော့ ရှိသေးတယ်၊ အဲဒီလို စွဲလမ်းနေလို့မို့ ဒီပုဂ္ဂိုလ်တွေကို ထပ်ရှင်းဖို့ရန် အရေးကြီးတယ်လို့ ဘုန်းကြီးက ပြောနေတယ်။

**နိဗ္ဗာန်မှာပင် အတ္တကရှိနေသေးသလို။** ။ပြီးတော့စိတ်ထဲယောင်မှား စရာက လူတွေက နိဗ္ဗာန် မြန်မြန်ရရပါလို၏၊ ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မြန်မြန် ရရပါလို၏၊ အဲ–ရုပ်နာမ်ခပ်သိမ်း အေးငြိမ်း, ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်း, ရုပ်ရော,နာမ်ရော မရှိတဲ့ နိဗ္ဗာန်ကို မြန်မြန် ရရပါလိုရဲ့ ဆိုတော့ ရမယ့်အရာဝတ္ထုတစ်ခု ရှိနေပြန်ရော၊ ငါ့ရုပ်နာမ်တော့ မရှိဘူး၊ ငါတော့ နိဗ္ဗာန်ရမယ်၊ ဟောဒီအတ္တ ကျန်နေတယ်, အတ္တကျန်နေတယ်၊ လူတွေကလဲ ဒီလို ဆုတောင်းပြီးတော့ ငါနိဗ္ဗာန်ရရပါလိုရဲ့၊ ကျွန်ုပ် နိဗ္ဗာန်ရရပါလိုရဲ့၊ ဘုရားတပည့်တော် နိဗ္ဗာန်မြန်မြန် ရရပါလိုရဲ့၊ အဲဒီ ရုပ်တွေ နာမ်တွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန် မြန်မြန်ရရပါလိုရဲ့လို့ ဆိုတော့ ရုပ်နာမ်တော့ သူတို့က ဖယ်ပစ်ပြီးတော့ အလွတ်အတ္တ တစ်ခု ချန်ထားတယ်၊ နိဗ္ဗာန်, အဲဒီအတ္တကလေးက ခံစားတယ်၊ ရဟန္တာဖြစ်တော့ ပရိနိဗ္ဗာန် စံကြရော၊ ပရိနိဗ္ဗာန် ဘယ်လိုစံကြ, ရုပ်တွေနာမ်တွေ ချုပ်လို့, ဒုက္ခခပ်သိမ်းတွေ အေးငြိမ်းလို့, ပရိနိဗ္ဗာန် စံကြရောဆိုတော့ နိဗ္ဗာန်တောင် အတ္တကလေးက ရောက်ပြီးတော့ နေပြန်ရော၊ သူတို့အထင်က, သူတို့အထင်က၊ အဲဒါ ရှင်းဖို့လိုတယ်၊ အဲဒါကို လူသာမန်တွေက ရှင်းလို့ မဖြစ်နိုင်ဘူး၊ နားမလည်နိုင်ဘူး၊ သဘောမပေါက်နိုင်ဘူး၊ ဒီလိုပဲ သူတို့ထင်နေတာပဲ၊ ဒါကြောင့် ဘုန်းကြီးက အနတ္တလက္ခဏသုတ် ဟောပြီးရင် အနတ္တလက္ခဏသုတ်နဲ့စပ်ပြီးတော့ ရှင်းစရာတွေရှိပါသေးတယ်။

**လောကီပညာရှိတွေ စဉ်းစားဝေဖန်ပုံ။** ။ဟို–နိုင်ငံခြားက ဗုဒ္ဓတရားတော်တွေ ကြည့်ပြီးတော့ အမျိုးမျိုးစဉ်းစားဝေဖန်တဲ့ ပညာရှိတွေကတော့ **"အတ္တာ ဟိ အတ္တနော နာထော, ကော ဟိ နာထော ပရော သိယာ"** မြတ်စွာဘုရားဟောထားတာ၊ **"အတ္တာ ဟိ အတ္တာဝေ–မိမိကိုယ်သည်ပင်၊ အတ္တနော နာထော–မိမိရဲ့ ကိုးကွယ်ရာ အစစ်ပေတည်း"** ဒီအချက်ကလေး ကောက်ချက်ချတော့ ခုနက ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန် မြန်မြန်ရရပါလိုရဲ့ဆိုတဲ့ အဓိပ္ပာယ်မျိုး ကောက်ချက်ချတယ်။

**"အတ္တာနံ စေ ပိယံ ဇညာ" "အတ္တာနံ–ငါ့ကို၊ ပိယံ–အချစ်ဆုံးဟူ၍၊ စေ ဇညာ–အကယ်၍ သိငြားအံ့"** မြတ်စွာဘုရားကလဲ ဟိုနား ဒီနား အတ္တတို့ ဘာတို့ သုံးထားသေး၊ **"အဟံ–ငါဘုရားသည်၊ ဝဒါမိ–ဟောတော်မူ၏"**နဲ့, **"ငါ ဘုရား ဟောတော်မူ၏"** ဒီလို သုံးထားသေးတယ်၊ **"တွံ–သင်သည်၊ ကိံ မညသိ–အဘယ်သို့ မှတ်ထင်သနည်း"** သင်,နင်,သူ, ဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကလဲ သုံးတော်မူထားသေးတယ်၊ ဒီတော့ အနတ္တလက္ခဏာသုတ်တရားကို နာရလို့ ပဉ္စဝဂ္ဂီ ငါးပါးကတော့ မြတ်စွာဘုရား အနားမှာ တရားအားထုတ်ပြီးတော့ ရုပ်မှတစ်ပါး, နာမ်မှတစ်ပါး, ရုပ်နာမ်မှတစ်ပါး ဘာမှ မရှိဘူးဆိုတာ သဘောကျပြီးသားမို့လို့ **"ရူပံ ဘိက္ခဝေ အနတ္တာ"**စသည်ဖြင့် ရွတ်တော်မူလိုက်လို့ရှိရင်ပဲ သူတို့ကတော့ ကျေနပ်လို့၊ ဒီ့ပြင်လဲ ဘာမှမရှိဘူးလို့ ကျေနပ်သွားတယ်၊ မြတ်စွာဘုရား အနားမှာ ကပ်ပြီးတော့ ဒီတရား မနာရဘဲနဲ့ အလွတ်စဉ်းစားတဲ့သူတွေ ကျတော့ စိတ်တွေ ယောင်ဝါးစရာတွေ၊ လောကလူတွေ ပြောပုံ ဆိုပုံကလဲ တစ်မျိုး၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတော်ထဲမှာလဲ တစ်မျိုး၊ နောက်ဆုံး နိဗ္ဗာန်ဆုတောင်းကစပြီး အတ္တကျန်နေသေးသလို၊ နိဗ္ဗာန်မှာ အတ္တက စံနေသလို ဒီလိုယူဆကြ၊ ဒီလို ယူဆရုံသာမကဘူး၊

လောကီပညာရှိတွေက အတ္တစွဲလမ်း ပြင်းထန်စွာနဲ့ တရားအား ထုတ်ကြ၊ ဈာန်ရကြရော, ပထမဈာန်,ဒုတိယဈာန် အထက်ဈာန်တွေ ရတော့ ဟို–ထိပ်ဆုံး ဖြစ်နေတဲ့ **နေဝသညာ နာသညာယတန**ဈာန် ကျတော့ ဒါနိဗ္ဗာန်ပဲ, အေးသွားပြီ၊ ကမ္ဘာပေါင်းများစွာ နိဗ္ဗာန် စံနေတယ်၊ နိဗ္ဗာန်စံပြီးတော့ အဲဒီ ကမ္ဘာရဲ့ သက်တမ်းစေ့တဲ့အခါ အဲဒီ ဗြဟ္မာဘုံရဲ့ သက်တမ်း စေ့တဲ့အခါကျတော့ အဲဒီ နိဗ္ဗာန်စံတဲ့ အတ္တဟာ ဒီလောကကြီးထဲ ပြန်လည်လာပြန်တယ်တဲ့၊ ဘယ်လောက် ဒီအတ္တစွဲလမ်းချက်ဟာ ကြီး ကျယ်နေသလဲ၊ ဒါကြောင့် ဘုန်းကြီးက ပဉ္စဝဂ္ဂီအရှင်မြတ်တို့ ရဟန္တာဖြစ်တာကတော့ မှန်တယ်၊ **"သက္ကာယ ဒိဋ္ဌိ"** သောတာပန်ကတည်းကိုက ပြုတ်သွားပြီးသား ဖြစ်တယ်၊ တို့သူငါကတော့ ဒီလို ဟောရုံနဲ့ မပြုတ်ပေဘူး၊ သဘောမပေါက် ပေဘူး၊ အတ္တ ကျန်နေတယ်။

**သစ္စာနှစ်ပါးနဲ့ စဉ်းစား။** ။ဒီတော့ ဒီနားမှာ လူတွေရဲ့အပြောကို ဘယ်လိုစဉ်းစားမလဲ၊ မြတ်စွာဘုရား အဟောက ဘယ်လိုရှိတုန်းဆိုတော့ **"ဒုဝေ သစ္စာနိ အက္ခာသိ, သမ္ဗုဒ္ဓေါ ဝဒတံ ဝရော"** ဝဒတံ–ဟောဖော်ညွှန်ပြ, ဆုံးမနိုင်တဲ့ ပညာရှိပုဂ္ဂိုလ်မြတ်တို့တွင်၊ ဝရော–အမြတ်ဆုံး ဖြစ်တော်မူသော၊ သမ္ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ ဒုဝေ–နှစ်မျိုးနှစ်စားကုန်သော၊ သစ္စာနိ– သမ္မုတိသစ္စာ, ပရမတ္ထသစ္စာတို့ကို၊ အက္ခာသိ–ဟောပြတော်မူခဲ့လေပြီ။

ဒီလောကီနယ်က အများပြောနေတာ မလွဲဘူး၊ မှုသားမဖြစ်ဘူး၊ မှန်တယ်ဆိုတာက ဒါက**သမ္မုတိသစ္စာ**၊ အများ သမုတ်ထားတဲ့သစ္စာ၊ မှန်တယ်, ဒါ**"လူပါ"**လို့ ပြောတာဟာ လောကက–အားလုံးက လက်ခံတယ်၊ ဒါလူပဲ၊ ဟုတ်တယ် ဒါလူပဲ၊ လူကို လူလို့ပဲ ပြောရ လိမ့်မယ်၊ လောကလူတွေက ကျွန်ုပ်,ခင်ဗျား,သူ,ငါ,ယောက်ျား, မိန်းမ ဒီလို ပြောထားကြတယ်၊ ဒါ ဟုတ်တယ်၊ လောကလူတွေ

ပြောထားတဲ့အတိုင်း မှန်တယ်၊ သဘာဝအစစ်မှန်တာ မဟုတ်သေးဘူး၊ လောကပြောတဲ့အတိုင်း မှန်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကလဲလေ တရားဟောပြီဆိုလို့ရှိရင် လောကလူတွေ နားလည်အောင်ဟောတာ၊ လောကလူတွေ စိတ်ဝင်စားအောင်ဟောတာ၊ လူတွေ စိတ်ဝင်စား အောင် ဟောတော့ လူတွေနားလည်တဲ့ စကားလုံးနဲ့ သုံးပြီးတော့ **"အတ္တာ ဟိ=အတ္တာ ဝေ–မိမိကိုယ်သည်ပင်၊ အတ္တနော–မိမိ၏၊ နာထော–ကိုးကွယ်ရာတည်း၊ ပရော–မိမိမှတစ်ပါး အခြားသူသည်၊ နာထော–ကိုးကွယ်ရာသည်၊ ကော ဟိ သိယာ–ဘယ်မှာဖြစ်ပါတော့ မည်နည်း"** ဆိုတော့ ဟုတ်တယ်၊ ကိုယ့်ကိုယ်ကို ကိုးကွယ်ကြ၊ ကိုယ့်ကိုယ်ကို အရေးကြီးတယ်။

**"အတ္တာနံ–မိမိကိုယ်ကို၊ ပိယံ–အချစ်ဆုံးဟူ၍၊ စေ ဇညာ– အကယ်၍ နားလည်ငြားအံ့၊ ဇံသတိ–ကိုယ့်ကိုယ်ကို အချစ်ဆုံးဟူ၍ နားလည်သည်ရှိသော်၊ နံ အတ္တာနံ–ထိုကိုယ့်ကိုယ်ကို၊ သုရက္ခိတံ– ကောင်းစွာစောင့်ရှောက်အပ်သည် မည်လောက်အောင်၊ ရက္ခေယျ– စောင့်ရှောက်ရာ၏"** ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ နားလည်ရင် ကိုယ့်ကိုယ်ကို မကောင်းတဲ့ အကုသိုလ်တွေ မပြုမိအောင် စောင့်ရှောက် ရမယ်၊ နားလည်လို့၊ တရားနာတဲ့သူတွေက သဘောပေါက်လို့။

**ပရမတ္ထမဟုတ်,သမ္မုတိသာ**။ ။ဒီနား သမ္မုတိသစ္စာနဲ့ ဟောနေတာ၊ လောကသမ္မုတိ–လောကသမုတ်

ထားတဲ့အတိုင်း မှန်တဲ့စကားလုံးနဲ့ ပြောနေတာ၊ ပရမတ္ထသဘောနဲ့ ဒီလို မဟုတ်ပါဘူး၊ ပရမတ္ထသဘောနဲ့ အတ္တရှိလို့ ဟောနေတာ မဟုတ်ပါဘူး၊ လောကီလူတွေ နားလည်အောင်လို့ ဒီလိုဟောနေတာ၊ ဒါကြောင့် မြတ်စွာဘုရားဟောတဲ့ တရားတော်ထဲမှာ နတ်တွေ, ဗြဟ္မာတွေရှိတယ်လို့ ဆိုပါတယ်၊ ပရမတ္ထအလို ဘယ်နတ်ရှိလိမ့်မလဲ၊ ပရမတ္ထအလို ဘယ်မှာ ဗြဟ္မာ ရှိလိမ့်မလဲ၊ ရုပ် နာမ်ပဲ ရှိတယ်၊

ယောက်ျားတွေ,မိန်းမတွေ ဟောနေတယ်၊ ဘိက္ခုတွေ ဘိက္ခုနီတွေလို့ ဟောနေတယ်၊ ဘယ်မှာ အစစ်တော့ရှိလိမ့်မလဲ၊ လောကအပြော အတိုင်း မှန်လို့မို့ ဒါလောကသမ္မုတိသစ္စာနဲ့ မြတ်စွာဘုရား ဟောပြီး တော့ နေ့စဉ်နေ့စဉ်နဲ့အမျှ စကားပြောတော့လဲ လောကလူသားတွေ နားလည်အောင် ပြောနေတယ်၊ ဖဿ ရှိနေတယ်၊ ဝေဒနာ ရှိနေ တယ်၊ ဖဿက ဘယ်ဆွမ်းခံသွားတယ်ဆိုလို့ ပြောလို့မရဘူး၊ ဘယ်ရဟန်းက ဘယ်မှာ ဆွမ်းခံသွားတယ်၊ ဘယ်ကျောင်းဒကာက ဘယ်ကျောင်းဆောက်တယ်၊ ဒီလိုမှ ပြောလို့နားလည်တယ်၊ ဘယ် ရုပ်နာမ်ခန္ဓာက ဘယ်မှာဖြစ်တဲ့ ရုပ်တရားကြီး အစုအဝေးကို ပြုလုပ်တယ်ဆိုလို့ ဘယ်သူမှ နားမလည်ဘူး။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က လူများနားလည်အောင် အားလုံးပုဂ္ဂိုလ်တွေ နားလည်အောင် သမ္မုတိသစ္စာ အများအသုံးအား ဖြင့် အသိအမှတ် မှန်တယ်လို့ အသိအမှတ်ပြုထားတဲ့ အဲဒီ စကားလုံး မျိုးကို သုံးပြီးသကာလ **"အတ္တာ ဟိ အတ္တနော နာထော, ကောဟိ နာထော ပရော သိယာ"** ဒီလို စသည်အားဖြင့် ဟောတယ်။

**နိဗ္ဗာန်လိုချင်ရာမှာပင် အတ္တစွဲနဲ့။** ။နို့,လူတွေက ဘယ့်နှယ်ပါလိမ့် တုန်း၊ လူတွေက တပည့်တော် နိဗ္ဗာန် မြန်မြန်ရရပါလိုရဲ့ဆိုတော့ ဘယ့်နှယ်ဟာတုန်း၊ တပည့်တော် ရုပ်နာမ်ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မြန်မြန်ကြီး ရောက်ရပါလိုရဲ့လို့ဆိုတော့ လူတွေက ဘယ့်နှယ်အဓိပ္ပာယ်နဲ့ ပြောနေ ပါလိမ့်တုန်းလို့ တချို့တော့ နားကိုမလည်လို့၊ အဟုတ်ကို အဲဒီနိဗ္ဗာန် ရောက်သွားလိမ့်မယ်ထင်လို့၊ နိဗ္ဗာန်ကို ဘုံတွေ ဗိမာန်တွေနဲ့ နိဗ္ဗာန်ကို သူကရောက်ပြီလို့ဆိုတော့ သူကိုယ်တိုင် နိဗ္ဗာန်မှာ ရုပ်လဲမပါ,နာမ်လဲ မပါ အတ္တလေးချည်း သက်သက် ခံစားပြီးတော့ ချမ်းချမ်းသာသာ

နေတယ်လို့၊ တို့နှစ်ယောက်လေ အဘယ်နိဗ္ဗာန် မြန်မြန်ရရပါလိုရဲ့ ဆိုတော့ ဟိုနားကလဲပဲ အတ္တတစ်ခုက၊ အိမ်ရှင်ဇနီးကလဲပဲ အတ္တ တစ်ခုနဲ့ နိဗ္ဗာန်စံလို့၊ အိမ်သားယောကျ်ားကလဲ အတ္တတစ်ခုနဲ့ နိဗ္ဗာန်စံလို့၊ သူတို့က နိဗ္ဗာန်ကျတော့ အတူတူစံရလိမ့်ဦးမယ်လို့ ဒီလိုတွေးပြီးတော့ သူတို့ကလေ နိဗ္ဗာန် မြန်မြန်ရရပါလိုရဲ့ စသည် အားဖြင့် လူတစ်ကိုယ်လုံး, သတ္တဝါတစ်ယောက်လုံးဟာ ဟိုမှာ ရုပ်နာမ်ချုပ်ပြီးတော့ အတ္တအဖြစ်နဲ့ ရောက်လိမ့်မယ်လို့ ဒီလိုထင်ပြီး သကာလ သူတို့ပြောကြဆိုကြတဲ့ လူတစ်မျိုးလဲ ရှိမယ်နော်။

**ငါတစ်မျိုးရှိလိမ့်ဦးမယ် မထင်နဲ့။** ။တချို့လဲပဲ မရှိတာ မှန်ပါတယ်၊ နိဗ္ဗာန်ကျတော့ ဘာမှမရှိတာ မှန်ပါတယ်၊ နိဗ္ဗာန်ကျတော့လို့ ဆိုရတဲ့ စကားလုံးကိုက ပိုနေပါ သေးတယ်၊ နိဗ္ဗာန်ဆိုတဲ့ သဘာဝဓမ္မမှာ အတ္တမရှိတာ အမှန်ပါပဲလို့ သိပေမယ့် ပြောရိုးဆိုစဉ်ဆိုပါတော့ ဘုန်းကြီးတို့တစ်တွေ သိရဲ့သားနဲ့ သင်တို့ဟာ နိဗ္ဗာန် မြန်မြန်ရောက်အောင် ကြိုးစားကြမှပေါ့နဲ့ စသည်အားဖြင့် စကားပြောတယ်၊ ဒါလောကသမ္မုတိအတိုင်း လောက နားလည်တဲ့အတိုင်း စကားလုံး သုံးလိုက်ကြတာပါပဲ၊ စင်စစ်အား ဖြင့်တော့ နိဗ္ဗာန်မှာလဲ အတ္တမရှိပါဘူး၊ ဒါကြောင့် အနတ္တလက္ခဏ သုတ် တရားတော်မှာ **"တေံ–ဤရုပ်တရားသည်၊ န မမ–ငါ့ဥစ္စာ မဟုတ်လို့"**ဆိုလို့ ငါတစ်မျိုး ရှိလိမ့်ဦးမယ်လို့ မထင်ပါနဲ့။

**"သော–ဤရုပ်တရားသည်၊ မေ–ငါ၏၊ န အတ္တာ–အတ္တမဟုတ်"** လို့ဆိုလို့ ငါတစ်မျိုး ရှိလိမ့်ဦးမယ် မထင်ပါနဲ့၊ အများအသုံးအတိုင်း ဒီလိုသုံးမှ နားလည်မှာမို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဒီလို သုံးတော်မူတယ်၊ ဘုန်းကြီးတို့ကလဲ ဒီလိုလိုက်ပြီးသကာလ အဓိပ္ပာယ် ပြောရတယ်၊ စင်စစ် ရုပ်နာမ်ကို ဖယ်ထားပြီးသကာလ အတ္တ မရှိတော့ပါဘူး။

**စဉ်းစားစရာ ဖြစ်လာပြန်**။ ။ကောင်းပါပြီ၊ ဒါဖြင့် အတ္တရဲ့သတ္တိကို ပြတဲ့ အခန်းတုန်းက **"အယံ အတ္တာ– ဤ အတ္တဆိုတဲ့ အရာဝတ္ထုသည်၊ ကာရကော–ပြုရေး ပြုရာ, ပေါ်ပေါက်လာလျှင်, လျော်စွာတစ်ခုခုဖြင့်, ပြုစုလည်း ပြုစုတတ် လေ၏၊ ဝေဒကော–ကောင်းကောင်းဆိုးဆိုး, အမျိုးမျိုးကို, အကျိုး လျော်ကန်, ပေါ်လာပြန်လျှင်, ခံစံလည်း ခံစံတတ်လေ၏"**လို့၊ ဒီလိုဆိုတော့ ရုပ်ချည်း နာမ်ချည်းဆိုရင် ဘာပြုလို့ ဖြစ်မလဲ။

ဆိုပါတော့ လမ်းသွားတယ်၊ ဒီရုပ်ကြီးဟာ အတ္တက မလှုံ့ဆော်ဘဲနဲ့ အတ္တက သွားဖို့ရန် စီမံမပေးဘဲနဲ့ ဒီရုပ်ကြီးဟာ ဘယ်လိုသွားမလဲ, ဘယ်လိုထိုင်မလဲ, ဘယ်လိုရပ်မလဲ, ဘယ်လို စကားပြောမလဲ, ဘယ်လို အိပ်မလဲ, အတ္တမပါလို့ရှိရင်၊ သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ ကိစ္စတွေ ပြုဖို့ရန်ဟာ အတ္တက ပြုလုပ်ပေးတာ မဟုတ်ဘူးလား၊ ထင်စရာတွေ,ထင်စရာတွေ၊ ရူပါရုံမြင်တယ်ဆိုတော့ အတ္တက မြင်တာ မဟုတ်လား၊ သဒ္ဒါရုံ ကြားတယ်ဆိုတော့ အတ္တက ကြားတာမဟုတ် လား၊ သဒ္ဒါရုံ ကြားလို့မို့ သာယာတယ်,မသာယာဘူးဆိုတဲ့ ခံစားမှု ကျတော့ အတ္တခံစားတာ မဟုတ်ဘူးလားလို့ ဒီလိုလိုက်ပြီးသကာလ စဉ်းစားစရာ ဖြစ်လာပြန်တယ်၊ ဒီတော့ တယ်ရှင်းလို့ကောင်းတယ်။

**စိတ်က ရုပ်ကို ဖြစ်စေတယ်ဆို**။ ။အဘိဓမ္မာ တရားတွေဟာ အဆက်ဆက် ရဟန္တာအရှင် မြတ်တွေကစပြီးတော့ ဆောင်ရွက်လာလို့ စာတွေပေတွေဟာ တယ်– အားကိုးစရာ ကောင်းတယ်၊ တယ်ရှင်းလို့ ကောင်းတယ်၊ ဒီနားမှာ ပထမနားလည်ဖို့ကတော့ စိတ်ဟာ ရုပ်ကို ဖြစ်စေတတ်တယ်၊ ဒီ အချက်ကို နားလည်ထားဖို့တော့ သိပ်အရေးကြီးတယ်၊ စိတ်ဟာ ရုပ်ကိုဖြစ်စေကတတ်တယ်၊ ရေးကံကြောင့်သာ ဒီခန္ဓာကိုယ်ကြီးထဲမှာရှိတဲ့

ရုပ်အစိတ်အပိုင်းတွေ ဖြစ်တာမဟုတ်ဘူး၊ စိတ်ကြောင့်လဲ ရုပ်အစိတ်အပိုင်းတွေ ဖြစ်တယ်၊ ဒါကိုတော့ နှစ်နှစ်ကာကာ နားလည်မှ ရှင်းလို့ကောင်းမယ်၊ ဘယ်လိုဖြစ်သလဲလို့ တစ်ခါ စဉ်းစားရင် လူနှစ်ယောက် စကားယှဉ်ပြောနေကြတယ်၊ စကားပြော မတဲ့တာနဲ့မို့ တော်တော် ဒေါသဖြစ်စရာတစ်ခု စကားလုံးကြားလိုက်တဲ့အခါ လူတစ်ယောက်ဟာ တစ်ခါတည်း မျက်နှာတွေနီ, ချက်ချင်း,ချက်ချင်း မျက်နှာတွေနီပြီးတော့ တကတဲ လက်တွေဘာတွေများ တုန်ပြုလာရအောင် ရုပ်တစ်မျိုး ပြောင်းသွားတာ ဘယ်သူ့ကြောင့်လဲ၊ ဟိုတစ်ယောက်က စကားလုံးနဲ့ ပေါက်လိုက်လို့မဟုတ်ဘူး၊ သူ့စကားလုံးကို နားထဲကြားတဲ့စိတ် အကြောင်းပြုပြီးသကာလ နောက်ထပ်စိတ်ကလေးတွေဖြစ်ပြီးတော့ ဒေါသဖြစ်လို့ တစ်ခါတည်း မျက်နှာတွေနီလို့၊ ချက်ချင်း,ချက်ချင်း,ချက်ချင်း မိနစ်အတွင်းမှာ, မိနစ်အတွင်းမှာ ချက်ချင်း မျက်နှာတွေနီလို့၊ တချို့များ တကတဲ ရိုက်ချင်,နှက်ချင်, သတ်ချင်လို့, ဖြတ်ချင်လို့ လက်တွေဘာတွေများ တုန်လို့ တစ်ကိုယ်လုံးများ တုန်လို့၊ ဒီရုပ်ဟာ ဘယ်လောက်များ စိတ်ကဆောင်နေတုန်း၊ စိတ်ဟာ ဘယ်လောက် ဆောင်နေတုန်း။

တစ်ခါတရံမှာ အင်မတန် မကျန်းမမာဖြစ်နေတဲ့လူ ဟော–ဆရာလာသတဲ့ဆိုလို့ရှိရင် အမယ်–တော်တော်သက်သာသွား၊ ကိုယ်အားတဲ့သူ လာသတဲ့ဆိုရင် ထများထိုင်လို့၊ မစားတဲ့ လူမမာပေမယ့် စားလိုက်ပါဦးလို့ အရေးပါတဲ့သူက ချော့မော့ပြီး ဆေးလေးများတိုက်ရင်, အစာလေးများ ကျွေးရင် စားလို့ ပြုံးလို့, စိတ်ဘယ်လောက်ပြုပြင်နိုင်သလဲ၊ ဒါကြောင့် စိတ်က ရုပ်ကိုဖြစ်စေတတ်တယ်ဆိုတာကို နှစ်နှစ်ကာကာကြီး ပထမဆုံး နားလည်စမ်းပါ။

**ရုပ်တွေသာရှိပုံ အိမ်နဲ့နှိုင်းယှဉ်ကြည့်** ဒီတော့ ခန္ဓာကိုယ်ကြီးဟာ ရုပ်နာမ်,ရုပ်နာမ် ပေါင်းစပ်ထားလို့ ခန္ဓာကိုယ်လို့ဆိုတာ၊ ဟို ဘုန်းကြီးတို့ အိမ်ဆိုတာပဲကြည့်၊ မင်းတို့က အိမ်ရှိတယ်လို့ ပြောတယ်၊ ဟုတ်တယ်၊ သမ္မုတိနယ် ပညတ်နယ်မှာ အိမ်ရှိပါတယ်၊ အားလုံးအသိအမှတ်ပြုတဲ့ ပညတ်နယ်မှာ အိမ်ရှိပါတယ်၊ လက်ညှိုးထိုးပြစမ်း အိမ်ကို၊ ဒါပေါ့လေဆိုရင် အို–ဒါကတိုင်ပဲ၊ အင်း–ဟုတ်တယ် ဒါက, ဒါက အကာအရံသစ်သား တွေပဲ၊ ဒါက ထုတ်တွေ လျောက်တွေပဲ၊ ဟင်–ဒီလိုဆိုတော့ ဟုတ်ပါ့ အိမ်မရှိပေါင်၊ တိုင်တွေ,တုံးတွေ,သစ်သားတွေ,ကြိမ်တွေ,နွယ်တွေ,သံတွေ ဒါပဲ ရှိပါလား။

ဆိုပါ အဲဒီ တုံးဆိုတဲ့ဥစ္စာပဲ၊ တိုင်ဆိုတဲ့ဥစ္စာပဲ စဉ်းစားကြည့်ပါလား၊ ဘယ်မှာလဲ၊ ဟောဒီဟာလေ၊ ဒီထောင်နေတဲ့ဟာကြီးဟာ တိုင်ပေါ့၊ မှန်းစမ်း ဖြတ်လိုက်စမ်း၊ အစိတ်အစိတ် စိတ်ကူးလေးနဲ့ဖြတ်ကြည့်စမ်း၊ တိုင်ရှိသေးလား၊ မရှိဘူး၊ တုံးကလေးတွေ ဖြစ်သွားပြီ၊ ဖြတ်လိုက်စမ်း ဦး၊ အစိတ်တွေ ခွဲလိုက်စမ်း၊ တုံးလေးရှိသေးသလား၊ မရှိဘူး၊ သစ်သားခြမ်းစိတ်တွေ ဖြစ်ကုန်၊ ဖြတ်လိုက်စမ်း ဒီသစ်တွေကို မီးရှို့ပြီးပစ်လိုက်စမ်း၊ ရှိသေးသလား, သစ်သား မရှိဘူး၊ ပြာတွေ ရှိတယ်၊ ဒီပြာတွေကို ရေနဲ့နယ်ပြီးသကာလ ပစ်လိုက်စမ်း၊ ပြာတွေ ရှိသေးသလား၊ အို–ရေတွေအကုန်လုံး ဖြစ်ကုန်ပြီ၊ ဩော်–တိုင်မရှိဘူး၊ ပထမတော့ အိမ်မရှိဘူး၊ နောက်တော့တိုင်မရှိဘူး၊ တုံးမရှိဘူး၊ သစ်သားမရှိဘူး၊ ကြိမ်မရှိဘူး၊ အားလုံး ရုပ်မှုန့်ကလေးတွေ ဖြစ်သွား၊ အဲဒီ ရုပ်မှုန့်ကလေးတွေ ခွဲလို့စိတ်လို့ ဘာလို့မှ မရဘူးဆိုတော့မှ ဒါရုပ်ကလာပ်ကလေးတွေ ရုပ်ကလာပ်ကလေးတွေ, ရုပ်ကလာပ် ဆိုတာ အစုလေးတွေ ရုပ်စုလေးတွေ တစ်မှုန်စီ, တစ်မှုန်စီ။

**မုန့်မှုန့်အရုပ်ကလေးနဲ့ နှိုင်းစဉ်းစားဦး။** ။တစ်ခါ ဒီမုန့်မှုန့်လေးတွေကို ရေနဲ့ဖျော်ပြီးတော့ အရုပ်လုပ်တတ်တဲ့လူက မုန့်မှုန့်လေးတွေကို လူရုပ်ကလေးလုပ်လိုက်၊ ကလေးလေး ပြတယ်၊ လူရုပ်ကလေး, လူကလေး၊ အဝတ်အစားလေး ဘာလေးများ ဝတ်ပြ၊ လူကလေး၊ ကလေးလေးက လူကလေးထင်တယ်၊ လူကြီးက ဩော်–မုန့်မှုန့်တွေ စုပေါင်းထားပြီးတော့ အရုပ်လုပ်တတ်တဲ့လူက အရုပ်လုပ်လို့ လူရုပ်ပေါ်နေတာ၊ အမှန်တော့ စင်စစ် ရုပ်မှုန့်လေးတွေပဲ၊ မုန့်မှုန့်လေးတွေပဲ၊ မုန့်မှုန့်ကလေးတွေတောင်မှ ရေနဲ့ဖျော်ပြီးတော့ ရေထဲများ ထည့်လိုက်ရင် အဲဒီ မုန့်မှုန့်လေးတောင် ပျောက်သွားဦးမယ်၊ ဩော်–လူရုပ်ကလေးလို့သာ ထင်ရတယ်၊ စင်စစ်တော့ မှုန့်မှုန့်ကလေးပဲ၊ မှုန့်မှုန့်ကလေးတွေသာဆိုရတယ်၊ စင်စစ်တော့ ရုပ်ကလာပ်လေးတွေ စုပေါင်းပြီးတော့ လူရုပ်ကြီး ဖြစ်တာပဲ၊ ဟောသလို လူကြီးက မြင်တယ်၊ ဒီခန္ဓာကိုယ် ဒီအခြေအနေအတိုင်း, ဒီအခြေအနေအတိုင်း။

**ရုပ်နာမ်ပေါင်းစပ်မိမှ ကိစ္စပြီး။** ။မျက်စိ,နား,နှာ, အင်္ဂါခြေလက် တစ်ခုစီ ခွဲလိုက် လူရှာမရဘူး၊ တစ်ခါ အင်္ဂါခြေလက် တစ်ခုစီ စိတ်လိုက်, စိတ်လိုက်, စိတ်လိုက်၊ နောက်ဆုံး စိတ်လို့ရှိရင်ဖြင့် ရုပ်မှုန့်ကလေး, ရုပ်ကလာပ်ကလေးတွေပဲ ရှိတော့တယ်၊ သူ့ချည်း ဘာမှမစွမ်းဘူး၊ တစ်ခါ တစ်ဖက်က ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်ဆိုတဲ့ ဒီတရားငါးပါးလဲ သူ့ချည်း မစွမ်းဘူး၊ သူ့ချည်း သွားနိုင်သလား၊ ဝိညာဉ်, ဘာမှ မသွားနိုင်ဘူး၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တွေ သူချည်း မသွား နိုင်ဘူး၊ ရုပ်ကော သူချည်း သွားနိုင်သလား၊ မသွားနိုင်ဘူး၊ ဘယ်လိုမှ ဖြစ်သလဲဆိုတော့ ဘုန်းကြီးတို့ ဒီဥပမာ ပြတယ်ကိုး။

## ကြိုးဆွဲ မင်းသား မင်းသမီးရုပ်

**ရဇ္ဇုယောဂါ ဒါရုယန္တံ့, သဗျာပါရံဝ ခါယတိ၊**
**ဧဝံ သုညံ နာမရူပံ, အညမညသမာယုတံ။**

ရဇ္ဇုယောဂါ–အရုပ်ကြိုးနှင့်, အသင့်တွဲစပ်, ပေါင်းကပ်၍နေခြင်းကြောင့်၊ ဒါရုယန္တံ –သစ်သားကိုလုပ်, မင်းသမီး–မင်းသားရုပ်သည်၊ သဗျာပါရံဝ–သွားရပ်ကခုန်, ဗျာပါရရှိပုံကဲ့သို့၊ ခါယတိ–ရှုသူအများ, ထင်မှား၍နေရလေ၏၊ ဧဝံ–ဤအတူ၊ သုညံ–အနှစ်သာရ, အတ္တမှကင်းဆိတ်သော၊ နာမရူပံ–ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါးသည်၊ နာမရူပံ–ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာသည်၊ အညမညသမာယုတံ–အချင်းချင်းကပ်, ပေါင်းစပ်မိသည်ဖြစ်၍၊ သဗျာပါရံဝ–သွားရပ်ထိုင်လျောင်း, လိုရာပြောင်းလျက်, အကြောင်းအားလျော်စွာ, ဗျာပါရရှိနေသကဲ့သို့၊ ခါယတိ–ရှုသူအများတွင်, ထင်မှား၍ နေရလေသတည်း။

ဒီလောကကြီးထဲမှာ ဥပမာဆိုတာ အများနားလည်အောင်လို့ ပေးတာ၊ ဟို–အရုပ်ထုထားတယ်၊ ရုပ်သေးစင်ပေါ်က မင်းသမီးရုပ်, မင်းသားရုပ် ကြိုးနဲ့မတပ်ဘဲနဲ့ အရုပ်ချည်းပစ်ထား၊ ဘာမှ ကတယ်, ခုန်တယ် မရှိဘူး၊ ကြိုးချည်း ထားလိုက်စမ်းဦး၊ ဘာမှ လှုပ်လို့ မရဘူး၊ ကြိုးနဲ့အရုပ်နဲ့ တပ်ပြီးတော့ ခုနက အရုပ်ကြိုး ဆွဲတဲ့လူက လှုပ်ရှားပေးတဲ့အခါကျတော့ ကနေသလိုလို, ခုန်နေသလိုလို။

ဒီလိုပဲ ရုပ်တရားနဲ့ နာမ်တရားဟာ ရုပ်ချည်းဖယ်ထား၊ ဘာမှ မတတ်နိုင်ဘူး၊ သွား,ရပ်,ထိုင်,လျောင်း ဘာမှမလုပ်နိုင်ဘူး၊ နာမ်ချည်းဖယ်ထား၊ ဘာမှ မလုပ်နိုင်ဘူး၊ ရုပ်နဲ့နာမ်နဲ့ နှစ်ခု ပေါင်းစပ်လိုက်တဲ့ အခါကျတော့–**"အညမညသမာယုတံ–အချင်းချင်းကပ်, ပေါင်းစပ်မိသည်ဖြစ်၍၊ သဗျာပါရံဝ–သွားရပ်ထိုင်လျောင်း, လိုရာပြောင်းလျက်, အကြောင်းအားလျော်စွာ, ဗျာပါရရှိနေသကဲ့သို့"** ဒီလိုသဘော

ဖြစ်သွားတယ်၊ ဒီလို ထင်လာရတယ်၊ စာတွေက အဆက်ဆက် မကျေနပ်လို့ အထပ်ထပ်မေးလာခဲ့ကြတဲ့ စာတွေကို ပညာရှိအဆင့်ဆင့် ရေးသားထားတာ ဖြစ်တော့လေ ဥပမာ ဒီလိုပေးပြန်တယ်။

**ကေန်း,ဆွံ့ဥပမာ**။ ။ဇရပ်တစ်ခုမှာ ကေန်းနဲ့ဆွံ့ တွေ့မိကြတယ်၊ သူတို့ ဇရပ်မှာလဲပဲ စားရေးသောက်တာ ဘာမှမရှိဘူး၊ သူတို့လဲ တောင်းရမ်းပြီးတော့ လည်စားနေကြတာ၊ ခြေထောက်လက်ထောက် မသန်တဲ့ ဆွံ့က ကေန်းကိုပြောတယ်။

"ကိုရင်...ဟိုတောင်ဆီမှာ ဘယ်ဇရပ် အကျွေးအမွေးတွေရှိတယ် ကြားတယ်၊ ကိုရင် မသွားဘူးလား"

"ကိုရင်ကော မသွားဘူးလား"

"ကျုပ်က ခြေထောက်မသန်လို့ဗျာ သွားချင်သားပဲ"

"ခင်ဗျားက ခြေထောက်မသန်လို့ သွားချင်တယ်၊ ကျုပ်က မျက်စိမမြင်လို့ သွားချင်သားပဲ ကျုပ်လဲပဲ"

"ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ခင်ဗျားက ခြေထောက်မပါဘူး, မျက်စိတော့ မြင်တယ်၊ ဒီတော့ ခင်ဗျားက ကျုပ်ပေါ် ကျောပိုးပြီးတော့ ပခုံးပေါ် ခွစီးလိုက်ဗျာ၊ ခင်ဗျားက ပြောဗျာ၊ ဝဲဘက် သွားဟေ့၊ ယာဘက် သွားဟေ့၊ ခင်ဗျားက ပြော"

"ဟာ...ဟုတ်ပြီ, ကျုပ်တို့နှစ်ယောက် ပေါင်းလိုက်ရင်တော့ နေရာကျပြီ"ဆိုပြီးတော့ ကေန်းက ဆွံ့ကို ပခုံးပေါ် ထမ်းပြီးတော့ ဇရပ်ပေါ်ကဆင်း၊"ကောင်းကောင်းဆင်း၊ ဒီမှာ လှေခါးထစ် ဘယ်နှစ်ထစ်ရှိတယ်၊ တစ်ထစ်ဆင်းဦးကွဲ့,နှစ်ထစ်" သူက အပေါ်ကနေပြီး ပြောနေတယ်၊ ကေန်းကလဲ သူပြောတဲ့အတိုင်း ထမ်းလို့သွားရာတယ်၊ လမ်းသွားတော့"ဝဲဘက်သွားကွ,ယာဘက်သွားကွ၊ ဟေ့–ကုန်းလေး ရှိတယ်၊ နည်းနည်း တက်လိုက် ဟက်လိုက်, ချိုင့်လေး ရှိတယ်၊

ဖြည်းဖြည်း,ဖြည်းဖြည်း"သူကလဲ လိမ့်ကျမှာလဲ စိုးရိမ်စရာ ရှိသေးတယ်၊ သူကသာ အမှတ်တမဲ့ အပြော မတတ်ရင် သူ ပထမဆုံးဟိုလူလဲတာနဲ့ တစ်ပြိုင်နက် သူလဲ မသက်သာဘူး၊ ဒါနဲ့ သူတို့နှစ်ယောက် တကတဲ အကြောင်းညီညွတ်ပြီးတော့ တစ်ယောက်တစ်ယောက် အားပြုပြီးတော့ သွားလိုက်ကြတာ အံစားအသောက်တွေပေါတဲ့ ဇရပ်ရောက်လို့ နေရာတကျ စားကြရ သောက်ကြရတယ်။

စာက စာက၊ ရှေးအစဉ်အဆက် ပညာရှိတွေက ဒီလို စောဒနာစရာတွေကို စုပြီးတော့ သူတို့က အဖြေတွေ ပေးပေး ပေးပေးသွားကြတာလေ၊ အဲဒီ ကေန်းနဲ့ခွေ့ ပေါင်းမိတဲ့အခါမှာ လိုရာအကျိုးပြီးကြတာလို **ရုပ်ကလဲ အကန်း,** ဘာမှဒီရုပ်ကလဲ မသိဘူး၊ **နာမ်ကလဲ အကျိုး**၊ နာမ်ချည်းလဲ ဘာမှ ထိထိရောက်ရောက် ခရီးရောက်အောင် မဆောင်နိုင်ဘူး၊ ဒါကြောင့် ရုပ်နဲ့နာမ်နဲ့ ပေါင်းစပ်မိတော့မှ"**အညမညသမာယုတ်–အချင်းချင်းကပ်, ပေါင်းစပ်မိသည်ဖြစ်၍၊ သုည်–အနှစ်သာရ, အတ္တမှ ကင်းဆိတ်သော၊ နာမရူပ်–ရုပ်နာမ်နှစ်ပါးသည်၊ အညမညသမာယုတ်–အချင်းချင်းကပ်, ပေါင်းစပ်မိသည်ဖြစ်၍၊ သဗ္ဗာပါရံဝ–သွားရပ်ထိုင်လျောင်း, လိုရာပြောင်းလျက်, အကြောင်းအားလျော်စွာ, ဗျာပါရရှိနေသကဲ့သို့"**

**ရုပ်နာမ်ကိစ္စတွေပါ,အတ္တမပါ ပါနဲ့။** ။အင်မတန်ကောင်းတယ်၊ဒါထပ်ပြီးတော့ကို မေးစေချင်တယ်၊ ထပ်ပြီး စောဒနာစေချင်တယ်၊ ဘုန်းကြီးတို့မှာ ဖြေနိုင်လိမ့်မယ်လို့ ထင်တယ်၊ မေးတိုင်း မေးတိုင်း ဒီလို သဘာဝဓမ္မနဲ့ ဆိုင်လာလို့ ရှိရင်လေ၊ ဘာဖြစ်လို့တုန်း၊ စာတွေက ပညာရှိအဆက်ဆက်တွေက ဒီလို မေးလွန်းလို့ အဖြေတွေကို ထည့်ထည့် ထည့်ထည့်ပြီးတော့ တရားတော်နဲ့ ကိုက်ညီအောင် ထည့်ပြီးတော့ ပေးထားတယ်၊

ကိုင်း…ခု ရုပ်နဲ့နာမ်နဲ့ ပေါင်းမိပြီနော်၊ ပေါင်းမိလို့ သူရယ်, ငါရယ်, ယောက်ျားရယ်, မိန်းမရယ်, ပုဂ္ဂိုလ်ရယ်, သတ္တဝါရယ်လို့၊ ဟို သစ်သားတွေ ပေါင်းပြီးတော့ အိမ်ဆိုတဲ့ နာမည်ပညတ်တစ်ခု ပေါ်လာတာလို ရုပ်နဲ့နာမ်နဲ့ ပေါင်းပြီးတော့ လူ,သတ္တဝါ,ယောက်ျား, မိန်းမ,တိရစ္ဆာန်ဆိုတဲ့ အဲဒီနာမည်ပညတ်တွေ ပေါ်လာပြီးတော့ လာတာပဲ၊ သူတို့နှစ်ခု ဖယ်လိုက်လို့ရှိရင် ဒီ နာမည် ပညတ်တွေပါ တစ်ခါတည်း ရှာမရဘူး ပျောက်သွားမယ်။

ဒါကြောင့် သူတို့နှစ်ခု ပေါင်းစပ်မိလိုက်တဲ့အတွက်ကြောင့် အားလုံးကိစ္စတွေ ပြီးပါလိမ့်မယ်၊ ဘယ်အတ္တမှ မပါခဲ့ပါနဲ့၊ အားလုံး ကိစ္စတွေ ပြီးပါလိမ့်မယ်၊ သွားကြစို့ရဲ့၊ ကိုင်း…ခရီးသွားကြစို့ရဲ့၊ ဒီရုပ်နဲ့နာမ်နဲ့ ပေါင်းစပ်ပြီးတော့ ဘယ့်နှယ်ခရီးသွားမလဲ၊ ခုနက စောစောက ဘုန်းကြီး ချည်ထားခဲ့တယ်နော်၊ စိတ်ဟာ ရုပ်ကို ဖြစ်စေတတ်တယ်၊ ဒါကို ဘုန်းကြီး ပြောခဲ့တယ်နော်၊ ဒါကို မမေ့ရဘူး၊ ဒါကို သဘောပေါက်ပြီးသား ဖြစ်ရမယ်၊ အင်မတန် စိတ် သိပ်စွမ်းပါလား၊ သူ့ကြောင့် ရုပ်ဖြစ်နေတယ်၊ စိတ် သိပ်စွမ်းပါလား၊ ဒါလေးကို နားလည်ထားစမ်းပါ။

**စိတ္တဇဝါယောဓာတ်ကြောင့် ဗျာပါရအမျိုးမျိုးဖြစ်ရ**

**စိတ္တနာနတ္တမာဂမ္မ, နာနတ္တံ ဟောတိ ဝါယုနော၊**
**ဝါယုနာနတ္တတော နာနာ, ဟောတိ ကာယဿ ဣဉ္ဇနာ။**

စိတ္တနာနတ္တံ–သွားလေလာလေ, ထိုင်ရပ်လေမှ, စ၍ထိုထို, အလိုထူးဆန်း, စိတ်အစွမ်းကို၊ အာဂမ္မ–မလွဲသမှု, အစွဲပြု၍၊ အာဂမ္မ–အတွင်းသန္တာန်, အရင်းခံ၍၊ ဝါယုနော–သွားလာထိုင်ရပ်, ဖြစ်စေတတ်သည့်, ရုပ်ကလာပ်ဖွဲ့, ဝါယောလေ၏၊ နာနတ္တံ–သွားလေလာလေ, ထိုင်ရပ်လေဟု, အနေကွဲပြား, ထူးခြားသည်၏အဖြစ်သည်၊ ဟောတိ–စိတ်အစဉ်နှင့်, အဆင်သင့်အောင်, မလင့်ပုံသေ, ဖြစ်ရပေ၏၊

ဝါယုနာနတ္တတော–သွားစေလာစေ, ဝါယောလေက, အနေကွဲပြား, ထူးခြားခြင်းကြောင့်၊ ကာယဿ–ပုဂ္ဂိုလ်သတ္တဝါ, ငါသူတစ်ပါး, ယောက်ျားမိန်းမ, မဟုတ်ကြတောင်း, ရုပ်နာမ်ခန္ဓာအပေါင်း၏၊ ဣဉ္ဇနာ–ရုပ်သေးစင်တွင်, အရုပ်သွင်သို့, အထင်ကွဲပြား, လှုပ်ရှားခြင်းသည်၊ နာနာ ဟောတိ–သွားဟန်လာဟန်, ထိုင်ရပ်ဟန်ဖြင့်, သဏ္ဌာန်ထူးထွေ, ဖြစ်ရပေသတည်း။

**စိတ်ကြောင့် သွားမှုဖြစ်လာပုံ။** ။ပထမဆုံး ကိုယ့်ကိုယ်တိုင် အသုံးချကြည့်စမ်း၊ မတ်တပ်ရပ်နေရာက သွားချင်တယ်၊ သွားချင်တယ်လို့ဆိုတဲ့စိတ် ဖြစ်တယ်။

**"စိတ္တနာနတ္တံ–သွားခြင်းလာခြင်း, ထိုင်ရပ်ခြင်းမှ, စရှိထိုထို, အလိုထူးဆန်း, စိတ်အစွမ်းကို၊ အာဂမ္မ–အတွင်းသန္တာန်, အရင်းခံ၍၊ ဝါယုနော–သွားလာထိုင်ရပ်, ဖြစ်စေတတ်သည့်, ရုပ်ကလာပ်ဖွေ, ဝါယောလေ၏၊ နာနတ္တံ–သွားလေလာလေ, ထိုင်ရပ်လေဟု, အနေကွဲပြား, ထူးခြားသည်၏အဖြစ်သည်၊ ဟောတိ–စိတ်အစဉ်နှင့်, အဆင်သင့်အောင်, မလင့်ပုံသေ, ဖြစ်ရလေ၏"**

သွားချင်တယ်လို့ စိတ်ဖြစ်လိုက်တယ်၊ ဟို–နည်းနည်း နားလည်ထားဖို့က လက်ဖြောက်တစ်ချက်တီးမှာ စိတ်ပေါင်း ကုဋေသိန်းပေါင်းများစွာ ဖြစ်တယ်၊ လက်ဖြောက်တစ်ချက်တီးမှာ စိတ်က ကုဋေသိန်းပေါင်းများစွာ ဖြစ်တယ်၊ ဒါလေးကို နားလည်ထားစမ်းပါ။

ဒီတော့ စိတ်တစ်စိတ် ဒီက ရုပ်ကလာပ်တစ်မျိုး ဖြစ်တယ်၊ ခြေထောက်မှာ ရုပ်ကလာပ်တစ်မျိုး ဖြစ်တယ်၊ ဒီတော့ စိတ်ပေါင်း ကုဋေတစ်သိန်းလောက် ဖြစ်တယ်ဆိုရင်ပဲ ဆိုပါတော့ ရုပ်ကလာပ်တွေ ကုဋေများစွာ ဖြစ်တယ်၊ အဲဒီ ကုဋေများစွာထဲမှာ ဝါယောဓာတ်က ပါလျက်နော်။

ဝါယောဓာတ်ဆိုတာ လှုပ်ရှားတဲ့သတ္တိရှိတယ်၊ အဲဒီ လှုပ်ရှားတဲ့ သတ္တိရှိတဲ့ ဝါယောဓာတ်ကပါတော့ နဂိုက နင်းထားတဲ့ ခြေထောက်ကြီးဟာ လက်ဖြောက်တစ်ချက်တီးအတွင်းမှာ မြောက်ပြီးတော့လာတယ်၊ ဘာပြုလို့လဲ၊ ဒီလေဓာတ်ကြောင့်၊ လေဓာတ်ကြောင့် မြောက်လို့ရှိရင် ဘာဖြစ်လို့ လေဓာတ်ကြောင့် အထက်မြောက်သလဲ၊ လွှင့်သွားလိုက်ပါလားဆိုရင် ဟို–စိတ်က သွားချင်လို့။

ဝါယောဓာတ်ဖြစ်တော့ ဘုန်းကြီးတို့ သာမန်လေ့လာတဲ့လူ မသိနိုင်တဲ့ ဝိညတ်ဆိုတာ ပါသေးတယ်၊ ကာယဝိညတ်၊ ဒီတော့ ဝိညတ်က လှေကို ပဲ့ကိုင်ပေးသလို, အဲဒီ ဝါယောဓာတ်လွန်ကဲတဲ့ ရုပ်ကလာပ်ကို ဝိညတ်က ပဲ့ကိုင်ပေးတာ အထက်ကို မြောက်လာတယ်၊ အထက်မြောက်လာပြီးတော့ သွားချင်တယ်လို့ဆိုတော့ ဝါယောဓာတ်က ဝိညတ်နဲ့တကွ ရှေ့တိုးတဲ့ ပဲ့ကိုင်ပေးတဲ့ ဝါယောဓာတ်က လှုပ်လိုက်တာ ဒီခြေထောက်နှင့်တကွ ပတ်ဝန်းကျင်ရှိနေတဲ့ ရုပ်ကလာပ်တွေ အကုန်ရှေ့ရောက်သွားတယ်၊ သွားချင်တယ်လို့ဆိုတဲ့ စိတ်ကြောင့်မို့ ဝိညတ်က ပဲ့ကိုင်ပေးလိုက်တာ, ဝါယောဓာတ် လှုပ်ရှားလိုက်တာ, တစ်ကိုယ်လုံး ခြေထောက်မှာ အရေးတကြီး လှုပ်ရှားလိုက်တာ, တစ်ခါတည်း ရှေ့ရောက်လို့ ရှေ့တိုးလို့ နေရာရောက်သွားရော။

နေရာရောက်သွားတော့ ပထဝီဓာတ်လွန်ကဲတဲ့ ရုပ်ကလာပ်ကြောင့် ဝိညတ်က ပဲ့ကိုင်ပေးပြီးတော့ အောက်နား ဖြည်းဖြည်းကျ၊ မြန်မြန် ချချင် မြန်မြန်ကျ၊ ဒါကို သွားလိုက်,မြောက်လိုက်,ရှေ့တိုးလိုက်, အောက်ချလိုက်၊ မြောက်လိုက်,ရှေ့တိုးလိုက်,အောက်ချလိုက်၊ ဒါ စိတ်အတိုင်း ဝါယောဓာတ်လှုပ်ရှားနေတာ၊ ဝါယောဓာတ်ဟာ တွေ့ကရာ ဖြစ်သလို လှုပ်ရှားပါလား၊ မဟုတ်ဘူး၊ ပဲ့ကိုင်ပေးတဲ့ ဝိညတ်ပါတယ်။

အဲဒီဟာ အင်မတန်ကောင်းတဲ့နည်း, အင်မတန်ကောင်းတဲ့နည်း၊ ဘယ်မလဲ အတ္တ, ဘယ်မလဲ အတ္တ၊ မြတ်စွာဘုရားက ဝိညတ်ရုပ် ဆိုတာကို ဟောထားတယ်၊ ဘယ်မလဲ အတ္တ၊ ပထဝီဓာတ်လို့ ဟောထားတယ်၊ ဝါယောဓာတ်လို့ ဟောထားတယ်၊ ဝါယောဓာတ် လုပ်တာကို အပြင်လေတွေ ကြည့်စမ်း ပါလား၊ အပြင်လေတွေဟာ ဝါယောဓာတ် လွန်ကဲတဲ့အတွက်ကြောင့် သစ်ပင်တစ်ပင်လုံး တကတဲ ခါသွားအောင် လှုပ်တယ်၊ အဲဒီလောက် သတ္တိရှိတဲ့ ဝါယောဓာတ်ဟာ ဒီခန္ဓာကိုယ်ထဲမှာလဲ စိတ္တဇဝါယောဓာတ်ဟာ အင်မတန်သတ္တိရှိတယ်။

ဒါကြောင့် ခြေထောက်ကြီး မြောက်ပြီးတော့လာ၊ မြောက်ဆိုတာ ချက်ချင်း တစ်ခုလုံးမြောက်တာ မဟုတ်ဘူး၊ ဖြည်းဖြည်း မြောက်တာ၊ ဒါပေမယ်လို့ စိတ်က ကုဋေတစ်သိန်းလောက်ဖြစ်တော့ ဝါယောဓာတ် ကလဲ ကုဋေတစ်သိန်းလောက်ဆိုတော့ ချက်ချင်း မြောက်သွားသလို ထင်ရတယ်၊ ချက်ချင်း ရှေးတိုးသွားသလို ထင်ရတယ်၊ နောက် ပထဝီ ဓာတ်ကလွန်ကဲတဲ့ ရုပ်ကာလပ်ကြောင့် ချက်ချင်း အောက်ကျသွား တယ်လို့ ထင်ရတယ်၊ ကဲ–ဒီနည်းနဲ့သွားတာကို နားလည်ပေါ့နော်။

**စိတ်ကြောင့် ရုပ်မှုစသည်ဖြစ်လာပုံ။** ။အဲဒီ အသွားရုပ်လိုက်တဲ့အခါ မတ်တတ်ရပ်တယ်လို့ ဖြစ်တယ်၊ ဒါကို ညောင်းတယ်ဆိုပြီးတော့ ထိုင်ချင်တယ်ဆိုတော့ ရုပ်ကလာပ်တွေ ခုနက ဝါယောဓာတ်လွန်ကဲတဲ့ ရုပ်ကာလပ်တွေကြောင့် လက်တို့ ခြေတို့ အမျိုးမျိုးပြောင်းလွဲပြီးသကာလ ကွေးသွားတယ်၊ ထိုင်သွားတယ်၊ တော်တော်ကြာတော့ လျောင်းသွားတယ်၊ အိပ်သွား တယ် စသည်ဖြစ်တာဟာ ဝါယောဓာတ်လွန်ကဲတဲ့ ပထဝီဓာတ် လွန်ကဲတဲ့ ရုပ်ကလာပ်တွေ အပြောင်းအလဲ ဖြစ်ပြီးတော့နေတာ၊ ဘာ့ကြောင့် ပြောင်းသလဲဆိုရင်ဖြင့် စိတ်အစွမ်းကြောင့် ပြောင်းတာ ပါပဲ၊ စိတ်က ပြောင်းချင်လို့ကို ပြောင်းတာ၊ စိတ်က ထိုင်ချင်လို့ကို ထိုင်တာပဲ၊ စိတ်က လှဲချင်လို့ကိုပဲ လဲလျောင်းလိုက်တာပါပဲလို့။

**စိတ္တနာနတ္တမာဂမ္မ, နာနတ္တံ ဟောတိ ဝါယုနော၊**
**ဝါယုနာနတ္တတော နာနာ, ဟောတိ ကာယဿ ဣဉ္ဇနာ။**

စိတ္တနာနတ္တံ–သွားချင်လာချင်, ထိုင်ရပ်ချင်မှ, စ၍ထိုထို, အလို ထူးဆန်း, စိတ်အစွမ်းကို၊ အာဂမ္မ–အတွင်းသန္တာန်, အရင်းခံ၍၊ ဝါယုနော–သွားလာထိုင်ရပ်, ဖြစ်စေတတ်သည့်, ရုပ်ကလာပ်ဖွေ့, ဝါယောလေ၏၊ နာနတ္တံ–သွားလေလာလေ, ထိုင်ရပ်လေဟု, အနေ ကွဲပြား, ထူးခြားသည်၏အဖြစ်သည်၊ ဟောတိ–စိတ်အစဉ်နှင့်, အဆင်သင့်အောင်, မလင့်ပုံသေ, ဖြစ်ရလေ၏၊ ဝါယုနာနတ္တတော– သွားစေလာစေ, ဝါယောလေက, အနေကွဲပြား, ထူးခြားသည့်အတွက် ကြောင့်၊ ကာယဿ–ပုဂ္ဂိုလ်သတ္တဝါ, ငါသူတစ်ပါး, ယောကျ်ားမိန်းမ, မဟုတ်ကြတောင်း, ရုပ်နာမ်ခန္ဓာအပေါင်း၏၊ ဣဉ္ဇနာ–ရုပ်သေးစင် တွင်, အရုပ်သွင်သို့, အထင်ကွဲပြား, လှုပ်ရှားခြင်းသည်၊ နာနာ ဟောတိ–သွားဟန်လာဟန်, ထိုင်ရပ်ဟန်ဖြင့်, သဏ္ဍာန်ထူးထွေ, ဖြစ်ရပေသတည်း။

**ဒူလာပါဒရက် စွဲသူကို အတ္တက ထခိုင်းစမ်းပါ** ဒီတော့ သွားတဲ့နေရာမှာ ခုနက အတ္တက **"ကာရကော–ပြုရေး ပြုရာ, ပေါ်ပေါက်လာလျှင်, လျော်စွာတစ်ခုခုဖြင့်, ပြုစုလည်းပြုစုတတ်လေ၏"**ဆိုတာ အတ္တ ဘယ်ရောက်သွားပြီလဲ၊ အတ္တ မပါပဲနဲ့ ရုပ်နဲ့နာမ်နဲ့ချည်း သွားလို့ရ တယ်၊ အတ္တမပါပဲ ရုပ်နဲ့နာမ်နဲ့ချည်း ထိုင်လို့,ရပ်လို့,လျောင်းလို့ရ တယ်၊ အတ္တဘာလုပ်ဖို့တုန်း၊ အတ္တဘာတတ်နိုင်သေးသလဲ၊ စိတ်က ရပ်ချင်ပါတယ်ဆိုတာကို အတ္တက မရပ်နဲ့လို့ ပြောနိုင်သေးသလား၊ ကဲ–ဒူလာပါဒရက် စွဲပြီးတော့နေလို့ ဝါယောဓာတ်ပျက်နေတဲ့ ပုံလဲ နေတဲ့ လူကြီးတစ်ယောက်ကို အတ္တရှိတယ်လို့ဆိုရင် အတ္တက ထလိုက်၊

ဒွာလာပါဒရက် စွဲနေပေမယ့် ထလိုက်လို့ အတ္တက ခိုင်းစမ်းပါ၊ လုပ်နိုင်ရဲ့လား၊ အတ္တ ရှိတယ်ဆိုရင်လေ အတ္တက ထလိုက်ပါ၊ ဒွာလာပါဒရက် စွဲနေတာကို မထနိုင်ဘူး၊ ဘာပြုလို့လဲ၊ ဝါယောဓာတ် ပျက်နေတာ၊ စိတ်က ရှိနေတယ်၊ စိတ်က ရှိပေမယ့် ဝါယောဓာတ် လှုပ်ရှားအောင် စိတ်မတတ်နိုင်ဘူး၊ ဒါကြောင့်မို့လို့ ရုပ်နဲ့နာမ်နဲ့ အဆင်သင့်မှ ဒီကိစ္စမျိုးကို လုပ်လို့ ရပါတယ်၊ ဖြစ်စေနိုင်ပါတယ်၊ အတ္တ ဘယ့်နှယ်မှ မတတ်နိုင်ပါဘူး။

**မြင်ခြင်းကိစ္စ၌ အတ္တမပါပုံ။** ။ကောင်းပြီ မြင်တဲ့ကိစ္စလေးတစ်ခု ပြောစမ်းပါ၊ မြင်တဲ့ကိစ္စကို ဘုရားရှင် ကိုယ်တော်မြတ်က ရှင်းထားလိုက်တာလေ **"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"** စက္ခုံ စ–စက္ခု ပသာဒရုပ်ကိုလည်းကောင်း၊ ရူပေစ–အပြင်ဘက်က ရူပါရုံတို့ကိုလည်း ကောင်း၊ ရူပေစ–မိမိအတွင်းမှာဖြစ်စေ,အပြင်ဘက်မှာဖြစ်စေ ရူပါရုံ တို့ကိုလည်းကောင်း၊ ပဋိစ္စ–စွဲမှီ၍၊ (အကြောင်းပြု၍၊) စက္ခုဝိညာဏံ– အဲဒီရူပါရုံကို မြတ်တတ်တဲ့ စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

**စက္ခုဝိညာဏ်ဖြစ်ကြောင်း လေးပါး။** ။စက္ခုပသာဒဆိုတာ ဒီထဲ ဝမ်းထဲ ကမ္မဇရုပ်လို့ ခေါ်တယ်၊ မျက်စိထဲမှာ ရှိတယ်၊ အဲဒီစက္ခုပသာဒလဲ ရှိမယ်၊ အပြင်ဘက် ကလဲ ရူပါရုံဆိုတာလို တစ်ခုခုရှိမယ်၊ အဲဒီရူပါရုံကို မြင်နိုင်မယ့် အရောင်အလင်းလဲ ရှိမယ်၊ အဲဒီ ရူပါရုံရှိနေပေမယ့် နှလုံးသွင်းမှု သတိထားမှုလဲ ရှိမယ်၊ အဲဒီလေးပါး စုံလို့ရှိရင် စက္ခုဝိညာဏ်ဖြစ်တယ်။

**"စက္ခာလောက, ရူပထင်ပြီ, မနသိ, လေးလီ စက္ခုဖို့"**

ဟို–လယ်တီဆရာတော်က လွယ်လွယ်ကလေး သံပေါက်လုပ်ထား တယ်, ဒီလေးပါးကို၊ အတွင်းမှာ စက္ခုပသာဒရုပ် ကမ္မဇရုပ်ရှိတယ်၊

အပြင်ဘက်ကဖြစ်ဖြစ် ကိုယ့်လက် ကိုယ့်ခြေပဲဖြစ်ဖြစ် ရူပါရုံဆိုတဲ့ အဆင်းတစ်ခုခု ရှိမယ်၊ အဲဒီအဆင်းရှိတိုင်းလဲ မဖြစ်သေးပါဘူး၊ အတွင်းက စက္ခုပသာဒနဲ့ အဆင်းရူပါရုံရှိတိုင်းလဲ မဖြစ်သေးပါဘူး၊ အရောင်အလင်း, မြင်လောက်တဲ့ အရောင်အလင်းလဲ ရှိဦးမှတဲ့၊ အဲဒီမြင်လောက်တဲ့ အရောင်အလင်းဆိုတာ မှောင်ထဲ မြင်တတ်တဲ့ ကြောင်တို့ ဘာတို့ ဇီးကွက်တို့ သတ္တဝါတွေ သူတို့မြင်နိုင်တဲ့ သူတို့ အရောင်အလင်း ရှိတယ်၊ မြင်နိုင်တဲ့အရောင်အလင်း ရှိဦးမှတဲ့၊ အရောင်အလင်း ရှိပေမယ်လို့, စက္ခုပသာဒ, ရူပါရုံရှိပေမယ်လို့ သူ့ကို သတိစိုက်လိုက်တဲ့, အာရုံစိုက်လိုက်တယ်ဆိုတဲ့ မနသိကာရ နှလုံးသွင်း ရှိဦးမှတဲ့၊ အဲဒီလေးပါး စုံလို့ရှိရင် ဘယ်သူတားလို့မှ မရဘူး၊ စက္ခုဝိညာဏ် ဖြစ်တာပဲ၊ ဘယ်သူလာတားလို့မှ မရဘူး၊ ဘယ်ဘုရားလာတားလို့မှ မရဘူး၊ ဘုန်းကြီးတို့ သုံးလူ့ထွတ်ထား မြတ်စွာဘုရားတားတောင် မရဘူး၊ စက္ခုဝိညာဏ် ဖြစ်တယ်၊ ဒီ အကြောင်းစုံလာလို့ရှိရင်၊ ကဲ–အတ္တ ဘာဆိုင်လဲ၊ အတ္တ ဘာဆိုင်လဲ၊ ဖြစ်အောင်လဲ သူမတတ်နိုင်ဘူး၊ ဖြစ်ဖို့အကြောင်းစုံလာတော့လဲ သူဘာမှ မတားနိုင်ဘူး၊ ဘာလဲ ဒီအတ္တဟာ ရှိသေးသလား၊ ဒီ ပြုစုနိုင်တဲ့ သတ္တိမရှိတဲ့အတ္တ ဘာလုပ်ဖို့လဲ။

**မြင်မှုကိစ္စ၌ ဖဿ ဝေဒနာဖြစ်ပုံ။ ။"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"**

မြင်ရော ရူပါရုံ၊ အဲဒီမြင်တဲ့ဟာက ဘာဖြစ်သလဲဆိုတော့ မြင်ဆိုရင်ပဲ **ဖဿ**၊ မြင်ဆိုတာနဲ့ တစ်ပြိုင်နက် **ဖဿ**ပါလာတယ်၊ အထိဓာတ် ပါလာတယ်၊ ထိလို့ မြင်တာ၊ ဒီလို ကပ်ပြီးထိတာ မဟုတ်ဘူး၊ ဓာတ်ခိုက်တဲ့အထိမျိုးထိတာ **ဖဿ**၊ ဖဿဖြစ်ရင် ဘာဖြစ်သလဲ၊ **"ဖဿပစ္စယာ–ဖဿဟူသောအကြောင်းကြောင့်၊ ဝေဒနာ–အကောင်း အဆိုးကို ခံစားတတ်သော ဝေဒနာသည်၊ သမ္ဘဝတိ–ဖြစ်၏"**။

သိပ်ရှင်းတာ, သိပ်ရှင်းတာ, သိပ်ရှင်းတာ၊ ဖဿဖြစ်ရင် ခံစားမှု ဝေဒနာပါပြီ၊ ဝေဒနာက သုံးမျိုးရှိတယ်၊ ဟို–ကောင်းတဲ့ ကိုယ် သဘောကျတဲ့အာရုံ ရူပါရုံခံစားတဲ့ ဝေဒနာက အင်မတန် သာယာ တတ်တဲ့ **သုခဝေဒနာ**ဆိုတဲ့ ဝေဒနာဖြစ်တယ်၊ ဘယ်သူကမှ လာ လုပ်ပေးတာမဟုတ်ဘူး၊ သုခဝေဒနာဆိုတဲ့ ဝေဒနာစေတသိက်ဖြစ်တာ၊ မကောင်းတဲ့ ကိုယ်မကြိုက်တဲ့ ရူပါရုံကို မြင်တဲ့အခါမှာဖြစ်တဲ့ ဝေဒနာက ဒုက္ခဆိုတဲ့ ဝေဒနာဖြစ်တယ်၊ မကြိုက်ပါဘူး,မကြိုက်ပါဘူး, သဘောမကျပါဘူး၊ **ဒုက္ခဝေဒနာ**ဖြစ်တယ်၊ သိပ်လဲ ကိုယ်နှစ်သက်တာ မဟုတ်ဘူး၊ မနှစ်သက်တာလဲ မဟုတ်ဘူး၊ ကြားအာရုံ ရူပါရုံကို မြင်ရတဲ့အခါကျတော့ **ဥပေက္ခာဝေဒနာ**ဆိုတာ ဖြစ်တယ်၊ ဥပေက္ခာ ဝေဒနာ၊ စက္ခုဝိညာဏ်နဲ့ တွဲပြီးဖြစ်တာမဟုတ်ဘူး၊ စက္ခုဝိညာဏ်ပြီး တော့ နောက်နားက လိုက်လာတဲ့ စိတ်တွေထဲမှာ သုခ,ဒုက္ခ,ဥပေက္ခာ။

စက္ခုဝိညာဏ် ဖြစ်တုန်းကတော့ ဘာမှ မဟုတ်သေးပါဘူး၊ မြင်လိုက် သာမန်ပါပဲ၊ သူက ဥပေက္ခာနဲ့ မြင်လိုက်တာ၊ နောက်တော့ **"ဖဿပစ္စယာ ဝေဒနာ"**လို့ မြင်လိုက်တယ်၊ ဝေဒနာက ခံစား, ခံစားလိုက်တယ်၊ မကောင်းလဲ မကောင်းသလိုဘဲ မှဲ့မှဲ့ရှုံ့ရှုံ့ ခံစား လိုက်တယ်၊ ကောင်းလဲ ကောင်းသလိုပဲ ပြုံးပြုံးရွှင်ရွှင် ခံစားလိုက် တယ်၊ အကောင်းလဲမဟုတ် မကောင်းလဲမဟုတ် ဆိုလို့ရှိရင်လဲ သာမန် လျစ်လျူရှုပြီးတော့ ခံစားလိုက်တယ်။

တယ်ကောင်းတယ်, တယ်ကောင်းတယ်၊ ဘုရားပွင့်မှ သိရတဲ့ တရားတွေ မြတ်စွာဘုရားကြောင့် သိရတဲ့ တရားတွေ၊ ဘယ်မလဲ ခံစားတာ၊ အတ္တက ဘာတတ်နိုင်လဲ၊ ဖဿဖြစ်လို့ရှိရင် ဝေဒနာ မဖြစ်ပါနဲ့လို့ ဘယ်ဘုရားမှ တားလို့မရဘူး၊ ဖဿဖြစ်လို့ရှိရင် ဝေဒနာဖြစ်မယ်။

**ဝေဒနာကနေ တဏှာ** အဲဒီ ဝေဒနာ ဖြစ်ပြီးတဲ့နောက် **ဆက်မလာအောင် တရားတွေဟော "ဝေဒနာပစ္စယာ တဏှာ"**မလိုက် အောင် မြတ်စွာဘုရားက တရား တွေ နင်းပြီးတော့ အများကြီး ဟောတော်မူတာပဲ၊ တဏှာမလိုက် အောင်လို့၊ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း မချုပ်တည်းတတ် လို့ရှိရင် တဏှာလိုက်တယ်, ဥပါဒါန်လိုက်တယ်, ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးကံတွေ လိုက်တယ်။

မြတ်စွာဘုရားက အဲဒီဘက် မသွားရအောင်လို့ ဝေဒနာဖြစ်လို့ ရှိရင် ရပ်ပြီးတော့ တရားနဲ့ ထိန်းနိုင်အောင်လို့ **"အနိစ္စ,အနိစ္စ,အနိစ္စ"** ရူပါရုံ စောစောကတဲက အနိစ္စ၊ ရူပါရုံလှလှလေး မြင်လို့ရှိရင် **အသုဘ** နှလုံးသွင်းထားပါ, **အသုဘ** နှလုံးသွင်းထားပါ၊ မြတ်စွာ ဘုရားက ဒါမှမဟုတ် မေတ္တာနဲ့ သဘောထားပါ၊ မေတ္တာစစ်စစ်နဲ့ သဘောထားလိုက်ပါ၊ အသုဘရင်လဲ နှလုံးသွင်းလိုက်ပါ။

မကောင်းတဲ့ ရွံစရာ,မုန်းစရာ,စက်ဆုပ်စရာဖြစ်တဲ့ ရူပါရုံမြင်လို့ ရှိရင် သင့်တင့်အောင် နှလုံးသွင်းလိုက်ပါ၊ ဒုက္ခိတသတ္တဝါ မကောင်းတဲ့ ရူပါရုံမြင်လို့ရှိရင်လဲ သနားစရာလေးပဲလို့ နှလုံးသွင်းလိုက်ပါ၊ ဒုက္ခိတသတ္တဝါ,ဆင်းရဲတဲ့သတ္တဝါမြင်လို့ရှိရင် ဩော်–တစ်ချိန်တုန်းက လေ သူနဲ့ငါဟာ ရင်းရင်းနှီးနှီး ဆွေမျိုးဉာတိအဖြစ်နဲ့ တစ်ယောက် အကျိုး တစ်ယောက် လိုလားခဲ့ကြမှာပဲလို့ မေတ္တာနဲ့ နှလုံးသွင်းလိုက် စမ်းပါ၊ ဒုက္ခိတသတ္တဝါကြည့်ပြီး ပြုံးလို့၊ ဒီတော့ကာ ဘုန်းကြီးတို့ တရားတော်က ဘယ်မှာလဲ အတ္တ၊ အသုံးချစရာ မရှိတော့ဘူး။

**အတ္တတစ်ခုမှ မပါ**။ ။ ဝေဒနာဖြစ်တယ်၊ ဝေဒနာဖြစ်တော့ တဏှာ မလိုက်အောင်လဲ တရားက ထိန်းတယ်၊ ဘုရားမထိန်းလို့ရှိရင်လဲ တဏှာလိုက်တယ်, ဥပါဒါန်လိုက်တယ်,

ကမ္မဘဝလိုက်တယ်၊ ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်ကိုလေ ဘုန်းကြီးတို့ သိပ်ကြည်ညိုတာပဲ၊ ဒါကြောင့် **"ကာရကော–ပြုရေး ပြုရာ, ပေါ်ပေါက်လာလျှင်, လျော်စွာတစ်ခုခုဖြင့်, ပြုစုလည်း ပြုစု တတ်ပေ၏"**ဆိုတာဟာ မဟုတ်တော့ဘူး၊ ဘုန်းကြီးတို့ ရုပ်နာမ် ပေါင်းစပ်ပြီးသကာလ ပြုစုထားတာ, ရုပ်နာမ်ပေါင်းစပ်ပြီးသကာလ သွားတယ်,လာတယ်,ထိုင်တယ်,ရပ်တယ်ဖြစ်တယ်၊ ရုပ်နာမ် ပေါင်း စပ်ပြီးသကာလ ရူပါရုံတွေ မြင်တယ်, သဒ္ဒါရုံတွေ ကြားတယ်, ဂန္ဓာရုံအနံ့တွေ နံတယ်, ရသာရုံအရသာတွေ စားတယ်, ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိတွေ တွေ့ကြ ထိကြတယ်၊ ဒီ့ပြင် အာရုံငါးပါးမှ အလွတ်ဖြစ်တဲ့ ဓမ္မာရုံဆိုတဲ့ အာရုံတွေကို စိတ်နဲ့ သိကြတယ်၊ အဲဒါတွေ အတ္တတစ်ခုမှ မပါဘူး၊ ဒါကြောင့်–

**ဗြဟ္မာ ဗိဿနိုး ထာဝရတန်ခိုးမဟုတ်**

**န ကောစိ ဒေဝေါ ဗြဟ္မာ ဝါ, သံသာရဿတ္ထိ ကာရကော၊**
**သုဒ္ဓဓမ္မာ ပဝတ္တန္တိ, ဟေတုသမ္ဘာရပစ္စယာ။**

ဋ္ဌေ–ရုပ်နာမ်အပေါင်း, အကြောင်းအားလျော်စွာ, ဖြစ်ပျက်၍ နေရာ၌၊ ဒေဝေါ ဝါ–ကျေးဇူးကိုတင်, ဂုဏ်အင်ကိုမှတ်, ပျပ်ဝပ် ရှိခိုးဖို့, ဗိဿနိုးနတ်မင်းသည်လည်းကောင်း၊ ဗြဟ္မာ ဝါ–ကမ္ဘာကို စနိုင်သည့်, ထာဝရသခင်, အရှင်ဗြဟ္မာမင်းကြီးသည်လည်းကောင်း၊ ကောစိ–တစ်စုံတစ်ယောက်လေမျှ၊ န ဟိ အတ္ထိ–အကြောင်းအကျိုးကို စစ်က, စင်စစ်ဧကန်, မရှိရိုးအမှန်ပင်တည်း။

သေသေချာချာ လိုက်လိုက်တော့ ဘယ်သူမှ မလုပ်နိုင်ဘူး၊ ဒီလို ဖြစ်အောင် ဟို–ကမ္ဘာကို ဖန်ဆင်းနိုင်တဲ့ ထာရဝသခင် ဗြဟ္မာမင်း ကြီးလဲ မတတ်နိုင်ပါဘူး၊ စက္ခုပသာဒနဲ့ ရူပါရုံနဲ့ အကြောင်း ဆုံလို့ စက္ခုဝိညာဏ်ဖြစ်တာပဲ ရှိတယ်၊ ဗြဟ္မာမင်းကြီး ဘာမှ

စက္ခုဝိညာဏ်ဖြစ်အောင် မတတ်နိုင်ဘူး၊ ဝမ်းထဲမှာရှိတဲ့ **ဇီဝ–** အသက်ကောင်ဆိုတဲ့, ဝိညာဉ်ကောင်ဆိုတဲ့, အတ္တဆိုတဲ့ အရာဝတ္ထုလဲ မတတ်နိုင်ဘူး၊ အကြောင်းဆုံလာလို့ရှိရင် ဖြစ်တာပဲ။

ဘုန်းကြီးတို့ မြတ်စွာဘုရားကလဲ **"ကိုယ်တော်မြတ်က တတ်နိုင်တယ်"**လို့ မဟောပါဘူး၊ **"ငါဘုရား တတ်နိုင်တယ်"**လို့ မဟောပါဘူး၊ ဒီလို ဒီလို ဖြစ်တယ်, ဒီလို ဒီလို ဖြစ်တယ်၊ ဒီလိုလုပ်ရင် ဒီလို အကျိုးရမယ်၊ ဒီလို စိတ်ထားရင် ဒီလို အကျိုးရှိတယ်၊ ဘုရားက ဒီလိုသာ ဟောတာ၊ ငါဘုရား ဘယ်လို ဖန်ဆင်းပေးမယ်လို့ ဘယ်တစ်နေရာမှ ဟောတော်မမူဘူး၊ အကြောင်းအကျိုးတွေတော့ စုံစုံလင်လင် ဟောတော်မူတာပဲ။

**"န ဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ, သံသာရဿတ္ထိ ကာရကော"**

**"ဧတ္ထ–ရုပ်နာမ်အပေါင်း, အကြောင်းအားလျော်စွာ, ဖြစ်ပျက်၍နေရာ၌၊ သံသာရဿ–အဆက်မပြတ်, ဖက်စပ်တုံ့ပြန်, ရုပ်နာမ်ခန္ဓာ, သံသရာကြီးကို၊ ကာရကော–မဖြစ် ဖြစ်အောင်, တည်ထောင်ဖန်ဆင်းနိုင်သော၊ ဒေဝေါ ဝါ–ကျေးဇူးကိုတင်, ဂုဏ်အင်ကိုမှတ်, ပျပ်ဝပ်ရှိခိုးဖို့, ဗိဿနိုးနတ်မင်းသည်လည်းကောင်း"** ဗိဿနိုးနတ်မင်းကြီးက ကမ္ဘာကို ဖန်ဆင်းထားတယ်လို့ ဒီလို ယူကြတယ်ကိုး၊ **"ဗြဟ္မာ ဝါ–ကမ္ဘာကိုစနိုင်သည့်, ထာဝရသခင်, အရှင်ဗြဟ္မာမင်းကြီးသည်လည်းကောင်း၊ န ဟိ ဟောတိ–ရှေ့နောက်ပေါင်းလစ်, အကြောင်းစစ်က, စင်စစ်ကေန်, မရှိရိုးအမှန်ပင်တည်း၊ သုဒ္ဓဓမ္မာ–အနှစ်သာရ, အတ္တမဖက်, သက်သက်ရုပ်နာမ်တရားတို့ချည်းသာ၊ ဟေတုသမ္ဘာရပစ္စယာ–အကြောင်း အဆောက်အအုံ, လောက်လုံသိုက်မြိုက်, တိုက်ဆိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင်၊ ဟောတိ–အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍ လာရပေသတည်း"**။

51 (B)

**နိဗ္ဗာန်မှာ အတ္တရှိသေးသလား။** ။ဒီတော့ ဘုန်းကြီးတို့ တရားကလေ အင်မတန်ကောင်းတယ်၊ ဘေးက မေးလေ ဒီက ဖြေရှင်းစရာတွေပေါ့လေ၊ ခု–ဘုန်းကြီး ပြောခဲ့ပြီ မဟုတ်လား၊ ရုပ်နာမ်ငါးပါး, ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးကို ဖယ်ထားလိုက်တော့ အတ္တတစ်ခု ကျန်နေသေး တယ်လို့၊ ဒီလိုပြောနေကြပါတယ်၊ ပြောနေတဲ့ပုဂ္ဂိုလ်တွေက သာမန် ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဟို–အနောက်နိုင်ငံမှာ ဆိုလို့ရှိရင် တကယ့် ပညာရှိတွေ၊ ဟို–တိဗက်တို့ ဘာတို့ဆိုတဲ့ ဗုဒ္ဓသာသနာတော်ဝင်တဲ့ ပုဂ္ဂိုလ်တွေလဲ တကယ့်သူတော်ကောင်းပညာရှိတွေ၊ ဒီလို ပုဂ္ဂိုလ်တွေမှာ အတ္တ ကျန်နေတယ်၊ ကျန်တာမှ နိဗ္ဗာန်အထိ အတ္တ ကျန်နေတယ်။

အဲဒီအတ္တ မကျန်ပါဘူး၊ ဒါဖြင့်ကို တပည့်တော် နိဗ္ဗာန် မြန်မြန် ရရပါလိုရဲ့လို့ ဆုတောင်းတဲ့ပုဂ္ဂိုလ်တွေက ဘာတုန်းဆိုတော့ သူတို့ ကိုယ်တိုင်အတ္တရှိတယ်ထင်လို့ တောင်းတာကလဲ တချို့ပါတယ်၊ တချို့ကလဲ ပြောရိုးဆိုစဉ် တောင်းလိုက်တာပါ၊ အတ္တရှိလို့တော့ မဟုတ်ပါဘူး၊ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းမှာပါပဲလို့ ဒီလိုနားလည်လို့ တောင်းတဲ့သူကလဲ ရှိလိမ့်မယ်၊ ဒီလို နားလည်လို့ ကုသိုလ်ပြုတဲ့ လူကလဲ ရှိလိမ့်မယ်။

ဒီတော့ အမှန်အားဖြင့် ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းလို့ရှိရင် ဘာ အရာဝတ္ထုကိုမှ ရှာလို့တော့ ရလိမ့်မယ်မထင်နဲ့၊ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်း၍ အေးမြတဲ့ဓာတ်တစ်မျိုးပဲ ရှိမှာပဲ၊ ဒို့ပြင် ဘာမှ မရှိပါ ဘူး၊ ဒီတော့ လူတွေရဲ့ပြောတဲ့ ဟာကိုလဲပဲ တချို့မှားလို့ ပြောတာ၊ တချို့လဲ ပြောရိုးဆိုစဉ် ပြောတာ။

**ငါ့ဥစ္စာမဟုတ်ဆိုတာ ငါရှိလို့လား** ဘုရားရှင်ကိုယ်တော်မြတ်က **"တော်-ဤရုပ်တရားသည်၊ န မမ-ငါ့ဟာမဟုတ်,ငါ့ဥစ္စာမဟုတ်"**လို့ ဟောတော်မူတာကလဲ တကယ်ငါကရှိလို့ ဟောတာမဟုတ်ဘူး အားလုံး ပြောရိုးဆိုစဉ် နားလည်ပါစေတော့လို့ သမ္မုတိသစ္စာ အနေဘက်ကနေပြီးသကာလ ဟောတာ၊ ဒါကြောင့် မြတ်စွာဘုရားကလဲ အတ္တရှိတယ်လို့ မဟောပါဘူး။

**"အတ္တာ ဟိ အတ္တနော နာထော" "အတ္တာ ဟိ အတ္တာဝေ-မိမိသည်ပင်၊ အတ္တနော-မိမိ၏၊ နာထော-ကိုးကွယ်ရာတည်း"**လို့ ဟောတော်မူတာကလဲ အားလုံးပြောရိုးပြောစဉ် သမ္မုတိသစ္စာ, သမ္မုတိဆိုတာ အများ သမုတ်ထားတာ၊ အများက ငါရယ်,သူရယ်,မိန်းမရယ်, ယောကျ်ားရယ်,နတ်ရယ်,ဗြဟ္မာရယ်လို့ သမုတ်ထားတာလို့ အများသမုတ်တဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်က အများ နားလည်အောင်လို့, အများလိုက်နာချင်အောင်လို့ ဟောတာ၊ ဒါကြောင့်-

**"ဒုဝေ သစ္စာနိ အက္ခာသိ, သမ္ဗုဒ္ဓေါ ဝဒတံ ဝရော"**။

**"ဝဒတံ-ဟောဖော်ညွှန်ပြ, ဆုံးမတော်မူတတ်တဲ့, ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့တွင်၊ ဝရော-အမြတ်ဆုံးဖြစ်တော်မူသော၊ သမ္ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဒုဝေ-အများ အသိအမှတ်ပြုအပ်လို့ သမ္မုတိသစ္စာဖြစ်တဲ့ သစ္စာတစ်မျိုး, အများက နားမလည်ဘဲ ရုပ်နာမ်ခန္ဓာဟူသော ပရမတ္ထသစ္စာတစ်မျိုး, ဤသို့အားဖြင့် နှစ်မျိုးကုန်သော၊ သစ္စာနိ-မှန်ကန်တဲ့ တရားတို့ကို၊ အက္ခာသိ-ဟောပြတော်မူလေ့ရှိပါပေသတည်း"**လို့ မြတ်စွာဘုရားက နှစ်မျိုး ဟောတာပါ။

နှစ်မျိုးဟောတာမှာ အများအားဖြင့်လေ သမ္မုတိသစ္စာနယ်က ဟောမှ လူတွေက နားလည်တယ်၊ နတ်တွေကလဲ ဒီတော့မှ နားလည်တယ်၊ ယောကျ်ားပဲ, မိန်းမပဲ, ဘယ်သူပဲ, **အနာထပိဏ်**သူဌေးပဲ,

**ဝိသာခါ**ကျောင်းအမပဲ စသည်, **အရှင်သာရိပုတ္တရာ, အရှင်အာနန္ဒာ, အရှင်မောဂ္ဂလ္လာန်** စသည်, ငါဘုရားစသည် ဒီလိုဟောမှ ပြောမှ အများက နားလည်တယ်၊ အများက ကျေနပ်တယ်။

ဒါကြောင့် အများ နားလည်တဲ့ စကားလုံးသုံးပြီးသကာလ မြတ်စွာဘုရားက အများ ကျေနပ်အောင် သမ္မုတိသစ္စာနယ်ကနေပြီး သကာလ **"ငါဘုရား "ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာ" ဒီလိုစသည် အားဖြင့် ဟောတော်မူခြင်းဖြစ်တယ်၊ ရုပ်နာမ်ခန္ဓာကို ဖယ်ထား၍ အတ္တတစ်မျိုး ရှိခြင်းကြောင့် ဟောတော်မူခြင်း မဟုတ်ပါဘူး"**လို့၊ အဲသလို သဘောထားပြီးသကာလ **"အင်း–ဒီရုပ် ဒီနာမ် ဒီခန္ဓာကိုယ်ကြီးဟာ အနိစ္စ–မမြဲရုံ၊ ဒုက္ခ–ဖြစ်ချည် ပျက်ချည် အတည်မကျဆင်းရဲရုံတင်မကဘူး၊ အနှစ်သာရ ဘာမှ မရှိတဲ့ ငါလဲမဟုတ်, သူလဲမဟုတ် တကယ်စင်စစ် ရုပ်တရား နာမ်တရားတွေသာဟုတ်တဲ့ အနတ္တ ရုပ်နာမ်ခန္ဓာချည်းပါလား"**လို့ အဲဒီလို နှစ်နှစ်ကာကာ သတိထား၍ ကိုယ်စီကိုယ်ငှ ဘာဝနာပွားသကဲ့သို့ ပွားများနိုင်ကြစေကုန်သတည်း။

**သာဓု ...သာဓု ... သာဓု။**

**တတိယနေ့ ပြီး၏။**

ကျေးရူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ၏

# အနတ္တလက္ခဏသုတ် တရားတော်

စတုတ္ထနေ့
သာသနာတော်၂၄၉၄-ခုနှစ်၊ ကောဇာ ၁၃၁၂-ခုနှစ်။

+++++++++++

## ဉာဏ်မမီတော့ မှန်လျက်သားနဲ့ အသိခက်

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ, ဝါလဂ္ဂံ ဉသုနာ ယထာ၊**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ, ပရတော နော စ အတ္တတော။**

**"သုခုမံ-သာမန်ဉာဏ်များ, မကြံအားဖို့, ဖန်ထားလေဟန်, အနေမှန်လျက်, ကေန်ခက်ခဲ, သိမ်မွေ့နက်နဲတဲ့, အနတ္တအချက်အလက်ကို"** ဒီ သိမ်မွေ့တယ်, နက်နဲတယ်၊ ဒီလောကကြီးထဲမှာ နက်တဲ့ရေကို တိုင်းရင် အဲဒီရေကို မီနိုင်တဲ့ ကြိုးတို့, တာဝါးတို့ ဒီလိုနဲ့ တိုင်းမှ ဒါဟာတောင် ရေက သိပ်နက်လို့ရှိရင် တိုင်းတဲ့ကြိုးက ချကြည့်လို့ မမီပဲနဲ့ လိုနေတတ်သေးတယ်၊ ဒီလိုနက်ရင် အင်မတန် သိမ်မွေ့တဲ့ အရာဝတ္ထုကို ကြည့်လို့ရှိရင် မှန်ဘီလူး, အင်မတန် ကောင်းတဲ့ မှန်ဘီလူးနဲ့ ကြည့်မှ မြင်တယ်။

ယခု အနတ္တအချက်အလက်ဆိုတာ မဟုတ်ဘဲနဲ့ ကြံပြီးတော့ ရှေးက တိတ္ထိဆိုပေမယ့် ပညာရှိတွေ, ပညာရှိတွေ ကြံပြီးတော့ထားတဲ့ တရားဖြစ်နေတယ်၊ ဟုတ်လဲ မဟုတ်ဘဲနဲ့၊ နောက် တယ်နက်နဲ, အဲဒီ နက်နဲတဲ့ တရားကို နက်နဲတဲ့ ဉာဏ်နဲ့မှ စဉ်းစားလို့ ကြံလို့ ရတယ်။

များစွာသော ဘုန်းကြီးတို့ လူများက မိရိုးဖလာဒါန ပြုတတ်တယ်၊ သီလဆောက်တည်တတ်တယ်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတတ်တယ်လို့ ဆိုပေမယ့် အဲသလို နက်နက်နဲနဲကျတော့ မကြံချင်ဘူး၊ ကြံလေ့မရှိဘူး၊ ကြံဖို့ရာဉာဏ်က မမီဘူး၊ ဒါကြောင့်**"သုခုမ-သာမန်ဉာဏ်များ၊ မကြံအားဖို့ (မကြံနိုင်ဖို့)၊ ဖန်ထားလေဟန်၊ အနေမှန်လျက်"**။

မှန်တော့ အမှန်ပဲ၊ ရုပ်ပဲ၊ အမှန်ပဲ၊ အဲဒါကို ပြီးတော့ ရုပ်ကို အတ္တ-ငါလို့ စွဲထားတယ်၊ မှန်တာကတော့ အမှန်ပဲ၊ ဝေဒနာပဲ၊ သညာပဲ၊ သင်္ခါရပဲ၊ ဝိညာဉ်ပဲ၊ ဒါကို စွဲတဲ့သူက ငါ,ငါ၊ အတ္တ၊ အတ္တ၊ အသက်,အသက် အဲသလို ကြံဖန်ပြီးတော့ စွဲနေလို့ သဟာကို ဉာဏ်နဲ့လိုက်ပြီး စဉ်းစားတော့ မှန်ရက်သားနဲ့ အသိခက်သွားတယ်။

**"သုခုမ-သာမန်ဉာဏ်များ၊ မကြံအားဖို့၊ ဖန်ထားလေဟန်၊ အနေမှန်လျက်၊ ကောန်ခက်ခဲ၊ သိမ်မွေ့နက်နဲတဲ့၊ အနတ္တအချက်အလက်ကို"** ခန္ဓာငါးပါးက အမှန်ရှိလျက်သားနဲ့ အဲဒါကို လွှန်ပြီးတော့ ကြံထားလို့ အလိုက်ခက်နေတာ၊ **"ကောန်ခက်ခဲ၊ သိမ်မွေ့နက်နဲတဲ့၊ အနတ္တအချက်အလက်ကို"**အဲသလို ပြောခဲ့ရတယ်၊ ဒီတော့ ဘုန်းကြီးအရှင်နေ့များက ပြောတဲ့အတိုင်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာငါးပါးဟာ အတ္တမဟုတ်ပါဘူးလို့ဆိုတော့ တချို့လူများက၊ စဉ်းစားတဲ့လူများက ဒီလိုမဟုတ်လို့ရှိရင် **"တပည့်တော်၊ ငါ၊ သူ၊ အတ္တာ ဟိ အတ္တနော နာထော"**ဆိုတာ ဘယ့်နှယ်တုန်းနဲ့ ကြံလိုက်ကြတာ၊ အဲဒီ ကြံတဲ့ဟာတွေကို ပြေလည်အောင် မနေ့တုန်းက ပြောခဲ့တယ်နော်။

**ရဟန်းတစ်ပါး စဉ်းစားပုံ**။ ။တစ်နေ့တော့ တချို့က ကြံပြန်တယ်၊ မြတ်စွာဘုရားက **"ရုပ်ဟာ အနတ္တပဲ၊ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟာ အနတ္တပဲ"**လို့ ဟောတော်မူရင်ပဲ၊

ဟောတော်မူတယ်ဆိုတာ အခုအနတ္တလက္ခဏသုတ် ဒီနေရာ **မိဂဒါဝုန်** မှာ ဟောတဲ့ ပဌမအကြိမ် မဟုတ်ပါဘူး၊ မြတ်စွာဘုရားက ဒီလို အနိစ္စ,ဒုက္ခ,အနတ္တအကြောင်းတွေကို မကြာခဏ ဟောတော်မူတော့ ဟို–သာသနာ အစဉ်အဆက်မှာ အတော်ကြာကြာ ရဟန်းသံဃာတွေ ပေါ်လာတဲ့အချိန်လဲပဲ ရုပ်ဟာ အနတ္တပဲလို့ မကြာခဏ ဟောပေးနေရတယ်၊ အဲသလို ဟောပေးတော့ ရဟန်းတစ်ပါးက မြတ်စွာဘုရား ဟောရင်းကို စဉ်းစားတယ်၊ **"အနတ္တကတာနိ–အနတ္တဖြစ်တဲ့ ရုပ်နာမ် ခန္ဓာငါးပါးက ပြုထားအပ်ကုန်သော၊ ကမ္မာနိ–ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကံတို့သည်၊ ပေစ္စ–တမလွန်ဘဝ၌၊ ကံ အတ္တနံ– အဘယ်အတ္တသို့၊ ဖုသိဿန္တိ–ရောက်ကုန်တော့လတ္တံ့နည်း"**။

ဒီက ရုပ်က အနိစ္စလဲ ဆိုတယ်, အနတ္တလဲ ဆိုတယ်၊ ဖြစ်ပြီးတော့ ဒီမှာပျက်တယ်လို့ ဆိုတယ်၊ ဝေဒနာ,သညာ,သင်္ခါရတွေက အနိစ္စလို့ ဆိုတယ်၊ အတ္တလဲမရှိဘူးလို့ ဆိုတယ်၊ သူတို့လဲ အတ္တ မဟုတ်ဘူး၊ ဒိပြင်လဲ အတ္တမရှိဘူးလို့ ဆိုတယ်၊ အနိစ္စဖြစ်လို့လဲ ဖြစ်ပြီးတော့ ပျက်တယ်လို့ ဆိုတယ်၊ ဒီတော့ ဒီဘဝတို့လို ရှေးရှေး ဘဝတို့လိုက ပြုတဲ့ကံတွေဟာ ဘယ်သူသွားပြီးတော့ ခံစားမှာတုန်း၊ အဲဒါ ရဟန်း,ရဟန်း,ရဟန်း၊ သာမန် အရပ်ထဲမှာ နေတဲ့လူမဟုတ်ဘူး၊ တရားတွေ ကြားထဲမှာနေတဲ့ ရဟန်းက စဉ်းစားတယ်၊ စဉ်းစားလဲ စဉ်းစားပေမှာပေါ့၊ အဲဒီဟာတွေကို ခုရှင်းသွားစေရမယ်နော်။

**ဣန္ဒကနတ်လျှောက်ထားချက်**။ ။တစ်ခါ **ဣန္ဒက**ဆိုတဲ့ နတ်တစ်ယောက်က မြတ်စွာဘုရားထံ လာပြီး လျှောက်တယ် **"ဗုဒ္ဓါ–ပွင့်တော်မူကြကုန် ဘုရားရှင်တို့သည်၊ ရူပံ–ဤ ရုပ်ခန္ဓာကြီးကို၊ န ဇီဝံတိ–အသက်, ဇီဝ, အတ္တမဟုတ် ဟူ၍၊ ဝဒန္တိ–ဟောပြောလေ့ရှိတော်မူကြကုန်၏၊ ဝဲသတိ–ဤသို့ ရုပ်ခန္ဓာကြီးက အတ္တ မဟုတ်လို့ရှိလျှင်၊ ဂစ္ဆရသို–စားလိုက်သမျှ,**

**တစ်ညဥ့်ကျလျှင်, မွမွချေလိုက်, အမိဝမ်းတိုက်၌၊ ကထံ ဥပေတိ–အဘယ်သို့ ကပ်ရောက်ပါသနည်း၊ ကထံ တိဋ္ဌတိ–အဘယ်သို့ မပျက်မစီးဘဲ တည်နေနိုင်ပါသနည်း"**။

**ဣန္ဒကနတ် စဉ်းစားယူဆပုံ**။ ။မြတ်စွာဘုရားအဆူဆူ ပွင့်လာပြီဆို ဟောကြတယ်၊ **"ရုပ်ကြီး အတ္တ မဟုတ်ဘူး၊ အသက်ကောင် မဟုတ်ဘူး၊ ဝိညာဉ်ကောင် မဟုတ်ဘူး၊ လိပ်ပြာကောင် မဟုတ်ဘူး၊ အနှစ်သာရ ဘာမှ မရှိဘူး၊ အနိစ္စချည်းပဲ"**လို့ ဟောကြတယ်။

အဲသလို ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ဟောကြတော့ကာ ဟိုသတ္တဝါတစ်ယောက် အမေ့ဝမ်းထဲမှာ သန္ဓေတည်တယ်ဆိုတော့ အမေ့ဝမ်းထဲက အင်မတန် ပူပြီးတော့နေတာ၊ ဟို–အမိဝမ်းထဲမှာ စားလိုက်ပြီဆိုလို့ရှိရင် အင်မတန်မာတဲ့ မကျေနိုင်ဘူးဆိုတဲ့ အစာဝတ္ထုတွေ, တော်တော်တန်တန် အရိုးတွေ, ဘာတွေပါ အမိဝမ်းထဲကျရင် ကြေညက်ပြီးသွားရတယ်၊ အဲဒါလောက် ပူတဲ့ ဝမ်းမီး ရှိတယ်၊ အမိဝမ်းထဲမှာ အတ္တရှိလို့သာ ခံနိုင်တာပေါ့၊ အတ္တက အမာခံ အနှစ်ကလေး၊ မပျက်မစီးနိုင်တဲ့ အတ္တရှိလို့သာ ခံနိုင်ရည် ရှိတယ်လို့ ဆိုရမယ်။

ခုတော့ ဘုရားရှင်တိုင်း,ဘုရားရှင်တိုင်းက **"အနတ္တ,အနတ္တ၊ အတ္တ မရှိဘူး၊ အနှစ်သာရ မရှိဘူး၊ ဖြစ်ပြီး ပျက်တာချည်းပဲ"**လို့ အဲသလို ချည်း အမိန့်တော်ရှိနေကြတော့ အဲသလိုချည်း အမိဝမ်းထဲ ပဌမဆုံး သွားကပ်ဖို့, ပဋိသန္ဓေတည်ဖို့, ဘယ်လောက်များ ခက်သွားတုန်း၊ အမိဝမ်းထဲ သွားကပ် သန္ဓေ တည်ပြီးတော့ကို ကိုးလ,ဆယ်လ အဲဒီထဲမှာ မကျေမပျက်ဘဲနဲ့, မကြေမမွဘဲနဲ့, မပျက်မစီးဘဲနဲ့ ဘယ့်နှယ်လုပ်ပြီးတော့ တည်နိုင်ပါမတုန်းလို့ မြတ်စွာဘုရားကို လာပြီး လျှောက်တယ်၊ လျှောက်ချင်စရာ, လျှောက်ချင်စရာ။

**လျှောက်ချင်စရာ,စဉ်းစားချင်စရာတွေပဲ။** ။ အဲဒီ **ဣန္နကာ**နတ်က ရုပ်ကို အတ္တလို့ သူက စွဲထား တယ်၊ အတ္တရှိလို့သာ ခံနိုင်ရည်ရှိတာ၊ အမိဝမ်းထဲမှာ အတ္တဆိုတဲ့ အနှစ် အမာခံ မပါလို့ရှိရင် ဘယ်ခံနိုင်မလဲ, ကြေမွသွားမှာပေါ့၊ ဒီထက်မကဟာကလေးတွေတောင် ကြေကုန်သေးတဲ့ဟာပဲ၊ အဲဒီတော့ ဘယ့်နှယ်လုပ်ပြီးတော့ အတ္တမရှိရင် တည်နေနိုင်မလဲလို့ မြတ်စွာ ဘုရားကို လျှောက်တယ်၊ လျှောက်ချင်စရာပါ, လျှောက်ချင်စရာပါ။

ခု ဘုန်းကြီးတို့ မြန်မာလူမျိုးများက အဲဒီအထိ မစဉ်းစားလို့၊ ခုနက ရဟန်းစဉ်းစားတာလဲ စဉ်းစားချင်စရာ၊ မနေ့တုန်းက ပြောတယ်၊ ရုပ်တွေနာမ်တွေချည်းပဲ၊ အဲဒါတွေ ဒီဘဝမှာ ဖြစ်ပျက် ချည်းပဲ၊ အနှစ်သာရအတ္တဆိုတာ ဘာမှမရှိဘူး၊ ဟော–စက္ခုပသာဒ ရူပါရုံ အရောင်အလင်းနဲ့ တွေ့ဆုံပြီဆိုရင် စက္ခုဝိညာဏ်ဖြစ်, မြင်ရော၊ ဘယ်အတ္တကမှ မြင်တာမဟုတ်ဘူး၊ စက္ခုဝိညာဏ်ဖြစ်တော့ ဖဿဖြစ်လို့၊ **"ဖဿပစ္စယာ ဝေဒနာ"**ဆိုတဲ့အတိုင်း ဝေဒနာဆိုတဲ့ ခံစားမှုဖြစ်လာ၊ ဘယ်အတ္တကမှ ခံစားတာ မဟုတ်ပါဘူး၊ အကုန်လုံး ပြုတ်ကျန်နေရစ်တယ် ဒီဘဝမှာ။

ဒီတော့ ဒီဘဝမှာပြုတဲ့ ကောင်းကောင်းဆိုးဆိုး ကံတွေဟာ ဟို–နောက်နောက် နောက်နောက် ဘဝကျတော့ ဘယ်အတ္တက ခံစားမှာတုန်း၊ မကောင်းတဲ့ကံရဲ့အပြစ်ကို ဘယ်အတ္တက ခံမှာတုန်း၊ ကောင်းတဲ့ကံရဲ့ အကျိုးကို ဘယ်အတ္တက ခံစားမှာတုန်း၊ သူလဲ ကြံစရာပဲ။

မြန်မာတွေက လုံးလုံး လေးလေးနက်နက် လိုက်လေ့ပြုလေ့ မရှိလို့, စဉ်းစားလေ့ မရှိလို့, ဒီလိုနဲ့ပဲဒါန,သီလ,ဘာဝနာ မှန်မှန် ရိုးရိုးပြုတာနဲ့ပဲ ကျေနပ်သွားကြတယ်၊ ကျေသာ ကျေနပ်တာ သူတို့က၊

တပည့်တော် ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့နိဗ္ဗာန် မြန်မြန် ရောက်ရပါလိုရဲ့, ရရပါလိုရဲ့တွေနဲ့ သူတို့က အတ္တကြီးတွေနဲ့ ကမ္မဋ္ဌာန်းစီးဖြန်းနေလိုက်ကြတာ အတ္တကြီးတွေနဲ့၊ ဒါကြောင့် ဘုန်းကြီး အဲဒါကို ဒီနေ့ ရှင်းရမယ်၊ ဒီတော့ ပထမဆုံး ဘုန်းကြီးတို့ ကံအကြောင်းကို စဉ်းစားရအောင်။

## ကံဆိုတာ ဘာလဲ

**သန္တာနေဒံ ကမ္မံ နာမ, န နိရုဇ္ဈတိ သဗ္ဗသော၊**
**သဝိသေသံ နိစေတွာ ဟိ, သမယမှိ ဝိပစ္စတုံ။**

**"သန္တာနေ–ရုပ်နာမ်ခန္ဓာ အစဉ်၌၊ ဣဒံ ကမ္မံ နာမ–ကောင်းကောင်း ဆိုးဆိုး, အမျိုးမျိုးဖန်, ကံဟုခေါ်ရိုး, ဤစေတနာတရားမျိုးသည်"** ဘုန်းကြီးတို့ ကံတစ်ခုဖြစ်လိုက်၊ ယခု ဘုန်းကြီးက တရားဟောပြီးနေ တော့ တရားဟောတဲ့ အသံတွေ ထွက်အောင် လှုံ့ဆော်တဲ့ စိတ် စေတနာထဲမှာ စေတနာဆိုတာ ပါတယ်၊ ခု ဒီက လူငယ်များက ရဟန်းတော်များက တရားနာနေတော့ တရားစိတ်စိုက်နေတဲ့ စိတ် စေတနာ ဖြစ်နေတယ်၊ အဲဒါ ရိုးရိုးအချိန်နဲ့ တူရဲ့လားလို့ စဉ်းစား ကြည့်လိုက်စမ်း။

ဘုန်းကြီး ဟောပြီးတော့နေတဲ့ အသံထွက်အောင် လှုံ့ဆော်နေတဲ့ အချိန်မှာ ရိုးရိုး ဒိပြင်အချိန်မျိုး မဟုတ်ဘူး၊ တရားကိုလဲ စဉ်းစား တယ်၊ ဒီအသံဖမ်းနေတဲ့ သူတွေကိုလဲ နားလည်စေချင်တယ်၊ လှုံ့ဆော်နေတဲ့ စိတ်တွေဟာလေ၊ တရားကိုလဲ နားလည်စေချင်တယ်၊ အဲဒီတော့ စိတ်စေတနာတွေ အမျိုးမျိုး လှုံ့ဆော်နေတယ်၊ အဲဒီ စိတ်စေတနာဟာ ရိုးရိုးစေတနာမျိုး မဟုတ်ဘူး၊ ဒါမျိုးကို မြတ်စွာ ဘုရားက **"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"** ဒါဟာ အလုပ်တစ်ခု, စေတနာတစ်ခု, ကံတစ်ခုပါပဲတဲ့။

**လှုံ့ဆော်ပေးတဲ့ စေတနာ။** ။ခု တရားနာနေကြတယ်၊ ရဟန်းတော်များရော, ဒီကအသံဖမ်းနေတဲ့ ဒကာလေးတွေရော နားထောင်နေကြတယ်၊ ခါတိုင်း နားမထောင်ဘဲနဲ့ နေတဲ့စိတ်မျိုး မဟုတ်ပါဘူး၊ စိတ်တစ်မျိုးကလေး၊ အဲဒီစိတ်တစ်မျိုးကလေးထဲမှာ နားထောင်ဖို့ရာ လှုံ့ဆော်ပြီးတော့ပေးနေတဲ့ စေတနာပါတယ်၊ အဲဒီ စေတနာဟာ ကံပဲ၊ ဒီလို ကံတွေ, ဒါနပြုတော့လဲ ဒီလို ကံစေတနာတွေရှိတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ အလှူဒါနပေးနေ၊ ဥပမာ–ကျွေးပြီးတော့နေတယ်၊ သူများ စားကြသောက်ကြ, ဒီက ပြုံးပြုံး ပြုံးပြုံးနဲ့ လိုက်ကြပါ, ထည့်ကြပါ၊ ဟိုမှာ လိုနေပါသေးတယ်၊ မလိုပါစေနဲ့၊ လှုံ့ဆော်တဲ့ စိတ်တွေဟာ ဖြစ်နေတယ်၊ လှုံ့ဆော်တဲ့ စိတ်ကြောင့် ကိုယ်ကြီးကလဲ လှုပ်လှုပ်ရွရွနဲ့၊ ဟိုထည့်ပေး, ဒီထည့်ပေး၊ နှုတ်ကလဲ စားကြပါ, စားကြပါနဲ့ ဒီလိုဖြစ်၊ အဲဒါတွေ အတွင်း လှုံ့ဆော်နေတဲ့ စေတနာဟာ ကံပဲ၊ ဒါနပြုတော့လဲ အဲဒီစေတနာရှိတယ်၊ သီလဆောက်တည်တော့လဲ ဒီစေတနာရှိတယ်၊ ငါလေ ဒီကနေ့ ဥပုသ်သီတင်း ဆောက်တည်နေ တယ်၊ မကောင်းတာတွေ ငါမပြောဘူးနော်၊ မကောင်းတာတွေ ငါမလုပ်ဘူးနော်၊ ကောင်းတာချည်းပဲ ပြောမယ်၊ ကောင်းတာချည်းပဲ လုပ်မယ်၊ ကောင်းတာချည်းပဲ ကြံမယ်လို့ဆိုတဲ့ လှုံ့ဆော်နေတဲ့ စေတနာတွေရှိတယ်၊ ဘာဝနာကမ္မဋ္ဌာန်း ပွားများတဲ့အခါမှာလဲ ဒီအာရုံထင်ရစေမယ်ဆိုတဲ့ အနေမျိုးနဲ့ စိတ်ကို လှုံ့ဆော်ပြီးတော့ ကြိုးစားပြီးတော့ စိုက်ပြီးတော့နေတဲ့အချိန်မှာ စိတ်တစ်မျိုးရှိတယ်၊ အဲဒီ စိတ်တစ်မျိုးထဲမှာ ရိုးရိုးစိတ်မျိုး မဟုတ်ဘဲနဲ့ လှုံ့ဆော်တဲ့စေတနာ ပါနေတယ်၊ ဒါ ကံပဲ။

**ကံချုပ်သွားရင် ဘာမှမကျန်ဘူးလား။** ။**"သန္တာနေ–ရုပ်နာမ်ခန္ဓာ အစဉ်၌"** အဲဒီ ကံဟာ ဆိုကြပါစို့၊ ဟိုဘက်ဘဝတုန်းကလဲ ဒီလိုဖြစ်တယ်၊ ဒီဘက်ဘဝ

ယခု ဒီလိုဖြစ်နေတယ်၊ အဲဒီလို ဖြစ်နေတဲ့အချိန်မှာ စိတ်စိုက်ကြည့်စမ်း၊ ရုပ်ရယ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ရယ်၊ အဲဒီ သင်္ခါရဆိုတဲ့ အထဲ ဒီစေတနာပါနေတယ်၊ ဒီခန္ဓာငါးပါး အစုထဲက စေတနာဆိုတဲ့ ကံတရားဖြစ်နေတာ၊ ဒါကို နားလည်ပါနော်။

**"သန္တာနေ–ရုပ်နာမ်ခန္ဓာ အစဉ်၌၊ ဣဒံ ကမ္မံ နာမ–ကောင်းကောင်းဆိုးဆိုး, အမျိုးမျိုးဖန်, ကံဟုခေါ်ရိုး, ဤစေတနာမျိုးသည်၊ နိရုဠှမာနံ–အကြောင်းအားလျော်စွာ ချုပ်ရသည်ရှိသော်"** စေတနာဆိုတာ ထုံးစံအတိုင်း နာမ်တရားမဟုတ်လား၊ ချုပ်တာပေါ့၊ ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက် အချိန်ရှိသရွေ့ လက်ဖြောက်တစ်ချက်တီးအချိန်မှာ စေတနာပေါင်း ကုဋေတစ်သိန်းမက ဖြစ်နေတာ၊ ခုတရားနာတဲ့ သူတွေမလဲ စေတနာတွေ အများကြီးဖြစ်တယ်၊ ဘုန်းကြီးမလဲပဲ စေတနာတွေ အများကြီးဖြစ်တယ်၊ ချုပ်တာပဲ၊ ဖြစ်,ပျက်ပြီး ထပ်ဖြစ်၊ ဖြစ်ပျက် ထပ်ဖြစ်, ဖြစ်ပျက် ထပ်ဖြစ်၊ ဒီလိုကို ကုဋေသိန်းပေါင်းများစွာ ဖြစ်နေတာ။

**"နိရုဠှမာနံ–အကြောင်းအားလျော်စွာ ချုပ်ရပါသည်ရှိသော်၊ သဗ္ဗသော–ကြွင်းမဲ့ဥဿုံ, အရှိန်ကုန်အောင်, လုံးစုံခပင်း, မချန်ချွင်းဘဲ၊ န နိရုဠှတိ–ပြီးပြီးပျောက်ပျောက်, အနေရောက်အောင်, ချုပ်ပျောက်ပျက်စီး၍, အချည်းနှီးမဖြစ်ကြချေ"** ချုပ်တော့ ချုပ်တယ်၊ ချုပ်ပေမယ်လို့ ပြီးပြီးပျောက်ပျောက် ချုပ်တဲ့ အချုပ်မျိုး မဟုတ်ဘူး၊ တစ်မျိုးရှိတယ်။

**သတ္တိထူးတစ်မျိုး မြှုပ်နှံချန်ထားခဲ့။ ။ "သမယမှိ–အကြောင်းသင့်၍, အခွင့်သင့်ရာ, ချိန်အခါ၌၊ သမယမှိ–သင့်တော်တဲ့အကြောင်း အမျိုးမျိုးသည်၊ သတိ–ဖြစ်ပေါ်၍လာသည်ရှိသော်၊ ဝိပစ္စတုံ–ကောင်းကောင်းဆိုးဆိုး, ဆိုင်ရာအကျိုးကို ပေးဖို့ရန်၊ သဝိဝေသသံ–မိမိတွက်တာ, မပျက်သာအောင်,**

**ထက်စွာကျစ်လစ်, သတ္တိအနှစ်ကို၊ နှိစေတွာဟိ–ဒီရုပ်နာမ်ခန္ဓာအစဉ်၌ မြှုပ်နှံ၍သာလျှင်”** နောင်အကျိုးပေးဖို့ သတ္တိတစ်မျိုး ကျန်နေရစ်တယ်၊ မြှုပ်နှံတယ်ဆိုတာ သတ္တိတစ်မျိုး ကျန်နေရစ်တယ်၊ အားလုံးဒကာတွေ စဉ်းစားကြည့်စမ်း၊ အိပ်ပျော်နေတယ်၊ စိတ်တွေ ဖြစ်နေတယ်,စိတ်တွေ ဖြစ်နေတယ်၊ အိပ်ပျော်နေပေမယ့် စိတ်တွေဖြစ်ပေမယ်လို့ ဘာသတ္တိမှ မကျန်ရစ်ဘူး၊ ပြိုးပြိုးပျောက်ပျောက်ပဲ၊ အဲဒီဟာက ဖြစ်ပျက်ပြီးတာပဲ၊ ဘာမှ မကျန်ရစ်ဘူး၊ အိပ်ပျော်နေ့တုန်းမှာ ဖြစ်တဲ့စိတ်တွေ။

တစ်ခါ သွားရင်းလာရင်း အမှတ်တမဲ့ ဟိုမြင် ဒီမြင် ဟိုကြား ဒီကြားတယ် ဂရုမစိုက်ပါဘူး၊ ကောင်းတာလဲ ဂရုမစိုက်ဘူး၊ မကောင်းတာလဲ ဂရုမစိုက်လိုက်ဘူး၊ ကောင်းတယ်လို့လဲ ဂရုမစိုက်လိုက်ပါဘူး၊ အဲဒီအခါမှာလဲပဲ စိတ်တွေ ဖြစ်တယ်၊ ပြိုးပြိုးပျောက်ပျောက်ပါပဲ၊ သူတို့လဲ သိပ်ပြီးတော့ သတ္တိမထင်ရှားရစ်ပါဘူး၊ ယခု ဘုန်းကြီးဟောနေတဲ့ အနေမျိုးကျတော့ စိတ်အားထက်သန်စွာ, တရားနာနေတဲ့ ပုဂ္ဂိုလ်များက စိတ်အားစူးစိုက်စွာ၊ အဲသလို စိတ်စေတနာဖြစ်တော့ ချုပ်ပေမယ့် ဓာတ်ကလေး ကျန်နေရစ်တယ်၊ ဒါကို **ကမ္မသတ္တိ** ခေါ်တယ်။

အဲဒီဓာတ်ကလေးကို ဘုန်းကြီးတို့ ရုပ်နာမ်အစဉ်ထဲမှာ ပထမဆုံး ဖြစ်ပျက်ဓာတ်ကလေးက ဖြစ်ပျက်ဆိုတဲ့ အထဲမှာကို ဒီဓာတ်ကပါနေ၊ ဒုတိယ ရုပ်နာမ်က ဖြစ်ပျက်၊ အဲဒီဖြစ်ပျက်ထဲမှာလဲ ဒီဓာတ်ကလေးက လိုက်နေတယ်၊ တတိယ ရုပ်နာမ် ဖြစ်ပျက်၊ အဲဒီဖြစ်ပျက်ထဲမှာ ဒီဓာတ်ကလေးက လိုက်နေတယ်၊ ဒါနားလည်ပါ, နားလည်ပါ၊ သိမ်မွေ့တယ်ဆိုတာ ဒါမျိုးကို သိမ်မွေ့တယ်လို့ ပြောတာ၊ နက်တယ် ဆိုတာ ဒါမျိုးကို နက်တယ်လို့ ပြောတာ။

**“သန္တာနေ–ရုပ်နာမ်ခန္ဓာ အစဉ်၌၊ ဣဒံ ကမ္မံ နာမ–ကောင်းကောင်းဆိုးဆိုး, အမျိုးမျိုးဖန်, ကံဟုခေါ်ရိုး, ဤစေတနာမျိုးသည်၊**

**နိရုဠှမာန်–အကြောင်းအားလျော်စွာ ချုပ်ပျောက်ရသည့်ရှိသော်၊ သဗ္ဗသော–ကြွင်းမဲ့ဥဿုံ၊ အရိုန်ကုန်အောင်၊ လုံးစုံခပင်း၊ မချန်ချွင်းဘဲ၊ န နိရုဠှတိ–ပြီးပြီးပျောက်ပျောက်၊ အနေရောက်အောင်၊ ချုပ်ပျောက်ပျက်စီး၍၊ အချည်းနှီးမဖြစ်ကြချေ၊ သမယမှိ–အကြောင်းသင့်၍၊ အခွင့်သင့်ရာ၊ အချိန်အခါ၌၊ ဝိပစ္စိတုံ–ကောင်းကောင်းဆိုးဆိုး၊ ဆိုင်ရာအကျိုးကို ပေးဖို့ရာ၊ သဝိသေသံ–မိမိတွက်တာ၊ မပျက်သာအောင်၊ ထက်စွာကျစ်လျစ်၊ သတ္တိနှစ်ကို၊ (သတ္တိနှစ် ဓာတ်ကလေးကို၊) နိဓေတွာဟိ–အတွင်းသန္တာန်၊ အရင်းခံလျက်၊ သွင်းနှံမြှုပ်ထားပြီး၍ သာလျှင်၊ နိရုဠှတိ–ဥပါဒ် ဌီ ဘင်၊ အစဉ်စေ့ရောက်၊ ချုပ်ပျောက်ပျက်စီးရလေသတည်း"။**

ဒီတော့ ချုပ်တော့ချုပ်တယ်၊ ချုပ်ပေမယ့်လို့ ဒိပြင်ဒိပြင်စိတ်တွေ ချုပ်သွားတာနဲ့ မတူဘူး၊ ထက်ထက်သန်သန် ကောင်းတဲ့ကံကို ပြုပြု၊ ပါဏာတိပါတ အဒိန္နာဒါနစတဲ့ မကောင်းတဲ့ကံကို ပြုပြု၊ ထက်ထက်သန်သန်ပြုတဲ့ ကံတရားတွေမှန်သမျှ သတ္တိကျန်ရစ်တယ်၊ ဒါ စကာ။

**သတ္တိကျန်ရစ်ပုံ ဥပမာ။** ။ဥပမာတစ်ခု ပြောကြစို့၊ အဖေ–သား၊ တချို့ အဖေတွေ သေသွားတယ်၊ ဘာမှ သတ္တိမကျန်ရစ်ဘူး၊ စည်းစိမ်ရွှေငွေ ပြောတာမဟုတ်ဘူး၊ အရှိန် ဘာမှ မကျန်ရစ်ဘူး၊ စည်းစိမ်ရွှေငွေ ကျန်ချင်ကျန် မကျန်ချင်နေ၊ တချို့မိဘတွေ ဆုံးတယ်၊ ဘာမှ စည်းစိမ်တွေ ရွှေငွေတွေ မဆိုလိုဘူး၊ သူ့ရဲ့အရှိန် မကျန်ရစ်ဘူး၊ ဘယ်သူ့သားလို့ ဘာလို့ ပြောစရာမရှိဘူး၊ တချို့မိဘတွေ သေသွားတယ်၊ စည်းစိမ်တွေ ဘာတွေ မစဉ်းစားနဲ့၊ သူ့ရုပ် သူ့နာမ် သူနဲ့ဆိုင်ရာတွေ အကုန်လုံး ပျောက်သွားတယ်၊ အရှိန် ကျန်ရစ်တယ်၊ သူက ဘယ်သူ့သား၊ အရောင်း အဝယ်လုပ်တာ၊ ဟာ–သူက ကိစ္စမရှိဘူး၊ ဘယ်သူ့သား၊ လက်ထပ်ထိမ်းမြားကိစ္စ၊

ဟာ–ကိစ္စမရှိပါဘူး၊ သူတို့က ဘယ်သူ့မျိုးရိုးထဲက၊ အရှိန်,အရှိန်, အရှိန်၊ အဲဒီအရှိန်ဟာ အရာဝတ္ထုလဲ မရှိဘဲနဲ့, အမှန် အရှိန်ကတော့ရှိ။

အဲ–ကံရဲ့ သတ္တိဟာ ဒီလိုပဲ၊ အကောင်အထည်တော့ ရုပ်နာမ် အဖြစ်နဲ့တော့ မကျန်ရစ်ပါဘူး၊ သူ့ရဲ့ အရှိန်သတ္တိကတော့ ကျန်ရစ်တယ်, သိပ်ကျန်ရစ်တာပဲ, သိပ်ကို အားကိုးစရာ ကောင်းတာပဲ၊ ကောင်းတဲ့ ကံတွေကဆိုရင်၊ မကောင်းတဲ့ ကံတွေရဲ့ သတ္တိကလဲ သိပ်ကြောက်စရာကောင်းတာပဲ၊ အမှုတစ်ခု, မကောင်းမှု အလုပ် တစ်ခုပြု၊ ပြီးတော့ ပြီးသွားတယ်၊ ရုံးရော ဘာရော ပြီးသွားတယ်၊ မကောင်းတဲ့ သတ္တိကတော့ ခန္ဓာအစဉ်မှာ ကျန်လို့၊ အမလေး– တစ်ချိန်ကျလို့ရှိရင်အကျိုးပေးဦးမှာပဲ၊ နောက်တစ်ချိန်ကျလို့ရှိရင် နောက်ဘဝသံသရာ စိတ်မချရပါဘူး၊ ဒီ မကောင်းမှုကံတွေ, ဟောဒီ ကြောက်စရာသတ္တိဟာ အရှိန်ဟာ ကျန်နေရစ်တယ်။

ကောင်းတဲ့ ကံတွေကလဲ ငါဘယ်လောက် ကောင်းတဲ့ကံတွေ ပြုပြီးပြီ၊ ဝမ်းမြောက်ဝမ်းသာဖြစ်လို့၊ ဘဝသံသရာ ဘယ်လောက် အားကိုးလောက်သလဲ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းဖြစ်တဲ့ ပါရမီ အဆောက်အဦ ဘယ်လောက် ဖြစ်သွားသလဲနဲ့ ဝမ်းမြောက်ဝမ်းသာ အားကိုးစရာ သတ္တိအရှိန် ကျန်နေရစ်တယ်။

**ဘုရားဖြစ်သည်အထိ သတ္တိပါနေပုံ။** ။ဒီတော့ကာ ဒီ အရှိန်ကို လိုက်ကြစို့ရဲ့၊ ဘယ်လောက် ထိအောင် ဒီအရှိန်ဟာ သွားနေသတုန်းလို့ဆိုတော့ ရုပ်နာမ် ဖြစ်ပျက် အရှိန်ပါရက်၊ ဖြစ်–ပျက် အရှိန်ပါရက်၊ သေခါနီးထိအောင် သွားလိုက် ဖြစ်–ပျက် အရှိန်ပါရက်၊ ဟိုဘဝတုန်းက အကျိုးမပေးရသေးတဲ့ကံရဲ့ အရှိန်သတ္တိတွေ ပါရက်၊ ဘုန်းကြီး မသိသေးပေမယ့် ဘုန်းကြီးကံရဲ့ အရှိန်သတ္တိတွေ ပါရက်၊ ဒကာတို့ မသိပေမယ့် ဒကာတို့ကံရဲ့ အရှိန်သတ္တတွေ ပါရက်၊ သေခါနီး ကြည့်လိုက်, သေခါနီးကြည့်လိုက်၊

သေခါနီး စိတ်ကူးကြည့်လိုက်၊ ဒီအရှိန်သတ္တိတွေ ပါရက်၊ ဒီဘဝက ပြုတာချည်း မဟုတ်ဘူး၊ ဟို–ဘဝများစွာ သံသရာက ပြုခဲ့တဲ့ကံတွေ သတ္တိအရှိန် ပါရက်၊ ဒီနား ဘုန်းကြီးရပ်ပြောဦးမယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းက ဘုရားဖြစ်လိုတဲ့ ဆန္ဒတော်နဲ့ ဘုရားဖြစ်ဖို့ရန်ချည်း ကြိုးစားပြီးတော့ ဒါနပြုတယ်, သီလပြုတယ်, နေက္ခမ္မပါရမီ ဖြည့်တယ်, ခန္တီပါရမီ ဖြည့်တယ်လို့ ဆိုတယ်၊ ဘဝတိုင်း,ဘဝတိုင်း ရုပ်နာမ်က ချုပ်ရက် ချုပ်ရက်၊ **သုမေဓာ**ဘဝတုန်းက ရုပ်နာမ်သည် **သုမေဓာ**ဘဝ တစ်ဘဝ ကို မပြောနဲ့, ဘုရားဆုပန်တဲ့ အချိန်တုန်းက ရုပ်နာမ်သည် အဲဒီ အချိန်မှာ ချုပ်တယ်၊ ဒါပေမယ့် ဓာတ်က ကျန်နေ၊ ဘုရားဖြစ်ပြီးတော့ သတ္တဝါတွေ ကယ်ဆယ်မယ်၊ သဗ္ဗညုတဉာဏ်ကိုရပြီးတော့ သတ္တဝါ တွေ ကယ်ဆယ်မယ်၊ အဲဒီဓာတ်ကတော့ ရုပ်နာမ်ချုပ်သွားပေမယ်လို့ ဒီဓာတ်ကတော့ စိတ်အစဉ်ထဲမှာ ပါရက်,ပါရက်,ပါရက်၊ ဒါကြောင့် နောက်တစ်ဘဝ ရောက်တော့လဲ ဒီဓာတ်အတိုင်း ဘုရားဖြစ်ဖို့ရန် ကြိုးစား၊ နောက်ကမ္ဘာရောက်တော့လဲ ဒီဓာတ်အတိုင်း ဘုရားဖြစ်ဖို့ရန် ကြိုးစား၊ ဓာတ်ပါလာလို့ ကြိုးစားတာ၊ အို–ဒါလေးတွေ စဉ်းစားလို့ ကြည့်ရင် ဒီဘဝ သူတော်ကောင်းစိတ်ဓာတ် ပါလာတဲ့သူတွေဟာ အင်မတန် အားရှိစရာကောင်းတယ်၊ ဟိုတုန်းကဓာတ်တွေပါလာတယ် ငါ့မှာ၊ ဒီလိုနဲ့ မြတ်စွာဘုရား လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းသာ ကျော်လာရော၊ ဘုရားဖြစ်လိုတဲ့ ဆန္ဒနဲ့ချည်း ဒါနရော,သီလရော, နေက္ခမ္မရော ပါရမီတွေလေ တကတဲ အသက်ကို စွန့်ပြီးတော့ ဖြည့်ကျင့်ရတဲ့ ပါရမီတွေပါ ဆုဆောင်းပြီးတော့ လာခဲ့တယ်၊ ဒီဓာတ်တွေဟာ ဘယ်လောက် ရင့်လာတုန်း၊ နောက်ဆုံးကျတော့ မြတ်စွာဘုရား အလိုတော်ရှိတဲ့ ဒီသဗ္ဗညုတဉာဏ်ဓာတ်ကြီးဟာ ဒီစိတ်တော်အစဉ်ထဲမှာ ပေါ်လာတာပါပဲ။

**ကမ္မသတ္တိ**။ ။ ဒီတော့ ရုပ်နာမ်ကတော့ ဖြစ်ပျက်,ချုပ်တယ်၊ အတ္တလဲ မရှိဘူး၊ ဒါပေမယ်လို့ ကမ္မသတ္တိကတော့ လိုက်ပြီး တော့ ပါတယ်၊ ဒါပဋ္ဌာန်း ၂၄–ပစ္စည်းထဲမှာ ကမ္မပစ္စည်းလို့–

**"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"** ကုသလာကုသလံ–ကုသိုလ် အကုသိုလ် ဖြစ်သော၊ ကမ္မံ–ကမ္မစေတနာသည်၊ ဝိပါကာနံ–နောက်နောက်ဖြစ်တဲ့ နာမ်ခန္ဓာဟူသော ဝိပါက်တရားတို့အားလည်းကောင်း၊ ကဋတ္တာစ ရူပါနံ–ကံပြုခဲ့တဲ့အတွက် ကေန်မုချ ဖြစ်ရမယ့် ကမ္မဇရုပ်တရားတို့ အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော (ဥပကာရကော)–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဟော အကျိုးပေးမယ်၊ အကျိုးပေးမှာက အဲဒီကံက တိုက်ရိုက် လာပြီးတော့ အကျိုးပေးမှာ မဟုတ်ဘူး၊ သူက အကျိုးပေးဖို့ရာ ဓာတ်သတ္တိအဖြစ်နဲ့ ဧာဓောကတည်းကိုက ဝမ်းထဲမှာ ခန္ဓာအစဉ် ထဲမှာ ပါနေတာဖြစ်တော့ သူ့အရှိန်ကြောင့် အကျိုးပေးမယ်။

**အကြောင်းသင့် ခွင့်သာမှ အကျိုးပေးခြင်း** သူ့အရှိန်ကြောင့် အကျိုးပေးမယ်လို့ဆို တော့ကာ **"သမယမှိ–အကြောင်းသင့်၍၊ အခွင့်သာရာ၊ ချိန်အခါ၌၊ ဝိပစ္စတုံ–သက်ဆိုင် ရာအကျိုးကိုပေးခြင်းငှာ"** အကြောင်းသင့်မှ ပေးမယ်၊ အကြောင်းမသင့်သေးဘူးဆိုလို့ရှိရင် ဒီလိုပဲ ကံတွေ အများကြီးပေါ့၊ ဆိုပါတော့ အခု ဘုန်းကြီး ကုသိုလ်တွေ ပြုပြီးတော့ ကုသိုလ်စေတနာ တွေ ဖြစ်နေချိန်မှာ အကုသိုလ်ကံကလဲ ရှိနေတာပဲ၊ အကျိုးပေးနိုင် မလား,မပေးနိုင်ပါဘူး၊ ဘာဖြစ်လို့တုန်း၊ သူကလဲပဲ အကုသိုလ်အကျိုး ပေးဖို့ရာက မကောင်းတဲ့ဂတိမျိုးလဲ ဖြစ်နေရမယ်၊ မကောင်းတဲ့အလုပ် မျိုးလဲ ဖြစ်နေရမယ်၊ မကောင်းတဲ့ အချိန်အခါမျိုးလဲ ဖြစ်နေရမယ်၊ အဲသလို အကြောင်းတွေ အကြောင်းတွေစုံလာမှ အကုသိုလ်ကံ လာအကျိုးပေးမှာ၊ ရှိပေမယ့် အကျိုးမပေးနိုင်ဘူး၊ စုံမှအကျိုးပေးမယ်။

**သေခါနီးအထိ စဉ်းစားကြည့်**။　။ကဲ–ဒါနဲ့ သွားကြစို့၊ ဘုန်းကြီးတို့ သေခါနီးထိအောင် စဉ်းစားလိုက်ကြစို့၊ ဒီထဲမှာ ရုပ်နာမ်ကတော့ ဖြစ်ပျက်ချည်းပဲ၊ အတ္တကလဲ မရှိဘူး၊ သေခါနီး ဘုန်းကြီးတို့ စဉ်းစားလိုက်ကြစို့၊ သေခါနီး စဉ်းစားတော့ **"အဝိဇ္ဇာနုသယပရိက္ခိတ္တေန–အဝိဇ္ဇာနုသယသည် ခြံရံအပ်သော၊ တဏှာနုသယမူလကေန–တဏှာနုသယဟူသော အကြောင်းရင်းရှိသော၊ သင်္ခါရေန–ကုသိုလ်ကံ အကုသိုလ်ကံဟူသော သင်္ခါရသည်၊ ဇနိယမာနံ–ဖြစ်စေအပ်သော၊ သမ္ဘယုတ္တေဟိ–ယှဉ်ဖက်ဖြစ်တဲ့ သမ္ပယုတ်တရားတို့သည်၊ (ဥပတ္ထမ္ဘိယမာနံ–ဝိုင်းဝန်း၍ ထောက်ပံ့ကူညီအပ်သော၊) ပရိဂ္ဂယှမာနံ-ခြံရံလျက် ယူအပ်သော၊ ပဋိသန္ဓိစိတ္တံ-ပဋိသန္ဓေစိတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏"** လို့ဆိုတော့ ဒီအထဲက အကျိုးပေးမယ့် ကံတစ်ခုက ခုနက ဒီဘဝမှာဖြစ်ဖြစ်, ရှေးဘဝမှာဖြစ်ဖြစ် ဒီရုပ်နာမ်အစုထဲမှာ ပြုထားတဲ့ကံတစ်ခုက စုတိဆိုလို့ရှိရင် ဟိုဘက် ပဋိသန္ဓေလို့ဆိုတဲ့ ဝိညာဏ်စိတ် ဖြစ်လာပြီ၊ ဖြစ်အောင် သူကစီမံပြီး နေစမ်း၊ ဘယ့်နှယ်စီမံလဲ၊ အဲဒါရှုပ်လွန်းလို့, အဲဒါနားမလည်လွန်းလို့။

ဒီလိုရှိတယ်၊ ဘုန်းကြီးတို့ သေခါနီးကျတော့ ဘယ်သူမဆို ခဏလေးဖြစ်ဖြစ် မေ့သလိုပေါ့လေ, မြောသလို၊ ဟို စောစောစီးစီးက မေ့မြောနေတဲ့သူဆိုတာတော့ မပြောနဲ့၊ စောစောစီးစီးက မေ့တာမဟုတ်ဘူး၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ စကားတပြောပြောရောဂါကလေးကလဲ သက်သက်သာသာ၊ ချုပ်မှာကတော့ ချုပ်မှာ၊ အသက်ကလဲ တော်တော်ကြီးနေပြီ၊ ရောဂါကလဲ တော်တော်လွန်လာပြီ၊ ချုပ်မှာ,ချုပ်မှာ၊ အသက်ကလဲ ကြီးလှပြီ၊ စကားလေးလဲ တပြောပြောလေးနဲ့ ချုပ်တော့မှာ၊ ဒီ မိနစ်ကလေးအလိုမှာ မေ့ကနဲဖြစ်သလို ဒီက အတွင်းက ဓာတ်တွေ ဘာတွေဟာ ညှဲ့သွား၊ ဖြည်းဖြည်း ညှဲ့လာတာက သိပ်ညှဲ့သွား၊ သိပ်ညှဲ့သွားတဲ့အချိန်မှာ စက္ကန့်လေး

အနည်းငယ်ဖြစ်ဖြစ်, တချို့ စောစော၊ နောက်ဆုံး စက္ကန့်လေး အနည်းငယ်ဖြစ်ဖြစ် အိပ်မက် မက်သလို၊ တချို့မှာ ရှေးတုန်းက ပြုထားတဲ့ ဟို–ကမ္မာပေါင်းများစွာက ပြုထားတာပဲဖြစ်ဖြစ်, အိပ်မက် မက်သလို၊ အဲဒီအလုပ်ကလေး ခုလုပ်နေရသလိုဆိုပါတော့ ကုသိုလ်ကံက အကျိုးပေးမယ်၊ အခွင့်သာနေတဲ့သူဟာ ရှေးက ကုသိုလ်ကောင်းမှုပြုနေသလို ဟောဒီလို ထင်နေတယ်၊ ဒါမှမဟုတ် ရှေးက ပြုနေတဲ့ ကုသိုလ်ပြုတဲ့အခါတုန်းက တွေ့ရကြုံရတယ်ဆိုပါတော့ ဘုရားတည်နေတယ်ဆိုရင်, ဘုရားဒကာဆိုရင်, ဘုရားအာရုံထင်ပြီး တော့နေတယ်၊ ခုပြုနေသလိုပဲ၊ သူ့စိတ်ထဲ ကြည်နူးနေလိုက်တာ၊ ဘုရားအာရုံ အာရုံပြုပြီး ကြည်နူးနေလိုက်တာ၊ နည်းနည်း လေးများ ပါးစပ်မနိုင့်တနိုင်နဲ့ ပြုံးလို့၊ မျက်လုံး မပွင့်တပွင့်နဲ့ ကြည့်လို့၊ ဘုရားအာရုံပြု အာရုံထင်နေတာ, အာရုံထင်နေတာ၊ သေခါနီးနော်။

တချို့တော့လဲပဲ ဟိုဘက် ရမယ့်ဘဝ၊ အဲ–ဆိုပါတော့ နတ်ပြည်တို့ ဘာတို့ ရောက်တော့မယ်ဆိုတော့ နတ်ဘုံ အကြောင်းအရာတွေ, နတ်ဗိမာန် ဥယျာဉ်တွေ ဘာတွေ စိတ်ထဲမှာထင်လို့၊ ဘယ်သူ့ကြောင့် ထင်၊ ခုနက ကံအစွမ်းကြောင့် ထင်တာ၊ အကျိုး ပေးတော့မယ့် ကံတစ်ခုရဲ့အစွမ်းကြောင့်ထင်တာ။

**အာရုံထင်ပုံ သုံးမျိုး။** ။ ထင်တာ သုံးမျိုးရှိတယ်နော်၊ ရှေးတုန်းက ကုသိုလ်ပြုခဲ့တဲ့သူဟာ ကုသိုလ်ပြုနေတာ ခုပြုနေသလိုပဲ ထင်လို့၊ ဒါမှမဟုတ် အဲဒီပြုတုန်းက တွေ့ရကြုံရ ဘုရားတို့ ဘာတို့ အာရုံထဲ ထင်လို့၊ ဒါမှမဟုတ် ရောက်မယ့်ဘဝက အကြောင်းအရာတွေ ထင်လို့၊ ဟောဒီ သုံးမျိုး တစ်မျိုးမျိုးထင်တယ်၊ နှစ်မျိုး သုံးမျိုးလဲ လှည့်ပြီးတော့လဲ ထင်တတ်တယ်၊ တစ်မျိုး နှစ်မျိုးလဲ လှည့်ပြီးတော့ ထင်တယ်၊ တစ်မျိုးထဲလဲ ထင်တယ်၊ ခဏကလေး

ခဏာကလေးပေမယ့် ထင်တယ်၊ အနည်းဆုံး ခဏလေး ထင်ရမယ်၊ တချို့ စောစောက တင်ကြိုထင်တယ်၊ တချို့များ ရက်တော်တော်ကြာကြာက တင်ကြိုထင်တယ်၊ ပြီးတော့ တချို့များ ကုသိုလ်ကောင်းတဲ့သူက သေသေချာချာ ဘဝကောင်းကို ပြောင်းတော့မယ်လို့ ဆိုရတဲ့သူက ဒီကလဲပဲ တဏှာတဲ နတ်တွေ ဘာတွေရဲ့ လှုံ့ဆော်မှုကြောင့်လား အသံကောင်းလေးတွေ ကြားလို့။

**ဓမ္မိကဥပါသကာ**။ ။ဘုန်းကြီးတို့တစ်ခါတုန်းက ဟို**ဓမ္မိက**ဥပါသကာဆိုတာ ဥပုသ်သီတင်း သီလနဲ့ အမြဲနေတယ်၊ သူ့ရဲ့အဖော်အပေါင်းကလဲ ငါးရာလောက်၊ သူ့စကား နားထောင်တဲ့ နောက်လိုက်ကလဲ ငါးရာလောက် သူတော်ကောင်းတွေ နေကြတယ်၊ သားသမီးတွေကလဲ သူတော်ကောင်း, သူကလဲ သူတော်ကောင်း၊ သေခါနီးကျတော့ သံဃာတော်တွေက (ပရိတ်ရွတ်ပြီးတော့ နေကြတယ်၊) တရားတော်တွေ ဟောပြီးတော့ ရွတ်ဖတ်နေကြတယ်၊ သားသမီးတွေက မလှမ်းမကမ်းက နာလို့ နေကြတယ်၊ သူက တရားနာရင်းလစ်ခနဲ ဖြစ်သွားပြီးတော့**"အို–နေကြစမ်းပါဦး, နေကြစမ်းပါဦး"** ဆိုတော့ ရဟန်းတော်များက မိမိတို့ကို တားတယ် ထင်တာနဲ့ ရပ်သွားတယ်။

သားသမီးတွေက ငိုကြတယ်၊ ဒီတင် သူကပြန်ပြီး သတိလည်လာပြီးတော့**"ဘာပြုလို့ ငိုကြတာတုန်း" "ဟာ–အဖေဟာ တစ်သက်လုံး တရားနာလို့ မငြီးတဲ့အဖေ, ခုကြည့်ပါဦး၊ ကိုယ်တော်တွေ နေကြပါဦးလို့ တားတယ်" "ဟဲ့–မဟုတ်ဘူး၊ ဟယ်–နင်တို့ဟာ မဟုတ်ပါဘူး၊ ငါကိုယ်တော်တွေ မတားပါဘူး, ကိုယ်တော်တွေ မတားပါဘူး၊ နတ်ပြည်က နတ်ရထားတွေက သူ့ရထား တင်မယ်, ငါ့ရထား တင်မယ် ပြောနေကြလို့"**ဆိုတော့ တော်တော်ရှည်ရှည်ကြီး စကားပြောလို့ ရနေသေးတယ်။

ဒါနဲ့ သားသမီးတွေက မယုံဘဲနဲ့ ကယောင်ကတမ်းပြောတာများ ထင်ပါရဲ့လို့ဆိုတော့ **"မဟုတ်ဘူးဟဲ့, နင်တို့ ပန်းကုံး ကုံးကြစမ်း"** ဆိုတော့ ကုံးပြီးသားများ အဆင်သင့်များ ရှိမလားမသိဘူး၊ **"အထက် နတ်ပြည် ပစ်လိုက်"** ဆိုတော့ ဟို **တုသိတာ**နတ်ပြည်ရထားကို ကောင်းတယ်လို့ ပြောကြတာနဲ့ အဲဒီ ပစ်လိုက်တာ **တုသိတာ**နတ်ပြည် ရထားမှာ ချိတ်နေတယ်၊ ပန်းကုံးချိတ်နေတာတော့ မြင်ရတယ်၊ ဒိပြင်ဟာတော့ မမြင်ရဘူး၊ ပြောပြောဆိုဆို စုတိစိတ်ကျပြီးတော့ ပဋိသန္ဓေစိတ်ပြောင်းသွားပြီး နတ်ရထားပေါ် ပါသွားတာပဲတဲ့၊ ဒီတော့ ကံဟာ **"အနတ္တကတာနိ–အနတ္တဖြစ်တဲ့ ရုပ်နာမ်ခန္ဓာသည် ပြုအပ်ကုန်သော၊ ကမ္မာနိ–ကံတို့သည်၊ ကံ အတ္တာနံ–အဘယ်အတ္တသို့၊ ဖုသိဿန္တိ–ရောက်ကုန်လတ္တံ့နည်း"** လို့ ရဟန်းတစ်ပါးရဲ့ စဉ်းစား ချက်,ယုံမှားချက်ဟာ ပြေသွားရော၊ အနတ္တ ပြုပေမယ်လို့ သူများဆီ မရောက်ဘူး၊ ဒီရုပ် ဒီနာမ် ဒီခန္ဓာထဲက ပြုတဲ့ အနတ္တဟာ, ဒီရုပ် ဒီနာမ် ဒီခန္ဓာထဲက ပြုတဲ့ကံဟာ ဒီရုပ် ဒီနာမ် ဒီခန္ဓာထဲမှာပဲ အကျိုးပေးပါတယ်တဲ့။

**နွားနို့နဲ့နို့ချဉ်ဥပမာ။** ။ ဥပမာတစ်ခု စဉ်းစားကြဦးစို့၊ လူတစ်ယောက် ကနေ့ ဆိုပါတော့ မနက်စောစော နွားနို့ တစ်ပိဿာ ဝယ်ထားခဲ့၊ နွားနို့သည်ဆီ ငါသွားစရာရှိလို့ ငါ့ဖို့ နွားနို့ တစ်ပိဿာလောက် ချန်ထားစမ်း၊ ကောင်းပါပြီခင်ဗျား၊ အေးအေးပဲ၊ ဒီနွားနို့ ငါ့ဖို့ဟော့၊ နွားနို့တစ်ပိဿာ, သူက သွားလို့၊ ခရီးလွန်လို့၊ နက်ဖြန်ခါကျမှ ဟော့–မနေ့က ငါ့နွားနို့တစ်ပိဿာ ပေးကွဲ့လို့ ဆိုတော့ ဟိုက နို့ချဉ်ဖြစ်နေပြီ၊ ရော့–ခင်ဗျားနွားနို့၊ ဟဲ့–ဒါနို့ချဉ် ဖြစ်နေပါမင့်လား၊ ငါမနေ့က နွားနို့ဝယ်တာ၊ မဟုတ်ပါဘူး၊ ဒါပါပဲ၊ မဟုတ်ဘူးကွယ်၊ မနေ့က မင်းငါ့နွားနို့ ပေးပါကွဲ့, ငါနို့ချဉ် မလိုချင်ပါဘူး၊ မဟုတ်ပါဘူး၊ ဒီဟာပါပဲ ခင်ဗျား။

ဒါနဲ့ ငြင်းခုံပြီးတော့ ရုံးရောက်တော့ ရုံးက သေသေချာချာ စစ်ဆေးကြည့်တော့ ခင်ဗျားရဲ့ နို့ချဉ်ဟာ ခင်ဗျားရဲ့ နွားနို့ပါပဲ၊ အချိန်အားလျော်စွာ ပြောင်းပြီးတော့ နို့ချဉ်ဖြစ်သွားတာပါ၊ ခင်ဗျား နွားနို့ပါပဲလို့ ရုံးက ဆုံးဖြတ်လိုက်တော့မှ သူကျေနပ်ပြီးတော့ အဲဒီ နို့ချဉ်ကိုပဲ သူယူသွားတယ်၊ ဒီလိုပါပဲ၊ နွားနို့ဟာ နွားနို့အချိန်တုန်းက နွားနို့ ဖြစ်ပေမယ့် အချိန်အားလျော်စွာ နို့ချဉ်ပဲ ဖြစ်မှာပဲ၊ နွားနို့ဟာ ဒီပြင် သူ့တစ်စဉ်တစ်တန်းတည်း တစ်ချိန်ကျရင် ရေဖြစ်မသွားပါဘူး၊ နို့ချဉ်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီခန္ဓာကိုယ် ရုပ်နာမ်အစုထဲမှာ ပြုတဲ့ စေတနာဆိုတဲ့ နာမ်တစ်မျိုးဟာ ရုပ်နာမ်ထဲမှာပါတဲ့ နာမ်တစ်မျိုးဟာ အကျိုးပေးလို့ ရှိရင် ဒီရုပ်နာမ်အစဉ်ထဲက ဆိုင်ရာ ရုပ်နာမ်နဲ့ဆိုင်တဲ့ အကျိုးကိုသာ ပေးမှာပဲ၊ ဒီပြင် ရုပ်နာမ်ကို သွားပြီးတော့ မပေးပါဘူး၊ ဒီပြင်ကို မပေးပါဘူး၊ ဒါကြောင့် အနတ္တပြုတဲ့ ကံလဲပဲ ဒီအနတ္တဖြစ်တဲ့ ရုပ်နာမ်ခန္ဓာထဲမှာပဲ ကောင်းတာရော, ဆိုးတာရော ခံစားရမယ်လို့ ဟို–ရဟန်းက ဒီလို အပြောင်းအလဲ မသိတာနဲ့မို့လို့ အတ္တမဖြစ်ရင် တော့ ဘယ့်နှယ်လဲ ဖြစ်ပျက် ရုပ်နာမ်တွေဟာ ဟို–နောင်တစ်ချိန် ဘယ်သူက သွားပြီး ခံစားမှာလဲလို့ သံသယဖြစ်တာပါ။

**တော်တော်ဆန်းကြယ်တဲ့ သေခါနီးဖြစ်ပုံ**

တစ်ခါ ခုနက ပဋ္ဌိသန္ဓေကို ဘုန်းကြီး ပြောပြဦးမယ်၊ သေခါနီးကျတော့ ခုနက လို အာရုံသုံးမျိုးထဲက တစ်မျိုးမျိုး ကံ စွမ်းကြောင့် ထင်တယ်၊ ဘုန်းကြီးတို့ အိပ်မက် မက်တဲ့အခါ စဉ်းစား စမ်း၊ ဘာမှ စိတ်မကူဘဲနဲ့၊ တစ်ခါတရံ စိတ်ကူးတာက တစ်မျိုး၊ အိပ်ခါနီး စိတ်ကူးနေတာက တစ်မျိုး၊ ည အိပ်မက် မက်တာက တစ်မျိုး၊ အဲသလိုပေါ့လေ သူ့အစွမ်းတွေ အစွမ်းတွေဆိုတာဟာ တစ်မျိုးစီ တစ်မျိုးစီရှိတယ်၊ ဒီတော့ ကံကလဲပဲပေါ့လေ၊ သေခါနီးမှာ

ကုသိုလ်ကံ အကျိုးပေးခွင့်သာတယ်ဆိုရင်, ကိုယ်က ကုသိုလ်ကံ အကျိုးပေးခွင့်သာအောင် ဘေးက ပတ်ဝန်းကျင်က ပန်းတွေ ဘုရားပူဇော်လို့ ပရိတ်တရားတွေဘာတွေ ရွတ်လို့ ဒီလိုဆိုတော့ ကုသိုလ်ကံဘက်က အားကောင်းလာလို့ ကုသိုလ်ကံ အကျိုးပေးဖို့ အခွင့်ရလာတယ်။

သေခါနီးမှာပဲ သတ်ကြ ဖြတ်ကြ ရိုက်ကြ နှက်ကြ ထိုးကြ ပုတ်ကြနဲ့ ဒီလိုနေတုန်းမှာ ခုနက သေဖို့ရာ အချိန်ရောက်လာလို့ အာရုံထင်လာတော့ အကုသိုလ်ကံက အခွင့်သာလာပြန်တယ်၊ အဲဒီအခါမှာ အကုသိုလ်ကံ အကျိုးပေးဖို့ရာ ခုနက အာရုံတွေ ထင်လာပြန်တာပဲ၊ ဒီတော့ ကံရဲ့ အစွမ်းသတ္တိဟာ တယ်ကောင်းတယ်၊ ထင်လာတော့လေ၊ အဲဒီအချိန်မှာ အဝိဇ္ဇာကလဲ ဖုံးရက်၊ ကံအာရုံကလဲ တစ်ခုခု ထင်လာရက်၊ အဝိဇ္ဇာကလဲ ဖုံးရက်၊ တဏှာကလဲ ထင်လာတဲ့ဘဝကို ညွတ်ရက်၊ တော်တော် ဆန်းကြယ်တယ်၊ ဒီ သေခါနီးဖြစ်နေတာ၊ အဝိဇ္ဇာကလဲ ရမယ့်ဘဝရဲ့ အပြစ်တွေ ဘာမှမမြင်ဘူး၊ အဝိဇ္ဇာ မကုန်ခန်းသေးလို့၊ တဏှာကလဲ ရမယ့်ဘဝကို ညွတ်ပြီးတော့နေတယ်။

**မိကျောင်းမှန်း သိရက်နဲ့ လှမ်းဆွဲ။** ။တော်တော်ဆန်းတာက အဲဒီ အခါမှာ အကုသိုလ်ကံတွေ ထင်နေလို့ မကောင်းတဲ့ဘဝ ရောက်ရမယ်ဆိုလဲ တဏှာက အဲဒီဘဝကို ညွတ်နေတယ်၊ ဘုန်းကြီးတို့ ဆိုကြပါစို့ရဲ့ ဥပမာက ပင်လယ်ထဲမှာ သင်္ဘောပျက်ရော၊ သင်္ဘောပျက်တော့ ပေါ်လာတော့ ရမ်းသမ်းပြီးတော့ တကတဲ ဆွဲကြတာ၊ တစ်ယောက်မှာ မိကျောင်းကြီး ဒီနားပေါ်နေတုန်း အဲဒီ မိကျောင်းကြီးကို မိကျောင်းကြီးမှန်း သိရက်သားနဲ့ လှမ်းဆွဲလိုက်တာပဲ၊ ဘာပြုလို့တုန်း၊ မိကျောင်းကြီး ကိုက်မှာက နောက်ပဲ၊ ခုလောလောဆယ် မြုပ်မှာက အရင်ပဲ၊ မိကျောင်းကြီးတွေ့ပေမယ်လို့ မိကျောင်း လှမ်းဆွဲတာပဲ။

အဲ–သေခါနီးမှာ ဒီရုပ်နာမ်ခန္ဓာတွေ အကုန်လုံး အပြီးသတ်၊ တစ်ဘဝကံအရှိန် ကုန်တော့မယ်ဆိုလို့ရှိရင် လာမယ့်အသစ်ဘဝ အတွက် မကောင်းတဲ့ ဘဝပေမယ့်လဲ တဏှာက လှမ်းပြီးညွတ်တာပဲ၊ အဝိဇ္ဇာကလဲ အပြစ်တွေ ဖုံးတာပဲ၊ တဏှာကလဲ ညွတ်တာပဲ၊ ကံကလဲ အဲဒီမကောင်းတဲ့ဘဝထဲ အကျိုးပေးဖို့ရာ သူက အဆင်သင့်၊ ကောင်းတဲ့ဘဝဆိုတော့ မပြောနဲ့တော့၊ ကံက အဆင်သင့်ကို လိုက် အကျိုးပေးမှာ၊ ဒါကြောင့် **"အဝိဇ္ဇာနုသယပရိက္ခိတ္တေန– အဝိဇ္ဇာနုသယသည် ခြံရံအပ်သော၊ တဏှာနုသယမူလကေန– တဏှာနုသယလျှင် အကြောင်းရင်းရှိသော၊ သင်္ခါရေန–ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ပြုစီမံခဲ့တဲ့ သင်္ခါရသည်၊ ဇနိယမာနံ–ဖြစ်စေ အပ်သော၊ မာနသံ–စိတ်သည်၊ ဥပ္ပဇ္ဇမာနမေဝ–ဖြစ်လျှင်ဖြစ်ခြင်းပင်၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ ပတိဋ္ဌာတိ–တည်လေတော့သတည်း"**။

ဒီ ဘုန်းကြီးတို့ လိုက်စားလာတဲ့သူတွေက အကြာကြီး လိုက်စား လာလို့သာ ယခုလို ပြောနိုင်တာနော်၊ သိမ်မွေ့နက်နဲတယ်, သိမ်မွေ့ နက်နဲတယ်။

**ကြိုးတန်းဆွဲ မြောင်းခုန်ကူးတဲ့ ဥပမာ**

ဒီတော့ ထပ်ပြီးတော့ စဉ်းစားကြဦးစို့၊ အာရုံ တစ်ခုက ထင်လာ၊ ဒီဘက်ဘဝက ကံဖြစ်စေ, ရှေးက ပြုထားတဲ့ ကံဖြစ်စေ၊ ပြုတုန်းက ကံ၏အာရုံဖြစ်တဲ့ ကမ္မနိမိတ် ခေါ်တဲ့ အာရုံဖြစ်စေ, နောက်ရမယ့် ဂတိဆိုတဲ့ ဂတိနိမိတ်ဖြစ်စေ အာရုံတစ်ခု ထင်လာတော့ စိတ်ဟာ အဲဒီ အာရုံ ဆွဲကိုင်ထားသလိုပဲ၊ ဒီအာရုံ မလွှတ်ဘူး၊ ဒီအာရုံ မလွှတ်တော့ ဒီအာရုံက မပျောက်ချင် ဘူး၊ စုတေလဲ သွားရော အာရုံက မပျောက်ဘူး၊ စုတေလဲသွားရော နောက်ထပ် ပဋိသန္ဓေဟာ အဲဒီအာရုံ ဆွဲတာပဲ။

ဘုန်းကြီးတို့ ဘာနဲ့တူတုန်းဆိုတော့ ဒီကမ်းတစ်ခုကို, ရေမြောင်း တစ်ခုကို ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးတဲ့သူဟာ ဒီဘက်က အပေါ်က ကျနေတဲ့ ကြိုးတန်းကို ဆွဲပြီးတော့ လွှားကနဲခုန်ပြီးတော့ ဟိုဘက်ကမ်း ကူးလိုက်တယ်၊ ဒီကြိုးကိုင်ရက် ဟိုဘက်ကမ်း ရောက်သွားတယ်၊ ခုလဲပဲ သေခါနီး သူ့ရဲ့ စိတ်အစဉ်က ထင်လာတဲ့ အာရုံကို ကိုင်ရက်, မလွှတ်ဘူး၊ ထပ်ပြီးထင်, ထပ်ပြီးထင်, ထပ်ပြီး ထင်၊ ဒီအာရုံ ကိုင်ရက် စုတိ ဒီအာရုံ ကိုင်ရက်၊ သေခါနီးဖြစ်တဲ့ စိတ်ဇောအစဉ်တွေဖြစ်, ပြီးတော့ စုတိဆိုတဲ့ မြောင်းကျော်ပြီးတော့ ဟိုဘက် ပဋိသန္ဓေဆိုတာ ဒီအာရုံကိုင်ရက်ပဲ၊ ပဋိသန္ဓေအသစ် ဖြစ်ပြန်တယ်၊ တော်တော်ကောင်းတယ်, တော်တော်ဆန်းတယ်, တော်တော်ကောင်းတယ်။

**ပဋိသန္ဓေအမျိုးမျိုး။** ။အဲဒီ ပဋိသန္ဓေစိတ်ဟာ အမျိုးမျိုး ရှိတယ်၊ ဘုန်းကြီးတို့ **အဏ္ဍဇပဋိသန္ဓေ**တဲ့, တချို့မှာ ကြက်များလို ဥထဲမှာ သွားဖြစ်တယ်၊ **ဇလာဗုဇပဋိသန္ဓေ**တဲ့, တချို့ မှာ လူများလို အများအားဖြင့် အမိရဲ့ ဝမ်းထဲ သားအိမ်ထဲမှာ သွား ဖြစ်တယ်၊ ဒီပဋိသန္ဓေစိတ်ဟာ တချို့မှာ **သံသေဒဇ**လို့ ဆိုပြီးတော့ ဟို ငါးပုပ်ထဲမှာ ဘယ်အမေ ဘယ်အဖေမှ မပါဘဲနဲ့ ပိုးမွှားလေး ငါးလောက်ကလေး ငါးပုပ်ထဲမှာ လောက်ကလေး သွားဖြစ်တယ်၊ **သံသေဒဇ** ဘယ်အမေ ဘယ်အဖေမှ မပါဘူး၊ အဖေ အမေပါလို့ မွေးတဲ့လောက်က တစ်မျိုး၊ အမေ အဖေ မပါဘဲနဲ့ဖြစ်တဲ့ လောက်က တစ်မျိုး, ငါးပုပ်ထဲမှာ ငါးပိထဲမှာ သွားဖြစ်တယ်၊ တစ်ခါတည်း ပထမဆုံး အုပ်ထား၊ အိုးကို အာဏာကုန်ပိတ် နည်းနည်းကလေး ငါးပိကိုင်လိုက်တယ်ဆိုရင် တော်တော်ကြာ ဒီထဲ ပိုးကလေးဘာလေး ကျနေပြီ၊ ဘယ်ပိုးကမှ သန္ဓေလာပေးတာ မဟုတ်ဘူး၊ငါးပိထဲကလဲ သန္ဓေပေးတာမဟုတ်ဘူး၊ ကံ၏အစွမ်းကြောင့် အဲဒီ ပိုးလောက်ကလေး

ငါးပိထဲမှာ လာပြီး ဖြစ်နေတယ်၊ လာပြီးတော့ဆိုတော့ ဟိုကလာတာ မဟုတ်ဘူး၊ ကံ၏အစွမ်းနဲ့ အင်မတန်သေးသေးကလေးက စပြီး ဖြစ်လာတာ၊ မမြင်လောက်တဲ့အနေကစပြီးဖြစ်လာတာ, လောက်ကလေး။

**ဩပပါတိကဥပပတ်ပဋိသန္ဓေ**ဆိုတာကတော့ တစ်ခါတည်း ထင်ထင်ရှားရှား ဘွားကနဲ သွားပြီးတော့ ဖြစ်တယ်၊ သွားပြီးတော့ ဆိုတော့ ဒီကသွားတာ မဟုတ်ဘူး၊ ခုနကလိုပဲ ပဋိသန္ဓေစိတ်အနေ ကတော့ ခုနကလို ပြောင်းသွားတာ၊ ဒီဘက်က စုတိစိတ်, ဟိုဘက်က ပဋိသန္ဓေစိတ်၊ စုတိစိတ်က ဖြစ်ပျက်ရက်ပဲ၊ ပဋိသန္ဓေစိတ်ကလဲ အသစ်ဖြစ်ရက်ပဲ၊ နတ်တွေ ဘာတွေဆိုတဲ့ဟာ အောက်ပိုင်းနတ်တွေက မိဘတွေ ဘာတွေ ရှိပါတယ်၊ ဟို အထက်ပိုင်းနတ်တွေမှာ ဘယ် မိဘမှ မရှိဘူး၊ ဒီလိုပဲ ဥပပတ်ပဋိသန္ဓေဆိုတဲ့အတိုင်း ဘွားကနဲ ဖြစ်တယ်၊ ထင်ထင်ရှားရှား ဖြစ်တယ်၊ ခုနကလို ပြောင်းတော့ ခုနကလို ပြောင်းတာပဲ၊ စုတိ ပဋိသန္ဓေ, ခုနက အာရုံတစ်ခုခုနဲ့ ပြောင်းလိုက်တာပဲ၊ စုတိ ပဋိသန္ဓေ, ဒီတော့ ဘုန်းကြီးတို့က ယခု **ကုန္ဒက**နတ် သံသယဖြစ်နေတဲ့ ဝမ်းထဲ ဘယ့်နှယ်လုပ်ပြီးတော့ တည်နေနိုင်သတုန်းလို့ဆိုတော့ ဟော–ပထမဆုံး ပဋိသန္ဓေစိတ် သွားပြီးတော့ ဖြစ်တယ်။

**ကံ အင်မတန်သတ္တိရှိ**။ ။ ကံဘယ်လောက် သတ္တိရှိသလဲဆိုတာကို လေ ဘုန်းကြီး ပြောပြဦးမယ်။

**(၁)** အမိဝမ်းထဲမှာ အမိက ရာသီဥတုများလဲ ပွင့်ပြီးလို့ ရပ်တည် နေပြီ၊ သားအိမ်ဟာ စင်ကြယ်လို့၊

**(၂)** မိဘနှစ်ပါးလဲပဲ ပျော်ပျော်ပါးပါးနဲ့ ပေါင်းဆုံမိပြီ၊

(၃) ဒီမှာရောက်မယ့် သတ္တဝါတစ်ယောက် စုတိပြီးတော့ ခုနက ပဋိသန္ဓေစိတ် ဖြစ်မယ့် သတ္တဝါလို့ခေါ်နေတဲ့ သမ္မုတိသစ္စာနယ်က သတ္တဝါလို့ ခေါ်နေတဲ့ ရုပ်နာမ်အစဉ်က ဒီမှာဖြစ်ဖို့ရန် ကံအကျိုးပေးနေဖို့ ရှေ့ရှုတယ်ဆိုရင်— ဒီမှာ လာပြီးတော့ ပဋိသန္ဓေစိတ် ဖြစ်တယ်၊ ဒီလိုမှမဟုတ် မဖြစ်ပါဘူး၊ ဟို–မိဘနှစ်ပါးက ပျော်လို့, သွေးသားတွေ ဘာတွေ သန့်ရှင်းလို့၊ ဒီလိုနေပေမယ့် ဟိုက သတ္တဝါတစ်ယောက် မပါရင် မဖြစ်ပါဘူး။

တစ်ခါတုန်းက ပါရှားဆိုမှတ်တယ်၊ သူ့ဒုတိယမိဖုရား သားသမီးမရလို့ ကွာပစ်ရမယ်၊ သားသမီးရအောင် ကြိုးစားလိုက်တာ၊ ပါရှားဘုရင်လဲ ကြိုးစားမယ်, မိဖုရားလဲ ကြိုးစားမယ်၊ ဆေးကောင်းဝါးကောင်းလဲ သားအိမ် သန့်ရှင်းအောင် မနဲ ကြိုးစားမယ်၊ အဲသလောက် ကြိုးစားရက်နဲ့ သားရတနာ မရပါဘူး။

ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့လက်ထက်ကလဲ ဒီလိုဝတ္ထုတွေ ရှေးရှေးက ကြိုးစားပါရက်နဲ့ မရတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ဒါရှေ့ကအင်္ဂါနှစ်ပါး၊မိဘနှစ်ပါးကလဲ အတူတူပေါင်းသင်းကြတယ်၊ သွေးသားကလဲ သားအိမ်မှာ သန့်ရှင်းပြီးတော့ နေတယ်၊ ဒါပေမယ်လို့ ပဋိသန္ဓေကို မရဘူး၊ သားသမီးကို မရဘူး။ ဒီတော့ ကံဟာ ဘယ်လောက်သတ္တိရှိလဲ၊ ကံကိုရှိမှ၊ တချို့ မိဘတွေမှာလေ သားသမီး ရထိုက်တဲ့ကံကို မပါလို့၊ သားသမီး ဘယ်လောက် ဆုတောင်း ဆုတောင်း မရဘူး။

**ဗောဓိမင်းသားနဲ့မိဖုရား။** ။ရှေးတုန်းက ဘုရားလက်ထက်က **ဗောဓိ** မင်းသား, သူ့ရဲ့ မိဖုရား သားသမီး လိုချင်လိုက်တာ၊ သူတို့ နှစ်ယောက်စလုံး မြတ်စွာဘုရားနှင့်တကွ ရဟန်းတော် အရှင်မြတ်တွေ ဆွမ်းဘုဉ်းပေး ပင့်တော့ ငါတို့ သားသမီး ရဖို့ရှိရင်တော့ မြတ်စွာဘုရား ဒီအဝတ် နင်းမှာပဲလို့

လှေကားမှ စပြီးတော့ အဝတ်ဖြူတွေ ခင်းပြီးတော့ထား၊ သူကလဲ စိတ်က အဓိဋ္ဌာန်ထားတယ်၊ သားသမီးရရင် မြတ်စွာဘုရား နင်းပါစေ၊ မြတ်စွာဘုရားလဲ ဒီလှေကားဦးရောက်ရော၊ သူကလဲပဲ ကြွတော်မူပါဘုရား၊ နင်းစေချင်လိုက်တာ၊ မြတ်စွာဘုရားက သူ့စိတ်ဓာတ်ကို သိတော်မူတော့ နင်းတော်မမူဘူး၊ ရပ်ပြီးနေတော့မှ **အရှင်အာနန္ဒာက** ရုပ်လိုက်ပါဆိုလို့ အားလုံးအခင်းတွေ ရုပ်လိုက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ဒီနန်းတော်ပေါ် တက်တယ်၊ နန်းတော်ပေါ် တက်ပြီးတော့ သူတို့မှာ ဒီ သားသမီး ရထိုက်တဲ့ကံ မပါဘူး။

ရှေးတုန်းက ဒီမိဖုရားပဲ, ဒီမင်းသားပဲ၊ တစ်ဘဝတုန်းက သူတို့နှစ်ယောက် သမီးခင်ပွန်းဖြစ်ကြတော့ ဟိုကုန်သည်တွေနဲ့ သွားရာက သင်္ဘော သို့မဟုတ် လှေကြီး ပျက်တာနဲ့ ကျွန်းတစ်ကျွန်း ရောက်သွားတော့ ဒီသမီးခင်ပွန်း နှစ်ယောက်ပဲ ငှက်ဥကလေးတွေလား, ငှက်ကလေးတွေလား သဘောတူပြုတ်ပြီး စားခဲ့ကြတယ်၊ အဲဒီဟာကြောင့်,ဒီအကြောင်းကြောင့် အဲဒီအကျိုးဟာ ဒီဘဝ အခွင့်သာနေလို့မို့ သူတို့နှစ်ယောက် ဘယ်လိုပဲ ကြိုးစားသော်လဲပဲ သားသမီး မရတော့ဘူး၊ ကံဘယ်လောက် ဆန်းကြယ်လဲ၊ ဒီကံဟာ မြတ်စွာဘုရားရှင်သာ ထင်ရှားရှိတော်မမူဘူးဆိုရင် တောင်တွေးမြောက်တွေး,တောင်ပြောမြောက်ပြော စဉ်းစားကုန်ကြမှာပေါ့၊ ဒါကြောင့် ကံ အင်မတန် သတ္တိရှိတယ်နော်။

**မိန်းမ,ယောကျ်ား ကွဲပြားလာပုံကြည့်**။ ။ဒီတော့ အမိဝမ်းထဲမှာ ခုနက အကြောင်းသုံးပါး

ညီညွတ်တော့ ပဋိသန္ဓေဆိုတဲ့ အရာဝတ္ထုက စိတ်ချည်းမကဘူး၊ ပဋိသန္ဓေဝိညာဏ်ရယ်, အဲဒီ ဝိညာဏ်နဲ့ တွဲဖက်ဖြစ်တဲ့ ဘုန်းကြီးတို့ စေတသိက်ဆိုတဲ့ ဖဿတို့ ဝေဒနာတို့ သညာတို့ စေတနာတို့ဆိုတဲ့ အဲဒီ စေတသိက်တွေရယ် အားလုံး သုံးဆယ်ကျော်လောက်ရှိတယ်၊

ပဋိသန္ဓေဝိညာဏ်ရယ်, အဲဒီ စေတသိက်တွေ သုံးဆယ်ကျော်လောက်ရယ်, ပြီးတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်ကလေး ရုပ်မှုန့် ရုပ်ကလာပ်ကလေး မနေ့ကပြောတဲ့ ကလာပ်စည်းဆိုတဲ့ရုပ် တစ်ခု တစ်ခု ဆယ်မျိုးလောက် ရှိတယ်၊ အဲဒီ ဆယ်မျိုးလောက်စုနေတဲ့ ရုပ်ကာလပ်ကလေး သုံးဆယ်လောက်ရယ်, တစ်ခါတည်း ဖြစ်တယ်၊ အမေရဲ့ သွေးလဲ မဟုတ်ဘူး၊ အဲဒီ ရုပ်ကလာပ်တွေဟာ အဖေရဲ့သွေးလဲ မဟုတ်ဘူး၊ အဖေ အမေရဲ့သွေးကတော့ ဘယ်သဘောရှိသလဲဆိုတော့ ဘုန်းကြီးတို့ ဟို-သစ်ပင်စိုက်တဲ့အခါ ဆိုပါတော့ သရက်ပင် စိုက်တဲ့အခါဆိုရင် ရွှံ့ညွန်ကလေးပါရတယ်၊ ရေကလေး ပါရတယ်၊ အဲဒီ ရွှံ့ညွန်ထဲမှာ သရက်ပင်စိုက်ရသလို မိဘများရဲ့ သွေးသားကတော့ အဲဒီ ရွှံ့ညွန်သဘောမျိုးပဲ။

**ပဋိသန္ဓေတည်ပုံ**။ ။အဲဒီခန္ဓာကိုယ်ကလေး စတည်တဲ့ အချိန်တုန်းက မိဘရဲ့သွေးသား မဟုတ်ပါဘူး၊ မိဘရဲ့ သွေးသားဟာ ရွှံ့ညွန်သဘောပဲ၊ ကံကြောင့် ခုနက ရုပ်ကလာပ် သုံးဆယ်ရယ်, ဝိညာဏ်ရယ်, သုံးဆယ်ကျော်လောက်ဖြစ်တဲ့ စေတသိက်တွေရယ် စုပေါင်းပြီးတော့ ပဋိသန္ဓေဆိုတဲ့ ရုပ်နာမ် ခန္ဓာလေး စတည်တယ်၊ ဘယ်အတ္တ ပါမလဲ၊ ဘယ်မှာမှ အတ္တ မပါဘူး၊ ဖြစ်ပျက်ပဲ, ဖြစ်ပျက်ပဲ။

ဒီတော့ လူတွေက ဘယ်လောက် အထင်မှားနေတုန်းလို့ဆိုတော့ ပထမဆုံးဖြစ်တဲ့ အဲဒီရုပ်ကလာပ်ကလေး ဘုန်းကြီးတို့ **ကလလ ရေကြည်** ခေါ်တယ်၊ အဲဒီ ကလလရေကြည်ကလေးကို မိဘတို့ရဲ့ သွေးသား ဘေးက ဘာမှမပါဘူး၊ ဘယ်ကံနဲ့မှ မဆိုင်ဘူး၊ မိဘတို့ရဲ့ သွေးသားလို့ ထင်နေတယ်၊ ဒါဖြင့် ခုနက ရှင်ဘုရင်ဟာ သူတို့ သွေးသားတွေ အင်မတန် ကြိုးစားတာပဲ မဟုတ်လား၊ ဘာပြုလို့ ပဋိသန္ဓေမရသလဲ၊ ဒီလို စဉ်းစားကြည့်ပါ၊ တစ်ဖန် အဲဒီ မိဘတို့ရဲ့

သွေးသားတူရက်သားနဲ့ အားချင်း ဘာချင်း တူရက်သားနဲ့ ဘာပြုလို့ ရုပ်ကလာပ် တစ်စုမှာတော့ကာ ပဋိသန္ဓေဝိညာဏ်စိတ်စေတသိက်, တစ်စုမှာတော့ကာ မိန်းမဖြစ်ဖို့ရန် အခြေခံဖြစ်နေသလို၊ တစ်စုမှာ တော့ ယောက်ျားဖြစ်ဖို့ရန် အခြေခံဖြစ်နေတယ်၊ အမိအဖတို့ရဲ့ သွေးသားလို့ သူတို့က ထင်နေတာ။

ဟော–ဘုန်းကြီးတို့ အဲဒီ ရုပ်ကလာပ်ထဲမှာ သုံးဆယ်ထဲက ရုပ်ကလာပ်သုံးခုထဲက တစ်ခုကို ဆယ်ခုပါတယ်၊ ရုပ်ကလာပ်သုံးစု ထဲက မိန်းမဖြစ်မယ့်သူမှာ အဲဒီအချိန်မှာပဲ **ဣတ္ထိဘာဝရုပ်ကလာပ်**၊ ဘာမိဘသွေးသားမှ မဟုတ်ဘူး၊ ယောက်ျားဖြစ်မယ့်သူမှာ အဲဒီ ပဋိသန္ဓေစတဲ့ ပထမဆုံး စိတ္တက္ခဏအချိန်မှာ **ပုရိသဘာဝရုပ်ကလာပ်**၊ ခန္ဓာကိုယ်ဖြစ်မယ့် **ကာယဒသကကလာပ်**၊ ပြီးတော့ စိတ်ရဲ့မှီဖို့ရန် ဖြစ်မယ့် **ဟဒယဝတ္ထု**။ ဒီသုံးကလာပ်ပဲရှိတယ်၊ ဟဒယ စိတ်မှီဖို့ရန် ဟဒယဝတ္ထုဆိုတဲ့ ရုပ်ကလာပ်တစ်မျိုး၊ ခန္ဓာကိုယ် ကျယ်ပွားပြီး သွားဖို့ရန် ကာယဒသကဆိုတဲ့ ရုပ်ကာလပ်တစ်မျိုး၊ မိန်းမမှာဖြင့် မိန်းမဖြစ်ဖို့ရန် မျိုးစေ့ဖြစ်တဲ့ ဣတ္ထိဘာဝရုပ်ကလာပ်တစ်မျိုး၊ ဒါမှ မဟုတ် ယောက်ျားဖြစ်မယ်ဆိုရင် ပုရိသဘာဝရုပ်ကလာပ်တစ်မျိုး၊ ဟောဒီ ရုပ်ကလာပ်သုံးစည်း ကလာပ်သုံးစည်း ရုပ်သုံးဆယ်၊ ခုနက စိတ်စေတသိက်၊ အဲဒါ ပထမဆုံး စတည်တာပဲ၊ ဒါကို ကလလ ရေကြည်လို့ ခေါ်တယ်၊ ကံစွမ်းကြောင့်။

**အမိဝမ်းထဲ စိတ်စေတသိက်တွေ သွားဖြစ်တယ်ဆိုတာ မယုံဘူးလား** အဲ–တပည့်တော် စိတ်ရော, ဘာရော,စေတသိက်ရော အမိဝမ်းထဲ သွားဖြစ်တယ်ဆိုတာ တပည့်တော် မယုံနိုင်ဘူး၊ ပြောပြစမ်းပါ၊ တပည့်တော် နားလဲမလည် ဘူး, ယုံလဲ မယုံဘူး။

ကောင်းပြီ၊ အမိဝမ်းထဲ ဖြစ်တာကို မယုံနိုင်လို့ရှိရင် ယခု လောလောဆယ် ဖြစ်နေတဲ့ စိတ်တွေကို မောင်စဉ်းစားကြည့်ပါလို့ ဘုန်းကြီးက ပြန်မေးချင်တယ်။

ခုလောလောဆယ် ဖြစ်နေတယ် ဆိုပါတော့ စက္ခုပသာဒလဲ ဝမ်းထဲမှာ ရှိတယ်၊ မျက်စိထဲမှာ ရှိတယ်၊ အပြင်ဘက်က ရူပါရုံလဲ ရှိတယ်၊ အရောင်အလင်းလဲ ရှိတယ်၊ နှလုံးသွင်းလဲ ရှိတယ်ဆိုရင် စက္ခုဝိညာဏ် မြင်စိတ်ဖြစ်တယ်၊ အဲဒီ မြင်စိတ် ဘယ်ကလာသလဲ၊ ဒီမျက်စိထဲမှာ နဂိုတုန်းက စိတ်တွေ၊ နဂိုတုန်းက ပုံပြီးတော့ နေသလား၊ အဲဒီ မြင်ပြီးတော့ စက္ခုဝိညာဏ်စိတ်ဟာ ဘယ်မှာ ရောက်ပြီး ဘယ်သွားစုနေသလဲ၊ မျက်စိရဲ့ဘေးမှာ စုနေသလား၊ အဲဒီဟာလေး လက်တွေ့ကလေး လက်တွေ့ကလေး၊ မျက်စိနဲ့မြင်တဲ့ စိတ်တစ်ခုပဲ စဉ်းစားကြည့်ပါ။

**ပင်ကိုယ်ကရှိနေတာမဟုတ်ဘဲ ပေါ်လာ။** ။ဘုန်းကြီးတို့ ဘယ့်နှယ် ပြောသတုန်း။

## "အဒဿနတော အာယန္တိ, ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ"

အဒဿနတော–မမြင်ကွယ်ရာမှ၊ အာယန္တိ–ဘွားကနဲ ဖြစ်ပေါ်၍ လာကြကုန်၏၊ ဘဂ္ဂါ–ချုပ်ပျက်ကြကုန်သည်ရှိသော်၊ အဒဿနံ– မမြင်ကွယ်ရာသို့၊ ဂစ္ဆန္တိ–ရောက်ကြလေကုန်၏။

မျက်စိရဲ့ ထောင့်ထဲမှာ နဂိုကလဲ စုနေတာ မရှိဘူး၊ မြင်ပြီးတော့ တစ်ဖက် ထောင့်ထဲမှာ စုနေတာမရှိဘူး၊ အကြောင်းပြည့်စုံလို့ရှိရင် ဖြုန်းခနဲ စက္ခုဝိညာဏ်စိတ်ဖြစ်၊ ဖြုန်းခနဲ ချုပ်၊ အသံကြားတဲ့အခါ ဖြုန်းခနဲ သောတဝိညာဏ်စိတ်ဖြစ်၊ ဖြုန်းခနဲ ချုပ်၊ ဘယ်မှာမှ စုပြီး ဆောင်းပြီး ဘယ်မှာမှ မရှိပါဘူး။

## အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ, ဥပ္ပန္နာပိ နိရုဇ္ဈရေ၊ နိစ္စံ နဝါဝ သင်္ခါရာ, ဝီဏာသဒ္ဒသမူပမာ။

သင်္ခါရာ–ရုပ် နာမ် သင်္ခါရ တရားတို့သည်၊ အနုပ္ပန္နာဝ–စုပြီး ဆောင်းပြီး ဖြစ်ပြီး မဟုတ်ကုန်ဘဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ–အကြောင်းအား လျော်စွာ ရုတ်တရက် ဖြစ်ပေါ်၍ လာကြကုန်၏၊ ဥပ္ပန္နာပိ– ဖြစ်ကုန်ပြီးသော်လည်း၊ နိရုဇ္ဈရေ–ချက်တစ်ဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ နိစ္စံ နဝါဝ–အမြဲဖြစ်လျက် အသစ်စက်စက် တို့ချည်းသာတည်း။

အဟောင်း တစ်ခုမှ မရှိဘူး၊ ဖြစ်ပြီးသားက ထပ်ဖြစ်တာ မရှိဘူး၊ ဖြစ်ပြီးသား ချုပ်,နောက်ထပ် ဖြစ်၊ ဖြစ်ပြီးသား ချုပ်,နောက်ထပ် ဖြစ်၊ ဖြစ်ပြီးသားက ထပ်ဖြစ်တာ မဟုတ်ဘူး၊ အသစ်စက်စက်ချည်းပဲ။

**စောင်းသံဥပမာ။** ။**"ဝီဏာသဒ္ဒသမူပမာ–စောင်းကြိုး စောင်းခွက်, တီးမှုတ်တွက်ကြောင့်, ပေါ်ထွက် ဖြစ်ဟန်, စောင်းသံနဲ့ အလားတူလှလေကုန်သတည်း"** အဆင်သင့် စောင်း ပြင်ထား၊ စောင်းတီးဖို့ တုတ် လက်ခပ်ကလေးလဲ ရှိထား၊ လူက ပယောဂစိုက်လိုက်လို့ တီးလိုက်၊ အသံထွက် ပျောက်သွား၊ အသံ ဘယ်နားက လာသလဲ၊ လျှောက်ကြည့်,လျှောက်ကြည့်,လျှောက်ကြည့်၊ တုတ်ထဲကလား ဒီအသံဟာ၊ စောင်းခွက်ထဲကလား ဒီအသံဟာ၊ လျှောက်ကြည့်,လျှောက်ကြည့်၊ အသံပြီးတော့ ဘယ်ပျောက်သွားတုန်း၊ ဘယ်နားမလဲ၊ စောင်းခွက်ထဲလား၊ မရှိဘူး။

**"ဝီဏာသဒ္ဒသမူပမာ–စောင်းကြိုး စောင်းခွက်, တီးမှုတ်တွက် ကြောင့်, ပေါ်ထွက်ဖြစ်ဟန်, စောင်းသံနဲ့ အလားတူလှလေကုန်၏"** ဒီလိုပဲ ဒါကြောင့် ဖြစ်ပျက်ပါလို့ ပြောနေတာ၊ ဒီတော့ လက်ရှိ မသေသေးပဲနဲ့ လက်ရှိဖြစ်တဲ့ စက္ခုဝိညာဏ်လေးဟာ ထို့ကြောင့်

ဖြစ်လာတဲ့ဟာကို ဘယ်က ဖြစ်သလဲလို့ အသင်တို့ ရှာလို့မှမရဘဲ၊ ဘာဖြစ်လို့ ပဋိသန္ဓေစိတ်ကျမှ ဘယ်က ဖြစ်လာသလဲ၊ အမိဝမ်းထဲမှာ, မျက်စိထဲ ဘယ်က ဖြစ်လာသလဲနဲ့ ဘာထူးသေးသလဲ၊ ဒါကြောင့် အကြောင်းရှိလာလို့ရှိရင် အကျိုးပေါ်တာပေါ့လို့။

**"ကုသလာကုသလာကမ္မံ–ကုသိုလ်ကံ, အကုသိုလ်ကံသည်၊ ဝိပါကာနံ–အကျိုးဝိပါက်လို့ခေါ်တဲ့ ပဋိသန္ဓေဝိညာဏ်ကစ၍ အကျိုးဝိပါက်လို့ခေါ်တဲ့ စိတ် စေတသိက် တရားတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ–ကဋတ္တာရုပ် ကမ္မဇရုပ်လို့ခေါ်တဲ့ ခုနကရုပ်ကလာပ် သုံးစည်း စတဲ့ ရုပ်တရားတို့အားလည်းကောင်း၊ ကမ္မပစ္စယေန– ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော–ကျေးဇူးပြုနိုင်သည်၊ ဟောတိ–ဖြစ်၏"** လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူတာ သိပ်ကောင်းတာ၊ ဘုရားရှင် ကိုယ်တော်မြတ်သာ မပွင့်လို့ရှိရင် ဟောတော်မမူရင် ဘယ်ပြဿနာ ဘယ်သူမှ ဖြေလို့မရတဲ့ ပြဿနာပဲ။

**ကံနဲ့အမေ အဖေ အကြောင်းနှစ်ပါးကွဲပြား။** ။ဒါကြောင့် ကံကြောင့် အမိဝမ်းထဲ ရောက်သွားတဲ့ **ကလလရေကြည် "ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ"** ခုနစ်ရက်လောက်ကျတော့ ခုနက ရေကြည်ကလေးဟာ အမြှုပ်ဖြစ်သွားတယ်၊ ဒီအထိ အမေအဖေနဲ့ ဆိုင်တယ်လို့ မဆိုသေးနဲ့၊ အမြှုပ်ဖြစ်သွားတယ်၊ နောက်ခုနစ်ရက်လောက်ကြာ၊ ဆယ့်လေးရက်လောက်ကြာတော့–

**"အဗ္ဗုဒါ ဇာယတေ ပေသိ"** အသားတစ်ကလေး ပျော့စိစိဖြစ်လာ၊ ဒီခန္ဓာကိုယ်ကလေးဟာ အသားတစ်ကလေး ပျော့စိစိကလေးဖြစ်လာ၊ အဲဒီအခါကျတော့ ဘယ်လိုဖြစ်နေတုန်းလို့ဆိုတော့ အမေက စားလိုက်တဲ့ အစာတွေ ဟိုရုပ်ကလာပ်ချင်းဆက်ပြီးတော့ အမေစားလိုက်တဲ့ အစာက ခုနက သားအိမ်ထဲမှာ ဆက်ပြီးတော့ ကလေးရဲ့ ခုနက

သားတစ်ပျော့ပျော့လေးမှာ လူးတယ်ကိုး၊ ဆက်တယ်, ဆက်မိလို့ လူးတယ်၊ သူအဲဒီက သူ့မှာနည်းနည်းလေး အစာရုပ်တွေ ရတယ်၊ အမေ့အစာ, အမေစားတဲ့ အစာကလေး နည်းနည်းရတယ်၊ အမေရဲ့ သွေးသားကလဲ သူ့ရဲ့နေရာဖြစ်တဲ့ ခုနက ရွှံ့ညွှန်လို ဖြစ်နေတော့ အမေရဲ့ အသွေးအသားဓာတ်ကလဲ ကူးနေတယ်၊ အဖေရဲ့ သွေးသား ဓာတ်ကလဲ ခုနက အမိသားအိမ်ထဲမှာ ရှိနေတော့ ကူးနေတယ်၊ ဒါလောက်ရတော့ ကူးအားရှိသွားပြီ၊ စောစောက ကလလရေကြည် တုန်းကတော့ သိပ်ကူးအား မထင်ရှားဘူး၊ မကူးဘူးတော့ မဆိုလိုဘူး၊ နည်းနည်းတော့ ကူးမယ်၊ ကူးပေမယ်လို့ ခုနက နှစ်သတ္တာဟ ခုနစ်ရက် နှစ်ပတ်လောက်ရောက်တော့ တော်တော်ကို ကူးသာလာ တယ်၊ ဒါကြောင့် အဖေနဲ့ ရုပ်တူတယ်၊ တချို့က အမေနဲ့ ရုပ်တူတယ်၊ အဲဒီ အကူးလေးရှိတယ်။

ဟို–ပထမဖြစ်တုန်းက အမေအဖေနဲ့ မဆိုင်ပါဘူး၊ ရွှံ့ညွှန်သဘောပဲ ရှိတယ်၊ နောက်တော့ ရုပ်ကလာပ်က ဒီလို နည်းနည်းလေးကြီးတော့ ဒီအထဲမှာ နေရတော့ အမိသွေးသားလေးတွေကလဲ ဆက်တယ်၊ အဖေ့သွေးသားကလေးတွေကလဲ ဆက်တယ်၊ အဖေ့ရုပ်နဲ့ ခပ်ဆင် ဆင်, အမေ့ရုပ်နဲ့ ခပ်ဆင်ဆင်၊ အဲဒီ သွေးသားကလေးတွေက ဆက်တာ မို့လို့ မွေးလာတဲ့အခါကျတော့ အဲဒီလို ဖြစ်လာတယ်။

အဲသလိုသာ ဖြစ်လာတာ၊ အမေက, အဖေက သားလေးမွေး ချင်တဲ့ဟာ သမီးလေး မွေးတယ်၊ ဘာတတ်နိုင်သေးလဲ, ဘာတတ်နိုင် သေးလဲ၊ အမေ အဖေရဲ့ သွေးသားဆက်တာသာ မှန်တယ်၊ ခုနက အရင်းခံက အမေ အဖေ မဟုတ်ဘူး၊ အမေ အဖေရဲ့ကိစ္စ မဟုတ်ဘူး၊ ဆက်တော့ ဆက်ပါတယ်၊ အဲဒီ ဆက်တာကို ဘုန်းကြီးတို့က ဘာ ပြောလဲဆိုတော့ ဥတုဇရုပ်၊ ဥတုအငွေ့ချင်း ဆက်ပြီးတော့ အဲဒီ ရုပ်တွေက ကလေးထဲမှာ ပါလာတယ်။

**အကြောင်းနှစ်ပါးအရ တူ,မတူ ဖြစ်သွားရ**

ပထမ တည်တာက ကမ္မဇရုပ်၊ ဒါကြောင့် မွေးလာတဲ့အခါကျတော့ တချို့က အမေ အဖေလောက် အရည်အချင်း မရှိဘူး၊ စိတ်နေစိတ်ထား ညံ့တယ်၊ ဒါ ကံညံ့လို့၊ တချို့က အမေ,အဖေထက် စိတ်နေစိတ်ထား မြင့်လာတယ်, ကံရှိလို့။

အဲ–အမွှာမွေး နှစ်ယောက်တောင်မှ ဒီသွေး ဒီသားနဲ့ အတူတူ မွေးတဲ့ နှစ်ယောက်တောင်မှ တစ်ယောက်က ဉာဏ်ထက်တယ်၊ တစ်ယောက်က ဉာဏ်မထက်ဘူး၊ တစ်ချိန်တည်း ပဋိသန္ဓေတည်တဲ့ အမွှာမွေးနှစ်ယောက်၊ တစ်ယောက်က မိန်းမဖြစ်တယ်၊ တစ်ယောက်က ယောကျ်ားဖြစ်တယ်၊ ဒီ သားအိမ်ထဲမှာ အတူတူနေခဲ့တယ်၊ ဒါ ခုနက ဘုန်းကြီး ပြောခဲ့တယ်၊ ပဋိသန္ဓေဝိညာဏ်နဲ့ ရုပ်ကလာပ် သုံးစည်းဖြစ်တုန်းကိုက ကွဲလာပြီးပြီ။

ဒါကြောင့် တစ်ယောက်က မိန်းမ, တစ်ယောက်က ယောကျ်ား၊ ယောကျ်ားချည်း နှစ်ယောက်ဖြစ်တောင် တစ်ယောက်က ဉာဏ် ကောင်းတယ်, စိတ်ကောင်းတယ်, သဘောကောင်းတယ်၊ တစ်ယောက်က စိတ်နည်းနည်း ယုတ်မာတယ်, ဉာဏ်က လေးတယ်, ရုပ်လဲ တယ်ပြီးမကောင်းဘူး၊ အသွေးအသားချင်း သာမန်တူတာ၊ သိပ်မကောင်းဘူး၊ အဲသလို ကွာလာတယ်၊ အဲဒါနဂိုမူလ ကလာပ်စည်း သုံးခုကတည်းက ကွာနေတာ၊ အကျိုးပေးတဲ့ ဟိုဘက်ဘဝကံကိုက ကွာနေတာ၊ ကလာပ်သုံးစည်းကိုက ကွာနေပြီ သတ္တိချင်း၊ ဒါနဲ့မို့လို့ မွေးလာလို့ ဒီဘက်ကျတော့ အကျိုးပေးချင်းလဲ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး၊ သေချိန်လဲ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး၊ တစ်ခါတလေ သတင်းစာတွေ ဘာတွေက ရုပ်တွေ တူလိုက်တာ, စိတ်တွေလဲ တူတယ်၊ တစ်ယောက် ဖျားတော့, ဖျားတယ်၊ ဟုတ်တယ်၊ အဲဒီ ဥတုဇရုပ်တွေကလဲ ပါလာတယ်၊

အမေရဲ့သွေးသားတွေကလဲ ပါလာတယ်၊ အဲသလောက်တော့ တူချင် တူလိမ့်မယ်၊ ဉာဏ်ချင်း မတူပါဘူး၊ ကံချင်း မတူပါဘူး၊ အကျိုးပေး ချင်းလဲ မတူပါဘူး၊ တူသင့်သလောက်တော့ တူပါတယ်၊ အဲ- ဘာဖြစ်လို့တုန်းဆိုတော့ အမေရဲ့အဖေရဲ့ သွေးသားတွေက ဓာတ်ဆက် ပြီးတော့ လာတယ်၊ စားတာ သောက်တာတွေက တစ်မျိုးတည်း စားကြ သောက်ကြတယ်၊ နေတဲ့ ဥတုက တူတူ နေကြတယ်ဆိုတော့ ဖျားတာ အတူတူ ဖျား၊ နာတာ အတူတူ နာမယ်၊ အဲသလို စသည် အားဖြင့်တော့ တူနိုင်ပါတယ်၊ အတွင်းသန္တာန်က ဉာဏ်ရည် ဉာဏ်သွားချင်းကတော့ ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။

ဒါကြောင့် အမေ့ဝမ်းထဲမှာ ဘယ့်နှယ်လုပ်ပြီးတော့ နေသလဲလို့ **ဣန္ဒက**နတ်က ပြောတယ်၊ တဖြည်းဖြည်း ကံက ဘယ်လောက် သတ္တိရှိတုန်း၊ ပြီးတော့ တဖြည်းဖြည်းကလေး ကြီးနေတာ၊ အရှိန်ကို ရလို့၊ ရေပ်သီးထဲက ပိုးဟာ ရေပ်သီးအပူကို ကြောက်စရာရှိသေး သလား၊ အရှိန်ကို ရလို့၊ အဲဒီဟာတွေ အကြောင်းပြုပြီးသကာလ ခုနက **ဣန္ဒက**နတ် ယုံမှားသံသယဖြစ်တာလဲပဲ ယခု မွေးဖွားသည် အထိ လျှောက်ပြီးတော့ စဉ်းစားလို့ရှိရင် အမိဝမ်းထဲမှာ တည်နေနိုင် ပါတယ်၊ ရေးတုန်းက ကံကလဲပဲ တခြားသွားပြီး အကျိုးမပေးပါဘူး၊ ဒီကံမှာရှိတဲ့ ရုပ်နာမ်ခန္ဓာအစဉ်မှာ ဒီကံတွေကပဲ အကျိုးပေးရပါတယ်။

**တိုက်တွန်းတော်မူချက်**။ ။ဒါကြောင့် ဒီ ပြောတဲ့ တရားတွေကို အားလုံး သတိထားပြီးသကာလ တဏှာ, မာန, ဒိဋ္ဌိတို့ မကြီးကြနဲ့၊ တဏှာကြီးတဲ့ကိစ္စ ရောက်လာလို့ရှိရင် ရုပ်နာမ်တွေ အနိစ္စတွေနော်, အနတ္တတွေ၊ တဏှာနဲ့ ငါနဲ့ စွဲလမ်းတာ မကောင်းပါဘူးလို့, အဲသလို နှလုံးသွင်းပြီးသကာလ ဒီတရားနဲ့နှလုံး သွင်းပြီးတော့ တဏှာလွန်ကဲလာလို့ရှိရင်ဖြင့် ဖြေဖျောက်လိုက်ကြ ပါ၊ ငါဆိုတဲ့ မာန်မာန လွန်ကဲ လာလို့ရှိရင် ဖြေဖျောက်လိုက်ကြပါ၊

အတွင်းသန္တာန်မှာလဲ အတ္တ မရှိပါဘူး၊ တဏှာ, မာန, ဒိဋ္ဌိနဲ့လဲ မစွဲနိုင်ပါဘူး။

ဒါကြောင့် ကံကိုတော့ ကြိုးစားပြီးသကာလ ကံကောင်းတွေကို နိဗ္ဗာန်အထိ ကျေးဇူးပြုအောင် ပြုလုပ်ကြပါ၊ အဲဒါကို ဒီအနတ္တလက္ခဏ သုတ် နာရကျိုးပဲလို့ ခံယူပြီး အနတ္တလက္ခဏသုတ်ဟာ ပညာနဲ့ ဆိုင်ရာမို့လို့ သဒ္ဓါတရား သိပ်မတက်ပေမယ့် အသိဉာဏ် သိပ်တက်တာ ထောက်တော့ကို **"ငါတို့သည် အနတ္တလက္ခဏ သုတ်ကို နာရသောအားဖြင့် အသိဉာဏ် ကြီးကျယ်ပြီးသကာလ ကောင်းတဲ့ကံတွေကို နိဗ္ဗာန်အထိ ပြုမယ်၊ ဂုဏ်ပကာသနကံတွေကို ငါတို့ မပြုဘူး၊ အကုသိုလ်ကံတွေကို ရှောင်ရှားမယ်"**လို့ အဲသလို နှလုံးသွင်းပြီးသကာလ မာန်မာန ဖြစ်စရာရှိလို့ရှိရင် **"အို–အနတ္တတွေ ဘာမာန်မာန ဖြစ်ရမလဲ"** တဏှာလောဘ ပြင်းပြင်းထန်ထန် ဖြစ်စရာ ရှိလို့ရှိရင် **"အို–ရုပ်နာမ်ခန္ဓာတွေဟာ အနိစ္စတွေ, ဘာပြုလို့ တဏှာလောဘ ဖြစ်ရမလဲ"** အဲသလို နှလုံးသွင်းပြီးသကာလ တဏှာ, မာန, ဒိဋ္ဌိတို့ကို ပယ်ရှားပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီကိုသာ ကိုယ်စီကိုယ်င ကြိုးစား၍ အားထုတ်နိုင်ကြ စေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု။**

**အနတ္တလက္ခဏသုတ်တရားတော် ပြီး၏။**